http://www.dhammadownload.com

မဟာသတိပဋ္ဌာန်

နှင့်

မဇ္ဈိမပဋိပဒါကျင့်စဉ်

သတိပဋ္ဌာန်နည်းကျ ဝိပဿနာရှုပွားနည်း

အရှင်ဣန္ဒြိယ (သျှင်မိုးဝေ)

(သာသနဓဇဓမ္မာစရိယ၊ သာသနကိုရဓမ္မာစရိယ)

http://www.dhammadownload.com

"သတိပဋ္ဌာန်တရားနေ့စဉ်ပွား"

ယော ဗုဒ္ဓေသု ဓာရေန္တေသုပိ
စတ္တာရော သတိပဋ္ဌာနေ နဘာဝေတိ၊
တသ သဒ္ဓမ္မော အန္တရဟိတောနာမ ဟောတိ။

အကြင်သူသည်

မြတ်စွာဘုရား သက်ရှိထင်ရှားရှိနေချိန်၌ပင်ဖြစ်စေ၊
ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးချိန်၌ပင်ဖြစ်စေ၊
သတိပဋ္ဌာန်တရားလေးပါးတို့ကို မပွားများအံ့၊
ထိုသူ၏သန္တာန်၌ သာသနာကွယ်သည် မည်၏။

(မဟာဝဂ္ဂသံယုတ်၊ အဋ္ဌကထာ)

ပြင်ဆင်ပြုစုသူ ဦးပိုးမောင်(ဝေ)
အရှင်ဗုद्ध (ကျောင်းတိုက်)

http://www.dhammadownload.com

မဟာသတိပဋ္ဌာန်

နှင့်

မဖျိုမယင်ပြေဒါကျင့်စဉ်

(သတိပဋ္ဌာန်နည်းကျ၊ဝိပဿနာရှုပွားနည်း)

အရှင်ဣန္ဒြိယ(သျှင်မိုးဝေ)

(သာသနဓဇဓမ္မာစရိယ၊သာသနကိုရဝမ္ဘာစရိယ)

ရှင်သာမဏေမွေပိမာန်နှင့်မင်္ဂလာဗျူဟာဓမ္မစာပေသင်တန်းပြဆရာတော်။

ကောဇာ-၁၃၇၁၊ခုနှစ်၊ သာသနာ-၂၅၁၃၊ခုနှစ်၊ ခရစ်-၂၀၀၉၊ခုနှစ်။

http://www.dhammadownload.com

"ခြသေ့ဆီသည် သိဂီရွှေခွက်၌သာ တည်သကဲ့သို့၊
သူတော်ကောင်းတရားသည်
သူတော်ကောင်းတို့ နှလုံးသား၌သာ တည်ပါ၏။"

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ၂၀၀၉-ခုနှစ်၊ ဒီဇင်ဘာလ၊

အုပ်ရေ(၁၀၀၀)

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးဝင်းနိုင်က
ခွင့်ပြုချက်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ထုတ်ဝေ၍၊
ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊
အမှတ်(၅၀)၊ မြေညီထပ်(၉)ရပ်ကွက်၊ (၃၁)လမ်း၊
ဒေါ်တင်အေး၊ တိုးတက်ပုံနှိပ်တိုက်မှ ပုံနှိပ်သည်။

ဖြန့်ချိရေး

အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း၊
ရှင်သာမဏေဓမ္မဗိမာန်သင်တန်း၊
မဟာသတိပဋ္ဌာန်သင်တန်းသားများအတွက်
ဓမ္မစက္ခုအဖွဲ့မှ ဖြန့်ချိပါသည်။
ဖုန်း ၀၉-၅၀၂၂၇၇၄၊ ၀၉-၅၄၀၁၇၇၄။

http://www.dhammadownload.com

သတိတစ်လုံး၊ စွဲမြဲသုံး၊ အဆုံးနိဗ္ဗာန်ရောက်

ကုရုတိုင်းဌေဟောတော်မူရခြင်း

တရားအလုံးစုံကို သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဤမဟာသတိပဋ္ဌာနသုတ်တော်ကို ကုရုတိုင်း၊ကမ္မာသဓမ္မနိဂုံး၊ ယခုအိန္ဒိယနိုင်ငံ၊ အနောက်မြောက်ပိုင်းရှိ ဒေလီမြို့နယ်ဒေသ၌ ဟောကြားတော်မူခြင်း ဖြစ်၏။

ထိုကုရုတိုင်းသားတို့သည် မဟာသတိပဋ္ဌာန်တရားတော်ကို မြတ်စွာဘုရား မဟောကြားမီကပင် သတိတစ်လုံး၊ စွဲမြဲသုံးလေ့ရှိကြပုံကို အဋ္ဌကထာဆရာမြတ် ဖော်ပြထားသည်မှာ အတုယူအားကျဖွယ်ရာ ကောင်းလှ၏။

ထိုကုရုတိုင်းဒေသတို့၌ မင်းပုဏ္ဏား၊သူဌေး၊ဆင်းရဲသား အမျိုးလေးပါးတို့ သာမက အောက်ထစ်ဆုံး အလုပ်သမား၊အစေခံပုဂ္ဂိုလ်များကပင် သတိပဋ္ဌာန်မှ လွတ်သော သတိမဲ့စကားမျိုးကို မပြောဆိုကြကုန်ဟု ဆို၏။

လမ်းခရီး၌ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခိုက်တွင်လည်း အကျိုးစီးပွားမဲ့ နိရတ္ထကကထာ၊ တိရစ္ဆာနကထာတို့နှင့်စပ်သော စကားမျိုးတို့ဖြင့် နှုတ်ဆတ်မှုမျိုး မပြုကြ။ တစ်ဦးက **'အမွ တွဲ ကတရံ သတိပဋ္ဌာနဘာဝနံ မနသိကရောသိ'** 'အိုအမိ၊သင်သည် အဘယ်သတိပဋ္ဌာန်ဘာဝနာကို နှလုံးသွင်းလာပါသလဲ'ဟုမေး၏။

အမေးခံရသူအမျိုးသမီးက **'နာ ကိဠိ'**၊'ငါသည် တစ်ခုသောသတိပဋ္ဌာန်ကိုမျှ နှလုံးမသွင်းမိပါ'ဟု ဖြေလျှင် **' ဓိရတ္ထု တဝ ဓိဝိတံ'**၊ 'သင့်ရဲ့ အသက်ရှင်မှုဟာ ရွံရှာစရာကောင်းလိုက်တာ'။ **'ဓိဝမာနာပိ တွံ မတသဒိသာ'**၊'သင်ဟာ အသက်ရှင်နေ ပါလျက်နဲ့ သေသူနဲ့တူတာပဲ'ဟု ကဲ့ရဲ့အပြစ်တင်လေ၏။ ပြီးလျှင် တစ်စုံတစ်ခုသော သတိပဋ္ဌာန်ကို နှလုံးသွင်းနိုင်ရန် သင်ကြားညွှန်ပြပေးလိုက်၏။

အကယ်၍ အမေးခံရသူက **'အဟံ အသုကသတိပဋ္ဌာနံနာမ မနသိ ကရောမိ'**၊ 'ငါသည် ဤမည်သောသတိပဋ္ဌာန်ကို နှလုံးသွင်းပါ၏'ဟု ဖြေလျှင် **'တဝ ဓိဝိတံ သုဓိဝိတံ'**၊ 'သင့်ရဲ့အသက်ရှင်မှုဟာ ကောင်းသောအသက်ရှင်နေမှုပဲ'။ **'တွံနာမ မနုဿတ္တံ ပတ္တာ'**၊'သင်သည်သာ လူ့အဖြစ်သို့ ရောက်ရ၏'။ **'တာဝတ္တာယ သမ္မာသမ္ဗုဒ္ဓံ ဥပဂန္တော'**၊ 'သင်တရားသိဖို့ရန်အလို့ငှါ ဘုရားပွင့်ထွန်းတော်မူခြင်းပါပဲ' ဟူသောစကားတို့ဖြင့် ချီးမွမ်းပြောဆိုလေ့ ရှိကြ၏။

http://www.dhammadownload.com

ထို့ကြောင့်ပင် ထိုကုရုတိုင်း၊ ကမ္မာသမ္မနိဂုံးနေသူလူတို့၏ ကောင်းသော စရိုက်၊ဝါသနာ၊ပါရမီဉာဏ်ကြီးများပုံတို့ကို သိတော်မူ၊မြင်တော်မူသော မြတ်စွာဘုရားသည် ဤမဟာသတိပဋ္ဌာန်တရားတော်ကို ထိုကုရုတိုင်းအရပ်ဒေသ၌ ဟောတော်မူခြင်း ဖြစ်ပေသည်။ (မဟာသတိပဋ္ဌာနသုတ်၊အဋ္ဌကထာ)

သတိတရားအရေးပါလှပုံ

ဗုဒ္ဓရှင်တော်မြတ်က 'သတိ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကं ဝဒါမိ'၊ 'ချစ်သားရဟန်းတို့၊ သတိတရားသည် အကျိုးစီးပွားအလုံးစုံကို ပြီးစီးစေနိုင်သော တစ်ခုသောတရားဟူ၍ ငါဘုရားဟောကြားတော်မူ၏'ဟု မိန့်ကြားတော်မူ၏။

သတိရှိသူသည် ကုသိုလ်သုစရိုက်မှုတို့ကို မမေ့၊မပျောက်အောင် စောင့်ရှောက်ထားနိုင်စွမ်း ရှိ၏။ ဒါနကိုလည်း ပြုနိုင်လေ၏။ သီလကိုလည်း စောင့်ထိန်းနိုင်၏။ သမာဓိကိုလည်း ပွားနိုင်၏။ ပညာကိုလည်း ဖြစ်ပေါ်စေနိုင်ပေသည်။

သတိတရားသည် ဓမ္မရေးဌ်သာမက လောကရေးကိစ္စတို့၌ပါ အင်မတန်အရေးပါလှသဖြင့် 'သတိမမ္မ ဂူမမြင်၊ သတိမူတော့ မြူပါမြင်၊ သတိမ္ထားကမှားတတ်သည်၊ သတိထားက မမှားနိုင်'စသည်ဖြင့် မိန့်ဆိုကြလေ၏။

ဓမ္မပဒ၊အပ္ပမာဒဝဂ်၌ မမ့ေမလျော့မှု၊ အမှတ်ရနေမှုဟူသော ထိုသတိတရားကိုပင် 'အပ္ပမာဒတရား'ဟု ဟောတော်မူ၏။ ထိုအပ္ပမာဒတရား၏တန်ဖိုးနှင့်ပက်သက်၍လည်း 'အပ္ပမာဒေါ အမတံ ပဒံ' မမ့ေလျော့မှုအပ္ပမာဒတရားသည် မသေရာနိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ 'ပမာဒေါ မစ္စုနော ပဒံ' မမ့ေလျော့မှု၊ သတိမရှိမှုသည် အိုနာသေရခြင်း၏အကြောင်း ဖြစ်၏'ဟု ဟောကြားတော်မူသည်။

သတိတစ်လုံး အသုံးချသင့်ပုံ

သတိသည် ထေရဝါဒဗုဒ္ဓသာသနာ အဆုံးအမ၌ ပဓာနအချက်အခြာကျသောတရားပင် ဖြစ်၏။ ဦးပေါ်ဦးလျှောက်ထုံး၌ ဘိုးတော်ဦးဝိုင်းက 'အမတ်ကြီးသူ့ချည်းပဲလား'ဟု သတိ၊ပညာစမ်းသည့်သဘောဖြင့် မေးမြန်းသည့်အခါ၌ သတိကြီးလှစွာသောအမတ်ကြီးက 'ဆားနဲ့ပါဘုရား'ဟု လျှောက်ဘိသကဲ့သို့တည်း။

http://www.dhammadownload.com

ထို့အတူ သတိသည် ဆားပမာ၊ လောကရေး၊ဓမ္မရေးတို့၌ သူမပါခဲ့လျှင် ပေါ့ပျက်သောဟင်းလျှာနှင့်သာ တူလှ၍ အချည်းနှီး၊ ကိစ္စမပြီးသကဲ့သို့ ဖြစ်ရချေ၏။

သို့ဖြစ်၍ နိဗ္ဗာန်၊မဂ်၊ဖိုလ်တို့ကို မျက်မှောက်ပြုလိုသော ထေရဝါဒ၊ ဗုဒ္ဓသာသနာဝင် အမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့သည် ဒါန၊သီလ၊သမထ၊ ဝိပဿနာဟူသော သူတော်ကောင်းတရားတို့ကို ပွားများအားထုတ်သည့်အခါတိုင်း၌ 'သူ့ချည်းပဲလား' ဟု မေးမည့်သူ မလိုရလောက်အောင်ပင် သတိတစ်လုံးကို အဆုံးနိဗ္ဗာန်ထိတိုင် စွဲစွဲမြဲမြဲ အသုံးချသွားနိုင်ရန် လိုအပ်ပါပေ၏။

သတိမထားက မှားတတ်ပုံ

ဓမ္မအမြင်ဖြင့်ကြည့်လေသော် သတိမရှိ၍၊ သတိမထား၊ သတိမပွားသူသည် အမှားလမ်းစဉ်ခေါ် **'မိစ္ဆာမဂ္ဂင်-၈-ပါး'** ကိုသာ ကျင့်သုံးအားထုတ်ရာရောက်သဖြင့် အပါယ်လေးပါးတို့၌ ကျင်လည်ရလေ့ရှိ၏။ သတိရှိ၍ သတိထား၊ သတိပွားနေသူကား အမှန်တရားလမ်းစဉ် **'သမ္မာမဂ္ဂင်-၈-ပါး-မဏ္ဍိမပဋိပဒါအကျင့်'** ဖြင့် သတိပဋ္ဌာန်တရားကို ကျင့်သုံးပွားများနိုင်လျက် နိဗ္ဗာန်ထိတိုင် မျက်မှောက်ပြုနိုင်၏။

ထို့ကြောင့် 'သတိမဲ့သူသည် သေသူနှင့် တူ၏။ သတိရှိသူကား ရှင်သူနှင့် တူ၏' ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။ သတိမဲ့သူသည် သတိမေ့လျော့နေသဖြင့် ကိုယ်ခန္ဓာအင်္ဂါကြီးငယ်ရှိပါလျက်နှင့် ကုသိုလ်သုစရိုက်မှုတို့၌ အသုံးမချနိုင်။ ခြေအစုံရှိပါလျက်နှင့် သုဂတိ၊နိဗ္ဗာန်ခရီးသို့ မလျောက်လှမ်းနိုင်။ လက်အစုံရှိပါလျက်လည်း သဒ္ဓါ၊သီလစသည် ကုသိုလ်ရိက္ခာအစုကို မသယ်ယူနိုင်ပေ။ မျက်စိအစုံရှိပါလျက်လည်း အသိမပါနိုင်မှုကြောင့် ပရမတ္ထသစ္စာ၊ အရိယသစ္စာတို့ကို မမြင်မစမ်း၊အကန်းအတိသာ ဖြစ်ရရှာပေ၏။ ဤသည်တို့မှာ သတိမထား၍ မှားတတ်မှုတို့ပင် မဟုတ်ပါလော။

သတိမရှိသူ သေသူနှင့်တူပုံ

သတိမပွားသူသည် အသိဉာဏ်၊ဝိဇ္ဇာအလင်း ကင်းမဲ့သဖြင့် အမှားလမ်းစဉ်သို့သာ လျှောက်လှမ်းမိလေ၏။ ကိုယ်ခန္ဓာရှိပါလျက် ငါ၊ငါ့ကိုယ်ဟု ယူမှားသဖြင့် အတ္တအတွက်သာ အသုံးချမိလေ၏။ ခြေအစုံရှိပါလျက် တဏှာ၊မာန၊ဒိဋ္ဌတို့၏

http://www.dhammadownload.com

ခိုင်းစေညွှန်ကြားရာ ဒုစရိုက်ခရီးလမ်းသို့သာ လျှောက်လှမ်းရ၏။ လက်အစုံရှိပါလျက် အတ္တနိယအတွက်သာ ရယူသိမ်းပိုက်လေ၏။ ထို့ကြောင့် သတိမရှိသူကို ပရိယာယ်အားဖြင့် 'သေသူနှင့်တူ၏'ဟု ဆိုရလေ၏။ မုချအားဖြင့် သတိမရှိသူ၌ သဒ္ဓါ၊သီလ၊ သုတ၊စာဂ၊ပညာစသောသူတော်ကောင်းတရားများနှင့် သီလ၊သမာဓိ၊ပညာဟူသော သိက္ခာ(၃)ပါးအကျင့်တရားတို့သည် သေဆုံးနေသည်သာတည်း။

သို့ဖြစ်၍ ဘုရားစသောအရိယာသူတော်ကောင်းတို့၏ သစ္စာဉာဏ်အမြင်၌ သတိမရှိသူကို အသက်ရှင်နေပါသော်လည်း **'ဒီဝန္ဓောပိ မတံ'** ရှင်လျက်သေနေသူ ပါတည်း။ မျက်စိအစုံမြင်နေပါသော်လည်း **'အန္ဓစက္ခုက'** မြင်လျက်ကန်းနေသူ ပါတည်း။ ခြေအစုံ၊လက်အစုံရှိနေပါလျက်လည်း 'အပဒိက'ခြေပြတ်၊လက်ပြတ်နေ သူပါတည်း'ဟု မိန့်ဆိုတော်မူကြပေ၏။ (ဓမ္မပဒအဋ္ဌကထာ၊အပွမာဒဝဂ်)

သတိပဋ္ဌာန်သည် 'ဧကာယနမဂ်'မည်ပုံ

လောကုတ္တရာဖြစ်သောအရိယမဂ်သို့ ဆိုက်ရောက်လျက် နိဗ္ဗာန်သို့ မျက်မှောက်ပြုလိုသူ သူတော်ကောင်းအပေါင်းတို့သည် ဤသတိပဋ္ဌာန်တရားကို မလွဲမသွေ ကျင့်သုံးပွားများရမည် ဖြစ်၏။ အကြောင်းမှာ **'အယံ မဂ္ဂေါ နဒ္ဒိဓာပထ ဘူတော'**ဟူသောအဋ္ဌကထာအဖွင့်အရ ဤသတိပဋ္ဌာန်ခရီးလမ်းမှတစ်ပါး အခြား လမ်းခွဲ၊ လမ်းလွဲမရှိသဖြင့် ဤလောကီယ၊ပုဗ္ဗဘာဂမဂ်မည်သော သတိပဋ္ဌာန် အကျင့်မြတ်ကို 'ဧကာယနမဂ်' တစ်ကြောင်းတည်းသော ခရီးလမ်းဖြစ်၏ဟု မြတ်စွာဘုရား အတိအလင်း ဟောကြားတော်မူထားခြင်းကြောင့်တည်း။

ထို့ပြင် **'ဣမသ္မိံ ခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဥပလဗ္ဘတိ'**၊ 'သုဘဒ္ဒရဟန်း၊ ဤငါဘုရား၏ဓမ္မ,ဝိနယအတွင်း၌သာ မြတ်သော အင်္ဂါ(၈)ပါးရှိသောမဂ်ကိုရအပ်၏'ဟုမိန့်တော်မူသဖြင့် သာသနာပြင်ပ၊အညတိတ္ထိယ ဖြစ်သော ဘာသာဝါဒတို့၌လည်းကောင်း၊ သာသနာပခေတ်ကာလတို့၌လည်း ကောင်း အင်္ဂါ(၈)ပါးရှိသော အရိယမဂ်ကို မရရှိနိုင်ကြောင်းမှာ ထင်ရှားလှ၏။

သို့သော် ဤသာသနာတော်၌ ထေရဝါဒ၊ဗုဒ္ဓသာဝင်အမည်ခံရုံမျှဖြင့်ကား အရိယမဂ်ကို ရရှိနိုင်သည်မဟုတ်။ သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ ဧကာယန မဂ်ကို မပွားလျှင်သော်လည်းကောင်း၊ ဓမ္မစက္ကြာဒေသနာတော်နှင့်အညီ အစွန်းနှစ်

http://www.dhammadownload.com

ဖက်မှကင်းလွတ်သော မဏ္ဍိမပဋိပဒါမဖြစ်လျှင်သော်လည်းကောင်း၊ ဓမ္မမိဇ္ဈာန်အားဖြင့် အရိယမဂ်ကို မျက်မှောက်ပြုနိုင်ခြင်း မရှိ။

ထို့ကြောင့်ပင် လေးအသရေ်ၨနှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူပြီး၊ ပွင့်တော်မူဆဲ သမ္မာသမ္ဗုဒ္ဓဘုရားများ၊ ပစ္စေကဗုဒ္ဓါများ၊အရိယာသာဝကအပေါင်းတို့သည် ဤသတိပဋ္ဌာန်လမ်း၊ မဏ္ဍိမပဋိပဒါအကျင့်ဖြင့်သာ လုံးဝစင်ကြယ်ခြင်းသို့ ရောက်ကုန်၏။ နောင်ပွင့်တော်မူလတ္တံ့ဘုရား၊ အရိယာအပေါင်းတို့သည်လည်း ဤလမ်းဖြင့်သာ နိဗ္ဗာန်သို့ ကြွမြန်းတော်မူကုန်ဟု အဋ္ဌကထာတို့၌ ဆို၏။

ဒီဃနိကာယ်၊သမ္မသာဒနီယသုတ်၌လည်း ကာလသုံးပါးလုံး၌ ပွင့်ပြီး၊ ပွင့်ဆဲ၊ပွင့်လတ္တံ့ဘုရားအပေါင်းတို့သည် **'စတ္တာသု သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တာ'** သတိပဋ္ဌာန်တရားလေးပါးတို့၌ ကောင်းစွာတည်သော စိတ်ရှိတော်မူကုန်လျက်သာ သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်တော်မူကုန်၏ဟု အတိအကျ မိန့်ဆိုတော်မူ၏။

ထို့အတူ သတိပဋ္ဌာနသံယုတ်ပါဠိတော်၌လည်း **'ဧတေန မဂ္ဂေန တရိသု ပုဗ္ဗေ'**၊ရှေးဘုရားအပေါင်းသူတော်ကောင်းတို့သည်လည်းကောင်း၊ **'တရိဿန္တိ ယေစ တရန္တိ သြဃံ'** နောင်ပွင့်တော်မူလတ္တံ့အရိယာသူတော်ကောင်းတို့သည်လည်းကောင်း၊ ဤ'ဧကာယနမဂ်'ခရီးလမ်းဖြင့်သာ သြဃလေးဖြာ သံသရာကို လွန်မြောက်တော်မူကုန်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့ကြောင့် ရှေးဘုရားစသော အရိယာသူတော်ကောင်းအပေါင်းတို့၏ လမ်းဟောင်းလည်းဖြစ်သော၊ တစ်ကြောင်းတည်းသောခရီးဖြစ်၍ ဧကာယမဂ်လည်းမည်သော၊ ဤထေရဝါဒ၊ဗုဒ္ဓသာသနာအဆုံးအမအတွင်း၌သာ ကျင့်သုံးပွားများ အားထုတ်ခွင့်ရရှိနိုင်သော လောကုတ္တရာအရိယမဂ်၏ အရာဏ်ဦးသဖွယ်ဖြစ်သော သတိပဋ္ဌာန်အကျင့်မြတ်ကို မဏ္ဍိမပဋိပဒါလမ်းစဉ်နှင့်အညီ ကျင့်သုံးပွားများအားထုတ်အပ်လှပေ၏။

ကိလေသာအပျိုင်မ်းကြောင်းတရား

သတ္တဝါတို့၏စိတ်သန္တာန်၌ တဏှာဖြင့် အမြဲဆာလောင်တောင့်တနေမှုသည် ဖြစ်၏။ တဏှာဖြင့် ဆာလောင်တောင့်တနေမှုကြောင့် လောဘ၊ဒေါသ၊ မောဟဟူသော ကိလေသာအညစ်အကြေးတို့သည် စွဲထင်ပေကျံ့ကုန်၏။ ကိလေသာ

http://www.dhammadownload.com

အညစ်အကြေးတို့ကြောင့် စိတ်သည် ညစ်နွမ်းရ၏။ ပူပန်လောင်မြိုက်ရ၏။ ပင်ပန်းရ၏။ စိတ်ညစ်နွမ်းမှုကြောင့်သာ သတ္တဝါတို့သည် ညစ်နွမ်းရကုန်၏။

မြတ်စွာဘုရားက **'စိတ္တသံကိလေသာ သတ္တာ သံကိလိဿန္တိ'**၊ စိတ်ညစ်နွမ်းမှုကြောင့်သာ သတ္တဝါတို့ ညစ်နွမ်းကုန်၏။ **'စိတ္တဝေါဒါနာ ဝိသုဇ္ဈန္တိ'**၊ စိတ်စင်ကြယ်မှုကြောင့်သာ သတ္တဝါတို့ စင်ကြယ်ကုန်၏ဟု ဟောတော်မူ၏။ ရုပ်သည်ကား 'အဝိညာဏက'အသိမရှိသောကြောင့် စင်ကြယ်ခြင်း၊ညစ်နွမ်းခြင်းကို မြတ်စွာဘုရားရှင် ပညတ်တော်မမူပေ။

ဤသတိပဋ္ဌာန်ပုဗ္ဗဘာဂမဂ်သည် သတ္တဝါတို့၏စိတ်သန္တာန်၌ ကိလေသာအညစ်အကြေး၊အပူအလောင်တို့ကို စင်ကြယ်ငြိမ်းအေးစေကြောင်းဖြစ်သဖြင့် မြတ်စွာဘုရားရှင်သည် **'သတ္တာနံ ဝိသုဒ္ဓိယာ'**ဟူ၍ ဟောတော်မူခြင်း ဖြစ်၏။

ထို့ကြောင့် လောဘ၊ဒေါသ၊မောဟဟူသော စိတ်အညစ်အကြေး ကိလေသာအပူအလောင်တို့မှ ကင်းစင်အေးငြိမ်းလိုသော သူတော်ကောင်းသည် သတိပဋ္ဌာန်ပုဗ္ဗဘာဂမဂ်ကို ဒိဋ္ဌလက်ငင်း မုချကေန်အားဖြင့် ပွားများအပ်ပေ၏။ ခဏပွားများလျှင် ခဏကင်းစင် ငြိမ်းအေးနိုင်၏။ ကြာကြာပွားများလျှင် ကြာကြာကင်းစင်ငြိမ်းအေးနိုင်၏။ ထာဝစဉ်ပွားများခဲ့လျှင် အမြစ်ပြတ် ကင်းစင်ငြိမ်းအေးနိုင်မည် ဖြစ်ပေ၏။

သန္တိအမတ်ကြီး၏ သောကငြိမ်းပုံ

သန္တိအမတ်ကြီးသည် ကောသလမင်းကြီး၏ဆုတော်အဖြစ် ဘုရင့်စည်းစိမ်ကို(၇)ရက်တိတိ ပိုင်ဆိုင်ခံစားရ၏။ နောက်ဆုံးနေ့၌ အမတ်ကြီး၏အချစ်ရဆုံးသူ ကချေမလေးသည် ရုတ်တရက် လေသင်ခုန်းဖြတ်ကာ သေဆုံးသဖြင့် စိုးရိမ်ပူပန်ခြင်းပြင်းထန်စွာ နှိပ်စက်ခံရလေ၏။ မြတ်စွာဘုရားရှင်ထံ သွား၍ 'တပည့်တော်အား ကိုးကွယ်အားထားရာ ဖြစ်တော်မူပါဘုရား'ဟု တောင်းပန်လျှောက်ထားလေ၏။

မြတ်စွာဘုရားက အမတ်ကြီးအား **'ယံ ပုဗ္ဗေ တံ ဝိသောသေဟိ'** ရှေးဖြစ်ပြီးသခါရတို့၌ဖြစ်သော တောင့်တမှုကိလေသာကို ခြောက်သွေ့ပါစေ။ **'ပစ္ဆာ တေ မာဟု ကိဉ္စနံ'** နောင်ဖြစ်လတ္တံ့သခါရအပေါင်းမှာလည်း ကြောင့်ကြမှုကိလေသာ မဖြစ်ပါစေလင့်၊ **'မဇ္ဈေ စေ နော ဂဟေဿတိ'** ယခုပစ္စုပ္ပန်အလယ်မှာ ဖြစ်ဆဲ ရုပ်နာမ်သခါရတို့ကို ငါ၊ငါ့ဥစ္စာဟူ၍ တဏှာ၊ဒိဋ္ဌတို့ဖြင့် မစွဲယူပါလေနှင့်

ဤသို့ဖြစ်လျှင် **'ဥပသန္တော စရိဿတိ'** သင့်အား ကိလေသာအပူခပ်သိမ်

http://www.dhammadownload.com

ငြိမ်းအေးပေလိမ့်မည်ဟု သတိပဋ္ဌာန်၊အလုပ်ပေးတရား ဟောတော်မူ၏။ အမတ်ကြီး သည် ပါရမီဉာဏ်ပြည့်ဝခဲ့ပြီးဖြစ်သဖြင့် ထိုမျှသောတရားစကားကို နာရုံမျှဖြင့်ပင် 'အတိတ်ရှေးဟောင်းများကို စဉ်းစား၍လည်း ကိလေသာ မဖြစ်စေရ။ အနာဂတ် နောင်ရေးကို မျှော်တွေး၍လည်း ကိလေသာ မဖြစ်စေရ။ ပစ္စုပ္ပန်တည့်တည့် ဖြစ်ဆဲရုပ်နာမ်အပေါ်မှာ တဏှာ၊ဒိဋ္ဌိမကပ်ငြိစေရန် သတိပဋ္ဌာန်လက်နက်ဖြင့် ပယ်သတ်ပစ်ရမည်ကို သဘောပေါက်နိုင်လေ၏။ ထို့ကြောင့် တစ်ခဏအတွင်း၌ပင် ဖြစ်ဆဲ ရုပ်နာမ်တို့ကို သတိပဋ္ဌာန်ဖြင့် ရှုမှတ်နှလုံးသွင်းလျက် မဂ်ဉာဏ်လေးပါးတို့ အစဉ်အတိုင်းဖြစ်ပေါ်ကာ ရဟန္တာဖြစ်တော်မူ၍ သောက၊ပရိဒေဝအပူခပ်သိမ်းတို့ ထာဝရချုပ်ပျောက်ငြိမ်းနိုင်ခဲ့ပေသည်။

ပဋ္ဌာစာရီ၏ ပရိဒေဝပျောက်ပုံ

ပဋ္ဌာစာရီအမျိုးသမီးသည် ကံကြမ္မာမုန်တိုင်းမိ၍ အဆိုးလောကခံတို့၏ ပြင်းထန်စွာ တိုက်ခတ်ခံရမှုကြောင့် အရူးတစ်ပိုင်း မိန်းမရိုင်းဘဝဖြင့် သောက၊ ပရိဒေဝမီးတို့ ဝိုင်း၍လောင်မြိုက်ခံရ၏။ ဘုရားရှင်ထံတော်မှောက်မှာ **'နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နာပိ ဗန္ဓဝါ'** စသော တရား(၂)ဂါထာကို နာကြားအပြီး၌ သောတာပန် တည်၏။

ပဋ္ဌာစာရီသည် ပထမဂါထာအဆုံး၌ 'ယခု ငါ့လင်၊ငါ့သား၊ငါ့မိဘများတို့ သေကျေပျက်စီးရသကဲ့သို့၊ တစ်နေ့ကျလျှင် ငါကိုယ်တိုင်သည်ပင် သေရလိမ့်မည်။ ထိုအခါ၌ မိဘ၊သားသမီးဆွေမျိုးတို့၏ မျက်မှောက်ပင်ဖြစ်ကြားသော်လည်း မည်သူမှ သေဘေးကို မကာကွယ်နိုင်တကား'ဟု သတိရလျက် သံဝေဂဉာဏ်ဖြစ်ပေါ်လေ၏။

ဒုတိယဂါထာအဆုံး၌ 'ငါ့လင့်၊ငါ့သား၊ငါ့မိဘများစသော သူတစ်ပါးတို့သည် မိမိအတွက်အားကိုးရာ မဖြစ်နိုင်ပုံ၊ အားကိုးလောက်အောင်ပြုနိုင်လျှင် မိမိသည်သာ မိမိ၏အားကိုးရာ ဖြစ်နိုင်ပုံတို့ကို သိမြင်သဘောပေါက်မိလေ၏။

ထို့ကြောင့် ယခုအခါ၌ ရှေးကကဲ့သို့ အပြုအပြောများတို့ကို မပြုတော့ပြီ၊ မပြောဆိုတော့ပြီဟု သီလ၌ ရှေးဦးစွာတည်လျက်၊ **'နိဗ္ဗာနဂမနံ မဂ္ဂ'**ဟူသော သတိပဋ္ဌာန်နည်းအတိုင်း တရားအာရုံထဲ၌ သမာဓိစိတ်စူးစိုက်ကာ၊ ပညာဉာဏ်ဆိုက် အောင် ရှုမှတ်ပွားများသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ရလေ၏။ ထိုအခါ သောက၊ပရိဒေဝတို့ကို လွန်မြောက်နိုင်တော့၏။ ထို့ကြောင့် **'သောကပရိဒေဝါနံ**

http://www.dhammadownload.com

သမတိဂ္ဂမာယ'ဟု ဘုရားရှင် ဟောတော်မူခြင်း ဖြစ်၏။

အရှင်တိဿ၏ ဒုက္ခငြိမ်းပုံ

သာဝတ္ထိပြည်၌ တိဿသူဌေးသားသည် မိဘအမွေဥစ္စာ ကုဋေ(၄၀)တို့ကို မခွဲဝေဘဲ ညီသို့ လွှဲအပ်ခဲ့၍ ရဟန်းပြုကာ တောကျောင်း၌ တရားအားထုတ်နေ၏။ ညီဖြစ်သူ၏မိန်းမသည် အစ်ကို လူပြန်ထွက်လာလျှင် အမွေခွဲဝေပေးရမည်စိုးသဖြင့် လူသတ်သမားတို့အား ငွေပေး၍ အစ်ကိုဖြစ်သူ အရှင်တိဿအား သက်ခိုင်းလေ၏။

လူသတ်သမားတို့သည် အရှင်တိဿအား ဖမ်း၍ သတ်မည်အပြုတွင် မထေရ်က **ကိ**လေသာမကင်းသေးဘဲ သေရမည်ကို ကြောက်ရွံ့လှသဖြင့် တစ်ညဉ့်မျှ တရားအားထုတ်လိုပါကြောင်း တောင်းပန်၏။ မိမိထွက်ပြေးမည်ကို အာမခံနိုင်ရန် **မိ**မိကိုယ်တိုင် ပေါင်းရိုး(၂)ချောင်းကို ကျောက်တုန်းဖြင့် ရိုက်ချိုး၍ တရားအားထုတ်လေ၏။ တရားအစစ်အမှန်ကို အလိုရှိသူတို့သည် မိမိခန္ဓာကိုယ်ကို သော်မှလည်း ငဲ့ကွက်တွယ်တာခြင်း အလျင်းမရှိကြပါပေ။ စွန့်လွှတ်ရဲကြမြဲတည်း။

အရှင်တိဿသည် ပြင်းထန်လှသောဝေဒနာတို့ကို ရှုမှတ်လျက် မိမိသီလကို ဆင်ခြင်မိကာ အားကြီးသောပီတိ၊ ပါမောဇ္ဇတို့ ဖြစ်ပေါ်၏။ ထိုအခါ ဝေဒနာ၌ နှလုံးမသွင်းခြင်းသဘောမျိုးဖြင့် ဝေဒနာကို ခွာထား၍၊ ဖြစ်ဆဲရပ်နာမ်တို့ကို ရှုမှတ်ကာ ဝိပဿနာဉာဏ်အဆင့်ဆင့် တိုးပွားစေလျက် နံနက်အရုဏ်တက်တွင် ရဟန္တာဖြစ်တော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ကိုယ်ဆင်းရဲခြင်း ဒုက္ခဟူသမျှတို့သည် ထာဝရ ချုပ်ငြိမ်းရလေတော့၏။

သိကြားမင်း၏ ဒေါနမသင်ငြိမ်းပုံ

နတ်တို့၏ဘုရင် သိကြားမင်းသည် တစ်နေ့တွင် နတ်တို့သေနိမိတ်(၅)မျိုး ပေါ်လာသဖြင့် **မိ**မိသေရမည့်ဘေးမှလည်းကောင်း၊ **မိ**မိသေလျှင် **မိ**မိထက်သာသော သိကြားမင်းတစ်ဦးပေါ်လာ၍ **မိ**မိစည်းစိမ်များကို သူတစ်ပါးပိုင်မည်ကို ကြောက်သောကြောင့်လည်းကောင်း စိတ်နှလုံးမသာယာဖြစ်လျက် ပူပန်လောင်မြိုက်ခံရ၏။

မြတ်စွာဘုရားရှင်ထံသို့ လာရောက်ကာ 'မြတ်စွာဘုရား၊ သတ္တဝါတွေဟာ

http://www.dhammadownload.com

အမြဲစိတ်နှလုံး ရှင်ပြုံးအေးမြစွာနေလိုကြပါလျက် အဘယ့်ကြောင့် စိတ်နှလုံးပူပန်လျက် နေကြရပါသနည်း'ဟု မေးလျှောက်လေ၏။

မြတ်စွာဘုရားက 'ကိုယ့်ထက်သာမနာလိုမှု-ဣဿာနှင့် ကိုယ့်လိုသူတစ်ပါးမကောင်းစားစေလိုမှု-မစ္ဆရိယ' ဤ(၂)ပါးကြောင့်ဖြစ်၏ဟု ဖြေတော်မူ၏။ ထိုဣဿာ၊မစ္ဆရိယတို့၏ဖြစ်ကြောင်းသည် 'ချစ်ခြင်းနှင့်မုန်းခြင်း'ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုချစ်ခြင်းမုန်းတို့၏ဖြစ်ကြောင်းသည် 'ဆန္ဒရာဂ'ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုဆန္ဒရာဂ၏ဖြစ်ကြောင်းသည် ကြံစည်မှု'ဝိတက်'ဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုဝိတက်၏ဖြစ်ကြောင်းသည် 'ပဝဉ္စသညာ'ဖြစ်ကြောင်းကိုလည်းကောင်း ဖြေဆိုတော်မူပြီးလျင်၊ ဝေဒနာ(၃)ပါးတို့ကို နှလုံးသွင်းသည့်အနေဖြင့် မမှီဝဲသင့်၊ပယ်ခွာသင့်သော **'ဂေဟသိတဝေဒနာ'** ကိုလည်းကောင်း၊ မှီဝဲသင့်၊ ဖြစ်ပွားစေသင့်သော **'နေက္ခမ္မသိတဝေဒနာ'** ကိုလည်းကောင်း ခွဲခြားဟောတော်မူ၏။

သိကြားမင်းသည် ကျေနပ်သဘောကျလျက် မမှီဝဲသင့်သောဝေဒနာတို့ကို ပယ်ခွာ၍၊ မှီဝဲသင့်သောဝေဒနာတို့ကို ဖြစ်ဖွားစေကာ သတိပဋ္ဌာန်ဘာဝနာကို ပွားများလျက် သောတာပန် ဖြစ်လေ၏။ မိမိသန္တာန်၌ ဖြစ်ပေါ်နေခဲ့သော ဣဿာ၊ မစ္ဆရိယဆိုင်ရာ နှလုံးမသာယာမှု ဒေါမနဿတို့မှ လွတ်မြောက်အေးငြိမ်းတော့၏။

သုဇြဟ္မာနတ်သား၏ဒေါမနဿငြိမ်းပုံ

သုဇြဟ္မာနတ်သားသည် အခြံအရံနတ်သမီးတစ်ထောင်နှင့်အတူ နန္ဒဝန်ဥယျဉ်ကြီးထဲ၌ ပျော်ပွဲခံနေစဉ် ပန်းခြေခူးနေသော နတ်သမီး(၅၀၀)တို့ စုတေသွား၍ အဝီစိငရဲသို့ ကျရောက်သည်ကို ကိုယ်တိုင် မြင်ရ၏။ ထို့အတူ မိမိကိုယ်တိုင်လည်း နောင်(၇)ရက်အတွင်း၌ နတ်သမီး(၅၀၀)နှင့်အတူ စုတေလျက် အဝီစိသို့ ရောက်ရမည်ကိုလည်း ကိုယ်တိုင်ပင် ဒိဗ္ဗစက္ခုနတ်မျက်စိဖြင့် သိမြင်ရလေသဖြင့် ပြင်းထန်စွာ ထိတ်လန့်တုန်လှုပ်လျက် နှလုံးမသာယာမှု ဖြစ်လေ၏။

မြတ်စွာဘုရားထံသွားလျက် မိမိသန္တာန်၌ ယခုလက်ငင်း၌ ကြံ့ရပြီး၊ ကြံ့ရဆဲဖြစ်သော **'ဥပဓိကိစ္စ'** နှင့်၊ မကြာမီကြံ့ရတော့မည့် **'အနုပဓိကိစ္စ'** တို့ကို လျှောက်ကာ ပျောက်ငြိမ်းနိုင်မည့်နည်းလမ်းညွှန်ပြပေးကြားရန် တောင်းပန်လျှောက်ထား၏။

မြတ်စွာဘုရားရှင်က **'နည်တြ ဗောဇ္ဈတပသာ၊ နည်တြိန္ဒြိယသံဝရာ၊**

http://www.dhammadownload.com

နည်တြာသဗ္ဗနိသဂ္ဂါ၊ သောတ္ထိ ပဿာမိ ပါဏိနံ'ဂါထာဖြင့် (၁)ဗောဓိတပ-ပညာဘာဝနာအကျင့်၊ (၂)ဣန္ဒြိယသံဝရ- စိတ်ကိုထိန်းသိမ်းခြင်း၊ သမာဓိဘာဝနာအကျင့်၊ (၃)သဗ္ဗနိသဂ္ဂ-တဏှာကို စွန့်လွှတ်ခြင်းတရားတို့ကို ဟောညွှန်ပြတော်မူ၏။

နတ်သားသည် မြတ်စွာဘုရားဟောသည့်နည်းအတိုင်းပင် စိတ်ကို စောင့်ထိန်းခြင်း သမာဓိဘာဝနာအကျင့်၊ ပညာဘာဝနာပွားများခြင်း ဝိပဿနာဘာဝနာအကျင့်တို့ဖြင့် သတိပဋ္ဌာန်၊ပုဗ္ဗဘာဂမဂ်ကို ရှုပွားသည်ရှိသော် အရိယမဂ်သို့ ရောက်ရှိလျက် နတ်သမီး(၅၀၀)နှင့်အတူ သောတာပန် ဖြစ်လေ၏။ အပါယ်ဘေး၊ သေးဘေးတို့နှင့်စပ်၍ ကြောက်လန့်တုန်လှုပ်နေသော စိတ်နလုံးပူလောင်မှု ဒေါမနဿသည်လည်း ကင်းစင်ငြိမ်းတော့၏။ ထို့ကြောင့် '**ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ**' ဟု ဘုရားရှင် ဟောတော်မူခြင်း ဖြစ်သည်။

သုဗြဟ္မာနတ်သား၊ သိကြားမင်း၊ ပဋ္ဌာစာရီစသူတို့ကဲ့သို့ ဘုရားရှင်လက်ထက်တော်အခါက တရားနာကြားရရုံမျှဖြင့် မဂ်ဖိုလ်ရောက်ကြသူအားလုံးတို့သည် ဤသတိပဋ္ဌာန်ဟူသော၊ ပုဗ္ဗဘာဂမဂ် ခရီးလမ်းဖြင့် ပွားများကျင့်သုံးသဖြင့် အရိယမဂ်သို့ ဆိုက်ရောက်ကြရသည်ဖြစ်ကြောင်းကို အဋ္ဌကထာ၌ '**တေပိ ဣမိနာဝ မဂ္ဂေန**'ဟု အတိအကျ ညွှန်ပြထားပေ၏။

ထို့ပြင် '**ယသ္မာ ကာယ၊ဝေဒနာ၊ စိတ္တ၊ဓမ္မေသု ကဿိဓမ္မံ အမနသိတ္ဝာ ဘာဝနာနာမ နတ္ထိ**' သတိပဋ္ဌာန်တရား (၄)ပါး တို့တွင် တစ်ပါးပါးကို နလုံးမသွင်း၊ မရှုမှတ်၊ အားမထုတ်ဘဲ ဘာဝနာဖြစ်သည် မည်သည်မရှိဟု အခိုင်အမာ ဝန်ခံချက်ပေးထားပေ၏။

ထို့ကြောင့် '**ဉယသ အဓိဂမာယ**'အရ အရိယမဂ်သို့ ဆိုက်ရောက်ခြင်းကို လည်းကောင်း၊ '**နိဗ္ဗာနသ သစ္ဆိကရိယာယ**'အရ နိဗ္ဗာန်သို့ မျက်မှောက်ပြုခြင်းကို လည်းကောင်း အလိုရှိကုန်သော အမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့သည် ဤသတိပဋ္ဌာန်အကျင့်မြတ်၊ ပုဗ္ဗဘာဂမဂ်ကို မလွဲမသွေ ကျိန်းသေမုချ ပွားများအားထုတ်နိုင်ရန် လိုအပ်ပေ၏။

အထက်ပါ အဋ္ဌကထာ၊ဋီကာဆရာမြတ်တို့၏ အတည်ပြုချက်တို့ကို သတိမူ၍ မိမိတို့၏ ပါရမီ၊စရိုက်၊အကြိုက်၊ဝါသနာအားလျော်စွာ၊ ဣန္ဒြေအနု၊အရင့်ကွာသဖြင့် အနေးနှင့်အမြန်သာ ခြားနားမှု ဖြစ်၏။ မိမိ၏ခန္ဓာသို့ ဉာဏ်ရောက်အောင် မိမိကိုယ်တိုင်သည်သာ သတိပဋ္ဌာန်တရားကို မကျင့်သုံး၊ မပွားများ၊ အားမထုတ်

http://www.dhammadownload.com

ခဲ့လျှင်ကား အရိယမဂ်သို့ ဆိုက်ရောက်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လိမ့်မည် မဟုတ်ဟု ကိုယ်တိုင် သိအပ်ပေ၏။

သတိပဋ္ဌာန်ယောဂီ၏အရှုဉာဏ်

သတိဦးစီးသဖြင့် သတိပြဋ္ဌာန်းသော၊ သတိပဓာနအနေဖြင့်လုပ်ဆောင်သော စိတ်အလုပ်ကိုပင် 'သတိပဋ္ဌာန်အလုပ်' အားထုတ်သည်၊ သတိပဋ္ဌာန်တရား ပွားသည်ဟု ဆိုပေ၏။ သတိပဋ္ဌာန်ပွားများမှုအလုပ်၌ သတိဦးစီးမှုဖြင့် ကိုယ်၏တွန်းကန်အား ကာယိကဝိရိယ၊ စိတ်၏တွန်းကန်အား စေတသိကဝိရိယတို့လည်း ပါ၏။ အာရုံ၌ စူးစိုက်ရှုမှတ်တည်ကြည်မှု သမာधိလည်း ပါ၏။ အာရုံတစ်ခုကို ယထာဘူတ နေရာကျရှုမြင်နိုင်မှုပညာလည်း ပါ၏။ ကာမအာရုံတို့ကို စွန့်ခွာလျက် ဓမ္မာရုံတို့ကို တွေးကြံမှု ဝိတက်လည်း ပါဝင်၏။

ထိုကြောင့် သတိပဋ္ဌာန်ယောဂီ၏စိတ်သည် သတိဦးစီးလျက် ပါဝင်သဖြင့် သတိနှင့်လည်း ယှဉ်၏။ ဝိရိယပါဝင်လာလျှင် ဝိရိယနှင့်လည်း ယှဉ်၏။ သမာधိ ပါဝင်လာလျှင် သမာधိနှင့် ယှဉ်၏။ ပညာ၊ဝိတက်တို့ပါဝင်လာလျှင် ပညာ၊ဝိတက်တို့နှင့် ယှဉ်၏။ ထိုသတိ၊ဝိရိယ၊သမာधိ၊ပညာ၊ဝိတက်တို့ကြောင့် ဖြစ်ပေါ်လာသော သိမှုဉာဏ်သည်ပင် သတိပဋ္ဌာန်တရားအားထုတ်သူယောဂီ၏အရှုဉာဏ် ဖြစ်ပေ၏။

သတိပဋ္ဌာန်ယောဂီ၏စိတ်အာရုံ

သတိပဋ္ဌာန်ပွားများအားထုတ်ခြင်းမရှိသူ အန္ဓပုထုဇဉ်၏ ယခင်စိတ်သည် ကာမတဏှာဦးစီးမှုဖြင့် တဏှာ၊မာန၊ဒိဋ္ဌိတို့နှင့်ယှဉ်သော ကာမစိတ်တို့သာ ဖြစ်၏။ ထိုကာမစိတ်တို့သည် အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်၊ကာမဂုဏ်အာရုံ(၆)ပါး၊ ကာလ ဝိမုတ်ဖြစ်သော ကာမပညတ်တရားတို့ကို အာရုံပြုလေ၏။ ကာမတဏှာဟူသော ကိလေသာနှင့်ယှဉ်လေသော ကာမစိတ်ဖြင့် မြင်၊သိနေသမျှမှာ ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမဟူ၍ အမြင်၊အသိမှားတို့သာ ဖြစ်ပေ၏။ ဖောက်ပြန်သောသညာဖြင့် အမှားကိုသာ မှတ်မိ၏။ ဖောက်ပြန်သောစိတ်ဖြင့် အမှားကိုသာ သိမိ၏။ ဖောက်ပြန်သောဒိဋ္ဌိဖြင့် အမှားကိုသာ မြင်မှုသည် ဖြစ်၏။ ထိုအမှတ်မှား၊ အမှားသိ၊ အမှားမြင်မှုတို့ကြောင့် ဒိဋ္ဌိ၊မာန၊တဏှာ ပပဉ္စတရားတို့သာ တိုးပွားလေ၏။

http://www.dhammadownload.com

သတိပဋ္ဌာန်တရားပွားများအားထုတ်သူ ကလျာဏပုထုဇဉ်၏ သတိပဋ္ဌာန်စိတ်သည်ကား ကာယဟူသောရုပ်အာရုံ၊ ဝေဒနာနှင့်စိတ်ဟူသော နာမ်အာရုံ၊ ဓမ္မဟူသော ရုပ်နာမ်သဘောအာရုံအားဖြင့် ထင်ရှားသော သတိပဋ္ဌာန်အာရုံ မှန်သမျှကို မပြတ်မှတ်သိနေမှုကြောင့် သတိ၊ဝီရိယ၊သမာဓိတို့နှင့်ယှဉ်လျက် သမာဓိမဂ္ဂင်ထိုက်သော ဘာဝနာစိတ် ဖြစ်၏။ ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟူသော စျာန်အင်္ဂါတို့နှင့်ယှဉ်သဖြင့်လည်း စူးစူးစိုက်စိုက်ရှုမြင်နိုင်သော စျာန်စိတ်တို့သည် ဖြစ်၏။ ရူပ၊အရူပဟူသော ရုပ်နာမ်ပညတ်ဓမ္မာရုံတို့ကို အာရုံပြုနေပေ၏။

သမထဘာဝနာ၏ အာနိသင်ကြောင့်ဖြစ်သော ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့အစွမ်းဖြင့် ကိလေသာနီဝရဏတရားတို့ကို ဝိက္ခမ္ဘနပဟာန်သတ္တိဖြင့် ကြာကြာပယ်ခွာနိုင်မှုသည် ဖြစ်၏။ ကာမဂုဏ်အာရုံတို့မှကင်းဆိတ်မှု 'ကာမဝိဝေက'၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်မှု 'အကုသလဝိဝေက' တို့ကြောင့်လည်း 'ဒိဋ္ဌဓမ္မသုခဝိဟာရီ' ခေါ် မျက်မှောသောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေနိုင်ခြင်းကို ရရှိခံစားနိုင်လေ၏။

ထိုသတိပဋ္ဌာန်ယောဂီ၏ စိတ်သန္တာန်၌ ရေပေါ်မှာ ရေမှော်ကို ဖယ်ခွာအပ်သဖြင့် ရေကြည်ကိုတွေ့ရဘိသကဲ့သို့၊ ကိလေသာနီဝရဏတို့ကို ဝိက္ခမ္ဘနပဟာန်သတ္တိဖြင့် ပယ်ခွာနိုင်မှုကြောင့် သောကသည်လည်းကောင်း၊ ပရိဒေဝသည်လည်းကောင်း၊ ဒုက္ခသည်လည်းကောင်း၊ ဒေါမနဿသည်လည်းကောင်း၊ ဥပါယာသသည်လည်းကောင်း ကြာကြာငြိမ်းအေးလွင့်ပျောက်နေပေတော့၏။

ဝိပဿနာဉာဏ်အဆင့်ဆင့်ဖြစ်ပုံ

သတိပဋ္ဌာန်ယောဂီသည် ကာယ၊ဝေဒနာ၊စိတ်၊ဓမ္မဟူသည့် ရုပ်နာမ်ပညတ်ကို အာရုံပြုသော သမထဘာဝနာမှ တစ်ဆင့်တက်၍ ရုပ်နာမ်ပရမတ်အာရုံပြုသော ဝိပဿနာဘာဝနာသို့ ကူးပြောင်းအားထုတ်သည်ရှိသော် သတိ၊ဝီရိယ၊သမာဓိ၊ပညာ၊ ဝိတက်ဟူသော မဂ္ဂင်တရား(၅)ပါးတို့နှင့် ယှဉ်သဖြင့် ဝိပဿနာဇဏိကသမာဓိနှင့် ပြည့်စုံသော ဝိပဿနာဘာဝနာမယပညာသည် ထင်းရှာစွာ ဖြစ်ပေါ်၏။

ထိုသမာဓိ၊ပညာတို့၏အစွမ်းကြောင့်ဖြစ်သော(အင်္ဂါ-၅-ပါးနှင့်ပြည့်စုံသော) လောကိယ၊ပုဗ္ဗဘာဂမင်္ဂ်ခေါ် ဝိပဿနာဉာဏ်သည် ကာယ၊ဝေဒနာ၊စိတ်၊ဓမ္မဟူသော

http://www.dhammadownload.com

ရုပ်နာမ်ပရမတ်တရားတို့ကို အာရုံပြုလျက် ရုပ်နာမ်ပရမတ်တို့၏သဘောလက္ခဏာကို လည်းကောင်း၊ ရုပ်နာမ်ပရမတ်တို့၏အကြောင်းအကျိုးသဘောကိုလည်းကောင်း၊ ရုပ်နာမ်ပရမတ်တို့၏ဖြစ်မှု၊ပျက်မှုသဘောတို့ကိုလည်းကောင်း၊ အဆင့်ဆင့်ပွားများ အားထုတ်သဖြင့် ထင်လင်းစွာ သိမြင်နိုင်ခြင်းသဘောသည် ဖြစ်၏။။

ထိုရုပ်နာမ်ပရမတ်တရားတို့၏ ဖြစ်ခြင်းသဘော၊ပျက်ခြင်းသဘောတို့ကြောင့် မမြဲခြင်းဟူသောအနိစ္စလက္ခဏာ၊ ဖြစ်မှု၊ပျက်မှုတို့သည် နှိပ်စက်အပ်သဖြင့် ဆင်းရဲခြင်းဟူသောဒုက္ခလက္ခဏာ၊ မမြဲမှု၊နှိပ်စက်မှုတို့၌ အတ္တအနှစ်အသားမပါရှိသဖြင့် အစိုးမရခြင်းဟူသော အနတ္တလက္ခဏာတို့ကိုကိုလည်း ရှင်းလင်းစွာသိမြင်၏။။

သတိပဋ္ဌာန်ယောဂီ၏ ဝိပဿနာဉာဏ်သည် ပေါ်ပေါ်သမျှသောအာရုံတို့ကို မပြတ်မှတ်သိနေမှု သမာဓိ၊ပညာအစွမ်းဖြင့် ထင်လာသမျှသောအာရုံတို့၏ ရုပ်နာမ်သဘောလက္ခဏာ၊ ဖြစ်မှု၊ပျက်မှုသခ်ီတလက္ခဏာ၊ မမြဲမှု၊ဆင်းရဲမှု၊အစိုးမရမှုသာမညလက္ခဏာအားဖြင့် လက္ခဏာရေးသုံးပါးတို့ကို ကောင်းစွာနိုင်နင်းလျက် အဆင့်ဆင့် ကွဲပြားစွာ သိမြင်ပေ၏။။ ထင်ရှားစွာ ဖြစ်ပေါ်လာသမျှသော ထိုရုပ်နာမ်သဘောမမ္မာရုံတို့ကို ဝိပဿနာဉာဏ်အဆင့်ဆင့်တို့က မလွတ်တမ်း ထွင်းဖောက်လျက် သိမြင်နိုင်မှုပင်တည်း။။

ဤနည်းဖြင့်ပင် ဘာဝနာမယပညာဖြင့် ထုံမွမ်းအပ်သော သတိပဋ္ဌာန်ယောဂီ၏စိတ်မြတ်သည် ဝိပဿနာဉာဏ်အဆင့်ဆင့်တို့၏ အာသေဝနသတ္တိ၊ ဥပနိဿယသတ္တိတို့ဖြင့် ကျေးဇူးပြုမှုကြောင့် အာရုံအဆင့်ဆင့်တို့ ပြောင်းလဲဖြစ်ပေါ်သဖြင့်လည်း ဝိပဿနာဉာဏ်အဆင့်ဆင့်တို့သည် ရင့်ကျက်ပြောင်းလဲလျက် ဖြစ်ပေါ်လာမြဲပင် ဖြစ်ပေ၏။။

ထိုဝိပဿနာဘာဝနာမယဉာဏ်သည် အားအဆင့်ဆင့် ရင့်ကျက်ကြီးပွား၍ အစဉ်သဖြင့် ပွားများအားထုတ်အပ်သည်ရှိသော် 'သမ္မသနဉာဏ်အစ၊ အနုလောမဉာဏ်အဆုံးတိုင်အောင်' ထင်လင်းစွာသိမြင် ရောက်ရှိသဖြင့် (အင်္ဂါ-၈-ပါးနှင့်ပြည့်စုံသော) လောကုတ္တရာ၊ အရိယမဂ်သို့ ဆိုက်ရောက်ရလေ၏။။ ရုပ်နာမ်ခန္ဓာတို့၏ မဖြစ်၊မပျက်၊ငြိမ်းချုပ်မှုဟူသော နိရောဓတ်သဘောသို့ ဧကန်မုချ မျက်မှောက်ပြုရလျက်၊ ဒုက္ခသစ္စာကို ပိုင်းခြားသိမှု၊ သမုဒယသစ္စာကို ပယ်သတ်မှုတို့နှင့်အတူ

http://www.dhammadownload.com

သစ္စာ(၄)ပါးတို့ကို တစ်ပြိုင်နက်ခဏာ၌ ထိုးထွင်းသိမြင်မှုသည် ဖြစ်၏။

ဒိဋ္ဌိ၊ဝိစိကိစ္ဆာစသော ကိလေသာအနုသယတို့ကိုလည်း သမုဒ္ဓေဒပဟာန် သတ္တိဖြင့် အမြစ်ပြတ်ပယ်သတ်နိုင်လျက် သန္ဓိသုခနိဗ္ဗာန်အာရုံကို ကိုယ်တိုင်ကိုယ်ကျ သန္ဓိဋ္ဌိက၊မျက်မှောက်ပြုနိုင်မှုသည် ဖြစ်ပေတော့သတည်း။

ထိုအခါ၌ ''ဤတရားတော်မြတ်သည် 'သွက္ခာတော' မြတ်စွာဘုရားရှင် ကောင်းမွန်စွာ ဟောကြားတော်မူသည် မှန်ပါပေစွတကား။ 'သန္ဓိဋ္ဌိကော' ကိုယ်တိုင် ကိုယ်ကျ မျက်မှောက်ထင်ထင် သိမြင်နိုင်စွမ်း ရှိပါပေစွတကား။ 'အကာလိကော' တရားအတိုင်း အားထုတ်သူအား အခါမလင့် အကျိုးပေးခြင်း ဖိုလ်ချမ်းသာသဘော ရှိပေစွတကား။ 'ဧဟိပဿိကော' မယုံလျှင် ကြုံဖူးအောင် ကိုယ်တိုင်ကျင့်သုံးကြည့်လေလှည့်ဟု ဖိတ်ခေါ်နိုင်စွမ်း ရှိပါပေစွတကား။ 'ဩပနေယျိကော' မိမိစိတ်တွင် တစ်ကြိမ်ထင်က တရားမျက်ရှင် စိတ်စွဲထင်အောင် ကျင့်ဆောင်ထိုက်ပါပေစွ တကား။ 'ပစ္စတ္တं ဝေဒိတဗ္ဗော ဝိညူဟိ' လေးသစ္စာကို ကောင်းစွာမြင်သိ ပညာရှိ အရိယာအပေါင်းတို့သည် ကိုယ်စီကိုယ်၄ ကိုယ်တိုင်ကိုယ်ပိုင် ခံစားနိုင်ပါပေစွ တကား''ဟု ဤသို့ ပရမတ်တရားတော်ကို သိနိုင်မြင်နိုင်သဖြင့် ပရမတ်ဘုရားရှင်ကို ကြည်ညိုနိုင်မှုနှင့်အတူ ပရမတ်အရိယာ သံဃာအရှင်မြတ်အပေါင်းကို ကြည်ညိုနိုင်မှုတို့သည်လည်း ပြည့်စုံပေသတည်း။

❖ ရန်သူပိုင်းထား၊ ထိုယောက်ျားအား ပြေသွားဖို့ရာ၊ လမ်းပေါက်သာလျှက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။

❖ ဟာ်အော်ဂိုညည်း ရောဂါသည်းလျှက်၊ လူလည်းဗျာဓိ နာမရှိသော်တတ်သိမြင်မြော်၊ သမာတော်ရှိ ဆေးကျော်ရှိလျှက်၊ မကုရက်ဆေးတွက် မဟုတ်ချေ။

❖ မစင်လူးလျှင်၊ အေးကြည်လင်သည်၊ ရေစင်ရှိလျှက်မဆေးရက်၊ ကန်တွက်မဟုတ်ချေ။

❖ ဗုဒ္ဓပ္ပါဒ၊ အခွင့်ရလျှက်၊ ဓမ္မဆေးတော်၊ ရှိပါသော်လည်း ကျော်လွန်ပျက်ကွက်၊ မကုရက်က၊ ကိုယ့်တွက်ဆုံးရှုံး၊ အပြစ်ဖုံးသည်၊ ကိုယ့်ပြစ်ကိုယ့်ထံ၊ ကိုယ့်ဂ်ံတည်။

အရှင်ဣန္ဒိယ(သျှင်မိုးဝေ)
ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်။

၁၃၇၁-ခုနှစ်နတ်တော်လဆန်း(၉)ရက်။
(၂၄၊၁၁၊၂၀၀၉)

http://www.dhammadownload.com

မဟာသတိပဋ္ဌာန်နှင့်မဇ္ဈိမပဋိပဒါကျင့်စဉ်

မာတိကာ

♦♦♦♦♦

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	သတိတစ်လုံး စွဲမြဲသုံး အဆုံးနိဗ္ဗာန်ရောက်	(က)
၂။	မဟာသတိပဋ္ဌာနသုတ်ပါဠိတော်မြန်မာပြန်	၁
၃။	သတိပဋ္ဌာန်နိဒါန်း	။
၄။	သတိပဋ္ဌာန်ဟူသည်	။
၅။	သတိပဋ္ဌာန်ကြေငြာချက်	၂
၆။	တစ်ကြောင်းတည်းသောခရီးလမ်း	။
၇။	သတိပဋ္ဌာန်ဂုဏ်ရည်	၃
၈။	သတိပဋ္ဌာန်တရားလက်ကိုင်ထား	၄
၉။	သတိပဋ္ဌာန်(၄)ပါးအကျဉ်း	၅
၁၀။	ကာယာနုပဿနာသတိပဋ္ဌာန်	၆
၁၁။	ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ	။
၁၂။	မရှုမကြည့်မသိမှု၏အပြစ်	၇
၁၃။	ရှုကြည့်သိမှု၏အကျိုး	။
၁၄။	မရှုမှတ်မိသောအာရုံ၌ပယ်ပုံ	၈

သတိပဋ္ဌာန်(၄)ပါးအကျယ်

ကာယာနုပဿနာသတိပဋ္ဌာန်(၁၄)မျိုး၊ ၁–အာနာပါနပဗ္ဗ

၁၅။	ထွက်လေဝင်လေရှုပုံအင်္ဂါ(၁၀)ချက်	၉
၁၆။	စတင်အားထုတ်ပုံ ပရိကံ	။
၁၇။	အာနာပါန၏အင်္ဂါ(၄)ချက်	၁၁
၁၈။	ထွက်လေဝင်လေချုပ်အောင်မရှုရ	၁၃

http://www.dhammadownload.com

၁၉။ အဗ္ဗတ္တ၊ဗဟိဒ္ဓရူပမှတ်ပုံ ၁၄
၂၀။ အာနာပါနမှဝိပဿနာကူးရခြင်း ။
၂၁။ ဝိပဿနာယာနိကနည်းဖြင့်ရူပမှတ်ပုံ ၁၅
၂၂။ ဖြစ်ကြောင်းသမုဒယဓမ္မကိုသိပုံ ။
၂၃။ ပျက်ကြောင်းဝယဓမ္မကိုသိပုံ ၁၆
၂၄။ ထွက်လေဝင်လေနှင့်အာရုံနိမိတ်(၃)ပါး ။
၂၅။ နိမိတ်နှင့်သမာဓိ(၃)မျိုးတွဲပုံ ၁၇
၂၆။ သတိရှေးရှုထင်နေမှုပြုခြင်း ၁၈
၂၇။ တဏှာဒိဋ္ဌိတို့ မစွဲငြိပုံ ။
၂၈။ အဦးဆုံးအားထုတ်သင့်သောသတိပဋ္ဌာန် ။

၁–ကာယာနုပဿနာ၊ ၂–ဣရိယာပထပဗ္ဗ

၂၉။ ကိုယ်အမူအရာရှုပုံအပိုင်း ၁၉
၃၀။ ဣရိယာပုတ်(၄)ပါးဋ္ဌသိနေမှု ၂၀
၃၁။ ဣရိယာပုတ်တိုင်းသိနေပုံ ။
၃၂။ မည်သူသွားသနည်း? ၂၁
၃၃။ နာမ်နှင့်ရုပ်အလုပ်လုပ်ပုံ ။
၃၄။ နာမ်နှင့်ရုပ်တွဲပုံဥပမာများ ၂၂
၃၅။ နာမ်ရုပ်သိက သဏ္ဌာယဒိဋ္ဌလွတ်ပုံ ၂၃
၃၆။ ပညတ်သိများမှ ပရမတ်သိဆီသို့ ။
၃၇။ ကိုယ်အမူအရာတိုင်းဋ္ဌ သိနေမှု ၂၄
၃၈။ အဗ္ဗတ္တနှင့်ဗဟိဒ္ဓရူပမှတ်ပုံ ၂၅
၃၉။ ဖြစ်ကြောင်းနှင့်ပျက်ကြောင်းရှုပုံ ။
၄၀။ ရုပ်ဖြစ်ကြောင်း(၅)ပါး၊ပျက်ကြောင်း(၅)ပါး၊ ။
၄၁။ ကာယဋ္ဌ သတိထင်နေမှု ၂၆
၄၂။ မှီတွယ်စွဲလန်းမှုကင်းပုံ ။
၄၃။ သစ္စာ(၄)ပါးကို သိမြင်ပုံ ၂၇

၁–ကာယာနုပဿနာ၊ ၃–သမ္ဘဝညပဗ္ဗ

၄၄။ ပညာဖြင့်ရှုမြင်ပုံ ၂၈
၄၅။ သမ္ဘဝန,သမ္ဘဝည,သမ္ဘဝဋ္ဌိဟူသည် ။
၄၆။ သမ္ဘဝဋ္ဌိ(၄)မျိုး ၂၉

http://www.dhammadownload.com

၄၇။ ဂေါစရသမ္မဇဉ်(၄)မျိုး ၃၀
၄၈။ ဂတပစ္စာဂတဝတ်ဖြည့်ကျင့်ပုံ ၃၁
၄၉။ အကြားမလပ် စိတ်ဖြစ်ပျက်ပုံ ၃၅
၅၀။ ဝိပဿနာအရာ၌ အရေးကြီးသောသမ္မဇဉ် ၃၆
၅၁။ သတိသမ္မဇဉ်မလွတ်သိမှတ်နေရမှု ၃၇

၁–ကာယာနုပဿနာ၊ ၄–ပဋိကူလမနသိကာရပဗ္ဗ

၅၂။ စက်ဆုပ်ရွံ့ရှာဖွယ်ဟု နှလုံးသွင်းပုံ ၃၈
၅၃။ စက်ဆုပ်ရွံ့ရှာဖွယ် ခန္ဓာကိုယ်ပါတကား ။
၅၄။ ဤခန္ဓာကိုယ်ကို အစု(၃၂)ခုပြုပုံ ။
၅၅။ ပထဝီဓာတ်သဘောအစု(၂၀) ၃၉
၅၆။ အာပေါဓာတ်သဘောအစု(၁၂) ၄၀
၅၇။ ဆံပင်ကို ဝိပဿနာအဖြစ်ရှုပုံ ၄၂
၅၈။ မာတိကာမာတာမယ်တော်ကြီး ဝိပဿနာရှုပုံ ။
၅၉။ ၃၂-ကောဋ္ဌာသလိုရင်းချုပ်ရှုပွားပုံ ၄၃
၆၀။ တစပဋ္ဌကကမ္မဋ္ဌာန်းအနုလုံ၊ပဋ္ဌိလုံဆင်ခြင်ပွားပုံ ။

၁–ကာယာနုပဿနာ၊ ၅–ဓာတုမနသိကာရပဗ္ဗ

၆၁။ ဓာတ်ကြီး(၄)ပါးနှလုံးသွင်းရှုမြင်ပုံ ၄၄
၆၂။ ခန္ဓာကိုယ်ရှိဓာတ်သဘောကြီး(၄)ပါး ။
၆၃။ တေဇောဓာတ်(၄)ပါး ၄၅
၆၄။ ဝါယောဓာတ်(၆)ပါး ။
၆၅။ စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်း ။
၆၆။ ပညတ်နှင့်ပရမတ်ခွဲပုံ ၄၆
၆၇။ ဓာတ်ကြီး(၄)ခုမြင်အောင်ရှုပုံ ။
၆၈။ ပထဝီဓာတ်သဘောတရား ၄၇
၆၉။ အာပေါဓာတ်သဘောတရား ။
၇၀။ တေဇောဓာတ်သဘောတရား ၄၈
၇၁။ ဝါယောဓာတ်သဘောတရား ။
၇၂။ ဓာတ်ကြီး(၄)ပါးကိုစွဲမှီ၍ဖြစ်သောရုပ်(၄)ပါး ၄၉
၇၃။ ဓာတ်ကြီး(၄)ပါးရှုမြင်ပုံဥပမာ ။
၇၄။ ဓာတုမနသိကာရရှုမှတ်ပုံ ၅၀

http://www.dhammadownload.com

၁–ကာယာနုပဿနာ၊ ၆–နဝသိဝထိကပဗ္ဗ

၇၅။ သူသေကောင်(၉)မျိုးရှုပုံ ၅၀
၇၆။ အသုဘကမ္မဋ္ဌာန်း ၅၁
၇၇။ ကာယာနုပဿနာ၌ သမထ၊ဝိပဿနာခွဲပုံ ၅၅

၂–ဝေဒနာနုပဿနာ

၇၈။ ဝေဒနာကိုရှုမြင်ပုံ ၅၅
၇၉။ ဝေဒနာ၌သိရန်(၇)ဌာန ၅၇
၈၀။ ဝေဒနာ(၃)မျိုးနှင့်(၉)မျိုးသိပုံ ။
၈၁။ ဝေဒနာ(၃)မျိုးနှင့်(၅)မျိုးဖြစ်ပုံ ၅၈
၈၂။ ဝေဒနာအစစ်(၁၀၈)ရေတွက်ပုံ ။
၈၃။ ဝေဒနာကိုပိုင်းခြားသိပုံ ၅၉
၈၄။ အာရုံ(၃)မျိုးနှင့်ဝေဒနာကိုရှုမြင်ပုံ ။
၈၅။ ဝေဒနာဘယ်သူခံစားလဲ ၆၀
၈၆။ ဝေဒနာ၏ဖြစ်ကြောင်းများ ၆၁
၈၇။ မိုရာဝတ္ထု(၆)မျိုးကြောင့် ဝေဒနာ(၆)မျိုးဖြစ်ပုံ ၆၂
၈၈။ ဖဿဟူကတရားများ ၆၃
၈၉။ ဝေဒနာကိုအဖြေရှာခြင်း ။
၉၀။ မိုရာဝတ္ထု၌ဝေဒနာဖြစ်ပေါ်ပုံ ၆၄
၉၁။ ဝေဒနာဟူက ခံစားမှုသဘောမျှ ။
၉၂။ ဝေဒနာလမ်းခွဲ(၂)မျိုး ၆၅
၉၃။ ဝေဒနာချုပ်ငြိမ်းမှုကိုသိပုံ ၆၆
၉၄။ ဝေဒနာနုပဿနာရှုမှတ်ပုံ ၆၇
၉၅။ ဝေဒနာချုပ်ကြောင်းအကျင့်ကိုသိခြင်း ၆၈
၉၆။ ပေါ်လာသည့်ဝေဒနာ၏သဘောကို သိနေမှု ၆၉
၉၇။ ဝေဒနာ၌သာယာဖွယ်နှင့်ငြီးငွေ့ဖွယ် ။
၉၈။ ဝေဒနာသည် သုခလော၊ဒုက္ခလော ။
၉၉။ ဝေဒနာကိုခွာ၍ ဖြစ်ပျက်သိမြင်ပုံ ၇၁
၁၀၀။ ဝေဒနာတို့၏ချုပ်ငြိမ်းခြင်း ၇၂
၁၀၁။ အကန့်အသတ်ရှိသောဝေဒနာ ၇၃
၁၀၂။ ဝေဒနာ၏လွတ်မြောက်ရာကိုသိပုံ ၇၄
၁၀၃။ ဝေဒနာတူသော်လည်းခံစားမှုမတူပုံ ။

http://www.dhammadownload.com

၁၀၄။ ဝေဒနာကိုအနတ္တအားဖြင့် ရှုမြင်သင့်ပုံ ၇၆
၁၀၅။ ဝေဒနာနုပဿနာဖြင့် ရှုမှတ်နေမှု ၇၇

၃-စိတ္တာနုပဿနာ

၁၀၆။ စိတ်ကိုအဖန်ဖန်ရှုမြင်ပုံ ၇၈
၁၀၇။ စိတ်ကို ရှုဆင်ခြင်ခြင်း ၇၉
၁၀၈။ စိတ်(၁၆)မျိုးနှင့်သရုပ် ။
၁၀၉။ စိတ်ဝိညာဏ်ဌိသိရန်(၇)ဌာန ၈၀
၁၁၀။ စိတ်ဝိညာဏ်(၆)မျိုးကိုသိပုံ ၈၁
၁၁၁။ ပညတ်နှင့်ပရမတ်ခွဲပုံ ၈၂
၁၁၂။ စိတ်ဖြစ်ကြောင်းကိုသိပုံ ။
၁၁၃။ မြင်သိစိတ်ဖြစ်ပုံဥပမာ ၈၃
၁၁၄။ အမှန်သိဖြင့်အမှားသိကိုပယ်ခြင်း ၈၄
၁၁၅။ စိတ်ချုပ်ပုံသဘောများ ၈၅
၁၁၆။ စိတ်ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းအကျင့် ။
၁၁၇။ စိတ်၏သာယာဖွယ်နှင့်ငြီးငွေ့ဖွယ် ၈၆
၁၁၈။ စိတ်ဝိညာဏ်၏ဥပမာ ။
၁၁၉။ ဝိညာဏ်(၆)မျိုး၏လွတ်မြောက်ရာ ၈၇
၁၂၀။ စိတ်တစ်ခုထိန်းအားလုံးငြိမ်း ၈၈
၁၂၁။ ဖောက်ပြန်တတ်တာလဲစိတ်ပါပဲ ၈၉

၄-ဓမ္မာနုပဿနာ၊ ၁-နိဝရဏပဗ္ဗ

၁၂၂။ နိဝရဏ(၅)ပါးကိုရှုမြင်ပုံ ၉၁
၁၂၃။ နိဝရဏ(၅)ပါး ၉၂
၁၂၄။ နိဝရဏဖြစ်ကြောင်းနှင့်မဖြစ်ကြောင်း ၉၃
၁၂၅။ ဖြစ်ပေါ်လာသောကာမစ္ဆန္ဒနိဝရဏကိုပယ်နည်း ။
၁၂၆။ ဖြစ်ပေါ်လာသောဗျာပါဒနိဝရဏကိုပယ်နည်း ၉၄
၁၂၇။ ဖြစ်ပေါ်လာသောထိနမိဒ္ဓနိဝရဏကိုပယ်နည်း ။
၁၂၈။ ဖြစ်ပေါ်လာသောဥဒ္ဓစ္စ၊ကုက္ကုစ္စနိဝရဏကိုပယ်နည်း ။
၁၂၉။ ဖြစ်ပေါ်လာသောဝိစိကိစ္ဆာနိဝရဏကိုပယ်နည်း ။
၁၃၀။ ဓမ္မာနုပဿနာဖြင့်ရှုမြင်နေမှု ၉၅

http://www.dhammadownload.com

----------မာတိကာ----------

၁၈၆။ မဏ္ဍိမပဋ္ဌိပဒါဂုဏ်ရည်	၁၄၁
၁၈၇။ မဏ္ဍိမပဋ္ဌိပဒါအနှစ်ချုပ်	၁၄၂
၁၈၈။ မဏ္ဍိမပဋ္ဌိပဒါအကျင့်တရား မဂ္ဂင်(၈)ပါး	၁၄၃
၁၈၉။ မဏ္ဍိမပဋ္ဌိပဒါ၏ဆန့်ကျင်ဘက်များ	၁၄၄
၁၉၀။ မဏ္ဍိမပဋ္ဌိပဒါ၏ပဓာနအင်္ဂါရပ်	။
၁၉၁။ သီလမဂ္ဂင်ကိုကျင့်သုံးခြင်း	၁၄၅
၁၉၂။ သမာဓိမဂ္ဂင်ကိုကျင့်သုံးခြင်း	။
၁၉၃။ ပညာမဂ္ဂင်ကိုကျင့်သုံးခြင်း	၁၄၆
၁၉၄။ မဂ်(၃)မျိုးဖြစ်ပေါ်ပုံ	၁၄၈
၁၉၅။ အကြည့်မဂ္ဂင်နှင့်အသိမဂ္ဂင်	။
၁၉၆။ သိက္ခာ(၃)ပါးကျင့်သုံးမှုဌ္ဌသမ္ဘာဒီဋ္ဌိအစပြုပုံ	၁၄၉
၁၉၇။ အသိ(၃)မျိုးဖြင့်သိပုံများ	။
၁၉၈။ သိစရာအာရုံ၌သိမှုအလုပ်	၁၅၀
၁၉၉။ မြင်လျှင်မြင်သည်ဟုသိမှတ်မှု	၁၅၁
၂၀၀။ ငါကိုမမြင်၍အနတ္တဉာဏ်ဖြင့်နိဗ္ဗာန်မြင်ပုံ	၁၅၂
၂၀၁။ မနောဝိညာဏ်ဖြင့်သိသော်လည်းအာရုံမတူပုံ	၁၅၃
၂၀၂။ သိစောင့်တည်မဂ္ဂင်(၈)ပါးပွားပုံ	၁၅၄
၂၀၃။ သိမှတ်မှု၌ အနုသယပြတ်၍ပရိယုဋ္ဌာန်ငြိမ်းပုံ	။
၂၀၄။ မသိမှတ်မှု၌ အနုသယကိန်း၍ပရိယုဋ္ဌာန်ထပုံ	၁၅၅
၂၀၅။ ပညာသီခေါ်ဉာဏ်ပေါ်ပုံ	၁၅၆
၂၀၆။ မသိမှတ်သူပုထုဇဉ်၊သိမှတ်သူသေက္ခမည်ပုံ	။
၂၀၇။ ထွက်လေဝင်လေဖြင့်အနာပါနဘာဝနာဖြစ်ပုံ	၁၅၇
၂၀၈။ သမထဘာဝနာစွမ်းအား	၁၅၈
၂၀၉။ စျာန်စိတ်(၅)မျိုးဖြစ်ပေါ်လာပုံ	။
၂၁၀။ စျာန်ရ/မရကမ္မဋ္ဌာန်းများ	၁၅၉
၂၁၁။ အာရုံနှင့်စိတ် ဆက်သွယ်ပုံ	၁၆၀
၂၁၂။ ပညတ်ဟူသမျှသမုတိသစ္စာရ	၁၆၁
၂၁၃။ ပညတ်အကျဉ်း(၂)မျိုး	၁၆၂
၂၁၄။ ပရမတ်ဝီထိနောင်ပညတ်အာရုံသိဖြစ်ပုံ	။
၂၁၅။ သောတဒ္ဓါရ၊အတိမဟန္တာရုံဝီထိဖြစ်ပုံ	၁၆၃
၂၁၆။ ဒုတိယကြားသိစိတ်၊တဒနုဝတ္တက၊မနောဒ္ဓါရဝီထိ	၁၆၅
၂၁၇။ တတိယ၊နာမဂ္ဂဟဏ၊သုဒ္ဓမနောဒ္ဓါရဝီထိ	။

http://www.dhammadownload.com

၂၁၈။ စတုတ္ထ၊အတ္ထဂ္ဂဟဏ၊သုဒ္ဓမနောဒ္ဓါရဝိထိ ။
၂၁၉။ ပရမတ်အစစ်ဓာတ်အနှစ်သိပုံ ၁၆၆
၂၂၀။ ဝိပဿနာရှုရမည့်ပရမတ်သဘောတရားများ ၁၆၇
၂၂၁။ အာနာပါနမှဝိပဿနာသို့ကူးပုံ ။
၂၂၂။ ဝိပဿနာရှုမြင်မှုဟူသည် ၁၆၈
၂၂၃။ ဝိပဿနာစတင်ရှုမြင်ခြင်း ၁၆၉
၂၂၄။ အာရုံ(၆)ပါးနှင့်စိတ်(၆)မျိုးဖြစ်ပုံ ၁၇၀
၂၂၅။ အကြောင်းကြောင့်အကျိုးဖြစ်ပုံ ၁၇၁
၂၂၆။ အဝိဇ္ဇာပစ္စယာ တဏှာသမုဒယောဖြစ်ပုံ ၁၇၂
၂၂၇။ မသိမှုကြောင့် ပဋိစ္စသမุปบาทသံသရာလည်ပုံ ၁၇၃
၂၂၈။ အဝိဇ္ဇာနိရောဓာ တဏှာနိရောဓောဖြစ်ပုံ ။
၂၂၉။ သိမှုကြောင့် ပဋိစ္စသမุปบาทသံသရာပြတ်ပုံ ၁၇၄
၂၃၀။ မြင်ခိုက်စသည်၌ ခန္ဓာ(၅)ပါးဖြစ်ပုံ ၁၇၅
၂၃၁။ မြင်ဆဲအခိုက်စသည်၌ ချက်ချင်းရှုမှတ်ခြင်း ၁၇၆
၂၃၂။ သိမှတ်သဖြင့် အတ္တဒိဋ္ဌိပြတ်ပုံ ၁၇၇
၂၃၃။ မသိမှတ်သဖြင့် အတ္တဒိဋ္ဌိဖြစ်တွယ်ပုံ ။
၂၃၄။ မသိမှတ်သဖြင့် ဒုက္ခခန္ဓာတိုးပွားပုံ ၁၇၈
၂၃၅။ ကာလ(၃)ပါး၌မူလ(၂)ပါးဖြင့် မပြတ်လည်ပုံ ၁၇၈
၂၃၆။ ဝဋ်(၃)မျိုး၊အလွှာ(၄)ပါးစသည်လည်ပတ်ပုံ ၁၇၉
၂၃၇။ မသိမှတ်သဖြင့် ဒုက္ခသစ္စာကိုမပိုင်းခြားပုံ ၁၇၉
၂၃၈။ မသိမှတ်သဖြင့် သမุဒယသစ္စာကို မပယ်ပုံ ၁၈၀
၂၃၉။ မသိမှတ်သဖြင့် နိရောဓသစ္စာကို မျက်မှောက်မပြုပုံ ။
၂၄၀။ မသိမှတ်သဖြင့် မဂ္ဂသစ္စာကို မပွားပုံ ။
၂၄၁။ သိမှတ်သဖြင့် ဒုက္ခသစ္စာကိုပိုင်းခြားပုံ ၁၈၁
၂၄၂။ သိမှတ်သဖြင့် သမุဒယသစ္စာကို ပယ်ပုံ ။
၂၄၃။ သိမှတ်သဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုပုံ ၁၈၂
၂၄၄။ သိမှတ်သဖြင့် မဂ္ဂသစ္စာကိုပွားပုံ ။
၂၄၅။ သိမှတ်သဖြင့် သစ္စာ(၄)ချက်ပေါ်ပုံ ၁၈၃
၂၄၆။ မြင်မှုစသည်၌ မပြတ်သိမှတ်နေရမှု ။
၂၄၇။ ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ ၁၈၄
၂၄၈။ ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ ။
၂၄၉။ စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ ၁၈၅

http://www.dhammadownload.com

"မဇ္ဈိမပဋိပဒါအကျင့်တရား"

မဂ္ဂင်(၈)ပါး၊ကျင့်စဉ်စက်ဝိုင်း



လင်္ကာ

မူလ,ပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်။

ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်မာတ်။

မသိ-ဒုက္ခ၊ သိ-မဂ္ဂ။ မသိ-တစ်ပတ်ပတ်၊ သိမှ-ပြတ်။

မသိလျှင်-တွယ်၊ သိလျှင်-ပယ်။ တွယ်လျှင်ကား-ဘေး၊ ပယ်လျှင်-အေး၏။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒီဃနိကာယ်၊မဟာဝဂ္ဂပါဠိတော်

မဟာသတိပဋ္ဌာနသုတ်

ပါဠိတော်နှင့်မြန်မာပြန်

သတိပဋ္ဌာန်နိဒါန်း

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ကုရူသု ဝိဟရတိ၊ ကမ္မာသဓမ္မံနာမ ကုရူနံ နိဂမော။ တတြခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ ဘိက္ခဝေါတိ၊ ဘဒ္ဒန္တေတိ တေဘိက္ခူ ဘဂဝတော ပစ္စဿောသုံ၊ ဘဂဝါ တေတဝေါစ။

တပည့်တော်အာနန္ဒာသည် ဤသို့ ကြားနာမှတ်သားရပါ၏။ အခါတစ်ပါးမှာ မြတ်စွာဘုရားသည် ကမ္မာသဓမ္မမည်သော ကုရုတိုင်း၏နိုဂုံးရွာကြီး၌ သီတင်းသုံးတော်မူ၏။ ထိုရွာ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို 'ဘိက္ခုတို့'ဟု ခေါ်တော်မူ၏။ ထိုရဟန်းတို့က မြတ်စွာဘုရားအား 'အရှင်မြတ်ဘုရား'ဟူ၍ ပြန်လျှောက်ကုန်၏။ မြတ်စွာဘုရားသည် ဤသို့ မိန့်မြွက်ဟောကြာတော်မူပါသည်။

သတိပဋ္ဌာန်ဟူသည်

အာရုံ၌ အောက်မေ့မှု၊ အမှတ်ရမှုသဘောသည် **'သတိ'**ဖြစ်၏။ တည်နေမှု၊ သက်ဝင်နေမှုသည် **'ပဋ္ဌာန'** မည်၏။ အာရုံတို့၌ အောက်မေ့၊အမှတ်ရနေမှုဖြင့် 'သတိမပြတ်၊ကပ်လျက်' သက်ဝင်တည်မြဲနေမှုကိုပင် **'သတိပဋ္ဌာန်'**ဟု ခေါ်၏။

(သတိ-အောက်မေ့လျက်+ပဋ္ဌာန-သက်ဝင်တည်နေမှု=သတိပဋ္ဌာန်)

သတိပဋ္ဌာန်အရ-သတိစွဲမြဲစွာ သက်ဝင်ဖြစ်တည်နေသော 'ကာယ၊ဝေဒနာ၊စိတ္တ၊ဓမ္မ'ဟူသည့် ဝိပဿနာ၏အာရုံ(၄)မျိုးကို ကောက်ယူရ၏။ ထို့ကြောင့် သတိဖြင့် 'ကာယ၊ဝေဒနာ၊စိတ်၊ဓမ္မ'(၄)မျိုးတွင် တစ်မျိုးမျိုးကို အောက်မေ့၊ အမှတ်ရနေမှုသဘောကို 'သတိပဋ္ဌာန်'အလုပ်ဟု ဆိုလိုခြင်း ဖြစ်၏။

http://www.dhammadownload.com

သတိပဋ္ဌာန်ကြေငြာချက်

ကောယနော အယံ ဘိက္ခဝေ မဂ္ဂေ။သတ္တာနံ ဝိသုဒ္ဓိယာ၊ သောက ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ရဟန်းတို့၊ အင်္ဂါလေးပါးရှိကုန်သော ဤသတိပဋ္ဌာန်ခရီးလမ်းသည် ရှိပေ၏။ ထိုခရီးလမ်းသည် သတ္တဝါအပေါင်းတို့၏-

(၁)ကိလေသာ အညစ်အကြေးတို့မှ စင်ကြယ်ခြင်းငှါ၊
(၂) စိုးရိမ်ပူဆွေး, ငိုကြွေးရခြင်းတို့ကို လွန်မြောက်ခြင်းငှါ၊
(၃)ကိုယ်ဆင်းရဲခြင်း,စိတ်ဆင်းရဲခြင်းတို့၏ ချုပ်ငြိမ်းခြင်းငှါ၊
(၄) အရိယာမဂ်ကို ရခြင်းငှါ၊
(၅)နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ၊
တစ်ခုတည်းသောလမ်း၊ တစ်ကြောင်းတည်းသော ခရီးဖြစ်ပေ၏။

တစ်ကြောင်းတည်းသောလမ်းခရီးလမ်း

ကိလေသာခပ်သိမ်းငြိမ်းအေးရာ နိဗ္ဗာန်သို့ သွားရောက်နိုင်သောလမ်းသည် ဤသတိပဋ္ဌာန်လမ်းမှလွဲ၍ အခြားလမ်းခွဲ မရှိ။ ထို့ကြောင့် သတိပဋ္ဌာန်လမ်းသည် လောကုတ္တရာအရိယာမဂ်ဖြင့် နိဗ္ဗာန်သို့သွားရန် တစ်ခုတည်းလမ်း၊ တစ်ကြောင်းတည်းခရီးဖြစ်၍ 'ဧကာယနမဂ်'မည်၏။ (ဧက+အယန+မဂ္ဂ=ဧကာယနမဂ်)

နိဗ္ဗာန်သို့ အရိယာမဂ်ဖြင့် မျက်မှောက်ပြုတော်မူပြီးကုန်သော ဘုရား၊ရဟန္တာစသောအရိယာသူတော်ကောင်းအပေါင်းတို့သည် ဤသတိပဋ္ဌာန်တရားလေးပါးတွင် တစ်ပါးပါးကို အာရုံယူ၍၊ ဆင်ခြင်ပွားများလျက်သာ နိဗ္ဗာန်သို့ မျက်မှောက်ပြုကုန်၏။ 'ကာယ၊ဝေဒနာ၊စိတ်၊ဓမ္မဟူသော သတိပဋ္ဌာန်တရားလေးပါးကို မရှုမှတ်မူ၍ ဝိပဿနာဉာဏ်၊မဂ်ဉာဏ်တို့ကို ဖြစ်စေနိုင်သော တခြားပညာဘာဝနာမျိုးသည် မရှိ'ဟု အဋ္ဌကထာတို့၌ ဆို၏။

သတိပဋ္ဌာန်ဝုဏ်ရည်(၅)မျိုး

၁။သတိပဋ္ဌာန်တရား ပွားများသူသည် 'ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်ခြင်း' အကျိုးရှိ၏။ သတ္တဝါတို့၏သန္တာန်၌ ရုပ်နှင့်နာမ်ဟူသော ပရမတ်

http://www.dhammadownload.com
မဟာသတိပဋ္ဌာန်နှင့်မဂ္ဂင်ရှစ်ပါးပဋိပဒါကျင့်စဉ် ၃

တရားနှစ်ပါးတွင် ရုပ်၌ ကပ်ငြိပေကျံသော အညစ်အကြေးများကို ပကတိရေဖြင့် သုတ်သင်ဆေးကြော၍ ရ၏။ နာမ်တရားဖြစ်သောစိတ်တို့၌ ကပ်ငြိပေကျံသော အညစ်အကြေးတို့ကို ပကတိရေဖြင့် သုတ်သင်ဆေးကြော၍ မရ။ သတိပဋ္ဌာန်တည်းဟူသော ဓမ္မရေစင်ဖြင့်သာ သုတ်သင်ဆေးကြောပစ်နိုင်၏။ သတိပဋ္ဌာန်ဓမ္မရေစင်ဖြင့် လျော်ဖွတ်သည်ရှိသော် စိတ်တည်းဟူသောအဝတ်၌ စွန်းထင်ပေကျံနေသော လောဘ၊ ဒေါသစသော ကိလေသာအညစ်အကြေး(၁၀)မျိုးတို့သည် ထာဝရကင်းစင်နိုင်၏။

၂။ သတိပဋ္ဌာန်တရား ပွားများသူသည် **'စိုးရိမ်ပူဆွေး၊ငိုကြွေးရခြင်းတို့ကို လွန်မြောက်ခြင်း'** အကျိုးရှိ၏။ ဇာတိနှင့်ဇရာမရဏဟူသော 'မွေး၊ရှင်သေ'မကင်းသူ သတ္တဝါတို့အား 'စိုးရိမ်ပူဆွေးမှု-သောက၊ ငိုကြွေးမှု-ပရိဝေဒ၊ ကိုယ်စိတ်ဆင်းရဲမှု-ဒုက္ခ-ဒေါမနဿ၊ ပြင်းထန်စွာလောင်မြိုက်မှု-ဥပါယာသတို့'ဖြင့် ပူပန်လောင်မြိုက်ခံစားကြရ၏။ မိခင်၏နို့ရည်သည် သည်းစွာငိုကြွေးနေသော သားငယ်လေးအား အငိုတိတ်စေသကဲ့သို့ ထို့အတူ သတိပဋ္ဌာန်တရားတော်သည်လည်း အစမထင်သော သံသရာတစ်ခွင်မှ ယနေ့ထိတိုင် ပြင်းထန်စွာ စိုးရိမ်ပူဆွေး၊ငိုကြွေးလျက် ဆင်းရဲခြင်းကြီးစွာဖြင့် ခံစားနေရသောသတ္တဝါတို့အား အငိုတိတ်စေနိုင်စွမ်းရှိပေ၏။

(သောက+ပရိဒေဝတို့ကို+သမတိက္ကမ-လွန်မြောက်ခြင်း)

၃။သတိပဋ္ဌာန်တရားပွားများသူသည် **'ကိုယ်ဆင်းရဲခြင်း,စိတ်ဆင်းရဲခြင်းတို့ချုပ်ငြိမ်းခြင်း'**အကျိုးရှိ၏၊ ရုပ်နာမ်ခန္ဓာငါးပါးကို ရရှိထားသူသတ္တဝါတို့အား ရုပ်၌ မှီ၍ခံစားရသော ကာယိကဒုက္ခသည် ကိုယ်ဆင်းရဲ 'ဒုက္ခ' မည်၏။ နာမ်၌မှီ၍ ခံစားရသော စေတသိကဒုက္ခသည် 'ဒေါမနဿ'မည်၏။ သတိပဋ္ဌာန်တရားတော်သည် ထိုကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ နှစ်မျိုးလုံးကို ချုပ်ငြိမ်းစေနိုင်စွမ်းရှိပေ၏။

(ဒုက္ခ+ဒေါမနဿတို့၏+အတ္ထင်္ဂမ-ချုပ်ငြိမ်းခြင်း)

၄။သတိပဋ္ဌာန်တရား ပွားများသူသည် **'အရိယာမဂ်ကို ရရှိနိုင်ခြင်း'** အကျိုးရှိ၏၊ အရိယာပုဂ္ဂိုလ်တို့ မျက်မှောက်ပြုအပ်သော သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်(၄)ပါးတို့သည် 'အရိယာမဂ်' မည်၏။ ထိုအရိယာမဂ်တို့ကို ရသည်ရှိသော် နိဗ္ဗာန်ကိုမျက်မှောက် ပြုနိုင်ပေတော့၏။ သတိပဋ္ဌာန်တရားတော်သည် ထိုလောကုတ္တရာမဂ်ကို ရရှိနိုင်စွမ်းရှိသော လောကီယ၊ ပုဗ္ဗဘာဂမဂ် (လောကီရှေ့ပြေးလမ်းကြောင်း)ပင် ဖြစ်ပေ၏။ (ဥာယ-အရိယာမဂ်)

၅။သတိပဋ္ဌာန်တရား ပွားများသူသည် **'နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်း'** အကျိုးရှိ၏။ အရိယာမဂ်လေးပါးကိုရရှိလေသော် ဖိုလ်လေးပါးကိုလည်း ရရှိပေ၏။

http://www.dhammadownload.com

ထိုဖိုလ်လေးပါးကို ရရှိခြင်းသည်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း မည်၏။

သတိပဋ္ဌာန်တရားတော်သည် ထိုမဂ်လေးပါး၊ ဖိုလ်လေးပါးကို ရရှိစေလျက် ကိလေသာခပ်သိမ်းချုပ်ပြတ်ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စွမ်း ရှိ၏။

(သစ္စိကရိယ-မျက်မှောက်ပြုခြင်း)

သတိပဋ္ဌာန်တရားလက်ကိုင်ပွား

သတိပဋ္ဌာန်တရားတော်သည် လူမျိုးမရွေး၊ဘာသာမရွေး လက်ကိုင်ပြုလျက် ပွားများအားထုတ်နေသင့်သော စွမ်းအင်ကြီးမားသည့်တရားထူးပင် ဖြစ်၏။ ထို့ကြောင့်ပင် သတိပဋ္ဌာန်တရားတော်အဆုံး၌ သတိပဋ္ဌာန်တရားကို လက်ကိုင်ပွား များပါက လူဖြစ်စေ၊ရဟန်းဖြစ်စေ၊မိန်းမ၊ယောကျ်ားဖြစ်စေ၊ဗုဒ္ဓဘာသာဖြစ်စေ၊ ဘာသာခြားဖြစ်စေ ယောဂီဖြစ်သူမည်သူမဆို အနှေးဆုံး(၇)နှစ်၊ အမြန်ဆုံး(၇)ရက် အတွင်း၌ မိမိ၏ပါရမီဉာဏ်အားလျော်စွာ လောကုတ္တရာမဂ်ဖိုလ်တို့ကို မျက်မှောက်ပြု နိုင်ကြောင်း မြတ်စွာဘုရား မိန့်တော်မူပေ၏။

လောကုတ္တရာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကို မျက်မှောက်ပြုနိုင်ခြင်းဆိုသည်မှာ အနည်းဆုံး ဉာဏ်အလတ်စား နေယျပုဂ္ဂိုလ်မျိုးဖြစ်ဖို့ လို၏။ ဉာဏ်အထက်စား တိက္ခပညာပုဂ္ဂိုလ်တို့မှာ ထို့ထက်စောလျင်စွာလည်း မျက်မှောက်ပြုနိုင်၏။ ဉာဏ် အနုံ့စားမန္ဒပညာပုဂ္ဂိုလ်တို့မှာ ထို့အောက်ကြာစွာလည်း မျက်မှောက်ပြုနိုင်မည် ဖြစ်၏။

ထိုပြင် သတိပဋ္ဌာန်တရား ပွားများအားထုတ်သူသည် ယခုဘဝ၌ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် ကိလေသာတို့ကို အမြစ်ပြတ်ပယ်သတ်၍ နိဗ္ဗာန်ကို မျက်မှောက် မပြုနိုင်သည့်တိုင် ဒုတိယဘဝစသည်တွင် နတ်ပြည်စသည်သို့ ရောက်ရလျက်၊ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ကို လျှင်မြန်စွာ ရနိုင်ကြောင်းဖြစ်သော ဥပနိဿယသတ္တိ အကြောင်းအထောက်အပံ့ကို ရ၏။

ယခုဘဝတွင်လည်း လောဘ၊ဒေါသ၊မာန စသောကိလေသာတို့ကို တဒင်္ဂ၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်သတ်နိုင်သဖြင့် မိမိတို့၏ အဒ္ဓတ္တသန္တာန်၌ ခံစားနေကြ ရသော သောက၊ပရိဝေဒ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသဒုက္ခဘေးတို့မှ ကြာရှည် ဝေးကွာလျက် ကာယဝိဝေက၊ စိတ္တဝိဝေက၊ ဥပဓိဝိဝေကတို့ဖြင့် ငြိမ်းအေးချမ်း သာမှုဟူသော သန္တိသုခဓာတ်ကို ကျိန်းသေမုချရရှိနိုင်ကြပေ၏။

သတိပဋ္ဌာန်နိဒါန်းပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

သတိပဋ္ဌာန်လေးပါးအကျဉ်းချုပ်

ကတမေ စတ္တာရော? ဣဓ ဘိက္ခဝေ ဘိက္ခု-

၁။ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ, သမ္မဇာနော, သတိမာ၊ ဝိနေယျ လောကေ- အဘိဇ္ဈာ, ဒေါမနဿံ။

၂။ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္မဇာနော သတိမာ၊ ဝိနေယျ- လောကေ အဘိဇ္ဈာ, ဒေါမနဿံ၊

၃။ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္မဇာနော သတိမာ၊ ဝိနေယျ လောကေ- အဘိဇ္ဈာ,ဒေါမနဿံ၊

၄။ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္မဇာနော သတိမာ၊ ဝိနေယျ လောကေ- အဘိဇ္ဈာ,ဒေါမနဿံ။

သတိပဋ္ဌာန်တရား လေးပါးတို့ဟူသည် အဘယ်နည်း?။ ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည်-

(၁) ရုပ်အပေါင်း၌ ဖောက်ပြန်တတ်သောရုပ်အပေါင်းဟုအဖန်ဖန်ရှုလျက်၊ သမ္မပ္ပဓာန်လုံ့လဝီရိယရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍၊ ဥပါဒါနက္ခန္ဓာဟူသောလောကဌ် လိုချင်တပ်မက်မှုလောဘနှင့် စိတ်နှလုံးမသာယာမှုဒေါသတို့ကို 'တဒင်ပဟာန်၊ ဝိက္ခမ္ဘနပဟာန်' တို့ဖြင့် ပယ်ဖျောက်လျက်နေ၏။

(၂)ဝေဒနာတို့၌ ခံစားမှုမျှဖြစ်သော ဝေဒနာအပေါင်းဟုအဖန်ဖန်ရှုလျက်၊ သမ္မပ္ပဓာန်လုံ့လဝီရိယရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ မှန်စွာအပြားအားဖြင့်သိ သည်ဖြစ်၍၊ ဥပါဒါနက္ခန္ဓာဟူသောလောကဌ် လိုချင်တပ်မက်မှု လောဘနှင့် စိတ်နှလုံးမသာယာမှုဒေါသကို တဒင်ပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ဖျောက်လျက်နေ၏။

(၃)စိတ်အပေါင်းတို့၌ ကြံသိမှုမျှဖြစ်သော စိတ်အပေါင်းဟုအဖန်ဖန်ရှုလျက်၊ သမ္မပ္ပဓာန်လုံ့လဝီရိယရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍ ဥပါဒါနက္ခန္ဓာဟူသောလောကဌ် လိုချင်တပ်မက်မှုလောဘနှင့် စိတ်နှလုံးမသာယာမှုဒေါသတို့ကို တဒင်ပဟာန်၊ ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ဖျောက်လျက်နေ၏။

http://www.dhammadownload.com

(၄)သဘောတရားအပေါင်းတို့၌ သဘောတရားမျှပဟု အဖန်ဖန်ရှုလျက်၊ သမ္မပ္ပဓာန်လုံ့လ ဝီရိယရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍၊ ဥပါဒါနက္ခန္ဓာဟူသောလောကဌ် လိုချင်တပ်မက်မှုလောဘနှင့် စိတ်နှလုံးမသာယာမှုဒေါသတို့ကို တဒင်္ဂပဟာန်၊ ဝိက္ခम्ภနပဟာန်တို့ဖြင့် ပယ်ဖျောက်လျက်နေ၏။

သတိပट्ठာန်လေးပါးအကျဉ်းပြီး။

ကာယာနုပဿနာသတိပट्ठာန်

၁။ **ကာယ**-ရုပ်အပေါင်းဟူသောခန္ဓာကိုယ်ကို၊ **အနု**-အဖန်ဖန်၊ **ပဿနာ**-ရှုကြည့်ခြင်း။ ရုပ်အစုအပေါင်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကာယကို မြင်အောင်ကြည့်ရာ၌ သတိသည် ဦးစီးပဓာနအနေဖြင့် ပါဝင်ရ၏။ သို့သော် သတိတစ်ပါးတည်းဖြင့်ကား အာရုံကို မှတ်နိုင်ရုံမျှတက်နိုင်၏။ သိဖို့ရန်မှာ ပညာလိုအပ်၏။ ထို့ကြောင့် **'သမ္ပဇာနော'** ဟုဟောတော်၏။

ထိုအသိဖြင့် စွဲမြဲတည်နေနိုင်ရန်မှာ သမ္ပပ္ပဓာန်ဝီရိယ၏ ကြောင့်ကျစိုက်မှုမျိုးလည်း လိုအပ်၏။ ထို့ကြောင့် **'အာတာပီ'** ဟုလည်း ဟောတော်၏။ သမာဓိ၏ တည်ငြိမ်မှုမျိုးလည်း လိုအပ်၏။ ထို့ကြောင့် **'သတိမာ'** ဟု ဟောတော်၏။ သတိမာဖြင့် သတိနှင့် သမာဓိကိုပါယူရန် ညွှန်ပြပေ၏။ ထိုကဲ့သို့ ရုပ်အပေါင်းကာယကို သတိ ဦးစီးသော ပညာ၊ဝီရိယ၊သမာဓိတို့ဖြင့် မလွတ်တမ်းရှုမှတ်ပွားများနေမှုအလုပ်သည် 'ကာယာနုပဿနာသတိပट्ठာန်' ဖြစ်တော့၏။

ကာယာနုပဿနာသတိပट्ठာန်ဖြစ်ပုံ

ရုပ်အပေါင်းဖြစ်သော ကာယ၌ **'သတိ၊ပညာ၊ဝီရိယ၊သမာဓိ'** ၄-ပါးတို့ဖြင့် အာရုံနှင့်စိတ် မလွတ်တမ်း ရှုမှတ်ကြည့်သိနေသောယောဂီသည် ရုပ်အမှုအရာအာရုံထဲ၌ စူးဝင်နစ်မြုပ်သကဲ့သို့ တစ်ခဏ၊တစ်ခဏ၌ တည်တည်သွား၏။ ထိုတည်မှုသည် သမာဓိထင်ရှားစွာ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ သတိ၏အစွမ်းကြောင့် ဖြစ်ပေါ်လာသော **'ဝိပဿနာခဏိကသမာဓိ'** မည်ပေ၏။

ထိုသမာဓိဖြင့် စူးစူးစိုက်စိုက် ရှုကြည့်မိသမျှသော ရုပ်အမှုအရာ ဟူသမျှသည် ပြတ်သား၊ထင်ရှားစွာ သိသိသွားလေ၏။ တစ်ပိုင်းစီ၊တစ်ခုစီ ပိုင်းခြားလျက်

http://www.dhammadownload.com

လည်း သိသိသွား၏။ ဖြစ်ပေါ်ပြီး ပျောက်ပျောက်သွားသည်ကိုလည်း သိသိသွား၏။ မမြဲ၊ဆင်းရဲ၊ငါကောင်မဟုတ်သည့်သဘောကိုလည်း သိသိလာရ၏။ ထိုအသိသည် **'သမ္မဇည'** ခေါ်သော ဝိပဿနာဉာဏ်သဘောပေတည်း။

ဤဝိပဿနာဉာဏ်ဖြင့်ပင် 'နဂိုကတည်းက မမြဲ၊ဆင်းရဲ၊အစိုးမရ၊ မလှပဘဲ၊ ဖောက်ပြန်တတ်မြဲသဘာဝဖြစ်သော ရုပ်အပေါင်းကို မမြဲ၊ဆင်းရဲ၊ အစိုးမရ၊မလှပ၊ ဖောက်ပြန်တတ်သော ရုပ်အပေါင်းကာယ 'သဘာဝပရမတ်ဓမ္မ' ပါပဲလား'ဟု အမှန်အရှိရုပ်ပရမတ်ကို မြင်သိနိုင်မှုသည် 'ကာယာနုပဿနာ သတိပဋ္ဌာန်' ပြည့်စုံမှု ဖြစ်တော့၏။

မရှုမကြည့်မသိမှု၏အပြစ်

ကာယာနုပဿနာသတိပဋ္ဌာန်ဖြင့် မရှုမကြည့်၍ မသိခင် အရင်တုန်းက ရုပ်အပေါင်းကာယအပေါ်၌ မြဲသော၊ ချမ်းသာသော၊လှပသော၊အလိုကျဖြစ်သော ငါ၊သူတစ်ပါး၊ပုဂ္ဂိုလ်၊သတ္တဝါ၊ယောကျ်ား၊မိန်းမအမြင်ဖြင့် ထင်မှတ်စွဲလန်းလျက် အဘိဇ္ဈာခေါ် လိုချင်တက်မက်မှုလောဘလည်း ဖြစ်ရ၏။ ဒေါမနဿခေါ် နှလုံးမသာယာမှု၊ စိတ်ဆိုးမှုဒေါသလည်း ဖြစ်ရ၏။ လောဘကြောင့် ဒိဋ္ဌိ၊မာနတို့နှင့် ဒေါသကြောင့် ကလေသာ၊မစ္ဆရိယ၊ကုက္ကုစ္စတို့လည်း ဖြစ်ရပေ၏။

ဤနည်းဖြင့်ပင် သတ္တဝါတိုင်းသန္တာန်၌ နေ့ညဉ့်မပြတ် အချိန်တိုင်းတွင် လောဘ၊ဒေါသ၊ဒိဋ္ဌိ၊မာနစသော ကိလေသာတရားများသာ တိုးပွားဖြစ်ပေါ်နေကြ ရခြင်း ဖြစ်ပေ၏။ 'ကာယာနုပဿနာသတိပဋ္ဌာန်'ဖြင့် မရှုမကြည့်မသိမှုကြောင့် ရုပ်အပေါင်းကာယကို မှီ၍ လောဘ၊ဒေါသ၊စသောကိလေသာအပြစ်များ ဖြစ်ပေါ် လာရမှုပေတည်း။

ရှုကြည့်သိမှု၏အကျိုး

အထက်ပါနည်းအတိုင်း 'ကာယာနုပဿနာသတိပဋ္ဌာန်'ဖြင့် ဝိပဿနာ ဉာဏ်ပေါ်အောင် ရှုမြင်ကြည့်သိနေသောယောဂီအား ရုပ်အပေါင်းကာယအပေါ်၌ မြဲသည်၊ကောင်းသည်၊ ချမ်းသာသည်၊လှပသည်၊ ငါကောင်၊သူကောင်၊မိန်းမ၊ ယောကျ်ား၊အတ္တအားဖြင့် မစွဲလန်းနိုင်တော့ပြီ။ နိစ္စ၊သုခ၊သုဘ၊အတ္တအားဖြင့် စွဲလန်းပါမှသာ ဖြစ်ပေါ်လာရသော လောဘ၊ဒေါသစသည်တို့သည် သိမြင်အပ်ပြီး သောရုပ်အပေါင်းကာယအပေါ်၌ မစွဲသဖြင့် ဖြစ်နိုင်ခွင့် မရှိပြီ။ ထိုသို့ လောဘ၊ ဒေါသစသည်တို့ ဖြစ်ခွင့်မရအောင် အမှန်အတိုင်းသိသိသွားသည့် သဘောကိုပင်

http://www.dhammadownload.com

မပြတ်သိမှတ်မှု 'အနုပဿနာဉာဏ်' က တဒင်္ဂပဟာန်သတ္တိဖြင့် ပယ်သတ်သည်ဟု ဆိုရလေ၏။ ဤကား ရူကြည့်သိမိသောရုပ်အပေါင်းကာယအာရုံ၌ လောဘ၊ ဒေါသစသည်တို့ကို အခိုက်အတန့်တိုင်းတွင် တဒင်္ဂဝိနယဖြင့်ပယ်နိုင်ပုံအကျိုးတည်း။

မရှုမကြည့်မိသောအာရုံ၌ပယ်ပုံ

'ကာယာနုပဿနာသတိပဋ္ဌာန်'ဖြင့် ထင်ရှားဖြစ်ပေါ်တိုင်းသော ရုပ်အမှု အရာအာရုံမှန်သမျှကို သတိမပြတ် ရှုမှတ်ကြည့်သိနေလျက် 'မမြဲ၊ဆင်းရဲ၊ မလှပ၊ အနတ္တ'ဟု ပြတ်သားစွာ သိတိုင်းသိတိုင်း၌ သတိ၊ဝိရိယ၊သမာဓိဟူသော သမာဓိ မဂ္ဂင်၊ သမထတရားတို့သည် ထက်သန်စွာ ဖြစ်ကုန်၏။ ထိုသမထ၏အစွမ်းကြောင့် ယောဂီ၏စိတ်သည် အလွန်ပင် နူးညံ့သိမ်မွေ့ပျော့ပျောင်းလာ၏။ ကြာလေ ပို၍ သိမ်မွေ့လာလေလေသာ ဖြစ်ရ၏။ ထို့ကြောင့် မိမိမရှုမကြည့်မိသော ရုပ်၊ ဝေဒနာ၊ သညာ၊သင်္ခါရ၊ဝိညာဏ်အာရုံတို့၌လည်း ကြံစည်စဉ်းစားလျက် လောဘ၊ ဒေါသ တို့သည် များသောအားဖြင့် မဖြစ်နိုင်ဘဲ ငြိမ်းနေတတ်ကုန်၏။ မရှုမှတ်ဘဲ နားနေ ခိုက်မှာပင် ကြမ်းတမ်းသော လောဘ၊ဒေါသတို့သည် ရှေးယခင်ကကဲ့သို့ မကိုင်တော့ဘဲ ငြိမ်းနေတတ်ကုန်၏။ ကိုယ်တိုင်အားထုတ်ပြီးသူသည် ကိုယ်တွေ့ သိနိုင်ပေတော့၏။ ဤသဘောမှာ ရှုမှတ်ကြည့်သိမှု၏အစွမ်းကြောင့် မရှုမကြည့်မိသော အာရုံတို့၌ပင် သမာဓိ၏ ဝိက္ခမ္ဘနသတ္တိ ဖြစ်၏။ ဝိက္ခမ္ဘနဝိနယအစွမ်းဖြင့် လောဘ၊ ဒေါသတို့ကို ကြာကြာပယ်သတ်နိုင်ပုံအကျိုး ဖြစ်ပေ၏။

'ကာယာနုပဿနာသတိပဋ္ဌာန်'ဖြင့် ရုပ်အပေါင်းကာယ၌ ရှုမြင်ကြည့်သိ နေသောယောဂီအား ရှုမှတ်မိသောအာရုံ၌ **'တဒင်္ဂဝိနယ'**ဖြင့် လောဘ၊ဒေါသ ကိလေသာများ အခိုက်အတန့် ငြိမ်းနေနိုင်မှု၊ မရှုမှတ်မိသောအာရုံတို့၌ **'ဝိက္ခမ္ဘန ဝိနယ'**ဖြင့် လောဘ၊ဒေါသကိလေသာများ ကြာကြာငြိမ်းနေနိုင်မှုဟူသော အကျိုး တရား(၂)မျိုးကို ရရှိပေ၏။ ဤအကျိုးတရား(၂)မျိုးကို ရဖို့ရန်အတွက် ထင်ရှားဖြစ် ပေါ်တိုင်းသော ရုပ်အပေါင်းကာယ၌ သတိမပြတ်ရှုမှတ်နေရမည်ဟူသော အဓိပ္ပါယ် ဖြင့် **'ဝိနေယျ လောက အဘိဇ္ဈာ၊ဒေါမသဿ'**ဟု ဟောတော်မူခြင်း ဖြစ်ပေ၏။

ကျန်သော **'ဝေဒနာနုပဿနာသတိပဋ္ဌာန်၊စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်'**တို့ကိုလည်း ဤနည်းအတိုင်းပင် မှတ်ပါလေ။ ကာယ၌ အသုဘဟု ရှုမြင်၍၊ ဝေဒနာ၌ ဒုက္ခ၊ စိတ်၌ အနိစ္စ၊ ဓမ္မ၌ အနတ္တဟု အထူးအားဖြင့် ရှုမြင်ရန်လိုဟု အဋ္ဌကထာ၌ ဆို၏။ သို့သော် သာမန်အားဖြင့်မူကား ကာယ၊

http://www.dhammadownload.com

ဝေဒနာ၊ စိတ်၊ ဓမ္မအားလုံးတို့၌ပင် အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘဟု ရှုမြင်ရန်လိုသည် ဟုမှတ်ရမည်။ ထို့ပြင် 'ဉာဏ်ပညာနဲ့၍ လောဘအားကြီးသူတို့မှာ ကာယ၊ ဒိဋ္ဌိအား ကြီးသူတို့မှာ စိတ္တ၊ ဉာဏ်ပညာထက်၍ လောဘအားကြီးသူတို့မှာ ဝေဒနာ၊ ဒိဋ္ဌိအား ကြီးသူတို့မှာ ဓမ္မ'ဟု အဋ္ဌကထာတို့၌ ဆိုဏ်။။ မိမိစရိုက်နှင့် အကိုက်ဆုံးဖြစ်သော သတိပဋ္ဌာန်ကိုကား မိမိကိုယ်တိုင် လက်တွေ့ ရှုမှတ်ကြည့်ပြီးမှသာလျှင် ဝိပဿနာ သမာဓိနှင့် ဝိပဿနာဉာဏ် ပေါ်မပေါ်ကို ကြည့်၍ သိနိုင်ပေဏ်။

သတိပဋ္ဌာန်လေးပါးအကျဉ်း ပြီး၏။

သတိပဋ္ဌာန်(၄)ပါးအကျယ်

၁–ကာယာနုပဿနာ(၁၄)မျိုး၊ ၁–အာနာပါနပဗ္ဗ

၁။ ထွက်လေ,ဝင်လေရှုမြင်ပုံအင်္ဂါ(၁၀)ချက်

ကထဉ္စ၊ ကာယေ ကာယာနုပဿီ ဝိဟရတိ?

အဘယ်သို့လျှင် ဖောက်ပြန်မှုရုပ်အပေါင်း၌ ဖောက်ပြန်တတ်သော ရုပ်အပေါင်းဟု အဖန်ဖန်ရှုမြင်လျက် နေရမည်နည်း?။

၁။ဣဓ၊ ဘိက္ခဝေ ဘိက္ခု အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ၊

ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီသည် တောအရပ်သို့ ကပ်၍လည်းကောင်း၊ သစ်ပင်ရင်းသို့ကပ်၍လည်းကောင်း၊ ဆိတ်ငြိမ်ရာသို့ကပ်၍လည်းကောင်း၊

၂။ နိသီဒတိ၊ ပလ္လင်္ကံ အာภุဇိတ္မာ၊ ဥဇုं ကာယံ ပဏိဓာယ၊

ထက်ဝယ်ဖွဲ့နေ တင်ပျဉ်ခွေလျက်၊ အထက်ပိုင်းကိုယ်ကို ဖြောင့်စွာ ထိုင်ရမည်။

၃။ ပရိမုခံ သတိं ဥปฏฐเปตฺวา။

သတိကို ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှု ဖြစ်စေရမည်။

၄။ သော သတောဝ အဿသတိ၊ သတောဝ ปสฺสสติ။

ထိုယောဂီပုဂ္ဂိုလ်သည် သတိရှိလျက်သာလျှင် ထွက်သက်ကို ထုတ်ရှိုက်ရ၏။ သတိရှိလျက်သာလျှင် ဝင်သက်ကို ရှူရ၏။

စတင်အားထုတ်မှု 'ပရိကံ'ပြုပုံ

(၁)နေရာ–တရားစတင်အားထုတ်လိုသူသည် ရှေးဦးစွာ 'ပရိကံ'အနေဖြင့် သမာဓိတည်ဆောက်နိုင်ရန် (က)တော၊(ခ)သစ်ပင်အောက်၊(ဂ)ဆိတ်ငြိမ်ရာအရပ်

http://www.dhammadownload.com

၅။ ဒီဃ ဝါ အဿသန္တော 'ဒီဃं အဿသာမိ'တိ ပဇာနာတိ၊ ဒီဃ ဝါ ပဿသန္တော 'ဒီဃं ပဿသာမိ'တိ ပဇာနာတိ၊ ရဿ ဝါ အဿသန္တော 'ရဿं အဿသာမိ'တိ ပဇာနာတိ၊ရဿံဝါ ပဿသန္တော 'ရဿံ ပဿသာမိ'တိ ပဇာနာတိ။

ရှည်စွာမူလည်း ထွက်သက်ကိုထုတ်သည်ရှိသော် 'ရှည်စွာ ထွက်သက်ကို ထုတ်၏'ဟု သိရ၏။ ရှည်စွာမူလည်း ဝင်သက်ကိုရှူသည်ရှိသော် 'ရှည်စွာ ဝင်သက်ကို ရှူ၏'ဟု သိရ၏။ တိုစွာမူလည်း ထွက်သက်ကို ထုတ်သည်ရှိသော် 'တိုစွာ ထွက်သက်ကို ထုတ်၏'ဟု သိရ၏။ တိုစွာမူလည်း ဝင်သက်ကို ရှူသည်ရှိသော် 'တိုစွာ ဝင်သက်ကို ရှူ၏'ဟု သိရ၏။

၆။ 'သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ'တိ သိက္ခတိ၊ 'သဗ္ဗကာယ ပဋိသံဝေဒီ ပဿသိဿာမိ'တိ သိက္ခတိ။

ထွက်သက်၏အစအလယ်အဆုံး တစ်ကိုယ်လုံးကို ထင်လင်းစေလျက် ထွက်သက်ကိုထုတ်အံ့ဟု ကျင့်ရ၏။ ဝင်သက်၏အစအလယ်အဆုံး တစ်ကိုယ်လုံးကို ထင်လင်းစေလျက် ဝင်သက်ကိုရှူအံ့ဟု ကျင့်ရ၏။

၇။ 'ပဿမ္ဘယံ ကာယသင်္ခါရं အဿသိဿာမိ'တိ သိက္ခတိ၊ 'ပဿမ္ဘယံ ကာယသင်္ခါရं ပဿသိဿာမိ'တိ သိက္ခတိ။

အရှုပ်ပြင်း၍ ရုန်ရင်းသောထွက်သက်ကို အစဉ်အတိုင်းငြိမ်းစေလျက် ထွက်သက်ကို ထုတ်အံ့ဟု ကျင့်၏။ အရှုပ်ပြင်း၍ ရုန်ရင်းသောဝင်သက်ကို အစဉ်အတိုင်းငြိမ်းစေလျက် ဝင်သက်ကိုရှူအံ့ဟု ကျင့်ရ၏။

တို့ကို ရွေးရမည်။ လိုရင်းမှာ ဆိတ်ငြိမ်မှုရှိဖို့ပင် ဖြစ်၏။

(၂)ကျရိယာပုတ်-'တင်ပျဉ်ခွေထိုင်'၍ 'အထက်ပိုင်းကိုယ်ကို ဖြောင့်စွာထား' ပါ။ စတင်အားထုတ်သူတို့အတွက် သမာဓိဖြစ်ဖို့လွယ်ကူသည့် ကျရိယာပုတ်ကို ညွှန်ပြခြင်းသာ ဖြစ်၏။ သမာဓိရပြီးသောအခါ မည်သည့်နေရာ၊ မည်သည့်ကျရိယာပုတ်မဆို အားထုတ်နိုင်၏။ စတင်အားထုတ်သူသည် ကြာရှည်ထိုင်နိုင်၍၊ စိတ်ငြိမ်မှုရှိလျက် သတိ၊ဉာဏ်ဖြစ်လွယ်အောင် မိမိအတွက် အဆင်ပြေသည့် ကျရိယာပုတ်ကို ပြင်ဆင်မှု ပြုရလေ၏။

(၃)ရှုကွက်-'နေရာ၊ကျရိယာပုတ်' ပြင်ပြီးသူသည် မိမိ၏စိတ်ကို နှာသီးဝ၊(သို့မဟုတ်)အထက်နှုတ်ခမ်းဟူသော ကမ္မဋ္ဌာန်းရှုကွက်သို့ ရှေ့ရှုလျက် သတိပြုနေပါ။ (မူလကျက်စားရာ ပညတ်နယ်ထဲက စိတ်ကို ပရမတ်နယ်ထဲသို့ နေရာချပေးမှု ဖြစ်၏)

http://www.dhammadownload.com

သေယျထာပိ၊ ဘိက္ခဝေ၊ ဒဏ္ဍော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံဝါ အဿန္တော 'ဒီဃ အဿာမိ'တိ ပဇာနာတိ၊ ရဿံဝါ အဿန္တော 'ရဿ အဿာမိ'တိ ပဇာနာတိ။

ရဟန်းတို့၊ ဥပမာသော်ကား ကျွမ်းကျင်သောပွတ်သမားသည်းလည်းကောင်း ပွတ်သမား၏တပည့်သည်လည်းကောင်း၊ (ပွတ်ကြိုးကို)ရှည်ရှည်ဆွဲငင်လျှင်လည်း ရှည်ရှည်ဆွဲငင်သည်ဟု သိ၏။ တိုတိုဆွဲငင်လျှင်လည်း တိုတိုဆွဲငင်သည်ဟု သိသကဲ့သို့တည်း။

ဧဝမေဝခေါ ဘိက္ခဝေ ဘိက္ခု၊ ဒီဃံ ဝါ အဿသန္တော 'ဒီဃ အဿသာမိ'တိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃ ပဿသာမိ'တိ ပဇာနာတိ၊ ရဿံဝါ အဿသန္တော 'ရဿ အဿသာမိ'တိ ပဇာနာတိ၊ ရဿ ဝါ ပဿသန္တော 'ရဿ ပဿသာမိ'တိ ပဇာနာတိ။ 'သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမိ'တိ သိက္ခတိ၊ 'သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမိ'တိ သိက္ခတိ၊ 'ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိ'တိ သိက္ခတိ၊ 'ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိ'တိ သိက္ခတိ။

ရဟန်းတို့၊ ဤအတိုင်းပင် ယောဂီသည်(ပ) ကျင့်ရ၏။

လင်္ကာ။ ၁-ဆိတ်ငြိမ်ရာတွင်၊ ကပ်ခိုဝင်၊ စတင်သတိပဋ္ဌာန်ပွား။(နေရာ)
၂-တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်စွာထား။ (ကျရိယာပုတ်)
၃-မလှုပ်ကျွန်ခြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။ (ရှုကွက်)
၄-မျက်စိမှိတ်ကာ၊ ခေါင်းတည့်ကာ၊ ကိုယ်မှာစိတ်ကိုထား။(စိတ်)
၅-ထွက်လေဝင်လေ၊ သတိစိုက်နေ၊ မှတ်လေယောဂီများ။(သတိ)

အာနာပါနစ်အင်္ဂါ(၄)ရပ်

(၄)သတိ-နေရာ၊ကျရိယာပုတ်၊ရှုကွက်တို့ရှိပြီးသောယောဂီသည် ပထမဦးဆုံး ထွက်လေကို ထုတ်လိုက်တိုင်း သတိဖြင့် 'ထွက်တယ်'ဟုလည်းကောင်း၊ ဝင်လေကို ရှူလိုက်တိုင်း၌ သတိဖြင့် 'ဝင်တယ်'ဟုလည်းကောင်း သတိမပြတ်စေဘဲ ရှုမှတ်နေရမည်။ အာရုံနှင့်စိတ်ကို သတိဖြင့် ဆက်ပေးနေမှု ဖြစ်၏။(သတိဦးစီးမှု)

(၅)အသိ-ပထမနည်းဖြင့် ထွက်သက်၊ဝင်သက်ကို သတိမပြတ် ရှုမှတ်နိုင်ပြီးသောယောဂီသည် ဒုတိယတစ်ဆင့်တက်၍ 'ဒီဃံဝါ ရဿံဝါ ပဇာနာတိ'

http://www.dhammadownload.com

အရှည်နှင့် အတိုကို ခွဲခြားသိမှတ်နေရ၏။ ရှည်သော ထွက်လေ၊ဝင်လေကို 'ရှည်တယ်'ဟု၊ တိုသော ထွက်လေ၊ဝင်လေကို 'တိုတယ်'ဟု သတိ၊အသိတို့ဖြင့် သိမှတ်နေရမည်ဟု မြတ်စွာဘုရားက ပွတ်ဆွဲသမားဥပမာဖြင့် ဟောတော်။

ပွတ်ဆွဲသမားသည် ပွတ်ကြိုးကို ရှည်ရှည်ဆွဲသော် ရှည်ရှည်ဆွဲဝင်သည်ဟု သိသကဲ့သို့၊ တိုတိုဆွဲသော် တိုတိုဆွဲဝင်သည်ဟုသိသကဲ့သို့ ရှည်သောထွက်သက်၊ ဝင်သက်နှင့် တိုသောထွက်သက်၊ဝင်သက်တို့ကို သိနေဖို့ လို၏။

(အရှုခံ၊အကြည့်ခံအာရုံကို ရှုကြည့်စိတ်၌ အရှုဉာဏ် ပြောင်းပေး၏။ အသိဦးစီးမှု)

(၆)အကြည့်-ပထမနည်း၊ဒုတိယနည်းတို့ဖြင့် သတိမပြတ်စေဘဲ ထွက်သက်၊ဝင်သက်ကို ရှုကြည့်နေသောယောဂီသည် အတန်ကြာလာသည်နှင့်အမျှ သမာဓိအား အတော်ကောင်းလာ၏။ သမာဓိအားကြောင့်ပင် ထွက်သက်၊ ဝင်သက်တို့ သိမ်မွေ့နူးညံ့စွာ တိုးဝှေ့ဖြစ်ပေါ်လာသည်မှစ၍ မျှင်မျှင်ကလေး ဆုံးသွားသည့် တိုင်အောင် 'အစ၊အလယ်၊အဆုံး' အကုန်လုံးကို ထင်ရှားပီသစွာ သိလာပေ၏။

ထွက်သက်၏ အစ၊အလယ်၊အဆုံးဖြစ်သော 'ချက်၊ရင်ချိုင့်၊နှာသီးဖျား'၊ ဝင်သက်၏ အစ၊အလယ်၊အဆုံးဖြစ်သော 'နှာသီးဖျား၊ရင်ညွှန့်၊ချက်'တို့ကို သိမ်မွေ့သောသမာဓိစိတ်ဖြင့် သတိမပြတ် သိမှတ်နေရခြင်း ဖြစ်၏။ သမာဓိအား နည်း၍ ထင်ရှားစွာ မသိနိုင်သေးပါက ပြင်းပြင်းရှူရှိုက်ကာ အတင်းလိုက်၍ ရှာဖွေသိမှတ်နေဖို့လည်း မလိုပါ။ သူ့အလိုအလျောက် သမာဓိစွမ်းအားကြောင့် သိနိုင်မှုအပေါ် သတိ မပြတ်ရှုမှတ်ဖို့သာ လို၏။ (အရှုခံအာရုံနှင့် အကြည့်ဉာဏ်တို့ ခိုင်မြဲစွဲတည်နေအောင် သမာဓိဖြင့် ဆောက်တည်ပေးခြင်း ဖြစ်၏။ သမာဓိဦးစီးမှု)

(၇)ငြိမ်း၏-ပထမသုံးနည်းဖြင့် ထွက်သက်၊ဝင်သက်ကို ရှုမှတ်နေသော ယောဂီသည် အတော်ကြာလာ၍ သမာဓိစွမ်းအားကြီးလာသည့်အခါ ရှူရှိုက်မြဲ 'ထွက်သက်၊ဝင်သက်'တို့သည် အလွန်သိမ်မွေ့နူးညံ့သည့်သဘော ဖြစ်လာ၏။ သမာဓိအားကောင်းလေ ထွက်သက်၊ဝင်သက်တို့ လုံးဝချုပ်ငြိမ်းသွားသကဲ့သို့ ဖြစ်တတ်လေ၏။ သို့သော် လုံးဝချုပ်ငြိမ်းသွားမှုကား မဟုတ်။ သမာဓိအားကြောင့် နူးညံ့သိမ်မွေ့မှုအပေါ် အသိဉာဏ်မလိုက်နိုင်သဖြင့် ထင်ရှားစွာ မသိနိုင်မှုမျှသာ ဖြစ်၏။ ထိုအဆင့်တွင် သမာဓိအစွမ်းကြောင့် သမထအလိုအားဖြင့် 'ပဋ္ဌာဘာဂနိမိတ်' ထင်လျက် ဥပစာရစျာန်စိတ်များ၊ အပ္ပနာစျာန်စိတ်များ ဖြစ်ပေါ်နိုင်၏။ ဝိပဿနာ အလိုအားဖြင့်ကား ဥဒယဗ္ဗယဉာဏ်စသည်တို့သို့ အဆင့်ဆင့်ရောက်ရှိနိုင်ပေ၏။ ကမ္မဋ္ဌာန်းအာရုံအပေါ်၌ နီဝရဏာငါးပါး ကင်းကွာလျက် ငြိမ်သက်စွာဖြစ်ပေါ်နေသော သမာဓိစိတ်ကိုပင် ဥပစာရစျာန်စိတ်ဟုခေါ်ခြင်း ဖြစ်၏။(သတိ၊သမာဓိ၊ဝိရိယ၊ပညာ)

http://www.dhammadownload.com

၈။ ဣတိ အဗ္ဗတ္တံဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဗ္ဗတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ။

ဤဆိုခဲ့ပြီးသောနည်းဖြင့် မိမိ၏အတွင်းသန္တာန်၌လည်း ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန် ရှုသည်ဖြစ်၍ နေ၏။ မိမိ၏အပ သူတစ်ပါးတို့သန္တာန်၌လည်း ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ ရုပ်အပေါင်းဟု အဖန်ဖန်ရှုသည် ဖြစ်၍နေ၏။ အတွင်းအပ နှစ်ဌာနလုံး၌လည်း ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ အဖန်ဖန်ရှုသည်ဖြစ်၍ နေရ၏။

ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ ဖြစ်ကြောင်းသဘောကိုလည်း အဖန်ဖန်ရှုလျက် နေ၏။ ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ ပျက်ကြောင်းသဘောကိုလည်း အဖန်ဖန်ရှုလျက် နေ၏။ ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ ဖြစ်ကြောင်း၊ပျက်ကြောင်းသဘောကိုလည်း အဖန်ဖန်ရှုလျက် နေရ၏။

ဤအာနာပါနအင်္ဂါ(၄)မျိုးမှာ ထွက်လေ၊ဝင်လေကို ရှုမှတ်ရာ၌ အလွယ်ဆုံး၊ အရှင်းဆုံး 'အာနာပါနစတုက္ကနည်း'အဖြစ် မြတ်စွာဘုရား ဟောထားခြင်း ဖြစ်၏။ ထိုအာနာပါနအင်္ဂါ(၄)မျိုးကို စတုက္ကတ(၄)မျိုးပွားရ (၄×၄=)၁၆-နည်းကို သမထရော၊ ဝိပဿနာပါရှုနိုင်ရန် ဥပရိပဏ္ဏာသ၊အာနာပါနသတိသုတ်၌ အပြည့်အစုံ အကျယ် ဟောတော်မူ၏။ဤ၌ကား ပထမစတုက္ကတစ်ခုသာ ဟောထားခြင်းဖြစ်၏။

လင်္ကာ။ [1]သတိမြဲရာ၊ ပထမ၊ ဒုမှာ [2]ရှည်တိုသိ။ (သတိ+အသိ)
[2]လုံးစုံလင်းရာ၊ တတိယ၊ စမှာ [3]ငြိမ်းစေဘိ။(အကြည့်+ငြိမ်း၏)

ထွက်သက်ဝင်သက်ချုပ်အောင်မရှုရ

ရှန့်ရင်းသော ဝင်သက်၊ထွက်သက်များချုပ်ငြိမ်း၍ သိမ်မွေ့သော ဝင်သက်၊ ထွက်သက်များဖြစ်လာမှု၌ သမထစျာန်များ၊ ဝိပဿနာဉာဏ်များ ဖြစ်ပေါ်လာသည်မှ မဂ်ဉာဏ်သို့ရောက်သည့်တိုင်အောင် မပြတ်အားထုတ်ရှုမှတ်နေရမည်ကို ရည်ရွယ်၍

http://www.dhammadownload.com

'ပဿမ္ဘယံ ကာယသင်္ခါရံ' ဟုဟောတော်မူ၏။ 'ဝင်သက်၊ ထွက်သက်ကို အောင့်ထား၊ချုပ်ထားရမည်ဟု' မမှားမိဖို့ လိုသည်။(မဟာစည်ဆရာတော်)

အဒ္ဓတ္တနှင့်ဗဟိဒ္ဓရူပမှတ်ပုံ

(၈) မိမိ၏ ဝင်သက်၊ထွက်သက်ကာယ၌ ရူပမှတ်၍ သဘောမှန်ကို သိလာရသောအခါ သူတစ်ပါးသန္တာန်၌ ရှုရှိုက်နေသည်မှာလည်း 'ဤကာယသဘောပင်တည်း' ဟု ဆင်ခြင်မိ၏။ ထိုသို့ဆင်ခြင်၍ သိသည်ကိုပင် 'သူတစ်ပါးသန္တာန်၌လည်း ရှမြင်သည်' ဟု ဆိုခြင်း ဖြစ်၏။ သူတစ်ပါးတို့ ရှုရှိုက်နေသည်ကို တမင်ကြည့်၍၊ စဉ်းစား၍ ရှုနေရမည့်သဘောမျိုးကို ဆိုလိုသည်ကား မဟုတ်ပါ။

ဥပမာ-(က)ဖားဖို၏ကိုယ်ထည်၊(ခ)ဖားဖို၏နုတ်သီးခေါင်း၊(ဂ)ဆွဲမှုဟူသော အကြောင်းသုံးပါးကြောင့် ဖားဖိုမှလေသည် အဆက်မပြတ်သွားနေသကဲ့သို့၊ ထို့အတူ (က)ထွက်လေဝင်လေဟူသောကိုယ်(ခ)နှာခေါင်းပေါက်(ဂ)စိတ်ဟူသော အကြောင်းသုံးပါးကြောင့် ယောဂီ၏ကိုယ်ကာယ၌ ဝင်သက်၊ထွက်သက်ရုပ်အပေါင်းသည် အဆင့်ဆင့် ဝင်၊ထွက် ဖြစ်ပျက်လျက်သာ ရှိပေ၏။ ထိုဖြစ်ခြင်း,ပျက်ခြင်းသဘောတို့ မိမိသန္တာန်၊သူတစ်ပါးသန္တာန်တို့၌ ဖြစ်ပေါ်နေမှုကို မပြတ်ရှုသိလျက် နေရပေမည်။

အနာပါနမှ-ဝိပဿနာကူးရခြင်း

အထက်၌ပြခဲ့သော 'သတိ၊အသိ၊အကြည့်၊ငြိမ်း၏' အင်္ဂါလေးချက်နှင့်အညီ အနာပါနရှုကွက်သည် သမထသက်သက်အလုပ်သဘော၊ သမာဓိဖြစ်ပုံသာ ဖြစ်၏။ ထိုအနာပါနရှုကွက်ဖြင့် ပဋ္ဌာဘာဂနိမိတ်ထင်လျက် ဥပစာရသမာဓိကို အခြေခံယူ၍ အနာပါနပထမစျာန်၊ဒုတိယစျာန်စသည်ကို ဖြစ်စေလျက် ထိုစျာန်ကိုပင်ဖြစ်စေ၊ ထွက်သက်ဝင်သက်ကိုပင်ဖြစ်စေ အဖြစ်၊အပျက်ကို ရှင်းလင်းစွာ သိမြင်ရှုမှတ်ကာ ဝိပဿနာအလုပ်ဘက်သို့ ကူးပြောင်းရပေ၏။ အနာပါနဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သောယောဂီသည် 'သမထယာနိက' ပုဂ္ဂိုလ် မည်၏။ ထိုသမထမှ ဝိပဿနာသို့ ကူးပြောင်းလျက် ပွားများအားထုတ်လျှင် 'ဝိပဿနာယာနိက' ဖြစ်၏။

၁။ထွက်လေ၊ဝင်လေဟူသော ပညတ်အမှတ်၊ ၂။ ရှည်သည်၊တိုသည် ဟူသောပညတ်အမှတ်၊ ၃။ အစ၊အလယ်၊အဆုံးထင်မြင်သော ပညတ်အမှတ်၊ ၄။ ကြမ်းသောထွက်လေ၊ဝင်လေအမှတ်ပညတ်မှ သိမ်မွေ့သော ထွက်လေ၊ဝင်လေ ပညတ်အမှတ်ဟူ၍ ပညတ်အာရုံ၊ သမထယာနိကလမ်းကို ပြပြီး၍ ထွက်လေ၊ဝင်လေ

http://www.dhammadownload.com

ဟူသော ဝါယောရုပ်၊ ပရမတ်အာရုံ၏ ဖြစ်မှု၊ပျက်မှုသဘောကိုကို သိရှိလျက် ဝိပဿနာယာနိကဖြင့် ဆက်လက်ရှုနိုင်ရန်အလို့ငှါ **'သမုဒယဓမ္မာနုပဿီ'** စသည်တို့ကို ဟောတော်မူပေ၏။

ဝိပဿနာယာနိကနည်းဖြင့်ရှုမှတ်ပုံ

သမထမှဝိပဿနာသို့ ကူးပြောင်းမှုဟူသည် ပညတ်အာရုံအဖြစ်မှ ပရမတ်အာရုံအဖြစ်သို့ပြောင်း၍ ရှုမှတ်မှု ဖြစ်၏။ ထွက်လေ၊ဝင်လေဟူသော အနာပါန ပညတ်ဓမ္မာအာရုံအဖြစ်မှ ထွက်လေ၊ဝင်လေ၌ပါရှိသော တွန်းကန်လှုပ်ရှား၊ ရွှေ့လျားမှု **'ဝါယောဓာတ်'** ရုပ်ပရမတ်၊ဖောင်ဗွာရုံအဖြစ်သို့ပြောင်း၍ ရှုမှတ်ရ၏။

ထိုဖောင်ဗွာရုံဝါယောဟူသော အတိုက်ဓာတ်သည် နှာသီးဖျား၊ နှုတ်ခမ်းဖျား၊ ဝမ်းတွင်းဟူသော ကိုယ်ခန္ဓာရှိ ကာယပသာဒအခံဓာတ်နှင့် ထိခိုက်တွေ့ကြုံမိပါက အပွင့်ဓာတ်ခေါ် **'ကာယဝိညာဏ်စိတ်'** (ထိသိစိတ်)ဖြစ်ပေါ်လာ၏။

ထို **'ဝါယောဓာတ်ဟူသော ဖောင်ဗွာရုံနှင့် ကာယပသာဒ ရုပ်အကြည်ဓာတ်၊ ကာယဝိညာဏ်'** သုံးမျိုးတို့ထိဆုံမှုသဘောသည် **'ဖဿ'**မည်၏။ ထိုဖဿကြောင့် အကောင်း၊အဆိုး၊မကောင်းမဆိုးဟူသော ခံစားမှုအစုစုသည် **'ဝေဒနာ'**မည်၏။ ထိုဓာတ်သဘောတို့ကို မှတ်သားနေမှုသည် **'သညာ'**မည်၏။

ဤကဲ့သို့ ဖောင်ဗွာရုံ၊ကာယပသာဒတို့ရုပ်တို့သည် **'ရူပက္ခန္ဓာ'**၊ စိတ်ဝိညာဏ်သည် **'ဝိညာဏက္ခန္ဓာ'**၊ ဖဿသည် **'သခါရက္ခန္ဓာ'**၊ ဝေဒနာသည် **'ဝေဒနာက္ခန္ဓာ'**၊ သညာသည် **'သညာက္ခန္ဓာ'**ဟူ၍ ပရမတ်ဓာတ်သဘောအစစ်ဖြစ်သော ခန္ဓာငါးပါး သဘာဝတရားများဖြစ်ပေါ်မှုတို့ကို သတိမပြတ် သိမှတ်နေရ၏။

တစ်နည်းအားဖြင့် ထွက်လေဝင်လေဟူသော ဝါယောဓာတ်နှင့် မှီရာကိုယ်တို့သည် ဖောက်ပြန်တတ်မှုရုပ်အစု **'ရုပ်ခန္ဓာ'** ဖြစ်၏။ ထိုထွက်လေဝင်လေဟူသော ဝါယောဓာတ်ကို အာရုံပြုသော စိတ်စေတသိက်တို့သည် သိမှုအစု **'နာမ်ခန္ဓာ'**ဖြစ်၏။ ထိုရုပ်နှင့်နာမ်မှတစ်ပါး ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ယောကျ်ားမရှိဟု **'အနိစ္စ၊ဒုက္ခ၊ အနတ္တ'** လက္ခဏာ(၃)ချက်ဖြင့် မပြတ်သိမှတ်နေရပေ၏။

ဖြစ်ကြောင်း **'သမုဒယဓမ္မ'**ကို သိပုံ

(က)ထွက်လေဝင်လေဟူသောကိုယ်(ခ)နှာခေါင်းပေါက်(ဂ)စိတ်ဟူသော အကြောင်း သုံးပါးတို့သည် ဝင်သက်၊ ထွက်သက်၏ ဖြစ်ကြောင်း **'သမုဒယဓမ္မ'** မည်၏။ ရှုမှတ်နေရင်းပင် ဤအကြောင်းသုံးပါးကြောင့် ဝင်သက်၊ ထွက်သက်

http://www.dhammadownload.com

ဖြစ်နေသည်ဟု သိသိနေလျင် **'သမုဒယဓမ္မာနုပဿီ'** မည်၏။

နာသီးဖျား၊ရင်အချိုင့်၊ချက်တို့၌ ထိခိုက်တိုင်းသော ထွက်သက်၊ဝင်သက်တို့ အဆင့်ဆင့် တစ်ပိုင်းစီ၊ တစ်ဆစ်စီ အသစ်ဖြစ်ဖြစ်လာသည့်သဘောကို ပိုင်းခြားသိမြင်လာခြင်းကို **'ဖြစ်ကြောင်း'**ကို ရှုမြင်သည်၊သိသည်ဟု ဆိုခြင်းဖြစ်ပေ၏။

ပျက်ကြောင်း'ဝယဓမ္မ'ကိုသိပုံ

ဖားဖိုလည်းမရှိ၊ ဖားဖို၏နှုတ်သီးလည်းမရှိ၊ လေထွက်အောင် ဆွဲငင်ပေးမှုလည်းမရှိလျင် ဖားဖိုမှ လေထွက်၊လေဝင်မရှိတော့သကဲ့သို့ (က)ထွက်လေ၊ဝင်လေဟူသောကိုယ်၊ (ခ)နှာခေါင်း၊ (ဂ)စိတ်တို့မရှိခဲ့သော် ဝင်သက်၊ထွက်သက် ဟူသော ရုပ်ကာယတို့လည်း မဖြစ်ပေါ်လာနိုင်တော့ချေ။ ချုပ်ရလေတော့၏။

ထိုသို့မရှိခြင်းကိုပင် ဝင်သက်၊ထွက်သက်တို့၏ ချုပ်ကြောင်း၊မရှိကြောင်းဟု သိသိနေလျင် **'ဝယဓမ္မာနုပဿီ'** ချုပ်မှုနှင့် ပျက်ကြောင်းကို သိမြင်သည် မည်၏။ ဝင်သက်၊ထွက်သက်သည် နှာသီးဖျားစသည်မှ ရိပ်ခနဲ၊ရိပ်ခနဲ အဆင့်ဆင့်ပျောက်ပျောက်သွားသည်ကို မှတ်ဆဲမှာပင် သိမြင်နေသောယောဂီသည် 'ဝယဓမ္မာနုပဿီ' ပျက်မှုသဘောကို ရှုမြင်သည်ဟု ဆိုရသည်။ ဖြစ်ကြောင်းနှင့်ပျက်ကြောင်းကို သိလျင် ဖြစ်မှု၊ပျက်မှုကိုလည်း သိမြင်တော့သည်သာဖြစ်၏။(မဟာစည်ဆရာတော်)

ထွက်လေ၊ဝင်လေနှင့် အာရုံနိမိတ်(၃)ပါး

ထွက်လေ၊ဝင်လေဟူသော'အနာပါန'ကမ္မဋ္ဌာန်းအလုပ်၌ အာရုံဟူသော နိမိတ်ကို (၃)မျိုး ခွဲ၍မှတ်အပ်၏။

၁။ ပထမဦးဆုံး သတိစိုက်၍ စတင်ရှုမှတ်နေသော ထွက်လေ၊ဝင်လေ အာရုံသည် **ပရိကမ္မနိမိတ်**မည်၏။

၂။ ထိုထွက်လေ၊ဝင်လေကိုပင် အရှည်၊အတိုခွဲခြားလျက် ထင်ထင်ရှားရှား စိတ်၌ ထင်မြင်လာရသော ထွက်လေ၊ဝင်လေအာရုံသည် **ဥဂ္ဂဟနိမိတ်**မည်၏။

၃။ ထိုထွက်လေ၊ဝင်လေအာရုံသည် သိမ်မွေ့နူးညံ့လာသဖြင့် ပကတိထွက်လေ၊ဝင်လေကို လွန်၍ အဆင်းသဏ္ဌာန်၊ပုံဟန်အဖြစ်များ၊ အလင်းတန်းများ၊ ဝါဂွမ်းအစု၊ လေအလျှဉ်၊ရေအသွင်၊ကြည်ပုံဟန်၊ပတ္တမြားလုံး၊ ပုလဲကုံး စသည်တို့ဖြင့် တစ်ခုခုအသွင်ထင်မြင်လာတတ်သော ပညတ်အာရုံမမှီအထူးတို့သည် **ပဋိဘာဂနိမိတ်** မည်၏။ (အဘိဓမ္မတ္ထသင်္ဂဟ)

http://www.dhammadownload.com

၉။ 'အတ္တိ ကာယော'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

'ထွက်သက်ဝင်သက်ဟူသော ဖောက်ပြန်တတ်သော ရုပ်အပေါင်းသည်သာ ရှိပေ၏'ဟု ထိုထွက်သက် ဝင်သက်ကိုရှုမှတ်နေသောယောဂီအား သတိသည် စိတ်၌ ရှေးရှုထင်၏။ ထိုထင်မှုသတိသည် အကြောင်မျှလောက်အထိ ဖောက်ပြန်မှုကို သိခြင်းလို့၄ါ ဖောက်ပြန်မှုကို အဖန်ဖန်အောက်မေ့မှုအလို့၄ါ ဖြစ်၏။

၁၀။ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧवမ္ပိ ခေါ ဘိက္ခवे၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ထိုထွက်သက်ဝင်သက်ကို ရှုမှတ်နေသောယောဂီသည် ထွက်သက်ဝင်သက်ဟူသောကာယကို တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှီ၍လည်း နေ၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကဌ် တစ်စုံတစ်ခုကိုမျှ ငါ၊ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိတော့ပေ။

ရဟန်းတို့၊ သံသရာဘေးကို ရှုမြင်တတ်သောယောဂီသည် ဤသို့လျင် ထွက်သက်ဝင်သက်ဟူသော ရုပ်အပေါင်းကာယ၌ ထွက်သက်ဝင်သက်ဟူသော ရုပ်အပေါင်းကာယဟု အဖန်ဖန်ရှုရှုမြင်လျက် နေရပေမည်။

အာနာပါနပဗ္ဗပြီး၏။

နိမိတ်နှင့် သမာဓိ(၃)မျိုးတွဲပုံ

နိမိတ်သုံးမျိုးတွင် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့အခိုက်၌ ပွားများအပ်သော ဘာဝနာသမာဓိကို **'ပရိကမ္မဘာဝနာသမာဓိ'**ဟုခေါ်၏။

သိမ်မွေ့နူးညံ့စွာ ဖြစ်ပေါ်လာသော ထွက်လေ၊ဝင်လေအခိုက်၌ ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများနေသော ဘာဝနာသမာဓိကို **'ဥပစာရဘာဝနာသမာဓိ'**ဟု ခေါ်၏။ ထိုပဋိဘာဂနိမိတ်ကို အာရုံယူ၍ ပွားများနေသောအခါ 'ကာမာဝစရဘာဝနာ၊ဥပစာရသမာဓိ'ကိုပင် ကာမစ္ဆန္ဒစသောနီဝရဏတို့ ကင်းကွာလျက် အပ္ပနာစျာန်၏ အနီးအပါး၌ဖြစ်သောကြောင့် **'ဥပစာရစျာန်'**ဟုခေါ်ခြင်း ဖြစ်သည်။

ထိုဥပစာရစျာန်သမာဓိကို လွန်လျက် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊စတုတ္ထစျာန်ဟုဆိုအပ်သော ရူပါဝစရစျာန်စိတ်(၄)မျိုး၌ယှဉ်သော သမာဓိစိတ်ကို **'အပ္ပနာသမာဓိ'**ဟု ခေါ်၏။

http://www.dhammadownload.com

သတိရှေ့ရှုထင်နေမှုပြုခြင်း

(၉)။ 'အတ္တိ ကာယောတိ' ရုပ်အပေါင်းဟူသော 'ကာယ'သည်သာ ရှိ၏။ 'ရုပ်အပေါင်းဖြစ်သော ကာယမှတစ်ပါး တခြားသောပုဂ္ဂိုလ်၊သတ္တဝါစသည် မည်သည့်အရာမှ မရှိ'ဟု သတိရှေ့ရှု စွဲမြဲစွာ ထင်နေစေရမည်။ ထိုသတိသည် ဝိပဿနာဉာဏ်အဆင့်ဆင့် တိုးပွားခြင်း၊ သတိအဆင့်ဆင့် ဖြစ်ပေါ်နိုင်ခြင်းအတွက် ဖြစ်ပေ၏။ ထိုသတိသည် ပဓာနကျ၏။ပြဌာန်း၏။ အရေးကြီးလှပေ၏။

တဏှာ၊ဒိဋ္ဌိတို့ မစွဲငြိပုံ

(၁၀)။ 'အနိဿိတောစ ဝိဟရတိ' ထွက်သက်၊ဝင်သက်ဟူသော ရုပ်အပေါင်းကာယကို 'ကာယ'အဖြစ်ဖြင့်သာ သတိ၊ဉာဏ်ထင်မြင်စေလျက် ရှုမှတ်နေသောယောဂီအား စွဲလန်းစရာပညတ်အာရုံတို့ လွတ်ကင်းနေသဖြင့် ဖောက်ပြန်တတ်သော ထွက်သက်၊ဝင်သက်ဟူသည့် ကာယ၌ ငါ၊ငါ့ဟာဟူသော တဏှာစွဲ၊ဒိဋ္ဌိအစွဲတို့ကို မမှီပေ။ အမှီအစွဲ၊ ဥပါဒါန်တို့ ကင်းပြတ်နေခြင်း ဖြစ်ပေ၏။

ဤကဲ့သို့ ရုပ်အပေါင်းကာယ၌ ထွက်သက်၊ဝင်သက်မှတ်မှု အာနာပါနမှ ဝိပဿနာဉာဏ် 'ဖြစ်၊ပျက်'ကူးပြောင်းလျက် သတိမပြတ် ရှုမှတ်မှုကြောင့် ဖြစ်မှု၊ ပျက်မှုကို ထင်ရှားစွာသိမြင်သူသည် ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်ကျက်ဖြစ်ပွားလျက် အမှီအတွယ်ကင်းခြင်း 'အနိဿိတ'၊ အစွဲအလန်းကင်းခြင်း 'အနုပါဒါန' ဂုဏ်တို့ဖြင့် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်ပေါက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှု ဖြစ်၏။

အဦးဆုံးအားထုတ်သင့်သောသတိပဋ္ဌာန်

မြတ်စွာဘုရားသည် သတိပဋ္ဌာန်တရားကို (၄)ပါး ခွဲ၍ ဟောတော်မူရာတွင် အဦးဆုံး ကာယာနုပဿနာသတိပဋ္ဌာန်ကို ဟောဏ်။ ထို့နောက် အစဉ်အတိုင်း ဝေဒနာ၊စိတ္တ၊ဓမ္မတို့ကို ဟောဏ်။ မည်သည့်သတိပဋ္ဌာန်ကို အဦးဆုံး အားထုတ်သင့်သနည်း?။ ယခုမှ ဝိပဿနာစတင်အားထုတ်သောယောဂီသည် ဝိပဿနာခဏိကသမာဓိမရှိသေးမီ ကာယာနုပဿနာသတိပဋ္ဌာန်ကိုသာ ဦးစွာ အားထုတ်သင့်၏။

အကြောင်းမှာ ကာယာနုပဿနာသတိပဋ္ဌာန်သည် ရုပ်သက်သက်ကို သိမှတ်အားထုတ်နည်း ဖြစ်၏။ ဝေဒနာနှင့်စိတ္တနှစ်မျိုးသည် နာမ်သက်သက်ကို သိမှတ်အားထုတ်နည်း ဖြစ်၏။ ဓမ္မသည်ကား ရုပ်သဘော၊ နာမ်သဘောရောလျက် သိမှတ်အားထုတ်နည်း ဖြစ်၏။ ထို့ကြောင့် ရုပ်သက်သက်ကို အဦးဆုံး အားထုတ်

http://www.dhammadownload.com

၁။ ကာယာနုပဿနာ၊ ၂–ဣရိယာပထပဗ္ဗ

၂–ကိုယ်အမူအရာရှုပုံအပိုင်း

၁။ 'ပုန စပရံ၊ ဘိက္ခဝေ၊ ဘိက္ခု ဂစ္ဆန္တော ဝါ 'ဂစ္ဆာမိ'တိ ပဇာနာတိ၊ ဌိတော ဝါ 'ဌိတောမှိ'တိ ပဇာနာတိ၊ နိသိန္နော ဝါ 'နိသိန္နောမှိ'တိ ပဇာနာတိ၊ သယာနော ဝါ 'သယာနောမှိ'တိ ပဇာနာတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သွားဆဲအခိုက်တွင်မူလည်း 'သွား၏'ဟုသိ၏။ ရပ်ဆဲအခိုက် တွင်မူလည်း 'ရပ်၏'ဟု သိ၏။ ထိုင်ဆဲအခိုက်တွင်မူလည်း 'ထိုင်၏'ဟု သိ၏။ အိပ်ဆဲအခိုက်တွင်မူလည်း 'အိပ်၏'ဟု သိ၏။

၂။ ယထာယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။

ထိုယောဂီ၏ ရုပ်အပေါင်းသည် အကြင်အကြင် (စားဆဲ၊ ပြောဆဲစသော) အမူအရာတစ်မျိုးမျိုးဖြင့် တည်ရှိနေ၏။ ထိုတည်ရှိနေသည့် အမူအရာအတိုင်းပင် ထိုရုပ်အပေါင်းကို သိရ၏။

၃။ ဣတိ အဇ္ဈတ္တं ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၄။ 'အတ္ထိ ကာယော'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ နစ ကिञ္စि လောကေ ဥပါဒိယတိ။ ဧवမ္ပိ ခေါ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဣရိယာပထပဗ္ဗပြီး၏။

သူသည် ရုပ်ကို အဖန်ဖန်သုံးသပ်၊နှလုံးသွင်း၊သိမ်းဆည်းသဖြင့် ကောင်းစွာ စင်ကြယ်လာ၏။ ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့သည်ကား နစ်ကုန်၏။ ထိုအခါ၌ အနယ်ထိုင်ရေ၏ အထက်၌ ရေကြည်ကဲ့သို့ စိတ်သည် ကောင်းစွာ ကြည်လင်သဖြင့် စင်ကြယ်သော ရုပ်လျင်အာရုံရှိကုန်သော နာမ်တရားတို့သည်လည်း အလိုလို ထင်မြင်လွယ်လာနိုင်၏။ ထို့ကြောင့် ကာယာနုပဿနာသတိပဋ္ဌာန်ကိုသာ ဦးစွာအားထုတ်သင့်၏။ (အဋ္ဌကထာ)

ထွက်သက်ဝင်သက်ရှုပုံပြီး၏။

http://www.dhammadownload.com

ဣရိယာပုတ်(၄)ပါး၌ သိနေမှု

(၁) ကိုယ်အမူအရာ၏ ထင်ရှားသော ပြုမူလှုပ်ရှားမှု ဣရိယာပုတ်တို့မှာ- ၁-**ဂစ္ဆန္တော**-သွားနေမှု၊ ၂-**ဋ္ဌိတော**-ရပ်နေမှု၊ ၃-**နိသိန္နော**-ထိုင်နေမှု၊ ၄-**သယနော**-အိပ်နေမှုဟူ၍ 'သွား၊ရပ်၊ထိုင်၊လျောင်း' (၄)ပါး ရှိ၏။ ထိုကိုယ်အမူအရာ လှုပ်ရှားမှု ဣရိယာပုတ်(၄)ပါးလုံး၌ 'သွားလျင်သွားတယ်၊ရပ်လျင်ရပ်တယ်၊ ထိုင်လျင် ထိုင်တယ်၊ လျောင်းရင် လျောင်းတယ်'စသည်ဖြင့် သတိ၊ပညာဖြင့် ရှုမှတ်မှုမလွတ်စေဘဲ ကြည့်နေ၊ သိနေရပေ၏။

ဣရိယာပုတ်တိုင်းသိနေပုံ

ကိုယ်အမူအရာပြုတိုင်း၌ အစဉ်မပြတ် ရှုမှတ်သိနေသောယောဂီသည် '**ဂစ္ဆန္တော** ဝါ '**ဂစ္ဆာမိ**'**တိ ပဇာနာတိ**'စသည်ဖြင့် သွားတိုင်း၊ကြွတိုင်း၊နင်းတိုင်း၊ ချတိုင်း၊ကိုင်တိုင်း၊ယူတိုင်းစသည်တို့၌ သွားချင်စိတ် စသည်ကိုလည်း ရှုပ်နှင့်မရောဘဲ သီးသန့်ပိုင်းခြား သိနေ၏။ တောင့်တင်းတွန်းကန်မှု ရွှေ့လျားမှုရှုပ်ကိုလည်း စိတ်နှင့် မရောဘဲ သီးသန့်ပိုင်းခြား သိနေ၏။ သွားချင်မှုအဆင့်ဆင့်ကြောင့် တောင့်တင်း တွန်းကန်မှု၊ ရွှေ့လျားမှုတို့ အဆင့်ဆင့်ဖြစ်ပေါ်လာပုံ ကိုလည်း မျက်မှောက်သိရ၏။

ထို့ပြင် သွားချင်မှုက ရွှေ့လျားမှုသို့ မရောက်။ ရွှေ့လျားမှုတို့ကလည်း တရွှေ့မှတရွှေ့သို့ မရောက်ဘဲ အပိုင်းပိုင်းပြတ်လျက် ကုန်ဆုံးသွားသည်ကိုလည်း မျက်မှောက် တွေ့သိ၏။ အဋ္ဌကထာ၌ညွှန်ပြသော 'ကြွ၊ဆွဲ၊လှမ်း-လွှတ်၊ချ၊နင်း' ၆-ပိုင်းဖြင့်လည်း အပိုင်းပိုင်းပြတ်လျက် ချုပ်ပျောက်သွားသည်ကို ရှုမှတ်၍ ထင်ရှားစွာ သိသိသွားနိုင်ပေ၏။

မည်သူသွားသနည်း?

ထိုသို့ ဖြစ်ဆဲကိုယ်အမူအရာတိုင်း၌ ရှုမှတ်နေသောယောဂီအား

၁-**ကော ဂစ္ဆသိ**-ဘယ်သူ သွားသနည်း?

၂-**ကဿ ဂမနံ**- ဘယ်သူ၏ သွားမှုနည်း?

၃-**ကိ**'**ကာရဏာ ဂစ္ဆတိ**- ဘာကိစ္စကြောင့် သွားသနည်း?

ဟူသော မေးခွန်းသုံးခု၏အဖြေကို သိနိုင်မှုသည် 'သမ္မဇဉ်ဖြစ်၏။ 'အသမ္မောဟသမ္မဇဉ်' မည်၏။

http://www.dhammadownload.com

၁-'**နကောစိ သတ္တောဝါ၊ပုဂ္ဂလောဝါ ဂစ္ဆတိ**' ဖြစ်တိုင်းဖြစ်တိုင်းသော ကိုယ်စိတ်အမှုအရာတို့ကို မပြတ်ရှုမှတ်နေသောယောဂီသည် သွားဆဲတိုင်း၌ စူးစူးစိုက်စိုက် ရှုမှတ်သဖြင့် သွားချင်သောစိတ်နှင့် တောင့်တင်းတွန်းကန်မှု 'ဝါယောဓာတ်' ရုပ်အပေါင်းမျှသာ အဆင့်ဆင့် ဖြစ်ပျက်သွားသည်ကို တွေ့သိရ၏။ ထို့ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ယောက်ျား၊မိန်းမတစ်စုံယောက်မျှ သွားသူမဟုတ်။ သွားချင်သောစိတ်နှင့် တောင့်တင်းတွန်းကန်မှု၊ ရွှေ့လျားမှုရုပ်အပေါင်းမျှ သွားနေသည်ဟု ရှင်းလင်းစွာ သိလာတော့၏။

၂-'**နကဿစိ သတ္တဿဝါ ပုဂ္ဂဿဝါ ဂမနံ**' ယောဂီသည် တောင့်တင်းတွန်းကန်မှု၊ရွှေ့လျားမှုဟူသော သွားခြင်းအမှုအရာ၌ အစိုးတရ စီမံခန့်ခွဲနိုင်သော ပိုင်ရှင်ကို မတွေ့ရ။ သွားလိုသောစိတ်ကြောင့် တောင့်တင်းတွန်းကန်မှု ရုပ်အပေါင်းတို့ အဆင့်ဆင့် အသစ်အသစ် မပြတ်ဖြစ်နေသည်ကိုသာ တွေ့ရပေ၏။ ထို့ကြောင့် မည်သူတစ်စုံတစ်ယောက်၏ သွားမှုမျိုးမှ မဟုတ်။ သွားမှုကို အစိုးရသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမရှိ။သွားလိုစိတ်နှင့် တောင့်တင်းတွန်းကန်မှု ရုပ်အပေါင်းသာရှိ၏ဟု ရှင်းလင်းစွာ သိပေတော့၏။

၃-'**စိတ္တကိရိယ ဝါယောဓာတုဝိမ္ဘာရေန ဂစ္ဆတိ**' ယောဂီသည် မသွားမီကပင် သွားလိုသောစိတ်အကြံ ဦးစွာ ဖြစ်ပေါ်လာ၏။ ထိုသွားလိုစိတ်က စီရင်တိုက်တွန်းမှုကြောင့် ဝါယောဓာတ်သတ္တိလွန်ကဲသော ဖောက်ပြန်မှုအဖွဲ့အစည်းတို့၏ လှုပ်လှားရွှေ့လျားမှုတို့ကြောင့် သွားမှုကိစ္စဖြစ်ပေါ်လာခြင်း ဖြစ်၏။

သွားလိုစိတ်ကြောင့် စိတ္တဇဝါယောဓာတ်၏ တွန်းကန်လှုပ်ရှားမှုက ကာယဝိညတ်ခေါ် ကိုယ်အမှုအရာ ပုံနှံ့လှုပ်ရှားမှုအထူးကို ဖြစ်စေသဖြင့် ရွှေ့လျားသွားလာရ၏။ ထိုရွှေ့လျားမှုများကို အဆင့်ဆင့်သိမှတ်နေသူအား 'ငါ သွားသည်၊ သူသွားသည်' ဆိုသည်မှာ ခေါ်ဝေါ်ပြောဆိုရုံ ပညတ်မျှဖြစ်၏။ တကယ်သွားသည်မှာ 'သွားလိုစိတ်ကြောင့် တရွှေ့ရွှေ့အဆင့်ဆင့်ဖြစ်သွားသော တောင့်တင်း တွန်းကန်မှု ရုပ်အပေါင်းမျှသာ ဖြစ်သည်' ဟု ရှင်းလင်းစွာ သိတော့၏။ ထိုနည်းအတူ၊ ရပ်မှု၊ ထိုင်မှု၊လျောင်းမှု၊စားမှု၊ ပြောမှုစသည်တို့၌လည်း ပြုလိုမှုစိတ်ကြောင့် အဆင့် ဆင့် ပြုလုပ်နေရသော ရုပ်အပေါင်းမျှသာရှိသည်ဟု ရှင်းလင်းစွာ သိမှတ်နေရပေ၏။

နာမ်နှင့်ရုပ်အလုပ်လုပ်ပုံ

သွားမှု၊ ရပ်မှု၊ လှုပ်ရှားမှုစသော အမှုအရာတိုင်းတို့၌-

http://www.dhammadownload.com

၁။ သွားချင်နေသည့်သဘောက စိတ်-နာမ်တရား၊
၂။ သွားလာလှုပ်ရှားမှုတို့က ဝါယောဓာတ်-ရုပ်တရား၊
၃။ သွားပုံအမူအရာဟန်ပန်တို့ကား-ဝိညတ်ရုပ်တရား
၄။ ရှေ့ဆောင်သွားနေသည်ကား- ရုပ်နှင့်နာမ်နှစ်ပါး ဖြစ်၏။

ထိုသို့ သွားလာမှုစသောအမူအရာတိုင်း၌ နာမ်နှင့်ရုပ်၊ ရုပ်နှင့်နာမ်တို့သည် တွဲလျက် ပြုလုပ်ဆောင်ရွက်နေကြခြင်းသာ ဖြစ်၏ဟု ရှုမှတ်နေရင်း သိနေရပေမည်။

လင်္ကာ။ သွားချင်တာကနာမ်၊ သွားမှုပြုတာကရုပ်၊ သူမဟုတ်၊ငါမဟုတ်၊ မိန်းမယောကျ်ား ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ တကယ်ဟုတ်တာက-နာမ်နှင့်ရုပ်၊ တွဲ၍အလုပ်လုပ်။ (စား၊ပြု၊ထိုင်၊လျောင်း၊အိပ်၊မြင်၊ကြည့်၊အားလုံးတူ၏။)

နာမ်နှင့်ရုပ်တွဲပုံဥပမာများ

'နာဝါ မာလုတဝေဂေန' စိတ်စေတနာမရှိသော လှေသည် ရွက်တိုက်ထားသော လေ၏အရှိန် ကြောင့်သာ အရပ်တစ်ပါးသို့ သွားနေသကဲ့သို့လည်းကောင်း၊ **'ဒိယာ ဝေဂေန တေဇေန်'** စိတ်စေတနာမရှိသော မြားသည် လေးကြိုးအရှိန်ကြောင့်သာ ပစ်ရာအရပ်သို့ သွားနိုင်သကဲ့သို့လည်းကောင်း၊ **'ယန္တံ သုတ္တဝေသေနေ'** ရုပ်သေးရုပ်သည် ဆွဲသောကြိုးဓ၏အစွမ်းကြောင့်သာ သွားနိုင်၊လာနိုင်၊ရပ်နိုင်၊ထိုင်နိုင်သကဲ့သို့လည်းကောင်း၊ ထို့အတူ **'စိတ္တသုတ္တဝေသေန'** စိတ်ဟူသောကြိုးဓ၏ ဆွဲဆောင်တတ်မှုအစွမ်းကြောင့်သာ **'ပယုတ္တံ ကာယယန္တံပိ'** ဤကာယတည်းဟူသော ယန္တရားရုပ်အစုသည် သွားနိုင်၊လာနိုင်၊ရပ်နိုင်၊ထိုင်နေနိုင်၊ ပြုမှုလှုပ်ရှားနေနိုင်ခြင်းသာ ဖြစ်ရသည်ဟု သိမှတ်ရပေမည်။

'နာမ် နိဿာယ ရူပ် ပဝတ္တတိ၊ ရုပ်သည် 'အစက္ခုက' အကန်းဖြစ်သော ကြောင့် သူ့ချည်းလည်း မသွားမလာနိုင်ပေ။

'ရူပ် နိဿာယ နာမ် ပဝတ္တတိ'နာမ်သည်လည်း 'အပဒိက'ခြေမရှိသော ကြောင့် သူ့ချည်း မသွားလာနိုင်။ စင်စစ် နာမ်ဟူသော အကျိုးသည် မြင်သိတတ်မှုဖြင့်၊ ရုပ်တည်းဟူသောအကန်းသည် ရွှေ့လျားတတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရ၏။

ထို့ပြင် မြစ်တစ်ဖက်ကမ်းသို့ ကူးရာ၌ လှေလည်း လိုအပ်၏။ ထိုလှေကို လှော်ခတ်သူလည်း လိုအပ်၏။ လှေသည် သူ့ချည်းလည်း မကူးနိုင်။ လှော်ခတ်သူသည်လည်း သူ့ချည်း မကူးနိုင်။ လှေကို လှော်ခတ်သူက အမှီပြု၍သာ လှော်ခတ်သူ

http://www.dhammadownload.com

ကိုလည်း လေက အမှိုပြုခံ၍ လူနှင့်လှေတို့ ပူးတွဲဆောင်ရွက်မှသာ ကမ်းတစ်ဖက်သို့ ရောက်နိုင်သည်။ ထိုကဲ့သို့ ရုပ်သည် လှေနှင့်တူ၍ နာမ်သည် လှော်ခတ်သူနှင့် တူသဖြင့် အလိုရှိအပ်သောကိစ္စဟူသမျှ၏ ပြီးဆုံးခြင်းကမ်းတစ်ဖက်သို့ရောက်အောင် ပူးတွဲဆောင်ရွက်နေကြရခြင်း ဖြစ်ပေ၏။

လင်္ကာ။ အရုပ်သစ်သား၊ ကြိုးတပ်ထားသို့၊ ကြိုးဆွဲနာမ်ရုပ်၊ သူမဟုတ်၊ငါမဟုတ်၊
ဟုတ်တာနာမ်နှင့်ရုပ်၊ တွဲ၍အလုပ်လုပ်။
လူနှင့်လှေငယ်၊ ချင်းချင်းတွယ်လျက်၊ ဝဲလယ်သမုဒ္ဒ၊ စုန်ဆန်မြှုပ်၏။
သူမဟုတ်၊ငါမဟုတ်၊ဟုတ်တာနာမ်နှင့်ရုပ်။ တွဲ၍အလုပ်လုပ်။

ရုပ်နာမ်သိက သင်္ကာယဒိဋ္ဌိလွတ်ပုံ

ယောဂီသည် ရုပ်နာမ်တို့၏လှုပ်ရှားမှု အမူအရာတိုင်း၌ ရုပ်အဖြစ်၊နာမ်အဖြစ် သဘောအစစ်အမှန်ကို ဧကန်သိမှတ်နေရ၏။ ထိုသို့ သဘောအစစ်အမှန်ကို သိမှတ်နေခြင်းသည်ပင် အမြင်မှန် 'သမ္မာဒိဋ္ဌိ' ဖြစ်၏။ သဘောအစစ်ဖြစ်သော ရုပ်နှင့်နာမ်အရှိ၊အဟုတ်သဘောကို သိမြင်မှုသည် 'ယထာဘူတဉာဏ်' ဖြစ်၏။

'သင်္ကာယဒိဋ္ဌိယာ နိဿရဏံ ယထာဘူတံ' ဟူသောအဋ္ဌကထာစကားအရ- ရုပ်နာမ်တို့၏လှုပ်ရှားမှု အမူအရာတိုင်းကို ယထာဘူတဉာဏ်ဖြင့် သိမှတ်နေသူအား 'ငါသူတစ်ပါး၊ယောက်ျားမိန်းမ၊ပုဂ္ဂိုလ်သတ္တဝါ' ဟူသော သင်္ကာဒိဋ္ဌိစွဲ၊ အတ္တစွဲများမှ လွတ်မြောက်နိုင်ပေ၏။ ယထာဘူတဉာဏ်မရှိသဖြင့် သဘောအစစ်အမှန်ကို မသိမှတ်နိုင်သူအား **'သင်္ကာယဒိဋ္ဌိယာ ထာမဂတာ'** ဟူသော စကားအရ- 'ငါသူတစ်ပါး၊ ယောက်ျားမိန်းမ၊ပုဂ္ဂိုလ်သတ္တဝါ'စသော သင်္ကာဒိဋ္ဌိစွဲ၊ အတ္တစွဲတို့၏ အလိုကျအတိုင်းသာ ဖြစ်ရပေ၏။

လင်္ကာ။ ဉာဏ်မြင်ပေါ်ရှိ၊ အမှန်သိ၊ အမှားသိကိုပယ်သတ်၏။
သမ္မာဒိဋ္ဌိ၊ ဉာဏ်မြင်ရှိ၊ အတ္တဒိဋ္ဌိကင်းလေ၏။

ပညတ်သိများမှ ပရမတ်သိဆီသို့

ကောနာမ ဧတ္ထ သောသတ္တော၊ ယော ဝိနာ ဟေတုပစ္စယေ။
အတ္တနော အာနုဘာဝေန၊ တိဋ္ဌေဝါ ယဒိ ဝါ ဂဒေ။
ဧတ္ထ၊ ဤလောကဌ်။ ယောသတ္တော၊ မိန်းမယောက်ျားဟူသောသတ္တဝါ

http://www.dhammadownload.com

သည်။ ဟေတုပစ္စယေ၊ သွားလိုစိတ်ဟူသောအကြောင်း၊ ကိုစိတ်ကြောင့်ဖြစ်သော ဝါယော ဓာတ်စသောအထောက်အပံ့တို့ကို။ ဝိနာ၊ ကြဉ်ဖယ်၍။ အတ္တနော၊ အတ္တ၏။ အာ နုဘာဝေန၊ အစွမ်းအစဖြင့်။ ယဒိတိဌေ္ဌဝါ၊ ရပ်မူလည်းရပ်ရာ၏။ ယဒိဝါဂဒေ၊ သွားမူလည်းသွားရာ၏။ သောသတ္တော၊ ထိုမိန်းမယောက်ျားဟူသောသတ္တဝါသည်။ ကောနာမ၊ ဘယ်မှာရှိပါလိမ့်အံ့နည်း။ (နတ္ထိယေဝ၊ မရှိသည်သာတည်း။)

သွားသည်၊ စားသည်၊ ရပ်သည်၊ထိုင်သည်၊အိပ်သည်စသော အပြုအမူ လူပ်ရှားမှုများ၌လည်းကောင်း၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊သူ၊ငါ၊ မိန်းမ၊ယောကျ်ားစသည် တို့၌လည်းကောင်း ဓာတ်သဘောအစစ်ဟူသော ပရမတ်အဖြစ်မှန်ကိုကြည့်သော် **'ပရမတ္ထတော နာမရူပမတ္ထမေဝ'** နာမ်နှင့်ရုပ်နှစ်မျိုးသာ ရှိလေ၏။ **'ကာရကော ဝါ ဝေဒကော ဝါပုဂ္ဂလောဝါ သတ္တောဝါ နတ္ထိ'** 'အမှန်တကယ် ပြုသူ၊ ပြောသူ၊ သွားသူ၊ စားသူ၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ပရမတ်အားဖြင့် လုံးဝမရှိ။ သမ္မုတိပညတ် အနေမျှသာ ဖြစ်ပေ၏'ဟု သိမှတ်နေရပေ၏။

ထိုကဲ့သို့ ပညတ်သိမှ ပရမတ်သိဆီသို့ရောက်အောင် ရှုမှတ်သိနေသော ယောဂီအား (၁)'**သတ္တူပလဒ္ဓိ ပဇဟတိ**'အရ- ပုဂ္ဂိုလ်၊သတ္တဝါဟူသော မိစ္ဆာဒိဋ္ဌိ အယူကိုလည်း ပယ်စွန့်၏။ (၂)'**အတ္တသညံ ဥဿိဇ္ဇေတိ**'အရ-ငါဟူ၍ ခိုင်မြဲစွာ စွဲယူမှုကိုလည်း ခွာနိုင်တော့၏။ (၃)'**ကမ္မဋ္ဌာနံဝါ သတိပဋ္ဌာနဘာဝနာဝါ ဟောတိ**' ကမ္မဋ္ဌာန်းလည်း ဖြစ်၏။ သတိပဋ္ဌာန်ဘာဝနာလည်းပြည့်စုံသဖြင့် ကိလေသာခပ်သိမ်း ကင်းဝေးလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့တိုင် အဆင့်ဆင့် သိမြင်လာနိုင်ပေတော့၏။

လင်္ကာ။ ပညတ်အာရုံ၊ စွဲယူတုံ့၊ ဖြစ်ကုန်ကိလေသာ။
ပရမတ်အာရုံ၊ သိမြင်တုံ့၊ ပြတ်ကုန်ကိလေသာ။
နှစ်ပါးရုပ်နာမ်၊ ပိုင်းခြားပြန်၊ နာမရူပပရိစ္ဆေဒဉာဏ်။ဉာတပရိဉာဏ်၊ သစ္စဉာဏ်။

ကိုယ်အမူအရာတိုင်း၌ သိနေမှု

(၂)။ **'ယထာယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ'** ယောဂီ၏ ကိုယ်အမူအရာသည် မည်သည့်အပြုအမူလူပ်ရှားမှုမျိုးပင် ရှိနေပါစေ။ **'တထာ တထာ နံ ပဇာနာတိ'** ထိုလူပ်ရှားမှု အမူအရာမှန်သမျှတိုင်းကို သိနေရမည်ကို ညွှန်ပြ၏။ အဌကထာ၌ ဤအပိုင်းကို 'သဗ္ဗသဂ်ဟိက'အလုံးစုံသိမ်းကျုံးယူရမည့် အပိုင်းဟု ဆို၏။ ဣရိယာပုတ်(၄)မျိုးမှ လွဲ၍ ယိမ်းစဉ်၊လူပ်စဉ်၊လှည့်စဉ်၊ကွေးစဉ် စသော အပြုအပြင် ဟူသမျှအားလုံးကို မှတ်သိနေရမည်သာ ဖြစ်၏။ အကယ်၍

http://www.dhammadownload.com

ထိုအသေးစိတ် ကိုယ်အမူအရာများ ထင်ရှားရှိနေပါလျက် မရှုမှတ်မိသူအား ထိုအမူအရာများ၌ 'နိစ္စ၊ သုခ၊ သုဘ၊ အတ္တ'ဟု ထင်စွဲမိကာ ကိလေသာများ ဖြစ်ပွားလာနိုင်သည်သာတည်း။

အဒ္ဓတ္တနှင့်ဗဟိဒ္ဓ ရှုမှတ်ပုံ

(၃) မိမိသွားလာလှုပ်ရှားနေစဉ်၌ ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တွေ့ ရှုမှတ်နေရသကဲ့သို့ သူတစ်ပါးတို့ သွားလာ၊လှုပ်ရှားနေစဉ်၌လည်း ဤသဘောပင်တည်းဟု အနုမာနဉာဏ်ဖြင့် သိမှတ်နေရပေမည်။ မိမိ၏ကျရိယာပုတ်တို့၌ ကိုယ်တွေ့ ရှုမှတ်နေနိုင်သူအား သူတစ်ပါးတို့ကျရိယာပုတ်ကို ရှုမှတ်ရာ၌လည်း အခက်အခဲ မရှိနိုင်ပြီ။

ဖြစ်ကြောင်းနှင့်ပျက်ကြောင်းရှုပုံ

ရုပ်တို့၏ဖြစ်ကြောင်း (၅)မျိုးကို ရှုမှတ်သိမြင်နေလျင် 'သမုဒယဓမ္မာနုပဿီ'အရ-ဖြစ်ကြောင်းကို ရှုမြင်သည် မည်၏။

ရုပ်ဖြစ်ကြောင်း(၅)မျိုးမှာ-

အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရနှင့် ရုပ်အသစ်အသစ်တို့ဖြစ်လာမှုဟူသော 'နိဗ္ဗတ္တိ'သဘောတို့ ဖြစ်၏။ ထိုအကြောင်း(၅)မျိုးကြောင့် ရုပ်အမူအရာတို့ ဖြစ်နေကြရသည်ကို အနုမာနဉာဏ်ဖြင့် နှလုံးသွင်းရှုမြင်ရပေ၏။

ရုပ်တို့၏ပျက်ကြောင်း (၅)မျိုးကို ရှုမှတ်သိမြင်နေလျင်လည်း 'ဝယဓမ္မာနုပဿီ'အရပျက်ကြောင်းကို ရှုမြင်သည်မည်၏။

ရုပ်ပျက်ကြောင်း(၅)မျိုးမှာ-

အဝိဇ္ဇာကင်းခြင်း၊တဏှာကင်းခြင်း၊ ကံကင်းခြင်း၊ အာဟာရမရှိခြင်းနှင့် ရုပ်တို့ပျောက်ကွယ်ကုန်ဆုံးခြင်း'ဝိပရိဏာမ'သဘောတို့ ဖြစ်၏။ ထိုအကြောင်း(၅)မျိုး ကြောင့် ရုပ်အမူအရာတို့ ပျက်ကြရသည်ကို နှလုံးသွင်းရှုမြင်ရပေ၏။

အားထုတ်စယောဂီသည်ကား ရုပ်၏ဖြစ်ခြင်းသဘော၊ ပျက်ခြင်းသဘောကို သိမြင်ရုံ နှလုံးသွင်းရ၏။ ရုပ်တို့၏ဖြစ်မှုပျက်မှုကို ရှုမြင်နိုင်မှုဟူသည် ဥဒယဗ္ဗယ ဉာဏ်ရင့်သောအခါမှသာ အထူးသန့်ရှင်းစွာ ဖြစ်၏။ ထိုအခါတွင်လည်း ရုပ်၏ အပျက်ကို ရှုမြင်နိုင်မှုသည် ဘင်ဉာဏ်ရင့်သောအခါတွင်မှ အထူးသန့်ရှင်းစွာ ဖြစ်လာ၏။

http://www.dhammadownload.com

ကာယ၌ သတိထင်နေမှု

(၃)ထင်ရှားဖြစ်ပေါ်လာတိုင်းသော မိမိ၏ရုပ်အမှုအရာအပေါင်း၌ ရုပ်အပေါင်းကာယအဖြစ်ဖြင့် မပြတ်သတိ ထင်နေရပေမည်။ သမာဓိဉာဏ် အထူးရင့်သန်သောကာလ၌သာ မပြတ်သတိထင်နေနိုင်၏။ သမာဓိဉာဏ် မရင့်သန်သေးသောယောဂီသည်ကား ရှုမှတ်နေသော်လည်း မရှုမှတ်မီကကဲ့သို့ သတ္တဝါကောင်၊ အတ္တကောင်၊ ငါကောင်အဖြစ် အထင်အစွဲများ ရှိနေတတ်၏။ သို့သော် သတိပြန်ဝင်လိုက်တိုင်း၌ 'ငါကောင်မဟုတ်၊ အတ္တကောင်မဟုတ်၊ မိန်းမ၊ယောကျ်ားမဟုတ်၊ ဟုတ်တာ နာမ်နှင့်ရုပ်'ဟူ၍ ရုပ်အပေါင်း၌ ကာယအဖြစ်သာ ရှုကြည့်သိနေဖို့လို၏။ ဘဂီဉာဏ်ရင့်သန်သောကာလ၊သခ်ါရပေက္ခာဉာဏ် ဖြစ်ပေါ်သောကာလတို့၌ ထိုအထင်အစွဲတို့သည် လုံးဝကင်းပျောက်လေတော့၏။

မှီတွယ်မှု၊ စွဲလန်းမှုကင်းနေပုံ

(၄) ထင်ရှားဖြစ်ပေါ်နေသော ရုပ်အမှုအရာအပေါင်း၌ မရှုမှတ်မိသောအခါ **'အတ္ထိ သတ္တော'**သတ္တဝါကောင် ရှိ၏။ **'အတ္ထိပုဂ္ဂလော'** ပုဂ္ဂိုလ်သည် ရှိ၏။ **'အတ္ထိ ဣတ္ထိ၊ပုရိသော'**ယောကျ်ား,မိန်းမ ရှိ၏။ **'အတ္ထိ အတ္တာ'**ငါကောင် ရှိ၏။ **'အတ္ထိ အတ္တနိယံ'**ငါနှင့်စပ်သော ဥစ္စာရှိ၏ဟုမရှိသော ပညတ်သဘောတို့၌ လွဲမှားစွာ စွဲလန်းတော့၏။ **'နိစ္စံဝါ သုခံဝါ အတ္တံဝါ'**ဟု 'မြဲသည်၊ကောင်းသည်၊ငါကောင်' ထင်လျက် တဏှာ၊ဒိဋ္ဌိတို့ ဖြစ်ပေါ်လာရပေ၏။ ထိုသို့ တဏှာ၊ ဒိဋ္ဌိတို့ဖြစ်ပေါ်လာမှုကိုပင် 'တဏှာ၊ဒိဋ္ဌိဖြင့် မှီသည်။ 'တဏှာ၊ဒိဋ္ဌိတို့ဖြင့် စွဲလန်းသည်'ဟု ဆိုရပေသည်။

ထင်ရှားဖြစ်ပေါ်သမျှသော ရုပ်အမှုအရာအပေါင်း၌ မပြတ်ရှုမှတ်နေသော အခါ၌ **'ကာယော အတ္ထိ'**၊ ရုပ် အပေါင်းသာရှိ၏။ **'နတ္ထိ သတ္တော'**သတ္တဝါမရှိ။ **'နတ္ထိပုဂ္ဂလော'** ပုဂ္ဂိုလ်မရှိ။ **'နတ္ထိ ဣတ္ထိ၊ပုရိသော'**ယောကျ်ားမိန်းမရှိ။ **'နတ္ထိ အတ္တာ'**ငါကောင်မရှိ။ **'နတ္ထိ အတ္တနိယံ'**ငါနှင့် စပ်သော ဥစ္စာမရှိဟူ၍ မရှိပညတ်နှင့် အရှိပရမတ် ရုပ်သဘောကို ခွဲခြားလျက် ကွဲပြားစွာ၊ ရှင်းလင်းစွာ သိလာရပေ၏။

ထိုပရမတ်ရုပ်အပေါင်းတို့သည်လည်း တရိပ်ရိပ်နှင့် ဖြစ်၊ပျက်နေမှုသဘောကိုသာ တွေ့ရသဖြင့် **'အနိစ္စတော ဒုက္ခတော အနတ္တတော'**ဟု 'မမြဲ၊ဆင်းရဲ၊ ငါကောင်မဟုတ်'ဟုသာ မြင်လျက် ရှင်းလင်းစွာသိသောယောဂီအား ထိုသိပြီး၊ သိဆဲသောရုပ်အပေါင်း၌ တဏှာ၊ဒိဋ္ဌိတို့ မဖြစ်ပေါ်လာနိုင်တော့။ တဒင်္ဂနိရောဓသဘောဖြင့် ချုပ်ငြိမ်းလျက်သာ ရှိ၏။ ထိုသဘောကိုပင် အမှီအတွယ်ကင်းနေသည်၊

http://www.dhammadownload.com

အစွဲအလန်းကင်းနေသည်ဟုဆိုခြင်း ဖြစ်ပေသည်။

ရှုမှတ်မိသောအာရုံတို့၌ တဒင်္ဂပဟာန်အားဖြင့် အမှီအတွယ်ကင်းသကဲ့သို့၊ ထိုအတူပင် မရှုမှတ်မိသော 'ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်' အာရုံတို့၌လည်း ဝိက္ခမ္ဘနပဟာန်အားဖြင့် စွဲလန်းမှု မဖြစ်တော့ပြီ။ ဝိက္ခမ္ဘနနိရောဓသဘောဖြင့် ချုပ်ငြိမ်းလျက်သာ ရှိပေ၏။ ထို့ကြောင့် တဏှာ၊ဒိဋ္ဌိတို့ဖြင့် မှီလည်း မမှီ။ စွဲလည်း မစွဲလန်းဟု ဆိုအပ်ပေတော့၏။

သစ္စာ(၄)ပါးကို သိမြင်နိုင်ပုံ

သွားမှု၊ရပ်မှု၊ထိုင်မှု၊ရပ်မှုစသည်တို့ကို ရှုမှတ်လျက် အမှီ၊အစွဲကင်းရှင်းစွာ သိမြင်နေသောယောဂီအား သစ္စာလေးချက်တို့သည် တစ်ပြိုင်နက်တည်း၌ပင် 'တဒင်္ဂပဟာန်၊ဝိက္ခမ္ဘနပဟာန်' အားဖြင့် ကိစ္စတပ်ကုန်၏။

၁။သွားလိုမှုစိတ်၌လည်းကောင်း၊ သွားမှုစသောရုပ်၌လည်းကောင်း၊ ရှုမှတ်မှု သတိဉာဏ်တို့၌လည်းကောင်း ဖြစ်မှု၊ပျက်မှုသဘောတို့ကို သိခြင်းသည် 'ဒုက္ခသစ္စာ'ကို ပိုင်းခြားသိခြင်း **'ပရိညာပဋိဝေဓကိစ္စ'**သဘော ဖြစ်၏။

၂။ သိရသော ထိုဒုက္ခသဘောတရားတို့၌ တောင့်တသာယာမှုတဏှာကို တဒင်္ဂပဟာန်၊ဝိက္ခမ္ဘနပဟာန်တို့ဖြင့်ပယ်ခြင်းသည် 'သမุဒယသစ္စာ'ကို ပယ်သတ်ခြင်း **'ပဟာနပဋိဝေဓကိစ္စ'**သဘော ဖြစ်၏။

၃။ ဖြစ်ခြင်း၊ပျက်ခြင်း၊ အနိစ္စသဘောစသည်ကို မသိခြင်း၊ အသိမှားခြင်း အဝိဇ္ဇာကြောင့် ဖြစ်ထိုက်သမျှသော ကံ၊ကိလေသာ ဝိပါက်ခန္ဓာဟူသော ဝဋ္ဋဆင်းရဲ၏ ငြိမ်းခြင်းကို ပြီးစေသဖြင့် တဒင်္ဂနိရောဓအားဖြင့်လည်း 'နိရောဓသစ္စာ'ကို မျက်မှောက်ပြုမှုသည် **'သစ္ဆိကတပဋိဝေဓကိစ္စ'**သဘော ဖြစ်၏။

၄။ အမှန်အတိုင်းသိမြင်မှု သမ္မာဒိဋ္ဌိစသည်ဖြင့် ပုဗ္ဗဘာဂမဂ်ကို ဖြစ်ပွားစေသဖြင့် လောကီ'မဂ္ဂသစ္စာ'ကို ပွားများခြင်း**'ဘာဝနာပဋိဝေဓကိစ္စ'**ဖြစ်ပေ၏။

ဤသို့သောနည်းဖြင့် ထင်ရှားဖြစ်ပေါ်တိုင်းသော ရုပ်အာရုံ၌ သတိမပြတ် သိမှတ်နေသောယောဂီသည် သိမှတ်နေတိုင်း၌ သစ္စာလေးချက်ကို တစ်ပြိုင်နက် သိလျက်၊သိလျက်ပင် ဝိပဿနာဉာဏ်အဆင့်ဆင့်တို့ ရင့်ကျက်တိုးတက်ကာ အရိယာမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှု ဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာ၌ 'ဣရိယာပုတ်တိုင်း၌ ရှုမှတ်ရသော ဤဘာဝနာနည်းကို **'ဝဋ္ဋဆင်းရဲမှလွတ်မြောက်ကြောင်း** နည်းလမ်းကောင်းတစ်ခု'ဟု အတိအကျ ညွှန်ပြထားသည်ကို

http://www.dhammadownload.com

အားရကျေနပ်ဖွယ် ကိုယ်တွေ့ တွေ့သိနိုင်မည် ဖြစ်၏။

ကိုယ်အမှုအရာရှုမှတ်ပုံပြီး၏။

♦♦♦♦♦

၁–ကာယာနုပဿနာ၊ ၃–သမ္မဇညပဗ္ဗ
၃–ပညာဖြင့်ဆင်ခြင်ရှုမြင်ပုံ

၁။ ပုန စပရံ၊ ဘိက္ခဝေ၊ ဘိက္ခု အာဘိက္ကန္တေ ပဋိက္ကန္တေ သမ္မဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္မဇာနကာရီ ဟောတိ၊ သမိဉ္ဇိတေ ပသာရိတေ သမ္မဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တစီဝရ ဓာရဏေ သမ္မဇာနကာရီ ဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္မဇာနကာရီ ဟောတိ၊ ဥစ္စာရ ပဿာဝကမ္မေ သမ္မဇာနကာရီ ဟောတိ၊ ဂတေ ဋ္ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏ္ဍီဘာဝေ သမ္မဇာနကာရီ ဟောတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် ရှေ့သို့သွားသော် ၊ နောက်သို့ဆုတ်သော် ပညာဖြင့်ဆင်ခြင်သိ၍ ပြုသည်ဖြစ်၏။ တည့်တည့်ကြည့်သော်၊ စောင်းငဲ့ကြည့်သော် ပညာဖြင့်ဆင်ခြင်သိ၍ ပြု၏။ လက်ခြေတို့ကို ကွေးသော်၊ဆန့်သော် ပညာဖြင့် ဆင်ခြင်သိ၍ ပြု၏။ ဒုကုဋ္ဌ,သပိတ်,သင်္ကန်းကိုဆောင်သော် ပညာဖြင့် ဆင်ခြင်သိ၍ ပြု၏။ စားသော်၊သောက်သော်၊ခဲသော်၊လျက်သော် ပညာဖြင့်ဆင်ခြင်သိ၍ ပြု၏။ ကျင်ကြီးကျင်ငယ်စွန့်သော် ပညာဖြင့်ဆင်ခြင်သိ၍ ပြု၏။ သွားသော်၊ ရပ်သော်၊ ထိုင်သော်၊ အိပ်သော်၊နိုးသော်၊ စကားပြောသော်၊ ဆိတ်ဆိတ် နေသော် ပညာဖြင့် ဆင်ခြင်သိ၍ ပြုရ၏။

သမ္မဇာန,သမ္မဇည,သမ္မဇဉ်ဟူသည်

သဘောတရားအမှန်ကို အမှန်အတိုင်း အပြားအားဖြင့် သိမှုဉာဏ်ကို 'သမ္မဇာန၊သမ္မဇည၊သမ္မဇဉ်'ဟု ခေါ်ခြင်းဖြစ်၏။(သံ-အမှန်အတိုင်း၊ ပ-အပြားအားဖြင့်၊ ဇာနန-ဇည-သိမှု) အမှန်ကို အမှန်အတိုင်းသိနိုင်မှုဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်၊ ယထာဘူတဉာဏ်တို့ကို 'သမ္မဇဉ်အသိဉာဏ်'ဟု ဆိုလိုပေသည်။ ထိုသမ္မဇဉ် ခေါ်သော အသိဉာဏ်သည် (၄)မျိုး ရှိ၏။

http://www.dhammadownload.com

၂။ ဣတိ အဗ္ဗတ္တဲ့ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဗ္ဗတ္တာဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

၃။ 'အတ္ထိ ကာယော'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ၊ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စि လောကေ ဥပါဒိယတိ။ ဧवံ ခေါ ဘိက္ခवေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဤဆိုခဲ့သောနည်းဖြင့် မိမိ၏အတွင်းသန္တာန်၌လည်း ဖောက်ပြန်တတ်သော ရုပ်အပေါင်း၌ ဖောက်ပြန်မှုရုပ်အပေါင်းဟု အဖန်ဖန်ရှု သည်ဖြစ်၍ နေ၏။ (၀) ရဟန်းတို့ ဤသို့လျှင် ယောဂီသည် ဖောက်ပြန်မှုဟူသောရုပ်အပေါင်း၌ ဖောက်ပြန်မှုရုပ်အပေါင်းဟု အဖန်ဖန်ရှုမြင်လျက် နေရမည်။

သမ္ဗဇဉ်ပဗ္ဗပြီး၏။

သမ္ဗဇဉ်(၄)မျိုး

၁-သာတ္ထကသမ္ဗဇဉ်-ကိစ္စတစ်ခုကို မပြုခင် အကျိုးရှိ/မရှိကို စဉ်းစားဆင်ခြင်သိမြင်မှုသည် သာတ္ထကသမ္ဗဇဉ် မည်၏။

၂-သပ္ပါယသမ္ဗဇဉ်-ကိစ္စတစ်ခုကို မပြုခင် သင့်တော်သည်/မသင့်တော်သည်ကို စဉ်းစားဆင်ခြင်သိမြင်မှုသည် သပ္ပါယသမ္ဗဇဉ် မည်၏။

၃-ဂေါစရသမ္ဗဇဉ်- ကိစ္စတစ်ခုကို မပြုခင် ကျက်စားသင့်ရာအာရုံဟုတ်/မဟုတ်ကို စဉ်းစားဆင်ခြင်သိမြင်မှုသည် ဂေါစရသမ္ဗဇဉ် မည်၏။

၄-အသမ္မောဟသမ္ဗဇဉ်-မတွေမဝေသိနိုင်မှု-အကျိုးရှိ/မရှိကို စဉ်းစားဆင်ခြင်သိမြင်မှုသည် အသမ္မောဟသမ္ဗဇဉ် မည်၏။

(၁)ထိုတွင် ကိစ္စတစ်ခုကို ပြုလုပ်တော့မည်ဆိုလျှင် ရုတ်တရက်မပြုသေးဘဲ အကျိုးရှိမည်၊ မရှိမည်ကို ဦးစွာ စဉ်းစားဆင်ခြင်ရမည်။ အကျိုးရှိမည်ဟု သိပြီးမှ ပြုလုပ်ရ၏။ အကျိုးမရှိလျှင်ကား မပြုလုပ်အပ်။ ထိုသို့ပြုလုပ်ရာ၌ မပြုလုပ်ခင် အကျိုးရှိမည်၊မရှိမည်ဟု ဦးစွာ စဉ်းစားဆင်ခြင်မှုသည် 'သာတ္ထကသမ္ဗဇဉ်' မည်၏။

http://www.dhammadownload.com

(၂) အကျိုးရှိမည်ဟု သိပြီးသော်လည်း ပြုသင့်သည်၊မပြုသင့်သည်ဟု ဆင်ခြင်ရပေဦးမည်။ ပြုဖို့သင့်လျော်မှသာ ပြုအပ်ပေ၏။ မသင့်လျော်က မပြုလုပ်အပ်။ ထိုသို့ ပြုသင့်သည်၊မပြုသင့်သည်ကို ဆင်ခြင်မှုသည် **'သပ္ပါယသမ္ဘဇဉ်'** မည်၏။

ဥပမာ- မိမိ၏မွေးရပ်ဇာတိတွင် ပြန်၍ ကျောင်းဆောက်လျှုလို၏။ သားရှင်ပြုလို၏။ 'သာတ္ထကသမ္ဘဇဉ်'အရမှာ အလွန်အကျိုးရှိ၏။ သို့သော် ထိုအရပ်၌ လူဆိုးဓားပြများ ထကြွသောင်းကျန်းနေသော် အနှောက်အယှက်ပေးနိုင်သဖြင့် **'သပ္ပါယသမ္ဘဇဉ်'**အရမှာ မသင့်လျော်သေးပေ။ သပ္ပါယမဖြစ်နိုင်ပေ။

ထို့အတူ နွေရာသီအားလပ်ရက်များ၌ ဓမ္မမိတ်ဆွေများစုလျက် ဘုရားဖူးထွက်ကြလေ၏။ ဘုရားဖူးသွားခြင်းသည်ကား 'သာတ္ထကသမ္ဘဇဉ်'အရ အကျိုးရှိ၏။ သို့သော် ဘုရားဖူးသွားသူများထဲ၌ မိမိကိုယ်၊စိတ်ကို ဒုက္ခ၊ဒေါမနဿ ပေးမည့်သူများ ပါသဖြင့် မသင့်လျော်ပေ။ သပ္ပါယမဖြစ်ပေ။ တရားနာလိုသူတို့သည်လည်း တရားပွဲရှိရာ အရပ်တိုင်းသို့ တရားလိုက်နာကြ၏။ 'သာတ္ထကသမ္ဘဇဉ်'အရကား လွန်စွာအကျိုးရှိ၏။

သို့သော် တရားနာသူအလွန်များသဖြင့် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲဖြစ်ကာ တရားနှလုံးမသွင်းနိုင်ပါက 'သပ္ပါယသမ္ဘဇဉ်'မဖြစ်ပေ။ ဤ'သာတ္ထကသမ္ဘဇဉ်နှင့် သပ္ပါယသမ္ဘဇဉ်'နှစ်မျိုးကား လောကီ၊လောကုတ္တရာ ကိစ္စနှစ်ဖြာလုံး၌ အလွန်ပင် ကျေးဇူးများ၏။ သမထဝိပဿနာအရာ၌လည်း သမာဓိ၊ပညာတို့ လျင်မြန်စွာပြည့်စုံလာနိုင်၏။ ရှေးဦးစွာ ပြည့်စုံထားသင့်သောသမ္ဘဇဉ် ဖြစ်၏။ သို့သော် ဤသမ္ဘဇဉ် နှစ်ပါးသည် သမထလည်းမဟုတ်။ ဝိပဿနာလည်း မဟုတ်သေး။သမထ၊ဝိပဿနာ၏အခြေခံအကြောင်းအထောက်အပံ့ဖြစ်သော 'ပါရိဟာရိကပညာ'မျိုးသာ ဖြစ်၏။

(၃) သမထယောဂီအား သမထကမ္မဋ္ဌာန်းဟူသောအာရုံ၌ နှလုံးသွင်းခြင်း၊ ဝိပဿနာယောဂီအား သတိပဋ္ဌာန်အာရုံ၌ မပြတ်နှလုံးသွင်း၊ရှုမှတ်မှုမျိုးသည် 'ဂေါစရသမ္ဘဇဉ်' မည်၏။ သို့ဖြစ်၍ သမ္ဘဇဉ်ပဗ္ဗအတိုင်းအားထုတ်နေသော ဝိပဿနာယောဂီသည် လှုပ်ရှားတိုင်းသော အမှုအရာအာရုံတို့၌ မပြတ်သိမှတ်နေမှု အသိဉာဏ်သည်ပင် **'ဂေါစရသမ္ဘဇဉ်'** မည်ပေတော့၏။

ဂေါစရသမ္ဘဇဉ်(၄)မျိုး

၁။ အသွားမှာသာဆောင်၍ အပြန်မဆောင်သူ။

http://www.dhammadownload.com

၂။ အပြန်မှာဆောင်၍ အသွားမဆောင်သူ။
၃။ အသွားအပြန်မဆောင်သူ။
၄။ အသွားအပြန်ဆောင်သူ။

၁။ ရဟန်းတစ်ပါးသည် ကျောင်း၌နေလျက် ညဉ့်သုံးယမ်ပတ်လုံး ကမ္မဋ္ဌာန်းဘရားနှလုံးသွင်း အားထုတ်နေ၏။ ဆွမ်းခံသွားချိန်တွင်လည်း တစ်ချိန်လုံး ကမ္မဋ္ဌာန်းအာရုံကို ဆောင်လျက်သွား၏။ အပြန်တွင်ကား လမ်းတွင်တွေ့သော ရဟန်းငယ်တို့နှင့်အတူ စကားပြောလျက် ပြန်လာ၏။ ထိုရဟန်းသည် 'အသွားမှာသာဆောင်၍ အပြန်မဆောင်သူ' မည်၏။

၂။ ရဟန်းတစ်ပါးသည်ကား ပထမရဟန်းကဲ့သို့ အားထုတ်လျက် ဆွမ်းခံသွားချိန်တွင် ကမ္မဋ္ဌာန်းမဆောင်ဘဲ မေ့နေ၏။ အပြန်၌သာ သတိရ၍ ကမ္မဋ္ဌာန်းဆောင်ကာ ပြန်လာ၏။ ထိုရဟန်းသည် 'အသွားမဆောင်၊အပြန်ဆောင်သူ' မည်၏။

၃။ နောက်ရဟန်းတစ်ပါးသည်ကား မည်သည့်အချိန်မှ ကမ္မဋ္ဌာန်းမဆောင်။ တရားနှလုံးမသွင်း။ ကမ္မဋ္ဌာန်းတရားကို အားထုတ်ရကောင်းမှန်းပင် မသိပေ။ ဤဘဝ၌ မဂ်ဖိုလ်မရနိုင်သေးဟုယူဆထားလျက် ဘာဝနာလုပ်ငန်းကို လုံးဝစိတ်မဝင်စားဘဲ ဘာဝနာအလုပ်ပစ်ထားသူ 'နိက္ခိတ္တဓုရ'ပုဂ္ဂိုလ် ဖြစ်၏။ ပရိယတ်အလုပ်၊ တရားဟောအလုပ်၊ သာရေးနာရေးအလုပ်စသော အပကိစ္စများနှင့်သာ အချိန်ကုန်နေ၏။ ထိုရဟန်းသည် 'အသွားအပြန်မဆောင်သူ' ဖြစ်၏။

၄။ နောက်ရဟန်းတစ်ပါးသည်ကား မိမိကျောင်း၌နေစဉ်တွင်လည်း အချိန်မလပ်စေဘဲ သတိရတိုင်း ကမ္မဋ္ဌာန်းနှလုံး သွင်းလျက်သာနေ၏။ အပြင်ထွက်စဉ်၊ ဆွမ်းခံသွားစဉ်၊ ပြန်လာစဉ်တို့၌လည်း အတတ်နိုင်ဆုံး သတိထားလျက် ကမ္မဋ္ဌာန်းနှလုံးသွင်း ဆင်ခြင်၍သာ နေပေ၏။ ထိုရဟန်းသည် ကမ္မဋ္ဌာန်းကို 'အသွား၊အပြန်ဆောင်'နိုင်သဖြင့် 'ဂေါစရသမ္ပဇဉ်'နှင့် ပြည့်စုံသူ ဖြစ်၏။ မြတ်စွာဘုရားသာသနာ၌ အရဟတ္တမဂ်၊အရဟတ္တဖိုလ်ရသွားတော်မူကုန်သော ရဟန်းတော်တို့သည်ကား ဤကဲ့သို့သော ရဟန်းမျိုးတို့သာဖြစ်၏ဟု အဋ္ဌကထာ၌ ဆိုသည်။

ဂတ,ပစ္စာဂတဝတ် ဖြည့်ကျင့်ပုံ

အပြင်သွားရာအခါတိုင်း၌ ကမ္မဋ္ဌာန်းအာရုံမပျက်စေဘဲ 'ဂေါစရသမ္ပဇဉ်'ဖြင့် သိမှတ်နေမှုမျိုးသည် 'ဂတဝတ်'ကို ဖြည့်ကျင့်သည် မည်၏။ ကျောင်းသို့ပြန်ရာအခါတိုင်း၌လည်း ကမ္မဋ္ဌာန်းအာရုံမပြတ်စေဘဲ 'ဂေါစရသမ္ပဇဉ်'ဖြင့် သိမှတ်နေမှုသည်

http://www.dhammadownload.com

'ပစ္စာဂတဝတ်' ကို ဖြည့်ကျင့်သည် မည်၏။ အသွားအပြန်တို့၌ ကမ္မဋ္ဌာန်းအာရုံ မပြတ်စေဘဲ 'ဂေါစရသမ္ပဇဉ်'ဖြင့် သိမှတ်နေမှုသည် 'ဂတပစ္စာဂတဝတ်'ကို ဖြည့်ကျင့်သည် မည်၏။ ဘုရားရှင်လက်ထက်တော်အခါနှင့် သာသနာနှစ်(၉၀၀) ကျော်ခေတ်တိုင်အောင် ပဋ္ဌိပတ်ထွန်းကားချိန်ကရဟန်းတော်တို့၏ 'ဂတပစ္စာဂတဝတ်' ဖြည့်ကျင့်ကြပုံကို အဋ္ဌကထာ၌ ဤသို့ ဖော်ပြ၏။

မိမိ၏အကျိုးစီးပွားအစစ်ကို အလိုရှိကုန်သော အမျိုးကောင်းသားတို့သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြုကြကုန်လျက် ဆယ်ပါးစီ စုဝေးနေထိုင်ကြစဉ် ဤသို့ ကတိဝတ် ပြုကုန်၏။ 'ငါ့ရှင်တို့၊ ငါတို့သည် ကြွေးမြီကြောင့် ရဟန်းပြုကြသည်လည်းမဟုတ်။ မင်းဘေးကြောင့်၊ အသက်မွေးမှုအကြပ်အတည်းဘေးစသည်ကြောင့်လည်း ရဟန်းပြုကြသည် မဟုတ်။ စင်စစ်မှာမူ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်လိုမှုအတွက်ကြောင့်သာ ရဟန်းပြုကြ၏။ သို့သော် ရဟန်းပြုရုံမျှဖြင့်တော့ သံသရာဝဋ္ဋမှ လွတ်မည်မဟုတ်ပေ။ ဝဋ္ဋဆင်းရဲ၏အကြောင်းရင်းဖြစ်သော လောဘ၊ဒေါသ၊မာနစသောကိလေသာတို့ကို ပယ်နိုင်မှသာ လွတ်နိုင်ကြပေမည်"

သို့ဖြစ်၍ 'ငါတို့သည် သွားနေဆဲမှာဖြစ်ပေါ်လာသော ကိလေသာကို သွားနေဆဲမှာပင် နှိမ်နှင်းကြမည်။ ရပ်နေဆဲမှာ ဖြစ်ပေါ်သောကိလေသာကိုလည်း ရပ်ဆဲမှာပင် နှိမ်နှင်းကြမည်။ သွားရာမှကိလေသာသည် ရပ်သည်သို့မရောက်အောင်၊ ရပ်ရာမှကိလေသာသည် ထိုင်ရာသို့ မရောက်အောင်။ ထိုင်ရာမှကိလေသာသည် အိပ်ရာသို့မရောက်အောင် ဖြစ်ဆဲမှာပင် ငြိမ်းပြတ်သွားအောင် နှိမ်နှင်းကြမည်'ဟု ကတိဝတ် ပြုတော်မူကုန်၏။ (သင့်လျော်သော နှလုံးသွင်းဖြင့်ဖြစ်စေ၊ တရားရှုမှတ်၍ဖြစ်စေ ပယ်ရမည်ကို ဆိုလိုခြင်းဖြစ်သည်။)

ထိုနေ့မှစ၍ ရဟန်းတို့သည် သွားဆဲကိလေသာဖြစ်ပေါ်ပါက သွားနေဆဲမှာပင် ထိုကိလေသာကို နှိမ်၏။ မနှိမ်နိုင်လျှင် ရပ်နေ၏။ ရှေ့ကသွားနေသော ထိုရဟန်း ရပ်နေလျှင် နောက်ကလိုက်လာသော ရဟန်းများကလည်း လိုက်၍သာ ရပ်နေကြ၏။ ထိုအခါမှာ ကိလေသာဖြစ်နေသော ထိုရဟန်းသည် 'နောက်က ရဟန်းလည်း သင့်အကြံကို သိသွားပြီ၊ ဤအကြံသည် သင်နှင့်မတော်သည့်အကြံပဲ၊ မရှက်ဘူးလား'စသည်ဖြင့် မိမိကိုယ်ကို အပြစ်တင်၍ ကိလေသာကို နှိမ်၏။ ဝိပဿနာကို ပွားစေလျက် အရိယာအဖြစ်သို့ ရောက်သွားသည်လည်း ရှိ၏။ ရပ်နေရင်း မနှိမ်နိုင်သေးလျှင် ထိုင်ပြန်၏။ ထိုအခါမှာ နောက်ကရဟန်းလည်း ထိုင်ရပြန်လေ၏။

ဤသို့နှလုံးသွင်း ရှုမှတ်ခြင်းဖြင့် အရိယာအဖြစ်သို့ မရောက်နိုင်စေကာမူ

http://www.dhammadownload.com

ဖြစ်ပေါ်ဆဲကိလေသာကိုမူကား ပယ်ခွာ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျင် သွား၏။ ကမ္မဋ္ဌာန်းမပါဘဲမူကား ခြေကို မကြွပေ။ ကြွမိလှမ်းမိလျင် မူလရှေးနေရာသို့ ပြန်လာ၍ ရှုမှတ်ပြီးမှသာ တစ်ဖန်သွားလေ၏။

အာဠိန္ဒကကျောင်း၌ သီတင်းသုံးနေတော်မူသော မဟာဖုဿဒေဝမထေရ်သည်(၁၉)နှစ်ပတ်လုံး 'ဂတပစ္စာဂတဝတ်'ကို ဖြည့်ကျင့်တော်မူ၏။ ဆွမ်းခံသွားရင်း အမှတ်လွတ်သွား၍ နောက်သို့ပြန်ဆုတ်လိုက်၊ ရှေ့သို့ကြွသွားလိုက် ဖြစ်နေ၏။ ဆွမ်းခံလမ်းအနီးတွင် ထွန်ယက်စိုက်ပျိုးလျက်၊ စပါးရိတ်၊စပါးနယ်နေသူတို့သည် ထိုမထေရ်၏ နောက်ပြန်ကာ၊သွားလာနေသည်ကို မြင်ရ၍ 'ဒီမထေရ်ကြီး ပြန်ပြန်ပြီး သွားနေတာဟာ မျက်စိလည်၍လား၊ တစ်ခုခုကို မေ့ကျန်ခဲ့နေလား'ဟု အချင်းချင်း ပြောဆိုနေကြ၏။ သို့သော်လည်း ထိုမထေရ်ကား လူတို့၏စကားကို ဂရုမစိုက်ဘဲ သတိမလွတ်သော စိတ်ဖြင့်သာလျင် ကမ္မဋ္ဌာန်းတရားကိုအားထုတ်လျက် အနှစ်(၂၀) မြောက်အတွင်း၌ပင် ရဟန္တာဖြစ်တော်မူပေသည်။

ထို့ပြင် ကာလဝလိမဏ္ဍပ်ကျောင်းနေ မဟာနာဂမထေရ်သည်လည်း ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် ရှေးဦးစွာ မြတ်စွာဘုရား၏ ဒုက္ခရစရိယာ အကျင့်ကို ပူဇော်လို၍ (၇)နှစ်ပတ်လုံး ရပ်ခြင်း၊စကြီ သွားခြင်းကိုသာ ဆောက်တည်၍ ကျင့်၏။ ထို့နောက်မှာ (၁၆)နှစ်ပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် ရဟန္တာဖြစ်တော်မူသည်။

ဤမထေရ်သည် ဆွမ်းခံရှာသို့ဝင်သောအခါ ရေကို ငုံ၍ သွားလေ့ရှိ၏။ အကြောင်းမှာ ဆွမ်းလောင်းရန်၊ ရှိခိုးရန်လာသော ဒကာ၊ဒကာမတို့အား 'ချမ်းသာကြပါစေ၊ အသက်ရှည်ကြပါစေ'ဟု ဆုပေးမိရုံမျှဖြင့်ပင် သမာဓိကျဲသွားခြင်း မဖြစ်စေလိုသောကြောင့် ဖြစ်၏။ သို့သော် လူတို့က မေးမြန်းလျှောက်ထားလျင်ကား ရေကို မျိုချပြီးမှ ဖြေကြား၏။ အမေးအမြန်းမရှိလျင်ကား ရွာတံခါးသို့ရောက်မှ ထွေး၍ သွားတော်မူ၏။

ကလမ္ဗဆိပ်ကမ်းကျောင်း၌ ဝါကပ်သောရဟန်း(၅၀)တို့သည်လည်း ဤနည်းတူပင် ကျင့်ကြ၏။ ထိုရဟန်းတော်တို့သည် ဝါဆိုလပြည့်နေ့၌ 'ငါတို့သည် အရဟတ္တဖိုလ်သို့မရောက်သေးဘဲ အချင်းချင်း စကားမပြောကြစတမ်း'ဟု ကတိကဝတ်ကို ပြုကြ၏။ (ဤကတိကဝတ်သည် အရေးမကြီးသော အလွတ်စကားကိုသာ မပြောရန်ရည်ရွယ်သည် ဖြစ်ရာ၏။ လုံးဝစကားမပြောဘဲနေရန် ကတိကဝတ်မျိုးကိုကား မပြုကောင်းပေ။ ပြုလျင် ရဟန်းမှာ အာပတ်သင့်၏။ မဟာစည်ဆရာတော်)

http://www.dhammadownload.com

ကမ္မဋ္ဌာန်းအာရုံကို အသွားအပြန်ဆောင်သော ဤဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သောရဟန်းသည် ဥပနိဿယနှင့်ပြည့်စုံပါက ပထမအရှယ်၊ ဒုတိယအရှယ်၊ တတိယအရှယ် တစ်ပါးပါး၌ပင် ရဟန္တာဖြစ်၏။ မဖြစ်သေးလျှင် ဒုတိယဘဝ၌ နတ်ပြည်တွင် ရဟန္တာဖြစ်၏။ မဖြစ်သေးလျှင် ဘုရားမပွင့်ရာကာလ၌ ပစ္စေကဗုဒ္ဓါသော်လည်းကောင်း၊ နောင်ဘုရားလက်ထက်တွင် ထင်ရှားသော အဂ္ဂသာဝက၊ မဟာသာဝကသော်လည်း ဖြစ်နိုင်ပေ၏။ (အဋ္ဌကထာမှတ်ချက်)

(၄) ဂေါစရသမ္မဇဉ်ကို အသွားအပြန်ဆောင်သောယောဂီအား အသမ္မောဟသမ္မဇဉ်သည် ပြီးပြည့်စုံ၏။ ဂေါစရသမ္မဇဉ်ပြည့်စုံသည်နှင့် မတွေမဝေသော အသိဉာဏ်ခေါ် အသမ္မောဟသမ္မဇဉ်သည် အလိုလို ဖြစ်ပေါ်လာပေ၏။ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသည်တို့၌ မတွေမဝေလျက် အသမ္မောဟသမ္မဇဉ်ဖြစ်လျက် သိနိုင်ပုံမှာ-

၁။သုတမယအသိဉာဏ်,စိန္တာမယအသိဉာဏ်,ဘာဝနာမယအသိဉာဏ်တို့မှကင်းသော အနုပုထုဇဉ်သည် ရှေ့သို့တက်ခြင်းစသည်၌ **'အတ္တာ အတ္ထိ ကွမတိ'**- အတ္တကောင်က ရှေ့သို့သွား၏စသည်ဖြင့် 'ဒိဋ္ဌိဂါဟ'တရားဖြင့်လည်း တွေဝေသိ၏။ **'အဟံ အတ္ထိ ကွမော'** ရှေ့သို့သွားမှုကို ငါကပြု၏စသည်ဖြင့်လည်း 'မာနဂါဟ'တရားဖြင့် တွေဝေလျက် သိပေ၏။

၂။ **အတ္ထိ ကွမာတိစိတ္တေ**- ရှေ့သို့သွားမည်ဟူသောစိတ်သည်။ **ဥပ္ပဇ္ဇမာနေ**- ဖြစ်သည်ရှိသော်။ **တေနစိတ္တေန**- ထိုစိတ်နှင့်အတူတကွ။ **စိတ္တသမုဋ္ဌာန ဝါယောဓာတု**-စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်ခေါ် တောင့်တင်းလှုပ်ရှားဆောင်သွားမှုသည်။ **ဝိညတ္တိ ဇယမာနော**-ကာယဝိညတ်ခေါ် တောင့်-ဆောင်လှုပ်ရှားစေနိုင်သောသတ္တိထူး၊ အမူအရာထူးကို ဖြစ်စေလျက်။ **ဥပ္ပဇ္ဇတိ**-ဖြစ်၏။

ဤသို့သောနည်းဖြင့် စိတ်နှင့်စပ်သော အမူအရာ တောင့်တင်းလှုပ်ရှားဆောင်သွားမှုဓာတ်သဘော၏ ပုံ့နှံ့လှုပ်ရှားခြင်းအားဖြင့် ကိုယ်ဟုခေါ်အပ်သော ဤအရိုးစု၊ရုပ်အစုသည် ရှေ့သို့လည်း တက်၏။ နောက်သို့လည်းဆုတ်၏။

၃။ ထိုသို့ ရှေ့သို့ကြွခြင်းစသောရုပ်အပေါင်း၌ တစ်ကြိမ် ခြေကြွမှုတွင် 'ပထဝီ၊အာပေါ'ဓာတ်နှစ်ပါးသည် သတ္တိနုံ့၏။ မထင်ရှား။ 'တေဇော၊ ဝါယော' ဓာတ်နှစ်ပါးကား သတ္တိထက်၏။ အလွန်ပင်ထင်ရှား၏။ ထိုမှတစ်ပါး ခြေလှမ်းအရှိန်ကို စွန့်မှု၌ 'တေဇော၊ဝါယော'နှစ်ပါးသည် သတ္တိညံ့၏။ 'ပထဝီ၊ အာပေါ'နှစ်ပါးသည် အားကြီးပြန်၏။ သတ္တိထက်ကုန်၏။

http://www.dhammadownload.com

၄။ ထိုကြွမှု၊လှမ်းမှုစသည်တို့တွင်လည်း ကြွခိုက်၌မပြတ်ဖြစ်ကုန်သော ကြွချီလိုစိတ်နှင့် ကြွချီမှုရုပ်တို့သည် ဆွဲဆောင်ခိုက်သို့ မလိုက်ပါကုန်။ ဆွဲဆောင်ခိုက်၌ နာမ်နှင့်ရုပ်တို့သည်လည်း လှမ်းခိုက်သို့မရောက်။ လှမ်းခိုက်၌ နာမ်နှင့်ရုပ်တို့သည်လည်း အရှိန်လွတ်ခိုက်သို့မရောက်။ အရှိန်လွတ်ခိုက်၌ နာမ်နှင့်ရုပ်တို့သည်လည်း ချထားခိုက်သို့မရောက်။ ချထားခိုက်၌ နာမ်နှင့်ရုပ်တို့သည်လည်း ဖိနှင်းခိုက်သို့မရောက်ကုန်။ (ကြွ၊ဆွဲ၊လှမ်း၊လွတ်၊ချ၊နင်း-၆-ချက်) ထိုထိုကြွခိုက်စသည်တို့၌ပင် တစ်ဆစ်စီ၊တစ်ပိုင်းစီ အလီလီ အပြတ်အပြတ်ဖြစ်လျက် အိုးကင်းထဲသို့ ပစ်ချအပ်သော နှမ်းစေ့တို့ပမာ ပေါက်ကွဲ ပျက်စီးကြရကုန်၏။

၅။ ထိုကဲ့သို့ ရုပ်နာမ်တို့၏ ဥပါဒ်၊ဌိ၊ဘင်အခိုက်သည် အလွန်လျင်မြန်စွာ ဖြစ်ပျက်နေကြကုန်၏။ ထိုသို့ လျင်မြန်သောအဟုန်ဖြင့် ရုပ်၊နာမ်တို့ဖြစ်ပျက်မှု၌ အဘယ်သူတစ်စုံတစ်ယောက်သည် ရှေ့သို့သွားနိုင်မည်နည်း။ နောက်သို့ ဆုတ်နိုင်မည်နည်း။ မည်သူတစ်စုံတစ်ယောက်၏ သွားမှုမျိုးမှ မဟုတ်ပါချေ။

'ပရမတ္တတော-ဓာတူနံယေဝ ဂမနံ' မျက်မှောက်သိအပ် သဘောပရမတ်အားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ငါကောင်မဖက် ဓာတ်သဘောတို့၏သွားခြင်းသာတည်း။

'ဓာတူနံယေဝ ဌာနံ' ဓာတ်သဘောတို့၏ ရပ်မှုသာတည်း။

'ဓာတူနံယေဝ သယနံ' ဓာတ်သဘောတို့၏ အိပ်မှုသာတည်း။

'ဓာတူနံယေဝ နိသိဇ္ဇံ' ဓာတ်သဘောတို့၏ ထိုင်မှုသာတည်း။

အကြားမလပ် စိတ်ဖြစ်ပျက်ပုံ

"အည် ဥပ္ပဇ္ဇတေ စိတ္တံ၊ အည် စိတ္တံ နိရုဇ္ဈတိ။
အဝိစိမနုသမ္ဘဒ္ဒေ၊ နဒီသောတောဝ ဝတ္တတိ"။

ထိုသို့ နာမ်နှင့်ရုပ်ဟူသော ဓာတ်သဘောတို့ ဖြစ်လျက်ပျက်ကြ ရာ၌-

'အည် ဥပ္ပဇ္ဇတေ စိတ္တံ' အသစ်ဖြစ်ပေါ်၊ဖြစ်ပေါ်လာသော ရှေ့စိတ်ကလည်း တစ်ခြားတစ်ပါးသာတည်း။

'အည် စိတ္တံ နိရုဇ္ဈတိ' ချုပ်၍ချုပ်၍သွားသော နောက်စိတ်ကလည်း တစ်ခြားတစ်ပါးသာတည်း။

'အဝိစိမနုသမ္ဘဒ္ဒေ'-ရှေ့စိတ်နောက်စိတ်တို့သည် အကြားမလပ်အောင် (အနန္တရ၊သမနန္တရ)သတ္တိ၏အစွမ်းဖြင့် ဆက်စပ်နေလျက်။

http://www.dhammadownload.com

'နဒီသောတောဝ ဝတ္ထတိ' မြစ်ရေအလျှဉ် တစ်သွင်သွင် စီးဆင်းနေဘိ သကဲ့သို့ အခါမလပ် ဖြစ်၍ပျက်၍ နေပေ၏။

သွားခြင်းစသည်၌ ရုပ်နာမ်အစုသည် ရပ်ခြင်းစသည်သို့ မရောက်။ ထိုခဏ၌ပင် ချုပ်ပျက်လေ၏။ ထိုင်ခြင်းစသည်၌ ရုပ်နာမ်အစုသည် အိမ်ခြင်းစသည်သို့ မရောက်။ ထိုခဏ၌ပင် ချုပ်ပျက်ရလေ၏။ စကားဆိုစဉ်စသည်၌ ရုပ်နာမ်သည် အလုပ်လုပ်ချိန်စသည်သို့ မရောက်။ ထိုခဏတို့၌ပင် ချုပ်ပျက်ကြရလေ၏။

ဤကဲ့သို့ ရှေ့သို့သွားမှု၊ နောက်သို့ဆုတ်မှုစသည်တို့၌ နာမ်နှင့်ရုပ်တို့ အကြားမလပ် ဖြစ်ပျက်နေမှုကို သိမှုသည် 'အသမ္မောဟသမ္ပဇဉ်' မတွေမဝေသိမှု၊ ဝိပဿနာဉာဏ်ပညာဖြင့် ပိုင်းခြားသိခြင်း ဖြစ်ပေ၏။

လင်္ကာ။ ''အိုအိုလူများ၊ သတိထားလော့၊ သွားဆဲကာလ၊ ခါသမယတွင်၊ ပထမခြေလှမ်း၊ ရုပ်နာမ်တမ်းသည်၊ လှမ်းဒုတိယ၊ မရောက်ကြဘူး။ ဒုတိယလှမ်း၊ ရုပ်နာမ်တမ်းလည်း၊ လှမ်းတတိယ၊ မရောက်ကြခင်။ တစ်လှမ်းတွင်လည်း၊ မြှောက်စဉ်တစ်မျိုး၊ ရှေ့တိုးတစ်ဖုံ၊ ရှောင်တုံတစ်ဝ၊ အောက်ချတစ်ခင်း၊ ထိခြင်းတစ်လေ့၊ ဖိနင်းစေ့အောင်၊ တစ်ရွှေ့ရွှေ့မြန်း၊ ရုပ်နာမ်တမ်းတို့၊ နှမ်းအိုးကင်းထက်၊ နှမ်းတွေကျက်သို့၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်၊ ဒုက္ခ,အနတ္တသဘောပါတကား။

ဝိပဿနာအရာ၌ အရေးကြီးသောသမ္ပဇဉ်

ထိုသမ္ပဇဉ်လေးပါးတွင် **သာတ္ထကနှင့်သပ္ပါယ**(၂)မျိုးတို့သည် ဘာဝနာကိစ္စ၊ ဝိပဿနာကိစ္စမဟုတ်သဖြင့် ဝိပဿနာအားထုတ်ရာတွင် တိုက်ရိုက်အသုံးမတည့်။ **ဂေါစရသမ္ပဇဉ်နှင့် အသမ္မောဟသမ္ပဇဉ်**(၂)ပါးကား ပညတ်အာရုံကို ဖယ်ကြဉ်၍ ပရမတ်အာရုံ၊ပစ္စုပ္ပန်အခိုက်တွင် အသုံးချရသော ဝိပဿနာသမ္ပဇဉ်မျိုး ဖြစ်၏။

ဝိပဿနာကိစ္စ၏ လိုရင်းသမ္ပဇဉ်မှာ ရုပ်နာမ်ခန္ဓာဟူသော ပရမတ်သဘော အမှန်ကို အမှန်အတိုင်းသိရသည့် သမ္မာဒိဋ္ဌိတည်းဟူသော 'အသမ္မောဟသမ္ပဇဉ်'ပင် ဖြစ်ပေ၏။ ဉာဏ်ပညာ၏ကိစ္စဖြစ်သောကြောင့် မည့်သည့်ဝိပဿနာအာရုံ၌မဆို အသိအမြင်မှန်ဖြင့် မတွေမဝေသိမြင်နေနိုင်မှုဟူသော **'အသမ္မောဟသမ္ပဇဉ်'**သည် မပါမဖြစ် အရေးကြီးလှပေ၏။

မိမိ၏အသိဉာဏ် အမြင်မှန်မှုဟူသော 'အသမ္မောဟသမ္ပဇဉ်'သည် ထက်မှု၊နုံ့မှု၊နုမှု၊ရင့်မှုအားလျော်စွာ ဝိပဿနာဉာဏ် တိုးတက်လာ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့တိုင်အောင် ကျေးဇူးပြုနိုင်ပေ၏။

http://www.dhammadownload.com

သတိသမ္ဘေဇ္ဈမလွတ် သိမှတ်နေရမှု

ထိုအသမ္ဘောဟသမ္ဘေဇ္ဈဖြင့် အသိအမြင်မှန်စွာ မတွေ့မဝေ သိနေရမည့် သတိပဋ္ဌာန်အာရုံတို့မှာ အိမ်ရာထချိန် မနက်မိုးလင်းမှစ၍ အိပ်ပျော်သည့် အချိန်ထိတိုင် ကျင်ကြီးကျင်ငယ်စွန့်ချိန်အဆုံး နေ့တဝှေ့ဝပြုမှုလှုပ်ရှားသမျှ စီးပွားလုပ်မှု ကိစ္စမှန်သမျှ၌ ဖြစ်ပေ၏။ မိမိသန္တာန်၌ ကိုယ်ဖြင့်ပြုမှုကာယက၊ နှုတ်ဖြင့်ပြောမှု ဝစီကံအမှုအရာအားလုံး၌ ဖောက်ပြန်မှုရှိပ်အပေါင်းမျှဟု သိမှတ်ရသကဲ့သို့ သူတစ်ပါးတို့သန္တာန်၌လည်း ဤကဲ့သို့တည်းဟု သိမှတ်နေရပေ၏။

ကာယာနုပဿနာသတိပဋ္ဌာန်ယောဂီသည် မိမိ၊သူတစ်ပါးနှစ်ဦးသားတို့၏ သန္တာန်၌ ဖောက်ပြန်တတ်သော ရုပ်အပေါင်း၏ဖြစ်မှု၊ပျက်မှုကို အဖန်ဖန် သတိသမ္ဘေဇ္ဈဖြင့်သာ သိမှတ်နေရ၏။ ထိုဖောက်ပြန်တတ်သောရုပ်အပေါင်းသာရှိ၏ တခြားဘာမျှမရှိဟု သတိရှေးရှုထင်စေလျက် အဆင့်ဆင့် သတိပဋ္ဌာန် အသိဉာဏ်တိုးပွားစေရ၏။

ယောဂီသည် ထိုဖောက်ပြန်မှုရှိပ်အပေါင်းတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှုရှိနေသည် မည်ပေ၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကဌ် တစ်စုံတစ်ခုကိုမျှ ငါ၊ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိနိုင်တော့ပေ။ ဤသို့ ဖောက်ပြန်မှုရှိပ်အပေါင်း၌ ဖောက်ပြန်မှုရှိပ်အပေါင်းဟု သတိသမ္ဘေဇ္ဈမပြတ် အဖန်ဖန်ရှုမြင်လျက် နေရ၏။

ပညာဖြင့်ဆင်ခြင်ရှုမြင်ပုံပြီး၏။

♦♦♦♦♦

ချမ်းသာပျော်ရွှင်၊ နေလိုလျှင်၊ မြဲပင်သတိထား။
သတိထားလျှင်၊ စိတ်ကြည်လင်၊ ပျော်ရွှင်ချမ်းသာပွား။
သတိတစ်လုံး၊ စွဲမြဲသုံး၊ အဆုံးနိဗ္ဗာန်လား။
သတိနဲ့နေသူဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးပုဂ္ဂိုလ် ဖြစ်တယ်။
ကိုယ့်ကိုယ်ကို ချစ်ရင် သတိနဲ့အသိကပ်ပြီး နေရမယ်။

(ရွှေဥမင်ဆရာတော်)

http://www.dhammadownload.com

၁-ကာယာနုပဿနာ ၄-ပဋိကူလမနသိကာရပဗ္ဗ
၄-စက်ဆုပ်ရွံ့ရှာဖွယ်ဟူနှလုံးသွင်းပုံ

၁။ ပုန စပရံ၊ ဘိက္ခवे၊ ဘိက္ခု ဣမမေव ကာယံ ဥဒ္ဓံ ပါဒတလာ၊ **အဓော ကေသမတ္ထကာ၊ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။** 'အတ္ထိ ဣမသ္မိ' ကာယေ- ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ၊ မေဒေါ အဿု ဝသာ ခေဠော သိဃာဏိကာ၊ လသိကာ မုတ္တ'န္တိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် အောက်ခြေဖဝါးမှ အထက်ဆံဖျားတိုင်အောင်၊ အထက်ဆံဖျားမှ အောက်ခြေဖဝါးတိုင်အောင် အရေပါးအဆုံးရှိသော အမျိုးမျိုးသော ရွံရှာဖွယ်တို့ဖြင့်ပြည့်သော ဤရုပ်အပေါင်း ဟူသော ခန္ဓာကိုယ်ကိုပင်- **''ဤကိုယ်၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း,လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊အသည်း၊ အမြှေး၊ အဖျဉ်း၊အဆုတ်၊ အူမ၊အူသိမ်၊အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်''** ဟူ၍ ရှုဆင်ခြင်ရာ၏။ ရဟန်းတို့ ဤသို့လျှင် ယောဂီသည် ဖောက်ပြန်မှု ဟူသောရုပ်အပေါင်း၌ ဖောက်ပြန်မှုရုပ်အပေါင်းဟု အဖန်ဖန်ရှုမြင်လျက် နေရမည်။

စက်ဆုပ်ဖွယ် ခန္ဓာကိုယ်ပါတကား

ဤခန္ဓာကိုယ်၌ **ဥဒ္ဓံ ပါဒတလာ**-အောက်ခြေဖဝါးမှ အထက်ဆံဖျား အထိ။ **အဓော ကေသမတ္ထကာ**-အထက်ဆံဖျားမှအောက်ခြေဖဝါအထိ ဉာဏ်ဖြင့်ကြည့်ပါ။ ဘာတွေကို တွေ့ရမည်နည်း?။ ပုလဲလုံး၊ ပတ္တမြားတုံး၊ရွှေ၊ငွေ၊စိန်စသောအဖိုးတန်ရတနာနှင့် တူသောအရာဟူ၍ ဘာတစ်ခုကိုမျှ မတွေ့ရ။ တွေ့ရသည်မှာ-

တစပရိယန္တံ-အရေထူ၊ အရေပါးတို့ဖြင့် ဖုံးအုပ်ထား၏။ **ပူရံ နာနပ္ပကာရဿ အသုစိနော**-အမျိုးမျိုးအပြားပြား စက်ဆုပ်ရွံ့ဖွယ် မစင်ကြယ်ရာများသာ အပြည့်ရှိ၏။ ထိုစက်ဆုပ်ရွံ့ဖွယ်မစင်ကြယ်ရာများသည် မိမိခန္ဓာကိုယ်ရှိ အမှန်အတိုင်းသိအပ်သော အစစ်အမှန်သဘာဝ ဓာတ်သဘောတရားတို့ ဖြစ်၏။ မမြင်အောင်ဖုံးကွယ်ပစ်၍ မရ။ မလှလှအောင် ပြုပြင်နေရုံမျှဖြင့်လည်း အကျိုးမရှိ။ မမြင်မြင်အောင် ကြည့်၍ မသိ၊ သိအောင်ပြုနိုင်ပါမှသာ ဝိပဿနာဉာဏ်အဆင့်ဆင့်ရင့်ခြင်း အကျိုးရှိ၏။

http://www.dhammadownload.com

၂။ သေယျထာပိ၊ ဘိက္ခဝေ၊ ဥဘတောမုခါ ပုတောဠိ ပူရာ နာနာဝိဟိတသ ဓညဿ၊ သေယျထိဒံ သာလိနံ ဝိဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ။ တမေနံ စက္ခုမာ ပုရိသော မုဋ္ဌိတ္ဝာ ပစ္စဝေက္ခေယ္ယ 'ဣမေ သာလိ၊ ဣမေ ဝိဟီ ဣမေ မုဂ္ဂါ ဣမေ မာသာ ဣမေ တိလာ ဣမေ တဏ္ဍုလာ'တိ။ ဧဝမေဝ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဝေါ ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ 'အတ္ထိ ဣမသ္မိं ကာယေ ကေသာ လောမာ။ ပ ။ မုတ္တ'န္တိ။

ရဟန်းတို့၊ ဥပမာမည်သည်ကား- နှစ်ဖက်မျက်နှာဝရှိသော အိတ်သည် စပါးအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိရာ၏။ အဘယ်စပါးတို့နည်းဟူမူ- သလေးစပါး၊ ကောက်ကြီးစပါး၊ ပဲနောက်၊ ပဲကြီး၊ နှမ်း၊ ဆန်တို့တည်း။ မျက်စိအမြင်ရှိသော ယောကျ်ားသည် ထိုအိတ်ကိုဖြေ၍ 'ဤကား သလေးစပါးတို့တည်း၊ ဤကား ကောက်ကြီးစပါးတို့တည်း၊ ဤကား ပဲနောက်တို့တည်း၊ ဤကား ပဲကြီးတို့တည်း၊ ဤကား နှမ်းတို့တည်း၊ ဤကား ဆန်တို့တည်း'ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့တည်း။

ဤအတူ၊ ရဟန်းသည် ။(ပ)။နှပ်၊ **အစေး၊ ကျင်ငယ်**''ဟူ၍ ရှုဆင်ခြင်ရ၏။

ဣတိ အဗ္ဘန္တရံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧဝမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ပဋိကူလမနသိကာရပဗ္ဗပြီး၏။

ဤခန္ဓာကိုယ်ကို အစုအပုံ(၃၂)ခုပြုပုံ

ပထဝီဓာတ်သဘောအစု(၂၀)

၁။ **ကေသာ**- ဆံပင်ပေါင်း (၂၅၀,ဝ၀၀၀၀)ခန့်ရှိ၏။

၂။ **လောမာ**-အမွေး၊ (၉၉၀၀၀၀)ခန့်ရှိ၏။

၃။ **နခါ**-လက်သည်း၊ခြေသည်း၊ (၂၀)ရှိ၏။

၄။ **ဒန္တာ**-သွား၊ (၃၂)ချောင်း ရှိ၏။

၅။ **တစော**-အရေထူး၊အရေပါး၊ တစ်ကိုယ်လုံးခွာလုံးသော် ဆီးစေ့ခန့်ရှိ၏။

၆။ **မံသံ**- အသားတစ်၊ (၉၀၀)ခန့်ရှိ၏။

၇။ **နှာရု**- အကြော(၇၀၀၀၀)ရှိ၏။

၈။ **အဋ္ဌိ**- အရိုး၊ သုံးရာ(၃၀၀)ရှိ၏။

၉။ **အဋ္ဌိမဇ္ဇံ**- ရိုးတွင်းခြင်ဆီ၊ အရိုးထဲမှ ဖြူသောအဆင်းရှိ၏။

http://www.dhammadownload.com

၁၀။**ဝက္ကံ**- အညို့၊ နှလုံးသားကိုခြိုရံ၍တည်သော အသားစိုင်နှစ်ခု။
၁၁။**ဟဒယံ**-နှလုံး၊ တလက်ဖက်မျှသော နှလုံးသွေး၏တည်ရာနှလုံးသား။
၁၂။**ယကနံ**-အသည်း၊ ကသစ်ရွက်နှင့်တူ၏။
၁၃။**ကိလောမကံ**၊ အမြွေး၊ နှစ်ခုသောအမြွေး။
၁၄။**ပိဟကံ**၊ အဖျဉ်း၊ သရက်ရွက်ဟုခေါ်သည်။
၁၅။**ပပ္ဖါသံ**၊ အဆုတ်။
၁၆။**အန္တံ**၊ အူမ၊ နှစ်ဆယ့်တစ်ပတ်ခွေ၍ နေ၏။
၁၇။**အန္တဂုဏံ**၊ အူသိမ်၊ အူမကြီးကို ရစ်ပတ်ခွေနေ၏။
၁၈။**ဥဒရိယံ**၊ အစာသစ်၊ စားပြီးစခွေးအံ့ဖတ်နှင့်တူ၏။
၁၉။**ကရီသံ**၊ အစာဟောင်း၊ အစာအိမ်မှကျက်ပြီးကျလာသော ကျင်ကြီး။
၂၀။**မတ္ထလုင်ဂ်**၊ ဦးဏှောက်၊ မုန့်ညက်ခဲနှင့်တူသောဖြူသောဦးဏှောက်။

အာပေါဓာတ်သဘောအစု(၂၀)

၁။ **ပိတ္တံ**- သည်းခြေ၊
၂။ **သေမှံ**-သလိပ်
၃။ **ပုဗ္ဗော**-ပြည်ပုပ်၊
၄။ **လောဟိတံ**၊ သွေး၊
၅။ **သေဒေါ**- ချွေး၊ ဆီကြည်အဆင်းရှိ။
၆။ **မေဒေါ**၊ အဆီခဲ။
၇။ **အဿု**- မျက်ရည်။
၈။ **ဝသာ**၊ ဆီကြည်။
၉။ **ခေဠော**- တံတွေး။
၁၀။**သိဃာဏိကာ**- နှပ်။
၁၁။**လသိကာ**- အစေး။
၁၂။**မုတ္တံ**- ကျင်ငယ်။

ဤသို့ ပထဝီဓာတ်အစု(၂၀)၊ အာပေါဓာတ်အစု(၁၂)အားဖြင့် ခန္ဓာကိုယ်ရှိ အစုအပုံကောင်ဘာသ (၃၂)ခု ရှိ၏။ မိမိခန္ဓာကိုယ်၌ရှိသော ထိုကောင်ဘာသအစုတို့အား တစ်နေရာ၌ တစ်ခုစီ၌ တစ်ခုစီပုံစု၍ထားသည်ရှိသော် မြင်ရသူယောဂီ၏ အသိဉာဏ်၌-

၁။ **ဝဏ္ဏတောဝါ**- အဆင်းအားဖြင့်လည်းကောင်း။

http://www.dhammadownload.com

၂။ သဏ္ဌာနတောဝါ- အသွင်ပုံဟန်အားဖြင့်လည်းကောင်း။
၃။ ဂန္ဓတောဝါ- အနံ့အားဖြင့်လည်းကောင်း။
၄။ အာသယတောဝါ- ဖြစ်ရာအကြောင်းအားဖြင့်လည်းကောင်း။
၅။ သြကာသတောဝါ- တည်ရာအရပ်အားဖြင့်လည်းကောင်း။
(က)အသုစိဘာဝေန- မစင်ကြယ်သောအဖြစ်ဖြင့်။
(ခ)ဒိဂုစ္ဆိဘာဝေန- စက်ဆုပ်ဖွယ်၏အဖြစ်ဖြင့်။
(ဂ)ပဋိကူလဘာဝေန- ရွံရှာဖွယ်၏အဖြစ်ဖြင့်။
(ဃ)ဒုဂ္ဂန္ဓဘာဝေန- အနံ့မကောင်းသည်၏အဖြစ်ဖြင့်။
(င)အသုဘဘာဝေန- မတင့်တယ်သည်အဖြစ်ဖြင့်။

ပညာယမာနာ၊ ထင်ကုန်လျက်။ အတ္ထိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ ပစ္စ ဝေက္ခတိ၊ ဆင်ခြင်ရ၏။ ဤသို့ မိမိသန္တာန်၊သူတစ်ပါးသန္တာန်၌ အဆင်း၊ပုံစံ၊အနံ့၊ တည်ရာ၊အကြောင်း(၅)မျိုးကို မစင်ကြယ်မှုသဘောစသည်အားဖြင့် နှလုံးသွင်းခြင်း သည် ယောနိသောမနသိကာရ- အကြောင်းအားလျော်စွာ ဆင်ခြင်ခြင်း၊ အသင့်အား ဖြင့် နှလုံးသွင်းခြင်း မည်ပေ၏။

သမထ၊ဝိပဿနာခွဲပုံ

'ဆံပင်၊မွေးညှင်း၊စသည် (၃၂)ကောဋ္ဌာသအစုတို့ကို ရွတ်ဆိုပွားများ၍ စက်ဆုပ်ဖွယ်'ပဋိကူလမနသီကာရ' ဆင်ခြင်ရုံမျှသည် ပညတ်အာရုံအသွင်သာ ထင်မြင်သဖြင့် သမထအလုပ်သာ ဖြစ်၏။ ဝိပဿနာ မဖြစ်ပေ။ ဝိပဿနာအဖြစ် ပွားလိုသောယောဂီသည် ပညတ်အာရုံအဖြစ်မှ ပရမတ်အာရုံသို့ ပြောင်း၍ ရုပ်ကာယ သဘောအစစ်ကို မြင်အောင်ကြည့်၊သိအောင်ပြု၍ နှလုံးသွင်းဆင်ခြင်ပွားရာ၏။

မှတ်ချက်။ အနာပါနပဗ္ဗနှင့်၊ ပဋိကူလမနသီကာရပဗ္ဗသည် ပညတ်အာရုံ အဖြစ်၊ သမထဘာဝနာ၊သမာဓိ၏အစွမ်းဖြင့် ဟောတော်မူ၏။ ဝိပဿနာဘာဝနာ အဖြစ် ပွားများသူယောဂီတို့မှာ ပရမတ်အာရုံမြင်အောင် ကြည့်ရမည်။ ဤကာယာနု ပဿနာခန်း၌သာ 'သမထ၊ဝိပဿနာ'နှစ်မျိုး အားထုတ်၍ရအောင် ဟော၏။ ကျန်သော 'ဝေဒနာ၊ စိတ္တ၊ဓမ္မ'တို့၌ကား သမထမရဘဲ ဝိပဿနာသက်သက် အားထုတ်၍သာ ဖြစ်၏။

လက်စ်။ ပညတ်အာရုံ၊ သမထတုံ့။ တစ်ဖုံပရမတ်၊ ဝိပဿနာမှတ်။

http://www.dhammadownload.com

ဆံပင်ကို ဝိပဿနာအဖြစ်ရှုပုံ

ဣမသ္မိ သရီရေ-ဤကိုယ်၌။
ကေသာနာမ-ဆံပင်တို့မည်သည်။
ပါဋိဃေဏ္ဍော- အသီးအခြားဖြစ်သော။
ကောဋ္ဌာသော-အစုမျှဖြစ်၏။
အစေတနော-စိတ်စေတနာမရှိ။
အဗျာကတော-အဗျာကသဘောဖြစ်၏။
သုညော နိဿတ္တော-သတ္တဝါ၊ သူ၊ငါ၊မိန်းမ၊ ယောက်ျားသဘောမဟုတ်။
လဒ္ဓါပထဝီဓာတု 'မာမှ,ပျော့မှ'ဟူသောပထဝီဓာတ်သဘောမျှတည်း။

ဤကဲ့သို့ ပါဋိ၊မြန်မာနှစ်မျိုးတွင် မိမိနှစ်သက်သလို ဉာဏ်၌ ဆံပင်၊ အသွင်၊အဆင်း၊အခြင်းအရာ၊ လှမလှ၊ ကောင်းမကောင်းမမြင်၊ သတ္တဝါ၊ သူ၊ငါ၊ မိန်းမ၊ယောက်ျား၏ ဆံပင်ဟုမထင်၊ 'မာမှ၊ပျော့မှ' ပထဝီဓာတ်သဘောအစစ် မြင်လာအောင် နှလုံးသွင်းဆင်ခြင်ရှုမှုမြင်မှသာ ဝိပဿနာဖြစ်၏။ ကျန်သော အမွေး၊ ခြေသည်းစသော(၃၂)ကောဋ္ဌာသတို့၌ ဤနည်းအတိုင်း ဝိပဿနာရှုမှတ်ပါလေ။

မာတိကာမယ်တော်ကြီး ဝိပဿနာရှုပုံ

မာတိကာရှာနေ၊မာတိကာမယ်တော်ကြီးသည် တရားအားထုတ်ကြွလာသော ရဟန်း(၆)ကျိပ်တို့အား ဆွမ်း၊ သင်္ကန်း၊ကျောင်း၊ဆေးတို့ဖြင့် ထောက်ပံ့လှူဒါန်းလျက် ပြုစုလုပ်ကျွေး၏။ တစ်နေ့တွင် ထိုရဟန်းတို့အား 'အရှင်ဘုရားတို့ မည်သို့သော ကမ္မဋ္ဌာန်းတရားမျိုးကို အားထုတ်နေကြပါသလဲ?ဟု မေး၏။ ရဟန်းတို့က 'မယ်တော်ကြီး၊ ငါတို့သည် (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြတယ်။ မိမိကိုယ်ခန္ဓာ၌လည်း ကုန်ခြင်း၊ ပျက်ခြင်း သဘောကို ရှုမှတ်နေတယ်'ဟု ဖြေကြ၏။

'အရှင်ဘုရားတို့၊ အဲသည်လိုရှုမှတ်မှုမျိုးဟာ အရှင်ဘုရားတို့ပဲရှုမှတ်ရပါ သလားဘုရား။ တပည့်တော်တို့ကော ရှုမှတ်လို့ရနိုင်ပါသလား?။

'မယ်တော်ကြီး မြတ်စွာဘုရားတရားတော်ဆိုတာမျိုးဟာ 'ကဿစိ အဝါရိတော' ဘယ်လိုပုဂ္ဂိုလ်မျိုးကိုမှ တားမြစ်ပိတ်ပင်ထားခြင်းမျိုး မရှိပါဘူး။

ထိုနေ့မှစ၍ မာတိကာမယ်တော်ကြီးသည် ရဟန်း(၆)ကျိပ်နှင့်အတူ (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီးဖြန်း၏။ မိမိခန္ဓာကိုယ်ထဲ၌ 'ခယ-ကုန်ခြင်း၊ ဝယ-ပျက်ခြင်း'သဘောကို မြင်အောင်ကြည့်၏။သိအောင်အားထုတ်၏။ ရဟန်းများ

http://www.dhammadownload.com

သင်ပေးသည့်နည်းအတိုင်း ဝိပဿနာ ပွားများအားထုတ်နေရင်း 'တေဟိဘိက္ခုဟိ-ထိုရဟန်းတို့ထက်။ ပုရေတရမေဝ- ရှေးဦးစွာသာလျင်။ **တယောမဂ္ဂေစ ဖလာနိစ-**မဂ်သုံးပါး၊ဖိုလ်သုံးတို့သို့။ **ပါပုဏိ-**ရောက်၏။ အနာဂါမ်တည်သွားလေတော့သည်။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌ 'ဤ(၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းကို စီးဖြန်း၍၊ ဝိပဿနာပွားသဖြင့် သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာ တည်သွားသော အရိယာတို့မှာ ရေတွက်၍ပင် မကုန်နိုင်'ဟု ဆိုထားလေသည်။

(၃၂)ကောဋ္ဌာသ လိုရင်းချုပ်ရှုပွားပုံ

ဆံပင်၊မွေးညှင်းစသည် ၃၂-ပါးအပြည့်အစုံ ကျက်မှတ်ဆောင်ထားနိုင်သူများမှာ အပြည့်အစုံ နှလုံးသွင်း၍ ဝိပဿနာရှုနိုင်၏။ အားလုံးမကျက်မှတ်နိုင်၊ အချိန်မပေးနိုင်သူများမှာ လိုရင်းချုပ်ဖြစ်သော 'တစပဋ္ဌကကမ္မဋ္ဌာန်း'ဖြင့် စီးဖြန်းအားထုတ်နိုင်၏။ သုပ္ပါဝါသမင်းသမီး၏သားတော် ရှင်သိဝလိကိုရင်လေးအား အရှင်သာရိပုတ္တရာသည် ဆံပင်ရိပ်နေတုန်း အချိန်မှာပင် ဆံပင်အစ၊ အရေလျင်ငါးခုမြောက်ဖြစ်သော 'တစပဋ္ဌကကမ္မဋ္ဌာန်း'ကို သင်ပေး၍ ရှုမှတ်ပွားများစေ၏။ ဆံပင်ရိတ်ပြီးချိန်တွင်ကား ကိုရင်သိဝလိသည် အရဟတ္တဖိုလ်ပေါက် သိမြင်လျက် ရဟန္တာဖြစ်တော်မူ၏။ (ဓမ္မပဒအဋ္ဌကထာ)

'တစပဋ္ဌက'ကမ္မဋ္ဌာန်း အနုလုံ၊ပဋိလုံ ဆင်ခြင်ပွားပုံ

ဤကိုယ်၌ 'ဆင်ပင်၊မွေးညှင်း၊ခြေသည်း၊လက်သည်း၊သွား၊အရေ၊ အရေ၊ သွား၊လက်သည်း၊ခြေသည်း၊မွေးညှင်း၊ ဆံပင်'ဤငါးခုသည် အဆင်းအားဖြင့်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ ဖြစ်ရာအကြောင်းအားဖြင့်လည်းကောင်း၊ တည်ရာအရပ်အားဖြင့်လည်းကောင်း၊ 'မလှပ-မစင်ကြယ်၊စက်ဆုပ်-ရွံ့ရှာဖွယ်၊ မတင့်တယ်ပါတကား။ အနိစ္စ၊ဒုက္ခ၊အနတ္တ၊ အသုဘသာ ဖြစ်ပေစွတကား'ဟု ဉာဏ်၌ထင်မြင်လာအောင် ရှုပွားရာ၏။

လက်ာ။ ငါ၏ကိုယ်မှာ 'နံ့သာမွှေးကြိုင်၊ မမြဲခိုင်လှစွာ၊ ကောင်းရာမမြင်၊ **ဆံပင်**သာရှိ၊ **အမွှေး**ရှိ၍၊ **ခြေသည့်လက်သည်း**၊ **သွား**လည်းတစ်ထွေ၊ **အရေ**တစ်မျိုး၊ ငြိုနံ့ဆိုးသည်၊ အသိုးအပုတ်ချည်းပါတကား။ အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘပါတကား။

စက်ဆုပ်ရွံ့ရှာဖွယ်နှလုံးသွင်းဆင်ခြင်ပုံပြီး၏။

♦♦♦♦♦

http://www.dhammadownload.com

၁–ကာယာနုပဿနာ၊ ၅–ဓာတုမနသိကာရပဗ္ဗ

၅–ဓာတ်ကြီးလေးပါးနှလုံးသွင်းရှုမြင်ပုံ

၁။ပုန စပရံ၊ ဘိက္ခဝေ၊ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ။ 'အတ္ထိ ဣမသ္မိं ကာယေ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတူ'တိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် ရုပ်အပေါင်းဟူသော ဤကိုယ်ကို တည်မြဲ,ထားမြဲအတိုင်း ဓာတ်သဘောအားဖြင့် ရှုဆင်ခြင်ရ၏။ **''ဤကိုယ်၌ ခက်မာ,နူးညံ့မှုသဘော ပထဝီဓာတ်သည်၊ ယိုစီး,ဖွဲ့စေးမှုသဘော အာပေါဓာတ်သည်၊ ပူ,အေးမှုသဘော တေဇောဓာတ်သည်၊ ထောက်ကန်,လှုပ်ရှားမှုသဘော ဝါယောဓာတ်သည် ရှိ၏'**ဟူ၍ ဆင်ခြင်ရ၏။

၂။သေယျထာပိ ဘိက္ခဝေ၊ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိं ဝဓိတ္တာ စတုမဟာ ပထေ ဗိလသော ဝိဘဇိတ္တာ နိသိန္နော အဿ။ ဧဝမေဝ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော ပစ္စဝေက္ခတိ။

ရဟန်းတို့၊ ဥပမာမည်သည်ကား- ကျွမ်းကျင်သော နွားသတ်သမားဆရာ၊ တပည့်သည် နွားကို သတ်၍ လမ်းလေးခွဆုံ၌ နွားသားတို့ကို အပုံအပုံခွဲခြားထား၍ တွေ့မြင်ကာ ထိုင်နေ၏။ ထို့အတူသာလျှင် ဤကိုယ်ကို အကြင် တည်မြဲထားမြဲ အတိုင်းပင် သတ္တဝါကောင်မဟုတ်သော ဓာတ်သဘောအားဖြင့် ရှုမြင်ဆင်ခြင်ရ၏။

ဣတိ အဗ္ဘန္တရော ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧဝမ္ပိ ခေါ၊ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ဤသို့လျှင် ယောဂီသည် ဖောက်ပြန်မှုဟူသောရုပ်အပေါင်း၌ ဖောက်ပြန်မှု ရုပ်အပေါင်းဟု အဖန်ဖန်ရှုမြင်လျက် နေရမည်။

ဓာတုမနသိကာရပဗ္ဗ

ခန္ဓာကိုယ်ရှိ ဓာတ်သဘောကြီး(၄)ပါး

'အတ္တာနော သဘာဝံ ဓာရေတီတိ ဓာတု' ကိုယ့်သဘော ကိုယ်ဆောင်တတ်သောကြောင့် 'ဓာတ်'မည်၏။ ထိုဓာတ်ဟူသောသဘောသည် **'နိသ္သတ္တာ၊ နိဇ္ဇီဝ သဘာဝါ'**အရ- ပုဂ္ဂိုလ်၊သတ္တဝါ၊သူ၊ငါ၊မိန်းမ၊ယောကျ်ားတို့ မဟုတ်ပေ။ အသက်ဇီဝ

http://www.dhammadownload.com

မျိုးမရှိ။ သတ္တဝါမဟုတ်သော၊ အသက်ဇီဝကင်းသော သဘာဝတရား၊သဘောတရား သက်သက်မျှသာ ဖြစ်ပေ၏။

၁-ပထဝီဓာတ်- ခက်မာမှု၊နူးညံ့မှုသဘော 'ပထဝီ-မုဒု,ကက္ခဠော'
၂-အာပေါဓာတ်-ယိုစီးမှု၊ဖွဲ့စေးမှုသဘော'အာပေါ-အာဗန္ဓန,ပဗ္ဗော'
၃-တေဇော-ရင့်ကျင်ခြင်း ပူမှု၊အေးမှုသဘော'တေဇော- သီတုဏှော'
၄-ဝါယော-ထောက်ကန်လှုပ်ရှား၊ရွှေ့လျားမှုသဘော'ဝါယော-ဝိတ္ထမ္ဘော'

ခန္ဓာကိုယ်ရှိ ဓာတ်ကြီး(၄)မျိုးတွင် ပထဝီဓာတ်အစု(၂၀)၊ အာပေါဓာတ်အစု(၁၂)၊ တေဇောဓာတ်အစု(၄) ဝါယောဓာတ်အစု(၆)ပါးအားဖြင့် (၄၂)မျိုး ရှိ၏။ ပထဝီ၊အာပေါဓာတ်တို့မှာ ပဋိကူလမနသီကာရ (၃၂)ကောဋ္ဌာသ၌ပါပြီး ဖြစ်၏။

တေဇောဓာတ်သဘော(၄)မျိုး

၁။ သန္တပ္ပနတေဇော- အေးမှုသဘော။
၂။ ဇီရဏတေဇော- ရင့်ကျက်မှုသဘော။
၃။ ပရိဠဟနတေဇော- ပူလောင်ကျွမ်းမှုသဘော။
၄။ ပရိဏာမနတေဇော- စားသောက်တဲ့အစားအသောက်များ ကျေညက်မှုသဘော။

ဝါယောဓာတ်သဘော(၆)မျိုး

၁။ ဥဒ္ဓင်္ဂမဝါယော- အထက်သို့ဆန်တက်သောလေ။
၂။ အဓောဂမဝါယော- အောက်သို့စုန်ဆင်းသောလေ။
၃။ ကုစ္ဆိသယဝါယော- ဝမ်းတွင်းကိန်းအောင်းလေ။
၄။ ကောဋ္ဌာသယဝါယော-အူ၌တည်သောလေ။
၅။ အင်္ဂမင်္ဂါနုသာရိဝါယော- အင်္ဂါကြီးငယ်သို့လျှောက်သောလေ။
၆။ အဿာသပဿာသဝါယော- ထွက်သက်၊ဝင်သက်လေ။

စတုဓာတု ဝဝတ္ထာနကမ္မဋ္ဌာန်း

ပြခဲ့ပြီးသော ပထဝီဓာတ်(၂၀)၊ အာပေါဓာတ်(၁၂)၊ တေဇောဓာတ်(၄)၊ ဝါယောဓာတ်(၆)ပါးတို့ကို တစ်ခုချင်းစီ ဖြစ်စေ၊ အစုအပေါင်းဖြင့်ဖြစ်စေ ပိုင်းခြား

http://www.dhammadownload.com

သိလျက် သိမ်းဆည်းသောဉာဏ်သည် စတုဓာတုဝဝတ္ထာနကမ္မဋ္ဌာန်း မည်၏။

ပထဝီကောဋ္ဌာသတစ်ခုစီ၌ ကျန်သော အာပေါ၊တေဇော၊ ဝါယောဓာတ် (၃)မျိုးတို့လည်း ပါဝင်၏။ အာပေါကောဋ္ဌာသ၊ တေဇောကောဋ္ဌာသ၊ ဝါယောကောဋ္ဌာသတစ်ခုစီ၌လည်း ထို့အတူ ကျန်ဓာတ်(၃)မျိုးတို့ ရောယှက်လျက် ပါဝင်နေပေ၏။ သတ္တိထက်၊မထက်၊ စွမ်းအားအများ၊အနည်းသာ ခြားနားလေ၏။

ပညတ်နှင့်ပရမတ်ခွဲပုံ

ထိုဓာတ်ကြီးလေးပါးတို့တွင် မြေသဘောသည် ပထဝီဓာတ် ဖြစ်၏။ ရေသဘောသည် အာပေါဓာတ် ဖြစ်၏။ မီးသဘောသည် တေဇောဓာတ် ဖြစ်၏။ လေသဘောသည် ဝါယောဓာတ် ဖြစ်၏။ မျက်လုံးဖြင့်လည်းမြင်၍ရ၊ကိုယ်ဖြင့်လည်း ထိတွေ့၍ရမှုမျိုးဖြင့် သိနိုင်သော ပထဝီဓာတ်၊အာပေါဓာတ်၊တေဇောဓာတ်၊ ဝါယောဓာတ်တို့သည်ကား ပညတ်သာ ဖြစ်၏။ ပရမတ်ဓာတ်အစစ် မဟုတ်ပေ။ လောကဝေါဟာရကိုယူ၍ 'သညာဝိပွလ္လာသ'ဖြင့် သိခြင်းသာဖြစ်၏'ဟု ဆိုရလေ၏။

ပရမတ်သဘောကား ခက်မာ,နုချောမှုသဘော၊ ဖွဲ့စေး,ယိုစီးမှုသဘော၊ ပူ,အေးမှုသဘော၊ ထောက်ကန်,ရွှေ့လျားမှုသဘောတို့ ဖြစ်၏။ မျက်လုံးဖြင့်လည်းမမြင်ရ။ ကိုယ်ဖြင့်လည်း ထိတွေ့စမ်းသပ်၍ မရ။ စိတ်နှလုံးသွင်းဖြင့် အနုမာနဉာဏ်အမြင်၊ ဝိပဿနာဉာဏ်အမြင်တို့ဖြင့်သာ ရှုမှတ်သိမြင်နိုင်ပေ၏။

ဓာတ်ကြီးလေးခု မြင်အောင်ရှုပုံ

မြင်ဆဲ၊ကြားဆဲ၊နံ့ဆဲ၊စားဆဲ၊ထိုင်ဆဲ၊သွားဆဲ၊စသည် အရိုက်တိုင်း၌ မသိမှတ်သောအန္ဓပုထုဇဉ်တို့အား ရုပ်ဓာတ်၊နာမ်ဓာတ်သဘောတို့၌ ငါ၊သူတစ်ပါး၊ ယောက်ျား၊ မိန်းမစသည်ဖြင့် ယူမှားမိကြ၏။ ထို့ကြောင့် 'ဓာတ်ကြီးလေးခု၊ မြင်အောင်ရှု၊ ဖြစ်မှုဒိဋ္ဌိဝိသုဒ္ဓိ'နှင့်အညီ မြင်ခိုက်၊ကြားခိုက်စသည်တို့၌ ရုပ်ဓာတ်ကြီးလေးပါးသဘောတို့ကို သိမြင်အောင်ရှုမှတ်မှုသည် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။

'စတုန္ဓံဓာတူနံ- ဓာတ်ကြီးလေးခုတို့တွင်။ ဧကဒေသမတ္တမေဝ- ဓာတ်သဘောတစ်ခုမျှကိုသာလျှင်။ သမဿိတ္တာ-လက္ခဏာရေးသုံးပါး မြင်အောင်သိမှတ်နိုင်၍။ နိဗ္ဗာန်- နိဗ္ဗာန်သို့။ ပါပုဏန္တိ-ရောက်ကြလေကုန်၏'ဟုဆိုသဖြင့် ဓာတ်သဘောရောက်ဖို့သာ အရေးကြီး၏။ ဓာတ်သဘော တစ်မျိုးမျိုးကို မြင်သိနိုင်လျှင် ဒိဋ္ဌိကွာ၊ ဝိစိကိစ္ဆာ ပျောက်ပေ၏။

http://www.dhammadownload.com

ပထဝီဓာတ်သဘောတရား

ပထန္ဓိ ပတိဋ္ဌဟန္တိ ဇတ္ထ သဟဇာတရူပါနိတိ ပထဝီ။

ကက္ခဋ္ဌလက္ခဏာ။ မုဒုလက္ခဏာ ဝါ။ ပတိဋ္ဌာနရသာ။

မိမိနှင့်တကွဖြစ်ဖက်ရုပ်တို့၏ တည်ရာဖြစ်သောကြောင့် **'ပထဝီ'** မည်၏။ ခတ်မာကြမ်းခြင်း,နူးညံ့ခြင်းသဘော ဖြစ်၏။ မိမိနှင့်ဖြစ်တူပျက်တူဖြစ်သော အာပေါ,တေဇော,ဝါယောရုပ်တို့၏ တည်မှီရာကိစ္စ ရှိ၏။

အတ္တနော သဘာဝं ဓာရေတီတိ ဓာတု။ မိမိသဘောကိုသာဆောင်တတ်၊ သူတစ်ပါးသဘောကို မဆောင်တတ်သော ကြောင့် **'ဓာတ်'** မည်၏။ **ဓာတ္တဋ္ဌေနာမ သဘာဝဋ္ဌော-** ဓာတ်ဟူသည် သဘာဝတရား ဖြစ်၏။ **သဘာဝဋ္ဌေနာမ သုညဋ္ဌော-** သဘာဝတရားဟူသည် သတ္တ,ဇီဝစသည်မှ ဆိတ်သုဉ်း၏။ **သုညဋ္ဌော နာမ နိဿတ္တော-** ဆိတ်သုဉ်းမှုဟူသည် ငါ၊သူတစ်ပါး၊ယောက်ျား၊မိန်းမစသည် မရှိမှု ဖြစ်၏။ **ပထဝီယေव ဓာတု ပထဝီဓာတု-**ထိုခတ်မာကြမ်းခြင်း,နူးညံ့ခြင်း သည်ပင် သဘောတရား ဖြစ်၏။ ထို့ကြောင့် ပုဂ္ဂိုလ်၊သတ္တဝါ၊အတ္တ၊ ဇီဝစသည် မပါရှိသော **'ခတ်မာမှု၊နူးညံ့မှုသဘော'** တရားကို **'ပထဝီဓာတ်'** ဟု သိအပ်လေ၏။

ပထဝီသည် သက်ရှိပထဝီ၊သက်မဲ့ပထဝီဟု (၂)မျိုး ရှိ၏။ သက်မဲ့ပထဝီ မြေကြီးသည် ပထဝီလွန်ကဲသောအစုဖြစ်၍ ပထဝီဓာတ်ဟု ခေါ်ရသကဲ့သို့ သက်ရှိ သတ္တဝါတို့၌တည်ရှိသော ဆံပင်အစ ဦးနှောက်အဆုံးသော (၂၀)သော အစုတို့ကို လည်း ပထဝီလွန်ကဲသော အစုဖြစ်သဖြင့် ပထဝီဓာတ်ဟုပင် ခေါ်ဆိုသမုတ်အပ်၏။

အာပေါဓာတ်သဘောတရား

အာပေတိ ပတ္တရတီတိ အာပေါ။ ပဂရဏလက္ခဏာ။ အာဗန္ဓနလက္ခဏာ။

မိမိနှင့် တကွဖြစ်ဖက်ရုပ်တို့ကို ပျံ့နှံ့တိုးပွားစေတတ်သောသဘောသည် **'အာပေါဓာတ်'** မည်၏။ ထိုအာပေါဓာတ်သည် 'ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း' သဘော ဖြစ်၏။ မိမိနှင့် ဖြစ်တူပျက်တူဖြစ်သော ပထဝီ,တေဇော,ဝါယောရုပ်တို့ကို တိုးပွား စေခြင်းကိစ္စ ရှိ၏။

သက်မဲ့ရေသည် အာပေါလွန်ကဲသောအစုဖြစ်၍ အာပေါဓာတ်ခေါ်ဆိုရ သကဲ့သို့ ထို့အတူ သက်ရှိသတ္တဝါတို့၌ သည်းခြေအစ ကျင်ငယ်အဆုံးရှိသော(၁၂) ပါးသော အစုတို့ကိုလည်း အာပေါဓာတ်ဟုသမုတ်အပ်၏။ 'ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း' သည် အာပေါဓာတ်သဘောဟု သိအပ်၏။

http://www.dhammadownload.com

တေဇောဓာတ်သဘောတရား

တေဇောတိ သဟဇာတရူပါနိ ပရိပါစေတီတိ၊ဥသ္မာပေတီတိ တေဇော၊ ဥဏှလက္ခဏာ။ သီတလက္ခဏာ။

မိမိနှင့် တကွဖြစ်ဖက်ရုပ်တို့ကို ရင့်ကျက်စေတတ်၊ ပူလောင်စေတတ်သော သဘောသည် 'တေဇောဓာတ်' မည်၏။ ထိုတေဇောဓာတ်သည် ပူမှုသဘော၊ အေးမှုသဘော ဖြစ်၏။ ဖြစ်တူပျက်တူဖြစ်သော ပထဝီ,အာပေါ,ဝါယောရုပ်တို့ကို ရင့်ကျက်စေခြင်း ကိစ္စရှိ၏။

သက်မဲ့မီးသည် တေဇောလွန်ကဲသောအစုဖြစ်၍ တေဇောဓာတ်ဟုခေါ်ရသကဲ့သို့၊ ထို့အတူ သက်ရှိသတ္တဝါတို့၌ ဖျားနာခြင်း၊ ပူလောင်ခြင်း၊ဆံဖြူသွားကျိုးခြင်း၊ အစာအဟာရကို ကြေညက်စေခြင်း(၄)ပါးသော အစုတို့ကို တေဇောဓာတ်ဟုခေါ်ဝေါ်အပ်၏။ 'ပူမှု,အေးမှု'သည် တေဇောဓာတ်သဘောဟု သိမှတ်အပ်၏။

ဝါယောဓာတ်သဘောတရား

ဝါယတိ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေန ဘူတသံဃာတं ပါပေတီတိ ဝါယော။ ဝိတ္ထမ္ဘနလက္ခဏာ။ စလနလက္ခဏာ။

ရှေးဖြစ်နှင့်သောအရပ်မှ တစ်ပါးသောအရပ်၌ဖြစ်ခြင်းအကြောင်းအဖြစ်ဖြင့် ရုပ်ကလာပ်အကြား၌ဖြစ်သော မဟာဘုတ်အပေါင်းကို လှုပ်ရှားစေတတ်၊ ရောက်စေတတ်သောသဘောသည် 'ဝါယောဓာတ်' မည်၏။ ထိုဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘော ဖြစ်၏။ မိမိနှင့် ဖြစ်တူပျက်တူဖြစ်သော ပထဝီ,အာပေါ, ဝါယောရုပ်တို့ကို တွန်းကန်လှုပ်ရှားခြင်း ကိစ္စရှိ၏။

သက်မဲ့ဖြစ်သောလေသည် ဝါယောလွန်ကဲသောအစုဖြစ်၍ ဝါယောဓာတ်ဟုခေါ်ရသကဲ့သို့ သက်ရှိသတ္တဝါတို့၌ အထက်သို့ဆန်တက်သော်လေ၊ အောက်သို့စုန်ဆင်းသောလေ၊ ဝမ်းတွင်း၌တည်သောလေ၊အူတွင်း၌တည်သောလေ၊ အင်္ဂါကြီးငယ်သို့ လျှောက်သောလေ၊ ထွက်သက်ဝင်သက်လေ(၆)ပါးသောအစုတို့ကိုလည်းခေါ်ဝေါ်အပ်၏။ တွန်းကန်လှုပ်ရှားမှုသည် ဝါယောဓာတ်သဘောဟု မှတ်အပ်၏။

လက်ပ်။ ခက်မာ, ဖွဲ့စေး၊ ပူအေး,ထောက်ကန်၊ ဤလေးတန်၊ မှတ်ရန်လက္ခဏာ။
ပ-အာ-ဝါ-တေ၊ မြေ,ရေ,လေ,မီး၊ လွန်ပွားစည်း၊ ဓာတ်ကြီးစတုက္ကာ။

ဓာတ်ကြီးလေးပါးကိုစွဲမှီ၍ဖြစ်သော ရုပ်(၄)ပါး

ဝဏ္ဏ-အဆင်းရုပ်၊ **ဂန္ဓ**-အနံ့ရုပ်၊ **ရသ**-အရသာရုပ်၊ **သြဇ**-အဆီအစေးရုပ်

http://www.dhammadownload.com

(၄)မျိုးတို့သည် ပထဝီ၊အာပေါ၊တေဇော၊ဝါယောဟူသော ဓာတ်ကြီးလေးပါးတို့ကို အမြဲစွဲမှီ၍ဖြစ်သဖြင့် '**ဥပါဒါရုပ်**'တို့မည်၏။ ပထဝီ၊အာပေါ၊တေဇော၊ဝါယောတို့နှင့် ဝဏ္ဏ၊ဂန္ဓ၊ရသ၊သြဇာဟူသော ရုပ် (၈)မျိုးတို့ကို တကွဲတပြားစီဖြစ်အောင် ခွဲခြားမရ၊ အတူဖြစ်တတ်ကြသောကြောင့် '**အဝိနိဗ္ဘောဂရုပ်**'ဟု ခေါ်၏။

မြင်မှု၊ကြားမှု၊နံ့မှု၊စားမှု၊ထိမှုစသော ရုပ်ကလာပ်တိုင်း၌ ထိုရုပ်သဘော (၈)ခုအစုတို့ ပါဝင်မြဲပင် ဖြစ်ကြ၏။

လင်္ကာ။ မဟာဘူတ၊ ဝဏ္ဏ,ဂန္ဓာ၊ ရသ,သြဇာ၊ ရူစ်ဖြာအဝိနိဗ္ဘော။

ဓာတ်ကြီးလေးပါးရှုမြင်ပုံဥပမာ

ဝိပဿနာအားထုတ်သူသည် ပထဝီ၊အာပေါ၊တေဇော၊ဝါယောဟူသော ဓာတ်သဘောတို့ကို ရှုမြင်ဆင်ခြင်မှုပြုရာ၌ 'ပင်ကိုယ်ဗီဇွဲအသိနှင့် ဝိပဿနာဉာဏ်အသိ'အားဖြင့် ခွဲခြားထားရန် လိုပေ၏။

ဥပမာအားဖြင့် နွားသတ်သမားသည် နွားကို သတ်ဖြတ်၍ နွားသားတို့ကို ဆောင်ယူလျက် လမ်းဆုံ၌ အသားများကို စုပုံကာ ချရောင်းနေ၏။ ထိုနွားအသား အစုအပုံကြီးကို သူကိုယ်တိုင်ကလည်း နွားဟူ၍ လည်းကောင်း၊ နွားသားဟူ၍ လည်းကောင်း မမှတ်ထင်။ ဝယ်သူတို့အားလည်း နွား၊နွားသားဟူ၍ မပြောဆို။ 'အမဲသား၊ အသား'ဟူ၍သာ ပြောဆိုသိမှတ်၏၊

ထို့အတူ ယောဂီသည် ဓာတ်ကြီးလေးပါးတို့အား ပင်ကိုယ်ဗီဇအသိ အားဖြင့် ငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ယောကျ်ားစသည်အားဖြင့်လည်းကောင်း၊ ခေါင်း၊ ခြေ၊လက်၊နှာခေါင်းစသည်အားဖြင့်လည်းကောင်း ပညတ်အသိ၊ ပညတ်အမှတ် အသားတို့ကို ဖယ်ကြဉ်၍ 'မာ,ပျော့သဘော၊ ပူ,အေးသဘော၊ ယိုစီး,ဖွဲ့စေး သဘော၊ တွန်းကန်,ရွှေ့လျားသဘော'မျှတို့ဟူ၍ ပရမတ်အမြင်အသိတို့ ထားရှိလျက် ကြည့်နေ၊ သိနေ၊ ရှုမှတ်ဆင်ခြင် ပွားများနေရမည် ဖြစ်၏။

လောကီသင်္ခတတရားတို့၌ သိစိတ်ဟူသော(စိတ်စေသိက်) နာမ်တရားတို့မှ လွဲလျင် ကျန်အားလုံးသည် ဖောက်ပြန်တတ်မှု ဓာတ်ကြီးလေးပါး ရုပ်တရားအစု တို့သာ ဖြစ်၏။ ထို့ကြောင့် လိုရင်းအားဖြင့် 'သိမှုသည်နာမ်သဘော၊ ဖောက်ပြန်မှု သည်ရုပ်သဘော'။ ဤနှစ်ခုသော သဘောအစုသာ ရှိ၏။ ဤနှစ်ခုမှလွဲ၍ တခြား ဘာမျှမရှိပေတကားဟု ဉာဏ်၌ ထင်ထင်လင်းလင်း သိမြင်လာနိုင်မှုသည်ပင် '**ဝိပဿနာဉာဏ်**' ဖြစ်၏။

http://www.dhammadownload.com

ဓာတုမနသိကာရ ရှုမှတ်နေမှု

ကာယာနုပဿနာသတိပဋ္ဌာန်ယောဂီသည် မိမိသန္တာန်၌ ဓာတ်ကြီးလေးပါးဟူသော ဖောက်ပြန်မှုအစု သဘောတရားကို အဖန်ဖန် မြင်အောင်ကြည့်၍ သိမှတ်သကဲ့သို့ သူတစ်ပါးတို့၌လည်း ထိုဓာတ်သဘောကြီးလေးပါးဟူသော ဖောက်ပြန်မှုအစုသည် မိမိမှာကဲ့သို့တည်းဟု သိမှတ်ရ၏။

မိမိ၊သူတစ်ပါးနှစ်ဦးသားတို့၏သန္တာန်၌ ထိုဓာတ်ကြီးလေးပါးဟူသော ဖောက်ပြန်တတ်သောရုပ်အပေါင်း၏ ဖြစ်မှု၊ပျက်မှုကို အဖန်ဖန် သတိမပြတ် သိမှတ်နေရ၏။ ထိုဖောက်ပြန်တတ်သော ရုပ်အပေါင်းသာရှိ၏ တခြားဘာမျှမရှိဟု သတိရှေးရှုထင်စေလျက် အဆင့်ဆင့် သတိပဋ္ဌာန်အသိဉာဏ် တိုးပွားစေရ၏။

ယောဂီသည် ထိုဓာတ်ကြီးလေးပါးဟူသော ဖောက်ပြန်မှုရုပ်အပေါင်းတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှုရှိနေသည် မည်၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကဌ် တစ်စုံတစ်ခုကိုမျှ ငါ၊ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိနိုင်တော့ပေ။ ဤသို့ ဓာတ်ကြီးလေးပါးဟူသော ဖောက်ပြန်မှုရုပ်အပေါင်း၌ ဖောက်ပြန်မှုရုပ်အပေါင်းဟု သတိမပြတ် အဖန်ဖန်ရှုမြင်လျက် နေရ၏။

ဓာတ်ကြီးလေးပါးနှလုံးသွင်းရှုမြင်ပုံပြီး၏။

♦ ♦ ♦ ♦ ♦

၁–ကာယာနုပဿနာ၊ ၆–နဝသီဝထိကပဗ္ဗ

၆–သူဇေသကောင်(၉–မျိုး)ရှုမြင်ပုံ

၁။ ပုန စပရံဘိက္ခဝေ၊ ဘိက္ခု သေယျထာပိ ပဿေယျ၊ သရီရံ သိဝထိကာယ ဆဍ္ဍိတံ ဇကောဟမတံ ဝါ ဒ္ဝီဟမတံ ဝါ တီဟမတံ ဝါ ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကဇာတံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘာဝီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

http://www.dhammadownload.com

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော သေပြီး၍ တစ်ရက်၊နှစ်ရက်၊ သုံးရက်လွန်ဖြစ်သော ဖူးဖူးယောင်ထသော အဖြူအနီ ရောလျက် ညှိုသောအဆင်းရှိသော သွေးပုပ်ပြည်ပုပ်တို့.ယိုစီးကျနေသော သူသေ ကောင်ကို မြင်တွေ့.ရသကဲ့သို့၊ ထိုယောဂီသည် ရုပ်အပေါင်းဟူသော ဤကိုယ်ကို နှိုင်းဆသမျှ ဆင်ခြင်ပြု၍-'ဤငါ၏ကိုယ်သည်လည်း ဤသူသေကောင်အသွင် ဖူးဖူးရောင်သောသဘော ရှိ၏။ ဤသူသေကောင်အသွင် ဖူးဖူးရောင်ခြင်း ဖြစ်လတ္တံ့။ ဤသူသေကောင်အသွင် ဖူးဖူးရောင်ခြင်းသဘောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

၂။ ပုန စပရံ ဘိက္ခဝေ၊ ဘိက္ခု သေယျထာပိ ပသေယျ သရီရံ သိဝထိ ကာယ ဆဋ္ဌိတံ၊ ကာကေဟိ ဝါ ခဇ္ဇမာနံ၊ ကုလလေဟိ ဝါ ခဇ္ဇမာနံ၊ ဂိဒ္ဓေဟိ ဝါ ခဇ္ဇမာနံ၊ ကင်္ကေဟိ ဝါ ခဇ္ဇမာနံ၊ သုနခေဟိ ဝါ ခဇ္ဇမာနံ ဗျဂ္ဃေဟိ ဝါ ခဇ္ဇမာနံ ဒီပိဟိဝါ ခဇ္ဇမာနံ သိဂၢါလေဟိဝါ ဂိဒ္ဓေဟိဝါ ခဇ္ဇမာနံ၊ သုဝါနေဟိ ဝါ ခဇ္ဇမာနံ၊ သိဂၢါလေဟိဝါ ခဇ္ဇမာနံ ဝိဝိဓေဟိဝါ ပါဏကဇာတေဟိ ခဇ္ဇမာနံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘာဝီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရော ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော ကျီးစွန်ရဲ၊လင်းတ၊ဘုံမတီးငှက်၊ အိမ်ခွေး၊ ကျား၊ကျားသစ်၊မြေခွေး၊တောခွေးတို့သည် ခဲစားအပ်သော အထူးထူးအပြားပြားသော ပိုးလောက်တို့သည်လည်း ခဲစားအပ်သော ကိုယ်ကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသောဤကိုယ်ကို နှိုင်းဆသမျှဆင်ခြင်ပြု၍-'ဤငါ၏ကိုယ်သည်လည်း ဤသို့. ကျီး၊စွန်စသည်တို့. ခဲစားအပ်သော သဘောရှိ၏။ ဤသို့. ကျီး၊စွန်စသည်တို့.ခဲစားအပ်သကဲ့သို့. ဖြစ်လတ္တံ့။ ဤသို့. ကျီး၊စွန်စသည်တို့. ခဲစားအပ်သောသဘောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

၃။ ပုန စပရံ၊ ဘိက္ခဝေ၊ ဘိက္ခု သေယျထာပိ ပသေယျ၊ သရီရံ သိဝထိကာယ ဆဋ္ဌိတံ အဋ္ဌိကသခံလိကံ သမံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘာဝီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရော ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော

http://www.dhammadownload.com

အသား၊အသွေးအကြွင်းအကျန်တို့နှင့် တကွဖြစ်သော အကြောတို့ဖြင့်ဖွဲ့တွယ်လျက် အရိုးဆက်နေသော အရိုးစုသူသေကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသောဤကိုယ်ကို နှိုင်းဆသမှု ဆင်ခြင်ပြု၍-'ဤငါ၏ကိုယ်သည်လည်း ဤသို့အရိုးစုသဘောရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်ရပေလတ္တံ့။ ဤသို့သော အရိုးစုသဘောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

၄။ပုန စပရံ၊ ဘိက္ခဝေ၊ ဘိက္ခု သေယျထာပိ ပဿေယျ၊ အဋ္ဌိကသင်္ခလိကံ နိမ်သလောဟိတမက္ခိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံภาวี ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရော ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော အသားကင်းလျက် သွေးတို့ဖြင့်သာလိမ်းကျံသော အကြောတို့ဖြင့် ဖွဲ့တွယ်လျက် အရိုးဆက်နေသော အရိုးစုသူသေကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသောဤကိုယ်ကို နှိုင်းဆသမှု ဆင်ခြင်ပြု၍-'ဤ၏ကိုယ်သည်လည်း ဤသို့အရိုးစုသဘော ရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်လတ္တံ့။ ဤသို့သောအရိုးစုသဘောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

၅။ပုန စပရံ၊ ဘိက္ခဝေ၊ဘိက္ခု သေယျထာပိ ပဿေယျ၊ အဋ္ဌိက သင်္ခလိကံ အပဂတမံသလောဟိတံ နှာရုသမ္ဗန္ဓံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံภาวี ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရော ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော အသား၊အသွေး လုံးဝကင်းလျက် အကြောတို့ဖြင့်ဖွဲ့တွယ်လျက် အရိုးဆက်နေသော အရိုးစုသူသေကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသော ဤကိုယ်ကို နှိုင်းဆသမှု ဆင်ခြင်ပြု၍-'ဤငါ၏ကိုယ်သည်လည်း ဤသို့ အရိုးစုသဘော ရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်ရလတ္တံ့။ ဤသို့သောအရိုးစုသဘောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

၆။ပုန စပရံ၊ ဘိက္ခဝေ၊ဘိက္ခု သေယျထာပိ ပဿေယျ၊ အဋ္ဌိကာနိ

http://www.dhammadownload.com

အပဂတသမ္ဘန္ဓာနိ ဒိသာဝိဒိသာ ဝိက္ခိတ္တာနိ၊ အညေန ဟတ္ထဋ္ဌိကံ အညေန ပါဒဋ္ဌိကံ အညေန ဂေါ့ပ္ပကဋ္ဌိကံ အညေန ဇေယ်ဋ္ဌိကံ အညေန ဥရုဋ္ဌိကံ အညေန ကဋိဋ္ဌိကံ အညေန ဖာသုကဋ္ဌိကံ အညေန ဝိဋ္ဌိဋ္ဌိကံ အညေန ခန္ဓဋ္ဌိကံ အညေန ဂီဝဋ္ဌိကံ အညေန ဟနုကဋ္ဌိကံ အညေန ဒန္တဋ္ဌိကံ အညေန သီသကဋ္ဌာဟံ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘာဝီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခवे၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော အရပ်မျက်နှာတို့၌ ပစ်ကဲ့အပ်သော အကြောပြန်၍တွဲစပ်ခြင်းမရှိသော အရိုးစုသူသေကောင်ကို အရိုးတစ်ခြား လက်၊ခြေစသည် ကိုယ်အင်္ဂါတစ်ခြား ဖြစ်နေသော အရိုးစုသူသေကောင်ကိုတွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသော ဤကိုယ်ကို နှိုင်းဆသမ္ဘဆင်ခြင်ပြု၍-'ဤကိုယ်သည်လည်း ဤသို့အရိုးစု သဘောရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်ရလတ္တံ့။ ဤသို့သော အရိုးစုသဘောကို မလွန်ဆန်နိုင်' ဟု ရှုမြင်၏။

၇။ပုန စပရံ၊ ဘိက္ခဝေ၊ဘိက္ခု သေယျထာပိ ပဿေယျ၊ အဋ္ဌိကာနိ သေတာနိ သခ်ံဝဏ္ဏပဋိဘာဂါနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘာဝီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော ခရုသင်းအဆင်းနှင့်တူစွာ ဖြူသောအရိုးစုသူသေကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသောဤကိုယ်ကို နှိုင်းဆသမ္ဘ ဆင်ခြင်ပြု၍-'ဤ၎ငါ၏ ကိုယ်သည်လည်း ဤသို့အရိုးစုသဘော ရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်ရလတ္တံ့။ ဤသို့သောအရိုးစုသဘောကို မလွန်ဆန်နိုင်' ဟု ရှုမြင်၏။

၈။ပုန စပရံ၊ ဘိက္ခဝေ၊ဘိက္ခု သေယျထာပိ ပဿေယျ၊ အဋ္ဌိကာနိ ပုဉ္ဇကိတာနိ တေရောဝဿိကာနိ။ သော ဣမမေဝ ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘာဝီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု

http://www.dhammadownload.com

ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော အစုလိုက်ပြန့်ကျဲသော တစ်နှစ်ကျော်ရှိ မိုးရေစွတ်စိုသော အရိုးစုသေကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသောဤကိုယ်ကို နှိုင်းဆသမှု ဆင်ခြင်ပြု၍-'ဤငါ၏ကိုယ်သည်လည်း ဤသို့အရိုးစုသကော ရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်ရလတ္တံ့။ ဤသို့သောအရိုးစုသကောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

၉။ပုန စပရံ၊ ဘိက္ခဝေ၊ဘိက္ခု သေယျထာပိ ပသေယျ၊ အဋ္ဌိကာနိ ပူတိနိ စုဏ္ဏကစာတာနိ။ သော ဣမမေव ကာယံ ဥပသံဟရတိ။ 'အယမ္ပိ ခေါ ကာယော ဧवံဓမ္မော ဧवံဘावီ ဧवံအနတီတော'တိ။ ဣတိ အဗ္ဘန္တရော ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။ ပ ။ ဧवम्पि ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီသည် သုသာန်၌ စွန့်ပစ်ထားအပ်သော ဆွေးမြေ့၍ မှုန့်မှုန့်ညက်ညက် ကြဲကုန်သော အရိုးစုသေကောင်ကို တွေ့မြင်ရသကဲ့သို့၊ ယောဂီသည် ရုပ်အပေါင်းဟူသောဤကိုယ်ကို နှိုင်းဆသမှု ဆင်ခြင်ပြု၍-'ဤငါ၏ကိုယ်သည်လည်း ဤသို့အရိုးစုသကော ရှိ၏။ ဤအရိုးစုကဲ့သို့ ဖြစ်လတ္တံ့။ ဤသို့သော အရိုးစုသကောကို မလွန်ဆန်နိုင်'ဟု ရှုမြင်၏။

နဝသိဝထိကပဗ္ဗပြီး၏။

အသုဘကမ္မဋ္ဌာန်း

ဤနဝသိဝထိကပဗ္ဗသည် 'သူသေကောင်-၉-မျိုး'ကို အဆင့်-၉-ဆင့်ဖြင့် ဟောသော အသုဘဘာဝနာကမ္မဋ္ဌာန်းပင် ဖြစ်၏။ မိမိ၏ခန္ဓာကိုယ်ကို 'သူသေကောင်-၉-မျိုး'တို့တွင် တစ်မျိုးမျိုးဖြင့် နှိုင်းဆသမှုဆင်ခြင်ပြု၍ ခန္ဓာ၌ အပြစ်အာဒီနဝမြင်လျက် သံဝေဂဖြစ်အောင်ပွားလျင် ဝိပဿနာဉာဏ်၏ ကြီးမားသော အထောက်ပံ့ ဖြစ်ပေ၏။

ထို့ကြောင့် 'သံသာရေ အာဒီနဝေါ သခၽိရာနဿ သဘာဝေါ သုဒိဋ္ဌော'-မိမိ၏ခန္ဓာ,သံသရာ၌ အပြစ်မြင်ရှိ,မုန်းနေသူသည် ရုပ်နာမ်သခၽိရတရားတို့၏ ဖြစ်ပျက်သဘောအမှန်ကို မြင်လွယ်၏'ဟု ဆိုထားပေ၏။ (အပါဒါန်အဋ္ဌကထာ)

သူသေကောင်(၉)မျိုးရှုမြင်ပုံပြီး၏။

http://www.dhammadownload.com

ကာယာနုပဿနာ၌သမထ၊ဝိပဿနာခွဲပုံ

သတိပဋ္ဌာန်(၄)ပါးတွင် ကာယာနုပဿနာသတိပဋ္ဌာန် ရှုမှတ်နည်း၌ ထွက်လေ၊ ဝင်လေဟူသော **'အာနာပါနရှုနည်း'**၊ သွား၊ထိုင်၊ရပ်၊လျောင်းဟူသော **'ဣရိယာပထရှုနည်း'**၊ ကွေး၊ဆန့်စသော **'သမ္ပဇညရှုနည်း'**၊ မြေ၊ရေ၊လေ၊မီးဟူသော **'ဓာတ်ကြီးလေးပါးရှုနည်း'**၊ ဆံပင်၊မွေးညှင်းစသော **'၃၂-ကောဋ္ဌာသရှုနည်း'**၊ **'သူသေကောင်(၉)မျိုးရှုနည်း'** အားဖြင့် (၁၄)နည်း ညွှန်ပြ၏။

ထိုတွင် **ဣရိယာပထရှုနည်း၊ သမ္ပဇညရှုနည်း၊ ဓာတ်ကြီးလေးပါးရှုနည်း** (၃)မျိုးကိုသာ ဝိပဿနာအစွမ်းဖြင့် ဟောကြားတော်မူထား၏။ ထိုရှုနည်းတို့၌ ဝိပဿနာတိုက်ရိုက်ရှု၍ ရပေ၏။

အာနာပါနရှုနည်းနှင့် **၃၂-ကောဋ္ဌာသရှုနည်း** (၂)မျိုးကိုကား သမထ၏ အစွမ်းဖြင့် ဟောကြားတော်မူခြင်း ဖြစ်၏။ အဦးဆုံး သမထဘာဝနာဖြင့် သမာဓိ ထူထောင်ပြီးမှ ဝိပဿနာသို့ တက်နိုင်၏။ **သူသေကောင်(၉)မျိုးရှုနည်း**ကိုကား သမထအရာ၌ အသုဘကမ္မဋ္ဌာန်းအဖြစ် ရှုနိုင်၍ ဝိပဿနာအရာ၌ အာဒီနဝဉာဏ်၏ အာရုံသာဖြစ်၏ဟု အဋ္ဌကထာ၌ဆိုသဖြင့် ဝိပဿနာယာနိကယောဂီသည် **'ဣရိယာပုထ်ရှုနည်း၊ သမ္ပဇညရှုနည်း၊ ဓာတ်ကြီးလေးပါးရှုနည်း(၃)နည်း'** ကိုသာ ကာယာနုပဿနာအရာ၌ ဝိပဿနာဉာဏ်ဖြစ်ဖို့ရန် ပဓာနထား၍ ရှုမှတ်ရပေ၏။

ကာယာနုပဿနာသတိပဋ္ဌာန်ပြီး၏။

♦♦♦♦♦

အထဲဆွေးဆွေး၊ တကြွေးငိုင်၊ ကိုယ်တပန်းပန်း၊ စိတ်ဝမ်းမချိုက်၊
တရိုက်ရိုက်လျှင်၊ အလိုက်မလှဲ၊ အတို့သဲ၏။
ဆင်းရဲခွန်ရှည်၊ အနှယ်စည်သား၊
မတည်မရပ်၊ တပတ်ပတ်လျှင်၊ ရဟတ်ပမာ၊ ဤခန္ဓာသည်၊
မြင့်ကြာဘယ်နန့်မဆုံးသော်။ (လယ်တီဆရာတော်)

http://www.dhammadownload.com

၂–ဝေဒနာနုပဿနာ

ဝေဒနာကို ရှုမြင်ပုံ

၁။ 'ကထဋ္ဌ ပန၊ ဘိက္ခဝေ၊ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ ဘိက္ခု၊ သုခံဝါ ဝေဒနံ ဝေဒယမာနော 'သုခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ ဒုက္ခံဝါ ဝေဒနံ ဝေဒယမာနော 'ဒုက္ခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ အဒုက္ခမသုခံဝါ ဝေဒနံ ဝေဒယမာနော 'အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ။

ရဟန်းတို့၊ အဘယ်သို့လျင် ယောဂီသည် 'ခံစားမှုဝေဒနာတို့၌ ခံစားမှု သဘောမျှဟု ရှုဆင်ခြင်လျက် နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီသည် ချမ်းသာသောခံစားမှုကို ခံစားလျင်လည်း 'ချမ်းသာသောခံစားမှုကို ခံစား၏'ဟု သိ၏။ ဆင်းရဲသောခံစားမှုကို ခံစားလျင်လည်း 'ဆင်းရဲသောခံစားမှုကို ခံစား၏'ဟု သိ၏။ ဆင်းရဲမဟုတ်၊ချမ်းသာမဟုတ်သောခံစားမှုကို ခံစားလျင်လည်း 'ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သောခံစားမှုကို ခံစား၏'ဟု သိ၏။

၂။ သာမိသ ဝါ သုခံ ဝေဒနံ ဝေဒယမာနော 'သာမိသ သုခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ နိရာမိသ ဝါ သုခံ ဝေဒနံ ဝေဒယမာနော 'နိရာမိသ သုခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ သာမိသ ဝါ ဒုက္ခံဝေဒနံ ဝေဒယမာနော 'သာမိသ ဒုက္ခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ နိရာမိသ ဝါ ဒုက္ခံ ဝေဒနံ ဝေဒယမာနော 'နိရာမိသ ဒုက္ခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ သာမိသ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော 'သာမိသ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ၊ နိရာမိသ ဝါ အဒုက္ခမသုခံ ဝေဒနံ ဝေဒယမာနော 'နိရာမိသ အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမိ'တိ ပဇာနာတိ။

ကာမဂုဏ်နှင့်စပ်သော ဝမ်းသာမှုကို ခံစားလျင်လည်း 'ကာမဂုဏ်နှင့် စပ်သောဝမ်းသာမှုကို ခံစား၏'ဟု သိ၏။ ကာမဂုဏ်နှင့်မစပ်သောဝမ်းသာမှုကို ခံစားလျင်လည်း 'ကာမဂုဏ်နှင့်မစပ်သောဝမ်းသာမှုကို ခံစား၏'ဟု သိ၏။ ကာမဂုဏ်နှင့်စပ်သော ဝမ်းမသာ၊ဝမ်းမနည်းမှုကို ခံစားလျင်လည်း 'ကာမဂုဏ်နှင့် စပ်သော ဝမ်းမသာ၊ဝမ်းမနည်းမှုကို ခံစား၏'ဟု သိ၏။ ကာမဂုဏ်နှင့်မစပ်သော ဝမ်းမသာ၊ ဝမ်းမနည်းမှုကို ခံစားလျင်လည်း 'ကာမဂုဏ်နှင့်မစပ်သော ဝမ်းမသာ၊ ဝမ်းမနည်းမှုကို ခံစား၏'ဟု သိ၏။

http://www.dhammadownload.com

၃။ ဣတိ **အဗ္ဗတ္တံ ဝါ** ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ **ဗဟိဒ္ဓါ** ဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ **အဗ္ဗတ္တဗဟိဒ္ဓါ ဝါ** ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ **သမုဒယဓမ္မာနုပဿီ** ဝါ ဝေဒနာသု ဝိဟရတိ၊ **ဝယဓမ္မာနုပဿီ** ဝါ ဝေဒနာသု ဝိဟရတိ၊ **သမုဒယဝယဓမ္မာနုပဿီ** ဝါ ဝေဒနာသု ဝိဟရတိ။ '**အတ္ထိ ဝေဒနာ**'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ။ နစ ကိဉ္စि လောကေ ဥပါဒိယတိ။ ဧवမ္ပိ ခေါ၊ ဘိက္ခवေ၊ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။

ဤနည်းဖြင့် မိမိ၏အတွင်းသန္တာန်၌လည်း ခံစားမှုဝေဒနာတို့၌ '**ခံစားမှုမျှ**'ဟု အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ အပသန္တာန်၌လည်း ခံစားမှုဝေဒနာတို့၌ '**ခံစားမှုမျှ**'ဟု အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ အတွင်းအပ နှစ်ဌာနလုံး၌မူလည်း ခံစားမှုဝေဒနာတို့၌ ခံစားမှုမျှဟု အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။

ခံစားမှုဝေဒနာတို့၌ ဖြစ်ကြောင်းသဘောကို အဖန်ဖန်ရှုမြင်လျက်လည်း နေ၏။ ခံစားမှုဝေဒနာတို့၌ ပျက်ကြောင်းသဘောကို အဖန်ဖန်ရှုမြင်လျက်လည်း နေ၏။ ခံစားမှုဝေဒနာတို့၌ ဖြစ်ကြောင်း၊ပျက်ကြောင်း သဘောကို အဖန်ဖန် ရှုမြင်လျက်လည်း နေ၏။

ထိုခံစားမှုမျှဟု ရှုမှတ်နေသောယောဂီသည် ခံစားမှုကို တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှီ၍လည်း နေ၏။ စွဲလန်းမှုဥပါဒါန်၏အာရုံလောကဌ် တစ်စုံတစ်ခုကိုမျှ ငါ၊ ငါ့ဟာဟူ၍ စွဲလန်းခြင်းမရှိတော့ပေ။

ရဟန်းတို့၊ သံသရာဘေးကို ရှုမြင်တတ်သော ယောဂီသည် ဤသို့လျှင် ခံစားမှုဝေဒနာတို့၌ ခံစားမှုမျှဟု အဖန်ဖန် ရှုရှုမြင်လျက် နေရပေမည်။

ဝေဒနာနုပဿနာပြီး၏။

'ဝေဒနာ၌ သိမှတ်ရန်(၇)ဌာန

၁-**ဝေဒနာ ပဇာနာတိ**- ခံစားမှုသဘောကို သိမှု။
၂-**ဝေဒနာသမုဒယံ ပဇာနာတိ**-ခံစားမှုသဘော၏ဖြစ်ကြောင်းကိုသိမှု။
၃-**ဝေဒနာနိရောဓံ ပဇာနာတိ**- ခံစားမှုသဘော၏ချုပ်ခြင်းကို သိမှု။
၄-**ဝေဒနာနိရောဓဂါမိနိ ပဋိပဒံ ပဇာနာတိ**- ခံစားမှုသဘောချုပ်ကြောင်း မဂ္ဂင်အကျင့်ကို သိမှု။

http://www.dhammadownload.com

၅-ဝေဒနာယ အသာဒံ ပဇာနာတိ- ခံစားမှု၏ သာယာဖွယ်ကို သိမှု။
၆-ဝေဒနာယ အာဒီနဝံ ပဇာနာတိ- ခံစားမှုသဘော၏ အပြစ်ကို သိမှု။
၇-ဝေဒနာယ နိဿရဏံ ပဇာနာတိ- ခံစားမှုသဘော၏ လွတ်မြောက်ခြင်းကို သိမှုဖြစ်၏။ (သံ၊သတ္တဋ္ဌာနသုတ်)

မှတ်ချက်။ ရုပ်၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့၌လည်း ထို(၇)ဌာနစီပင် တူ၏။

ဝေဒနာ(၃)မျိုးနှင့် (၉)မျိုးဖြစ်ပုံ

အဘိဓမ္မာ၌လာ ဝေဒနာ(၃)မျိုးမှာ-

၁-သုခဝေဒနာ-သာယာ,နှစ်သက်,ကောင်းမွန်,ချမ်းသာသောခံစားမှု၊
၂-ဒုက္ခဝေဒနာ-နာကျင်,ကိုက်ခဲ,ဆင်းရဲသောခံစားမှု၊
၃-အဒုက္ခမသုခဝေဒနာ-ချမ်းသာမဟုတ်၊ဆင်းရဲမဟုတ်သောခံစားမှု။

ထိုဝေဒနာ(၃)မျိုးကိုပင် ကာမဂုဏ်အာရုံတို့နှင့်စပ်သောခံစားမှု 'သာမိသဝေဒနာ'နှင့် ကာမဂုဏ်အာရုံတို့နှင့် မစပ်သောခံစားမှု 'နိရာမိသဝေဒနာ' (၂)မျိုးဖြင့် မြောက်ပွားသော်၊ ဝေဒနာ(၆)ပါး ဖြစ်၏။ မူလဝေဒနာ(၃)ပါးနှင့် ပေါင်း၍ ဝေဒနာပေါင်း(၉)မျိုးကို ဝိပဿနာရှုမှတ်ပွားများရန် မြတ်စွာဘုရား ညွှန်ပြတော်မူ၏။

ဝေဒနာ(၃)မျိုးနှင့် (၅)မျိုးဖြစ်ပုံ

ခံစားမှုသဘောဝေဒနာတို့သည် ဝတ္ထုရုပ်(၆)ပါးတို့၌ မှီ၍ ဖြစ်ရ၏။ စိတ်၌အမြဲယှဉ်၍ ဖြစ်၏။ ဣဋ္ဌာရုံ၊အနိဋ္ဌာရုံ၊မဇ္ဈတ္တာရုံဟုဆိုအပ်သော အာရုံ(၆)ပါးတို့ကို အာရုံပြု၏။ ထိမှုဖဿ၊ သိမှုဝိညာဏ်၊ မှတ်သားမှုသညာ၊ စေ့ဆော်မှုသင်္ခါရတို့နှင့် အတူယှဉ်တွဲ၍ ဖြစ်၏။

ထိုဝေဒနာသည် အာရုံ၏အရသာခံစားမှုလက္ခဏာအားဖြင့် (၁)ပါးသာဖြစ်သော်လည်း အာရုံကောင်းဣဋ္ဌာရုံ၊ အာရုံဆိုးအနိဋ္ဌာရုံ၊ မဆိုးမကောင်းအာရုံမဇ္ဈတ္တာရုံဟူသော အာရုံ(၃)မျိုးအားလျော်စွာ 'သုခ၊ဒုက္ခ၊ဥပေက္ခာ'ဟု (၃)မျိုး ဖြစ်ရ၏။

၁-သုခဝေဒနာ၌ ကိုယ်၌ဖြစ်တည်သောချမ်းသာခံစားမှု ကာယိကသုခဝေဒနာ၊ စိတ်၌ဖြစ်တည်သော ချမ်းသာခံစားမှု စေတသိကသုခဝေဒနာ၊

၂-ဒုက္ခဝေဒနာ၌ ကိုယ်၌ဖြစ်တည်သောဆင်းရဲခံစားမှု ကာယိကဒုက္ခဝေဒနာ၊စိတ်၌ဖြစ်တည်သောဆင်းရဲခံစားမှုစေတသိကဒုက္ခဝေဒနာဟု(၂)မျိုးစီ ဖြစ်၏။

၃-ဥပေက္ခာဝေဒနာ၌ သုခ/ဒုက္ခဟူ၍ မကွဲပြားပေ။

ထို့ကြောင့် သုခခံစားမှု၌-သုခခြေ့သောမနသိခြေ့ဟူသော အစိုးရမှုကွန်ခြေ

http://www.dhammadownload.com

အားလျော်စွာ 'သုခဝေဒနာနှင့် သောမနဿဝေဒနာ'ဟု (၂)ပါး ဖြစ်လာ၏။

ဒုက္ခခံစားမှု၌- ဒုက္ခိန္ဒြေ၊ဒေါမနဿိန္ဒြေဟူသော အစိုးရမှုကွန္ဒြေအားလျော်စွာ 'ဒုက္ခဝေဒနာနှင့်ဒေါမနဿဝေဒနာ'ဟု (၂)ပါး ဖြစ်လာ၏။

ဥပေက္ခာခံစားမှု၌ ဥပေက္ခိန္ဒြေဟူသော အစိုးရမှုကွန္ဒြေအားလျော်စွာ 'အဒုက္ခမသုခဝေဒနာ'ဟုဖြစ်သဖြင့် အစိုးရမှုအားဖြင့် ဝေဒနာ (၅)မျိုး ဖြစ်၏။

ဝေဒနာအစစ်(၁၀၈)ရေတွက်ပုံ

၁-သာမိသ-သုခဝေဒနာ၌- စက္ခုသမ္ဖဿဇာ ဝေဒနာစသည် (၆)မျိုး။
၂-နိရာမိသ-သုခဝေဒနာ၌- စက္ခုသမ္ဖဿဇာဝေဒနာစသည် (၆)မျိုး။
၃-သာမိသ-ဒုက္ခဝေဒနာ၌- စက္ခုသမ္ဖဿဇာဝေဒနာစသည် (၆)မျိုး။
၄-နိရာမိသ-ဒုက္ခဝေဒနာ၌- စက္ခုသမ္ဖဿဇာဝေဒနာစသည် (၆)မျိုး။
၅-သာမိသ-ဥပေက္ခာဝေဒနာ၌- စက္ခုသမ္ဖဿဇာဝေဒနာစသည် (၆)မျိုး။
၆-နိရာမိသ-ဥပေက္ခာဝေဒနာ၌- စက္ခုသမ္ဖဿဇာဝေဒနာစသည်(၆)မျိုး။

ဤသို့အားဖြင့် ဝေဒနာပေါင်း (၆×၆=) ၃၆-မျိုး ဖြစ်၏။ အတိတ်ဝေဒနာ(၃၆)၊ အနာဂတ်ဝေဒနာ(၃၆)၊ ပစ္စုပ္ပန်ဝေဒနာ(၃၆)ဟု ကာလသုံးပါးဖြင့် (၃၆×၃=၁၀၈)ဖြစ်၍ ဝေဒနာအစစ် (၁၀၈) ဖြစ်၏။ (သံ-၂၊၂၄၉)

မှတ်ချက်။ကာမဂုဏ်နှင့်စပ်၍ခံစားမှုကို 'သာမိသ'ဟုလည်းကောင်း၊ ကာမဂုဏ်နှင့်မစပ်သောခံစားမှုကို 'နိရာမိသ'ဟုလည်းကောင်း သိပါလေ။

စက္ခုနှင့်ရူပစသည်တို့ ပေါင်းဆုံထိမှု ကြောင့်ဖြစ်သောခံစားမှုကို 'စက္ခုသမ္ဖဿဇာ-ဝေဒနာ'စသဖြင့် သိပါလေ။

ဝေဒနာကို ပိုင်းခြားသိပုံ

ဤသို့ ဝေဒနာတို့၏ ခံစားမှုသဘောအမှန်ကို အသိဉာဏ်ဖြင့် ပိုင်းခြား၍ သိမှုမျိုးသည် 'ဝေဒနာ ပဇာနာတိ'အရ ဝေဒနာကို သိမှု ဖြစ်၏။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် ဖြစ်၏။ ခံစားမှုသဘောတရားသည် ဝေဒနာ၏ ဝေဒယိတလက္ခဏာ ဟူသော သဘာဝကိစ္စသာ ဖြစ်၏။ ပုဂ္ဂိုလ်၊သတ္တဝါ၊သူသူ၊ငါငါတို့က ခံစားနေရသည်မဟုတ်ဟု သဘောအမှန်ကို သိမြင်မှုသည် သမ္မာဒိဋ္ဌိ ဖြစ်၏။

ဝေဒနာသည် ခံစားမှုနာမ်သဘောမျှ ဖြစ်၏။ ထိုခံစားမှုနာမ်သဘောသည်လည်း သူ့ချည်းဖြစ်ရသည်မဟုတ်။ ဖောက်ပြန်မှုဟူသော ရုပ်သဘောတရားတို့၌ နိဿယ၊ ပုရေဇာတ၊ အာရမ္မဏသတ္တိတို့ဖြင့် မှီ၍သာ ဖြစ်ရ၏။ ထိုသို့ ဝေဒနာ၏

http://www.dhammadownload.com

ခံစားမှုနာမ်သဘော၊ မီရာရုပ်သဘောတို့ကို ပိုင်းခြားသိမှုသည် နာမရူပပရိစ္ဆေဒ ဉာဏ် မည်၏။ ဉာတပရိညာဖြင့် ပိုင်းခြားသိမှုသည် ဖြစ်၏။ သစ္စဉာဏ်ဖြစ်၏။

အာရုံ(၃)မျိုးနှင့်ဝေဒနာကို ရှုမြင်ပုံ

ဝေဒနာဟူသမျှသည် စိတ်နှင့် ဖြစ်တူ၊ချုပ်တူ၊အာရုံတူ၊မီရာတူလျက်သာ မကွဲမကွာ သမ္ပယုတ္တလက္ခဏာတို့ဖြင့် ဖြစ်ရ၏။ စိတ်က သိသမျှသောအာရုံ၏အရသာကိုသာ ဝေဒနာက ခံစားရ၏။ ဝေဒနာက ခံစားရသမျှကိုလည်း စိတ်က လိုက်၍ သိနေနိုင်မှုသည် ဖြစ်၏။ အကယ်၍ သိစိတ်မရှိလျင် ဝေဒနာသည် မရှိ။ ထိုစိတ်သည်လည်း မီရာ ဝတ္ထုရုပ်(စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ဟဒယ) တို့၌ တည်မှီလျက်သာ ဖြစ်ရ၏။ အကယ်၍ တည်မှီရာဝတ္ထုရုပ်တို့မရှိလျင်လည်း စိတ်မရှိနိုင်သဖြင့် ဝေဒနာသည် မရှိနိုင်ပြီ။ ထိုဝေဒနာသည် ဖြစ်ပေါ်လာသည် ရှိသော်လည်း အာရုံအမျိုးအစားအား လျော်စွာသာလျှင် ဖြစ်ရလေ၏။ ဖြစ်ချင်တိုင်း ဖြစ်နေနိုင်ခြင်းမျိုးကား မဟုတ်။

အာရုံ(၆)ပါးတို့တွင် သဘောကျစရာ ဂုဏ်ဌာရုံနှင့် ထိကြုံရပါက သာယာစွာ ခံစားမှုဟူသော သုခဝေဒနာ ဖြစ်၏။ သဘောမကျစရာအနိဋ္ဌာရုံနှင့် ထိကြုံလာပါက မခံသာစွာခံစားမှုဟူသော ဒုက္ခဝေဒနာ ဖြစ်၏။ အလယ်အလတ်မရှုတ္တာရုံနှင့် ထိကြုံလာပါက မသာ၊မနာသောခံစားမှု ဥပေက္ခာဝေဒနာ ဖြစ်၏။

၁-သုခဝေဒနာဖြစ်ခိုက် ချမ်းသာသဘောထင်သဖြင့် သောမနဿ ဝင်၏။ တဏှာဖြစ်တတ်သဖြင့် 'ဒုက္ခ'အဖြစ် ထင်မြင်အောင် ရှုမှတ်ရ၏။

၂-ဒုက္ခဝေဒနာဖြစ်ခိုက် ဆင်းရဲထင်သဖြင့် ဒေါမနဿဝင်၏။ ဒေါသဖြစ်တတ်သဖြင့် ဆူးငြောင့်အဖြစ် ထင်မြင်အောင် ရှုမှတ်ရ၏။

၃-ဥပေက္ခာဝေဒနာဖြစ်ခိုက် သိမ်မွေ့သဘောထင်သဖြင့် သောမနဿဝင်၍ တဏှာဖြစ်တတ်သဖြင့် မမြဲဟု 'အနိစ္စ'အဖြစ် ထင်မြင်အောင် ရှုမှတ်ရ၏။

လင်္ကာ။ သုခဝေဒနာ၊ ဖြစ်ပေါ်လာ၊ မချမ်းသာ-ဆင်းရဲရှု။ 'သုခံ ဒုက္ခတော ဒဋ္ဌဗ္ဗံ'။
ဒုက္ခဝေဒနာ၊ ဖြစ်ပေါ်လာ၊ မခံသာ-ငြောင့်ဟုရှု။ 'ဒုက္ခံ သလ္လတော ဒဋ္ဌဗ္ဗံ'။
ဥပေက္ခာဝေဒနာ၊ ဖြစ်ပေါ်လာ၊ ခံသာ-မမြဲဟုရှု။ 'သင်္ခံ အနိစ္စတော ဒဋ္ဌဗ္ဗံ'။

ဝေဒနာ ဘယ်သူခံစားလဲ

ဝေဒနာဟူသောဝေါဟာရမှာ ပညတ်၊မရှိတရား ဖြစ်၏။ ထိုဝေဒနာ၏

http://www.dhammadownload.com

ခံစားမှုဟူသော 'ဝေဒယိတလက္ခဏာ' သဘောတရားမျှသည်သာ တကယ့်အရှိ ပရမတ်တရား ဖြစ်၏။ ထိုဝေဒနာပရမတ်တရားကို ပရမတ်သဘောအတိုင်း မသိခဲ့သော် မရှိပညတ်တို့ကိုသာ အရှိအဖြစ်ဖြင့် ထင်မြင်သိနေမှုမျိုးသည် မိစ္ဆာဒိဋ္ဌိ အမှားသီ ဖြစ်၏။ အဝိဇ္ဇာသီဟု ဆိုရလေ၏။ ဝိပလ္လာသအသီ မည်ပေ၏။

ထိုဝေဒနာကို မည်သူသည် ခံစားပါသနည်း? -

'နကောစိ ပုဂ္ဂလောဝါ သတ္တောဝါ ဝေဒယတိ'၊ 'ခံစားတတ်သူ တစ်စုံတစ်ယောက်မျှ မရှိ'ဟု သိမှတ်အပ်၏။

သို့ဆိုလျှင် ထိုဝေဒနာသည် မည်သူ့၏ခံစားချက်ဖြစ်လေသနည်း? -

'နကသၽိ ပုဂ္ဂလသၽဝါ သတ္တသၽဝါ ဝေဒနာ'၊ 'တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါ၏ခံစားချက်လည်း မဟုတ်'ဟု သိမှတ်အပ်၏။

သို့ဆိုလျှင် 'ထိုဝေဒနာမှာ ဘယ်ကရောက်လာသနည်း? -

ယခင်ဘဝက ပါလာလေလော၊ မိုးပေါ်ကကျလာလေသလော'ဟု မေးဖွယ်ရှိပေ၏။ ထိုအဖြေကို 'ဝတ္ထု,အာရမ္မဏာဝ ပနသ ဝေဒနာ'ဟု ဖြေဆိုရပေ၏။

အကယ်စင်စစ်မှာ ထိုဝေဒနာကို တစ်စုံတစ်ယောက်က ခံစားသည်လည်း မဟုတ်ပါ။ တစ်စုံတစ်ယောက်၏ ခံစားမှုမျိုးလည်း မဟုတ်ပါ။ ခံစားသူ၊ ပိုင်ဆိုင်သူ မရှိပါဘဲလျက် အကြောင်းမဲ့ ဖြစ်ပေါ်ရောက်ရှိလာရသည်လည်း မဟုတ်ပေ။

အဟုတ်အမှန်မှာကား-

(၁)ဝတ္ထုရုပ်(၆)ပါးတည်းဟူသော တည်ရာအကြောင်း

(၂)အာရုံ(၆)ပါးတည်းဟူသော စွဲမှီရာအကြောင်း

ထိုအကြောင်းနှစ်မျိုးတို့ ပေါင်းဆုံမှုကြောင့် ထိတွေ့မှုဟူသော ဖဿတရားသည် အာရမ္မဏာနိသယ၊ပုရေဇာတစသောသတ္တိတို့ဖြင့် ကျေးဇူးပြုသဖြင့် အကျိုးဓမ္မအနေဖြင့် ကိုယ်နှင့်စိတ်တို့၌ဖြစ်ပေါ်လာသော ခံစားမှုသဘောတရားမျှ ဖြစ်၏။

ဝေဒနာ၏ ဖြစ်ကြောင်းများ

ဝေဒနာပရမတ်တရား၏ ဖြစ်ကြောင်းအစစ်ကို ရှာဖွေကြည့်ပါက 'ဖဿ ပစ္စယာ ဝေဒနာ'ဟု တွေ့ရ၏။ ထိုဖဿ-ဘာကြောင့်ဖြစ်သနည်းဟု ဆိုပြန်လျှင် ဝတ္ထုရုပ် (၆)မျိုးနှင့် အာရုံ(၆)မျိုးတို့ကြောင့်ဟုလည်းကောင်း၊ ထိုဖဿဖြစ်သဖြင့် ဘာအကျိုးရှိသနည်းဟု ဆိုပြန်လျှင် အာရုံအရသာကိုခံစားခြင်းဝေဒနာအကျိုးရှိ၏ဟု အောက်ပါအတိုင်း ကြောင်းကျိုးဆက်စပ်ပုံကို သိအပ်ပေ၏။

http://www.dhammadownload.com

(၁)'**စက္ခုံစ+ပဋ္ဌိစ္ဆ+ရူပဠ ဥပ္ပန္နတိ=စက္ခုဝိညာဏ်**'
မျက်လုံးနှင့်အဆင်းတို့၏ ပေါင်းဆုံမှုကြောင့် '**စက္ခုဝိညာဏ်**' ဖြစ်၏။
(၂)'**တိဏ္ဏံ သင်္ဂတိ ဖဿော**'
ထိုမျက်လုံး+အဆင်း+ဝိညာဏ်-သုံးပါးတို့ပေါင်းဆုံမှုကြောင့် '**ဖဿ**'ဖြစ်၏။
(၃)'**ဖဿပစ္စယာ ဝေဒနာ**' (ပဋ္ဌိစ္စသမုပ္ပါဒ်-ကြောင်းကျိုးဆက်မှု)
ထိုထိတွေ့မှုဖဿကြောင့်သာလျှင် ဝေဒနာသဘောမျိုးသည် အကျိုးတရား အနေဖြင့် ဖြစ်လာရ၏။ ထို့ကြောင့် '**ဖဿ**'သည် ဝေဒနာ၏အကြောင်းသဘော ဖြစ်သဖြင့် '**ဝေဒနာသမုဒယ**'တရား မည်၏။

မှီရာဝတ္ထု(၆)မျိုးကြောင့် ဝေဒနာ(၆)မျိုးဖြစ်ပုံ

၁။ မျက်စိနှင့်အဆင်းတို့ ဆုံတွေ့မှုကြောင့်ဖြစ်သော ဝေဒနာမျိုးကို '**စက္ခုသမ္ဖဿဇာ-ဝေဒနာ**'ဟု ခေါ်၏။ (မြင်သိထိ-ခံစားမှုသဘော)
၂။ နားနှင့်အသံတို့ ဆုံတွေ့မှုကြောင့်ဖြစ်သော ဝေဒနာမျိုးကိုကား '**သောတသမ္ဖဿဇာ-ဝေဒနာ**'ဟု ခေါ်၏။ (ကြားသိထိ-ခံစားမှုသဘော)
၃။ နှာခေါင်းနှင့်အနံ့တို့ ဆုံတွေ့မှုကြောင့်ဖြစ်သော ဝေဒနာမျိုးကိုကား '**ဃာနသမ္ဖဿဇာ-ဝေဒနာ**'ဟု ခေါ်၏။ (နံသိထိ-ခံစားမှုသဘော)
၄။ လျှာနှင့်အရသာတို့ ဆုံတွေ့မှုကြောင့်ဖြစ်သော ဝေဒနာမျိုးကိုကား '**ဇိဝှါသမ္ဖဿဇာ-ဝေဒနာ**'ဟု ခေါ်၏။ (စားသိထိ-ခံစားမှုသဘော)
၅။ကိုယ်နှင့်အတွေ့တို့ ဆုံတွေ့မှုကြောင့်ဖြစ်သော ဝေဒနာမျိုးကိုကား '**ကာယသမ္ဖဿဇာ-ဝေဒနာ**'ဟု ခေါ်၏။ (တွေ့သိထိ-ခံစားမှုသဘော)
၆။ စိတ်နှင့် သဘောတရားတို့ ဆုံတွေ့မှုကြောင့်ဖြစ်သော ဝေဒနာမျိုးကား '**မနောသမ္ဖဿဇာ-ဝေဒနာ**'ဟု ခေါ်၏။ (ကြံသိထိ-ခံစားမှုသဘော)
ဤသို့ ခံစားမှုဝေဒနာသည် အာရုံ(၆)မျိုးအတိုက်ဓာတ်တို့နှင့် ဝတ္ထု(၅ပါး)-(၆)မျိုးအခံဓာတ်တို့ တိုက်ကြိုမှုကြောင့်သာ ဝိညာဏ်(၆)မျိုးအပွင့်ဓာတ်တို့ဖြစ်မှုဖြင့် ထိတွေ့မှုဖဿ(၆)မျိုးဖြစ်သောကြောင့် ဝေဒနာသည်လည်း (၆)မျိုးပင် ဖြစ်ရ၏။
ထိုကြောင့် '**ဝေဒနာသမုဒယံ ပဇာနာတိ**' အရ ဝေဒနာဖြစ်ကြောင်း (၆)မျိုးမှာ ဖဿ(၆)မျိုးဖြစ်၏ဟု '**ဖဿပစ္စယာ ဝေဒနာ**'နှင့်အညီ သိအပ်၏။

http://www.dhammadownload.com

ဖဿပဋ္ဌကတရားကြောင့် ဝေဒနာပေါ်ပုံ				
အခံဓာတ် ဝတ္ထု၊ဒွါရ(၆)	အတိုက်ဓာတ် အာရုံ(၆)	အပွင့်ဓာတ် ဝိညာဏ်(၆)	အထိဓာတ် ဖဿ(၆)	ခံစားဓာတ် ဝေဒနာ(၆)
မျက်စိ	အဆင်း	မြင်သိစိတ်	မြင်ထိမှု-	မြင်ထိကြောင့်-ခံစား
နား	အသံ	ကြားသိစိတ်	ကြားထိမှု-	ကြားထိကြောင့်ခံစာ
နှာ	အနံ့	နံသိစိတ်	နံထိမှု-	နံထိကြောင့်-ခံစား
လျှာ	အရသာ	စားသိစိတ်	စားထိမှု-	စားထိကြောင့်-ခံစား
ကိုယ်	အတွေ့	တွေ့သိစိတ်	တွေ့ထိမှု-	တွေ့ထိကြောင့်-ခံစာ
စိတ်	သဘော	ကြံသိစိတ်	ကြံထိမှု-	ကြံထိကြောင့်-ခံစား

ဖဿပဋ္ဌကတရားများ

မှီစရာဝတ္ထု+သိစရာအာရုံတို့၏ ပေါင်းဆုံထိမှုသဘောသည် **'ဖဿ'**ဖြစ်၏။ ထိုဖဿဖြစ်သောအခါ ခံစားမှု **'ဝေဒနာ'**ဖြစ်၏။ ထိုဝေဒနာကို မှတ်သားမှုသည် **'သညာ'** မည်၏။ ထိုသညာကြောင့် စေ့ဆော်တိုက်တွန်းမှုသဘောသည် **'စေတနာ'** မည်၏။ အာရုံကို သိတတ်မှုသဘောသည် **'ဝိညာဏ်'**မည်၏။ ထိုဖဿအစ ဝိညာဏ်အဆုံးရှိသော တရားငါးပါးအပေါင်းကို **'ဖဿပဋ္ဌက'**တရားဟု ခေါ်၏။

ဝေဒနာကို အဖြေရှာခြင်း

ထိုဖဿပဋ္ဌကတရားနှင့် ဝေဒနာတရားတို့သည် အဝိဇ္ဇာ၊တဏှာ၊ကံတို့ကြောင့် ဖြစ်လာရ၏။ ထိုဖဿပဋ္ဌကတရားသည် ထင်ရှားဖြစ်ပေါ်သည်ရှိသော် **'ဖဿသမုဒယာ ဝေဒနာသမုဒယော'**အရ- ဖဿအကြောင်းကြောင့် ခံစားမှုဝေဒနာ အကျိုးတရားသဘောသည် ထင်ရှားဖြစ်ပေါ်၏။ ထိုဝေဒနာခံစားမှုသည် ထင်ရှားဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် မှတ်သားမှုသညာ၊ သိမှုစိတ်ဝိညာဏ်၊ စေ့ဆော်မှုသခ်ါရ တရားတို့သည်လည်း အတူတကွ ဖြစ်ပေါ်လာကြရပေ၏။ ထိုတွင် မှီရာဝတ္ထုနှင့် သိစရာအာရုံတို့သည် ဖောက်ပြန်တတ်သောကြောင့် **'ရူပ်ဓာတ်သဘော'** မည်၏။ ဖဿအစ ဝေဒနာအဆုံးရှိသော ပဋ္ဌကတရားတို့သည်ကား အာရုံသို့ ရှေးရှည်ညွှတ်ကိုင်းတတ်သောကြောင့် 'နာမ်ဓာတ်သဘော' မည်၏။ ထိုရူပ်နှင့်နာမ်တို့တွင်လည်း-

၁-မှီရာဝတ္ထုနှင့် သိစရာအာရုံတို့သည် ဖောက်ပြန်မှုအစု **'ရူပကွန္ဓာ'** မည်၏။

http://www.dhammadownload.com

၂-ဝေဒနာသည် ခံစားမှုအစု **'ဝေဒနာကွန္ဓာ'** မည်၏။
၃-ဖဿနှင့် စေတနာတို့သည် စေ့ဆော်မှုအစု **'သင်္ခါရကွန္ဓာ'** မည်၏။
၄-သညာသည် မှတ်သားမှုအစု **'သညာကွန္ဓာ'** မည်၏။
၅-ဝိညာဏ်သည် သိမှုအစု **'ဝိညာဏကွန္ဓာ'** မည်၏။

ထို့ကြောင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်ရှုမှတ်သောယောဂီသည် **'ဝေဒနာ ပဋိနာတိ'** အရ ခံစားမှုဟူသောဝေဒနာသဘောအစုတို့ကို အဖြေရှာကြည့်လေသော် ရုပ်ဓာတ်နှင့် နာမ်ဓာတ်ဟူသော ပရမတ်သဘော(၂)မျိုးကိုလည်းကောင်း၊ ရုပ်၊ ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော ခန္ဓာ(၅)ပါး ပရမတ်သဘောအစုတို့ကို လည်းကောင်း ယထာဘူတညာဏ်ဖြင့် သိရပေ၏။ ထိုပရမတ်သဘောတို့မှတစ်ပါး ခံစားတတ်သော ပုဂ္ဂိုလ်၊သတ္တဝါ၊သူ၊ငါ၊ယောက်ျား၊မိန်းမတို့ဟူ၍ကား အလျှင်းမရှိ။ ရုပ်ဓာတ်နှင့် နာမ်ဓာတ်ဟူသော ပရမတ်သဘောတို့မျှသာ ရှိပေ၏ဟု သိမြင်အပ်၏။

လင်္ကာ။ ပုဂ္ဂိုလ်မခံစား၊ ဝေဒနာခံစားသည်။ ပညတ်မခံစား၊ ပရမတ်ခံစားသည်။
ခံစားလျင် ခံစားမှု၊ အမှန်ရှု၊ အသိတစ်ခု၊ သတိပြု။
ဉာဏ်မြင်ပေါ်ရှိ၊ အမှန်သိ၊ အမှားသိကို ပယ်သတ်၏။

မှီရာဝတ္ထု၌ ဝေဒနာဖြစ်ပေါ်ပုံ

စိတ္တလတောင်၌ သီတင်းသုံးတော်မူသော မထေရ်ကြီးတစ်ပါးသည် မကျန်းမာဖြစ်လျက် အားကြီးသောဝေဒနာကို ခံစားရသဖြင့် ထိုမှဤမှ ငြီးတွားလူးလှိမ့်နေရရှာ၏။ အလုပ်အကျွေးပြုသော ရဟန်းငယ်တစ်ပါးက 'အရှင်ဘုရား၊ ဘယ်နေရာက နာကျင်ကိုက်ခဲပါသနည်း'ဟုမေးသော် 'ငါ့ရှင်၊ ဘယ်နေရာက နာကျင်သည်ဟု မရှိပါ၊ မှီရာဝတ္ထုကို အာရုံပြု၍ ဝေဒနာသည်သာ ခံစားနေရသည်' ဟု ဖြေတော်မူ၏။ ရဟန်းငယ်က 'အရှင်ဘုရား၊ ထိုသို့သိတော်မူလျင် ထိုဝေဒနာကို သည်းခံခြင်းငှါ သင့်လျော်သည်မဟုတ်ပါလောဘုရား'ဟု လျှောက်၏။

မထေရ်ကြီးသည် 'ငါ့ရှင်၊သည်းခံပါတော့မည်'ဟုဆိုကာ မလူးမလှိမ့် မငြီးမငြူတော့ဘဲ ငြိမ်သက်စွာ ဝေဒနာနုပဿနာရှုတော်မူ၏။ မထေရ်ကြီးအား ပြင်းထန်သောလေရောဂါသည် နှလုံးကွဲသည့်တိုင်အောင် နှိပ်စက်လျက် ဝမ်းတွင်းမှ အူတို့ပေါက်ကွဲထွက်ကာ ညောင်စောင်းပေါ်တွင် စုပုံ၏။

မထေရ်ကြီးက ရဟန်းငယ်အား 'ငါ့ရှင်၊ ဤမျှလောက်သည်းခံပါလျှင် သင့်လျော်ပေပြီလော'ဟု မေးတော်မူ၏။ မထေရ်ကြီးသည် ဝေဒနာကမ္မဋ္ဌာန်းကို

http://www.dhammadownload.com

သတိ၊ပညာဖြင့် မပြတ်နှလုံးသွင်းတော်မူသဖြင့် (ဒီဝိတိန္ဒြေချုပ်မှုနှင့် ကိလေသာ ချုပ်မှုတစ်ပြိုင်နက်ဖြစ်သော)သမသီသီရဟန္တာ ဖြစ်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူ၏။

ဝေဒနာဟူက 'ခံစားမှုသဘောမျှ'

ဤ၌ ဝတ္ထုကို မှီ၍ ဝေဒနာသည်သာ အာရုံ၏အရသာကို ခံစားသည်ဆို သည်မှာ- 'ဝတ္ထုနာမ ကရဇကာယော၊ သော အတ္ထတော ဘူတာနိစေဝ ဥပါဒါနိစ' ဟူသည်နှင့်အညီ နာမ်တရားတို့၏မှီရာ ကရဇကာယရုပ်ခန္ဓာကိုယ်ကြီးသည် ဝတ္ထု မည်၏။ တရားကိုယ်အားဖြင့်ကား မဟာဘုတ်(၄)ပါးနှင့်ဥပါဒါရုပ်(၂၄)ပါးတို့ဖြစ်၏။

မထေရ်ကြီးသည် ဤမှီရာဝတ္ထုကား ဖောက်ပြန်တတ်သော ရုပ်တရား အစုတည်း။ ခံစားမှုဝေဒနာအစုသည်ကား နာမ်တရားအစုတည်း။ ထိုဝေဒနာဖြစ် သည့်နှင့်တစ်ပြိုင်နက်ပင် ဖဿ၊သညာ၊စေတနာ၊ဝိညာဏ်တို့လည်း ယှဉ်ဖက်အားဖြင့် ပါဝင်ကြရကုန်၏။ ထို့ကြောင့် အာရုံ၏အရသာကို ခံစားမှုဝေဒနာသဘောတရားတို့ ၌ မှီရာဝတ္ထုဖြစ်သော ရုပ်တရားနှင့် မှီတတ်သောနာမ်တရားဟူသော ခန္ဓာငါးပါး တို့မှတစ်ပါး အခြားမရှိဟု ကွဲပြားစွာ သိပေ၏။

ထိုရုပ်နာမ်ဟူသော ခန္ဓာငါးပါးတို့သည် အဝိဇ္ဇာ၊တဏှာစသောအကြောင်း ကင်းလျက်မဖြစ်။ အဝိဇ္ဇာ၊တဏှာစသောအကြောင်းကြောင့်သာ နာမ်နှင့်ရုပ်တို့သည် ဖြစ်ကြရ၏။ ထိုနာမ်နှင့်ရုပ်တို့သည်လည်း ဖြစ်မှု၊ချုပ်မှုတို့ဖြင့် အမြဲမရှိ။ မမြဲခြင်းဖြင့် နှိပ်စက်အပ်သဖြင့်လည်း စင်စစ်ဆင်းရဲခြင်းသဘောသာ ရှိပေ၏။ မြဲစေလိုသော်လည်းကောင်း၊ ချမ်းသာစေလိုသော်လည်းကောင်း မိမိအလိုသို့ မလိုက်မပါ။ သူ့ သဘောအတိုင်းသာလျှင် ဖောက်ပြန်ပျက်စီးနေခြင်း 'အနတ္တသဘောမျှ' ဖြစ်ပေ၏ဟု လက္ခဏာရေးသုံးတန်တင်လျက် ရှုမှတ်ပွားများမှုကြောင့် ရဟန္တာ ဖြစ်တော်မူသည်။

ဝေဒနာလမ်းခွဲ(၂)မျိုး

ဖဿပစ္စယာ ဝေဒနာ-အရ ဖဿအကြောင်းတရားရှိမှုကြောင့် ဝေဒနာ အကျိုးတရားသည် ထင်ရှားဖြစ်ပေါ်၏။ ထိုဝေဒနာဖြစ်လာရသဖြင့် ဘာအကျိုး ရှိနိုင်မည်နည်း? **ဝေဒနာပစ္စယာ တဏှာ**-အရ အာရုံအရသာကို ခံစားရမှုကြောင့် ထိုအာရုံအပေါ်၌ တပ်မက်တွယ်တာ သာယာနှစ်သက်မှုဟူသော တဏှာအကျိုး တရားသည် ထင်ရှားဖြစ်ပေါ်၏။ ထိုသို့ ပဋ္ဌာန်းသမုဗ္ဗပါဒ်သဘောတရားကို သိမြင်သူအား 'ဝေဒနာ၏အကြောင်းတရားကား ဖဿ၊ ဝေဒနာ၏အကျိုးတရားကား တဏှာ' ဖြစ်၏

http://www.dhammadownload.com

ဟု ခွဲခြားသိပေ၏။ သို့ရာတွင်-

တဏှာသည် ဝေဒနာကြောင့် မည်သို့အကျိုးသဘောဖြစ်သနည်း?။

ပဋ္ဌိစ္စသမုပ္ပါဒ်၊အနုလောမ၊ အစုန်နည်းဖြင့် သံသရာလည်ရာ၌ ဝေဒနာနုပဿနာကို မရှုမှတ်သောယောဂီသည် သုခဝေဒနာကို ခံစားရသောအခါ တဏှာဖြင့် သာယာစုံမက်နှစ်သက်မှုသည် ထင်ရှားဖြစ်၏။ ဒုက္ခဝေဒနာကို ခံစားရသောအခါ ထိုဒုက္ခမှ လွတ်မြောက်ရာကို ရှာကြံသဖြင့်လည်း တဏှာဖြင့်ပင် သာယာစုံမက် ခံစားမှုသည်သာ ထင်ရှားဖြစ်ရ၏။ ထို့အတူ ဥပေက္ခာဝေဒနာကို ခံစားရခိုက်၌လည်း ငြိမ်သက်မှုသဘော၌ နှစ်သက်ကပ်ငြိသဖြင့် သာယာခံစားမှုသည်သာ ထင်ရှားဖြစ်ပေ၏။ ဤသို့ ဝေဒနာကြောင့် လောဘ၊ဒေါသ၊မောဟတို့သာဖြစ်ခြင်းသည် **'ဝေဒနာ ပစ္စယာ တဏှာ'** အရ ဝေဒနာဟူသောအကြောင်းသဘောကြောင့် တဏှာ အကျိုးသဘော ဖြစ်၏။ ပဋ္ဌိစ္စသမုပ္ပါဒ်၊အနုလောမ၊ အစုန်နည်းဖြင့် သံသရာစက်လည်ပတ်ခြင်း၌ 'ဝေဒနာမှ တဏှာသို့'လမ်းခွဲ(၁)ခုပင် ဖြစ်၏။

ပဋ္ဌိစ္စသမုပ္ပါဒ်၊ပဋ္ဌိလောမ၊ အဆန်နည်းဖြင့် သံသရာပြတ်ရာ၌ ဝေဒနာနုပဿနာကို ရှုမှတ်သောယောဂီသည် သုခဝေဒနာကို ခံစားရသောအခါ တဏှာဖြင့် သာယာစုံမက်နှစ်သက်မှုမဖြစ်။ ဒုက္ခဝေဒနာကို ခံစားရသောအခါ ထိုဒုက္ခမှလွတ်မြောက်ရာကို ရှာကြံသဖြင့်လည်း တဏှာဖြင့် သာယာစုံမက်စွာ ခံစားမှုမပြု။

ထို့အတူ ဥပေက္ခာဝေဒနာကို ခံစားရခိုက်တွင်လည်း ထိုဥပေက္ခာသဘော၌ နှစ်သက်ကပ်ငြိသဖြင့် မခံစားပေ။ **ဝေဒနာနုပဿီ ဝိဟရတိ**-အရ ခံစားမှုမျှသာဟု ရှုမှတ်လျက်လည်းကောင်း၊ ဝေဒနာကို ခွာ၍ ဖြစ်မှုပျက်မှုသဘောအစုတို့ကို ရှုမှတ်လျက်သော်လည်းကောင်း ခံစားမှုသည်သာ ဖြစ်ပေ၏။

ဤသို့ ဝေဒနာကြောင့် လောဘ၊ဒေါသ၊မောဟတို့ မဖြစ်သဖြင့် **ဝေဒနာ ပစ္စယာ တဏှာနိရောဓော**-အရ ပဋ္ဌိစ္စသမုပ္ပါဒ်၊ပဋ္ဌိလောမ၊ အဆန်နည်းဖြင့် သံသရာစက် လည်ပတ်မှု ပြတ်ဆဲမှုသည် **'ဝေဒနာမှ ပညာသို့'**လမ်းခွဲ(၁)ခု ဖြစ်၏။

ဝေဒနာချုပ်ငြိမ်းမှုကိုသိပုံ

ဝေဒနာ၏ဖြစ်ကြောင်းကို သိလျှင် ဝေဒနာ၏ချုပ်ကြောင်းကိုလည်း သိ၏။ ဖဿပစ္စယာ ဝေဒနာ-အရ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဖဿနိရောဓာ ဝေဒနာနိရောဓော-အရ ထိုဖဿချုပ်ခြင်းသည်ပင် ဝေဒနာချုပ်ကြောင်း မည်၏။

နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ-အရ ဝေဒနာဟူသော ခံစားမှုနာမ်တရား နှင့် ထိုဝေဒနာနာမ်တရား၏မှီရာ ရုပ်တရားတို့ကို သိမြင်သိမ်းဆည်းနိုင်သဖြင့်

http://www.dhammadownload.com

အသိမှားအမြင်မှား မိစ္ဆာဒိဋ္ဌိတရားတို့မှ စင်ကြယ်မှု ဖြစ်၏။

ပစ္စယပရိဂ္ဂဟော ကခ်ါဝိတရဏဝိသုဒ္ဓိနာမ-အရ ဝေဒနာဖြစ်ကြောင်း၊ ချုပ်ကြောင်း ပဋိစ္စသမုပ္ပါဒ်တရားတို့ကို သိမြင်သိမ်းဆည်းနိုင်သဖြင့်လည်း ယုံမှားခြင်း သံသယ၊ ဝိစိကိစ္ဆာတို့မှ စင်ကြယ်မှု ဖြစ်၏။

ထို့အတူ ဝေဒနာနှင့် ဝေဒနာဖြစ်ကြောင်း ဖဿပဋ္ဌကတရားတို့အပေါ်၌ မမြဲခြင်း'**အနိစ္စလက္ခဏာ**'ထင်သဖြင့် မြဲ၏ဟူသော'နိစ္စသညာ'စင်၏။ ချုပ်ပျောက်ငြိမ်း၏။ အတ္တမရှိမှု '**အနတ္တလက္ခဏာ**'ထင်သဖြင့် ငါ၊သူတစ်ပါး၊ယောက်ျား မိန်းမ စသော 'အတ္တသညာ'စင်၏။ ချုပ်ပျောက်ငြိမ်း၏။ ဆင်းရဲခြင်း'**ဒုက္ခလက္ခဏာ**' ထင်သဖြင့် ချမ်းသာ၏ဟူသော 'သုခသညာ'စင်၏။ ချုပ်ပျောက်ငြိမ်း၏။ မသာယာ ဖွယ်ဟူသော '**အသုဘလက္ခဏာ**'ထင်သဖြင့် သာယာဖွယ် 'သုဘသညာ' စင်၏။ ချုပ်ပျောက်ငြိမ်းလေ၏။

အဘယ်သို့ ချုပ်ပျောက်ငြိမ်းပေသနည်း?။ ဝေဒနာဖြစ်ကြောင်းတရားတို့ကို သိမှု'ဝိဇ္ဇာ'ဉာဏ်ဖြစ်၍ အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘထင်မြင်သူအား ထိုဝေဒနာဖြစ်ကြောင်းတရားတို့အပေါ်၌ မသိမှုဟူသော 'အဝိဇ္ဇာ' ပြတ်လေ၏။ အဝိဇ္ဇာပြတ်သဖြင့် တဏှာနှင့်မစပ်။ တဏှာမစပ်သဖြင့် သခ်ါရ'ကံ'ကို မပြုပေ။ ထိုသို့ အဝိဇ္ဇာ၊တဏှာ၊ ကံတို့ချုပ်သဖြင့် ဖဿပဋ္ဌကတရားတို့မပေါ်။ ချုပ်၏။ ဖဿပဋ္ဌကတရားတို့ချုပ်သဖြင့် ဝေဒနာသည်လည်း ချုပ်ပျက်ငြိမ်းရလျက် ဝိပဿနာအခိုက်အတန့်၌ လောကီမဂ်အသိဖြင့် တဒင်္ဂပဟာန်၊ဝိဇ္ဇာမဂ္ဂနုပဟာန်အားဖြင့် ဝေဒနာချုပ်ငြိမ်းမှု သဘောကို သိမှုသည်ပင် 'ဝေဒနာနိရောဓ'ကို သိခြင်း မည်ပေ၏။

ဝေဒနာနုပဿနာရှုမှတ်ပုံ

ယောဂီ၏သန္တာန်၌ သုခဝေဒနာသော်လည်းကောင်း၊ ဒုက္ခဝေဒနာသော်လည်းကောင်း၊ အဒုက္ခမသုခ(ဥပေက္ခာ)ဝေဒနာသော်လည်းကောင်း၊ ဝေဒနာတစ်မျိုးမျိုးသည် ထင်းရှားဖြစ်ပေါ်ခံစားလျက်သာ ရှိပေ၏။

၁-ထိုဝေဒနာသည် ကောင်းကောင်း၊ဆိုးဆိုး မည်သည့်ဝေဒနာပင်ဖြစ်စေ၊ ခံစားမှုသဘောမျှသာဖြစ်ပေ၏ဟု သတိ၊ ဉာဏ်ဖြင့် ကြည့်၍ သိနေရ၏။

၂-ထိုဝေဒနာသည် ဖဿစသောအကြောင်းကိုစွဲ၍ ဖြစ်ပေါ်လာရ၏။ အကြောင်းမရှိသော် မဖြစ်ပေါ်လာနိုင်ဟုလည်း ကြည့်၍ သိနေရ၏။

၃-ထိုဝေဒနာဖြစ်ကြောင်း ဖဿကိုယ်တိုင်သည်ပင် မမြဲသော၊ ပြုပြင်စီရင်

http://www.dhammadownload.com

အပ်သောသဘော ရှိပေ၏။ ထိုမမြဲသော၊ ပြုပြင်စီရင်အပ်သောတရားကို စွဲ၍ ဖြစ်ပေါ်လာရသော ဝေဒနာသည်လည်း အဘယ်မှာ မြဲနိုင်ပေအံ့နည်း။ 'အကြောင်းတရားကိုက မမြဲခြင်းရှိသဖြင့် အကျိုးသည်လည်း မမြဲသည်သာတည်း'ဟု အကြောင်းနှင့်အကျိုးကို နှိုင်းဆကြည့်လျက်လည်း သိနေရပေ၏။

ထိုသို့ ဝေဒနာသဘောကိုလည်းကောင်း၊ ထိုဝေဒနာ၏ဖြစ်ကြောင်းနှင့် ပျက်ကြောင်းတို့ကိုလည်းကောင်း၊ ထိုဝေဒနာ၏ ဖြစ်ပျက်နေမှုတို့ကိုလည်းကောင်း မိမိသန္တာန်၌ဖြစ်ပျက်မှုကိုလည်းကောင်း၊ သူတစ်ပါးသန္တာန်၌ဖြစ်ပျက်မှုကိုလည်းကောင်း မပြတ်ကြည့်လျက် သိနေသောယောဂီအား ထိုဝေဒနာ၏ ပေါ်ပျောက်ပျက်စီးသဖြင့် 'မမြဲခြင်း၊ ဆင်းရဲခြင်း၊အတ္တကောင်မဟုတ်ခြင်း'သဘောတို့ကို သိလာ၏။

ထိုဝေဒနာ၌ တပ်မက်မှုကင်းလာခြင်း သဘောကိုလည်း သိလာရပေ၏။ တပ်မက်မှုချုပ်ငြိမ်းခြင်းသဘောကိုလည်း သိလာရ၏။ တပ်မက်မှုကို စွန့်လွှတ်မှုသဘောကိုလည်း သိလာရ၏။ ထိုသို့ မပြတ်ကြည့်၍ သိမှတ်နေသောယောဂီအား ခံစားမှုဟူသော ဝေဒနာတရားတို့၌ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့သာ ထင်မြင်ရလျက် ဖြစ်မှုပျက်မှု နှစ်ရပ်လုံး၌ တဏှာနှင့်မစပ်သဖြင့် တပ်မက်မှုလုံးဝချုပ်ပျောက်ငြိမ်းလာပေသည်။

ဝေဒနာချုပ်ကြောင်းအကျင့်ကို သိခြင်း

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ဝေဒနာနိရောဓဂါမိနီပဋိပဒါ။

ဝေဒနာချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဟူသည် အင်္ဂါရှစ်ပါးရှိသော 'အရိယာမဂ်'ပင် ဖြစ်၏။ ဝေဒနာနုပဿနာယောဂီ၏ ခံစားမှုဟူသော ဝေဒနာသဘောအစစ်အမှန်ကို သိမြင်နေမှုသည် သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်၏။ တွေးကြံနေမှုသည် သမ္မာသင်္ကပ္ပမဂ္ဂင် ဖြစ်၏။ ဝေဒနာသဘောအမှန်ကို သိမှုဖြင့် ပြောဆိုမှုသည် သမ္မာဝါစာမဂ္ဂင် ဖြစ်၏။ ဝေဒနာနုပဿနာကို ပြုမူနေမှုသည် သမ္မာကမ္မန္တမဂ္ဂင် ဖြစ်၏။ အသက်ရှင်နေမှုသည် သမ္မာအာဇီဝမဂ္ဂင် ဖြစ်၏။ အားထုတ်နေမှုသည် သမ္မာဝါယာမမဂ္ဂင် ဖြစ်၏။ အောက်မေ့အမှတ်ရနေမှုသည် သမ္မာသတိမဂ္ဂင် ဖြစ်၏။ ဝေဒနာနုပဿနာရှုမှတ်မှု၌ စိတ်တည်ငြိမ်နေမှုသည် သမ္မာသမာဓိမဂ္ဂင် ဖြစ်၏။

ထိုတွင် သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်နှစ်ပါးဖြင့် 'ဝေဒနာ'၏ သဘောအမှန်ကို သိအောင်ပြု၏။ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးဖြင့် မကောင်းပြော၊မကောင်းပြု၊မကောင်းသောအသက် မွေးမှုတို့မှ စောင့်ရှောက်မှုပြု၏။ သမ္မာသတိ၊သမ္မာဝါယာမ၊သမ္မာသမာဓိဟူသော သမာဓိ

http://www.dhammadownload.com

မဂ္ဂင်သုံးပါးဖြင့် ဝေဒနာ၏သဘောအမှန်ကို သိမှုဌ် တည်နေနိုင်အောင် ပြုပေ၏။ လက်ီ။ ဝေဒနာကိုကြည့်၊ 'စောင့်၊တည်၊သိ'၊ ပွား၏အရိယာမဂ်။

ထိုတွင် 'ပညာမဂ္ဂင်'နှစ်ပါးဖြင့် မသိမှု'အဝိဇ္ဇာ'ဟူသော 'အနုသယမောဟ ဓာတ်'ကို ပယ်သတ်၏။ 'သီလမဂ္ဂင်'သုံးပါးဖြင့် လောဘ၊ဒေါသ အကုသိုလ် သောင်းကျန်းမှု'ဝီတိက္ကမဓာတ်'တို့ကို ပယ်သတ်၏။ သမာဓိမဂ္ဂင်သုံးပါးဖြင့် ကာမစ္ဆန္ဒနီဝရဏစသောအကုသိုလ်၊ ထကြွဆူပွက်မှု 'ပရိယုဋ္ဌာနဓာတ်'တို့ကို ပယ် သတ်လေ၏။ ထိုမဂ္ဂင်ရှစ်ပါးကို ရှုမှတ်ပွားများနေမှုသည် ဝေဒနာချုပ်ရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြောင်း အကျင့်ကောင်း ဖြစ်လေ၏။

ပေါ်လာသည့်ဝေဒနာ၏သဘောကို သိနေမှု

မြတ်စွာဘုရားက 'ရဟန်းတို့၊ များစွာသောလေတို့သည် အရပ်ဆယ်မျက် နှာမှ အခါမပြတ်တိုက်ခတ်နေဘိသကဲ့သို့၊ သူသူငါငါ သတ္တဝါတို့သန္တာန်ဌ် အစဉ် မပြတ်ခံစားအပ်သောဝေဒနာတရားတို့သည် ထင်ရှားဖြစ်ပျက်လျက် နေ၏'ဟု မိန့်တော်မူ၏။ ထိုတွင်-

သုခဝေဒနာ-သာစွာသောခံစားမှု၊ ဒုက္ခဝေဒနာ-နာစွာသောခံစားမှု၊ ဥပေက္ခာဝေဒနာ-မသာမနာခံစားမှုဟူသော ဝေဒနာသုံးမျိုးတို့သည် တစ်ချိန်တည်းဌ် သုံးမျိုးလုံး ပြိုင်တူ ဖြစ်နိုင်ခြင်းမရှိ။ အလှည့်ကျအားဖြင့်လည်း ဖြစ်ရသည်မဟုတ်။ တစ်မျိုးဖြစ်လျင် ကျန်နှစ်မျိုးမဖြစ်။ မဖြစ်စေရန် တစ်စုံတစ်ယောက်က တားမြစ်ဌ် လည်းမရ။ အကြောင်းညီညွတ်မှုနှင့် လျော်ညီသော ဝေဒနာတစ်မျိုးမျိုးသည်သာ ဖြစ်ရလေ၏။

ထို့ကြောင့် ဖြစ်ပေါ်လာသမျှသော ဝေဒနာမှန်သမျှကို မမြဲခြင်း၊ ပြုပြင်အပ်ခြင်း၊ အကြောင်းကို စွဲဌ်သာ ဖြစ်ရခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း၊ တပ်မှုကင်းခြင်း၊ တပ်မှုချုပ်ငြိမ်းခြင်းသဘောတို့ ထင်မြင်အောင် အဖန်ဖန် တစိမ့်စိမ့်ကြည့်လျက် သိမှတ်နေရပေ၏။ 'ဝေဒနာ-အနိစ္စာ၊ သခ်ီတာ၊ ပဋိစ္စသမုပ္ပန္နာ၊ ခယဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊နိရောဓဓမ္မာ'။(မ၊ ၂၊ ၁၆၇)

ဝေဒနာဌ် သာယာဖွယ်နှင့်ငြီးငွေ့ဖွယ်ဖြစ်ပုံ

ယံဝေဒံပဋိစ္စ ဥပ္ပဇ္ဇတိ၊သုခံ၊သောမနဿံ၊ အယံဝေဒနာယ အဿာဒေါ။ ခံစားမှုဝေဒနာကို စွဲဌ် ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှု၊

http://www.dhammadownload.com

ဝမ်းသာရွှင်ပြုဖြစ်မှုသည် ဝေဒနာ၏သာယာဖွယ် 'အဿာဒ' မည်၏။ ထိုဝေဒနာ၌ သာယာဖွယ်ကို မသိသဖြင့် တဏှာ၊ဒိဋ္ဌိ၊မာနတို့ ဖြစ်ပွား၏။ ထိုသာယာဖွယ်ကို သိသဖြင့် တဏှာ၊ဒိဋ္ဌိ၊မာနတို့ကို ပယ်သတ်၏။

ယာဝေဒနာ အနိစ္စာ၊ဒုက္ခာ၊ဝိပရိနာမဓမ္မာ၊ အယံ ဝေဒနာယ အာဒီနဝေါ။

ဝေဒနာတစ်မျိုးမျိုးကို သိလျက် သတိမပြတ်ရှုမှတ်နေသောယောဂီအား ထိုဝေဒနာ၏ ဖြစ်မှု၌ မမြဲခြင်း၊ ဆင်းရဲခြင်း၊ ဖောက်လွဲဖောက်ပြန်ခြင်းသဘောတို့ကို ထင်ရှားစွာ သိမြင်လာ၏။ ထိုမမြဲ၊ဆင်းရဲ၊ဖောက်လွဲ ဖောက်ပြန်မှုသဘောတို့သည် ဝေဒနာ၏ငြီးငွေ့ဖွယ် အပြစ်တို့တည်းဟု ဉာဏ်ဖြင့်မသိသဖြင့် ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ကုက္ကစ္စတို့ ဖြစ်ရ၏။ ဉာဏ်ဖြင့်သိမြင်သဖြင့် ဒေါသ၊ဣဿာ၊ မစ္ဆရိယ၊ ကုက္ကစ္စတို့ကို ပယ်သတ်၏။ ဝေဒနာအသစ်ဖြစ်မှုတို့၌ အပျက်ကို ရှုမြင်၏။ ဘင်္ဂဉာဏ် ဖြစ်၏။ ဝေဒနာအသစ်ဖြစ်မှု၌ ဘေးဟူ၍ ရှုမြင်၏။ 'ဘယဉာဏ်' ဖြစ်ပေါ်လာ၏။ ထိုဝေဒနာအသစ်ဖြစ်မှုနှင့်ပျက်မှုတို့၌ အပြစ်သာမြင်လာသဖြင့် အာဒီနဝဉာဏ် ဖြစ်၏။ ဝေဒနာအသစ်ဖြစ်လိုမှု၌ ငြီးငွေ့သဖြင့်လည်း 'နိဗ္ဗိဒါဉာဏ်' ဖြစ်ပေါ်၏။

လကၡဏာ။ ဝေဒနာ၌ပင် အပျက်ထင်၊ ဘင်္ဂဉာဏ်ကိုမြင်။
ဝေဒနာ၌ပင်၊ ဘေးဟုထင်၊ ဘယဉာဏ်ကိုမြင်။
ဝေဒနာ၌ပင်၊ အပြစ်မြင်၊ အာဒီနဝဉာဏ်ထင်။
ဝေဒနာ၌ပင်၊ ငြီးငွေ့လျင်၊ နိဗ္ဗိဒါဉာဏ်ထင်။

ဝေဒနာသည် သုခလော၊ဒုက္ခလော

ထိုဝေဒနာ၏သဘောအမှန်ကို မသိကုန်သော လူ၊နတ်၊ဗြဟ္မာသတ္တဝါ အပေါင်းတို့သည် သုခဝေဒနာဖြစ်ပေါ်လာမှုကိုပင် 'စည်းစိမ်ချမ်းသာ ခံစားနေသည်' ဟု မှတ်ထင်၏။ ထိုသို့မှတ်ထင်မှုသည် ဝေဒနာ၌အမှတ်မှားမှု သညာဝိပွလ္လာသသာ ဖြစ်၏။ နိစ္စသညာဝိပွလ္လာသဖြင့် 'တည်မြဲစွာ ချမ်းသာခံစားနေသည်'ဟု ထင်၏။ သုခသညာဝိပွလ္လာသဖြင့် 'ချမ်းသာသည်၊ကောင်းသည်'ဟု ထင်၏။ အတ္တသညာ ဝိပလ္လာသဖြင့် 'ငါချမ်းသာခံစားသည်' ထင်၏။ သုဘသညာဝိပွလ္လာသဖြင့် 'တင့်တယ်သာယာဖွယ် ခံစားရသည်'ဟု ထင်မှတ်နေတတ်လေ၏။

အမှန်စင်စစ်မှာမူ ခံစားမှုဟူသမျှသည် ဝေဒနာ၏သဘောလက္ခဏာမျှ ဖြစ်၏။ ခဏမစဲ၊ တသဲသဲ၊တဖွဲဖွဲ ဖြစ်ပျက်နေမှုကြောင့် မမြဲပေ။ ဆင်းရဲ၏။ ငါ၊သူတစ်ပါး ခံစားမည့်သူ မရှိ။ ဒုက္ခအတိသာ ဖြစ်၏။ မြတ်စွာဘုရားသည်

http://www.dhammadownload.com

ဝေဒနာတို့၌ သုခဝေဒနာကို ဟောတော်မူသော်လည်း သခ်ါရတရားတို့၏ မမြဲမှု၊ ဆင်းရဲမှု၊ကုန်ပျက်မှုတို့ကို သိစေလို၍သာ ဟောတော်မူခြင်း ဖြစ်၏။ အစစ်အမှန် ချမ်းသာမှုသဘောရှိသည်ကို ရည်ရွယ်၍ ဟောတော်မမူ။ ထို့ကြောင့် **'ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံတံ ဒုက္ခသ္မိန္တိ ဝဒါမိ'** ခံစားမှုဝေဒနာ အားလုံးသည် ဒုက္ခဝေဒနာ၌သာ အကျုံးဝင်ပေ၏' ဟု မြတ်စွာဘုရား မိန့်ကြားတော်မူ၏။ (သံ၊ ၂၊ ၄၁၈)

ဒုက္ခမေဝ ဟိသမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နည်ဘြ ဒုက္ခသမ္ဘောတိ၊ နည် ဒုက္ခံ နိရုဇ္ဈတိ။

လောက၌ ဖြစ်ပေါ်လာသမျှသော ရုပ်နာမ်ခန္ဓာသဘောတရားတို့သည် ဒုက္ခသစ္စာဆင်းရဲအမှန်သဘောမျှ ဖြစ်၏။ တည်နေရသမျှသော ရုပ်နာမ်ခန္ဓာသဘောတရားတို့သည်လည်း ဒုက္ခသစ္စာဆင်းရဲအမှန်သဘောမျှ ဖြစ်၏။ ပျက်သုဉ်းကြရသမျှသော ရုပ်နာမ်ခန္ဓာတရားတို့သည်လည်း ဒုက္ခသစ္စာဆင်းရဲအမှန်သဘောမျှ ဖြစ်၏။ ရုပ်နာမ်ခန္ဓာဖြစ်သော ဒုက္ခသစ္စာဆင်းရဲအမှန်သဘောတို့မှတစ်ပါး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊သူတစ်ပါး၊ယောက်ျား၊မိန်းမစသည်တို့၏ ဖြစ်ပေါ်လာမှုသည်လည်း လုံးဝမရှိ။ ပျက်သုဉ်းမှုသည်လည်းမရှိ။ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာသဘောမျှတို့သာ ဖြစ်တည်လျက်, ချုပ်ပျက်ရပေ၏။ (ဝဇိရာထေရီအပါဒါန်)

ဝေဒနာကိုခွာ၍ ဖြစ်ပျက်သိမြင်ပုံ

ဝေဒနာသုံးမျိုးတွင် တစ်မျိုးမျိုးကို အရှုခံ၊အကြည့်ခံအာရုံအဖြစ်ထားလျက် သတိ၊ပညာဖြင့် သိမှတ်နေပါက (၁)ဝေဒနာသည် ခံစားမှုသဘောမျှဖြစ်သည်ကို မြင်သိလာ၏။ (၂) ဝေဒနာဖြစ်မှုကို မြင်သိသဖြင့် ထိုဝေဒနာတို့ ချုပ်ပျက်နေမှုကိုလည်း သိလာ၏။ (၃)ဖြစ်မှုနှင့် ပျက်မှုသဘောတို့ကို သိပါက အဖြစ်နှင့်အပျက် မပြတ်စပ်ဆက်နေမှုကြောင့် မမြဲခြင်း၊ ဆင်းရဲခြင်း၊ ငါ့အလိုသို့ မလိုက်ပါခြင်း ဟူသော 'အနိစ္စ၊ဒုက္ခ၊အနတ္တ'သဘောတို့ကို သိပေ၏။

အာရုံကို သိမှုစိတ်သဘောတို့သည် -၁၂၁-ပါးရှိရာတွင် သုခဝေဒနာနှင့် ယှဉ်ဖက်စိတ်သည် ၆၃-ပါး၊ ဒုက္ခဝေဒနာနှင့်ယှဉ်ဖက်စိတ်သည် ၃-ပါး၊ ဥပေက္ခာဝေဒနာနှင့်ယှဉ်ဖက်စိတ်သည် ၅၅-ပါးဖြစ်၏။ ထို့ကြောင့် ထိုသိစိတ်တို့၌ မှီ၍ယှဉ်၍ အာရုံ၏အရသာကို ခံစားမှုဟူသော ဝေဒနာတို့သည်လည်း ၁၂၁-ပါးပင် ရှိပေ၏။

ထိုဝေဒနာတို့သည် သိစိတ်နှင့်အတူသာလျင် 'ဖြစ်၏။ ချုပ်၏။။ အာရုံတူ၊ မှီရာတူလျက်သာ ဖြစ်၊ပျက်ကြရပေ၏။ ထိုကြောင့် အာရုံတစ်ခုခုကို သိမှုတိုင်း၌

http://www.dhammadownload.com

အာရုံအရသာတစ်မျိုးမျိုးကို ခံစားမှုသဘောတရားတို့ကို မပြတ်ရှုမှတ်နေသော ယောဂီ၏ဉာဏ်၌ ဖြစ်ခြင်းနှင့်ပျက်ခြင်းသဘောမျှ ထင်၏။ ဖြစ်ခြင်းပျက်ခြင်း သဘောတို့မှတစ်ခြား ကောင်း၊မကောင်းတို့မထင်။ ဖြစ်ခြင်းပျက်ခြင်းသဘောတို့မှ အလွတ်သဘောမရှိဟု ဉာဏ်၌ ပြတ်ပြတ်ထင်ထင် သိမြင်လာပေ၏။

ထို့ပြင် အာရုံကိုသိမှု၌ ခံစားမှုဝေဒနာသဘောတို့ကို ဖြစ်ပျက်သိမြင်သဖြင့် 'ဝေဒနာနှင့်ဖြစ်ပျက်'သဘောတရားကို နှစ်မျိုးမကွဲပြားဘဲ တစ်သားတည်း သိသိလာ၏။ သိပုံမှာ- ဝေဒနာဟူသည် ခံစားမှုသဘောမျှ ဖြစ်၏။ ခံစားမှုသဘောဟူသည် ဖြစ်၊ပျက်သဘောမျှ ဖြစ်၏။ ခံစားမှုဟူသော ဝေဒနာဖြစ်ပျက်သည်လည်း အမှန်စစ်စစ် မမြဲသဖြင့် ဒုက္ခသဘောသာ ဖြစ်ပေ၏။ မမြဲခြင်း၊ဆင်းရဲခြင်းတို့ကြောင့် အနှစ်အသားမရှိဟူ၍ သိမြင်လာမှုသည် ဝေဒနာကိုခွာ၍ ဖြစ်ပျက်သိမြင်မှု ဖြစ်၏။

ဝေဒနာတို့၏ချုပ်ငြိမ်းခြင်း

မြတ်စွာဘုရားသည် ဝေသာလီပြည်၊မဟာဝုန်တောကျောင်း၌ သီတင်းသုံး တော်မူစဉ် ဂိလာနဆေးရုံကျောင်းသို့ကြွတော်မူကာ မနာမကျန်းရဟန်းတော်များအား ဤသို့ ဝေဒနာတို့၏ချုပ်ငြိမ်းကြောင်း ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၏။

ရဟန်းတို့သည် သတိရှိသည်ဖြစ်၍၊ ဆင်ခြင်သောသမ္ဘေဒရှိသည်ဖြစ်၍ မမေ့မလျော့ ပြင်းစွာအားထုတ်သော လုံ့လဝီရိယရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့ညွှတ်သော စိတ်ရှိသည်ဖြစ်၍နေသော ထိုရဟန်းအား သုခဝေဒနာဖြစ်လာသောအခါ ဤသို့ သိ၏။ ငါ့သန္တာန်၌ ဖြစ်ပေါ်လာသော သုခဝေဒနာသည် အကြောင်းတရားကို စွဲ၍ ဖြစ်၏။ အကြောင်းမဲ့ဖြစ်သည်မဟုတ်။ ဤရူပကာယကိုသာလျှင် အကြောင်း ပြု၍ ဖြစ်၏။ ဤရူပကာယသည်လည်း မမြဲသောသဘောရှိ၏။ ပြုပြင်စီရင်အပ် သောသဘောရှိ၏။ အကြောင်းတရားကို စွဲ၍ ဖြစ်၏။ မမြဲသော၊ ပြုပြင်စီရင်အပ် သောသဘောရှိသော၊ အကြောင်းတရားကို စွဲ၍ဖြစ်သော ဤရူပကာယကို အမှီ ပြု၍၊ အခြေခံပြု၍ ဖြစ်ပေါ်လာရသော ထိုသုခဝေဒနာသည် အဘယ်မှာ အမြဲ တည်နိုင်ပေအံ့နည်း'ဟု ရှုဆင်ခြင်ရပေမည်။

ထိုသို့ဆင်ခြင်သောရဟန်းအား ရူပကာယ၌သော်လည်းကောင်း၊ သုခ ဝေဒနာ၌သော်လည်းကောင်း၊ အနိစ္စဟု ရှုသည်ဖြစ်၍နေ၏။ အပျက်ဟု ရှု၍နေ၏။ တပ်မက်ခြင်းကင်းသည်ကို ရှု၍နေ၏။ ချုပ်ခြင်းကို ရှု၍နေ၏။ စွန့်ပယ်ခြင်း သဘောကို ရှုသည်ဖြစ်၍နေ၏။

http://www.dhammadownload.com

ထိုသို့ ရှုဆင်ခြင်လျက်နေသောရဟန်းအား ရူပကာယဌာလည်းကောင်း၊ သုခဝေဒနာဌာလည်းကောင်း၊ ကိန်းအောင်းလာသော ရာဂါနုသယကို ပယ်အပ်၏။ ထိုရဟန်းအား ယခင်က ကိန်းအောင်းလျက်ရှိသော ရာဂါနုသယသည်လည်း ကင်းပျောက်ခြင်းသို့ ရောက်လေတော့၏' ဟု ဟောတော်မူ၏။

ထို့အတူ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာသောအခါ၌ ရှုဆင်ခြင်လျက်နေသော ရဟန်းအားလည်း ရူပကာယဌာလည်းကောင်း၊ ဒုက္ခဝေဒနာဌာလည်းကောင်း၊ ကိန်းအောင်းလာသော ပဋိဃာနုသယကို ပယ်အပ်၏။ ထိုရဟန်းအား ယခင်က ကိန်းအောင်းလျက်ရှိသော ပဋိဃာနုသယသည်လည်း ကင်းပျောက်ခြင်းသို့ ရောက်လေတော့၏' ဟု ဟောတော်မူ၏။

ထို့အတူ အဒုက္ခမသုခဝေဒနာ ဖြစ်ပေါ်လာသောအခါ၌ ရှုဆင်ခြင်လျက်နေသော ရဟန်းအား ရူပကာယဌာလည်းကောင်း၊ အဒုက္ခမသုခဝေဒနာဌာ လည်းကောင်း၊ ကိန်းအောင်းလာသော အဝိဇ္ဇာနုသယကို ပယ်အပ်၏။ ထိုရဟန်းအား ယခင်က ကိန်းအောင်းလျက်ရှိသော အဝိဇ္ဇာနုသယသည်လည်း ကင်းပျောက်ခြင်းသို့ ရောက်လေတော့၏'ဟု ဟောတော်မူ၏။ (ဝေဒနာသံယုတ်၊ပထမဂေလညသုတ်)

အကန့်အသတ်ရှိသောဝေဒနာ

ဝေဒနာနုပဿနာကို ရှုမှတ်ပွားများသောယောဂီအား သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာတို့တွင် တစ်ပါးပါးကို ခံစားနေရခိုက်တွင် ထိုဝေဒနာကို မမြဲသောခံစားမှုဟုလည်းကောင်း၊ ဆင်းရဲသောခံစားမှုဟုလည်းကောင်း၊ မလွမ်းမိုးနိုင်၊ မလွန်ဆန်နိုင်သောခံစားမှုဟုလည်းကောင်း၊ မနှစ်သက်အပ်သောခံစားမှုတို့ ဟူ၍လည်းကောင်း သိမှတ်ရပေ၏။ ထိုသို့သိမှတ်နေသောယောဂီသည် သုခဝေဒနာကို ခံစားသော်လည်း ကိလေသာကင်းသော သုခဝေဒနာကို ခံစားသည် မည်၏။ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ကို ခံစားရသော်လည်း ကိလေသာကင်းသော ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ကို ခံစားသည် မည်၏။ ထိုယောဂီအား ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင်လည်း ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟု သိမှတ်နေရ၏။ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင်လည်း အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟု သိမှတ်နေရ၏။ ထိုယောဂီအား ဤဘဝ၌ပင် ခံစားမှုဟူသမျှတို့သည် ဆီကုန်၊မီးငြိမ်းသကဲ့သို့ ချုပ်ငြိမ်းရကြောင်းကို ဤသို့ ဟောတော်မူ၏။

http://www.dhammadownload.com

'ရဟန်းတို့၊ ဥပမာအားဖြင့်၊ ဆီကိုလည်းကောင်း၊ မီးစာကိုလည်းကောင်း အကြောင်းပြု၍ ဆီမီးသည် တောက်ရာ၏။ ဆီနှင့်မီးစာကုန်ခြင်းကြောင့် မီးတောက်သည် ငြိမ်းရာ၏။ ဤနည်းအတူပင်လျှင် ရဟန်းသည် ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင် ခန္ဓာကိုယ်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟု သိ၏။ အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားလျှင်လည်း အသက်အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ဟု သိ၏။ ကိုယ်ခန္ဓာပျက်၍ သေပြီးနောက်၌ ဤဘဝကပင် မနှစ်သက်အပ်ကုန်သော အလုံးစုံသောခံစားမှုဟူသမျှတို့သည် ငြိမ်းအေးပျောက်ပျက်ရကုန်လတ္တံ့'။(သံ၊ပထမဂေလညသုတ်)

ဝေဒနာ၏လွတ်မြောက်ရာကိုသိပုံ

ယော ဝေဒနာယ ဆန္ဒရာဂဝိနယော၊ ဆန္ဒရာဂပဟာနံ။

ဣဒံ ဝေဒနာယ နိဿရဏံ။

ဝေဒနာ၏ မမြဲမှု၊ဆင်းရဲမှု၊ တစ်မျိုးပြီးတစ်မျိုး ဖောက်ပြန်ပြောင်းလဲလျက်ဖြစ်ပေါ်နေမှုသဘောကို သိနေမှုကြောင့် ဝေဒနာသဘောတို့၌-

ဝေဒနံ နေတံ မမ။ 'ငါ၏ ခံစားမှုမဟုတ်' ဟူ၍ စွဲလန်းမှုတဏှာကို ပယ်၏။ **ဝေဒနံ နေသောဟ မသ္မိ။** 'ငါမို့ ခံစားရသည်မဟုတ်' ဟု မာနကို ပယ်၏။ **ဝေဒနံ နမေသော အတ္တာ။** 'ငါသည် ခံစားနေရသည်မဟုတ်'။ ဝေဒနာသည် ငါမဟုတ်။ ငါ၌ ဝေဒနာမရှိ။ ဝေဒနာ၌ ငါမရှိ။ ဝေဒနာသည် ခံစားမှုသဘောတရားသက်သက်မျှဖြစ်၏'ဟု အတ္တဒိဋ္ဌိကို ပယ်၏။ ထိုဝေဒနာ၌ တပ်မက်မှုဆန္ဒရာဂကင်းပျက်ခြင်း 'ဝိရာဂဉာဏ်'သည် ဖြစ်၏။ ထိုဉာဏ်သည်ပင် ဝေဒနာ၏လွတ်မြောက်ရာ 'ဝိမုတ္တိဉာဏ်'၏ဖြစ်ကြောင်း မည်ပေ၏။

လင်္ကာ။ ဝေဒနာကိုပင်၊ အနိစ္စမြင်၊ သက္ကာယဒိဋ္ဌိစင်။
အနိစ္စကိုမြင်၊ ဒုက္ခထင်။ ဒုက္ခကိုမြင်၊ အနတ္တထင်။
ငါ၏ဝေဒနံ၊ မစွဲယူမှန်၊ တဏှာပယ်သတ်ပြန်။
ငါ့မို့ဝေဒနံ၊ မစွဲယူမှန်၊ မာနပယ်သတ်ပြန်။
ငါသည်ဝေဒနံ၊ မစွဲယူမှန်၊ အတ္တပယ်သတ်ပြန်။
ဒိဋ္ဌိပယ်သတ်၊ ဉာဏ်လက်နက်၊ သောတာပတ္တိမဂ်။

ဝေဒနာတူသော်လည်း ခံစားပုံမတူ

ဝေဒနာသည် ပရမတ်တရားတစ်ပါးမျှသာဖြစ်သော်လည်း အာရုံအားဖြင့်

http://www.dhammadownload.com

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာဟု(၃)မျိုး ကွဲပြားဏ်။ ထိုတွင် အကြားအမြင်နည်းသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်ဏ်၏ဝေဒနာခံစားမှုနှင့် အကြားအမြင်များသော ကလျာဏပုထုဇဉ်၊ အရိယာပုဂ္ဂိုလ်တို့ဏ်၏ဝေဒနာခံစားမှုသည် ကွဲပြားမှု ဖြစ်ဏ်။

"ရဟန်းတို့၊ အကြားအမြင်နည်းသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာကို ခံစားရသည်ရှိသော် စိုးရိမ်ပူပန်ဏ်။ ပင်ပန်းရဏ်။ ငိုကြွေးရဏ်။ ရင်ထုမြည်တမ်းရလျက် ပြင်းစွာတွေဝေခြင်းသို့ ရောက်ဏ်။ ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ကာယိကဒုက္ခဝေဒနာ၊ စေတသိကဒုက္ခဝေဒနာ(၂)မျိုးလုံးကို ခံစားရသည် မည်ဏ်။ ဥပမာအားဖြင့် တစ်ခုသောဌြောင့်အစူးခံရသူသည် ဒုတိယအကြိမ်ထပ်မံ ဌြောင့်စူးခံရသကဲ့သို့တည်း။

ထိုအန္ဓပုထုဇဉ်သည် ဒုက္ခဝေဒနာကို ခံစားရသဖြင့် အမျက်ဒေါသထွက်ဏ်။ ဒုက္ခဝေဒနာကြောင့် အမျက်ထွက်ခြင်းဟုဆိုအပ်သော ပဋ္ဌိဃာနုသယကိန်းလေဏ်။ ထိုဒုက္ခဝေဒနာထိတွေ့သဖြင့် ကာမသုခကို တောင့်တဏ်။ ကာမသုခကို နှစ်သက်တောင့်တခြင်းကြောင့် ထိုပုထုဇဉ်အား ရာဂါနုသယသည် ကိန်းလေဏ်။ အဘယ့်ကြောင့်နည်းမူကား ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်အား ကာမသုခမှတစ်ပါးသော ဒုက္ခဝေဒနာမှ လွတ်မြောက်ကြောင်းရှိသည်ကို မသိမှုကြောင့်ပေတည်း။

ထိုပုထုဇဉ်ပုဂ္ဂိုလ်သည် ဝေဒနာ၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်အာဒီနဝတို့ကိုလည်းကောင်း၊ လွတ်မြောက်ခြင်းကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ မသိမြင်နိုင်ပေ။

ထိုသို့မသိမြင်မှုကြောင့်ပင် အဒုက္ခမသုခဝေဒနာကြောင့်ဖြစ်သော အဝိဇ္ဇာနုသယသည် ထိုပုထုဇဉ်သန္တာန်၌ ကိန်းလေဏ်။ သုခဝေဒနာကို ခံစားသည်ဖြစ်အုံ့။ ကိလေသာနှင့် ယှဉ်သည်ဖြစ်၍ ခံစားဏ်။ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ကို ခံစားသည်ဖြစ်အုံ့။ ကိလေသာနှင့်ယှဉ်သည်ဖြစ်၍ ခံစားလေဏ်။ ရဟန်းတို့၊ ထိုကိလေသာနှင့်ယှဉ်သည်ဖြစ်၍ ဝေဒနာကို ခံစားသောအန္ဓပုထုဇဉ်ပုဂ္ဂိုလ်ကို ဇာတိ၊ ဇရာ၊မရဏာ၊သောကာ၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသတို့နှင့် ယှဉ်သောသူဟု ဆိုအပ်ပေဏ်"။

"ရဟန်းတို့၊ အကြားအမြင်ရှိသောအရိယာတပည့်သည်ကား ဒုက္ခဝေဒနာကို ခံစားရသည်ရှိသော် စိုးရိမ်ပူပန်မှုမဖြစ်။ ပင်ပန်းခြင်းမဖြစ်။ ငိုကြွေးခြင်းမဖြစ်။ ရင်ထုမြည်တမ်းမှုမပြု။ ပြင်းစွာ တွေဝေခြင်းသို့ မရောက်။ ထိုအရိယာတပည့်သည် တစ်ခုသော ကာယိကဒုက္ခဝေဒနာကိုသာ ခံစားရဏ်။ စေတသိကဒုက္ခဝေဒနာကို မခံစားရ။ ဥပမာအားဖြင့် တစ်ခုသောဌြောင်ဖြင့် အစူးခံရမိသူသည် နှစ်ခုမြောက်

http://www.dhammadownload.com

ကြောင့်ဖြင့် ထပ်မံအစူး မခံရခြင်းကဲ့သို့ ဖြစ်၏။

ထိုအရိယာတပည့်သည် ဒုက္ခဝေဒနာကို ခံစားရသဖြင့် အမျက်ဒေါသ ထွက်ခြင်းမဖြစ်။ ဒုက္ခဝေဒနာကြောင့် အမျက်ထွက်ခြင်းဟုဆိုအပ်သော ပဋိဃာ နုသယကိန်းခြင်းမရှိ။ ထိုဒုက္ခဝေဒနာထိတွေ့သဖြင့် ကာမသုခကို တောင့်တခြင်းမရှိ။ ကာမသုခကို မတောင့်တခြင်းကြောင့် ထိုအရိယာတပည့်အား ရာဂါနုသယသည် မကိန်းပေ။ အဘယ့်ကြောင့်နည်းမူကား ထိုအရိယာတပည့်အား ကာမသုခမှ တစ်ပါးသော ဒုက္ခဝေဒနာမှ လွတ်မြောက်ကြောင်းရှိသည်ကို သိမှုကြောင့်တည်း။

ထိုအရိယာတပည့်သည် ဝေဒနာ၏ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း၊ သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်အာဒီနဝတို့ကို လည်းကောင်း၊ လွတ်မြောက်ခြင်းကိုလည်းကောင်း ဟုတ်တိုင်းမှန်စွာ သိမြင်ပေ၏။

ထိုကြောင့်ပင် ထိုအရိယာတပည့်သည် သုခဝေဒနာကို ခံစားသည်ဖြစ်အံ့။ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ခံစား၏။ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာတို့ကို ခံစားသည်ဖြစ်အံ့။ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ခံစားလေ၏။ 'ရဟန်းတို့၊ ကိလေသာနှင့် မယှဉ်သည်ဖြစ်၍ ဝေဒနာကို ခံစားသော ဤအရိယာတပည့်ကို ဇာတိ၊ ဇရာ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသတို့နှင့် မယှဉ်သောသူဟု ဆိုအပ်ပေ၏''။ (သဠာယတနသံယုတ်၊သလ္လသုတ္တံ)

ဤသို့ မြတ်စွာဘုရားသည် အကြားအမြင်နည်းသော အန္ဓပုထုဇဉ်နှင့် အကြားအမြင်များသော အရိယာတပည့်ပုဂ္ဂိုလ်တို့၏ ဝေဒနာကို ခံစားမှုချင်းတူသော်လည်း ကွဲပြားခြားနားပုံအထူးကို ဟောကြားတော်မူ၏။

ဝေဒနာကိုအနတ္တအားဖြင့် ရှုမြင်သင့်ပုံ

မြတ်စွာဘုရားသည် အနတ္တလက္ခဏာသုတ်၌ 'ရဟန်းတို့၊ ဝေဒနာသည် အတ္တ(ငါ၏အနှစ်အသား)မဟုတ်။ ဝေဒနာသည် အတ္တဖြစ်ငြားအံ့။ နှိပ်စက်နာကျင်ခြင်းငှါ မဖြစ်တန်ရာ။ ငါ၏ဝေဒနာသည် ဤသို့ မနှိပ်စက်မနာကျင်ပါစေလင့်၊ ဤသို့သက်သာစွာ ဖြစ်ပါစေဟု တောင့်တပြုပြင်၍ ရနိုင်ရာ၏။ စင်စစ်သော်ကား ဝေဒနာသည် အတ္တမဟုတ်။ ထို့ကြောင့် နှိပ်စက်နာကျင်ခြင်းငှါ ဖြစ်၏။ တောင့်တပြုပြင်၍လည်းမရပေ'ဟု ဝေဒနာကို အနတ္တရှုမြင်သင့်ပုံကို ဟောကြားတော်မူ၏။

ရဟန်းတို့၊ ဝေဒနာသည် မြဲသလော၊မမြဲသလော?။ မမြဲပါဘုရား။ ထိုမမြဲသောဝေဒနာသည် ဆင်းရဲသလော၊ချမ်းသာသလော?။ ဆင်းရဲဖြစ်ပါသည်ဘုရား။

http://www.dhammadownload.com

ထိုမမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်ခြင်းသဘောရှိသော ဝေဒနာကို ဤဝေဒနာသည် ငါ၏ဝေဒနာတည်း။ ဤဝေဒနာသည် ငါဖြစ်၏။ ဤဝေဒနာသည် ငါ၏အတ္တတည်းဟု ဉာဏ်ဖြင့် ရှုမြင်ခြင်းငါသင့်ပါမည်လော?။ မသင့်ပါဘုရား။

ရဟန်းတို့၊ ထို့ကြောင့် သင်တို့သည် အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်၊အတွင်း၊အပြင်၊အကြမ်း၊အနု၊အယုတ်၊အမြတ်၊အနီး၊အဝေးအားဖြင့်ဖြစ်သော အလုံးစုံသော ခံစားမှုဝေဒနာတို့ကို ငါ၏ဝေဒနာမဟုတ်။ ငါမဟုတ်။ ငါ၏အတ္တမဟုတ်ဟူ၍ ဟုတ်တိုင်းမှန်စွာ အနတ္တဉာဏ်အမြင်ဖြင့် ရှုမြင်ကုန်လော့'ဟု ဟောတော်မူ၏။

ဝေဒနာကို အနတ္တအမြင်ဖြင့် ရှုမြင်သောအရိယာတပည့်သည် ဝေဒနာ၌ ငြီးငွေ့၏။ ငြီးငွေ့သည်ရှိသော် တပ်မက်နှစ်သက်ခြင်း ကင်း၏။ နှစ်သက်ခြင်း ကင်းသော် ကိလေသာမှ လွတ်၏။ ကိလေသာမှလွတ်သော် အရဟတ္တဖိုလ်၌ တည်လျက် ကိလေသာမှလွတ်လေပြီဟု ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိနိုင်လေ၏။

ဝေဒနာနုပဿနာ ရှုမှတ်နေမှု

ဝေဒနာနုပဿနာယောဂီသည် မိမိသန္တာန်၌ ဝတ္ထုအာရုံတို့ပေါင်းဆုံထိမှုကြောင့်ဖြစ်ပေါ်လာသမျှသောဝေဒနာတို့ကို 'ခံစားမှုသဘောမျှ'ထင်မြင်အောင် အဖန်ဖန် သိမှတ်နေရ၏။ မိမိမှာကဲ့သို့ သူတစ်ပါးတို့၌လည်း ခံစားမှုသဘောမျှပဲဟု သိမှတ်ရ၏။ မိမိ၊သူတစ်ပါးနှစ်ဦးသားတို့၏သန္တာန်၌ ထိုဝေဒနာခံစားမှုသဘောတို့၏ ဖြစ်မှု၊ပျက်မှုကို အဖန်ဖန် သတိမပြတ် သိမှတ်နေရ၏။ ထိုဝေဒနာဟူသည် ခံစားမှုသဘောမျှသာရှိ၏။ တခြားပုဂ္ဂိုလ်၊သတ္တဝါ ဘာမျှမရှိဟု သတိရှေးရှုထင်စေလျက် အဆင့်ဆင့် သတိပဋ္ဌာန်အသိဉာဏ် တိုးပွားစေရ၏။

ထိုခံစားမှုအပေါင်း၌ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှုရှိ နေသည်မည်၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကာ၌ တစ်စုံတစ်ခုကိုမျှ ငါ၊ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိနိုင်တော့ပေ။ ထိုသို့ ဝေဒနာဟူသမျှတို့၌ ခံစားမှုသဘောမျှဟု သတိမပြတ် အဖန်ဖန်ရှုမြင်လျက် နေအပ်၏။

ဝေဒနာကိုရှုမြင်ပုံပြီး၏။

♦♦♦♦♦

သတိပဋ္ဌာန်တရားအားထုတ်တာဟာ ဉာဏ်ကုသိုလ်အလုပ်လုပ်တာပဲ။ ကံကုသိုလ်က (၃၁)ဘုံချမ်းသာပဲ ပေးနိုင်တယ်။ ဉာဏ်ကုသိုလ်ကတော့ နိဗ္ဗာန်ချမ်းသာကြီးရစေတယ်။(ရှေ့ပမင်ဆရာတော်)

http://www.dhammadownload.com

၃–စိတ္တာနုပဿနာ

စိတ်ကို အဖန်ဖန်ရှုမြင်ပုံ

၁။ ကထဉ္စ ပန ဘိက္ခဝေ၊ ဘိက္ခု စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ၊ ဘိက္ခု သရာဂံဝါ စိတ္တံ 'သရာဂံ စိတ္တ'န္တိ ပဇာနာတိ၊ ဝီတရာဂံဝါ စိတ္တံ 'ဝီတရာဂံ စိတ္တ'န္တိ ပဇာနာတိ၊ သဒေါသံဝါ စိတ္တံ 'သဒေါသံ စိတ္တ'န္တိ ပဇာနာတိ၊ ဝီတဒေါသံဝါ စိတ္တံ 'ဝီတဒေါသံ စိတ္တ'န္တိ ပဇာနာတိ၊ သမောဟံ ဝါ စိတ္တံ 'သမောဟံ စိတ္တ'န္တိ ပဇာနာတိ၊ ဝီတမောဟံ ဝါ စိတ္တံ 'ဝီတမောဟံ စိတ္တ'န္တိ ပဇာနာတိ။

သံခိတ္တံ ဝါ စိတ္တံ 'သံခိတ္တံ စိတ္တ'န္တိ ပဇာနာတိ၊ ဝိက္ခိတ္တံ ဝါ စိတ္တံ 'ဝိက္ခိတ္တံ စိတ္တ'န္တိ ပဇာနာတိ၊ မဟဂ္ဂတံ ဝါ စိတ္တံ 'မဟဂ္ဂတံ စိတ္တ'န္တိ ပဇာနာတိ၊ အမဟဂ္ဂတံ ဝါ စိတ္တံ 'အမဟဂ္ဂတံ စိတ္တ'န္တိ ပဇာနာတိ၊ သဥ္တရံ ဝါ စိတ္တံ 'သဥ္တရံ စိတ္တ'န္တိ ပဇာနာတိ၊ အနုတ္တရံ ဝါ စိတ္တံ 'အနုတ္တရံ စိတ္တ'န္တိ ပဇာနာတိ၊ သမာဟိတံ ဝါ စိတ္တံ 'သမာဟိတံ စိတ္တ'န္တိ ပဇာနာတိ၊ အသမာဟိတံ ဝါ စိတ္တံ 'အသမာဟိတံ စိတ္တ'န္တိ ပဇာနာတိ၊ ဝိမုတ္တံ ဝါ စိတ္တံ 'ဝိမုတ္တံ စိတ္တ'န္တိ ပဇာနာတိ၊ အဝိမုတ္တံ ဝါ စိတ္တံ 'အဝိမုတ္တံ စိတ္တ'န္တိ ပဇာနာတိ။

ရဟန်းတို့၊ အဘယ်သို့လျင် ယောဂီသည် ကြံ့သိမ္ဘစိတ်တို့၌ ကြံ့သိမ္ဘသဘော မျှဟု ရှုဆင်ခြင်လျက်နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီသည် တပ်မက်မှုနှင့်တကွဖြစ်သောစိတ်ကိုလည်း တပ်မက်မှုနှင့်တကွဖြစ်သော စိတ်ဟု သိ၏။ တပ်မက်မှုကင်းသောစိတ်ကိုလည်း တပ်မက်မှုကင်းသောစိတ်ဟု သိ၏။ စိတ်ဆိုးမှုနှင့်တကွဖြစ်သောစိတ်ကိုလည်း စိတ်ဆိုးမှုနှင့်တကွဖြစ်သောစိတ်ဟု သိ၏။ တွေဝေသိမှားမှုနှင့် တကွဖြစ်သောစိတ်ကိုလည်း တွေဝေသိမှားမှုနှင့်ကကွဖြစ်သော စိတ်ဟု သိ၏။ တွေဝေသိမှားမှုကင်းသော စိတ်ကိုလည်း တွေဝေသိမှားမှုကင်းသော စိတ်ဟု သိ၏။ တွန့်ဆုတ်ပျင်းရိစိတ်ကိုလည်း တွန့်ဆုတ်ပျင်းရိစိတ်ဟု သိ၏။ ပျံ့လွင့်ပြေးသွားသောစိတ်ကိုလည်း ပျံ့လွင့်ပြေးသွားသောစိတ်ဟုသိ၏။

မဟဂ္ဂုတ်စျာန်စိတ်ကိုလည်း မဟဂ္ဂုတ်စျာန်စိတ်ဟု သိ၏။ မဟဂ္ဂုတ်မဟုတ်သောကာမစိတ်ကိုလည်း မဟဂ္ဂုတ်မဟုတ်သောကာမစိတ်ဟု သိ၏။ မိမိထက်လွန်မြတ်သောတရားရှိသော ကာမစိတ်တို့ကိုလည်း မိမိထက်လွန်မြတ်သော တရားရှိသောစိတ်ဟု သိ၏။ မိမိထက်လွန်မြတ်သောလောကီတရားမရှိသော ရူပအရူပစိတ်ကိုလည်း မိမိထက်လွန်မြတ်သောလောကီတရားမရှိသော ရူပအရူပစိတ်

http://www.dhammadownload.com

ဟု သိ၏။ ဥပစာရသမာဓိ၊အပ္ပနာသမာဓိတို့ဖြင့် တည်ငြိမ်သောစိတ်ကိုလည်း တည်ငြိမ်သောစိတ်ဟု သိ၏။ မတည်ငြိမ်သောစိတ်ကိုလည်း မတည်ငြိမ်သော စိတ်ဟု သိ၏။ တဒင်္ဂ၊ဝိက္ခम्ภနအားဖြင့် ကိလေသာမှလွတ်သော ဝိပဿနာစိတ်၊ ဈာန်စိတ်ကိုလည်း ကိလေသာမှလွတ်သောစိတ်ဟု သိ၏။ ကိလေသာမှမလွတ်သော စိတ်ကိုလည်း ကိလေသာမှမလွတ်သော စိတ်ဟုသိ၏။

၂။ ဣတိ အဇ္ဈတ္တं ဝါ စိတ္တေသု စိတ္တာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ စိတ္တေသု စိတ္တာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ စိတ္တေသု စိတ္တာနုပဿီ ဝိဟရတိ၊ သမုဒယဓမ္မာနုပဿီ ဝါ စိတ္တေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ စိတ္တေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ စိတ္တေသု ဝိဟရတိ။ 'အတ္ထိ စိတ္တ'န္တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ။ နစ ကိञ္စि လောကေ ဥပါဒိယတိ။ ဧवမ္ပိ ခေါ၊ ภิกฺขเว၊ ภิกฺขุ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ။

စိတ္တာနုပဿနာပြီး၏။

စိတ်ကိုရှုဆင်ခြင်ခြင်း

စိတ်ညစ်နွမ်းမှုကြောင့် သတ္တဝါတို့သည် ညစ်နွမ်းကုန်၏။ စိတ်ဖြူစင်မှုကြောင့် သန့်ရှင်းစင်ကြယ်ကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားက **'အတ္ထိ**ဏ္ဍ-မပြတ်၊ **သက်စိတ္တ**-မိမိစိတ်ကို။ **ပစ္စဝေက္ခိတ**ဗ္ဗ-ရှုဆင်ခြင်အပ်၏'ဟု ဟောတော်မူ၏။

စိတ်တို့မည်သည် များစွာပင်ဖြစ်ကြပါသော်လည်း **'ဧကက္ခဏေ**-တစ်ခဏတွင်း၌ **'ဒ္ဝိန္နံ စိတ္တာန**-စိတ်နှစ်မျိုးတို့၏။ **ပဝတ္တိနာမ နတ္ထိ**-တစ်ပြိုင်နက် ဖြစ်ခြင်းမည်သည် မရှိ။ ရှေးစိတ်ဖြစ်၍ ပျက်ပြီးမှသာ နောက်စိတ် ဖြစ်ရ၏။

စိတ်(၁၆) မျိုးနှင့်သရုပ်

(၁-၂) ရာဂနှင့်ယှဉ်သောလောဘမူစိတ်(၈)ခုသည် **'သရာဂစိတ်'** မည်၏။ ရာဂကင်းသောလောဘကိုကုသိုလ်(၁၇)ခု၊ လောဘဝိပါက်(၃၂)၊ ကြိယာ(၂၀)စိတ်တို့သည် **'ဝီတရာဂစိတ်'** မည်၏။

(၃-၄)ဒေါသနှင့် ယှဉ်သောဒေါမနဿသဟဂတ်စိတ်(၂)ခုသည်

http://www.dhammadownload.com

'သဒေါသစိတ်' မည်၏။ ဒေါသနှင့်မယှဉ်သော လောကီကုသိုလ်၊ အဗျာကတစိတ်သည် 'ဝိတဒေါသစိတ်' မည်၏။

(၅-၆)မောဟနှင့်ယှဉ်သော အကုသိုလ်စိတ်(၁၂)ခုသည် 'သမောဟစိတ်' မည်၏။ မောဟနှင့်မယှဉ်သော လောကီကုသိုလ်၊အဗျာကတစိတ်သည် 'ဝိတမောဟစိတ်' မည်၏။

(၇-၈) တွန့်ဆုတ်ပျင်းရိမှုထိန်မိုဒ္ဓနှင့်ယှဉ်သော သင်္ခါရိကစိတ်(၅)ခုသည် 'သံခိတ္တစိတ်'မည်၏။ ပျံ့လွင့်သော ဥဒ္ဓစ္စသဟဂတ်စိတ်သည်'ဝိက္ခိတ္တစိတ်'မည်၏။

(၉-၁၀)ရူပစိတ်၊အရူပစိတ်(၂၇)ခုတို့သည် မြတ်သော'မဟဂ္ဂတစိတ်' မည်၏။ ကာမစိတ်တို့သည် မမြတ်သော'အမဟဂ္ဂတစိတ်'မည်၏။

(၁၁-၁၂)ကာမစိတ်(၅၄)ခုတို့သည် မိမိထက်အလွန်ရှိသော'သဥတ္တရစိတ်' မည်၏။ ရူပ၊အရူပစိတ်တို့သည် မိမိထက်အလွန်မရှိသော'အနုတ္တရစိတ်' မည်၏။

(၁၃-၁၄)အပွနာသမာဓိ၊ဥပစာသမာဓိနှင့်ယှဉ်သောစိတ်သည် 'သမာဟိတစိတ်' မည်၏။ ထိုသမာဓိနှင့်မယှဉ်သောစိတ်သည်'အသမာဟိတစိတ်'မည်၏။

(၁၅-၁၆)တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ကိလေသာမှလွတ်သောစိတ်သည် 'ဝိမုတ္တစိတ်' မည်၏။ တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ကိလေသာမှမလွတ်သောစိတ်သည် 'အဝိမုတ္တစိတ်' မည်၏။

မှတ်ချက်။ စိတ်ကို အဖန်ဖန်ရှုမှတ်ပွားများမှ၌ လောကီစိတ်အပေါင်းကိုသာ ရအပ်၏။ ထို့ကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်အရာ၌ တစ်ခုသောပုဒ်၌သော်လည်း လောကုတ္တရာစိတ်ကို မရအပ်။ မရနိုင်ပေ။

'စိတ်ဝိညာဏ်၌သိရန် (၇)ဌာန

၁-ဝိညာဏံ ပဇာနာတိ- စိတ်ကို သိရ၏။
၂-ဝိညာဏသမုဒယံ ပဇာနာတိ- စိတ်ဖြစ်ခြင်းကို သိရ၏။
၃-ဝိညာဏနိရောဓံ ပဇာနာတိ- စိတ်ချုပ်ခြင်းကို သိရ၏။
၄-ဝိညာဏနိရောဓဂါမိနိပဋိပဒံပဇာနာတိ-စိတ်ချုပ်ရာအကျင့်ကို သိရ၏။
၅-ဝိညာဏသ အဿာဒံ ပဇာနာတိ- စိတ်၏သာယာဖွယ်ကို သိရ၏။
၆-ဝိညာဏသ အာဒီနဝံ ပဇာနာတိ- စိတ်၏အပြစ်ကို သိရ၏။

http://www.dhammadownload.com

၇-ဝိညာဏသ နိဿရဏံ ပဇာနာတိ-စိတ်၏လွတ်မြောက်ရာကိုသိရ၏။
(သံ၊သတ္တဋ္ဌာနသုတ်)

စိတ်ဝိညာဏ်(၆)မျိုးကို သိပုံ

၁-စက္ခုဝိညာဏ်-အဆင်းရှုပါရုံကို မြင်သိစိတ်၊
၂-သောတဝိညာဏ်-အသံသဒ္ဒါရုံကို ကြားသိစိတ်၊
၃-ဃာနဝိညာဏ်-အနံ့ဂန္ဓာရုံကို နံသိစိတ်၊
၄-ဇိဝှါဝိညာဏ်-အရသာရသာရုံကို စားသိစိတ်၊
၅-ကာယဝိညာဏ်-အတွေ့ဖောဋ္ဌဗ္ဗာရုံကို တွေ့သိစိတ်၊
၆-မနောဝိညာဏ်-သဘောဓမ္မာရုံကို ကြံသိစိတ်။

ထိုတွင် မြင်သိ၊ကြားသိ၊နံသိ၊စားသိ၊တွေ့သိဟူသော ပဉ္စဝိညာဏ်စိတ်တို့သည် အာရုံကို သိရုံသဘောမျှ ဖြစ်၏။ ထိုမှတစ်ပါးသော သဘောအာရုံ (ဓမ္မာရုံ)ကို သိမှုအားလုံးသည် မနောဝိညာဏ်စိတ်၏သိခြင်း ဖြစ်၏။ ထိုမနောဝိညာဏ်စိတ်သည် သာမညလက္ခဏာအားဖြင့် အာရုံကိုသိမှုတစ်မျိုးသာ ဖြစ်၏။ အာရုံကို အထူးသိမှုဟူသော ဝိသေသလက္ခဏာအားဖြင့်-

၁-အပြစ်ကင်းသော **ကုသိုလ်သိစိတ်**၊
၂-အပြစ်နှင့်တကွဖြစ်သော **အကုသိုလ်သိစိတ်**၊
၃-ကုသိုလ်အကုသိုလ်မဟုတ်သော **အဗျာကတသိစိတ်** (ဝိပါက်၊ ကြိယာစိတ်)အားဖြင့် သိမှု(၃)မျိုး ရှိ၏။ ထိုသိစိတ်တို့တွင်-

မြင်သိ၊ကြားသိ၊နံသိ၊စားသိ၊ထိသိဟူသော အာရုံကိုသိရုံမျှ ပဉ္စဝိညာဏ်စိတ်တို့ကိုလည်း မြင်စိတ်၊ ကြားစသည်ဖြင့် သိမှတ်ရ၏။ အာရုံကို အထူးသိမှု မနောဝိညာဏ်စိတ်တို့၌ အကုသိုလ်စိတ်တို့တွင် 'လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်'စသည်ဖြင့် သိမှတ်ရ၏။ ကုသိုလ်စိတ်တို့တွင်လည်း အလောဘစိတ်၊ အဒေါသစိတ်၊ အမောဟစိတ်၊ ကာမကုသိုလ်စိတ်၊ မဟဂ္ဂုဟ်ကုသိုလ်စိတ်၊ ကိလေသာတို့မှ တဒင်္ဂ၊ဝိက္ခမ္ဘနအားဖြင့် လွတ်မြောက်စိတ်စသည်ဖြင့် သိမှတ်ရ၏။

မြတ်စွာဘုရားရှင် ဟောပြတော်မူသော 'သရာဂစိတ်၊ဝီတရာဂစိတ်'စသည် (၁၆)မျိုးတို့ဖြင့်လည်း သိမှတ်နေရပေ၏။ ထိုသို့သိမှတ်နေမှုသည်ပင် 'အာရုံသိမှုစိတ်တို့ကို အဖန်ဖန်ရှုမှတ်ခြင်း **'စိတ္တာနုပဿနာသတိပဋ္ဌာန်'** ဖြစ်၏။

ထိုစိတ်ဝိညာဏ်(၆)မျိုးတို့ကို သိမှတ်နေသောယောဂီအား လောဘစိတ်ဖြစ်အုံ့၊ ထိုလောဘစိတ်သည် တပ်မက်စရာ အာရုံအခိုက်၌သာ ထင်ရှားဖြစ်၏။

http://www.dhammadownload.com

ထိုအာရုံအခိုက်၌ပင် ပျောက်ကွယ်လေ၏။ ထိုလောဘစိတ်အခိုက်တွင်လည်း တခြား ဒေါသစိတ်၊ မောဟစိတ်များ မဖြစ်နိုင်။ ဖြစ်သဖြင့် ပျက်သုဉ်းမှုကြောင့်လည်း မမြဲနိုင်။ မမြဲသောကြောင့်လည်း ဆင်းရဲပေ၏။ ထိုမမြဲခြင်း၊ ဆင်းရဲခြင်းသည်ပင် အစိုးမရသော၊ အတ္တအနှစ်အသားမပါသော အနတ္တသဘောပါတကားဟု အဆင့်ဆင့် သိမှတ်သဖြင့် ဝိပဿနာဉာဏ်များ တိုးတက်ဖြစ်ပေါ်လာတော့၏။

လကၢံ။ ပုဂ္ဂိုလ်မသိ၊စိတ်ဓာတ်သိ။ ပညတ်မသိ၊ ပရမတ်သိ။

သိလျှင်သိမှု၊ အမှန်ရှု၊ အသိတစ်ခု၊ သတိပြု။

ဉာဏ်မြင်ပေါ်ရှိ၊အမှန်သိ၊အမှားသိကိုပယ်သတ်၏။

ပညတ်နှင့်ပရမတ်ခွဲပုံ

၁-လောဘသည် သူခိုးနှင့် တူ၏။

၂-ဒေါသသည် လူသတ်သမားနှင့် တူ၏။

၃-မောဟသည်လူမိုက်နှင့် တူ၏။

လောဘ၊ဒေါသ၊မောဟစိတ်တို့ဖြစ်မှုကြောင့် သူခိုး၊လူသတ်၊လူမိုက်တို့ ရှိလာရပေ၏။ မဖြစ်ခဲ့လျှင်ကား မရှိနိုင်။ ဖြစ်မှသာ ရှိမှုဖြစ်၏။ ထိုတွင်လည်း လောဘ၊ဒေါသ၊မောဟစိတ်တို့က တခြား။ အရှိပရမတ်တရား ဖြစ်၏။ စိတ်နာမ်ဓာတ် ဖြစ်၏။ သူခိုး၊လူသတ်၊လူမိုက်တို့က တခြား။ မရှိပညတ်၊သမုတိဖြစ်၏ဟု မှတ်ရပေ၏။ ထိုနည်းအတူပင်-

၁-**အလောဘ**သည် အလှူရှင်နှင့် တူ၏။

၂-**အဒေါသ**သည် မေတ္တာရှင်နှင့် တူ၏။

၃-**အမောဟ**သည် ပညာရှင်နှင့် တူ၏။

အလောဘ၊အဒေါသ၊အမောဟစိတ်တို့ဖြစ်မှုကြောင့် အလှူရှင်၊မေတ္တာရှင်၊ ပညာရှင်ကိုဟူ၍ ပေါ်ပေါက်လာရ၏။ မဖြစ်လျှင်ကားမရှိ။ ဖြစ်မှသာ ရှိလေ၏။ ထိုတွင် အလောဘ၊အဒေါသ၊အမောဟတို့က တခြား။ အရှိပရမတ်၊ စိတ်နာမ်ဓာတ် ဖြစ်၏။ အလှူရှင်၊မေတ္တာရှင်၊ပညာရှင်တို့က တခြား။ မရှိပညတ်၊ သမုတိဟူ၍သာ မှတ်ရပေ၏။ ဤသို့ ပညတ်အသိမှ ပရမတ်အသိသို့ အဆင့်ဆင့်ပြောင်း၍သိမှတ်ရ၏။

စိတ်ဖြစ်ကြောင်းကိုသိပုံ

ထိုစိတ်ဝိညာဏ်(၆)မျိုးတို့ကို သိမှတ်သောယောဂီအား ထိုစိတ်တို့သည် 'ဟေတုံ ပဋိစ္စ သမ္မုတ္တာ' အကြောင်းတရားကို စွဲ၍သာ ဖြစ်ပေါ်လာရ၏။ 'ဟေတု

http://www.dhammadownload.com

ဘင်္ဂါ နိရုဇ္ဈတိ' အကြောင်းတရားမရှိသော် မဖြစ်ပေါ်နိုင်ဟု အကြောင်းကို ရှာ၍လည်း သိမှတ်ရပေ၏။

၁-**စက္ခုံစ ပဋိစ္စ ရူပဉ္စ ဥပ္ပဇ္ဇတိ=စက္ခုဝိညာဏံ**-မျက်စိနှင့်+အဆင်းကို စွဲ၍ မြင်သိစိတ် ဖြစ်၏။ မျက်စိ၊အဆင်းတို့သည် မြင်သိစိတ်၏အကြောင်း ဖြစ်၏။

၂-**သောတဉ္စ ပဋိစ္စ သဒ္ဒဉ္စ ဥပ္ပဇ္ဇတိ=သောတဝိညာဏံ**-နား+အသံကို စွဲ၍ ကြားသိစိတ် ဖြစ်၏။ နား၊အသံတို့သည် ကြားသိစိတ်၏အကြောင်း ဖြစ်၏။

၃-**ဃာနဉ္စ ပဋိစ္စ ဂန္ဓဉ္စ ဥပ္ပဇ္ဇတိ=ဃာနဝိညာဏံ**-နှာခေါင်းနှင့်+အနံ့ကို စွဲ၍ နံသိစိတ် ဖြစ်၏။ နှာခေါင်းနှင့်အနံ့တို့သည် နံသိစိတ်၏အကြောင်း ဖြစ်၏။

၄-**ဇိဝှဉ္စ ပဋိစ္စ ရသဉ္စ ဥပ္ပဇ္ဇတိ=ဇိဝှါဝိညာဏံ**-လျှာနှင့်+အရသာကို စွဲ၍ စားသိစိတ် ဖြစ်၏။ လျှာနှင့်အရသာတို့သည် စားသိစိတ်၏အကြောင်း ဖြစ်၏။

၅-**ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗဉ္စ ဥပ္ပဇ္ဇတိ=ကာယဝိညာဏံ**-ကိုယ်နှင့်+အတွေ့ကိုစွဲ၍ တွေ့သိစိတ် ဖြစ်၏။ ကိုယ်နှင့်အတွေ့တို့သည် တွေ့သိစိတ် အကြောင်းဖြစ်၏။

၆-**ဟဒယဉ္စ ပဋိစ္စ ဓမ္မဉ္စ ဥပ္ပဇ္ဇတိ=မနောဝိညာဏံ**-နှလုံးနှင့်+ သဘောကို စွဲ၍ ကြံသိစိတ် ဖြစ်၏။ နှလုံးနှင့်သဘောတို့သည် ကြံသိစိတ်၏ဖြစ်ကြောင်း ဖြစ်၏။

မြင်သိစိတ်ကြောင့် သိစိတ်ဖြစ်လာပုံများ

လင်းကွင်းနှစ်ချပ်ကို တီးရာ၌ လင်းကွင်းနှစ်ချပ်၏ ကျေးဇူးပြုမှုကြောင့် 'လင်းကွင်းသံ'ဟူ၍ ဖြစ်ပေါ်လာရ၏။ ထို့အတူ မျက်လုံးက မှီရာနိဿယသတ္တိဖြင့်၊ အဆင်းက အာရုံအာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုမှုကြောင့် 'မြင်သိစိတ်'ဟူ၍ ဖြစ်၏။

ကောက်ရိုးကို စွဲ၍လောင်သောမီးကို 'ကောက်ရိုးမီး'ခေါ်သကဲ့သို့ မျက်လုံးကို စွဲ၍ဖြစ်သောစိတ်ကိုလည်း မြင်သိစိတ်'**စက္ခုဝိညာဏံ**'ဟု ခေါ်မှု ဖြစ်ရ၏။

ထိုသို့ စက္ခုဝိညာဏ်စိတ်သည် ဖြစ်ပေါ်သဖြင့်လည်း ထိုစက္ခုဝိညာဏ်နှင့် အကြောင်းအကျိုးဆက်စပ်သဖြင့်လည်း ဤသို့ အသိ(၃)မျိုးတို့ ဖြစ်ပေါ်ရပြန်၏။

၁-အဆင်းအာရုံကို မြင်သိကာမျှသဘောသည် '**စက္ခုဝိညာဏ်**'သိ ဖြစ်၏။

၂-ထိုမြင်သိကာမျှ၌ မရပ်ဘဲဆက်စပ်ပြန်သည်ရှိသော် မြင်စရာအာရုံအပေါ် အဖြူ၊ အနီ၊ အဝါ၊ လှ၊မလှ၊ ကောင်း၊မကောင်းစသည်ဖြင့် အထူးသိမှုသဘောသည် '**မနောဝိညာဏ်**'သိမှု ဖြစ်၏။

၃-ထိုမနောဝိညာဏ်သိမှု၌ပင် ငါသိ၊ သူသိ၊ မိန်းမသိ၊ ယောက်ျားသိဟု စွဲယူလျက် လွဲမှားသောသိမှုသဘောမျိုးသည်ကား '**မိစ္ဆာဒိဋ္ဌိ**'သိ ဖြစ်တော့၏။

http://www.dhammadownload.com

ဥပမာ-အားဖြင့် ဟိုဘက်အိမ်ခ်ဉ်နေသူတို့၏ ဆူညံစွာ ဟစ်အော်ပြောခိုနေကြသည်ကိုပင် လောကအပြော်ခ်ဉ် 'ဟိုဘက်အိမ်ကဆူလိုက်တာ'ဟု ပြောသကဲ့သို့ ဖြစ်၏။ အမှန်သဘောမှာမူ 'သောတဝိညာဏ်'ကသာ ကြားသိရမှု ဖြစ်၏။ ထိုကြားသိမှုကိုပင် 'နားက ကြား၏။ ငါကြား၏'ဟူ၍လည်းကောင်း၊ ထို့အတူ 'မနောဝိညာဏ်'က အာရုံကို အထူးသိမှု ဖြစ်၏။ ထိုသိမှုကိုပင် 'ငါကသိသည်၊ သူကို သိသည်၊ မိန်းမ၊ ယောက်ျားတို့က သိသည်'ဟူ၍လည်းကောင်း၊ 'အကြားကောင်း၏။ အလိုကျ ကြားရ၏'ဟူ၍လည်းကောင်း၊ စသည်အားဖြင့် လွဲမှားစွာစွဲယူသိနေမှုမျိုးတို့သည် မရှိကိုအရှိလုပ်၍ သိမှတ်နေမှုဟူသော 'ဒိဋ္ဌိ'တို့သာ ဖြစ်၏။

အမှန်သိဖြင့် အမှားသိကိုပယ်ခြင်း

မြင်သိစိတ်တစ်ခုခ်ဉ် စက္ခုပသာဒရုပ်အကြည်က 'မြင်မှုကိစ္စ'ကို ပြု၏။ ရူပါရုံက 'အမြင်ခံမှုကိစ္စ'ကို ပြု၏။ စက္ခုဝိညာဏ်က 'မြင်သိမှုကိစ္စ'ကို ပြု၏။ မနောဝိညာဏ်က အာရုံကို ကွဲကွဲပြားပြားခွဲခြားလျက် သိ၏။ ဤသို့ သိမှုသည်ပင် အမှန်အတိုင်းသိမြင်ခြင်း 'သမ္မာဒိဋ္ဌိ' မည်၏။

ထိုသမ္မာဒိဋ္ဌိအသိဖြင့် မျက်စိက မြင်သိနိုင်မှု၊ ပုဂ္ဂိုလ်သတ္တ၀ါက မြင်သိနိုင်မှုစသော အမှားသိ၊မိစ္ဆာဒိဋ္ဌိတို့ကို ပယ်သတ်၏။ ထိုအမှန်သိမှု သမ္မာဒိဋ္ဌိဖြင့်ပင် 'စက္ခုပသာဒ+ရူပါရုံ= စက္ခုဝိညာဏ်၊ မနောဝိညာဏ်'တို့ကို မပြတ်ရှုမှတ်သိသော ယောဂီအား ပုဂ္ဂိုလ်သတ္တ၀ါက မြင်သိမှုမဟုတ်၊ ရုပ်နှင့်နာမ်တို့ကို အကြောင်းအကျိုးအစွဲပြုလျက် မြင်သိရမှုမျိုးသာ ဖြစ်၏။ ထိုမြင်မှုခ်ဉ် ဖောက်ပြန်တတ်သော ရုပ်သည်လည်းကောင်း၊ အာရုံကိုသိမှုနာမ်သည်လည်းကောင်း 'မမြဲပေ။ ဆင်းရဲ၏၊ အစိုးမရ။ ငါ၊သူ ပုဂ္ဂိုလ်မဟုတ်'ဟု ဝိပဿနာဉာဏ်ဖြင့် အတ္တဒိဋ္ဌိကို ပယ်သတ်မှု ဖြစ်၏။]စက္ခုဝိညာဏ် အနိစ္စတောဒုက္ခတောအနတ္တတော မိစ္ဆာဒိဋ္ဌိ ပဟီယတိ'၊(သံ၊ ၂၊ ၃၅၉) ဖြေရန်။ ပန်းပင်တစ်ပင်၊ မည်သူမြင်။ မြင်သူမခူး၊ မည်သူခူး။ ခူးသူမပန်၊ မည်သူပန်။

ပန်သူမမွေး၊ မည်သူမွေး။ မွေးသူမစွဲ၊ မည်သူစွဲ၏။? နာမ်နှင့်ရုပ်ပါပဲ။

လက်ဟာ။ မကောင်းလည်းမြင်၊ကောင်းလည်းမြင်၊ ပုဂ္ဂိုလ်မမြင်၊ ရုပ်နာမ်မြင်။

ပညတ်မမြင်၊ ပရမတ်မြင်။ မြင်လျှင်မြင်မှု၊ အမှန်ရှု၊ အသိတစ်ခု၊ သတိပြု။

ဉာဏ်မြင်ပေါ်ရှိ၊ အမှန်သိ၊ အမှားသိကိုပယ်သတ်၏။

သမ္မာဒိဋ္ဌိ၊ ဉာဏ်မြင်ရှိ၊ အတ္တဒိဋ္ဌိကင်းလေ၏။

နှစ်ပါးရုပ်နာမ်၊ ပိုင်းခြားပြန်၊ နာမရူပပရိစ္ဆေဒဉာဏ်။(ဉာတပရိဉာဏ်၊သစ္စဉာဏ်)

မှတ်ချက်။သောတဝိညာဏ်'ကြားသိစိတ်'စသည်ခ်ဉ်လည်း ထိုနည်းအတူပင်မှတ်ပါ။

http://www.dhammadownload.com

စိတ်ချုပ်ပုံသဘောများ

မျက်စိနှင့်အဆင်း ပေါင်းဆုံမှုကြောင့် 'မြင်သိစိတ်' ဖြစ်၏။ မျက်စိ၊ အဆင်းဟူသော ရုပ်ဓာတ်၊ မြင်သိစိတ်ဟူသော နာမ်ဓာတ်တို့သည် ချုပ်သည်ရှိသော် မြင်သိစိတ်သည် မဖြစ်။ ချုပ်၏။ပျောက်၏။ငြိမ်း၏။ ထို့အတူ နားစသော မီရာဝတ္ထု ရုပ်တို့နှင့် အသံစသောအာရုံရုပ်တို့ ပေါင်းဆုံမှုကြောင့် ကြားသိစိတ်စသည်တို့ ဖြစ်လာရ၏။ ထိုရုပ်ဓာတ်နာမ်ဓာတ်တို့ ချုပ်ပျောက်သည်ရှိသော် ကြားသိစိတ် စသည်တို့လည်း မဖြစ်။ ချုပ်၏။ပျောက်၏။ငြိမ်း၏။ ထိုရုပ်ဓာတ်နာမ်ဓာတ်တို့သည် အဝိဇ္ဇာ၊တဏှာ၊ကံ၊ဥပါဒါန်တို့ကြောင့် ဖြစ်ရ၏။ အဝိဇ္ဇာ၊တဏှာ၊ကံ၊ဥပါဒါန်တို့ ချုပ်ပျောက်သည်ရှိသော် ထိုရုပ်နာမ်ဓာတ် မြင်သိစိတ်စသည်တို့လည်း ချုပ်ရလေ၏။

နာမရူပနိရောဓာ ဝိညာဏနိရောဓော၊ အဝိဇ္ဇာနိရောဓာ တဏှာနိရောဓာ၊
ကမ္မနိရောဓာ- ဥပါဒါနနိရောဓာ- ဝိညာဏနိရောရောဓော။ (သံ၊ ၅၃)

စိတ်ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းအကျင့်

အယမေဝ အရိယောအဋ္ဌင်္ဂိကော မဂ္ဂေါ၊ ဝိညာဏနိရောဓဂါမိနိပဋိပဒါ။

သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်နှစ်ပါးဖြင့် 'စိတ်ဝိညာဏ်'၏ သဘောအမှန်ကို သိအောင်ပြု၏။ သမ္မာဝါစာ၊သမ္မာကမ္မန္တာ၊သမ္မာအာဇီဝဟူသော သီလမဂ္ဂင်သုံးပါးဖြင့် မကောင်းပြောမကောင်းပြု၊မကောင်းသောအသက်မွေးမှုတို့မှ စောင့်ရှောက်မှုပြု၏။ သမ္မာသတိ၊သမ္မာဝါယာမ၊သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင် သုံးပါးဖြင့် 'စိတ်ဝိညာဏ်'၏သဘောအမှန်ကို အသိဉာဏ်ဖြင့် သိမှတ်မှု၌ တည် နိုင်အောင်ပြု၏။

ထိုတွင် 'အသိမဂ္ဂင်'နှစ်ပါးဖြင့် မသိမှုအဝိဇ္ဇာဟူသော 'အနုသယမောဟ ဓာတ်'ကို ပယ်သတ်၏။ 'အစောင့်မဂ္ဂင်'သုံးပါးဖြင့် လောဘ၊ဒေါသအကုသိုလ် 'ဝိတိက္ကမဓာတ်'ကို ပယ်သတ်၏။ သမာဓိမဂ္ဂင်သုံးပါးဖြင့် ကာမစ္ဆန္ဒနီဝရဏ စသောအကုသိုလ်၊ 'ပရိယုဋ္ဌာနဓာတ်'ကို ပယ်သတ်၏။ ဤသို့ မဂ္ဂင်ရှစ်ပါးကို ရှုမှတ်နေမှုသည် စိတ်ဝိညာဏ်ချုပ်ရာနိဗ္ဗာန်သို့ မျက်မှောက်ပြုကြောင်းအကျင့် ဖြစ်၏။ လင်္ကာ။ စိတ်ကိုကြည့်'သိ၊ စောင့်,တည်'ဘိ၊ ပွားဟု၏အရိယာမဂ်။

စိတ်၏သာယာဖွယ်

ယံဝိညာဏံပဋိစ္စ ဥပ္ပဇ္ဇတိ၊ သုခံသောမနဿံ၊ အယံ ဝိညာဏသ အဿာဒေါ။

http://www.dhammadownload.com

မြင်စိတ်၊ကြားစိတ်၊နံ့စိတ်၊စားစိတ်၊ထိစိတ်၊သိစိတ်တို့ကို စွဲ၍ ကိုယ်ချမ်းသာမှု၊ စိတ်နှလုံးရွှင်လန်းမှုတို့သည် စိတ်ဝိညာဏ်၏ သာယာဖွယ် 'အဿာဒ' ဖြစ်၏။ သာယာဖွယ်ဟု မသိသဖြင့် လောဘ၊ဒိဋ္ဌိ၊မာနတို့ ဖြစ်၏။ ထိုသာယာဖွယ်ကို သိသဖြင့် လောဘ၊ဒိဋ္ဌိ၊မာနတို့ကို ပယ်၏။ စိတ်အသစ်ဖြစ်မှုဌ် အပျက်ကို ရှုမြင်သဖြင့် 'ဘင်္ဂဉာဏ်' ဖြစ်ပေါ်၏။ စိတ်အသစ်ဖြစ်မှုဌ် ဘေးဟု ရှုမြင်၏။ 'ဘယဉာဏ်' ဖြစ်ပေါ်၏။

စိတ်၏ငြီးငွေ့ဖွယ်

ယံဝိညာဏ် အနိစ္စ၊ဒုက္ခ၊ဝိပရိဏာမဓမ္မံ၊ အယံ ဝိညာဏသ အာဒီနဝေါ။

မြင်စိတ်၊ကြားစိတ်၊နံ့စိတ်၊စားစိတ်၊ထိစိတ်၊သိစိတ်တို့ကို မပြတ်ရှုမှတ်သော ယောဂီအား ထိုစိတ်ဝိညာဏ်၏ ဖြစ်မှုမမြဲ၊ဆင်းရဲ၊ဖောက်ပြန်မှုသဘောတို့ကို ထင်ထင်ရှားရှား သိမြင်လာ၏။ ထိုမမြဲ၊ဆင်းရဲ၊ဖောက်ပြန်မှုသဘောတို့သည် စိတ်၏ ငြီးငွေ့ဖွယ်၊ အပြစ်တို့တည်းဟု ဉာဏ်ဖြင့် မသိသဖြင့် ဒေါသ၊လောဘတို့ ဖြစ်ပွား၏။ ထိုအပြစ်အာဒီနဝတို့ကို ငြီးငွေ့ဖွယ်အပြစ်တို့သာတည်းဟု ဉာဏ်ဖြင့် သိမြင်သဖြင့် ဒေါသ၊လောဘတို့ကို ပယ်သတ်၏။ စိတ်အသစ်ဖြစ်လိုမှုဌ် အပြစ်အားဖြင့် သိမြင်၏။ 'အာဒီနဝဉာဏ်' ဖြစ်၏။ စိတ်အသစ်ဖြစ်လိုမှုဌ် ငြီးငွေ့၏။ 'နိဗ္ဗိန္ဒဉာဏ်' ဖြစ်ပေါ်၏။

လင်္ကာ။ စိတ်ဝိညာဏ်ဌ်ပင် အပျက်ထင်၊ ဘင်္ဂဉာဏ်ကိုမြင်။
စိတ်ဝိညာဏ်ဌ်ပင်၊ ဘေးဟုထင်၊ ဘယဉာဏ်ကိုမြင်။
စိတ်ဝိညာဏ်ဌ်ပင် အပြစ်ထင်၊ အာဒီနဝဉာဏ်ကိုမြင်။
စိတ်ဝိညာဏ်ဌ်ပင်၊ ငြီးငွေ့လျင်၊ နိဗ္ဗိန္ဒဉာဏ်ကိုမြင်။

စိတ်ဝိညာဏ်၏ဥပမာ

မာယူပမာနံ ဝိညာဏံ။ စိတ်ဝိညာဏ်သည် မျက်လှည့်ဆရာနှင့် တူ၏။

မျက်လှည့်ဆရာသည် စက္ကူကို ငွေအဖြစ်၊ အဝတ်စကို ငှက်အဖြစ်စသည် လှည့်စား၍ ပြ၏။ ကြည့်သူတို့သည် မျက်လှည့်ဆရာပြသည်အတိုင်း ထင်မြင်ကုန်၏။ ထို့အတူ သတ္တဝါတို့အား ဝိညာဏ်(၆)မျိုးဟူသော မျက်လှည့်ဆရာ(၆)ယောက်တို့က လှည့်စားပြသဖြင့် ပုဂ္ဂိုလ်၊သတ္တဝါ၊သူ၊ငါ၊ယောကျ်ား၊မိန်းမအသွင်ဖြင့် မှတ်ထင်မိကြလေ၏။ စက္ခုဝိညာဏ်က လှည့်စားပြမှုအတိုင်း ချောသည်၊လှသည်၊ ကောင်းသည်၊ ဆိုးသည်စသည်ကို မြင်သိကြရ၏။ သောတဝိညာဏ်က လှည့်စားပြမှုဖြင့် လူသံ၊

http://www.dhammadownload.com

နွားသံ၊ ငှက်ဆိုးသံ၊ ကောင်းသံ၊ဆိုးသံစသည်ကို ကြားသိရ၏။ ဃာနဝိညာဏ်က လှည့်စားပြမှုဖြင့် ပန်းနံ့၊ရေမွှေးနံ့၊ လူနံ့၊ မီးခိုးနံ့၊ ယောက်ျားနံ့၊ ညှော်နံ့စသည်ဖြင့် နံသိရ၏။ ဇိဝှါဝိညာဏ်က လှည့်စားပြမှုဖြင့် ချိုသည်၊ချဉ်သည်၊ပေါ့သည်၊လေးသည် သိရ၏။ ကာယဝိညာဏ်က လှည့်စားပြမှုဖြင့် ကြမ်းသည်၊နုသည်၊မာသည်၊ ပျော့သည်၊ ကောင်းသည်၊ ဆိုးသည်ဟု တွေ့သိကြ၏။ မနောဝိညာဏ်က လှည့်စား ပြမှုဖြင့် အာရုံအမျိုးမျိုးကို ငါပဲ၊သူပဲ၊ မိန်းမပဲ၊ ယောက်ျားပဲစသည်ဖြင့် ကြံသိကြ၏။ ဤသို့ ဝိညာဏ်ဟူသည့် မျက်လှည့်ဆရာ၏ လှည့်စားချက်အတိုင်း သိနေမှုကြောင့်ပင် လောဘ၊ဒေါသ၊မာနစသော ပပဉ္စတရားတို့သည် မပါးနိုင်ဘဲ ပွားနေကြရမှု ဖြစ်၏။

ဝိညာဏ်(၆)မျိုး၏လွတ်မြောက်ရာ

ယော ဝိညာဏသ္မိ ဆန္ဒရာဂဝိနယော၊ ဆန္ဒရာဂပဟာနံ၊ အယံ ဝိ ညာဏသ နိဿရဏံ။

ဝိညာဏ်(၆)မျိုးတို့၌ ဖြစ်ခြင်း၊ပျက်ခြင်းတို့ကို သိမှတ်လျက် 'မမြဲ၊ဆင်းရဲ၊ အစိုးမရ၊ ငါမဟုတ်၊သူမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်' သောအားဖြင့် အဖန်ဖန်ရှုမြင် သောယောဂီသည် ထိုဝိညာဏ်(၆)မျိုး၌ ဖြစ်မှု၊ပျက်မှုထင်၏။ အနိစ္စ၊ဒုက္ခ၊အနတ္တ၊ အသုဘသဘောတို့ကို ဉာဏ်ဖြင့် သိမြင်၏။ အနိစ္စဉာဏ်အမြင်ဖြင့် နိစ္စဟူသော အမှတ်မှား၊ အသိမှားတို့ကို ပယ်၏။ ဒုက္ခဉာဏ်အမြင်ဖြင့် သုခဟူသော အမှတ်မှား၊ အသိမှားတို့ကို ပယ်၏။ အနတ္တဉာဏ်အမြင်ဖြင့် အတ္တဟူသော ငါ၊သူ၊မိန်းမ၊ ယောက်ျား၊ ပုဂ္ဂိုလ်၊သတ္တဝါ၊ အမှတ်မှား၊အသိမှားတို့ကို ပယ်၏။ အသုဘဉာဏ် အမြင်ဖြင့် သုဘဟူသော တင့်တယ်မှု၊ အဆင်ပြေမှုအမှတ်မှား၊အသိမှားတို့ကို ပယ်၏။

ဝိညာဏ်(၆)မျိုးတို့ ဖြစ်ပေါ်တိုင်း၌ -

ဝိညာဏံ နေတံ မမ။ 'ငါ၏ စိတ်ဝိညာဏ်မဟုတ်' ဟု စွဲလန်းမှုတဏှာကို ပယ်သတ်၏။

ဝိညာဏံ နေသောဟ မသ္မိ။ ငါမို့ စိတ်ရှိသည်မဟုတ်' ဟု မာနကို ပယ်သတ်၏။

ဝိညာဏံ နမေသော အတ္တာ။ 'ငါသည် ဝိညာဏ်မဟုတ်။ ဝိညာဏ်သည် ငါမဟုတ်။ ငါ၊သူတစ်ပါး၊ယောက်ျား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ၌ ဝိညာဏ်မရှိ။ ဝိညာဏ်၌လည်း ငါ၊သူတစ်ပါး၊ယောက်ျားမိန်းမ မရှိ။ ဝိညာဏ်သည် သိမှုနာမ် သဘောမျှသာ ဖြစ်၏' ဟု အတ္တဒိဋ္ဌိကို ပယ်သတ်၏။

http://www.dhammadownload.com

ထိုစိတ်ဝိညာဏ်၌ တပ်မှုကင်းခြင်း 'ဝိရာဂဉာဏ်' ဖြစ်၏။ ထိုဉာဏ်သည် ဝေဒနာ၏လွတ်မြောက်ရာ 'ဝိမုတ္တိဉာဏ်'ဖြစ်ကြောင်း မည်ပေ၏။

လင်္ကာ။ ဝိညာဏ်ကိုပင်၊ အနိစ္စမြင်၊ သက္ကာယဒိဋ္ဌိစင်။
အနိစ္စကိုမြင်၊ ဒုက္ခထင်။ ဒုက္ခကိုမြင်၊ အနတ္တထင်၊ သက္ကာယဒိဋ္ဌိစင်။
ငါ၏ဝိညာဏ်၊ မစွဲယူမှန်၊ တဏှာပယ်သတ်ပြန်။
ငါ့မို့ဝိညာဏ်၊ မစွဲယူမှန်၊ မာနပယ်သတ်ပြန်။
ငါသည်ဝိညာဏ်၊ မစွဲယူမှန်၊ အတ္တပယ်သတ်ပြန်။
ဒိဋ္ဌိပယ်သတ်၊ ဉာဏ်လက်နက်၊ သောတာပတ္တိမဂ်။

စိတ်၏စွမ်းအင်သတ္တိ

အာရုံကိုသိမှု စိတ်ပရမတ်သဘောတရား၏ စွမ်းအားသတ္တိရှိမှုကို မသိရှိသူ၊ မယုံကြည်သူသည် စိတ်ပရမတ်၏စွမ်းအင်ကို အသုံးချနိုင်ခြင်းမရှိပေ။ မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနမထေရ်အား 'အရှင်ဘုရား၊ စိတ်ကိုနိုင်နင်းအောင် လေ့လာခြင်းရှိသောတန်ခိုးရှိပုဂ္ဂိုလ်သည် လူ့ပြည်ဇမ္ဗူဒီပ်ကျွန်းမှ ဗြဟ္မာပြည်သို့ အလွန်လျင်မြန်သောခဏဖြင့် အရောက်သွားနိုင်သည်ဆိုသောစကားကို တပည့်တော်မယုံနိုင်ပါဘုရား'ဟု လျှောက်၏။

မထေရ်မြတ်က 'ဒကာတော်မင်းမြတ်၊ သင်၏မွေးရပ်မြေသည် ဤသာဂလမြို့တော်မှ မည်မျှဝေးသနည်း?။ ယူဇနာ (၂၀၀)ဝေးပါသည်ဘုရား။ သင်မင်းမြတ်သည် ထိုမွေးရပ်မြေ၌ ရှေးကလုပ်ဆောင်ခဲ့ဖူးသော ပြုဖွယ်ကိစ္စတို့ကို ပြင်လည်ဆင်ခြင် အောက်မေ့ဖူးပါသလော?။ မှန်ပါ၊ အောက်မေ့ဆင်ခြင်ဖူးပါသည်ဘုရား။ ဒကာတော်မင်းမြတ်၊ သင်သည် ယူဇနာ(၂၀၀)ဝေးသောမွေးရပ်မြေအရပ်သို့ လျင်မြန်သောခဏဖြင့် သွားရောက်နိုင်စွမ်းရှိပေသည်'ဟု မိန့်တော်မူ၏။ မိလိန္ဒမင်းသည် 'အရှင်ဘုရား၊ ဤဥပမာဖြင့် ပြေကြားတော်မူသည်မှာ သင့်လျော်လျောက်ပတ်လှပါပေသည်'ဟု လက်ခံလျောက်ထားလေ၏။

ထိုစိတ်၏သဘောသတ္တိတို့ကို ဓမ္မပဒတရားတော်၌ 'ဒူရင်္ဂမံ-အရပ်ဝေးသို့လည်းသွားနိုင်သော။ **ဧကစာရံ**-အဖော်မမှီး တစ်ယောက်တည်းလှည့်လည်လေ့ရှိသော။ **အသရီရံ**-ကိုယ်ထည်လည်းမပါရှိသော။ **ဂုဟာသယံ**- ဟဒယဝတ္ထုဟူသော တွင်းလှိုဏ်၌မှီအောင်းရှိ၍ဖြစ်သော။ **စိတ္တံ**-စိတ်ကို။ ယေ-အကြင်သူတို့သည်။ သံ ယမေဿန္တိ၊ စောင့်ရှောက်ထိန်းသိမ်း၍ အသုံးချနိုင်ကုန်၏။ တေ-ထိုသူတို့သည်။

http://www.dhammadownload.com

မာရဇန္ဓနာ၊ မာရ်နတ်၏အနောင်အဖွဲ့ကိုလေသာမှ။ မောက္ခန္တိ၊ လွတ်မြောက်ကုန်၏'။ ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူ၏။ (ခမ္မပဒ၊စိတ္တဝဂ်)

စိတ်တစ်ခုထိန်းအားလုံးငြိမ်း

စိတ္တာနုပဿနာ ရှုမှတ်ပွားများသောယောဂီသည် စိတ်၏အကြောင်းအကောင်း၊အဆိုးအမျိုးမျိုးသော သဘောတို့ကို သိရှိရပေ၏။ မြတ်စွာဘုရားရှင်က **'စိတ္တေန နီယတေ လောကော'**- ကမ္ဘာလောကသားအားလုံးကို စိတ်က ဆောင်ထား၏။ **စိတ္တေန ပရိကဿတိ'**-စိတ်၏ ဆွဲငင်ဓာတ်ကို ခံကြရ၏။ **'စိတ္တသ ဧကမ္မသ သမ္ဘေဝ ဝသမန္ဒဂူ'** အားလုံးသောသတ္တဝါသခ်ီရတို့သည် စိတ်တစ်ခု၏ အလိုအတိုင်းသာ လိုက်ပါဆောင်ရွက်နေကြရ၏' ဟု ဟောတော်မူ၏။

ဤမျှလောက် တန်ခိုးစွမ်းအင်ရှိသောစိတ်ကို သိရှိနိုင်သူသည် မိမိလိုအပ်သလို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်လျက် ရိုင်းရာမှယဉ်လာအောင်၊ ယဉ်ရာမှ မြတ်လာအောင် နိဗ္ဗာန်အထိ အသုံးချနိုင်ပေ၏။ ထိုကြောင့်ပင် **'စိတ်တစ်ခုထိန်းအားလုံးငြိမ်း'**ဟုဆိုခြင်း ဖြစ်သည်။ ထိုစိတ်၏သဘောစွမ်းအင်တို့ကို မသိနိုင်သူသည် ထိုစိတ်တစ်ခုကိုပင် မထိန်းသိမ်းမစောင့်ရှောက်နိုင်သဖြင့် မကောင်းမှုခပ်သိမ်းတို့ ကိန်းအောင်ဖြစ်ပေါ်ရလျက်၊ ရိုင်းသည့်ထက်ရိုင်း၍၊ ယုတ်ညံ့သည်ထက် ယုတ်ညံ့လာကြရသည်မှာ အဝီစိငရဲတိုင်အောင် ဖြစ်၏။ အကြောင်းမှာ **'ပါပသို့ ရမတိ မနော'**-စိတ်ဟူသည် မကောင်းမှုအကုသိုလ်အာရုံတို့ဌာသာ အခါခပ်သိမ်း မြူးထူးပျော်ပါးကျက်စားလေ့ရှိသောကြောင့်တည်း။

ဖောက်ပြန်တတ်တာလည်း စိတ်ပါပဲ

ဖန္ဒနံ စပလं စိတ္တं၊ ဒုရက္ခं ဒုန္နိဝါရယံ။
ဥဇုं ကရောတိ မေဓာဝီ၊ ဥသုကာရော၀ တေဇနံ။(ခမ္မပဒ၊စိတ္တဝဂ်)

ဖန္ဒနံ-ရူပါရုံစသည်တို့သို့အရောက်သွားသဖြင့် လှုပ်ရှားတတ်သော။ စပလံ၊ အာရုံတစ်ခုတည်း၌မတည်မှု၍ ခုန်ပေါက်ပြေးလွှား ဆော့ကစားလော်လီတတ်သော။ ဒုရက္ခံ၊ ဝိသဘာဂဟူသော မတူအာရုံကိုတွေ့လျှင် တားမြစ်ထိန်းသိမ်းနိုင်ခဲသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ နှိုင်းဆမြော်သိ ပညာရှိပုဂ္ဂိုလ်သည်။ ဥသုကာရာ၊ လေးသမားတို့သည်။ တေဇနံ၊ ကောက်နေသောမြှားကို။ ဥဇုံကရောတိ=ဏ၀၊ ဖြောင့်

http://www.dhammadownload.com

အောင်ပြုသကဲ့သို့။ ဥဇုကရောတိ။ ထိန်းသိမ်းစောင့်ရှောက်လျက် ဖြောင့်မတ်အောင်ပြုရာ၏။

စိတ်သည် ရူပါရုံစသောအာရုံ(၆)ပါးတို့နှင့် ကြုံတွေ့သောအခါ စားစရာမုန့်ကို တွေ့ရသောကလေးကဲ့သို့လည်းကောင်း၊ ၄က်ပျောသီးကို မြင်ရသော မျောက်ကဲ့သို့လည်းကောင်း ဣန္ဒြေမဆည်နိုင်၊ အငြိမ်မနေနိုင်ဘဲ ခုန်ပေါက်ပြေးလွှား လှုပ်ရှားတတ်ပေ၏။ အာရုံတစ်မျိုးမျိုးကို ရလာသောအခါတွင်လည်း ထိုအာရုံတစ်မျိုးတည်းဖြင့် မကျေနပ်။ မရောင့်ရဲနိုင်။ ထိုအာရုံ၌ စူးစိုက်ကာတည်ငြိမ်ခြင်း အလျှင်းမရှိဘဲ အာရုံတစ်ပါးသို့ ခုန်ပေါက်ပြေးလွှားဆော့ကစားကာ လှုပ်ရှားတတ်ပြန်သည်။ ထို့ကြောင့် စိတ်သည် ကလေးနှင့်တူ၏။ မျောက်နှင့် တူပေ၏။

မွေးဖွားစ ဣာဏ်ရိုင်းငယ်လေးတို့သည် အထိန်းအကျောင်းရ ခက်ခဲဘိသကဲ့သို့ ကာမဂုဏ်အာရုံတို့၌ မွေ့ပျော်တတ်သောစိတ်ကို ထိန်းကျောင်းရခက်လှ၏။ ဝိသဘာဂအာရုံတို့သို့ မသွားအောင်၊မရောက်အောင် တားမြစ်ရခြင်းသည် ခဲယဉ်း၏။

ညီတော်နန္ဒမင်းသားသည် ဝိသဘာဂအာရုံဖြစ်သော ဇနပဒကလျာဏီကို အသက်တမျှ ချစ်ရသဖြင့် စွဲလန်းတသသ ဖြစ်နေရှာ၏။ မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကိုသိတော်မူသဖြင့် လက်ကိုစွဲကာ နတ်ပြည်ခေါ်အသွား မယ်ဇနထက် အဆရာထောင်သာသော နတ်ကလျာဒေဝီတို့ကို တွေ့မြင်သောအခါ မယ်ဇနသည် မျောက်အိုမတမျှသာဟု ဖောက်ပြန်လော်လီတတ်သောစိတ်က နတ်ကလျာဒေဝီတို့ အပေါ် ချစ်ခင်တမ်းတ စွဲလန်းမိရသည်သာတည်း။

ထို့ကြောင့် ကလေးပမာ အသိဉာဏ်မဲ့သော၊ ဣာဏ်ရိုင်းပမာ မလိမ္မာ မယဉ်ကျေးသော၊ မျောက်ကဲ့သို့ ထိုထိုအာရုံတို့၌ ဖောက်ပြန်လော်လီတတ်သောစိတ်ကို ပညာရှိသူသည် သတိ၊ပညာဖြင့် မြင်အောင်ကြည့်လျက် သိအောင်ပြုအပ်၏။

မြားကောက်ကို ဖြောင့်အောင်ပြုနိုင်သကဲ့သို့ စိတ်ရိုင်း၊စိတ်ဆိုး၊ စိတ်ကောက်တို့ကို သတိပဋ္ဌာန်ကမ္မဋ္ဌာန်းအာရုံသို့တင်လျက် အကြိမ်ကြိမ်ပွားများလေ့ကျင့်မှုဖြင့် ဖြောင့်အောင်ပြုသင့်ပေသည်သာတည်း။

စိတ်ကိုအဖန်ဖန်ရှုမြင်ပုံပြီး၏။

♦♦♦♦♦

http://www.dhammadownload.com

၄–ဓမ္မာနုပဿနာ၊ ၁–နိဝရဏပဗ္ဗ

၁–နိဝရဏ(၅)ပါးကို ရှုမြင်ပုံ

ကထဉ္စ ပန ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ၊ ဘိက္ခု **ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နိဝရဏေသု**။ ကထဉ္စ ပန ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဉ္စသု နိဝရဏေသု?။

(၁)ဣဓ ဘိက္ခဝေ၊ ဘိက္ခု သန္တံဝါ အဗ္ဘန္တရံ ကာမစ္ဆန္ဒံ '**အတ္ထိ မေ အဗ္ဘန္တရံ ကာမစ္ဆန္ဒော**'တိ ပဇာနာတိ၊ အသန္တံဝါ အဗ္ဘန္တရံ ကာမစ္ဆန္ဒံ '**နတ္ထိ မေ အဗ္ဘန္တရံ ကာမစ္ဆန္ဒော**'တိ ပဇာနာတိ၊ ယထာစ အနုပ္ပန္နဿ ကာမစ္ဆန္ဒဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ကာမစ္ဆန္ဒဿ ပဟာနံ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ကာမစ္ဆန္ဒဿ အာယတိ ' အနုပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

ရဟန်းတို့၊ ယောဂီပုဂ္ဂိုလ်သည် အဘယ်သို့လျင် သတ္တဝါ၊သူ၊ငါမဟုတ်သော နာမ်ရုပ်သဘောတရားတို့၌ သဘောတရားမျှဟု ရှုမြင်ရမည်နည်း။? နိဝရဏတရား ငါးပါးတို့၌ သဘောတရားမျှဟု ရှုမြင်ကြည့်သိနေရမည်။ မိမိကိုယ်တွင်းသန္တာန်၌ ထင်ရှားဖြစ်သောကာမဆန္ဒကိုလည်း 'ငါ၏ကိုယ်တွင်း၌ **ကာမဆန္ဒဖြစ်**၏ဟု သိ၏။ မဖြစ်သေးသော ကာမဆန္ဒဖြစ်လာလျင်လည်း သိ၏။ ဖြစ်ပြီးကာမဆန္ဒကို တဒင်္ဂ၊ ဝိက္ခမ္ဘနတို့ဖြင့် ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးကာမဆန္ဒ၏ နောင်မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

(၂)သန္တံ ဝါ အဗ္ဘန္တရံ ဗျာပါဒံ '**အတ္ထိ မေ အဗ္ဘန္တရံ ဗျာပါဒေါ**'တိ ပဇာနာတိ၊ အသန္တံ ဝါ အဗ္ဘန္တရံ ဗျာပါဒံ '**နတ္ထိ မေ အဗ္ဘန္တရံ ဗျာပါဒေါ**'တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ဗျာပါဒဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ဗျာပဒါဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ဗျာပါဒဿ အာယတိ ' အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။
မိမိ၏ကိုယ်တွင်းသန္တာန် ထင်ရှားဖြစ်သော ဗျာပါဒကိုလည်း 'ငါ၏ကိုယ် တွင်း၌ **ဗျာပါဒ**ဖြစ်၏'ဟု သိ၏။ မဖြစ်သေးသော ဗျာပါဒဖြစ်လာလျင်လည်း သိ၏။ ဖြစ်ပြီးဗျာပါဒကို တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ပယ်ကြောင်းကိုလည်းသိ၏။ ပယ်ပြီးဗျာပါဒ၏ နောင်မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

http://www.dhammadownload.com

(၃)သန့် ဝါ အဒ္ဓတ္တ ထိနမိဒ္ဓံ 'အတ္တိ မေ အဒ္ဓတ္တ ထိနမိဒ္ဓ'န့် ပဇာနာတိ၊ အသန့် ဝါ အဒ္ဓတ္တ ထိနမိဒ္ဓံ 'နတ္တိ မေ အဒ္ဓတ္တ ထိနမိဒ္ဓ'န့် ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ထိနမိဒ္ဓဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ ထိနမိဒ္ဓဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ ထိနမိဒ္ဓဿ အာယတိ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

မိမိ၏ကိုယ်တွင်းသန္တာန် ထင်ရှားဖြစ်သော ထိန၊မိဒ္ဓကိုလည်း 'ငါ၏ကိုယ်တွင်း၌ **ထိန၊မိဒ္ဓဖြစ်၏**'ဟု သိ၏။ မဖြစ်သေးသောထိန၊မိဒ္ဓဖြစ်လာလျင်လည်း သိ၏။ ဖြစ်ပြီးထိန၊မိဒ္ဓကို တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးထိန၊မိဒ္ဓ၏ နောင်မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

(၄)သန့် ဝါ အဒ္ဓတ္တ ဥဒ္ဓစ္စကုက္ကုစ္စံ 'အတ္တိ မေ အဒ္ဓတ္တ **ဥဒ္ဓစ္စကုက္ကုစ္စ**'န့် ပဇာနာတိ၊ အသန့် ဝါ အဒ္ဓတ်ဉဒ္ဓစ္စကုက္ကုစ္စံ 'နတ္တိ မေ အဒ္ဓတ္တ **ဥဒ္ဓစ္စကုက္ကုစ္စ**'န့် ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ဥပ္ပါဒေါ ဟောတိ၊တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နဿ ဥဒ္ဓစ္စကုက္ကုစ္စဿ ပဟာနံ ဟောတိ၊ တဉ္စပဇာနာတိ၊ ယထာစ ပဟီနဿ ဥဒ္ဓစ္စကုက္ကုစ္စဿ အာယတိ အနုပ္ပါဒေါ ဟောတိ၊တဉ္စပဇာနာတိ။

မိမိ၏ကိုယ်တွင်းသန္တာန် ထင်ရှားဖြစ်သော ဥဒ္ဓစ္စကုက္ကုစ္စကိုလည်း 'ငါ၏ကိုယ်တွင်း၌ **ဥဒ္ဓစ္စကုက္ကုစ္စဖြစ်၏**'ဟု သိ၏။ မဖြစ်သေးသောဥဒ္ဓစ္စကုက္ကုစ္စဖြစ်လျင်လည်း သိ၏။ ဖြစ်ပြီးဥဒ္ဓစ္စကုက္ကုစ္စကို တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးဥဒ္ဓစ္စကုက္ကုစ္စ၏ နောင်မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

နိဝရဏတရား(၅)ပါး

ကုသိုလ်တရားတို့ကို ဖြစ်ခွင့်မသာအောင် ပိတ်ပင်တားဆီးတတ်သော တရားတို့သည် **'နိဝရဏ'**မည်၏။

ကာမဂုဏ်အာရုံတို့ကို လိုချင်တပ်မက်မှု လောဘသည် **'ကာမစ္ဆန္ဒ နိဝရဏ'** မည်၏။ သူတစ်ပါးတို့ကို ပျက်စီးစေလိုမှု ဒေါသသည် **'ဗျာပါဒနိဝရဏ'** မည်၏။ စိတ်စေတသိက်တို့၏ လေးလံထိုင်းမှိုင်းမှု၊ ငိုက်မြည်းမှုတို့သည် **'ထိန၊မိဒ္ဓနိဝရဏ'**မည်၏။ စိတ်ပျံ့လွင့်ခြင်း၊ နောင်တပူပန်ခြင်းတို့သည် **'ဥဒ္ဓစ္စ၊ ကုက္ကုစ္စ နိဝရဏ'**မည်၏။ အာရုံတစ်မျိုးမျိုးကို မဆုံးဖြတ်နိုင်ခြင်း၊ ယုံမှားသံသယ ဖြစ်နေခြင်းသည် **'ဝိစိကိစ္ဆာနိဝရဏ'**မည်၏။

http://www.dhammadownload.com

(၅)သန္တံ ဝါ အဗ္ဗတ္တံ ဝိစိကိစ္ဆံ 'အတ္ထိ မေ အဗ္ဗတ္တံ ဝိစိကိစ္ဆာ'တိ ပဇာနာတိ၊ အသန္တံ ဝါ အဗ္ဗတ္တံ ဝိစိကိစ္ဆံ 'နတ္ထိ မေ အဗ္ဗတ္တံ ဝိစိကိစ္ဆာ'တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နာယ ဝိစိကိစ္ဆာယ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နာယ ဝိစိကိစ္ဆာယ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနာယ ဝိစိကိစ္ဆာယ အာယတိ အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

မိမိ၏ကိုယ်တွင်းသန္တာန် ထင်ရှားဖြစ်သော ဝိစိကိစ္ဆာကိုလည်း 'ငါ၏ကိုယ်တွင်း၌ ဝိစိကိစ္ဆာဖြစ်၏'ဟု သိ၏။ မဖြစ်သေးသောဝိစိကိစ္ဆာဖြစ်လာလျင်လည်း သိ၏။ ဖြစ်ပြီးဝိစိကိစ္ဆာကို တဒင်္ဂ၊ဝိက္ခမ္ဘနတို့ဖြင့် ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးဝိစိကိစ္ဆာ၏ နောင်မဖြစ်ပေါ်ကြောင်းကိုလည်း သိ၏။

ဣတိ အဗ္ဗတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဇဝမ္မိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဠသု နိဝရဏေသု။

နိဝရဏပဗ္ဗပြီး၏။

နိဝရဏဖြစ်ကြောင်းနှင့်မဖြစ်ကြောင်း

သမထ၊ဝိပဿနာအာရုံမှ လွတ်ခိုက်၌ ဒွါရ(၆)ခုတို့တွင် ထင်ပေါ်လာသော ရုပ်နာမ်တရားတို့ကို 'နိစ္စ၊သုခ၊အတ္တ၊သုဘ'အားဖြင့် နှလုံးသွင်းမိတတ်၏။ ထိုသို့နှလုံးသွင်းမှုသည် 'အယောနိသောမနသိကာရ'မည်၏။

တင့်တယ်ကောင်းမြတ်သော သုဘနိမိတ်အာရုံစသည်တို့ကို အယောနိသောမနသိကာရဖြင့် မသင့်လျော်စွာနှလုံးသွင်းမှုသည် နိဝရဏတရားတို့၏ မူလအကြောင်းရင်း ဖြစ်ပေ၏။ ထိုသုဘနိမိတ်အာရုံစသည်တို့၌ ယောနိသောမနသိကာရဖြင့် သင့်လျော်စွာ နှလုံးသွင်းမှုစသည်တို့ကြောင့် နိဝရဏတို့သည် မဖြစ်ကုန်။

ဖြစ်ပေါ်လာသော ကာမစ္ဆန္ဒနိဝရဏကို ပယ်နည်း

သုဘနိမိတ်ဟုခေါ်သော တင့်တယ်ကောင်းမြတ်သည့်အာရုံတို့ကြောင့် မိမိသန္တာန်၌ဖြစ်ပေါ်လာသော ကာမဆန္ဒကို ၁-အသုဘနိမိတ်အာရုံ ယူခြင်း၊ ၂-ကျွန်ဖြေတို့ကို စောင့်ထိန်းခြင်း၊ ၃-အစာအာဟာရ၌အတိုင်းအရှည်သိခြင်း၊ ၄-မိတ်ကောင်းကိုမှီဝဲခြင်း၊ ၅-အသုဘဘာဝနာပွားခြင်း၊ ၆-လျောက်ပတ်သော တရားစကားတို့ကို ပြောဆိုဆွေးနွေးခြင်းတို့ဖြင့် ပယ်ဖျောက်အပ်၏။

http://www.dhammadownload.com

ဖြစ်ပေါ်လာသော ဗျာပါဒနိဝရဏကို ပယ်နည်း

ပဋ္ဌာနနိမိတ်ခေါ် ဒေါသဖြစ်ကြောင်းအာရုံတို့ကြောင့် ဖြစ်ပေါ်လာသော ဗျာပါဒကို ၁-မေတ္တာစိတ်ဖြစ်ကြောင်းကိုသင်ယူလေ့လာခြင်း၊ ၂-မေတ္တာဘာဝနာပွားခြင်း၊ ၃-ကံနှင့်ကံ၏အကျိုးကို ဆင်ခြင်ခြင်း၊ ၄-ဒေါသ၏အပြစ်၊မေတ္တာ၏အကျိုးတို့ကို သိမြင်ခြင်း၊ ၅-မိတ်ဆွေကောင်းမှီဝဲခြင်း၊ ၆- သည်းခံမှုနှင့်စပ်သော တရားစကားတို့ကို ပြောဆိုခြင်းတို့ဖြင့် ပယ်ဖျောက်အပ်၏။

ဖြစ်ပေါ်လာသော ထိနမိဒ္ဓနိဝရဏကို ပယ်နည်း

ကုသိုလ်ဖြစ်သော တရားအာရုံတို့၌ ပျင်းရိခြင်း၊ ငြီးငွေ့ခြင်း၊ တွေဝေထိုင်းမှိုင်းခြင်း၊ ငိုက်မြည်းခြင်းဟူသော ထိနမိဒ္ဓတို့ ဖြစ်ပေါ်လာသောအခါ ၁-အစားအစာ၌ အတိုင်းအရှည်ကိုသိခြင်း၊ ၂-ဣရိယာပုတ် ပြောင်းလွှဲပြုပြင်ခြင်း၊ ၃-အလင်းရောင် 'အာလောက' ကိုနှလုံးသွင်းခြင်း၊ ၄-လွင်တီးခေါင်၌နေခြင်း၊ ၅-မိတ်ဆွေကောင်းကိုမှီဝဲခြင်း၊ ၆-လျောက်ပတ်သောတရားစကားကို ပြောဆိုဆွေးနွေးခြင်းတို့ဖြင့် ပယ်ဖျောက်အပ်၏။

ဖြစ်ပေါ်လာသော ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏကို ပယ်နည်း

တရားသဘောအာရုံတို့၌လည်းကောင်း၊ အကျင့်သိက္ခာတို့၌လည်းကောင်း စိတ်မတည်ဘဲပျံ့လွင့်ခြင်းသဘော၊ နောင်တပူပန်မှုသဘောဟူသော ဥဒ္ဓစ္စ၊ ကုက္ကုစ္စတို့ ဖြစ်ပေါ်လာသောအခါ ၁- ဓမ္မဗဟုသုတကို ရှာဖွေလေ့လာခြင်း၊ ၂-ဆွေးနွေးမေးမြန်းခြင်း၊ ၃-ဝိနည်းစည်းကမ်းကို သိနားလည်အောင်ပြုခြင်း၊ ၄-ကျင့်ဝတ်သိက္ခာကြီးမြတ်သူတို့အား မှီဝဲဆည်းကပ်ခြင်း၊ ၅-မိတ်ဆွေကောင်းမှီဝဲခြင်း၊ ၆-လျောက်ပတ်သောတရားစကား ပြောဆိုခြင်းတို့ဖြင့် ပယ်ဖျောက်အပ်၏။

ဖြစ်ပေါ်လာသော ဝိစိကိစ္ဆာနိဝရဏကို ပယ်နည်း

ရတနာမြတ်သုံးပါးတို့၌လည်းကောင်း၊ အကျင့်သိက္ခာတို့၌လည်းကောင်း ယုံမှားသံသယဟူသော ဝိစိကိစ္ဆာဖြစ်ပေါ်လာသောအခါ ၁- ဓမ္မဗဟုသုတတို့ကို ရှာဖွေလေ့လာခြင်း၊ ၂-ဆွေးနွေးမေးမြန်းခြင်း၊ ၃-ဝိနည်းစည်းကမ်းကို သိနားလည်အောင်ပြုခြင်း၊ ၄-ရတနာမြတ်သုံးပါး၏ ဂုဏ်ကို အောက်မေ့အမှတ်ရခြင်း၊ ၅-မိတ်ဆွေကောင်းမှီဝဲခြင်း၊ ၆-လျောက်ပတ်သောတရားစကား ပြောဆိုခြင်းတို့ဖြင့်

http://www.dhammadownload.com

ပယ်ဖျောက်အပ်၏။

ဓမ္မာနုပဿနာဖြင့် ရှုမြင်နေမှု

မိမိသန္တာန်၌ အယောနိသောမနသိကာရကြောင့် နီဝရဏတစ်ပါးပါး ဖြစ်ပေါ်လာခဲ့သော် ပေါ်လာသောနီဝရဏတို့ကို သဘောတရားမျှအဖြစ် အဖန်ဖန် အထပ်ထပ် ရှုမှတ်ဆင်ခြင်ရ၏။ ထိုနီဝရဏတို့၏ ဖြစ်ကြောင်း၊ ပျက်ကြောင်းတို့ကိုလည်း သိမှတ်အပ်၏။ ဖြစ်ပေါ်လာသော နီဝရဏတို့သည် သမထ၊ဝိပဿနာ ဘာဝနာတို့၏အစွမ်းဖြင့် ဆက်မဖြစ်တော့ဘဲ ရပ်စဲလေ၏။ တဒင်္ဂ၊ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ငြိမ်းပျောက်လေ၏။

မိမိသန္တာန်၌သိမှတ်သကဲ့သို့ သူတစ်ပါးတို့သန္တာန်၌လည်း ဤနီဝရဏတို့သည် သဘောတရားမျှတည်းဟု နှလုံးသွင်းသိမှတ်ရ၏။ ကာမစ္ဆန္ဒစသည်တို့ဟူသည် သဘောတရားတို့မျှသာ ရှိ၏။ ထိုသဘောတရားမှတစ်ပါး ပုဂ္ဂိုလ်၊သတ္တဝါစသည်မရှိဟု သတိရှေးရှုထင်စေလျက် သတိ၊ဉာဏ်အဆင့်ဆင့် တိုးပွားစေရ၏။

ထိုသို့နေမှုသည်ပင် ထိုကာမစ္ဆန္ဒစသော နီဝရဏတရားအပေါင်း၌ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှု၍လည်း နေသည်မည်၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကာ၌ တစ်စုံတစ်ခုကိုမျှ ငါ၊ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိနိုင်တော့ပေ။ ထိုသို့ သဘောတရားဟူသမျှတို့၌ သတိမပြတ် အဖန်ဖန်ရှုမြင်လျက် နေအပ်ပေ၏။

ထိုနီဝရဏတို့တွင် ကာမဆန္ဒခေါ် တဏှာလောဘ၊ ငိုက်မြည်းပျင်းရိမှုထိနမိဒ္ဓ၊ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စတို့သည် အရဟတ္တမဂ်သို့ မျက်မှောက်ပြုမှသာ လုံးဝချုပ်ငြိမ်းနိုင်၏။ ဗျာပါဒခေါ် စိတ်ဆိုးမှု၊ စိတ်ပျက်မှု၊ နှလုံးမသာယာမှု၊ ကုက္ကုစ္စခေါ် နောင်တပူပန်မှုတို့သည် အနာဂါမိမဂ်သို့ မျက်မှောက်ပြုမှသာ လုံးဝချုပ်ငြိမ်းလေ၏။

ဝိစိကိစ္ဆာခေါ် ယုံမှားသံသယသည်ကား ပုထုဇဉ်တို့၏သီးခြားဥစ္စာသာ ဖြစ်၏။ သောတာပတ္တိမဂ်သို့ မျက်မှောက်ပြုမှသာ ချုပ်ငြိမ်းပေ၏။ သို့သော် နီဝရဏတရားတို့ကို သတိ၊ပညာဖြင့် ရှုမှတ်ဆင်ခြင်နေသမျှ ဝိပဿနာဉာဏ် အခိုက်တို့၌ကား ထိုအဖန်ဖန်ရှုမှတ်မှုအနုပဿနာဉာဏ်ဖြင့်ပင် တဒင်္ဂ၊ဝိက္ခမ္ဘ အခိုက်အတန့်အားဖြင့် ငြိမ်းပျောက်နေမှုသည် ဖြစ်၏။

နီဝရဏ(၅)ပါးရှုမြင်ပုံပြီး၏။

♦♦♦♦♦

http://www.dhammadownload.com

၄–ဓမ္မာနုပဿနာ၊ ၂–ခန္ဓပဗ္ဗ

၂–ခန္ဓာ(၅)ပါးကို ရှုမြင်ပုံ

၁။ ပုန နစပရံ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဠသု ဥပါဒါနက္ခန္ဓေသု။ ကထဉ္စ ပန၊ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဠသု ဥပါဒါနက္ခန္ဓေသု?။

ရဟန်းတို့၊ ယောဂီပုဂ္ဂိုလ်သည် အဘယ်သို့လျှင် ငါးပါးသော ဥပါဒါနက္ခန္ဓာတရားတို့၌ သဘောတရားမျှဟု ရှုမြင်နေရမည်နည်း?။

၂။ ဣဓ ဘိက္ခဝေ၊ ဘိက္ခု 'ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော၊ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော၊ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော၊ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော၊ ဣတိ ဝိညာဏံ၊ ဣတိ ဝိညာဏဿ သမုဒယော၊ ဣတိ ဝိညာဏဿ အတ္ထင်္ဂမော' တိ။

ရဟန်းတို့၊ ဤကား ရူပ်တည်း။ ဤကား ရူပ်၏ဖြစ်ကြောင်းတည်း။ ဤကား ရူပ်၏ချုပ်ခြင်းတည်း။ ဤကား ဝေဒနာတည်း။ (ပ) ဤကားသညာတည်း။ ဤကားသင်္ခါရတည်း။ ဤကားဝိညာဏ်တည်း။ ဟူ၍ ငါးပါးသော ဥပါဒါနက္ခန္ဓာတရားတို့၌ သဘောတရားမျှဟု ရှုမြင်ရမည်။

၃။ ဣတိ အဗ္ဘန္တရံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ (ပ) ဓဝမ္မိ ခေါ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ပဠသု ဥပါဒါနက္ခန္ဓေသု။

ခန္ဓပဗ္ဗပြီး၏။

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ

"**ခါဒိတမ္ဘောတိ ခန္ဓာ**" ဇာတိ၊ဇရာမရဏစသော သံသရာဒုက္ခအပေါင်းတို့သည် ခံစားအပ်သောကြောင့် သဘောတရားအစုကို '**ခန္ဓာ**'ဟု ခေါ်၏။

တဏှာ၊ဒိဋ္ဌိဟူသော ဥပါဒါန်တရားတို့ဖြင့် စွဲလန်းနိုင်ရာဖြစ်သောကြောင့် ရူပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် (၅)ပါးတို့သည် '**ဥပါဒါနက္ခန္ဓာ**' မည်၏။

http://www.dhammadownload.com

တဏှာ၊ဒိဋ္ဌိတို့ဖြင့် မစွဲလန်းနိုင်သော အနုပါဒါနက္ခန္ဓာတို့ကိုကား ဝိပဿနာရှုဖွယ် မလိုတော့ချေ။

ဥပါဒါန်နှင့် ခန္ဓာခွဲပုံ

ဥပါဒါနသ ပစ္စယဘူတာ ဓမ္မပုဗ္ဗာ ဓမ္မရာသယော အတ္ထော-ဥပါဒါန်တရားတို့၏ဖြစ်ကြောင်းဖြစ်သော သဘောတရားအစုကိုသာ 'ဥပါဒါနက္ခန္ဓာ' ဟူ၍ ခေါ်ဆိုခြင်း ဖြစ်၏။ ဥပါဒါနက္ခန္ဓာ-အရမှာ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော ရူပ၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော ခန္ဓာ(၅)ပါးပင် ဖြစ်၏။

ဥပါဒါနက္ခန္ဓာ-ဟုဆိုရာ၌ ဥပါဒါန်တရားနှင့် ခန္ဓာငါးပါးကို ပေါင်းစပ်ဆိုထားခြင်း ဖြစ်၏။ ဥပါဒါန်ဟူသည်မှာ မြွေသည် ဖားကို မြဲမြဲစွာဖမ်းယူသကဲ့သို့ မိမိအလိုရှိအပ်သော အာရုံဝတ္ထုကို ပြင်းပြစွာ စွဲယူတတ်သော 'ဒိဋ္ဌိနှင့် တဏှာ' တရား(၂)ပါး ဖြစ်၏။ ထိုဥပါဒါန်(၂)ပါးကို အမျိုးအစား(၄)ပါး ခွဲ၍ညွှန်ပြ၏။

၁-**ကာမုပါဒါန်**- မိမိအလိုရှိသော ကာမဂုဏ်အာရုံတို့ကို ကာမတဏှာဖြင့် မြဲမြဲစွာ စွဲယူတတ်မှုသဘောသည် **'ကာမုပါဒါန်'** မည်၏။

၂-**ဒိဋ္ဌုပါဒါန်**- ၆၂-ပါး၊ နတ္ထိဒိန္နံ-အလှူအကျိုးမရှိ၊ နတ္ထိယိဋ္ဌं-ယဇ်ပူဇော်လှူမှုအကျိုးမရှိ၊ နတ္ထိဟုတံ-ယဇ်ကြီး ပူဇော်လှူဒါန်းမှုအကျိုးမရှိ။ နတ္ထိ သုကဋဒုက္ကဋာနံ ကမ္မာနံ ဖလं ဝိပါကော-ကောင်းမှုမကောင်းမှုအကျိုးမရှိ၊ နတ္ထိ အယံ လောကော-ဤလောကမရှိ။ နတ္ထိ ပရောလောကော-တမလွန်လောကမရှိ။ နတ္ထိ မာတာ၊ အမေ၌ပြုအပ်သောအကျိုးမရှိ။ နတ္ထိ ပိတာ၊ အဖေ၌ပြုအပ်သောအကျိုးမရှိ။ နတ္ထိ သြပပါတိကာ၊ ကိုယ်ထင်ရှားဖြစ်သောသတ္တဝါတို့မရှိ။ နတ္ထိ သမဏာ ဗြဟ္မဏာ- ထူးသောအသိမြင်ရှိကုန်သော ရဟန်းပုဏ္ဏားတို့မရှိကုန်သော ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိ(၁၀)ပါး။ ဤဒိဋ္ဌိတရားတို့သည် အမှန်သဘောမှ ဖောက်ပြန်မှားယွင်းစွာ ယူတတ်သောကြောင့် **'ဒိဋ္ဌုပါဒါန်'** မည်၏။

၃-**သီလဗ္ဗတုပါဒါန်**-နွားခွေးစသောသတ္တဝါတို့၏ အလေ့အကျင့်မျိုးတို့ဖြင့် သံသရာမှစင်ကြယ်၏ဟု စွဲမြဲစွာယူခြင်းသည် **'သီလဗ္ဗတုပါဒါန်'** မည်၏။

၄-**အတ္တဝါဒုပါဒါန်**-အတ္တ(ငါ၊ယောကျ်ား၊မိန်းမ၊အနှစ်အသား)ဟူသော အယူဝါဒကို မြဲမြဲစွာစွဲယူမှု သဘောသည် **'အတ္တဝါဒုပါဒါန်'** မည်၏။

ထိုအတ္တဝါဒအယူသည် အရေအတွက်အားဖြင့်ကား (၂၀) ရှိ၏။

http://www.dhammadownload.com

၁-**ရူပ် အတ္တတော-** ရုပ်ကို ငါဟု စွဲယူ၏။
၂-**ရူပဝန္တံ ဝါ အတ္တာနံ-** ငါကို ရုပ်ဟု စွဲယူ၏။
၃-**အတ္တနိ ဝါ ရူပ်-** ငါထဲ၌ ရုပ်ရှိသည်ဟု စွဲယူ၏။
၄-**ရူပသ္မိ ဝါ အတ္တာနံ-** ရုပ်ထဲ၌ ငါရှိသည်ဟု စွဲယူ၏။

ထို့အတူ ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့၌လည်း (၄)မျိုးစီဖြစ်သဖြင့် ခန္ဓာ(၅)ပါး၌ အတ္တဒိဋ္ဌိ (၂၀)သည် **'အတ္တဝါဒုပါဒါန်'** မည်၏။ ပရမတ်တရား အားဖြင့် ကာမုပါဒါန်သည် လောဘဖြစ်၏။ ကျန်ဥပါဒါန်(၃)မျိုးသည် ဒိဋ္ဌိဖြစ်၏။ ထို့ကြောင့် တဏှာနှင့်ဒိဋ္ဌိတရား(၂)ကိုသာလျှင် 'ဥပါဒါန်တရား' ဟုဆိုရပေ၏။

ခန္ဓာဟူသည် အသိဉာဏ်ဖြင့် သိအပ်သော **'ဓမ္မပုဗ္ဗ၊ ဓမ္မရာသိ'** သဘောတရား၊ အစုအပေါင်းကိုသာဆိုခြင်း ဖြစ်၏။ ထိုသဘောတရားအစုသည် (၅)စုရှိသဖြင့် 'ပဉ္စက္ခန္ဓာ'ဟု ဆို၏။ ဥပါဒါန်တရားတို့ဖြင့် စွဲလန်း၍ ဥပါဒါနက္ခန္ဓာ(၅)ပါးဖြစ်၏။

၁-**ရူပက္ခန္ဓာ**-ဖောက်ပြန်မှုအစု။(မဟာဘုတ်-၄-ပါးနှင့် ဥပါဒါရုပ်-၂၄ပါး)
၂-**ဝေဒနာက္ခန္ဓာ**-ခံစားမှုအစု။ (ဝေဒနာစေတသိက်-၁-ပါး)
၃-**သညာက္ခန္ဓာ**-မှတ်သားမှုအစု။(သညာစေတသိက်-၁-ပါး)
၄-**သင်္ခါရက္ခန္ဓာ**-ပြုစီရင်မှုအစု။(လောဘ၊ဒေါသစသည်စေတသိက်-၅၀)
၅-**ဝိညာဏက္ခန္ဓာ**-သိမှုအစု။(စားသီ၊နံ့သီစသည်သိစိတ်-၁-ပါး)

ထိုခန္ဓာ(၅)ပါးတို့သည် တဏှာ၊ဒိဋ္ဌိဟူသော ဥပါဒါန်တရားတို့၏အာရုံဖြစ်သောကြောင့်လည်းကောင်း၊ စွဲလန်းကြောင်းဖြစ်သောကြောင့်လည်းကောင်း 'ဥပါဒါနက္ခန္ဓာ' မည်၏။ ဥပါဒါန်၏ဖြစ်ကြောင်းမဟုတ်၊ အာရုံမဟုတ်သော ခန္ဓာငါးပါးသည် 'အနုပါဒါနက္ခန္ဓာ' မည်၏။ ထိုနှစ်မျိုးတွင် ဤ၌ ဥပါဒါနက္ခန္ဓာကို ဟောတော်မူ၏။

ပရမတ်နှင့်ပညတ်အခွဲ

ရုပ်(၂၈)ပါး၊ စိတ်(၈၉)ပါး၊ စေတသိက်(၅၂)ပါး၊ နိဗ္ဗာန်တို့သည် မိမိတို့၏ သဘောလက္ခဏာမှ မဖောက်မပြန် မှန်ကန်တည့်မတ်ဂုဏ်သကတ်ကြောင့် **'ပရမတ်'** မည်၏။ ထိုပရမတ်(၄)ပါးမှလွဲ၍ ပုဂ္ဂိုလ်၊သတ္တဝါ၊နာမည်၊ဒြပ်၊ပုံသဏ္ဌာန်စသည်တို့သည် လူတို့သမုတ်သဖြင့် သိစေအပ်သောကြောင့် **'ပညတ်'** မည်၏။

ထိုတွင် ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်၊နိဗ္ဗာန်ဟူသော အမည်နာမတို့သည်လည်း 'ပညတ်'ပင် ဖြစ်၏။ ထိုရုပ်၊ဝေဒနာစသည်တို့၏ ဖောက်ပြန်မှု၊ ခံစားမှု၊မှတ်သားမှု၊ပြုပြင်စီရင်မှု၊သိမှုဟူသော ဉာဏ်ဖြင့်ထိုးထွင်းသိအပ်သော သဘော

http://www.dhammadownload.com

တရားတို့သည်သာ 'ပရမတ်' ဖြစ်၏။

ကျတိ-ရူပ် 'ဒါရုပ်ပဲ'ဟုရှုပုံ

၁။ ရူပကွန္ဓာအရ 'ပထဝီ-မာ၊ဟော့။ အာပေါ-ဖွဲ့၊စေး။ တေဇော-ပူ၊အေး။ ဝါယော-ထောက်ကန်၊လှုပ်ရှား'ဟူသော ဓာတ်ကြီး(၄)ပါးသဘောတရားကို လည်းကောင်း၊ ထိုဓာတ်ကြီးလေးပါး၌ အမြဲမှီ၍ဖြစ်ကုန်သော 'ဝဏ္ဏ-အသင်း၊ ဂန္ဓ-အနံ့၊ ရသ-အရသာ၊ သြဇ-အဆီအစေးရုပ်သဘော'တို့ကိုလည်းကောင်း၊ ထိုဓာတ်ကြီးလေးပါးတို့၏အဖို့အစုဖြစ်သော 'ကေသာ-ဆံပင်၊ လောမ-အမွေးစသော(၃၂)ကောဋ္ဌာသ'တို့ကိုလည်းကောင်း၊ ရုပ်အာရုံအားလုံးတို့၌ ဖောက်ပြန်မှုသဘောတရားတို့ကို သတိမပြတ်သိမှတ်သောယောဂီသည် 'ကျတိ-ရူပ်' ဒါရုပ်သဘောပဲဟု သိရ၏။ 'ရူပတိတိ ရူပံ'အရ-ရုပ်ဆိုသည်မှာလည်း 'ဖောက်ပြန်မှုသဘောမျှပဲ'ဟု သိရပေ၏။

၂။ဝေဒနာကွန္ဓာအရ-သုခဝေဒနာ၊ဒုက္ခဝေဒနာ၊ဥပေက္ခာဝေဒနာတို့ကို သိမှတ်သောအခါ 'ကျတိ-ဝေဒနာ' ဒါဝေဒနာသဘောပဲဟု သိရ၏။ 'ဝေဒယတီတိ-ဝေဒနာ'အရ- ဝေဒနာဆိုသည်မှာလည်း ခံစားမှုသဘောမျှပဲ'ဟု သိရပေ၏။

၃။သညာကွန္ဓာအရ- ကုသိုလ်သညာ၊ အကုသိုလ်သညာစသည်တို့ကို သိမှတ်သောအခါ 'ကျတိ-သညာ' ဒါသညာပဲဟု သိရ၏။ သညာဆိုသည်မှာလည်း 'မှတ်သားမှုသဘောမျှပဲ'ဟု သိရပေ၏။

၄။ သင်္ခါရကွန္ဓာအရ ဖဿ၊စေတနာ၊လောဘစသည်တို့ကို သိမှတ်သောအခါ၌လည်း 'ကျတိ-သင်္ခါရာ' ဒါသင်္ခါရသဘောပဲဟု သိရ၏။ သင်္ခါရဆိုသည်မှာလည်း 'တိုက်တွန်းလှုံ့ဆော်မှု၊စိုရင်မှုသဘောမျှပဲ'ဟု သိရ၏။

၅။ ဝိညာဏကွန္ဓာအရ မြင်စိတ်၊တွေ့ထိစိတ်၊ကြားသိစိတ်တို့ကို သိမှတ်သောအခါ၌လည်း 'ကျတိ-ဝိညာဏ' ဒါဝိညာဏ်ပဲဟု သိ၏။ ဝိညာဏ်ဆိုသည်မှာလည်း ထူးထူးခြားခြားဘာမျှမဟုတ်။ 'သိကာမျှသဘောမျှသာပဲ'ဟု သိရ၏။

'ဒါရုပ်ဖြစ်ကြောင်းပဲ'ဟုရှုပုံ

ရုပ်မှန်သမျှတို့သည် 'ကံ၊စိတ်၊ဥတု၊အာဟာရ'ဟူသောအကြောင်း(၄)မျိုးတို့ကြောင့် ဖြစ်၏။ ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ-အရ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ ဖဿ၊ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုး(၅)ပါးတို့သည် အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ ဥပါဒါန်နှင့် ကမ္မဘဝဟူသော အကြောင်း(၅)မျိုးတို့ကြောင့် ဖြစ်၏။

http://www.dhammadownload.com

ထို့ကြောင့် ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော ခန္ဓာငါးပါး တို့သည် **'အဝိဇ္ဇာ၊တဏှာ၊ကံ၊ဥပါဒါန်'** တို့ကြောင့် ဖြစ်၏။ ခန္ဓာငါးပါး၌ **အဝိဇ္ဇာ၊ တဏှာ၊ကံ၊ဥပါဒါန်**ဟူသော အကြောင်း(၂၀)နှင့် ခန္ဓာငါးပါးဟူသော အကျိုး(၅)ပါး ဖြစ်၏။ ရုပ်သည် အာဟာရကြောင့်လည်း ဖြစ်ရသဖြင့် 'ရူပသ သမုဒယော'အရ **'အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာသမုဒယာ ရူပသမုဒယော၊ ကမ္မသမုဒယာ ရူပသမုဒယော၊ အာဟာရသမုဒယာ ရူပသမုဒယော'**ဟူ၍ အဝိဇ္ဇာ၊တဏှာ၊ ကံနှင့် အာဟာရတရားတို့ဖြစ်ခြင်းကို 'ဒါ-ရုပ်ဖြစ်ကြောင်းပဲ'ဟု သိမှတ်ရပေ၏။

'ဒါ-ရုပ်ချုပ်ကြောင်း'ဟုရှုပုံ

'အဝိဇ္ဇာနိရောဓာ'အဝိဇ္ဇာချုပ်မှုကြောင့်လည်းကောင်း၊ 'တဏှာနိရောဓာ' တဏှာချုပ်မှုကြောင့်လည်းကောင်း၊ 'ကမ္မနိရောဓာ'ကံချုပ်မှုကြောင့်လည်းကောင်း၊ 'အာဟာရနိရောဓာ'အာဟာရချုပ်မှုကြောင့်လည်းကောင်း ရုပ်တို့သည် ချုပ်ငြိမ်း ကုန်၏။ ထို့ကြောင့် **'ရူပသ အတ္ထင်္ဂမော'**အရ အဝိဇ္ဇာ၊တဏှာ၊ ကံနှင့် အာဟာရ တရားတို့ချုပ်မှုကို 'ဒါ-ရုပ်ချုပ်ကြောင်းပဲ'ဟု သိမှတ်ရပေ၏။

မဂ္ဂင်-၈-ပါးအကျင့်တရားသည် ရုပ်တို့၏ချုပ်ရာ **'နိဗ္ဗာန်ရောက်ကြောင်း'** မည်၏။ ထိုရုပ်၌မှီ၍ဖြစ်သော သုခ၊သောမနဿသည် ရုပ်တို့၏သာယာဖွယ် **'အဿာဒ'** မည်၏။ ထိုရုပ်တို့၏ မမြဲမှု၊ဆင်းရဲမှု၊ဖောက်ပြန်ဖြစ်မှုတို့သည် ရုပ်၏ အပြစ် **'အာဒီနဝ'** မည်၏။ ထိုရုပ်တို့၌ **'ဆန္ဒရာဂ'**ကို ပယ်ခွာမှုသည်ပင်လျှင် ရုပ်တရားတို့၏လွတ်မြောက်ရာ **'နိဿရဏ'** မည်ပေ၏။

ခန္ဓာ(၅)ပါးတို့၏ဖြစ်ကြောင်း/ချုပ်ကြောင်း

ရုပ်-	အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ	ဖြစ်-	ချုပ်
ဝေ-	အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ	ဖြစ်-	ချုပ်
သ၌-	အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ	ဖြစ်-	ချုပ်
သင်-	အဝိဇ္ဇာ၊တဏှာ၊ကံ၊ဖဿ	ဖြစ်-	ချုပ်
ဝိ-	အဝိဇ္ဇာ၊တဏှာ၊ကံ၊နာမ်ရုပ်	ဖြစ်-	ချုပ်

'ဟေတုံပဋ္ဌိစ္စ သမ္ဘူတာ'အရ- 'အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ၊ဖဿစသည် တို့ဖြစ်ခြင်းကြောင့် ခန္ဓာ(၅)ပါးတို့ ဖြစ်ရ၏။

http://www.dhammadownload.com

'ဟေတု ဘဂ်ါ နိရုဒ္ဓရေ'အရ- အဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ၊ဖဿစသည် တို့ချုပ်ခြင်းကြောင့် ခန္ဓာ(၅)ပါးတို့ ချုပ်ကုန်၏။

ထိုအဝိဇ္ဇာ၊တဏှာ၊ကံ၊အာဟာရ၊ဖဿစသည်တို့ကြောင့် ခန္ဓာ(၅)ပါးတို့၏ ဖြစ်ဆဲသဘောလက္ခဏာသည် 'ဥဒယ' မည်၏။ ဖောက်ပြန်ပျက်စီးဆဲသဘော လက္ခဏာသည် 'ဝယ' မည်၏။ ဤကဲ့သို့ ပစ္စုပ္ပန်အခိုက်အတန့်အားဖြင့် ဖြစ်ဆဲ၊ ပျက်ဆဲခန္ဓာ(၅)ပါးတို့၏သဘောကို ရှုမှတ်နေမှုသည် 'ဥဒယဗ္ဗယဝိပဿနာ' မည်၏။

ခန္ဓာ(၅)ပါး၌ ဓမ္မာနုပဿနာရှုမှတ်မှု

ဓမ္မာနုပဿနာယောဂီသည် မိမိ၏အဖျားတွေ့သန္တာန်၌လည်းကောင်း၊ မိမိမှအပ ဗဟိဒ္ဓသန္တာန်၌လည်းကောင်း တဏှာ၊ဒိဋ္ဌိတို့ဖြင့်စွဲလန်းနိုင်ရာ ခန္ဓာငါးပါးတို့ကို 'ဖောက်ပြန်မှု၊ ခံစားမှု'စသည်အားဖြင့် သဘောတရားမျှရှိ၏ဟု သတိမပြတ်သိမှတ်ရ၏။ ထိုရုပ်နာမ်သဘောတရားတို့၏ ဥပါဒ်အခိုက်၊ ဌိအခိုက်တို့၌ ဖြစ်မှုနှင့် ဖြစ်ကြောင်းတို့ကိုလည်းကောင်း၊ ဘင်အခိုက်၌ ပျက်မှုနှင့်ပျက်ကြောင်းတို့ကို လည်းကောင်း၊ သတိမပြတ် ရှုမှတ်ရ၏။

ထိုပြင် ခန္ဓာတရားတို့၏ ဖြစ်ခြင်း၊ပျက်ခြင်းနှင့် ဖြစ်ကြောင်းပျက်ကြောင်း တို့ကို မမြဲမှုအနိစ္စအားဖြင့်လည်းကောင်း၊ ဆင်းရဲမှုဒုက္ခအားဖြင့်လည်းကောင်း၊ အနှစ်အသားမရှိမှုအနတ္တအားဖြင့်လည်းကောင်း မပြတ်သိမှတ်သဖြင့် ရုပ်နှင့်နာမ် ဟူသော သဘောတရားမျှသာ ရှိ၏။ ရုပ်နာမ်သဘောတရားတို့မှတစ်ပါး တခြား ပုဂ္ဂိုလ်၊သတ္တဝါဘာမျှမရှိဟု သတိရှေးရှုထင်စေလျက် သတိပဋ္ဌာန်အသိဉာဏ် အဆင့်ဆင့် တိုးပွားစေရ၏။ ထိုရုပ်နာမ်သဘောအစုဌ် တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှု၍ နေသည် မည်၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကဌ် တစ်စုံတစ်ခုကိုမျှ ငါ၊ ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိနိုင်တော့ပြီ။ ထိုနည်းဖြင့် ရုပ်နာမ်ခန္ဓာငါးပါးတို့၌ သဘောတရားတို့မျှသာဟူ၍ သတိမပြတ် အဖန်ဖန်ရှုမြင်လျက် နေအပ်ပေ၏။

ခန္ဓာ(၅)ပါးဥပမာများ

ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဟူသော ခန္ဓာ(၅)ပါးတို့ကို သိမှတ်ရာ၌ ပကတိမျက်စိဖြင့် ကြည့်လေသော် ပရမတ်ခန္ဓာတို့ကို မမြင်နိုင်။ ပညတ်ပုံစံတို့ကိုသာ တွေ့ရ၏။ ပညတ်ကို ရှုမြင်သဖြင့်လည်း ဝိပဿနာမဖြစ်။ သမထဘာဝနာသာ ဖြစ်၏။ ဝိပဿနာဘာဝနာအဖြစ် ရှုမှတ်ပွားများလိုသောယောဂီသည် ပရမတ်ခန္ဓာကို မြင်အောင်ကြည့်၍ သိအောင်ပြုလျက် ပွားများအပ်၏။

http://www.dhammadownload.com

ရူပကွန္ဓာဟူသမျှကို ပကတိမျက်စိဖြင့်ကြည့်လျှင် လိုချင်ဖွယ်၊ ချစ်ခင်မြတ်နိုးဖွယ်၊ သာယာဖွယ်ဟူသော 'ပိယရူပ်၊သာတရုပ်' ခေါ် အတုံးအခဲ၊ အစိုင်ဒြပ်၊ ပုံစံပညတ်၊ အထပ်ထပ်တို့ကိုသာ မြင်နိုင်၏။ ဉာဏ်မျက်စိဖြင့် ကြည့်သည်ရှိသော်-

ဖောဏပိဏ္ဍူပမံ ရူပံ-ဖောက်ပြန်မှုသဘောဟူသည် ရေမြုပ်နှင့်ပမာတူ၏။

ရေမြုပ်ခဲတို့သည် မျက်စိဖြင့်မြင်ရသောအခါ အစိုင်အခဲဟုထင်၍ လက်ဖြင့် ဆုပ်ကိုင်ကြည့်သော် ဘာအစိုင်အခဲမျှ မရှိဘိသကဲ့သို့၊ ရုပ်ခန္ဓာတို့ကို ဉာဏ်မျက်စိဖြင့် ကြည့်သော် ပူမှုအေးမှုစသော ရွရွ၊မွမွဖောက်ပြန်မှုသဘောမျှတို့ကိုသာ သိရပေ၏။

ဝေဒနာ ပုဗ္ဗဗုဗ္ဗုပမာ-ခံစားမှုသဘောသည် ရေပွက်ပမာတူ၏။

ရေပေါ်တွင် ပေါ်လိုက်ပျောက်လိုက်ဖြစ်သော ရေပွက်စီပေါင်းတို့ကို ဖြူဖြူ ဖွေးဖွေးမြင်ရသကဲ့သို့ သာသာ၊နာနာ၊မသာမနာဟူသော ခံစားမှုအစုတို့သည် တစ်ဆက်တည်း ခံစားနေရမှုကဲ့သို့ ထင်ရ၏။ အမှန်မှာ ဖြစ်ပျက်မစဲ၊ တသဲသဲ ခံစားမှုသဘောတရား အစုမျှတို့သာ ဖြစ်၏။

မရီစိကူပမာ သညာ- မှတ်သားမှုသဘောသည်-တံလျှပ်နှင့်ပမာတူ၏။

နွေဦးပေါက်အချိန်၌ နေပူအရှိန်ကြောင့် မြေပြင်မှထွက်လာသော ရေငွေ့တို့သည် အဝေးမှကြည့်၍ ရေပြင်ပမာထင်ရသကဲ့သို့ ထို့အတူ နေ့စဉ်မှတ်သားမှုတို့မှာ ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမစသည် ထင်ယောင်ထင်မှားအမှတ်မှားမှုတို့သာ ဖြစ်၏။ ဉာဏ်မျက်စိဖြင့်သိသောအခါ မှတ်သားမှုသဘောမျှတို့သာဟု သိ၏။

သင်္ခါရာ ကဒလူပမာ-ပြုပြင်စီရင်မှုသဘောအစုသည်ငှက်ပျောတုံးနှင့်တူ၏။

ငှက်ပျောတုံးသည် ဘာအနှစ်အသားမျှ မရှိသကဲ့သို့ ထို့အတူ နေ့စဉ် ပြုလုပ်စီရင်သမျှသော ကိုယ်အမှုကာယက်၊ နှုတ်အပြောဝစီက်၊ စိတ်အကြံမနောက် သင်္ခါရတို့သည် ကုသိုလ်ဖြစ်သော်လည်းကောင်း၊ အကုသိုလ် ဖြစ်သော်လည်းကောင်း အဟောင်းပျက်၊အသစ်ဖြစ်မှုတို့မျှသာ ဖြစ်၏။ ကုသိုလ်သင်္ခါရဖြင့် ဗြဟ္မာပြည်အထိ တက်လှမ်းနိုင်သော်လည်း ကုသိုလ်ကံကုန်သဖြင့် အပါယ်လေးဘုံသို့သာ ကျရောက်ရ၏။ ထို့ကြောင့် ပြုပြင်စီရင်မှုဟူသမျှသည် အနှစ်အသားမရှိဟု သိရပေ၏။

မာယူပမံ ဝိညာဏံ- သိမှုသဘောအစုသည် မျက်လှည့်ဆရာနှင့်တူ၏။

မျက်လှည့်ဆရာသည် အစစ်အမှန်မဟုတ်သည်ကို အစစ်အမှန်အနေဖြင့် လုပ်ကြံဖန်တီးပြသကဲ့သို့ ထို့အတူ စိတ်ဝိညာဏ်(၆)မျိုးတို့သည် အာရုံ(၆)ပါးတို့အပေါ် အမှတ်မှား၊အသိမှား၊အယူမှားတို့ဖြင့် လုပ်ကြံဖန်တီး၍ သိ၏။ အနှစ်ပုထုဇဉ်တို့အား ခန္ဓာ(၅)ပါးတို့အပေါ်၌ လှည့်စားမှုအသိမျိုးဖြင့် သိစေမှုသာ ဖြစ်၏။

http://www.dhammadownload.com

ထိုကြောင့် ခန္ဓာ(၅)ပါးတို့ကို မပြတ်ဖြစ်ပျက်မှု သဘောတရားအစုမျှဟူ၍ ဓမ္မာနုပဿနာသတိပဋ္ဌာန် ရှုမှတ်သဖြင့် မမြဲသောအနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အနှစ်အသားမရှိသောအနတ္တသဘောတို့ကို ဉာဏ်ဖြင့် ကိုယ်တိုင်ပင် တွေ့သိနိုင်ပေ၏။

လင်္ကာ။ ရူပ်-ဤရုပ်၊ ရေမြုပ်သဏ္ဌာန်၊ အနိစ္စပဲ မမြဲအမှန်။
ဝေဒနာစက်၊ ရေပွက်ပုံဟန်၊ အနိစ္စပဲ မမြဲအမှန်။
သညာအမှတ်၊ တံလျှပ်ပုံဟန်၊ အနိစ္စပဲ မမြဲအမှန်။
ၜက်ပျောတူစွာ၊ သင်္ခါရကွန်၊ အနိစ္စပဲ မမြဲအမှန်။
မျက်လှည့်အလား၊ သိမှားဝိညာဏ်၊ အနိစ္စပဲ မမြဲအမှန်။
ဖြစ်ပျက်မစဲ၊ ဆင်းရဲပူပန်၊ အနတ္တ၊ မှတ်ကြဧဝကန်။(မဟာစည်ဆရာတော်)

အသစ်အသစ်တို့ဖြစ်လျက် အဟောင်းအဟောင်းတို့ပျက်ပုံ

အနုပ္ပန္နာစ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ။
အဘိနဝါ ဝ သင်္ခါရာ၊ နဒီသောတသမူပမာ။

အနုပ္ပန္နာစ၊ ရှေးယခင်က မဖြစ်ပေါ်သေးသော ရုပ်နာမ်သင်္ခါရတရားတို့ သည်လည်း။ ဥပ္ပဇ္ဇန္တိ၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်၍လာကြလေကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ပေါ်ပြီးကုန်သော ရုပ်နာမ်သင်္ခါရတရားတို့သည်လည်း။ နိရုဇ္ဈရေ၊ အမြဲမတည်နေဘဲ ချုပ်ပျောက်ပျက်စီးကြရလေကုန်၏။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ နဒီသောတသမူပမာဝ၊ မြစ်ရေအလျှည် တသွင်သွင်စီးဆင်းနေဘိသကဲ့သို့သာလျှင်။ အဘိနဝါ၊ အသစ်အသစ် တို့ဖြစ်ပေါ်၍ ချုပ်ပျက်ကြရပေကုန်၏။

ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် ခန္ဓာ(၅)ပါးတို့သည် ပစ္စုပ္ပန်အခိုက် အားဖြင့်မဖြစ်ပေါ်မီ ရှေးယခင်က ဖြစ်ပေါ်နေပြီးမဟုတ်။ တစ်စုံတစ်ခု(သာ)ဌာနဌ်ဌ စုရုံးတည်ရှိနေသည်လည်းမဟုတ်။ ဖြစ်ပေါ်သောအခါ၌လည်း အစုအဝေးအားဖြင့် လာရောက်ဖြစ်ပေါ်ရခြင်းမရှိ။ မိမိတို့ဆိုင်ရာအကြောင်းအားလျော်စွာ ပစ္စုပ္ပန်အခိုက် အနေဖြင့် ဖြစ်ပေါ်လာ၍ ထိုအခိုက်၌ပင် ချုပ်ပျောက်ပျက်စီးကြရလေ၏။

ဥပမာအားဖြင့် စောင်းတီးသံကို ကြားရာ၌ စောင်းကိုလည်းကောင်း၊ စောင်း တံကိုလည်းကောင်း၊ စောင်းတီးသူကိုလည်းကောင်း အကြောင်းပြု၍ စောင်းသံထွက် ပေါ်လာခြင်း ဖြစ်သကဲ့သို့တည်း။ စောင်း၊စောင်းတံ၊စောင်းတီးသူတို့၏ စုဝေးဖြစ် ပေါ်မှုအကြောင်းသည် မရှိခဲ့သော် စောင်းသံလည်း မရှိနိုင်ပေ။

http://www.dhammadownload.com

ထိုနည်းအတူ ခန္ဓာ(၅)ပါးရပ်နာမ်သဘောတရားတို့သည် ပြုပြင်စီရင်ခြင်းဟူသောအကြောင်းရှိသဖြင့် ဖြစ်ပေါ်၍ အကြောင်းချုပ်သဖြင့် ချုပ်ပျက်ကြရပေ၏။ သူ့သဘာဝလျှောက်၊ သူ့သဘောအတိုင်းသာ ဖြစ်မှုပျက်မှုတို့ဖြင့် မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ အတ္တမဟုတ်သောသဘောတို့ကို သိမှတ်အပ်ပေ၏။

ခန္ဓာငါးပါးကိုရှုမြင်ပုံပြီး၏။

♦♦♦♦♦

၄–ဓမ္မာနုပဿနာ၊ ၃–အာယတနုပဇ္ဇ

၃–အာယတန(၁၂)ပါးကို ရှုမြင်ပုံ

ပုန စပရံ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဗ္ဘန္တရိကဗာဟိရေသု အာယတနေသု။ ကထဉ္စပန ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ ဆသု အဗ္ဘန္တရိက ဗာဟိရေသု အာယတနေသု?။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီပုဂ္ဂိုလ်သည် (၆)ပါးသော အတွင်းအပ အာယတနတရား၌ သဘောတရားမျှဟု အဖန်ဖန်ရှုမြင်၍ နေ၏။ ရဟန်းတို့၊ အဘယ်သို့လျှင် (၆)ပါးသော အတွင်းအပ, အာယတနတရား၌ သဘောတရားမျှဟု အဖန်ဖန်ရှုမြင်၍ နေရမည်နည်း။

(၁)ဣဓ ဘိက္ခဝေ၊ ဘိက္ခု စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ၊ ယဉ္စတဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဉ္စ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိं အနုပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ။

ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် မျက်စိကိုလည်း သိ၏။ အဆင်းတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ အကြင်ကာမရာဂစသောသံယောဇဉ် (၁၀)ပါးသည် ဖြစ်၏။ ထိုသံယောဇဉ်ကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသောသံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ အကြင် တဒဂ်ိုဝိက္ခမ္ဘနအားဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်၏ နောင်အခါ၌ မဂ်ဖြင့် မဖြစ်ကြောင်းကိုလည်း သိ၏။

http://www.dhammadownload.com

(၂)သောတဠာ ပဇာနာတိ၊ သဒ္ဒေစ ပဇာနာတိ၊ ယဠ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဠ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိं အနုပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ။

(၃)ဃာနဠ ပဇာနာတိ၊ ဂန္ဓေ စ ပဇာနာတိ၊ ယဠ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဠ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိं အနုပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ။

(၄)ဇိဝှဠ ပဇာနာတိ၊ ရသေစ ပဇာနာတိ၊ ယဠ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဠ ပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိं အနုပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ။

(၅)ကာယဠ ပဇာနာတိ၊ ဖောဋ္ဌဗ္ဗေ စ ပဇာနာတိ၊ ယဠ တ္ဝဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဠပဇာနာတိ။ ယထာ စ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိं အနုပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ။

(၆)မနဠ ပဇာနာတိ၊ ဓမ္မေစ ပဇာနာတိ၊ ယဠ တဒုဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ တဠ ပဇာနာတိ။ ယထာ ၊ အနုပ္ပန္နဿ သံယောဇနဿ ဥပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နဿ သံယောဇနဿ ပဟာနံ ဟောတိ တဠ ပဇာနာတိ၊ ယထာ စ ပဟီနဿ သံယောဇနဿ အာယတိं အနုပ္ပါဒေါ ဟောတိ တဠ ပဇာနာတိ။

ဣတိ အဗ္ဘန္တရံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ (ပ) ဇဝမ္မိ ခေါ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ ဆသု အဗ္ဘန္တရိကဗာဟိရေသု အာယတနေသု။

အာယတနပဗ္ဗပြီး၏။

http://www.dhammadownload.com

အာယတန(၁၂)ပါးရှုကွက်

စိတ်စေတသိက်တို့၏ တည်မှီဖြစ်ရာဖြစ်သောကြောင့် 'အာယတန'မည်၏။ ထိုစိတ်စေတသိက်တို့သည် အာရုံကို ခံစားမှုစသော မိမိကိစ္စ၌ လုံ့လပြုပြုတတ်သောကြောင့်လည်းကောင်း၊ ချဲ့ထွင်တတ်သောကြောင့်လည်းကောင်း၊ ရှည်စွာသော သံသရာဝင်္ဂဒုက္ခကို ဖြစ်စေသောကြောင့်လည်းကောင်း၊ စက္ခုဝိညာဏ်စိတ်စသည်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်လည်းကောင်း 'အာယတန'မည်၏။ထိုအာယတနသည် မိမိ၏ကိုယ်တွင်း အဗ္ဗတ္တသန္တာန်၌ (၆)ပါး၊ မိမိ၏ကိုယ်ပ ဗဟိဒ္ဓသန္တာန်၌ (၆)ပါး ဖြစ်သည်ဖြစ် (၁၂)ပါး ဖြစ်လေ၏။

လင်္ကာ။ စက်,သော,ဃာ,ဇိ၊ ကာ,မနိ၊အကြည်အဗ္ဗတ္တ၊ရူ,သဒ်,ဂန်,ရံ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မံဗဟိဒ္ဓ။

အာယတန(၁၂)ပါးအချုပ်

အတွင်းအာယတန(၆)	ပြင်ပအာယတန(၆)
စက္ခာယတန(စက္ခုပသာဒ)	ရူပါယတန(ရူပါရုံ)
သောတာယတန(သောတပသာဒ)	သဒ္ဒါယတန(သဒ္ဒါရုံ)
ဃာနာယတန(ဃာနပသာဒ)	ဂန္ဓာယတန(ဂန္ဓာရုံ)
ဇိဝှါယတန(ဇိဝှါပသာဒ)	ရသာယတန(ရသာရုံ)
ကာယာယတန(ကာယပသာဒ)	ဖောဋ္ဌဗ္ဗာယတန(ဖောဋ္ဌဗ္ဗာရုံ)
မနာယတန(မနောဝိညာဏ်)	ဓမ္မာယတန(ဓမ္မာရုံ)

စက္ခာယတနဟူသည် စက္ခုပသာဒ(မျက်စိ)အကြည်ရုပ် ဖြစ်၏။ ရူပါယတနဟူသည် ရူပ(အဆင်း)ရုပ် ဖြစ်၏။ သောတာယတနဟူသည် သောတပသာဒ(နား)အကြည်ရုပ် ဖြစ်၏။ သဒ္ဒါယတနဟူသည် သဒ္ဒ(အသံ)ရုပ် ဖြစ်၏။ ဃာနာယတနဟူသည် ဃာပသာဒ(နှာခေါင်း)အကြည်ရုပ် ဖြစ်၏။ ဂန္ဓာယတနဟူသည် ဂန္ဓ(အနံ့)ရုပ် ဖြစ်၏။ ဇိဝှါယတနဟူသည် ဇိဝှါပသာဒ(လျှာ)အကြည်ရုပ် ဖြစ်၏။ ရသာယတနဟူသည် ရသရုပ် ဖြစ်၏။ ကာယာယတနဟူသည် ကာယပသာဒ(ကိုယ်)အကြည်ရုပ် ဖြစ်၏။ ဖောဋ္ဌဗ္ဗာယတနဟူသည် ပထဝီ၊တေဇော၊ဝါယောဟူသော အတွေ့ရုပ်(၃)ပါး ဖြစ်၏။ မနာယတနဟူသည် ဟဒယဝတ္ထုရုပ်၌မှီသော ဘဝင်စိတ် ဖြစ်၏။ ဓမ္မာယတနဟူသည် ပသာဒရုပ်(၅)၊ သုခုမရုပ်(၁၆)၊ စိတ်(၈၉) စေတသိက်(၅၂) နိဗ္ဗာန်၊ ပညတ်အားဖြင့် (၆)မျိုးတို့ ဖြစ်၏။

http://www.dhammadownload.com

ဝတ္ထုရုပ်(၆)ပါး	အာရုံ(၆)ပါး
၁-စက္ခုဝတ္ထု(မျက်စိရုပ်)	၁-ရူပါရုံ(အဆင်းရုပ်)
၂-သောတဝတ္ထု(နားရုပ်)	၂-သဒ္ဒါရုံ(အသံရုပ်)
၃-ဃာနဝတ္ထု(နှာခေါင်းရုပ်)	၃-ဂန္ဓာရုံ(အနံ့ရုပ်)
၄-ဇိဝှါဝတ္ထု(လျှာရုပ်)	၄-ရသာရုံ(အရသာရုပ်)
၅-ကာယဝတ္ထု(ကိုယ်ရုပ်)	၅-ဖောဋ္ဌဗ္ဗာရုံ(အတွေ့ရုပ်)
၆-ဟဒယဝတ္ထု	၆-ဓမ္မာရုံ(သဘောတရားရုပ်နာမ်)

အတွင်းအာယတန(၆)ပါးဟုဆိုအပ်သော စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ဟဒယဟူသော ရုပ်(၆)မျိုးတို့ကို သိစိတ်ဝိညာဏ်(၆)ပါးတို့၏ ဖြစ်ရာတည်မှီရာဖြစ်သောကြောင့် 'ဝတ္ထုရုပ်'ဟု ခေါ်၏။

အပြင်အာယတန(၆)ပါးဖြစ်သော ရူပါရုံ၊သဒ္ဒါရုံ၊ဂန္ဓာရုံ၊ရသာရုံ၊ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့သည် စိတ်၊စေတသိက်တို့၏ ဆွဲကိုင်မှီတွယ်ရာဖြစ်သောကြောင့် 'အာရုံ(၆)ပါး' ဟု ခေါ်၏။

ထိုဝတ္ထုရုပ်(၆)ခုတို့နှင့် အာရုံ(၆)ပါးတို့သည် အကြောင်းပြု၍ ပေါင်းစုံမိသည်ရှိသော် မနောဝိညာဏ်ခေါ် သတ္တဝါတို့၏အဖျတ္တသန္တာန်၌ သံယောဇဉ်တရား(၁၀)ပါးတို့ဖြင့် တုပ်နှောင်ချည်ငင်မိကြလေ၏။

သံယောဇဉ်ကြီး(၁၀)မျိုး

၁-မနောဒွါရ၌ ဣဋ္ဌဖြစ်သော ဓမ္မာရုံထင်ရှားဖြစ်သော် သာယာနှစ်သက်မှုသဘောသည် **'ကာမရာဂသံယောဇဉ်'** မည်၏။

၂-အနိဋ္ဌာရုံထင်ရှားဖြစ်လတ်သော် အမျက်ထွက်မှုသဘောသည် **'ပဋိဃသံယောဇဉ်'** မည်၏။

၃-ငါ့ပြင်မရှိ၊ ငါသာမြတ်၏ဟု ထောင်လွှားမှုသဘောသည် **'မာနသံယောဇဉ်'** မည်၏။

၄-ထိုအာရုံဝတ္ထုအစုစုတို့အား အမြဲတည်ရှိနေသည်ဟု ထင်မှားမှုသဘောသည် **'ဒိဋ္ဌိသံယောဇဉ်'** မည်၏။

၅-ထိုအာရုံဝတ္ထုသည် ဆတ္တဝါဖြစ်လေသလောစသည်ဖြင့် တွေးတောယုံမှားမှုသဘောသည် **'ဝိစိကိစ္ဆာသံယောဇဉ်'** မည်၏။

http://www.dhammadownload.com

၆-ပြည့်စုံချမ်းသာသောဘဝကို ငါရမည်ဟု တောင့်တမှုသဘောသည် **'ဘဝရာဂသံယောဇဉ်'** မည်၏။

၇-အကျင့်မှားဖြင့် သံသရာမှလွတ်လိမ့်မည်ဟု နှလုံသွင်းမှုသဘောသည် **'သီလဗွတပရာမာသသံယောဇဉ်'** မည်၏။

၈-ငါကဲ့သို့ သူတစ်ပါးအားမဖြစ်ပါစေလင့်ဟု ငြူစူမှုသဘောသည် **'ဣဿာသံယောဇဉ်'** မည်၏။

၉-မိမိစည်းစိမ်ချမ်းသာကို သူတပါးတို့နှင့်မစပ်ယှဉ်စေလိုမှုသဘောသည် **'မစ္ဆရိယသံယောဇဉ်'** မည်၏။

၁၀-ကာမရာဂသံယောဇဉ်စသည်တို့နှင့်အတူ တရားသဘောအမှန်ကို မသိမှုသဘောသည် **'အဝိဇ္ဇာသံယောဇဉ်'** မည်၏။

လက်ီ။ ၁-အာရုံငါးဝ၊ တပ်စွဲက၊ **ကာမသံယောဇဉ်**။

၂။ သုံးပါးဘဝ၊ တပ်စွဲက၊ **ဘဝသံယောဇဉ်**။

၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ **ပဋိဃသံယောဇဉ်**။

၄။ ငါသာတော်လှ၊ ထင်မှတ်က၊ **မာနသံယောဇဉ်**။

၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲ **ဒိဋ္ဌိသံယောဇဉ်**။

၆။ တရားမှန်တွင်၊ မယုံချင်၊ **ဝိစိကိစ္ဆာသံယောဇဉ်**။

၇။ သစ္စာမမြင်၊မဂ္ဂင်မပါ၊ လေ့ကျင့်ကာ၊ **သီလဗွတပရာမာသသံယောဇဉ်**။

၈။ ကိုယ်ထက်သာကို၊ မနာလို၊ ခေါ်ဆို **ဣဿာသံယောဇဉ်**။

၉။ ကိုယ့်လိုသူများ၊ ကောင်းစားသည်မှ၊ ဝန်တိုက၊ **မစ္ဆရိယသံယောဇဉ်**။

၁၀။သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ **အဝိဇ္ဇာသံယောဇဉ်**။

သံယောဇဉ်ကြီး(၁၀)မျိုး၏ဥပမာ

နွားဖြူတစ်ကောင်နှင့် နွားနက်တစ်ကောင်တို့ကို ကြိုးတစ်ချောင်းဖြင့် လည်ခ်ြ ချည်ငင်ထား၏။ ကြိုးတစ်ချောင်းတည်းဖြင့် ချည်နှောင်ထားမှုကြောင့် ထိုနွားနှစ်ကောင်တို့သည် သွားအတူ၊စားအတူ၊မတည့်အတူ၊တည့်အတူသာ ဖြစ်ရပေ၏။

ထို့အတူ စက္ခုဝတ္ထုစသော အတွင်းအာယတနတို့သည် နွားဖြူ(၆)ကောင်နှင့် တူ၍။ ရူပါရုံစသော အပြင်အာယတနတို့သည် နွားနက်(၆)ကောင်နှင့် တူ၏။ ထိုအတွင်း၊အပအာယတနနှစ်မျိုးတို့၏ ပေါင်းဆုံမှုကို အစွဲပြု၍ ဖြစ်ပေါ်လာရသော ရာဂ၊ဒေါသ၊မာနစသည်တို့သည် နွားဖြူနှင့်နွားနက်တို့၏လည်ခ်ြ ချည်ငင်ထားသော ကြိုးနှင့် တူ၏။

http://www.dhammadownload.com

နွားဖြူ၊နွားနက်တို့နှင့်ပမာတူသော သတ္တဝါတို့အား ဝင့်ဆင်းရဲမှ မလွတ်မြောက်နိုင်အောင် ကြိုးနှင့်တူသော သံယောဇဉ်တရား(၁၀)ပါးတို့ဖြင့် ဝင့်ဒုက္ခနှောင်အိမ်အတွင်း၌ ချည်နှောင်ထားမှုသဘော ဖြစ်ပေ၏။

အာယတန(၁၂)ပါး ဓမ္မာနုပဿနာရှုမှတ်ပုံ

သတိပဋ္ဌာန်ယောဂီသည် အဆင်းရူပါရုံကို မျက်စိဖြင့် မြင်ခိုက်၌ အဆင်းရုပ်ကိုလည်းကောင်း၊ မျက်စိရုပ်ကိုလည်းကောင်း၊ ထိုနှစ်ပါးစုံကို စွဲ၍ အယောနိသောမနသိကာရကြောင့် ဖြစ်ပေါ်လာရသော သံယောဇဉ်(၁၀)မျိုး တစ်မျိုးမျိုးကိုလည်းကောင်း ဖြစ်ပေါ်သမျှကို သဘောတရားမျှဟု သိမှတ်နေရပေ၏။

အသံသဒ္ဒါရုံကို နားဖြင့်ကြားခိုက်၌ အသံရုပ်ကိုလည်းကောင်း၊ နားအကြည် ရုပ်ကိုလည်းကောင်း၊ ထိုနှစ်ပါးစုံကိုစွဲ၍ ဖြစ်ပေါ်လာနိုင်သော သံယောဇဉ်(၁၀)မျိုး ကိုလည်းကောင်း ဖြစ်ပေါ်သမျှကို သဘောတရားမျှဟု သိမှတ်နေရပေ၏။ ထို့အတူ၊ နှာခေါင်းဖြင့် အနံ့ကိုနံ့ခိုက်၊ လျှာဖြင့် အရသာကို စားခိုက်၊ ကိုယ်ဖြင့် အတွေ့တို့ကို ထိတွေ့ခိုက်၊ စိတ်ဖြင့် သဘောတို့ကို ကြံတွေးခိုက်တို့၌ ဖြစ်ပေါ်သမျှသော အတွင်းအပ၊ အာယတနတို့ကိုလည်းကောင်း၊ သံယောဇဉ်ကြိုး (၁၀)မျိုးတို့ကိုလည်းကောင်း သဘောတရားမျှ ထင်ထင်လင်းလင်းမြင်အောင် သိမှတ်နေရ၏။

ထိုသို့သိမှတ်သဖြင့် မဖြစ်သေးသောသံယောဇဉ်၏ ဖြစ်ပေါ်လာနိုင်ကြောင်းကိုလည်းကောင်း၊ ဖြစ်ပြီးသံယောဇဉ်အား သိမှတ်နေမှုကြောင့် တဒင်္ဂ၊ ဝိက္ခမ္ဘနုပဟာန်တို့ဖြင့် ပယ်ကြောင်းကိုလည်းကောင်း၊ ပယ်ပြီးသံယောဇဉ်၏ နောင်တစ်ဖန် မဂ်ဖြင့် မဖြစ်ကြောင်းကိုလည်းကောင်း သိရပေ၏။

မိမိသန္တာန်၌ ဖြစ်ပေါ်သမျှသော အတွင်းအပ၊ အာယတနတို့ကိုလည်းကောင်း၊ သံယောဇဉ်ကြိုး(၁၀)မျိုးတို့ကိုလည်းကောင်း၊ ထိုသံယောဇဉ်တို့၏ ဖြစ်ပေါ်ကြောင်းကိုလည်းကောင်း၊ မဖြစ်ကြောင်း၊ပယ်ကြောင်းကိုလည်းကောင်း၊ သဘောတရားမျှဟု သိမှတ်ရသကဲ့သို့၊ ထို့အတူ သူတစ်ပါးတို့၏သန္တာန်၌လည်း ဤကဲ့သို့သဘောတရားမျှပင် ဖြစ်ပေ၏ဟု သတိမပြတ် သိမှတ်ရပေ၏။

အာယတန(၁၂)ပါးကို ရှုမြင်ပုံပြီး၏။

♦♦♦♦♦

http://www.dhammadownload.com

၄–ဓမ္မာနုပဿနာ၊ ၄–ဗောဇ္ဈင်ပဗ္ဗ

၄–သမ္ဗောဇ္ဈင်(၇)ပါးကို ရှုမြင်ပုံ

ပုန စပရံ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ သတ္တသု ဗောဇ္ဈင်္ဂေသု။ ကထဉ္စ ပန ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ သတ္တသု ဗောဇ္ဈင်္ဂေသု?။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီပုဂ္ဂိုလ်သည် ဗောဇ္ဈင်ခုနစ်ပါးတို့၌ သဘောတရားတို့ကို အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ အဘယ်သို့လျှင်(၀)နေသနည်း?။

(၁)ဣဓ ဘိက္ခဝေ၊ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္झင်္ဂေါ'တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္झင်္ဂံ 'နတ္ထိ မေ အဇ္ဈတ္တံ သတိသမ္ဗောဇ္झင်္ဂေါ'တိ ပဇာနာတိ၊ ယထာစ အနုပ္ပန္နဿ သတိသမ္ဗောဇ္ झင်္ဂဿ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာစ ဥပ္ပန္နဿ သတိသမ္ဗောဇ္ झင်္ဂဿ ဘာဝနာယ ပါရိပူရိ ဟောတိ တဉ္စ ပဇာနာတိ။

ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီသည် မိမိ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိလျှင်လည်း 'ငါ၏သန္တာန်၌ သတိသမ္ဗော ဇ္ဈင်ရှိသည်'ဟု သိ၏။ မိမိ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိလျှင်လည်း 'ငါ၏သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိ'ဟု သိ၏။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှါ ပြည့်စုံခြင်းအကြောင်းကိုလည်း သိ၏။

(၂)သန္တံ ဝါ အဇ္ဈတ္တံ ဓမ္မဝိစယသမ္ဗောဇ္ झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ဓမ္မဝိစယ သမ္ဗောဇ္ झင်္ဂေါ'တိ ပဇာနာတိ(ပ)။

(၃)သန္တံဝါ အဇ္ဈတ္တံ ဝီရိယသမ္ဗောဇ္ झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ဝီရိယ သမ္ဗောဇ္ झင်္ဂေါ'တိ ပဇာနာတိ၊ (ပ)။

(၄)သန္တံ ဝါ အဇ္ဈတ္တံ ပီတိသမ္ဗောဇ္ झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ပီတိ သမ္ဗောဇ္ झင်္ဂေါ'တိ ပဇာနာတိ၊(ပ)။

(၅)သန္တံ ဝါ အဇ္ဈတ္တံ ပဿဒ္ဓိသမ္ဗောဇ္ झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ပဿဒ္ဓိ သမ္ဗောဇ္ झင်္ဂေါ'တိ ပဇာနာတိ၊ (ပ)။

(၆)သန္တံ ဝါ အဇ္ဈတ္တံ သမာဓိသမ္ဗောဇ္ झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ သမာဓိ သမ္ဗောဇ္ झင်္ဂေါ'တိ ပဇာနာတိ၊(ပ)။

(၇)သန္တံဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ झင်္ဂံ 'အတ္ထိ မေ အဇ္ဈတ္တံ ဥပေက္ခာ သမ္ဗောဇ္ झင်္ဂေါ'တိ ပဇာနာတိ၊ အသန္တံ ဝါ အဇ္ဈတ္တံ ဥပေက္ခာသမ္ဗောဇ္ झင်္ဂံ 'နတ္ထိ

http://www.dhammadownload.com

မေ အဒ္ဓတ္တं ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ'တိ ပဇာနာတိ၊ ယထာ စ အနုပ္ပန္နသ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂသ ဥပ္ပါဒေါ ဟောတိ တဉ္စ ပဇာနာတိ၊ ယထာ စ ဥပ္ပန္နသ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂသ ဘာဝနာယ ပါရိပူရီ ဟောတိ တဉ္စ ပဇာနာတိ။

ဣတိ အဒ္ဓတ္တံဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အဒ္ဓတ္တဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ။ သမုဒယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ၊ သမုဒယဝယဓမ္မာနုပဿီ ဝါ ဓမ္မေသု ဝိဟရတိ။ 'အတ္ထိ ဓမ္မာ'တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေव ဉာဏမတ္တာယ ပဋိဿတိမတ္တာယ အနိဿိတော စ ဝိဟရတိ၊ နစ ကိဉ္စि လောကေ ဥပါဒိယတိ။ ဧवမ္ပိ ခေါ ภิกฺขเวภิက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ သတ္တသု ဗောဇ္ဈင်္ဂေသု။

ဗောဇ္ဈင်ပဗ္ဗပြီး၏။

ဗောဇ္ဈင်(၇)ပါးရှုကွက်

သမ္ဗောဇ္ဈင်ဟူသည် သံ-ကောင်းစွာ၊ ဗောဓိ-သိကြောင်းတရား၊အသိဉာဏ်။ အင်္ဂ-အကြောင်းအင်္ဂါများ ဖြစ်၏။ (သံ+ဗောဓိ+အင်္ဂ)။

ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာခဏ၊မဂ်ခဏတို့၌ ကောင်းစွာ၊ ကိုယ်တိုင် သိကြောင်းတရား၊ သိကြောင်းဉာဏ်၏ အကြောင်းအင်္ဂါတရားတို့ကို 'သမ္ဗောဇ္ဈင်'ဟု ခေါ်၏။ သစ္စာကို သိမြင်နိုင်ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် မဂ်အသိဉာဏ်၏ အကြောင်းအင်္ဂါ(၇)ပါးတို့သည် 'သမ္ဗောဇ္ဈင်' မည်ပေ၏။

၁-**သတိသမ္ဗောဇ္ဈင်**-အာရုံကို အမှတ်ရနေမှုသဘော။
၂-**ဓမ္မဝိစယသမ္ဗောဇ္ဈင်**-ရုပ်နာမ်တရားတို့ကို စုံစမ်းစစ်ဆေးမှုသဘော။
၃-**ဝီရိယသမ္ဗောဇ္ဈင်**-မယုတ်မလွန်ညီမျှစွာ အားထုတ်မှုသဘော။
၄-**ပီတိသမ္ဗောဇ္ဈင်**-ခုဒ္ဒကပီတိစသည့် နှစ်သိမ့်ကျေနပ်နေမှုသဘော။
၅-**ပဿဒ္ဓိသမ္ဗောဇ္ဈင်**-ကိုယ်စိတ်ပူပန်မှုငြိမ်းအေးမှုသဘော။
၆-**သမာဓိသမ္ဗောဇ္ဈင်**-အာရုံ၌ စူးဝင်နစ်မြုပ်တည်နေမှုသဘော။
၇-**ဥပေက္ခာသမ္ဗောဇ္ဈင်**-အာရုံ၌အညီအမျှဖြစ်တည်လျက် လျစ်လျူရှုမှု။

သတိပဋ္ဌာန်ရှုမှတ်နေသောယောဂီအား ကမ္မဋ္ဌာန်းအာရုံတစ်ခုအပေါ်၌ သတိကပ်၍ ရှုမှတ်နေနိုင်မှုသဘောသည်ပင် 'သတိသမ္ဗောဇ္ဈင်'ဖြစ်၏။

http://www.dhammadownload.com

ထိုအာရုံအပေါ်၌ ရုပ်နာမ်သဘာဝ၊ ကြောင်း၊ကျိုးဓမ္မ၊ ဖြစ်ပျက်တို့ကို စုံစမ်းကြည့်မြင်နေမှုသဘောသည် 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ဖြစ်၏။ ရှုမှတ်မှုအာရုံ လွတ်မသွားအောင် ကြောင့်ကြစိုက်ပေးမှုသဘောသည် 'ဝီရိယသမ္ဗောဇ္ဈင်' ဖြစ်၏။ ရှုမှတ်မှုအားကောင်းလာသောအခါ ကျေနပ်နှစ်သက်မှုများ တဖွားဖွား ဖြစ်ပေါ်လာမှုသည် 'ပီတိသမ္ဗောဇ္ဈင်' ဖြစ်၏။ ရှုမှတ်မှုစွမ်းအင်ကြောင့်ပင် ကိုယ်စိတ်တို့၌ ပူပန်ခြင်းများ ကင်းငြိမ်းပပျောက်နေမှုသဘောသည် 'ပဿဒ္ဓိ သမ္ဗောဇ္ဈင်' ဖြစ်၏။

သတိပဋ္ဌာန်ဟူသောကမ္မဋ္ဌာန်းအာရုံ၌ စိတ်နှင့်အာရုံ၊ အသိ၊သတိတို့ သည် တစ်သားတည်းကဲ့သို့ မလှုပ်မယိုင် ကျောက်စာတိုင်ပမာ မြဲခိုင်စွာ တည်ငြိမ်နေနိုင်မှုသဘောတရားသည် 'သမာဓိသမ္ဗောဇ္ဈင်'ဖြစ်၏။

သမာဓိစွမ်းအင်ကြောင့်ပင် ထိုကမ္မဋ္ဌာန်းအာရုံအပေါ်၌ အထူးကြောင့် ကြမစိုက်ရတော့ဘဲ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ ညီမျှနေလျက် လျစ်လျူ ရှုနေနိုင်မှုသဘောသည် 'ဥပေက္ခာသမ္ဗောဇ္ဈင်' ဖြစ်ပေ၏။

သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းများ

သတိပဋ္ဌာန်တရားခ်ီ ကမ္မဋ္ဌာန်းအာရုံကို အမှတ်ရမှုသဘောဖြစ်သော သတိသာလျှင် ပြဋ္ဌာန်းသဖြင့် ပဓာနကျ၏။ အရာကျယ်၏။ ရှေးသွားလည်း ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားက **'သတိ ခွာဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ'** သတိသည် အလုံးစုံသောကိစ္စတို့ကို ပြီးစေနိုင်သော တစ်ခုသောသဘော တရားဖြစ်၏'ဟု မိန့်တော်မူ၏။ ထိုသတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်နိုင်ကြောင်းတို့မှာ-

၁-ရှေ့သို့တက်ခြင်း စသည်တို့၌ သတိသမ္ဗဇဉ္ဈာရခြင်း၊

၂-လွတ်သောသတိရှိသူကို ရှောင်ကြဉ်ရခြင်း၊

၃-ထင်သောသတိရှိသူကို မှီဝဲဆည်းကပ်ခြင်း၊

၄-သွားမှု၊ရပ်မှု၊ ပြုမူလှုပ်ရှားမှုစသည်၌ သတိဖြစ်စေခြင်းငှါ မိမိစိတ်ကို ညွှတ်ကိုင်းရခြင်းတို့ ဖြစ်၏။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းများ

ရုပ်သဘော၊ နာမ်သဘောဟူသော သခ်ါရသဘောတရားတို့ကို သိမြင်အောင် စုံစမ်းဆင်ခြင်မှုသဘောသည် **'ဓမ္မဝိစယ'** မည်၏။

ထိုဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းများမှာ-

http://www.dhammadownload.com

၁-ခန္ဓာ၊အာယတန၊ဓာတ်စသည်တို့ကို သင်ယူခြင်း၊မေးမြန်းရခြင်း၊
၂-ကိုယ်တွင်းကိုယ်ပ၌ မိုရာဝတ္ထုတို့ သန့်ရှင်းစင်ကြယ်မှုရှိခြင်း၊
၃-သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို မျှတစေရခြင်း၊
၄-ရုပ်နာမ်မမြင်သိသော ပညာမဲ့သူကို ရှောင်ကြဉ်ရခြင်း၊
၅-ရုပ်နာမ်မြင်သိသော ပညာရှိသူကို မှီဝဲဆည်းကပ်ရခြင်း၊
၆-နက်နဲသောခန္ဓာစသည်၌ နက်နဲသောပညာအပြားကို ဆင်ခြင်ခြင်း၊
၇-သွားမှု၊ရပ်မှုစသည်၌ ဓမ္မဝိစယဖြစ်စေရန် စိတ်ညွှတ်ခြင်းတို့ဖြစ်၏။

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားများ

မဖြစ်သေးသော အကုသိုလ်များမဖြစ်အောင်၊ ကုသိုလ်များဖြစ်လာအောင်၊ ဖြစ်ပြီးသော အကုသိုလ်များကိုပယ်နိုင်အောင်၊ ကုသိုလ်များတိုးပွားအောင် စိတ်၌ ကြောင့်ကြစိုက်မှုသဘောသည် 'ဝီရိယ' မည်၏။ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတို့မှာ-

၁-အပါယ်လေးပါးဒုက္ခတို့ကို ဆင်ခြင်ခြင်း၊
၂-ဝီရိယအကျိုးကို ရှုမြင်ခြင်း၊
၃-ဘုရားစသောသူတော်ကောင်းတို့၏သွားရာလမ်းကိုလိုက်ရန်ဆင်ခြင်ခြင်း၊
၄-တရားကို ပွားများအားထုတ်ခြင်းဖြင့် ပူဇော်ခြင်း၊
၅-သူတော်ကောင်းဥစ္စာအမွေခံအဖြစ်၏မြတ်သည်ကို ဆင်ခြင်ခြင်း၊
၆-ဘုရားရှင်၏ မြင့်မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊
၇-ဘုရားသားတော်၊သမီးတော်အဖြစ်၏ အမျိုးမြတ်သည်ကို ဆင်ခြင်ခြင်း၊
၈-သီတင်းသုံးဖော်တို့၏ မြင့်မြတ်မှုကို ဆင်ခြင်ခြင်း၊
၉-ကုသိုလ်အမှုတို့၌ အားထုတ်ခြင်းကင်း ပျင်းရိသူကို ရှောင်ခြင်း၊
၁၀-ကုသိုလ်အမှုတို့၌ အားထုတ်မှုဝီရိယရှိသူကို မှီဝဲခြင်း၊
၁၁-သွားမှု၊ရပ်မှုစသည်တို့၌ ဝီရိယဖြစ်စေရန် စိတ်ညွှတ်ခြင်းတို့ဖြစ်၏။

ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားများ

၁-ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ၊ ဥပသမာနုဿတိ(၇)ပါးတို့ကို ဆင်ခြင်ခြင်း၊
၂-သဒ္ဓါအစေးကင်း၍ ခြောက်သွေ့ခြင်းရှိသူကို ရှောင်ကြဉ်ခြင်း၊
၃-သဒ္ဓါစွမ်းအား ကြီးမားသူကို မှီဝဲဆည်းကပ်ခြင်း၊
၄-မိမိကြည်ညိုဖွယ်ရာသုတ္တန်တို့ကို ရွတ်အံ့သရဇ္ဈာယ်ဆင်ခြင်ခြင်း၊

http://www.dhammadownload.com

၅-သွားမှု၊ရပ်မှုစသည်၌ ပီတိဖြစ်စေရန် စိတ်ညွှတ်ကိုင်းခြင်းတို့ ဖြစ်၏။

ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားများ

၁-မွန်မြတ်သော ဘောဇဉ်ကို မှီဝဲခြင်း၊
၂-လျောက်ပတ်သော ဥတုကို မှီဝဲခြင်း၊
၃-မိမိသပ္ပါယဖြစ်သော ဣရိယာပုတ်ကို မှီဝဲခြင်း၊
၄-မိမိ၊သူတစ်ပါးနှစ်ဦးသားတို့သည် ကံသာလျှင် ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်ခြင်း၊
၅-သူတစ်ပါးအား ညှင်းဆဲသဖြင့် ပူပန်သောကိုယ်ရှိသူကို ရှောင်ကြဉ်ခြင်း၊
၆-သူတစ်ပါး မညှင်းဆဲ၍ ငြိမ်းချမ်းသောကိုယ်ရှိသူကို မှီဝဲဆည်းကပ်ခြင်း၊
၇-သွားမှု၊ရပ်မှုစသည်၌ ပဿဒ္ဓိဖြစ်စေရန် စိတ်ညွှတ်ကိုင်းခြင်းတို့ ဖြစ်၏။

သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားများ

၁-အတွင်း,အပဝတ္ထုတို့ စင်ကြယ်စေခြင်း၊
၂-သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို မျှတစေခြင်း၊
၃-သမာဓိ၏အာရုံနိမိတ်တို့ကို ယူခြင်း၌ သိနားလည်ခြင်း၊
၄-စိတ်တွန့်ဆုတ်သောအခါ ဓမ္မဝိစယ၊ဝီရိယ၊ပီတိတို့ဖြင့် စိတ်ကိုပွားစေခြင်း၊
၅-စိတ်ပျံ့လွင့်သောအခါ ပဿဒ္ဓိ၊သမာဓိ၊ဥပေက္ခာတို့ကို ပွားစေခြင်း၊
၆-စိတ်မသက်သာရာအခါ သံဝေဂဝတ္ထုတို့ကို ဆင်ခြင်မှု၊ ရတနာသုံးပါး၏ဂုဏ်ကို အောက်မေ့မှုတို့ဖြင့် စိတ်ကို ရွှင်လန်းစေခြင်း၊
၇-အာရုံ၌ မျှတသောအခါ မြှောက်ခြင်း၊နှိမ်ခြင်း၊ရွှင်စေခြင်းတို့၌ ကြောင့်ကြမှုမပြုမူ၍ လျစ်လျူရှုခြင်း၊
၈-ပျံ့လွင့်သူကို ရှောင်ကြဉ်၍ တည်ငြိမ်မှုရှိသူကို မှီဝဲခြင်း၊
၉-ဈာန်သဘော၊ လွတ်မြှောက်မှုသဘောတို့ကို ဆင်ခြင်ခြင်း၊
၁၀၊ရပ်မှု၊သွားမှုစသည်၌ သမာဓိဖြစ်စေရန် စိတ်ညွှတ်ခြင်းတို့ ဖြစ်၏။

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားများ

၁-မိမိ၊သူတစ်ပါးတို့သည် ကံသာလျှင်ဥစ္စာရှိသည်၏အဖြစ်ကို ဆင်ခြင်၍ လည်းကောင်း၊ ပရမတ်အားဖြင့် ပုဂ္ဂိုလ်၊သတ္တဝါ၊သူ၊ငါမရှိ၊ 'သင်သည် မည်သူကို ချစ်ခင်မြတ်နိုးအပ်သနည်း'ဟု မိမိ၏ သတ္တဝါမဟုတ်သော **'နိသတ္တ'** သဘောကို

http://www.dhammadownload.com

ဆင်ခြင်၍လည်းကောင်း၊ သတ္တဝါပညတ်ကို လျစ်လျူရှုရခြင်း၊

၂-သင်္ကန်း၊အဝတ်စသည်တို့သည် သင်္ခါရသဘောဖြင့် အဆင်းဖောက်ပြန်၍ ဆိုးရွားဟောင်းနွမ်းစုတ်ပြဲခြင်းသို့ ရောက်လတ္တံ့၊ ဤသင်္ကန်းစသည်ကို အစိုးရဘိမှုကား ဤသို့ မဖြစ်တန်ရာဟု ပိုင်ရှင်မရှိသော **'အသုဘိက'** သဘောကို ဆင်ခြင်၍လည်းကောင်း၊ ဤသင်္ကန်းစသည်တို့သည် အရှည်မခံ၊ အခိုက်အတန့်မျှသာတည်းဟု **'တာဝကာလိက'** အဖြစ်ကို ဆင်ခြင်၍လည်းကောင်း လျစ်လျူရှုရခြင်း၊

၃-သားသမီးစသော သတ္တဝါ၊ ဥစ္စာပစ္စည်းစသော သင်္ခါရတရားတို့ကို ချစ်ခင်မြတ်နိုးမှုအားကြီးသူကို ရှောင်ကြဉ်ခြင်း၊

၄-သတ္တဝါသင်္ခါရတို့ကို လျစ်လျူရှုတတ်သူကိုသာ မှီဝဲဆည်းကပ်ခြင်း၊

၅-သွားမှု၊ရပ်မှုစသည်၌ ဥပေက္ခာဖြစ်ရန် စိတ်ညွှတ်ကိုင်းခြင်းတို့ ဖြစ်၏။

ဗောဇ္ဈင်(၇)ပါး သဘောတရားမျှဟုရှု

ဓမ္မာနုပဿနာယောဂီသည် မိမိသန္တာန်၌ သတိသမ္ဗောဇ္ဈင်ရှိလျှင် 'ငါ့၌ သတိသမ္ဗောဇ္ဈင်ရှိသည်'၊ မရှိလျှင်လည်း ငါ့၌ 'သတိသမ္ဗောဇ္ဈင်မရှိ'ဟု သိမှတ်ရ၏။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်၏ပြည့်စုံခြင်းအကြောင်းကို သိမှတ်ရ၏။ ထို့နည်းတူ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကိုလည်း သိမှတ်ရပေ၏။

မိမိ၏သန္တာန်၌ သိမှတ်သကဲ့သို့ သူတစ်ပါးတို့သန္တာန်၌လည်း မိမိသန္တာန်မှာကဲ့သို့ သိမှတ်ရပေ၏။ ထိုသဘောတရားတို့၏ ဖြစ်ကြောင်း၊ ပျက်ကြောင်းနှင့် ဖြစ်ခြင်း၊ပျက်ခြင်းသဘောတို့ကို အဖန်ဖန် သိမှတ်ရ၏။ ထို'သဘောတရားတို့ သာရှိ၏' သဘောတရားတို့မှတစ်ပါး တခြားဘာမျှမရှိဟု သတိရှေးရှုထင်စေလျက် သတိပဋ္ဌာန်အသိဉာဏ် အဆင့်ဆင့် တိုးပွားစေရ၏။

သတိပဋ္ဌာန်ယောဂီသည် ဗောဇ္ဈင်(၇)ပါးဟူသော သဘောတရားတို့၌ တဏှာဒိဋ္ဌိတို့ဖြင့် မမှီမှီ၍လည်းနေသည် မည်၏။ စွဲလန်းမှုဥပါဒါန်၏ အာရုံလောကာ၌ တစ်စုံတစ်ခုကိုမျှ ငါ၊ငါ့ဟာဟူ၍ စွဲလန်းခြင်းလည်း မရှိနိုင်တော့ပြီ။ ဤသို့ သမ္ဗောဇ္ဈင်တရား(၇)ပါးတို့၌ သဘောတရားတို့မျှဟု အဖန်ဖန်ရှုမြင်လျက် နေရပေ၏။

သမ္ဗောဇ္ဈင်(၇)ပါးကို ရှုမြင်ပုံ၏။

♦♦♦♦♦

http://www.dhammadownload.com

၄–ဓမ္မာနုပဿနာ၊ ၅–သစ္စပဗ္ဗ

၅–သစ္စာ(၄)ပါးကို ရှုမြင်ပုံ

ပုန စပရံ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ စတူသု အရိယသစ္စေသု။ ကထဉ္စ ပန၊ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ စတူသု အရိယသစ္စေသု?။

ဣဓ ဘိက္ခဝေ၊ ဘိက္ခု 'အယံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခသမုဒယော'တိ ယထာဘူတံ ပဇာနာတိ၊ 'အယံ ဒုက္ခနိရောဓော'တိ ယထာဘူတံ ပဇာနာတိ၊'အယံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ'တိ ယထာဘူတံ ပဇာနာတိ။

ရဟန်းတို့၊ တစ်ဖန်လည်း ယောဂီပုဂ္ဂိုလ်သည် အရိယသစ္စာလေးပါး သဘောတရားတို့၌ 'သဘောတရားမျှ'ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ယောဂီပုဂ္ဂိုလ်သည် အရိယသစ္စာလေးပါး သဘောတရားတို့၌ 'သဘောတရားမျှ'ဟု အဖန်ဖန်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း?။

ရဟန်းတို့၊ ဤသာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် 'ဤကား ဒုက္ခတည်း' ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ 'ဤကား ဒုက္ခဖြစ်ကြောင်းတည်း'ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ 'ဤကား ဒုက္ခချုပ်ရာတည်း'ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။ 'ဤကား ဒုက္ခချုပ်ကြောင်းအကျင့်တည်း'ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

ဒုက္ခသစ္စနိဒ္ဒေသ

ကတမဉ္စ ဘိက္ခဝေ၊ ဒုက္ခံ အရိယသစ္စံ? ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ မရဏမ္ပိ ဒုက္ခံ၊ သောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ သမ္ပယောဂေါပि ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါပိ ဒုက္ခော၊ ယံပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။(၀)။

ရဟန်းတို့၊ ဒုက္ခဖြစ်သောအရိယသစ္စာဟူသည် အဘယ်နည်း?။ ပဋိသန္ဓေ နေရခြင်းသည် ဒုက္ခမည်၏။ အိုရခြင်းသည် ဒုက္ခမည်၏။ သေရခြင်းသည် ဒုက္ခမည်၏။ စိုးရိမ်ရခြင်း၊ပူဆွေးငိုကြွေးရခြင်း၊ကိုယ်ဆင်းရဲ့စိတ်ဆင်းရဲ့ရခြင်း၊ ပြင်းစွာပူပန်ရခြင်းတို့သည် ဒုက္ခမည်၏။ မချစ်မနှစ်သက်သောအာရုံတို့နှင့်ပေါင်းဆုံရခြင်းသည် ဒုက္ခမည်၏။ ချစ်နှစ်သက်အပ်သောအာရုံ၀တ္ထုတို့နှင့် ကွဲကွာရခြင်းသည် ဒုက္ခမည်၏။ အကြင်လိုအပ်သောအာရုံ၀တ္ထုအစုစုကို မရခြင်းသည် ဒုက္ခမည်၏။ အကျဉ်းအားဖြင့်

http://www.dhammadownload.com

ဥပါဒါန်တို့၏အာရုံဖြစ်သောခန္ဓာငါးပါးတို့သည် ဒုက္ခမည်၏။

သမုဒယသစ္စာနိဒ္ဒေသ

ကတမဉ္စ ဘိက္ခဝေ၊ ဒုက္ခသမုဒယံ အရိယသစ္စံ? ယာယं တဏှာ ပေါနောဘဝိကာ နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ။ သေယျထိဒံ-ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

ရဟန်းတို့၊ ဒုက္ခဖြစ်ကြောင်းအရိယသစ္စာဟူသည် အဘယ်နည်း?။ အကြင် တဏှာလောဘသည် တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်၏။ နှစ်သက်ခြင်း၊ တပ်မက်ခြင်းနှင့်တကွ ဖြစ်၏။ ထိုထိုအာရုံ၊ထိုထိုကိုယ်၏အဖြစ်၌ အလွန်နှစ်သက်ခြင်းရှိ၏။ ထိုတဏှာကား အဘယ်နည်း?။ ကာမဂုဏ်အာရုံ၌ တပ်မက်တတ်သော တဏှာ၊ သဿတဒိဋ္ဌိနှင့်ယှဉ်သော တဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော တဏှာတည်း။

သာ ခေါ ပနေသာ ဘိက္ခဝေ တဏှာ ကတ္ထ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ကတ္ထ နိဝိသမာနာ နိဝိသတိ? ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။

ရဟန်းတို့၊ တဏှာဖြစ်သည်ရှိသော် အဘယ်၌ဖြစ်သနည်း?။ တည်သည်ရှိသော် အဘယ်၌တည်သနည်း?။ လောက၌ အကြင်ချစ်ခင်ဖွယ်၊သာယာဖွယ်သဘောရှိသောအာရုံသည် ရှိ၏။ ထိုတဏှာဖြစ်သည်ရှိသော် ဤချစ်အပ်၊သာယာအပ်သောသဘော၌ ဖြစ်၏။ တည်သည်ရှိသော် ဤသဘော၌ တည်၏။

ကိဉ္စ လောကေ ပိယရူပံ သာတရူပံ? စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။ သောတံ လောကေ။ ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ။ ရူပါ လောကေ။(သဒ္ဒါ၊ ဂန္ဓာ၊ရသာ၊ဖောဋ္ဌဗ္ဗာ၊)ဓမ္မာ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။စက္ခုဝိညာဏံ လောကေ။ (သောတ၊ ဃာန၊ဇိဝှါ၊ကာယ၊)မနောဝိညာဏံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဧတ္ထ နိဝိသမာနာ နိဝိသတိ။(ပ)။ ဣဒံ ဝုစ္စတိ၊ ဘိက္ခဝေ၊ ဒုက္ခသမုဒယံ အရိယသစ္စံ။

လောက၌ ချစ်အပ်၊သာယာအပ်သောသဘောသည် အဘယ်နည်း?။ လောက၌ မျက်စိသည် ချစ်အပ်၊သာယာအပ်သောသဘော ဖြစ်၏။ ထိုတဏှာ ဖြစ်သည်ရှိသော် ဤမျက်စိသဘော၌ ဖြစ်၏။ တည်သည်ရှိသော် ဤမျက်စိ

http://www.dhammadownload.com

သဘောခ္ခ် တည်၏။ လောကခ္ခ် နားသည်၊ နှာခေါင်းသည်၊ လျှာသည်၊ ကိုယ်သည်၊ စိတ်သည်၊ အဆင်းသည်၊အသံသည်၊ အနံ့သည်၊ အရသာသည်၊ အတွေ့သည်၊ သဘောတရားသည်၊ မြင်သိစိတ်သည်၊ ကြားသိစိတ်သည်၊ နံသိစိတ်သည်၊ အရသာသိစိတ်သည်၊ ထိသိစိတ်သည်၊ ကြံသိစိတ်သည် ချစ်အပ်၊သာယာအပ်သောသဘောဖြစ်၏။ (၀)။ ဤတရားသဘောကို ဒုက္ခဖြစ်ကြောင်းအရိယသစ္စာဟု ဆိုအပ်၏။

နိရောဓသစ္စနိဒ္ဒေသ

ကတမဉ္စ၊ ဘိက္ခဝေ၊ ဒုက္ခနိရောဓံ အရိယသစ္စံ? ယော တဿာယေव တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

ရဟန်းတို့၊ ဒုက္ခချုပ်ကြောင်းအရိယသစ္စာဟူသည် အဘယ်နည်း?။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိတပ်ခြင်းကင်းရာချုပ်ရာသည်၊ တဏှာကို စွန့်ရာသည်၊ ဝေးစွာစွန့်ရာသည်၊ တဏှာမှလွတ်မြောက်ရာသည်၊ တဏှာဖြင့်မကပ်ငြိရာသည် နိဗ္ဗာန်တည်း။

သာ ခေါ ပနေသာ၊ ဘိက္ခဝေ၊ တဏှာ ကတ္ထ ပဟီယမာနာ ပဟီယတိ၊ ကတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ? ယံ လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။

ရဟန်းတို့၊ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း?။ ချုပ်သည်ရှိသော် အဘယ်၌ချုပ်သနည်း?။ လောကခ္ခ် အကြင်ချစ်ခင်ဖွယ်၊သာယာဖွယ်သဘောသည် ရှိ၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤချစ်အပ်၊သာယာအပ်သောသဘောခ္ခ် ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤချစ်အပ်၊သာယာအပ်သောသဘောခ္ခ် ချုပ်၏။

ကိဉ္စ လောကေ ပိယရူပံ သာတရူပံ? **စက္ခု လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။** သောတံ လောကေ။ ပ ။ ဃာနံ လောကေ။ ဇိဝှါ လောကေ။ ကာယော လောကေ။ မနော လောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ (၀)။ ရူပါ လောကေ။ (ပ) ဧတ္ထေသာ တဏှာ ပဟီယမာနာ ပဟီယတိ၊ ဧတ္ထ နိရုဇ္ဈမာနာ နိရုဇ္ဈတိ။ ဣဒံ ဝုစ္စတိ၊ ဘိက္ခဝေ၊ ဒုက္ခနိရောဓံ အရိယသစ္စံ။

http://www.dhammadownload.com

မဂ္ဂသစ္စနိဒ္ဒေသော

ကတမဉ္စ၊ ဘိက္ခဝေ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ? အယမေव အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သေယ္ယထိဒံ၊သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

ရဟန်းတို့၊ ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအရိယသစ္စာဟူသည် အဘယ်နည်း?။ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့်ပင်တည်း။ ထိုမဂ်အကျင့်ကား အဘယ်နည်း?။ အမှန်သိမြင်ခြင်း၊အမှန်တွေးကြံခြင်း၊အမှန်ပြောဆိုခြင်း၊ အမှန်ပြုလုပ်ခြင်း၊ အမှန်အသက်မွေးခြင်း၊ အမှန်အားထုတ်ခြင်း၊ အမှန်အောက်မေ့ခြင်း၊ အမှန်တည်ကြည်ခြင်းတည်း။

ကတမာစ ဘိက္ခဝေ၊ သမ္မာဒိဋ္ဌိ? ယံ ခေါ ဘိက္ခဝေ၊ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေ ဉာဏံ၊ ဒုက္ခနိရောဓေ ဉာဏံ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာဒိဋ္ဌိ။

ရဟန်းတို့၊ အမှန်သိမြင်ခြင်းဟူသည် အဘယ်နည်း?။ ဆင်းရဲ၌ သိမြင်ခြင်း၊ ဆင်းရဲဖြစ်ကြောင်း၌ သိမြင်ခြင်း၊ ဆင်းရဲချုပ်ရာ၌ သိမြင်ခြင်း၊ ဆင်းရဲချုပ်ရာရောက်ကြောင်းအကျင့်၌ သိမြင်ခြင်းတည်း။

ကတမောစ ဘိက္ခဝေ၊ သမ္မာသင်္ကပ္ပေါ? နေက္ခမ္မသင်္ကပ္ပေါ အဗျာပါဒ သင်္ကပ္ပေါ အဝိဟိ သာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာသင်္ကပ္ပေါ။

ရဟန်းတို့၊ အမှန်တွေးကြံခြင်းဟူသည် အဘယ်နည်း?။ ကာမအာရုံလွတ်ကင်းသောကြံစည်ခြင်း၊ ဖျက်ဆီးခြင်းမှလွတ်ကင်းသောကြံစည်ခြင်း၊ ညှင်းဆဲခြင်းမှလွတ်ကင်းသောကြံစည်ခြင်းတည်း။

ကတမာ စ၊ ဘိက္ခဝေ၊ သမ္မာဝါစာ? မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာယ ဝါစာယ ဝေရမဏီ၊ ဖရုသာယ ဝါစာယ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာဝါစာ။

ရဟန်းတို့၊ အမှန်ပြောဆိုခြင်းဟူသည် အဘယ်နည်း?။ မဟုတ်မမှန်ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း၊ ကုန်းစကားမှ ရှောင်ကြဉ်ခြင်း၊ ရန့်ရင်းစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြိန်ဖျင်းစကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။

ကတမောစ ဘိက္ခဝေ သမ္မာကမ္မန္တော? ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။ အယံ ဝုစ္စတိ ဘိက္ခဝေ၊ သမ္မာကမ္မန္တော။

ရဟန်းတို့၊ အမှန်ပြုလုပ်ခြင်းဟူသည် အဘယ်နည်း?။ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မပေးသည်ကိုယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်း။

ကတမောစ ဘိက္ခဝေ၊ သမ္မာအာဇီဝေါ? ဣဓ ဘိက္ခဝေ၊ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာအာဇီဝေါ။

ရဟန်းတို့၊ အမှန်အသက်မွေးခြင်းဟူသည် အဘယ်နည်း?။ ရဟန်းတို့၊ ဤသာသနာတော်၌ အရိယာတပည့်သည် မှားယွင်းသောအသက်မွေးမှုကို ပယ်စွန့်၍ မှန်သောအသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့ ဤအသက်မွေးခြင်းကို မှန်သောအသက်မွေးခြင်းဟု ဆိုအပ်၏။

ကတမောစ ဘိက္ခဝေ၊ သမ္မာဝါယာမော? ဣဓ ဘိက္ခဝေ၊ ဘိက္ခု အနုပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဋ္ဌိတိယာ အသမ္မောသာယ ဘိယ္ယောဘာဝါယ ဝေပုလ္လာယ ဘာဝနာယ ပါရိပူရိယာ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ စိတ္တံ ပဂ္ဂဏှာတိ ပဒဟတိ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာဝါယာမော။

ရဟန်းတို့၊ အမှန်အားထုတ်ခြင်းဟူသည် အဘယ်နည်း?။ ဤသာသနာတော်၌ ယောဂီသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ် စေရန်၊ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်သတ်ရန်၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန်၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွားစေရန် ဆန္ဒကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ဤအားထုတ်ခြင်းကို အမှန်အားထုတ်ခြင်းဟု ဆိုအပ်၏။

ကတမာစ ဘိက္ခဝေ၊ သမ္မာသတိ? ဣဓ၊ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယ္ယ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊

http://www.dhammadownload.com

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဧမ္မေသု ဧမ္မာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာသတိ။

ရဟန်းတို့၊ အမှန်အောက်မေ့ခြင်းဟူသည် အဘယ်နည်း?။ ဤသာသနာတော်၌ ယောဂီသည် ပြင်းစွာအားထုတ်ခြင်းရှိ၍၊ သမ္ပဇဉ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍ လောကဌ် တပ်မက်ခြင်း၊နှလုံးမသာယာခြင်းတို့ကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ ဝေဒနာအပေါင်း၌ ဝေဒနာအပေါင်းကို အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ စိတ်၌ စိတ်ကို အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ သဘောတရားကို အဖန်ဖန်ရှုသည်ဖြစ်၍ နေ၏။ ဤသို့ အောက်မေ့မှုကို အမှန်အောက်မေ့မှုဟု ဆိုအပ်၏။

ကတမောစ ဘိက္ခဝေ၊ သမ္မာသမာဓိ? ဣဓ ဘိက္ခဝေ၊ ဘိက္ခု ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ရဟန်းတို့၊ အမှန်တည်ကြည်ခြင်းဟူသည် အဘယ်နည်း?။ ဤသာသနာတော်၌ ယောဂီသည် ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်၍၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍ ကြံစည်မှုနှင့်တကွဖြစ်သော သုံးသပ်မှုနှင့်တကွဖြစ်သော (နီဝရဏ) ကင်းခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ကြံစည်ခြင်း၊သုံးသပ်ခြင်းတို့၏ ငြိမ်းအေးခြင်းကြောင့် အတွင်းသန္တာန်၌ စိတ်ကိုကြည်လင်စေသော တည်ကြည်မှုကိုပွားစေတတ်သော ဝိတက်လည်း မရှိ၊ ဝိစာရလည်းမရှိသော၊ သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော ဒုတိယဈာန်သို့ ရောက်၍ နေ၏။

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ၊ သတော စ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ 'ဥပေက္ခကော သတိမာ သုခဝိဟာရီ' တိ တတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ပီတိ၏လည်း ကင်းခြင်းကြောင့် အညီအမျှရှုလျက်လည်း နေ၏။။ သတိရှိလျက် သမ္ပဇဉ်ရှိလျက် ကိုယ်ဖြင့် သုခကိုလည်း ခံစား၏။ အကြင်ဈာန်ကြောင့် ထိုသူကို 'အမျှရှုသူ၊ သတိရှိသူ၊ ချမ်းသာစွာနေလေ့ရှိသူ'ဟု အရိယာတို့သည်

http://www.dhammadownload.com

ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယစျာန်သို့ ရောက်၍ နေ၏။

သုခသ စ ပဟာနာ ဒုက္ခဿစ ပဟာနာ၊ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ၊ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိ ံ စတုတ္ထံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ အယံ ဝုစ္စတိ၊ ဘိက္ခဝေ၊ သမ္မာသမာဓိ။ ဣဒံ ဝုစ္စတိ၊ ဘိက္ခဝေ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။

ချမ်းသာကိုလည်း ပယ်ခြင်းကြောင့်၊ ဆင်းရဲကိုလည်း ပယ်ခြင်းကြောင့်လည်းကောင်း၊ ရှေးဦးကပင် ဝမ်းသာခြင်း၊နှလုံးမသာယာခြင်းတို့၏ ချုပ်ခြင်းကြောင့်လည်းကောင်း၊ ဆင်းရဲချမ်းသာကင်းသော ဥပေက္ခာကြောင့် သတိစင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်ကိုရောက်၍ နေ၏။ ရဟန်းတို့၊ ဤသမာဓိကို အမှန်တည်ကြည်ခြင်းဟု ဆိုအပ်၏။ ဤတရားသဘောကို ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာဟု ဆိုအပ်၏။

ဣတိ အဗျတ္တံ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ (ပ) ဧဝမ္ပိ ခေါ၊ ဘိက္ခဝေ၊ ဘိက္ခု ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ စတူသု အရိယသစ္စေသု။

သစ္စပဗ္ဗပြီး၏။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ပြီး၏။

သစ္စာ(၄)ပါးရှုမြင်ပုံ

ဆင်းရဲခြင်းအမှန်တရားများ

ဒုက္ခသစ္စာမည်ထိုက်သောတရားတို့မှာ တရားကိုယ်အားဖြင့် လောကီရုပ်နာမ်ဟူသော ခန္ဓာငါးပါးတို့ ဖြစ်၏။ ကိစ္စအားဖြင့်-

၁-**ဇာတိ**-သတ္တဝါတို့၏ ထိုထိုဘဝ၌ ဖောက်ပြန်ခြင်းရှိသော ခန္ဓာငါးပါးတို့၏ ရှေးဦးစွာ ဖြစ်ခြင်းသဘောသည် 'ဇာတိ' မည်၏။

၂-**ဇရာ**-အိုခြင်း၊သွားကျိုးခြင်း၊ဆံဖြူခြင်း၊အရေတွန့်ခြင်း၊မျက်စိသီခြင်း၊နားထိုင်းခြင်း၊ခါးကိုင်းခြင်းစသောသဘောတို့သည် 'ဇရာ' မည်၏။

၃-**မရဏ**-ထိုထိုဘဝမှ စုတေသေလွန်ရခြင်းသည် 'မရဏ' မည်၏။

၄-**သောက**-ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ သတ်ခံရခြင်း၊ နှောင်ဖွဲ့ခံရခြင်းစသည်ကြုံရ၍ စိုးရိမ်ခြင်းသဘောသည် 'သောက' မည်၏။

ပရိဒေဝ-ငိုသား၊ငိုသမီး၊ငိုဇနီး၊ငိုလင်စသည်ဖြင့် ငိုကြွေးပူဆွေးခြင်းသဘောသည် 'ပရိဒေဝ' မည်၏။

http://www.dhammadownload.com

ဒုက္ခ-ကိုယ်ခန္ဓာကိုမှီ၍ ဖြစ်သော ဆင်းရဲဝေဒနာသည် 'ဒုက္ခ' မည်၏။

ဒေါမနဿ-စိတ်ကိုမှီ၍ဖြစ်သော ဆင်းရဲဝေဒနာသည် 'ဒေါမနဿ' မည်၏။

ဥပါယာသ-ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ သတ်ခံရခြင်း၊ နှောင်ဖွဲ့ခံရခြင်းစသည်ကြုံတွေ့ရ၍ ရှိုက်ကြီးတင်ငင် ပြင်းစွာပင်ပန်းခြင်းသည် 'ဥပါယာသ' မည်၏။

၅-**အပ္ပိယသမ္ပယောဂ**-မချစ်မနှစ်သက်သောအာရုံ၊ ပုဂ္ဂိုလ်တို့နှင့် အတူပေါင်းဖက်နေထိုင်ရခြင်းသဘောသည် 'အပ္ပိယသမ္ပယောဂ' မည်၏။

၆-**ပိယ ဝိပ္ပယောဂ**-ချစ်အပ်သောအာရုံ၊ ပုဂ္ဂိုလ်တို့နှင့် ကွေကွင်းခွဲကွာရခြင်းသဘောသည် 'ပိယဝိပ္ပယောဂ' မည်၏။

၇-**ဣစ္ဆိတာလာဘ**- အလိုရှိအပ်သောဝတ္ထုအာရုံကို ဆန္ဒအလိုအတိုင်းမရနိုင်ခြင်းသဘောသည် 'ဣစ္ဆာအပဠိလာဘ' မည်၏။

၈-**ပဉ္စုပါဒါနက္ခန္ဓာ**- တဏှာ၊ဒိဋ္ဌိဖြင့် စွဲလန်းစရာ ခန္ဓာငါးပါးကို ရရှိခြင်း။

အဘယ်ကြောင့်ဒုက္ခမည်သနည်း?

၁-**ပီဠနဋ္ဌော**-သတ္တဝါတို့ကို မပြတ်ကပ်၍ နှိပ်စက်တတ်၏။

၂-**သင်္ခတဋ္ဌော**-အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်တတ်၏။

၃-**သန္တာပဋ္ဌော**-စိတ်နှလုံးကို ပူပန်စေတတ်၏။

၄-**ဝိပရိဏာမဋ္ဌော**-ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏။

ထိုသစ္စာအနက်သဘော(၄)မျိုးကြောင့် ဇာတိစသောသဘောတရားတို့သည် 'ဒုက္ခ-ဆင်းရဲခြင်း' မည်၏။ ဇာတိသည် မိခင်ဝမ်း၌ ကိန်းအောင်းရခြင်း၊ ကံအလိုကျအတိုင်းသာ ဖြစ်ရခြင်း၊ ကိလေသာတို့၏ ပူပန်လောင်မြိုက်မှုကိုခံရခြင်း၊ အိုခြင်း၊ နာခြင်း၊သေခြင်းတို့ဖြင့် မလွဲမသွေ ဖောက်ပြန်ခံရခြင်းတို့ကြောင့် 'ဒုက္ခ' ဖြစ်၏။ ဤနည်းအတိုင်းပင် ဇရာ၊မရဏ၊သောက၊ပရိဒေဝစသောဒုက္ခတရားတို့သည်လည်း ဆင်းရဲမှုအမှန်တရားဖြစ်သောကြောင့် '**ဒုက္ခသစ္စာ**' မည်၏။

ဒုက္ခ(၇)မျိုး

၁-**ဒုက္ခဒုက္ခ**-ကာယိကဒုက္ခ၊စေတသိကဒုက္ခတို့သည် ဝေဒနာသဘောအားဖြင့် ဆင်းရဲသောကြောင့် 'ဒုက္ခ' မည်၏။

၂-**ဝိပရိဏာမဒုက္ခ**-သုခဝေဒနာသည် ဖောက်ပြန်ပျက်စီးတတ်၍ ဒုက္ခဖြစ်ကြောင်းဖြစ်သောကြောင့် 'ဒုက္ခ' မည်၏။

http://www.dhammadownload.com

၃-သခ်ၢိရဒုက္ခ-ဥပေက္ခာဝေဒနာသည်လည်းကောင်း၊ ရုပ်နာမ်သခ်ၢိရတရား တို့သည်လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းဖြင့် နိပ်စက်အပ်သောကြောင့် ဒုက္ခမည်၏။

၄-**အပဋိစ္စနုဒုက္ခ**-ဓားထိုး၊လှံထိုး၊သေနတ်မှန်ခြင်းတို့ကြောင့်ဖြစ်သော ကိုယ်စိတ်၌ဖြစ်သောဆင်းရဲမှုတို့သည် ထင်ရှားသောဆင်းရဲဖြစ်ကြောင့် 'ဒုက္ခ'မည်၏။

၅-**ပဋိစ္စနုဒုက္ခ**-၃၂-ပါးသောကံကြမ္မာတို့ကြောင့်ဖြစ်သော ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ဝမ်းနာ၊လေနာစသည်တို့သည် မထင်ရှားသောဆင်းရဲဖြစ်သောကြောင့် 'ဒုက္ခ' မည်၏။

၆-**ပရိယာယဒုက္ခ**-ဒုက္ခဒုက္ခမှတစ်ပါးသော ဇာတိစသော အလုံးစုံသော ဆင်းရဲတို့သည် ထိုဒုက္ခဒုက္ခ၏အကြောင်းဖြစ်သောကြောင့် 'ဒုက္ခ' မည်၏။

၇-**နိပ္ပရိယာယဒုက္ခ**- ဒုက္ခဒုက္ခသည်ကား ဇာတိစသောဆင်းရဲတို့၏တည်ရာ မူလဆင်းရဲဖြစ်သောကြောင့် 'ဒုက္ခ' မည်၏။

ဆင်းရဲဖြစ်ကြောင်းအမှန်တရားများ

တဏှာ၊လောဘစေတသိက်သည် ဆင်းရဲဒုက္ခအားလုံး၏အကြောင်းရင်း **'သမုဒယအရိယသစ္စာ'**မည်၏။ အဘယ့်ကြောင့် သမုဒယသစ္စာ မည်သနည်း?။ အားထုတ်ခြင်းသဘောကြောင့်လည်းကောင်း၊ သံသရာဝဋ္ဋဒုက္ခ၌ဖြစ်စေတတ်သော သဘောကြောင့်လည်းကောင်း၊ ဝဋ္ဋဒုက္ခ၌ယှဉ်စေတတ်သောသဘောကြောင့်လည်း ကောင်း၊ ကုသိုလ်စသောတရားတို့ကို နှောင့်ယှက်ပိတ်ပင်တတ်သောသဘောကြောင့် လည်းကောင်း ဤသစ္စာအနက်(၄)မျိုးကြောင့် **'သမုဒယသစ္စာ'** မည်၏။

တဏှာ(၃)မျိုး

၁-**ကာမတဏှာ**-အတ္တဒိဋ္ဌနှင့်ယှဉ်သော လိုချင်နှစ်သက်မှု ဖြစ်၏။

၂-**ဘဝတဏှာ** -သဿတဒိဋ္ဌနှင့်ယှဉ်သော လိုချင်နှစ်သက်မှု ဖြစ်၏။

၃-**ဝိဘဝတဏှာ**-ဥစ္ဆေဒဒိဋ္ဌနှင့်ယှဉ်သော လိုချင်နှစ်သက်မှု ဖြစ်၏။

ကာမတဏှာသည် ကာမဂုဏ်အာရုံအမျိုးမျိုးကို လိုချင်တပ်မက်၏။ အာရုံအသစ်ကို တွေ့ကြုံရတိုင်း ဆာလောင်တောင့်တ၏။ အတ္တဒိဋ္ဌအရင်း ခံ၏။

ဘဝတဏှာသည် ရလာသမျှသော အာရုံအသစ်တို့၌ စွဲလန်းတပ်မက်လျက် နှစ်သက်မြတ်နိုး ခင်တွယ်တတ်၏။ သဿတဒိဋ္ဌ အရင်းခံ၏။

ဝိဘဝတဏှာသည် ရလာပြီးသောအာရုံတို့၏ ဖောက်လွဲဖောက်ပြန်မှုကြောင့်

http://www.dhammadownload.com

စွန့်ခွာပစ်ပယ်လိုဖြင့်၊ အာရုံတစ်ပါးကို မျှော်လင့်တောင့်တမှု ဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိ အရင်းခံ၏။

ထိုတဏှာ(၃)မျိုးကို မူလပြု၍ အာရုံ(၆)ပါးဖြင့် မြှောက်ပွားပါက တဏှာ (၃×၆=) ၁၈-ပါး ဖြစ်၏။ တဏှာ(၁၈)ပါးကို အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် ကာလသုံးတန်နှင့် ထပ်ပွားပါက (၁၈×၃=) တဏှာ ၅၄-ပါးဖြစ်၏။ မိန်းမ၊ ယောကျ်ားတစ်ဦးချင်းစီ၏သန္တာန်၌ ဤတဏှာ(၅၄)ပါးစီသာ ဖြစ်၏။ ထို(၅၄)ပါးကို မိမိ၏ အဖျတ္တသန္တာန်၊ သူတစ်ပါးတို့၏ ဗဟိဒ္ဓသန္တာန်ဖြင့် မြှောက်ပွားပါက (၅၄×၂=) တဏှာအစစ်-၁၀၈-ဖြစ်ပေ၏။

လက်စ်။ တဏှာသုံးတန်၊အရင်းခံ၊ အာ,ကာ,သန်နှင့်မြှောက်။
တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏ဒုက္ခရောက်။

ဝိယရှပ်၊သာတရှပ်(၆၀)

တဏှာအစစ်(၁၀၈)မျိုးဖြင့် သတ္တဝါတို့သည် ချစ်အပ်သောသဘော 'ဝိယရှပ်'၊ သာယာအပ်သောသဘော 'သာတရှပ်' တရားတို့မှာ (၆၀) ဖြစ်၏။

၁-စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊မနဟူသော -၆-ပါ:
၂-ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ဖောဋ္ဌဗ္ဗ၊ဓမ္မဟူသော -၆-ပါ:
၃-စက္ခုဝိညာဏ်စသော သိစိတ်ဝိညာဏ် -၆-ပါ:
၄-စက္ခုသမ္ဖဿစသော ထိတွေ့မှုဖဿ -၆-ပါ:
၅-စက္ခုသမ္ဖဿဝေဒနာစသော ခံစားမှုဝေဒနာ -၆-ပါ:
၆-ရူပသညာစသော မှတ်သားမှုသညာ -၆-ပါ:
၇-ရူပသဉ္စေတနာစသော စေ့ဆော်မှုစေတနာ-၆-ပါ:
၈-ရူပတဏှာ၊သဒ္ဒတဏှာစသော တပ်မက်မှုတဏှာ -၆-ပါ:
၉-ရူပဝိတက်၊သဒ္ဒဝိတက်စသော ကြံစည်မှု ဝိတက် -၆-ပါ:
၁၀-ရူပဝိစာရ၊သဒ္ဒဝိစာရစသော သုံးသပ်မှုဝိစာရ-၆-ပါ:ဖြစ်၏။
ထို(၆၀)တို့၌ တဏှာသည် သာယာတပ်မက်၏။ စွဲမက်ဖြစ်တည်၏။

ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား

ဒုက္ခချုပ်ငြိမ်းမှုသဘောတရား နိဗ္ဗာန်သည် **'ဒုက္ခနိရောဓအရိယသစ္စာ'** မည်၏။ အဘယ့်ကြောင့် နိရောဓသစ္စာမည်သနည်း။ ဝဋ်ဒုက္ခမှ ထွက်မြောက်ရာဖြစ်သောကြောင့်လည်းကောင်း၊ ကိလေသာတို့မှ ကင်းဆိတ်သောသဘောကြောင့်လည်း

http://www.dhammadownload.com

ကောင်း၊ မပြုပြင်အပ်သောသဘောကြောင့်လည်းကောင်း၊ သေခြင်းကင်းသောသဘောကြောင့်လည်းကောင်း ဤသစ္စာအနက်(၄)မျိုးကြောင့် နိရောဓသစ္စာ မည်၏။

စင်စစ်ဒုက္ခသည် သမုဒယသစ္စာဟူသော တဏှာကြောင့်သာ ဖြစ်ရ၏။ ထို့ကြောင့် အကျိုးတရားဖြစ်သော ဒုက္ခ၏ချုပ်ငြိမ်းမှုသဘောသည် အကြောင်းတဏှာ၏ချုပ်မှုအပေါ်၌ တည်၏။ ထို့ကြောင့် ဒုက္ခနိရောဓသစ္စာကို ဟောတော်မူရာ၌ **'တဿေव တဏှာယ အသေသ ဝိရာဂနိရောဓော'** ဟု မူလအကြောင်းရင်းဖြစ်သော တဏှာကိုသာ ခေါင်းတပ်၍ ဟောတော်မူ၏။ တဏှာသည်သာ ဒုက္ခနိဒါန်း ဖြစ်၏။ တဏှာရှိသော်သာ ဒုက္ခရှိ၏။ တဏှာချုပ်သော်သာ ဒုက္ခချုပ်၏။ တဏှာနည်းသော် ဒုက္ခလည်း နည်းရ၏။ တဏှာပွားများလေသော် ဒုက္ခအနန္တ ဖြစ်ရပေ၏။

'ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ၊ ဆိန္နော ရုက္ခော ပုနဒေဝ ရူဟတိ'

သစ်ပင်၌ အမြစ်အရင်းကို မခုတ်ဖြတ်သော် 'ထိုသစ်ပင်သည် တစ်ဖန်ပြန်၍ အညွှန့်အညောက်တို့ စည်ပင်ပေါက်ရောက် သကဲ့သို့ ဖြစ်၏။

'ဧဝမ္ပိ တဏှာနုသယေ အနုဟတေ၊ နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနံ'

ထို့အတူ အမြစ်အရင်းဖြစ်သော အနုသယတဏှာလောဘကို မပယ်သတ်အပ်သည်ရှိသော် ဤဒုက္ခသည်လည်း ထပ်ဖန်တလဲလဲ ဖြစ်ရပြန်လေ၏။

တဏှာ ကိန်းရာ၊ငြိမ်းရာဌာန

တဏှာလောဘသည် ဖြစ်တည်ကိန်းသည်ရှိသော် ပိယရုပ်၊သာတရုပ်(၆၀)တို့၌ သာယာစွဲမက်လျက်သာ ဖြစ်၏။ ထိုတဏှာချုပ်ငြိမ်းသည်ရှိသော်လည်း ထိုပိယရုပ်၊သာတရုပ်(၆၀)တို့၌ပင် စွဲမက်သာယာမှုကင်းပြတ်လျက် ချုပ်ပျောက်ငြိမ်း၏။ ထို့ကြောင့် တဏှာ၏ ကိန်းရာ၊ချုပ်ချုပ်ရာသည် ပိယရုပ်၊သာတရုပ်တို့ ဖြစ်၏။

ဆင်းရဲချုပ်ငြိမ်းကြောင်းအကျင့်အမှန်တရား

အင်္ဂါ(၈)ပါးရှိသော အရိယမဂ်သည် ဆင်းရဲဖြစ်ကြောင်းတဏှာကို ပယ်သတ်ရန် အကျင့်မှန်ဖြစ်သောကြောင့် 'မဂ္ဂအရိယသစ္စာ' မည်၏။အဘယ့်ကြောင့် မဂ္ဂသစ္စာမည်သနည်း?။ ဝင့်မှထွက်မြောက်ကြောင်းဖြစ်သောကြောင့် လည်းကောင်း၊ အကြောင်းဖြစ်သောသဘောကြောင့်လည်းကောင်း၊ နိဗ္ဗာန်ကိုမြင် သောသဘောကြောင့်လည်းကောင်း၊ အကြီးအကဲဖြစ်မှု သဘောကြောင့်လည်းကောင်း၊ မဂ္ဂသစ္စာမည်၏။ ထိုမဂ္ဂသစ္စာ၌ သီလ၊သမာဓိ၊ပညာအားဖြင့် ကျင့်စဉ်သုံးမျိုး ဖြစ်၏။

http://www.dhammadownload.com

၁-သီလကျင့်စဉ်သည် လောဘ၊ဒေါသ၊မောဟတရားတို့ဖြင့် ကာယက်ဒုစရိုက်၊ ဝစီက်ဒုစရိုက်ဟူသော မကောင်းမှုတို့မှ စောင့်ရှောက်၍ ဝိတိက္ကမကိလေသာ(အကြွမ်းစား)တို့ကို ပယ်သတ်၏။

၂-သမာဓိကျင့်စဉ်သည် အလောဘ၊အဒေါသ၊အမောဟဟူသော ကောင်းမှုတို့၌တည်စေမှုပြုလျက် ပရိယုဋ္ဌာနကိလေသာ(အချောစား)တို့ကို ပယ်သတ်၏။

၃-ပညာကျင့်စဉ်သည် အရိယသစ္စာ(၄)ပါးကို ထိုးထွင်း သိမြင်စေလျက် လောဘ၊ဒေါသ၊မောဟဟူသော အနုသယကိလေသာ(အနုစား)တို့ကို ပယ်သတ်၏။

ထိုတွင် သီလကျင့်စဉ်ဖြင့် မကောင်းမှုတို့မှ စောင့်ရှောက်မှုပြု၍ ကောင်းမှုသို့ ရောက်ရှိစေ၏။ သမာဓိကျင့်စဉ်ဖြင့် 'ကာယ၊ဝေဒနာ၊စိတ်၊ဓမ္မ'ဟူသော ရုပ်နာမ်သဘောတရားတို့ကို မမြင်၊မြင်အောင် ကြည့်စေ၏။ ပညာကျင့်စဉ်ဖြင့် ရုပ်နာမ်သဘောတရားတို့၏ မမြဲမှု၊ဆင်းရဲမှု၊အစိုးမရမှုသဘောတို့ကို သစ္စာလေးတန် အမြင်မှန်သို့ သိမြင်ဆိုက်ရောက်နိုင်အောင်ပွားမှု ပြုလေ၏။

ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့

သံသရာဝဋ္ဋဆင်းရဲအပေါင်း၏ တည်ရာဖြစ်သော လောကီစိတ်(၈၁)၊ စေတသိက်(၅၂)၊ ရုပ်(၂၈)ဟူသော ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့၏ ဖြစ်တည်လည်ပတ်ရာဖြစ်သောကြောင့် **'ဤဘက်ကမ်း'** ဖြစ်၏။

သံသရာဝဋ္ဋဆင်းရဲအပေါင်းမှလွတ်မြောက်ရာ လောကုတ္တရာမဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့သည် ဒုက္ခသစ္စာ၊သမုဒယသစ္စာတို့၏ ချုပ်ပျောက်ငြိမ်းရာဖြစ်သောကြောင့် **'ဟိုဘက်ကမ်း'** ဖြစ်၏။

ဥပါဒေါ ဒုက္ခံ-အရ ဤဘက်ကမ်းသည် ရုပ်နာမ်၊ခန္ဓာဒုက္ခတို့၏ ဖြစ်ပျက်ရာနယ်မြေ ဖြစ်၏။ **အနုပါဒေါ နိဗ္ဗာနံ**-အရ ဟိုဘက်ကမ်းသည် ရုပ်နာမ်ခန္ဓာဒုက္ခတို့၏ အဖြစ်အပျက်ချုပ်ငြိမ်း၍ လွတ်မြောက်ရာနယ်မြေ ဖြစ်ပေ၏။

ရုပ်နာမ်၊ခန္ဓာဒုက္ခတို့၏ ဖြစ်ပျက်ရာ ဤဘက်ကမ်းမှ ရုပ်နာမ်၊ခန္ဓာဒုက္ခတို့မှ လွတ်မြောက်ရာ ဟိုဘက်ကမ်းသို့ ကူးခတ်နိုင်ဖို့မှာ ဖောင်သည် မလွဲမသွေ လိုအပ်၏။ ထိုဖောင်သည် မဂ္ဂင်(၈)ပါး အကျင့်တရားပင် ဖြစ်၏။ နိဗ္ဗာန်ဟူသော ဟိုဘက်ကမ်းသို့ သွားရောက်လိုသူသည် ဤမဂ္ဂင်ဖောင်ကြီးကို မလွဲမသွေ တက်စီးဖို့ လိုပေ၏။

သစ္စာလေးပါးရှုမြင်ပုံပြီး၏၊
ဓမ္မာနုပဿနာသတိပဋ္ဌာန်ပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

သတိပဋ္ဌာန်တန်ဖိုး

ယောဟိ ကောစိ ဘိက္ခဝေ၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ၊ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ။

ရဟန်းတို့၊ တစ်စုံတစ်ယောက်သောသူသည် ဤသတိပဋ္ဌာန်လေးပါးတို့ကို (၇)နှစ်တို့ပတ်လုံး ယခုဟောသည့်အတိုင်း ပွားဘြားအုံ့။ ယခုမျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်၏။ ဥပါဒါန်အကြွင်းရှိသေးလျှင်ကား အနာဂါမိဖိုလ်ကို ရနိုင်၏။ ဤအကျိုး(၂)မျိုးတွင် တစ်မျိုးမျိုးကို ဧကန်ရလိမ့်မည်ဟု မျှော်လင့်အပ်၏။

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ ဝဿာနိ။ ယော ဟိ ကောစိ ဘိက္ခဝေ၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ ဆ ဝဿာနိ။ ပ ။ ပဉ္စ ဝဿာနိ။ စတ္တာရိ ဝဿာနိ။ တီဏိ ဝဿာနိ။ ဒွေဝဿာနိ။ ဧကံ ဝဿံ။ သတ္တ မာသာနိ၊ တဿ ဒွိန္နံ ဖလာနံ အညတရံဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ၊ သတိဝါ ဥပါဒိသေသေအနာဂါမိတာ။

ရဟန်းတို့၊ (၇)နှစ်ကိုထားပါဦး၊ (၆)နှစ်၊(၅)နှစ်၊(၄)နှစ်၊(၃)နှစ်၊(၂)နှစ်၊(၁)နှစ်၊(၇)လတို့ပတ်လုံး ယခုဟောသည့်အတိုင်း ပွားဘြားအုံ့။ ယခုမျက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်၏။ ဥပါဒါန်အကြွင်းရှိသေးလျှင်ကား အနာဂါမိဖိုလ်ကို ရနိုင်၏။ ဤအကျိုး(၂)မျိုးတွင် တစ်မျိုးမျိုးကို ဧကန်ရလိမ့်မည်ဟု မျှော်လင့်ရှိအပ်၏။

---

(၇)ရက်မှ (၇)နှစ်အားထုတ်ခြင်း

ဤသို့ (၇)နှစ်မှစ၍ (၇)ရက်အထိ အားထုတ်မှု၏အကျိုးကို ခွဲခြားပြဆိုခြင်းသည် ပါရမီဉာဏ်အလတ်အားရှိသူတို့ကို ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်၏။

ပါရမီဉာဏ်ထက်မြက်သူဖြစ်ပါမူကား နံနက်အခါ သင်ကြားဟောပြောပေးသည်ကို နာယူ၍ အားထုတ်လျှင် ညနေ၌ တရားရနိုင်၏။ ညနေအခါ သင်ကြားဟောပြောပေးသည်ကို နာယူအားထုတ်လျှင် နံနက်ဘက်တွင် တရားရနိုင်သည်ဟု အဋ္ဌကထာ၌ ဆိုအ၏။

ထိုစကားကိုထောက်ဆလျှင် (၇)နှစ်နှင့် အားထုတ်၍ မရနိုင်သော ပါရမီဉာဏ် နုံ့သူတို့ကား ထို့ထက်အလွန် အားထုတ်သော် တရားရနိုင်မည် ဖြစ်၏။

http://www.dhammadownload.com

တိဋ္ဌန္တု ဘိက္ခဝေ သတ္တ ဝဿာနိ။ ယော ဟိ ကောစိ ဘိက္ခဝေ၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယ္ယ၊ ဆ မာသာနိ။ ပ ။ ပဉ္စ မာသာနိ။ စတ္တာရိ မာသာနိ။ တီဏိ မာသာနိ။ ဒွေ မာသာနိ။ ဧကံ မာသံ။ အဓမာသံ။

တိဋ္ဌတု၊ ဘိက္ခဝေ၊ အဓမာသော။ ယော ဟိ ကောစိ၊ ဘိက္ခဝေ၊ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယ္ယ 'သတ္တာဟံ' တသ ဒ္ဝိန္နံ ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိဝါ ဥပါဒိသေသေ အနာဂါမိတာ''တိ။

ရဟန်းတို့၊(၇)လကိုထားပါဦး၊ (၆)လ၊(၅)လ၊(၄)လ၊(၃)လ၊(၂)လ၊(၁)လ၊ လဝက်၊ (၇)ရက်ပတ်လုံး ယခုဟောသည့်အတိုင်း ပွားကြားအုံ့။ ယခုမျက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ရနိုင်၏။ ဥပါဒါန်အကြွင်းရှိသေးလျှင်ကား အနာဂါမိဖိုလ်ကို ရနိုင်၏။ ဤအကျိုး(၂)မျိုးတွင် တစ်မျိုးမျိုးကို ဧကန်ရလိမ့်မည်ဟု မျှော်လင့်အပ်၏။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ'တိ။ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တ''န္တိ။ ဣဒမဝေါစ ဘဂဝါ။ အတ္တမနာ တေ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

မဟာသတိပဋ္ဌာနသုတ်ပြီး၏။

မြတ်စွာဘုရားက ရဟန်းတို့၊ သတ္တဝါတို့၏သန္တာန်၌ ကိလေသာအညစ်အကြေးမှ စင်ကြယ်စေခြင်းငှါ၊ သောကပရိဒေဝတို့ကို လွန်မြောက်ခြင်းငှါ၊ ဒုက္ခ၊ ဒေါမနဿတို့၏ ချုပ်ငြိမ်းခြင်းငှါ၊ အရဟတ္တဖိုလ်ကို ရခြင်းငှါ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ တစ်ကြောင်းတည်းသောခရီးလမ်း ဖြစ်ပေသည်'ဟု ဘုရားဟောခဲ့ခြင်းမှာ ဤသတိပဋ္ဌာန်တရား(၄)ပါးကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်'ဟု မိန့်တော်မူ၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို လွန်စွာနှစ်သက်ဝမ်းမြောက်ကြကုန်၏။ သတိပဋ္ဌာန်ဒေသနာတော်အဆုံး၌ သုံးသောင်းသော ရဟန်းတော်တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကြကုန်၏။(အဋ္ဌကထာ)

မဟာသတိပဋ္ဌာန်ရှုမှတ်ပွားများပုံပြီး၏။

♦♦♦♦♦

http://www.dhammadownload.com

မဇ္ဈိမပဋိပဒါကျင့်စဉ်

မဇ္ဈိမ-ဟူသည် 'အလယ်ဗဟို'ဟု အဓိပ္ပါယ်ရ၏။ အလယ်ဗဟိုဟူသည်မှာ ဘေးနှစ်ဘက်သို့ မကပ်ရောက်မှု ဖြစ်၏။ ဘေးနှစ်ဖက်သို့မကပ်ဘဲ အလယ်ဗဟိုဌ် ရပ်တည်လျှောက်လှမ်းလျက် ကျင့်သုံးအားထုတ်မှုအလုပ်ကိုပင် **'မဇ္ဈိမပဋိပဒါ'**ဟု ခေါ်ဆိုခြင်း ဖြစ်၏။ ထိုတွင်-

၁။ အလယ်ဗဟိုတည့်တည့်အကျင့်၊

၂။ လက်ယာဘက်အစွန်းတစ်ဖက်ရောက်အကျင့်၊

၃။ လက်ဝဲဘက်အစွန်းတစ်ဖက်ရောက်အကျင့်ဟူ၍-

အင်္ဂါ(၃)ရပ်၊ အကျင့်(၃)မျိုး ပါရှိ၏။ အလယ်ဗဟိုအကျင့်သည် **'မဇ္ဈိမပဋိပဒါ'** မည်၏။ အစွန်းထွက်အကျင့်(၂)မျိုးသည် **'အန္တပဋိပဒါ'** မည်၏။

လောကဌ် ရှိရှိသမျှအကျင့်အားလုံးကို အကောင်းနှင့် အဆိုး၊အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်၊ဝေဖန်စိစစ်ကြည့်လေသော် အစွန်းရောက်အကျင့်နှင့် အလယ်အလတ် အကျင့်ဟူသော ဤအကျင့်(၂)မျိုးဌ်ပင် အကျုံးဝင်၏။

ဤအကျင့်(၂)မျိုးမှလွတ်သော ကျင့်စဉ်ဟူ၍ လောကဌ် မရှိ။ ဘုရားရှင်တို့ ပွင့်တော်မမူသေးသောအချိန်တို့ဌ် 'အန္တပဋိပဒါ'ခေါ် အစွန်းတစ်ဖက်ထွက်သော အကျင့်တို့သာ လောကဌ် ထင်ရှား၏။ ဘုရားရှင်တို့ ပွင့်ထွန်းတော်မူလာချိန်ဌ်သာ အစွန်းနှစ်ဖက်မှလွတ်သော 'မဇ္ဈိမပဋိပဒါ'ကျင့်စဉ်သည် ပေါ်ထွန်း၏။

မဇ္ဈိမပဋိပဒါသည် မြင့်မြတ်သော အကျင့်ဖြစ်၍ 'ဗြဟ္မစရိယ'မည်၏။ မှန်သောအကျင့်ဖြင့် ဝဋ္ဋဒုက္ခမှ လွတ်မြောက်မှုအကျိုးရှိသဖြင့် 'သမ္မာပဋိပတ်'ဖြစ်၏။ အန္တပဋိပဒါသည် ယုတ်နိမ့်သောအကျင့်ဖြစ်၍ 'အဗြဟ္မစရိယ' မည်၏။ မှားသော အကျင့်ဖြစ်၍ ဝဋ္ဋဆင်းရဲမှ မလွတ်မြောက်နိုင်သောကြောင့် 'မိစ္ဆာပဋိပဒါ'ဖြစ်၏။ အလယ်ဗဟိုအကျင့်သည် အစွန်းနှစ်ဖက်မှ လွတ်၏။ အစွန်းနှစ်ဖက်မှ လွတ်ခြင်း သည်လည်း အလယ်ဗဟိုအကျင့်၏ အနှစ်သာရပင် ဖြစ်၏။

မဇ္ဈိမပဋိပဒါကို ဟောကြားတော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူခါစ၊ မိဂဒါဝုန်၊တောရဂုံတွင် ပဉ္စဝဂ္ဂီ ရဟန်းငါးဦးအား ပထမဆုံးဟောကြားသော တရားဦး၊ ခမ္မစက္ကပဝတ္တနသုတ်တွင် အစွန်းနှစ်ဖက်နှင့် အစွန်းလွတ်အလယ်အလတ်ကျင့်စဉ် 'မဇ္ဈိမပဋိပဒါ'ကို ဟောကြား တော်မူ၏။ ထိုဒေသနာတော်ဌ် မမှီဝဲသင့်သောအစွန်းနှစ်ဖက်မှာ-

http://www.dhammadownload.com

ဒွေ မေ ဘိက္ခဝေ၊ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊ ကတမာဒွေ၊

'ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ၊ ဟီနော၊ ဂမ္မော၊ ပေါထုဇ္ဇနိကော၊ အနရိယော၊ အနတ္ထသံဟိတော။

'ယောစာယံ အတ္တကိလမထာနုယောဂေါ၊ ဒုက္ခော၊အနရိယော၊ အနတ္ထသံဟိတော။' (ဓမ္မစက္ကပဝတ္တနသုတ်၊သံယုတ္တနိကာယ်)

'ရဟန်းတို့၊သံသရာဝဋ်တဏှာညွှတ်မှလွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုသောပုဂ္ဂိုလ်သည် ဤအယုတ်တရားနှစ်ပါး၊ အစွန်းနှစ်ဖက်တို့ကို မမှီဝဲအပ်။ ရှောင်ကြဉ်အပ်၏'ဟု ဟောကြားတော်မူ၏။

ရှောင်ကြဉ်သင့်သော'အန္တပဋိပဒါ'(၂)ပါး

(၁)ကာမသုခလ္လိကာနုယောဂအကျင့်ဟူသည်-အဆင်း၊အသံ၊အနံ့၊အရသာ၊ အတွေ့ဟူသော ဝတ္ထုကာမဂုဏ်တို့ကို ချမ်းသာထင်မှတ်လျက် ဆန္ဒရာဂဟူသော ကိလေသာ ကာမတဏှာဖြင့် စွဲမက်သာယာခံစားမှုအကျင့်ကို အဖန်ဖန်အားထုတ်ခြင်း ဖြစ်၏။ (လောဘ၊သဿဒိဋ္ဌိ၊အကျင့်မှား)

လက်ခံ။ ကာမချမ်းသာ၊ သုံးစွဲတာ၊ ပယ်ခွာရှောင်ရမည်။

(၂)အတ္တကိလမထာနုယောဂအကျင့်ဟူသည်-မိမိခန္ဓာကိုယ်အား ညှင်းပန်းနှိပ်စက်မှုကိုအကျင့်ကို အဖန်ဖန်အားထုတ်ခြင်း ဖြစ်၏။(မောဟ၊ဥစ္ဆေဒဒိဋ္ဌိ၊အကျင့်မမှန်)

လက်ခံ။ မသုံးဆောင်ဘဲ၊ ကိုယ်ညှင်းဆဲ၊' ဒါလည်းရှောင်ရမည်။

ကာမသုခလ္လိက	အတ္တကိလမထ
အလောင်းတော်သိဒ္ဓတ္ထာဘဝတွင်	**ရဟန်းဝတ်၍တရားရှာဖွေချိန်တွင်**
(၁၆-နှစ်မှ၂၉-နှစ်ထိ၊လျှော့လွန်းဘာကျင့်)	(၂၉-နှစ်မှ ၃၅-နှစ်ထိ၊တင်းလွန်းစွာကျင့်)
ကာမဂုဏ်အာရုံတို့ကို စွဲစွဲလန်းလန်းခံစားမှု	အာရုံတို့ကို အတင်းအကျပ်ချုပ်တည်းမှု
(ကာမချမ်းသာ၊ သုံးစွဲတာ၊ ကာမသုခလ္လိကပါ)	(မသုံးဆောင်ဘဲ၊ကိုယ်ညှင်းဆဲ၊ ဒါလဲအတ္တကိလမထပဲ)
'အနုရောဓ-လိုက်လျောခွင့်ပြုမှု'	**'ဝိရောဓ-ငြင်းဆန်၊ဆန့်ကျင်မှု'**
ကြိုက်၍-ဆန္ဒရာဂဖြင့်လိုက်(သဿတဒိဋ္ဌိစွဲ)	ကြောက်၍-ပဋိဃဖြင့်ပြေး(ဥစ္ဆေဒဒိဋ္ဌိစွဲ)
သံသရာပင်လယ်ထဲ၌ **လုံးဝရပ်နေ၏။**	သံသရာပင်လယ်ထဲ၌ **အတင်းကူးခတ်၏။**
(ကြိုက်၍-လိုက်သဖြင့် -မြုပ်၏)	(ကြောက်၍ ပုန်းသဖြင့် **မျောစီး**)
လျှော့လျင်မိစ္ဆာ- လျှော့လွန်း၍ပတ်၏။	**သာလျင်ဒိဋ္ဌိ-** တင်းလွန်း၍ပြတ်၏။

http://www.dhammadownload.com

ကျင့်သုံးသင့်သော–မဇ္ဈိမပဋိပဒါ(၈)ပါး

ကာမဂုဏ်အာရုံတို့ကို သုခအထင်ဖြင့် တွယ်တာစွဲမက်ငြိကပ်မှု **'ကာမသုခလ္လိက'**အစွန်း၊ ကာမဂုဏ်အာရုံတို့ကို ဒုက္ခအထင်ဖြင့် ပယ်ခွာနိပ်စက်ကျင့်သုံးမှု **'အတ္တကိလမထ'**အစွန်း၊ ထိုအစွန်းနှစ်ဖက်မှလွတ်သော အလယ်အလတ်အကျင့်သည် **'မဇ္ဈိမပဋိပဒါ'** မည်၏။

အလယ်အလတ်ကျင့်စဉ်သည် ကာမဂုဏ်အာရုံတို့ကို စွဲစွဲလန်းလန်းလည်း မတွယ်တာ၊ ပြင်းပြင်းထန်ထန်လည်း မပယ်ခွာဘဲ၊ မစွဲမှုဖြင့်သာ သုံးဆောင်၏။ လိုက်လျောခွင့်ပြုမှုလည်း မဟုတ်၊ ဆန့်ကျင်ငြင်းဆန်ခြင်းလည်းမပြုဘဲ အခြေအနေအားလျော်စွာ ရှုမြင်သုံးသပ်၏။ ကြိုက်၍လည်းမလိုက်၊ ကြောက်၍လည်း မပြေးဘဲ ပုံမှန်အတိုင်းသာ လျောက်လှမ်း၏။ ရပ်လည်းမနေ၊ အတင်းလည်း မကူးခတ်သဖြင့် သံသရာ ပယ်လယ်ပြင်၌ မမြုပ်၊မမျောသောကျင့်စဉ် ဖြစ်၏။ မလျော့လွန်း၊ မတင်းလွန်းသဖြင့် မပတ်ဘဲ၊မပြတ်ဘဲ နိဗ္ဗာန်ပန်းတိုင်သို့ မုချဧကန် ရောက်လှမ်းနိုင်သောကျင့်စဉ်သည် မဇ္ဈိမပဋိပဒါကျင့်စဉ်မှတစ်ပါး တခြားနည်းလမ်း မရှိပြီ။

အကျိုးနှင့်အပြစ်

မြတ်စွာဘုရားသည် 'မဇ္ဈိမပဋိပဒါ'အလယ်ဗဟိုကျင့်စဉ်မြတ်ကို ကိုယ်တော်တိုင် ကျင့်သုံးအားထုတ်၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်မှန်အဖြစ်သိမြင်တော်မူပြီးမှ တန်ဖိုးရလဒ်နှင့်တကွ ဟောကြားတော်မူခြင်း ဖြစ်၏။ ထိုကျင့်စဉ်ကို ကျင့်သုံးသူသည် 'အန္တပဋိပါဒါ'ခေါ် အစွန်းနှစ်ဖက်ကို လွတ်အောင်ရှောင်ရ၏။ ထိုအစွန်းနှစ်ဖက်ကိုလည်း အလောင်းတော်ဘဝ၊ ဒုက္ကရစရိယာကျင့်စဉ်ကာလတို့တွင် ကိုယ်တိုင်ကျင့်သုံးအားထုတ်ခဲ့ဖူး၍ အပြစ်နှင့်တကွ ဟောကြားတော်မူခြင်း ဖြစ်၏။

အလောင်းတော်ဘဝတွင် သုဒ္ဓေါဒန်သားတော်အဖြစ်ဖြင့် အသက်(၁၆)မှ (၂၉)နှစ်အထိ(၁၃)နှစ်ပတ်လုံး ကာမဂုဏ်စည်းစိမ်ချမ်းသာအဖုံဖုံကို သူမတူအောင် စံစားတော်မူခဲ့၏။ ထိုကာလသည် 'ကာမသုခလ္လိကာနုယောဂ'ဖြစ်၏။

ထိုစည်းစိမ်ချမ်းသာအားလုံးကို စွန့်ခွာ၍ (၂၉)နှစ်မှ (၃၅)နှစ်အထိ (၆)နှစ်တိုင်တိုင် သူတစ်ပါးတို့ ကျင့်နိုင်ခဲလှသော ဒုက္ကရစရိယာအကျင့်မျိုးကို ကျင့်သုံးအားထုတ်တော်မူခဲ့၏။ ထိုကာလသည်'အတ္တကိလမထာနုယောဂ'ဖြစ်၏။

ထို့ပြင် အလောင်းတော်မြတ်သည် ကျင့်သုံးခဲ့ဖူးသော 'ကာမသုခလ္လိက'နှင့် အတ္တကိလမထ'တို့ကို စွန့်ခွာလျက် သက်တော်(၃၅)နှစ်မှစ၍ နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ငြိမ်းချိန်တိုင်အောင် အစွန်းနှစ်ဖက်ကင်းလွတ်သော အလယ်ဗဟိုလမ်းစဉ်ဖြင့်

http://www.dhammadownload.com

ကျင့်သုံးတော်မူခဲ့၏။ ထိုကာလတို့သည်ကား 'မဂ္ဂိမပဋိပဒါ' အခါတော်တို့ ဖြစ်၏။ ထိုကဲ့သို့ သဗ္ဗညုတညာဏ်တော်မြတ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူသည့် အတိုင်း မဂ္ဂိမပဋိပဒါ၏တန်ဖိုးရလဒ်နှင့်တကွ အန္တပဋိပဒါ၏ဆိုးကျိုး၊ အပြစ်တို့ကို ညွှန်ပြလျက် ပဋ္ဌဝဂ္ဂိရဟန်းတို့အား ဦးစွာဟောကြားတော်မူခြင်း ဖြစ်၏။

အစွန်းရောက်အကျင့်၏အပြစ်များ

အန္တပဋိပဒါခေါ် အစွန်းရောက်အကျင့်တို့တွင် ကာမဂုဏ်စည်းစိမ်ချမ်းသာကို တစ်ဖက်စွန်းရောက်မှီဝဲခံစားမှုဟူသော ကာမသုခလွှိကအကျင့်၌ ရလဒ်တန်ဖိုးသည် ကိုယ်စိတ်ရှင်လန်းချမ်းသာမှု သုခ၊သောမနဿ ဖြစ်၏။ လောဘ၊တဏှာ ဦးစီး၍ အတ္တကို ဗဟိုပြု၏။ ဒိဋ္ဌိနှင့်မာနတို့က ဝန်းရံခစားကြ၏။ အဝိဇ္ဇာအကြောင်းရင်းခံသော မသိမိုက်မဲမှု၏ အကျိုးဆက်ဖြစ်သဖြင့် ထိုအကျင့်မျိုးကို မဂ္ဂိမပဋိပဒါ၏ လက်ယာအစွန်းရောက်ကျင့်စဉ်အဖြစ် သတ်မှတ်တော်မူ၏။ ထိုအစွန်းရောက်အကျင့်၌ အောက်ပါအပြစ်(၅)မျိုးကို ထုတ်ဖော်ညွှန်ပြတော်မူ၏။

၁-**ဟီန**-အသိညာဏ်မဲ့သော အဟိတ်တိရစ္ဆာန်တို့ပင် မှီဝဲခံစားအပ်သော အကျင့်ဖြစ်၍ ယုတ်ညံ့၏။

၂-**ဂါမ္မ**-ရွာနေသူ/မြို့နေသူတို့၏ ဓလေ့စရိုက်မျိုးဖြစ်၏။

၃-**ပေါထုဇ္ဇနိက**-ပုထုဇဉ်လောကသားတို့၏လုပ်ထုံး ဖြစ်၏။

၄-**အနရိယ**-မစင်ကြယ်၊ မသန့်ရှင်းသဖြင့် မမြင့်မြတ်မှုသာ ဖြစ်၏။

၅-**အနတ္ထသံဟိတ**-ကိုယ်စိတ်နှစ်မျိုးအတွက် ကောင်းကျိုးသုခ အစစ်အမှန် မဖြစ်ပေ။ ကာမဂုဏ်အာရုံများ ပြည့်စုံကြွယ်ဝမှု၌ တစ်ဖက်စွန်းရောက် မှီဝဲခံစားမှု အကျင့်ဤ ထိုအပြစ်(၅)မျိုး ဖြစ်၏။

ကာမဂုဏ်အာရုံတို့ကို ပယ်စွန့်၍ မိမိ၏ကိုယ်ခန္ဓာအား ညှင်းပန်းနှိပ်စက်ရာ ရောက်သော တစ်ဖက်စွန်းရောက် 'အတ္တကိလမထ' အကျင့်၌လည်း ရလဒ်တန်ဖိုးသည် ကိုယ်စိတ်ပင်ပန်းမှု ဒုက္ခ၊ဒေါမနဿသာ ဖြစ်၏။ အနတ္တလမ်းလွဲ၌ မောဟ၏ ဦးစီးမှုကိုသာခံရ၍ အတ္တကို ဗဟိုပြုမှုမဟုတ်သော်လည်း ဥစ္ဆေဒဒိဋ္ဌိအစွန်းသို့သာ ကပ်ရောက်၏။ ထို့ကြောင့် အဝိဇ္ဇာအကြောင်းရင်းခံသော မသိမိုက်မဲမှု၏ အကျိုးဆက်ဖြစ်သဖြင့် ထိုအကျင့်မျိုးကို မဂ္ဂိမပဋိပဒါ၏ လက်ဝဲအစွန်းရောက်ကျင့်စဉ်အဖြစ် သတ်မှတ်တော်မူ၏။ ထိုအစွန်းရောက်အကျင့်မျိုး၌ အောက်ပါအပြစ်(၃)မျိုးကို ထုတ်ဖော်ညွှန်ပြတော်မူ၏။

၁-**ဒုက္ခ**-ကိုယ်၊စိတ်နှစ်မျိုး ပင်ပန်းဆင်းရဲခြင်း အကျိုးရှိ၏။

http://www.dhammadownload.com

၂-**အနရိယ**-မစင်ကြယ်၊ မသန့်ရှင်းသဖြင့် မမြင့်မြတ်မှုသာ ဖြစ်၏။

၃-**အနတ္ထသံဟိတ**-ကိုယ်စိတ်နှစ်ပါး လွတ်ငြိမ်းချမ်းသာမှု၏ ကောင်းကျိုး သုခအစစ်အမှန် မဖြစ်နိုင်ပေ။ ကာမဂုဏ်အာရုံတို့ကို ပယ်စွန့်၍ မိမိ၏ကိုယ်ခန္ဓာအား ညှင်းပန်းနှိပ်စက်မှုဖြင့် တစ်ဖက်စွန်းရောက်အကျင့်မျိုးဌ ထိုအပြစ်(၃)မျိုး ဖြစ်၏။

အလယ်အလတ်အကျင့်တန်ဖိုး

ဤအကျင့်သည် အစွန်းနှစ်ဖက်မှ လွတ်ကင်းခြင်းဂုဏ်နှင့် ပြည့်စုံသဖြင့် အစွန်းလွတ်ဗဟိုကျင့်စဉ် 'မ‌ဇ္ဈိမပဋိပဒါ' မည်၏။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သက်တော်(၃၅)နှစ်မှစ၍ ကျင့်သုံးတော်မူခဲ့ပြီး ပဉ္စဝဂ္ဂိငါးဦးတို့အား တရားဦးဓမ္မ အနေဖြင့် ထုတ်ဖော်ဟောပြတော်မူသောကျင့်စဉ် ဖြစ်၏။ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကစသော အရိယာသူတော်ကောင်းအပေါင်းတို့သည် ဤကျင့်စဉ်ဖြင့်ပင် ကိလေသာချုပ်ငြိမ်းရာနိဗ္ဗာန်သို့ စံဝင်တော်မူကုန်၏။ ရှေးရှေးဘုရားရှင်စသောသူတော်ကောင်းတို့၏ နိဗ္ဗာန်သို့သွားရာ လမ်းဟောင်းကြီးလည်း ဖြစ်၏။

ထိုကျင့်စဉ်၏တန်ဖိုးမှာ-

၁-**စက္ခုကရဏီ**-ပညတ်အရိပ်၊ပုံဟန်သဏ္ဌာန်၊ပုဂ္ဂိုလ်များကို ကျော်လွန်၍ ပရမတ်ရုပ်နာမ်သဘာဝတို့ကို သိမြင်လျက် သစ္စာလေးတန်ကို သိမြင်နိုင်စွမ်းရှိ၏။

၂-**ဉာဏကရဏီ**-ထိုပရမတ်ရုပ်နာမ်တို့၏ ဖြစ်၊တည်၊ပျက်ဟူသော သင်္ခါတ လက္ခဏာများကို ထိုးထွင်းသိမြင်နိုင်သော ယထာဘူတဉာဏ်အဆင့်ဆင့်ကို ဖြစ်ပေါ်နိုင်စွမ်းရှိ၏။

၃-**ဥပသမာယ**- ကိုယ်စိတ်မပန်းဘဲ ကိလေသာခပ်သိမ်း ငြိမ်းချမ်းစေနိုင်စွမ်းလည်း ရှိ၏။

၄-**အဘိညာယ**-မိမိအစ္ဈတ္တသန္တာန်၊ ပြင်ပဗဟိဒ္ဓသန္တာန်နှစ်မျိုးဌ ယခင်ကတစ်ကြိမ်တစ်ခါမျှ မသိဖူး၊မမြင်ဖူးသော ထူးခြားသည့်အသိညာဏ်များ ဖြစ်ပေါ်လာနိုင်စွမ်းရှိ၏။

၅-**သမ္ဗောဓာယ**-သင်္ခါတရုပ်နာမ်တရားတို့ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာသိမြင်နိုင်သော မဂ်ဉာဏ်၊ဖိုလ်ဉာဏ်တို့ကို ရရှိနိုင်စွမ်းရှိ၏။

၆-**နိဗ္ဗာနာယ**-ကိလေသာအပူဇာတ်သိမ်း၍ ဘဝခန္ဓာ ထာဝရချုပ်ပြတ်ငြိမ်းရာ နိဗ္ဗာန်မာတ်ကို မျက်မှောက်ပြုနိုင်၏။ ဤသို့သောအကျိုးတရားတို့ကို ‌ဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် ဖြစ်ပေါ်ရရှိစေနိုင်စွမ်း ရှိပေ၏။

http://www.dhammadownload.com

လမ်းစဉ်နှင့် ပန်းတိုင်

လမ်းစဉ်တိုင်းမှာ ပန်းတိုင်သည် ရှိမြဲ ဖြစ်၏။ ပန်းတိုင်ကို ရောက်ဖို့ရန် လမ်းစဉ်ကို မလွဲမသွေ လျှောက်ရ၏။ လမ်းစဉ်၏တန်ဖိုးသည် ပန်းတိုင်သို့ရောက်ခြင်းဌာန သာ အဆုံးသတ်၏။ ကာမဂုဏ်ချမ်းသာတို့ဌ အစွန်းရောက်ခံစားသော 'ကာမသုခလွှိက' လမ်းစဉ်သည် ဝေဒယိတသုခခေါ် သုံးဆောင်ခံစားမှုချမ်းသာကို ဦးတည်သော်လည်း တဏှာဦးစီးသော အတ္တအပေါ်အခြေခံမှုကြောင့် 'သဿတဒိဋ္ဌိ' အစွန်းတစ်ဖက်သို့ ကပ်ရောက်၏။

ကာမဂုဏ်ချမ်းသာတို့ကို စွန့်ပယ်၍ မိမိကိုယ်ကို ညှင်းပန်းနှိပ်စက်ခံစားသော 'အတ္တကိလမထ' လမ်းစဉ်သည် ဝေဒယိတသုခခေါ် သုံးဆောင်ခံစားမှုချမ်းသာကို စွန့်ပယ်သော်လည်း အနတ္တလမ်းလွဲမှုကြောင့် 'ဥစ္ဆေဒဒိဋ္ဌိ' အစွန်းတစ်ဖက်သို့ ကပ်ရောက်၏။ ထိုအစွန်းနှစ်ဖက်သို့ရောက်သော ကျင့်စဉ်မှန်သမျှသည် အပါယ်လေးပါးမှ မလွတ်ကင်းနိုင်သဖြင့် အပါယ်လေးပါးချောက်ကမ်းပါးသို့ ကျရောက်ရခြင်းဌာန သာ အဆုံးသတ်လေ၏။

မဇ္ဈိမပဋိပဒါအကျင့်လမ်းစဉ်သည် ကာမဂုဏ်ချမ်းသာတို့ကို အစွန်းရောက်မခံစားမှု၍၊ အတ္တဌအခြေမခံသဖြင့် မှားယွင်းသောကျင့်စဉ်လည်း မဖြစ်။ အနတ္တကို ဗဟိုပြုမှုကြောင့် အနတ္တလမ်းလွဲသို့ မရောက်သဖြင့် မမှန်သောကျင့်စဉ်မျိုးလည်း မဟုတ်။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော 'သက္ကာယဒိဋ္ဌိ' ၏ အစွန်းနှစ်ဖက်မှ လွတ်ကင်း၍ အနတ္တကို အခြေခံသဖြင့် ယထာဘူတအသိဉာဏ် ဖြစ်ဖို့ရန်အလို့ငှါ ပဓာနအကျဆုံးသော၊ အရေးအကြီးဆုံးလမ်းစဉ်မှန် ဖြစ်၏။

မဇ္ဈိမပဋိပဒါသည် အနတ္တဝါဒဌ အခြေခံသဖြင့် မရယူခြင်း-အလောဘ၊ သည်းခံခွင့်လွတ်ခြင်း-အဒေါသ၊ အမှန်အတိုင်းသိမြင်ခြင်း-အမောဟတို့ဖြင့် လွတ်မြောက်ငြိမ်းချမ်းမှု 'ဝိမုတ္တရသ' ဖြစ်သော သန္တိသုခခေါ် နိဗ္ဗာန်ပန်းတိုင်ဌ အဆုံးသတ်၏။ ထိုမဇ္ဈိမပဋိပါဒါလမ်းစဉ်မှ လွဲ၍ နိဗ္ဗာန်ပန်းတိုင်သို့ ရောက်နိုင်သော တခြားလမ်းခွဲကား မရှိ။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် **'ဧကာယနော မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ'** စသည်ဖြင့် တစ်ကြောင်းတည်းသောခရီး၊ တစ်ခုတည်းသော လမ်းစဉ်ဖြစ်ကြောင်း မဟာသတိပဋ္ဌာနသုတ်ဌ ထုတ်ဖော်ဟောကြားခြင်း ဖြစ်၏။

အဖြစ်ကြိုက်ခြင်း အစွန်းတစ်ဖက်

အဆင်း၊အသံ၊အနံ့၊အရသာ၊အထိအတွေ့ဟူသော ကာမဂုဏ်အာရုံတို့ဌ

http://www.dhammadownload.com

တဏှာဦးစီးမှုဖြင့် ရှာဖွေအားထုတ်ခြင်း၊ ရယူသိမ်းပိုက်ခြင်း၊ သာယာစွဲလန်းခြင်း တို့သည် ကာမသုခကို ခံစားရာ၌ 'အဖြစ်ကြိုက်'ခြင်း အစွန်းတစ်ဖက်သို့ ရောက်၏။ အဖြစ်ကြိုက်အစွန်းရောက်သူတို့သည် ကာမဂုဏ်အာရုံတို့နှင့် စပ်လျဉ်း၍ မည်သည့်နည်းဖြင့်ရရ၊ ဖြစ်အောင်သာ ကြိုးအားထုတ်၏။ ရှိမှုကိုသာ လိုလားတောင့်တ၏။ ပြည့်စုံမှုကိုသာ မျှော်လင့်တတ်၏။ ထိုအဖြစ်ကြိုက်ဝါဒ၌ ကာမဂုဏ်အာရုံတို့ ပြည့်စုံမှုကိုပင် ဘဝနိဗ္ဗာန်ဟု ထင်မှတ်မှား မိကြလေ၏။

ထိုအမြင်မှားမှု၌ ကာမဂုဏ်အာရုံတို့ ပြည့်စုံမှု၌ 'ဖြစ်ခြင်း'ကိုသာ ကြည့်၍ ဖြစ်မှု၌သာ သာယာစွဲလန်းခြင်းကြောင့် တဏှာဒိဋ္ဌိဥပါဒါန်တို့သည် ပြင်းထန်စွာ စွဲကပ်ငြိတွယ်ခံရလေ၏။

ထို့ပြင် တဏှာလောဘသည် သူ့ချည်းရပ်တည်နေခြင်း မရှိ။ တစ်ခါတရံ အယူအသိမှားမှု ဒိဋ္ဌိတရားနှင့် တွဲဖက်ယှဉ်၏။ တစ်ခါတရံ ဘဝင်မြင့်စိတ်ကြီးဝင်မှု မာနတရားနှင့် တွဲဖက်ယှဉ်၏။ ထို့အဖြစ်ကြိုက်ဝါဒရှိသူသည် အဖြစ်နောက်သို့သာ တကောက်ကောက်လိုက်ရခြင်း၊ အသက်ကိုရင်း၍ ရှာဖွေစုဆောင်းရခြင်း၊ ချွေးဒီးဒီး ကျကြိုးပမ်းအားထုတ်ရခြင်းတို့ဖြင့် လွန်စွာပင်ပန်းရလေ၏။ တကယ်တမ်း ရရှိပိုင်ဆိုင်လာသော ထိုအာရုံပစ္စည်းတို့သည်လည်း မလွဲဧကန် ပျက်စီးရမြဲသာ ဖြစ်ပေ၏။ ဖြစ်သဖြင့် မပျက်သောအရာဟူသည် ရုပ်နာမ်ဖြစ်မှုမကင်းသော သခ်ံတလောကတွင် နယ်နမိတ်အတွင်း၌ ရှာဖွေ၍ မတွေ့ရှိနိုင်။မရနိုင်ပါပေ။

ထို့ကြောင့် အဖြစ်ကြိုက်ဝါဒရှိသူတို့၏ ပြည့်စုံဖူလုံမှုဟူသော ကာမဂုဏ်အာရုံမျိုးစုံတို့သည် တောင်းပေါက်နှင့် ဖားကောက်သူပမာ တူ၏။ ကြိုက်၍ လိုက်မိလေလေ။ ဝေးရလေလေသာ ဖြစ်၏။ လိုချင်မှုဖြင့် ဖမ်းဆုတ်လေလေ၊ ဘာမျှ မကျန်ရှိလေသာ ဖြစ်၏။ နောက်ဆုံးတွင် ဒုံရင်းဒုံရင်းဆိုသလို မောရသည်သာ အဖက်တင် ကျန်ရစ်ရှာ၏။ ထို့ကြောင့် အဖြစ်ကြိုက်ဝါဒမျိုး၌ ငါ၊ငါ့ဥစ္စာဟူသော 'အတ္တ၊အတ္တနိယ'နှင့်စပ်၍ တည်မြဲ၏ဟုစွဲသော 'သဿတဒိဋ္ဌိ'အယူမှား ဖြစ်တည်ကိန်းခြင်းမှတစ်ပါး ထာဝရလွတ်မြောက်ငြိမ်းချမ်းရာ သန္တိသုခနိဗ္ဗာန်နှင့် ဝေးရပေ၏။

အပျက်ကြိုက်ခြင်း အစွန်းတစ်ဖက်

အဆင်း၊အသံ၊အနံ့၊အရသာ၊အထိအတွေ့ဟူသော ကာမဂုဏ်အာရုံတို့ကို အပြစ်မြင်ငြီးငွေ့သူတို့သည် ထိုကာမဂုဏ်အာရုံတို့ကို စွန့်ပယ်၍ လွတ်ဝေးရာသို့ ရှောင်ပြေး၏။ ကာမဂုဏ်အာရုံတို့ကို အစွန်းရောက်စွန့်ခွါသဖြင့် မိမိကိုယ်ခန္ဓာကို ညှင်းပန်းနှိပ်စက်ရာရောက်လျက် 'အပျက်ကြိုက်'အစွန်းသို့သာ ရောက်လေ၏။

http://www.dhammadownload.com

ထိုအပျက်ကြိုက်သူတို့သည် ကာမဂုဏ်အာရုံတို့ကို အစွန်းရောက် ပယ်စွန့်၍ မိမိခန္ဓာကိုယ်ကို ညှင်းပန်းနှိပ်စက်မှုပြုကျင့်ခြင်းကိုပင် ပြုပြီး၊ပြုဆဲအပြစ်တို့ကို ပယ်သတ်နိုင်၏ဟု အယူမှား ဖြစ်၏။ ထိုသို့အယူမှားခြင်းကြောင့် အပျက်ကြိုက်သူတို့၏အစွန်းရောက်အကျင့်(၂)မျိုးတွင် တစ်မျိုးမျိုးကို ကျင့်သုံးမိကြလေ၏။

ပထမတစ်မျိုးမှာ **'သံဝရတပ'**ခေါ် ပြင်ပဗဟိဒ္ဓအာရုံများ မဝင်ရောက်နိုင်ရန် မိမိ၏ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်ဟူသော ဒွါရင၊်ပေါက်တို့ကို ပိတ်ဆို့ထားလျက် ကျင့်မှုမျိုး ဖြစ်၏။ ဒုတိယတစ်မျိုးမှာ **'နိစ္ဆရာတပ'**ခေါ် မီးလှုံခြင်း၊ နေပူခံခြင်း၊ ရေငုတ်ခြင်းစသည်ဖြင့် မိမိ၏ခန္ဓာကိုယ်ကို နှိပ်စက်ညှင်းပန်း၍ ကျင့်မှုမျိုး ဖြစ်၏။

ထိုအကျင့်(၂)မျိုးသည် မိမိသန္တာန်၌ ကာမဂုဏ်အာရုံတို့ကြောင့် ကိလေသာ၊ ဒုစရိုက်တရားများ တိုးပွားဖြစ်ပေါ်လာမှုကို ကြောက်သဖြင့် အပျက်ကို ရှောင်ရှု၍ ကျင့်မှုမျိုး ဖြစ်၏။ ပျက်အောင်သာ ပြုလုပ်အားထုတ်မှုဖြစ်သဖြင့် ကိုယ်ပင်ပန်းရုံ၊ စိတ်နွမ်းရုံသာ အဖက်တင်၏။ ဒုက္ခ၊ဒေါမနဿဝေဒနာတို့ ဖြစ်ပေါ်ခံစားရခြင်းသာ အဆုံးသတ်လေ၏။ တကယ်တမ်းမှာ ကာမရုံအာရုံတို့၏ ပြည့်စုံဖြစ်ထွန်းမှုကို စွန့်ခွာ၍ အပျက်နောက်လိုက်ကာ အပျက်ကြိုက်အကျင့်မျိုးသည်လည်း မှန်ကန်သော လွတ်မြောက်ရာနည်းလမ်းမဟုတ်သဖြင့် အစွန်းရောက်ကျင့်စဉ်သာ ဖြစ်၏။ ဥစ္ဆေဒ ဒိဋ္ဌိအယူမှားဖြင့် တွယ်ငြိခံကြရခြင်းသာ တန်ဖိုးရှိလေ၏။

မြှုပ်ခြင်းမျောခြင်းအစွန်း(၂)ဖက်

မြတ်စွာဘုရားအား နတ်သားတစ်ယောက်က 'အရှင်ဘုရားသည် သံသရာကို ဘယ်ပုံဘယ်နည်းနဲ့ ကူးမြောက်ခဲ့ပါနည်း'ဟု မေးလျှောက်လေ၏။

မြတ်စွာဘုရားက 'နတ်သား၊ ငါသည် သံသရာပင်လယ်ပြင်တွင် ရပ်လည်းမနေဘဲ၊ အားထုတ်၍ ကူးခတ်မှုလည်းမပြုဘဲ လွန်မြောက်ခဲ့သည်'ဟု ဖြေတော်မူ၏။

ပယ်လယ်ထဲ၌ မျောပါနေသူသည် ကမ်းတစ်ဖက်သို့ရောက်ဆအောင် မကူးဘဲ ရပ်နေပါကလည်း စုန်းစုန်းနစ်မြှုပ်ရ၏။ အင်အားသုံး၍ အတင်းကူးပြန်လျှင်လည်း ကမ်းမရောက်ခင် ခြေကုန်လက်ပန်းကျ၍ မျောပါရပေ၏။ ထို့အတူ သံသရာတည်းဟူသောပင်လယ်ပြင်ကို ကူးမြောက်ရာ၌လည်း ရပ်နေမှုနှင့်တူသော 'လောဘ၊ သဿတဒိဋ္ဌိ'အစွန်းတစ်ဖက်၊ အတင်းကူးခတ်မှုနှင့်တူသော 'မောဟ၊ ဥစ္ဆေဒဒိဋ္ဌိ' အစွန်းတစ်ဖက်တို့ကို ရှောင်ကြဉ်လျက် 'အလောဘ၊ အဒေါသ၊ အမောဟ'တရားတို့ဖြင့် ကျင့်ကြံအားထုတ်မှုသည် ပုံမှန်ကူးခတ်ခြင်းနှင့်တူသော မဇ္ဈိမပဋိပဒါကျင့်စဉ်သည် သံသရာပင်လယ်ပြင်၌ မမြှုပ်၊မမျောသော အကျင့်မြတ် ဖြစ်ပေ၏။

http://www.dhammadownload.com

ကြိုက်ခြင်းကြောက်ခြင်းအစွန်း(၂)ဖက်

အဆင်း၊အသံစသော ကာမဂုဏ်အာရုံ(၆)ပါးတို့အပေါ်၌ သုခဝေဒနာဖြင့် ကာမချမ်းသာကို သာယာတပ်မက်စွာ ခံစားလိုမှုသည် 'ကြိုက်ခြင်းအစွန်း' တစ်ဖက်သို့သာ ငြိကပ်၏။ ထိုကာမဂုဏ်အာရုံတို့အပေါ်၌ အပြစ်မြင်ငြီးငွေ့လျက် အစွန်းရောက် ပယ်စွန့်၍ မိမိကိုယ်ကိုနှိပ်စက်ကာ ဒုက္ခဝေဒနာဖြင့် ဆင်းရဲခံစားသူသည် 'ကြောက်ခြင်းအစွန်း' တစ်ဖက်သို့ ငြိကပ်၏။

ထိုကာမဂုဏ်အာရုံတို့ကို ကြိုက်မှုကြောင့် လိုက်ရခြင်းသည်လည်း တဏှာတိုးပွားမှုသာ ဖြစ်၏။ ကြောက်မှုကြောင့် ပြေးရခြင်းသည် ပဋိဃ၊ဗျာပါဒတို့ တိုးပွားမှုသာ ဖြစ်၏။ ထို့ကြောင့် မလွဲမသွေ ကြုံဆုံနေရသမျှသော ကာမဂုဏ်အာရုံတို့အပေါ် သောမနဿဝေဒနာဖြင့်လည်း သာယာစွာခံစားမှုမပြုဘဲ၊ ဒေါမနဿဝေဒနာဖြင့်လည်း နာကျင်စွာခံစားမှုမပြုဘဲ ဥပေက္ခာဝေဒနာသဘောဖြင့် မသာ၊မနာအောင် ရှုမြင်ခံစားခြင်းသည် **'သံကိလိဋ္ဌ သုခ ဒုက္ခာနံ မဏ္ဍောဘဝါ မဏ္ဍိမာ'** အရ အလယ်အလတ်ရှုမြင်မှုကျင့်သုံးခြင်း မဏ္ဍိမအကျင့်သဘောတရား ဖြစ်၏။ မဏ္ဍိမပဋိပဒါကျကျကျင့်သုံးအားထုတ်သူသည် အာရုံတို့၌ အကြိုက်ဘက်သို့လည်းမကပ်ဘဲ၊ အကြောက်ဘက်သို့လည်းမရပ်ဘဲ ကြိုက်ခြင်းကြောက်ခြင်းတို့၏အလယ်၌ ရပ်တည်လျှောက်လှမ်းမှုပြု၏။ ကြိုက်၍လိုက်ရခြင်းဆင်းရဲ၊ ကြောက်၍ပြေးရခြင်းဆင်းရဲတို့ကို လွန်မြောက်လျက် ငြိမ်းချမ်းမှုသုခသို့သာ ရှေးရှုပြုခြင်း ဖြစ်၏။

လိုက်လျောခြင်း၊ငြင်းဆန်ခြင်းအစွန်း(၂)ဖက်

အာရုံ(၆)ပါးတို့တွင် ကျင့်ဘာရုံခေါ် ကောင်းမြတ်သာယာအပ်သော အာရုံတို့နှင့် ကြုံရသည့်အခါ သုခဝေဒနာကြောင့် နှစ်သက်လိုလားမှု တဏှာသဘောသည် ဖြစ်၏။ နှစ်သက်လိုလားသဖြင့်လည်း မရောက်ခင်ကပင် ကြိုဆိုချင်ကြ၏။ ရောက်လာတော့လျင်လည်း ဖက်တွယ်စွဲလန်းကြ၏။ ထိုကဲ့သို့ အာရုံ(၆)ပါးတို့ကို ကြိုဆိုခြင်း၊ ဖက်တွယ်စွဲလန်းခြင်းသဘောသည် ထိုအာရုံတို့အပေါ်၌ လက်ခံခြင်း၊ လိုက်လျောခြင်းဖြစ်သော **'အနုရောဓအစွန်း'** တစ်ဖက်သို့သာ ကပ်ရောက်မှု ဖြစ်၏။

အနိဋ္ဌာရုံခေါ် မသာယာအပ်၊မကောင်းမြတ်သောအာရုံတို့နှင့် ကြုံဆုံရသည့်အခါ၌ ဒုက္ခဝေဒနာကြောင့် မနှစ်သက်မလိုလားမှု ဒေါမနဿသဘောသည် ဖြစ်၏။ မနှစ်သက်မလိုလားသဖြင့်လည်း မရောက်ခင်ကပင် နှင်ထုတ်ချင်ကြ၏။ ရောက်လာပြန်လျင်လည်း အကြောက်အကန် ငြင်းဆန်တတ်ကြမြဲ ဖြစ်၏။ ထိုသို့

http://www.dhammadownload.com

ကြုံဆုံရသောအာရုံ(၆)ပါးတို့ကို နှင်ထုတ်ခြင်း၊ ငြင်းဆန်ခြင်းသဘောတို့သည်လည်း ထိုအာရုံတို့အပေါ်၌ ဆန့်ကျင်ခြင်း 'ဝိရောဓအစွန်း' တစ်ဖက်သို့ ကပ်ရောက်ရ၏။

အာရုံကောင်းတို့နှင့်ဆုံရခိုက်၌ လိုက်လျောခြင်း၊ခွင့်ပြုခြင်းသဘောသည် 'တဏှာ၊လောဘ' တရားဖြစ်၏။ အာရုံဆိုးတို့အပေါ်၌ ငြင်းဆန်ခြင်း၊ ဆန့်ကျင်ခြင်း သဘောသည် 'ဒေါသ၊ပဋိဃ' တရားဖြစ်၏။ အခြေအနေအားလျော်စွာ လိုက်လျောမှု၊ ငြင်းဆန်မှုတို့ကို အသိအမြင်မှန်ဖြင့် ရှုမြင်ကျင့်သုံးခြင်းသည် မဇ္ဈိမပဒါဖြစ်ပေ၏။

ကောင်းခြင်းနှင့်ဆိုးခြင်းအစွန်း(၂)ဖက်

လောကဓါသဘောမှာ အကောင်းဆိုလျင် ချစ်ခင်ချင်ကြ၏။ အဆိုးဆိုလျင် ပစ်ပယ်ချင်ကြ၏။ ကောင်းတိုင်းချစ်နေလျင်လည်း အပြစ်သင့်ပေ၏။ ဆိုးတိုင်း ပစ်လျင်လည်း အပြစ်မကင်းပါပေ။ ချစ်သင့်သလောက်သာ ချစ်၍ ပစ်သင့်သည်ကို ပစ်နိုင်မှသာ အပြစ်ကင်းခြင်း ဖြစ်၏။

သတ္တဝါတို့သည် အကြောင်းကံမှန်သမျှကိုလည်း ပြုကြရ၏။ အကျိုး ဝိပါက်မှန်သမျှကိုလည်း စံစားခံစားကြရ၏။ ထိုတွင် ပြုလုပ်မှုဖြစ်သော 'ကာယကံ' အကြောင်းတို့လည်း ပါ၏။ ပြောဆိုမှုဖြစ်သော 'ဝစီကံ' အကြောင်းတို့လည်း ပါ၏။ ကြံစည်မှုဖြစ်သော 'မနောကံ' အကြောင်းတို့ လည်း ပါ၏။

အကြောင်းတရားတို့တွင် မှီဝဲသင့်သော ကုသိုလ်ကာယကံတို့ကို ပြုရ၏။ မမှီဝဲသင့်သော အကုသိုလ်ကာယကံတို့ကို ရှောင်ရ၏။ မှီဝဲသင့်သော ကုသိုလ်ဝစီကံ တို့ကို ပြောရ၏။ မမှီဝဲသင့်သော အကုသိုလ်ဝစီကံတို့ကို ရှောင်ရ၏။ မှီဝဲသင့်သော ကုသိုလ်မနောကံတို့ကို ကြံရ၏။ မမှီဝဲသင့်သော အကုသိုလ်မနောကံတို့ကို မကြံရပေ။

မမှီဝဲသင့်သော အကုသိုလ်ကံတို့ ပြုလုပ်၊ပြောဆို၊ကြံစည်လျက် မရှောင် ကြဉ်ဘဲ မှီဝဲပြုလုပ်အားထုတ်နေခြင်းသည် မှားယွင်းဖောက်ပြန်စွာ ကျင့်ခြင်းဖြစ်၍ ကာမသုခလိကအစွန်းသို့ ရောက်၏။ မှီဝဲသင့်သော ကုသိုလ်ကံတို့ကို မပြုလုပ်၊ မပြောဆို၊မကြံစည်မှု၍ မမှီဝဲဘဲ ရှောင်ဖယ်နေခြင်းသည် နည်းလမ်းမမှန်စွာ ကျင့် ခြင်းဖြစ်၍ အတ္တကိလမထအစွန်းသို့ ရောက်၏။

ထို့အတူ အကျိုးတရားတို့တွင် ကောင်းကျိုးလည်း ပါ၏။ ဆိုးကျိုးလည်း ပါ၏။ မကောင်းမဆိုး အကျိုးတို့လည်း ပါ၏။ အသိဉာဏ်ဖြင့် မယှဉ်လျှင်ကား ထိုအကျိုးတရားတို့ကို မခံစားသင့်ပေ။ အသိဉာဏ်ဖြင့်ယှဉ်၍သာလျှင် ထိုအကျိုး တရားတို့ကို သုံးဆောင်ခံစားခြင်းငှါ သင့်ပေ၏။

http://www.dhammadownload.com

ထို့ကြောင့် မဏ္ဍိမပဋိပဒါဖြင့် ကျင့်သုံးအားထုတ်သူသည် ကောင်းတိုင်းလည်း မချစ်ခင်သကဲ့သို့၊ ဆိုးတိုင်းလည်း မပစ်ပယ်ပေ။ အကြောင်းတိုင်းကိုလည်း မပြုလုပ်သကဲ့သို့၊ အကျိုးတိုင်းကိုလည်း သုံးဆောင်ခံစားခြင်းမရှိ။ အသိဉာဏ်ဖြင့် ယှဉ်၍သာလျှင် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးတို့ကို ပြုမူကျင့်သုံးခြင်းဖြစ်၏။

ကုသိုလ်နှင့်အကုသိုလ်အစွန်း(၂)ဖက်

ကုသိုလ်ဟူသမျှ၌ 'အနဝဇ္ဇ သုခဝိပါက'-အရ အပြစ်ကင်းခြင်း၊ ကောင်းကျိုးပေးခြင်း အကျိုး(၂)မျိုး ရှိ၏။ အကုသိုလ်မှန်သမျှ၌လည်း 'သာဝဇ္ဇ ဒုက္ခဝိပါက-အရ အပြစ်ရှိခြင်း၊ဆိုးကျိုးပေးခြင်း အကျိုး(၂)မျိုး ရရှိလေ၏။

ထိုတွင် တစ်ခါတရံ၌ အကုသိုလ်တရားပင်ဖြစ်သော်လည်း ဥပနိဿယသတ္တိဖြင့် ကုသိုလ်တရားအား ကျေးဇူးပြုနိုင်ပါက ထိုအကုသိုလ်မျိုးသည် ကျေးဇူးမနည်းနိုင်ပေ။ ထို့အတူ ကုသိုလ်ပင်ဖြစ်ငြားသော်လည်း အကုသိုလ်အား ကျေးဇူးပြုပါက ထိုကုသိုလ်မျိုးသည် ကျေးဇူးမများနိုင်ပေ။

အကြောင်းမှာ အဝိဇ္ဇာမှမလွတ်ကင်းသော သခ်ၸိရနယ်နိမိတ်အတွင်း၌ စေတနာကံမှန်သမျှတွင် ကုသိုလ်တရားတို့၏ အပြစ်ကင်းခြင်းတန်ဖိုးသည်လည်း အကုသိုလ်တရား၏အပြစ်ရှိခြင်းကို ထောက်ဆသဖြင့်သာ ဂုဏ်ထိုက်မှုဖြစ်၏။ အကုသိုလ်တရားတို့၏ အပြစ်ရှိခြင်းတန်ဖိုးသည်လည်း ကုသိုလ်တရား၏ အပြစ်ကင်းခြင်းဂုဏ်ကို ထောက်ဆသဖြင့်သာ အောက်ကျနိမ့်ကျမှု ဖြစ်ရလေ၏။

ထိုနည်းအတူပင် ကာမကုသိုလ်တရားသည်လည်း ရူပကုသိုလ်ကို ထောက်ဆလိုက်လျှင် အောက်ကျနိမ့်ကျရပြန်၏။ ရူပကုသိုလ်တရားသည်လည်း အရူပကုသိုလ်ကိုထောက်ဆလိုက်လျှင် အောက်ကျနိမ့်ကျရပြန်လေ၏။

ဤသို့ အထက်အထက်ကံနှင့်အကျိုးတရားတို့ကို ထောက်ဆသဖြင့် အောက်အောက်ကံနှင့်အကျိုးတရား၏ နိမ့်ကျအောက်ကျရမှုသဘောနှင့် အောက်အောက်ကံ၊ အကျိုးတို့ကိုထောက်ဆသဖြင့် အထက်အထက်ကံ၊အကျိုးတို့၏ မြင့်မြတ်မှုသဘောသည် လောကီစေတနာကံတို့၏ အကြောင်းအကျိုးနိယာမစွမ်းအင်ပင် ဖြစ်၏။

တကယ်တမ်းမှာကား သခ်ၸိရသဘောရှိသော လောကီစေတနာကံ မှန်သမျှသည် 'အဝိဇ္ဇာပစ္စယာ သခ်ၸိရာ'အရ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်ဟူသော ကိလေသာတို့နှင့်စပ်သဖြင့် မတည်မြဲခြင်းအနိယတသဘောရှိသော တန်ဖိုးအကျိုးတို့ကိုသာ ရရှိနိုင်လေ၏။ လောကုတ္တရာမဂ်ကုသိုလ်ကဲ့သို့ နိယတဂုဏ်ထိုက်ခြင်း မရှိနိုင်။

http://www.dhammadownload.com

ထို့ကြောင့် 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'မှ လွတ်သော လောကုတ္တရာမဂ်ကုသိုလ်တို့မှတစ်ပါး 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'မှ မလွတ်သော လောကီကုသိုလ်၊ အကုသိုလ်စေတနာကံဟူသမျှတို့သည် ယာယီသဘောအားဖြင့်သာ သာလွန်ကောင်းမြတ်မှုဂုဏ်နှင့် ပြည့်စုံခြင်းဖြစ်သည်ဟူ၍ မှတ်အပ်ပေ၏။

ဥပမာအားဖြင့် အကုသိုလ်သည် 'အကောက်'နှင့် ပမာတူ၍၊ လောကီကုသိုလ်တို့သည် ထိုအကောက်ထဲမှ အကွေးများနှင့်သာ တူ၏။ လောကုတ္တရာမဂ်ကုသိုလ်သည်ကား ကောက်ခြင်း၊ ကွေးခြင်းသဘောကင်းသော ထာဝရအဖြောင့်တရားတို့ ဖြစ်၏။

အကုသိုလ်ကံတစ်ခုကို ပြုသူသည် မစင်တွင်းသို့ကျ၍ သေရသူနှင့် တူ၏။ ကာမကုသိုလ်ကံကို ပြုသူသည် ဆားငန်ကျင်းသို့ကျ၍ သေရသူနှင့် တူ၏။ ရူပ၊အရူပကုသိုလ်ကို ပြုသူတို့သည် ဧရာဝတီမြစ်တွင်းသို့ကျ၍ သေရသူနှင့် တူပေ၏။ မဂ်ကုသိုလ်ကို ပွားနိုင်သူသည်ကား ကမ်းတစ်ဖက်သို့ ကူးမြောက်၍ လွတ်မြောက်သူနှင့် တူပေ၏။

ထို့ကြောင့် မဇ္ဈိမပဋိပဒါနည်းအရ အကုသိုလ်ဖြစ်ငြားသော်လည်း အပါယ်မကျသောအကုသိုလ်ဖြစ်လျှင် အစွန်းသို့မကျရောက်ပေ။ ကုသိုလ်ပင်ဖြစ်ငြားသော်လည်း အပါယ်သံသရာမှလွတ်သော ဝိပဿနာဉာဏ်နှင့်ယှဉ်သော လောကီကုသိုလ်၊ မဂ်ကုသိုလ်ဖြစ်နိုင်ပါမှသာ အစွန်းလွတ်ပေ၏။

မဇ္ဈိမပဋိပဒါ၌ အကုသိုလ်ကို လွန်ကျူးမှုသည် 'ကာမသုခလွှိက'အစွန်းဖြစ်၏။ ကုသိုလ်ကို မပြုလုပ်မှုသည်လည်း 'အတ္တကိလမထ'အစွန်းပင် ဖြစ်၏။ သို့ရာတွင် အကုသိုလ်အာရုံကြုံတိုင်းလည်း ကြောက်စရာမဟုတ်၍ ကုသိုလ်အာရုံကြုံတိုင်းလည်း ကြိုက်စရာသည် မဖြစ်။ မဇ္ဈိမပဋိပဒါကျသော ပြုလုပ်ဆောင်ရွက်ဖွယ်မှန်သမျှသည် ကုသိုလ်၊အကုသိုလ်အဖြစ်မှ လွတ်ကင်းမှုဖြစ်သော အဗျာကတသဘောသို့သက်ရောက်လျက် လွတ်မြောက်ငြိမ်းချမ်းမှုသို့သာ ဦးတည်ဗဟိုပြုပေ၏။

မဇ္ဈိမပဋိပဒါ၏ဂုဏ်ရည်

အလယ်အလတ်ရှုမြင်ကျင့်သုံးခြင်းဟူသော မဇ္ဈိမပဋိပဒါအကျင့်သည် ကာမသုခအတွက်လည်း မကြိုးစား။ အတ္တကိလမထဖြစ်ရန်လည်း အားမထုတ်။ အသိအမြင်မှန်သမ္မာဒိट्ठि၏ ဦးဆောင်မှုဖြင့် သတိ၊ဝီရိယ၊သမာဓိတို့ ပါဝင်လျက် မဂ္ဂင်(၈)ပါးလမ်းစဉ်အတိုင်း ကျင့်သုံးအားထုတ်မှုသည်သာ ဖြစ်၏။

http://www.dhammadownload.com

ထိုအလယ်အလတ်ကျင့်စဉ်ဖြင့် ကျင့်သုံးအားထုတ်သူသည် ကြိုက်ခြင်းအစွန်းသို့လည်း မကပ်။ ကြောက်ခြင်းအစွန်းသို့လည်း မရောက်။ အာရုံ(၆)ပါးတို့၌ မကြိုက်ခြင်း၊ မကြောက်ခြင်းဖြင့်သာ ရှုမြင်ကျင့်သုံး၏။ အာရုံကောင်းကြောင့်လည်း လောဘဖြင့် မမြုပ်။ အာရုံဆိုးကြောင့်လည်း ဒေါသဖြင့် မမျောာ။ မမြုပ်၊မမျောသဖြင့် ပုံမှန် ကူးခတ်ခြင်းဖြင့်သာ ကမ်းတစ်ဖက်သို့ ဆိုက်ရောက်နိုင်မှု ဖြစ်၏။

ချမ်းသာကိုလည်း ရွေးချယ်ခံစားလိုခြင်း မပြု။ ဆင်းရဲကိုလည်း ရွေးချယ်ပယ်စွန့်လိုခြင်း မလုပ်။ မချမ်းသာသဖြင့် မဆင်းရဲဖို့အတွက်သာ ကျင့်သုံးမှု ဖြစ်၏။ အာရုံတိုင်းကိုလည်း ခွင့်ပြုခြင်းဖြင့် လက်မခံ။ မလိုက်လျောခြင်းဖြင့် ငြင်းဆန်မှုမျိုးလည်း မပြု။ လက်ခံခြင်း၊ငြင်းဆန်ခြင်းတို့ကို အခြေအနေအားလျော်စွာ ပြုမှုကျင့်သုံးလေ၏။ ကုသိုလ်ဆိုတိုင်းလည်း အကောင်းဟု မရှုမြင်။ အကုသိုလ်ဆိုတိုင်းလည်း အဆိုးဟု မသုံးသပ်။ အကြောင်းကို အကျိုးဖြင့် ထိန်းငြိုလျက်သာလျှင် စေတနာမှန်ဖြင့် ပြုလုပ်အားထုတ်၏။ အသိအမြင်မှန်ဖြစ်သော သတိသမ္ဘဇဉ် မပြတ်ယှဉ်သဖြင့်သာ အာရုံမှန်သမျှကို ဖြတ်သန်းလွန်မြောက်မှု ပြုလေ၏။

အန္တပဋိပါဒဖြစ်သော အစွန်းရောက်အကျင့်တို့သည် အတ္တကို ဗဟိုပြုလျက်၊ ငါကို ရှေ့တန်းတင်၏။ လောဘဖြင့် သိမ်းပိုကသဖြင့်လည်း ဒေါသဖြင့် ချုပ်ချယ်၏။ မာနဖြင့် အောင်လံလွှင့်ထူ၏။ 'တဏှာ၊မာန၊ဒိဋ္ဌိ'ဟူသော ပပဉ္စတရား (၃)ပါးတို့သာ ပွားသဖြင့် အပါယ်(၄)ပါး၌ လမ်းဆုံးရ၏။

မဇ္ဈိမပဋိပဒါဖြစ်သော အလယ်ဗဟို အကျင့်သည် အနတ္တကို ဗဟိုပြုသဖြင့် ငါကို ဥပေက္ခာ ရှုမြင်၏။ အလောဘဖြင့် စွန့်လွှတ်သဖြင့် အဒေါသဖြင့် ခွင့်လွှတ်၏။ ပညာဉာဏ်ဖြင့် အမှန်မြင်အောင်ကြည့်၍၊ အမှန်သိအောင်သာ အားထုတ်လေ၏။ 'အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော နိပ္ပပဉ္စတရားများ လက်ကိုင်ထားလျက် မဂ္ဂင်အကျင့်တရားကို ပွားသဖြင့် လောဘ၊ဒေါသ၊မောဟတို့မှ လွတ်မြောက်ရာ နိဗ္ဗာန်ပန်းတိုင်၌ လမ်းဆုံးလေ၏။

မဇ္ဈိမပဋိပဒါအနှစ်ချုပ်

မဇ္ဈိမပဋိပဒါလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အသွင်အားဖြင့် ရှောင်ကျဉ်ရမည့် အစွန်းနှစ်ဖက်သည်လည်း ပါဝင်၏။ အနှစ်သာရအားဖြင့် လိုက်နာကျင့်သုံးရမည့် မဂ္ဂင်(၈)ပါးသည်လည်း ပါဝင်၏။ တန်ဖိုးအားဖြင့် ထိုးထွင်းသိမြင်ရမည့် သစ္စာ(၄)ပါး အမှန်တရားလည်း ပါ၏။ ထို(၃)မျိုးတို့ ပေါင်းစုံစုစည်းမှုသည် မဇ္ဈိမပဋိပဒါပင် ဖြစ်၏။ မဇ္ဈိမပဋိပဒါကျသောလုပ်ငန်းစဉ်မှန်သမျှသည် အသွင်အားဖြင့်

http://www.dhammadownload.com

မြင်ရသော အစွန်းနှစ်ဖက်မှာ မတူသောအစွန်း 'ကာမသုခလိက'နှင့် တူသောအစွန်း အတ္တကိလမထ'တို့ဖြစ်၏။ အနှစ်သာ်ရအားဖြင့်ကား ထိုအစွန်းနှစ်ဖက်မှ လွန်မြောက်မှုဖြစ်၏။ သစ္စာလေးပါးကိုလည်း အရိယမဂ်ဖြင့် မျက်မှောက်ပြုနိုင်မှု သည်ကား မဇ္ဈိမပဋိပဒါ၏ ရည်မှန်းချက်ပန်းတိုင် ဖြစ်လေ၏။

မဇ္ဈိမပဋိပဒါအကျင့်တရား မဂ္ဂင်(၈)ပါး

အယမေव အရိယော၊ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယ္ယထိဒံ-

၁-သမ္မာဒိट्ठि၊သမ္မာသင်္ကပ္ပေါ၊ ၂-သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာ အာဇီဝေါ၊ ၃-သမ္မာဝါယာမော၊ သမ္မာသတိ၊သမ္မာသမာဓိ။ အယံခေါ သာ ဘိက္ခဝေ မဇ္ဈိမပဋိပဒါ၊ တထာဂတေန အဘိသမ္ဗုद္ဓါ၊ စက္ခုကရဏီ၊ ဉာဏကရဏီ၊ ဥပသမာယ၊ အဘိညာယ၊ သမ္ဗောဓာယ၊ နိဗ္ဗာနာယ သံဝတ္တတိ။ (မမ္ဗစက္ကပဝတ္တနသုတ်)

မဇ္ဈိမပဋိပဒါဟူသည် မြတ်သောအင်္ဂါရှစ်ပါးရှိသော ဤအရိယာမဂ်ပင် တည်း။ ထိုအရိယာမဂ်ဟူသည် အဘယ်နည်း?။ အမှန်မြင်ခြင်း၊ အမှန်ကြံခြင်း၊ အမှန်ပြောဆိုခြင်း၊ အမှန်ပြုလုပ်ခြင်း၊ အမှန်အသက်မွေးခြင်း၊ အမှန်အားထုတ်ခြင်း၊ အမှန်အောက်မေ့ခြင်း၊ အမှန်တည်ကြည်ခြင်းတည်း။ ရဟန်းတို့ ငါဘုရားရှင်သည် ထိုးထွင်းသိမြင်တော်မူအပ်သော သစ္စာလေးပါးမြင်တတ်သော ပညာမျက်စိကို ပြုတတ်သော၊ သစ္စာလေးပါးကို သိခြင်းကိုပြုတတ်သော၊ ဤမဂ္ဂင်(၈)ပါးဟူသော အလယ်အလတ်အကျင့်သည် ကိလေသာခပ်သိမ်း ငြိမ်းအေးခြင်းအကျိုးငှါ၊ ထူးသော ဉာဏ်ဖြင့်သိခြင်းခြင်း အကျိုးငှါ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်း အကျိုးငှါ၊ နိဗ္ဗာန်အကျိုးငှါ ဖြစ်၏။

ပညာသိက္ခာ-(သိမှုအကျင့်)မဂ္ဂင်-၂-ပါး

သမ္မာဒိट्ठि-အမှန်သိ၊ သမ္မာသင်္ကပ္ပ-အမှန်တွေးကြံ

သီလသိက္ခာ-(စောင့်မှုအကျင့်)မဂ္ဂင်-၃-ပါး

သမ္မာဝါစာ-အမှန်ပြော၊ သမ္မာကမ္မန္တ-အမှန်ပြု၊ သမ္မာအာဇီဝ-အသက်မွေးမှန်မှု

သမာဓိသိက္ခာ-(တည်မှုအကျင့်)မဂ္ဂင်-၃-ပါး

သမ္မာဝါယာမ-အားထုတ်၊ သမ္မာသတိ-အောက်မေ့၊သမ္မာသမာဓိ-တည်ကြည်

http://www.dhammadownload.com

ထိုမဂ္ဂင်(၈)ပါးတွင် သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပ(၂)ပါးသည် အမှန်ကိုသိမှု **'ပညာမဂ္ဂင်'**အကျင့်ဖြစ်၍ **'ပညာသိက္ခာ'** မည်၏။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာဝါအာဇီဝ(၃)ပါးသည် ကိုယ်ကျင့်တရားမှန်အောင် စောင့်ထိန်းမှု **'သီလမဂ္ဂင်'** အကျင့်ဖြစ်၍ **'သီလသိက္ခာ'** မည်၏။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ (၃)ပါးသည် ကျင့်စဉ်အလုပ်ဌ အမှန်တည်စေမှု **'သမာဓိမဂ္ဂင်'**အကျင့်ဖြစ်၍ **'သမာဓိသိက္ခာ'** မည်၏။

မဂ္ဂင်(၈)ပါးဖြစ်သော မဏ္ဍိမပဋိပဒါကျင့်စဉ်ဌ ပညာသိက္ခာသည် 'သိ'မှုကိစ္စဌ ကျင့်၏။ သီလသိက္ခာသည်'စောင့်'မှုကိစ္စဌ ကျင့်၏။သမာဓိသိက္ခာသည် 'တည်'မှုကိစ္စဌ ကျင့်၏။ ဤသို့ 'သိ၊စောင့်၊တည်'မှုသည်ပင် **'မဏ္ဍိမပဋိပဒါ'** မည်၏။

မဏ္ဍိမပဋိပဒါ၏ဆန့်ကျင်ဘက်

မဂ္ဂင်(၈)ပါးဖြင့် အာရုံတစ်ခု၊ကိစ္စတစ်ခုဌ 'စောင့်၊တည်၊သိ'မှုအကျင့်သည် မဏ္ဍိမပဋိပဒါဖြစ်သဖြင့် 'မစောင့်၊မတည်၊မသိ'မှု အကျင့်မျိုးသည် မဏ္ဍိမပဋိပဒါ၏ ဆန့်ကျင်ဘက် အစွန်းရောက်အကျင့် **'အန္တပဋိပဒါ'** ဖြစ်၏။ ထိုအကျင့်မျိုးကို **'မိစ္ဆာမဂ္ဂင်'**လမ်းစဉ်များဟု ဆိုအပ်၏။ **'မိစ္ဆာပဋိပဒါ'** မှားသောအကျင့်၊ မမှန်သော အကျင့်လည်း မည်၏။ 'မစောင့်မှု'ဟူသည် သီလဖြင့် ကိုယ်ကျင့်အမှန်ဖြစ်အောင် မစောင့်ထိန်းခြင်း ဖြစ်၏။ 'မတည်မှု'ဟူသည် သမာဓိဖြင့် အာရုံကောင်းဌ မတည် နိုင်ခြင်း ဖြစ်၏။ 'မသိမှု'ဟူသည် ပညာဖြင့် အာရုံကို အမှန်အတိုင်း မသိခြင်း ဖြစ်၏။

မဏ္ဍိမပဋိပဒါ၏ပဓာနအင်္ဂါရပ်

တတြခေါ ဘိက္ခဝေ သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမာ၊ သမ္မာဒိဋ္ဌိပုရေဇဝံ။

မဂ္ဂင်တရား(၈)ပါးဌ အဓိကကျသော ပဓာနအင်္ဂါရပ်သည် သမ္မာဒိဋ္ဌိ- 'အမှန်သိခြင်းဖြစ်၏'ဟု မြတ်စွာဘုရား ညွှန်ပြတော်မူ၏။ အရဟတ်တက်ခြင်းသည် နေထွက်ခြင်း၏ ရှေ့ပြေးဖြစ်သကဲ့သို့ သမ္မာဒိဋ္ဌခေါ် အသိအမြင်မှန်မှုသည် မဂ္ဂင် (၈)ပါး၊ မဏ္ဍိမပဋိပဒါအကျင့်တရား၏ ရှေ့သွားလမ်းပြ ဖြစ်သဖြင့် ပဓာနကျ၏။ အရေးအကြီးဆုံး ဖြစ်၏။ သမ္မာဒိဋ္ဌိသည် အရဟတ်တက်သည်နှင့်တူ၍ ကျန်မဂ္ဂင်တရား တို့ပြည့်စုံလာ၍ အရိယာမဂ်ဖြစ်ပေါ်လာနိုင်မှုသည် နေထွက်သည်နှင့် ကူ၏။

သမ္မာဒိဋ္ဌိဖြင့် အာရုံတစ်ခုကို အမှန်အတိုင်း ကြည့်နိုင်၊မြင်နိုင်၊သိနိုင်မှုကို

http://www.dhammadownload.com

'ယထာဘူတဉာဏ်' ဟုခေါ်၏။ ယထာဘူတဉာဏ်ဟူသည် အာရုံကို အရှိအတိုင်း၊ အဟုတ်အမှန်အတိုင်း သိမြင်သော 'ဖြစ်စဉ်ကိုက်' အသိဉာဏ် ဖြစ်၏။ ထိုဉာဏ်ဖြင့် အာရုံကို အမှန်အတိုင်း မြင်အောင်ကြည့်လျက်၊ သိအောင်အားထုတ်နိုင်ပါက ကြွင်းသော မဂ္ဂင်တရားများနှင့် ဗောဓိပက္ခိယတရား(၃၇)ပါးလုံးသည် ပြည့်စုံပေ၏။

သီလမဂ္ဂင်ကိုကျင့်သုံးခြင်း

မဏ္ဍိမပဋိပဒါကျင့်စဉ်ကို ကျင့်သုံးအားထုတ်လိုသူသည် သိက္ခာ(၃)ပါးခွဲ အဦးဆုံး သီလမဂ္ဂင်ဖြင့် ကိုယ်ကျင့်သိက္ခာကို ဆောက်တည်ကျင့်သုံးရ၏။ သီလကျင့်စဉ်သည် ကုသိုလ်တရားတို့၏ အစဖြစ်သောကြောင့်တည်း။

သီလကျင့်စဉ်ဟူသည်မှာ နှုတ်အပြောနှင့်ကိုယ်အပြုဖြစ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊သမ္မာအာဇီဝမဂ္ဂင်(၃)ပါးတို့ ဖြစ်၏။ ထို(၃)ပါးတွင် အမှန်ပြောမှု-သမ္မာဝါစာသည် ပဓာနကျ၏။ အမှန်ပြောမှုမရှိသူအား အမှန်ပြုခြင်းနှင့် အမှန်အသက်မွေးခြင်းတို့လည်း မရှိမှုကြောင့် ဖြစ်၏။

သီလမဂ္ဂင်(၃)ပါးကို တည်ဆောက်ရာ၌ 'ကမ္မဿကတာသမ္မာဒိဋ္ဌိ' ခေါ် ကံနှင့်ကံ၏အကျိုးကို အမှန်သိမြင်နိုင်မှုသည်လည်း လိုအပ်၏။ ကံနှင့်ကံ၏အကျိုးကို မသိမြင်နိုင်သူအား မကောင်းမှုမှရှောင်၍၊ ကောင်းမှုကိုဖြည့်ကျင့်ခြင်းမရှိနိုင်။

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် **'ကော အာဒီ ကုသလာနံ ဓမ္မာနံ၊ သီလဉ္စ သုဝိသုဒ္ဓံ၊ ဒိဋ္ဌိ စ ဥဇုကာ'** သီလမဂ္ဂင်(၃)ပါးနှင့် ကမ္မဿကတာသမ္မာဒိဋ္ဌိတို့ ပြည့်စုံခြင်းသည် အထက်စျာန်၊မဂ်၊ဖိုလ် ကုသိုလ်တရားတို့၏အစဖြစ်၏ဟု ဟောတော်မူ၏။ သီလမဂ္ဂင်(၃)ပါးကို ဖြည့်ကျင့်သူသည် မဏ္ဍိမပဋိပဒါကျသော ကိုယ်ကျင့်သိက္ခာကို ကျင့်သုံးသူ မည်၏။ ကိုယ်ကျင့်တရား မှားယွင်းဖောက်ပြန်ခြင်း 'ကာမသုခလ္လိက' အစွန်းနှင့် ကိုယ်ကျင့်မမှန်ခြင်း 'အတ္တကိလမထ' အစွန်းနှစ်ဖက်တို့မှ လွတ်ကင်း၏။ ဝိတိက္ကမကိလေသာခေါ် ကိုယ်နှုတ်-လွန်ကျူးမှု၊ အကြမ်းစားအညစ်အကြေးတို့ကို သုတ်သင်ပယ်သတ်နိုင်၏။ ကိုယ်နှုတ်လွန်ကျူးမှုတို့မှ စင်ကြယ်သဖြင့်လည်း **'သီလဝိသုဒ္ဓိ'** စွမ်းအင်ကို ရရှိပေသည်။

သမာဓိမဂ္ဂင်ကို ကျင့်သုံးခြင်း

သီလေ နိဿာယ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျာဟိ။

သီလမဂ္ဂင်ဖြင့် ကိုယ်ကျင့်သိက္ခာကို ကျင့်သုံးပြီးသူသည် တစ်ဆင့်တက်၍ ထိုသီလ၌ ရပ်တည်အမှီပြုလျက် 'ကာယ၊ဝေဒနာ၊စိတ္တ၊ဓမ္မ' ဟူသော သတိပဋ္ဌာန်

http://www.dhammadownload.com

တရား(၄)ပါးတို့ကို မိမိ၏အဒ္ဓတ္တ၌လည်းကောင်း၊ မိမိ၏အပဗဟိဒ္ဓ၌လည်းကောင်း၊ အဒ္ဓတ္တဗဟိဒ္ဓနှစ်ဝလုံး၌လည်းကောင်း ပွားများအားထုတ်ရ၏။ ထိုထုတ်မှသည် ပညာမဂ္ဂင်၏ရှေးပြေး 'အဓိသမာဓိသိက္ခာ'ကို ကျင့်သုံးသည် မည်၏။

သမာဓိကျင့်စဉ်ဟူသည်မှာ မိမိစိတ်ကို ကုသိုလ်အာရုံသို့ရောက်အောင် ကြောင့်ကြစိုက်ပေးမှု 'သမ္မာဝါယာမ'၊ ကုသိုလ်အာရုံနှင့်စိတ်ကို ဆက်စပ်ပေးမှု 'သမ္မာသတိ'၊ ထိုအာရုံ၌ စိတ်ကို တည်ကြည်ငြိမ်သက်စေမှု 'သမ္မာသမာဓိ'ဟူသော သမာဓိမဂ္ဂင်တရား (၃)ပါးကို ပွားများမှုပင် ဖြစ်၏။

ထိုသမာဓိမဂ္ဂင်(၃)ပါးကို ကျင့်သုံးရာ၌ အာရုံတစ်ခုကို ကပ်၍ စူးစိုက်ရှုမြင်မှု ဟူသော 'စျာနသမ္မာဒိဋ္ဌိ'သည် လိုအပ်၏။ ကုသိုလ်ဆိုင်ရာအာရုံတို့၌လည်းကောင်း၊ ကာယ၊ဝေဒနာ၊စိတ္တ၊ဓမ္မဟူသော သတိပဋ္ဌာန်အာရုံတစ်တို့၌လည်းကောင်း၊ စိတ်ကို စူးစိုက်ရှုမြင်နေမှုသည်ပင် သမာဓိကျင့်စဉ်ကို ကျင့်သုံးခြင်း မည်၏။

သမာဓိကျင့်စဉ်ကို ကျင့်သုံးနိုင်သူသည် အဆင်း၊အသံ၊အနံ့စသော ကာမဂုဏ်အာရုံတို့မှ ကင်းဆိတ်မှု 'ကာမဝိဝေက'နှင့်၊ အကုသိုလ်စိတ်တို့မှ ကင်းဆိတ်မှု 'အကုသလဝိဝေက'တို့ပြည့်စုံသဖြင့် စိတ်စင်ကြယ်ခြင်း 'စိတ္တဝိသုဒ္ဓိ'ကို ရရှိလေ၏။ မဇ္ဈိမပဋိပဒါကျသော သမာဓိသိက္ခာဖြင့် စိတ်စွမ်းရည်ကို ထူထောင်ယူနိုင်မှု ဖြစ်၏။

ထိုသမာဓိသိက္ခာ၏အစွမ်းကြောင့် ကာမဂုဏ်အာရုံတို့၌ လောဘ၊ဒိဋ္ဌိ၊ မာနစသောအကုသိုလ်စိတ်တို့ဖြင့် လွန်ကျူးဖောက်ပြားမှုအကျင့်မှားနှင့် အကျင့်မမှန်ခြင်းဟူသော အစွန်းနှစ်ဖက်မှ လွတ်ကင်းရ၏။ ပရိယုဋ္ဌာနကိလေသာခေါ် အကုသိုလ်စိတ်တို့၏ထကြွသောင်းကျန်းမှု၊ အချောစားအညစ်အကြေးတို့ကိုလည်း သုတ်သင်ပယ်သတ်နိုင်၏။

ပညာမဂ္ဂင်ကို ကျင့်သုံးခြင်း

သမာဓိမဂ္ဂင်(၃)ပါးကို ကျင့်သုံးနိုင်သူသည် 'သမာဟိတော ယထာဘူတံ ပဇာနာတိ'အရ စိတ်တည်ကြည်မှုရှိသဖြင့် အာရုံတစ်ခုခုကို အရှိအမှန်အတိုင်း ယထာဘူတဉာဏ်ဖြင့် သိမြင်နိုင်ရန်အလို့ငှါ ပညာကျင့်စဉ်ကို ကျင့်သုံးနိုင်၏။

ပညာကျင့်စဉ်ဟူသည်မှာ သစ္စာလေးပါး အမှန်တရားကို သိမြင်နိုင်မှု 'သမ္မာဒိဋ္ဌိ'နှင့်၊ ကုသိုလ်ဆိုင်ရာအာရုံတို့ကို တွေးကြံမှု 'သမ္မာသင်္ကပ္ပ' မဂ္ဂင်(၂)ပါး ဖြစ်၏။ ပညာကျင့်စဉ်ကို တည်ဆောက်ရာ၌ ရပ်နာမ်သခ်ီတတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တ

http://www.dhammadownload.com

ဟူသော သာမညလက္ခဏာဖြင့်ရှုမြင်မှု 'ဝိပဿနာသမ္မာဒိဋ္ဌိ'သည် လိုအပ်၏။

ထိုဝိပဿနာသမ္မာဒိဋ္ဌိကို ထူထောင်လိုသူသည် အဦးဆုံး ပညတ်အာရုံတို့ကို ဖယ်ခွာ၍ ပရမတ်အာရုံတို့ကို ရှာရ၏။ ငါ၊သူတစ်ပါး၊ယောက်ျားမိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အမည်နာမ၊ ပုံစံဒြပ်စသည်တို့သည် မရှိပညတ်တရားတို့ ဖြစ်၏။ ပညတ်တရားတို့ကို ရှုမြင်နေမှုသည် ဝိပဿနာသမ္မာဒိဋ္ဌိ မဖြစ်။ ပညာကျင့်စဉ်လည်း မပြည့်စုံ။ သစ္စာဉာဏ်အမြင်ကိုလည်း မရရှိနိုင်။

ထို့ကြောင့် ကာယ၊ဝေဒနာ၊ စိတ္တ၊ဓမ္မဟူသော ရုပ်နာမ်အာရုံတို့ကို ဝိပဿနာဉာဏ်၏အရှုခံအဖြစ် ထားဖို့လို၏။ ထိုရုပ်နာမ်တို့၏ ဖောက်ပြန်မှု၊သိမ္ဘစသော သဘောလက္ခဏာတို့ကို မပြတ်ကြည့်၊သိနေရ၏။ ထိုမှ တစ်ဆင့်တက်၍လည်း ဖြစ်မှု၊ ပျက်မှုဟူသော သင်္ခတလက္ခဏာတို့ကို သိမှတ်ရ၏။ ထိုမှ တစ်ဆင့်တက်၍လည်း မမြဲမှု၊ ဆင်းရဲမှု၊ အတ္တအနှစ်အသား ဘာတစ်ခုမျှမရှိမှုဟူသော သာမညလက္ခဏာသို့ ဆိုက်ရောက်သည့်တိုင်အောင် ရှုမြင်သုံးသပ်ရပေ၏။

ထိုသို့ ပညတ်အာရုံတို့ကို ဖြတ်ကျော်၍ ပရမတ်အာရုံ၌ သာမညလက္ခဏာဆိုက်အောင် ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် ရှုမြင်နိုင်သူအား ငါ၊သူတစ်ပါး၊ ယောက်ျား၊ မိန်းမစသော အယူ၊အသိမှား မိစ္ဆာဒိဋ္ဌိတရားတို့ကို ပယ်သတ်ခြင်းနှင့်၊ အမြင်အသိ အမှန်တရား သမ္မာဒိဋ္ဌိဖြစ်ပေါ်မှုတို့သည် တစ်ပြိုင်နက်ခဏတိုင်း၌ပင် ထင်ရှားဖြစ်၏။ 'ဒိဋ္ဌိဝိသုဒ္ဓိ'ခေါ် အသိအမြင်စင်ကြယ်ခြင်းနှင့် အမှန်အတိုင်းသိမြင်နိုင်ခြင်းဟူသော ယထာဘူတအသိဉာဏ်၏စွမ်းအားသည် ပို၍ပို၍ ထင်ရှားစွာ ဖြစ်ပေါ်လေ၏။

ဤနည်းဖြင့် မဇ္ဈိမပဋိပဒါကျသော ပညာကျင့်စဉ်ကို ကျင့်သုံးသူသည် ကာမဂုဏ်အာရုံတို့၌ ငါ၊သူတစ်ပါး၊ ယောက်ျား၊မိန်းမစသည်အားဖြင့် ထင်မှားခြင်း အကျင့်မှားနှင့် သစ္စာလေးပါးကို မသိမြင်သဖြင့် အကျင့်မမှန်ခြင်းဟူသော အစွန်းနှစ်ဖက်မှ လွတ်ကင်း၏။ သတ္တဝါတို့၏ အဖျတ္တသန္တာန်၌ အစဉ်ကိန်းအောင်းနေသော ဒိဋ္ဌာနုသယ၊အဝိဇ္ဇာနုသယ(ဝိစိကိစ္ဆာ)၊ ကိလေသာအနုစားတို့ကို သုတ်သင်ပယ်သတ်နိုင်မှုသည် ဖြစ်၏။

လင်္ကာ။ ကိုယ်နှင့်နှတ်မှာ၊ စောင့်ထိန်းတာ၊ သီလမဂ္ဂင်ပါ။
ကုသိုလ်အာရုံမှာ၊ စိတ်တည်တာ၊ သမာဓိမဂ္ဂင်ပါ။
သစ္စာလေးဖြာ၊ သိမြင်တာ၊ ပညာမဂ္ဂင်ပါ။
သိက္ခာသုံးဖြာ၊ ကျင့်သုံးတာ၊ မဇ္ဈိမပဋိပဒါ။
လမ်းမှန်ကိုလျှောက်၊ ဉာဏ်မြင်ပေါက်၊ ဆိုက်ရောက်နိဗ္ဗုဒ္ဓတာ။

http://www.dhammadownload.com

မဂ်(၃)မျိုးဖြစ်ပေါ်ပုံ

မစ္ဆိမပဋိပဒါကျင့်စဉ်၌ 'သီလ၊သမာဓိ၊ပညာ'ဟူသော သိက္ခာသုံးပါးကို ကျင့်သုံးအားထုတ်ရာတွင် သီလမဂ္ဂင်(၃)ပါးနှင့် ကမ္မသကတာသမ္မာဒိဋ္ဌိတို့သည် ဘာဝနာကုသိုလ်တရားကို မပွားမီ ရှေးဦးစွာကပင် ပွားများအားထုတ်အပ်သောကြောင့် 'မူလမဂ်'မည်၏။ သမာဓိမဂ္ဂင်(၃)ပါးနှင့်ဈာနသမ္မာဒိဋ္ဌိ၊ ပညာမဂ္ဂင်(၂)ပါးနှင့် ဝိပဿနာသမ္မာဒိဋ္ဌိတို့သည် အရိယာမဂ်ကို မပွားမီရှေးအဖို့၌ ပွားများအားထုတ်အပ်သောကြောင့် 'ပုဗ္ဗဘာဂမဂ်'မည်၏။ ထိုပုဗ္ဗဘာဂမဂ်ကို ပွားသဖြင့် အစဉ်သဖြင့် သစ္စာလေးပါးကိုမျက်မှောက်ပြုသော လောကုတ္တရာမဂ်သည် 'အရိယာမဂ်' မည်၏။ လင်္ကာ။ မူလ,ပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်။

ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။(မဟာစည်ဆရာတော်)

အကြည့်မဂ္ဂင်နှင့်အသိမဂ္ဂင်

ပုဗ္ဗဘာဂမဂ်ဟုဆိုအပ်သော 'သမာဓိမဂ္ဂင်'(၃)ပါးနှင့် ပညာမဂ္ဂင် (၂)တို့တွင် သမာဓိမဂ္ဂင်(၃)ပါးသည် ဝိပဿနာ၏အာရုံဖြစ်သော ရုပ်နာမ်တရား၊ ခန္ဓာငါးပါးတို့ကို မမြင်၊မြင်အောင် ကြည့်မှုပြုသဖြင့် 'အကြည့်မဂ္ဂင်' မည်၏။ ပညာမဂ္ဂင် (၂)ပါးသည် သမာဓိမဂ္ဂင်ဖြင့် ကြည့်၍မြင်အပ်သော ရုပ်နာမ်သင်္ခါတတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာမှ မဂ်၊ဖိုလ်၊နိဗ္ဗာန်အထိ မသိ၊သိအောင်ပြုသဖြင့် 'အသိမဂ္ဂင်' မည်၏။

သမာဓိမဂ္ဂင်(၃)ပါး၏ အနှစ်သာရသည် သမာဓိ ဖြစ်၏။ ပညာမဂ္ဂင်(၂)ပါး၏အနှစ်သာရသည် ပညာ ဖြစ်၏။ သမာဓိရှိမှသာလျှင် ပညာဖြင့် သိမြင်နိုင်၏။ ပညာဖြင့် သိမြင်နိုင်မှ၌လည်း သမာဓိပါဝင်ရ၏။ သမာဓိသည် ဥဒ္ဓစ္စကို ပယ်သောအားဖြင့် စိတ်၏တည်ကြည်မှုသဘောဖြင့် နိဗ္ဗာန်လျှင် ကျက်စားရာရှိ၏။ ပညာသည် အဝိဇ္ဇာကိုပယ်သောအားဖြင့် စိတ်၏တည်ကြည်မှုသဘောဖြင့် နိဗ္ဗာန်လျှင် ကျက်စားရာရှိ၏။ ဤသို့ သမာဓိနှင့်ပညာတို့သည် တူသောကိစ္စ ရှိကုန်၏။ အစုံအဖွဲ့ဖြစ်ကုန်၏။ အချင်းချင်းမလွန်ကုန်။ ထို့ကြောင့် ကျက်စားရာသဘောဖြင့် သမာဓိ၊ပညာကို အစုံပြု၍ ပွားစေအပ်၏။ သမာဓိကိုလည်း ဥပစာသမာဓိခေါ် ဝိပဿနာခဏိက သမာဓိဖြစ်အောင် ပွားအပ်၏။ ပညာကိုလည်း ပွားများအပ်ပေ၏။ 'တသိမေ ဒွေမဂ္ဂာ ယုဂနဒ္ဓာ ဝတ္တန္တိ၊ သမထောစ ဝိပဿနာစ'။ (ဥပရိပဏ္ဏာသပါဠိ၊၃၃၈) လင်္ကာ။ မကြည့်မမြင်၊ ကြည့်မှမြင်။ မမြင်မသိ၊ မြင်မှသိ။

မသိလျှင်တွယ်၊ သိလျှင်ပယ်။ တွယ်လျှင်ကားဘေး၊ ပယ်မှအေးစ၏။

http://www.dhammadownload.com

သိက္ခာ(၃)ပါးကျင့်သုံးမှု၌ သမ္မာဒိဋ္ဌိအစပြုပုံ

မြတ်စွာဘုရားက-"ရဟန်းတို့၊ မျက်စိအကြည်ရုပ်ကိုလည်းကောင်း၊ အဆင်းရူပါရုံကိုလည်းကောင်း၊ ထိုနှစ်ခုကို စွဲ၍ဖြစ်သော မြင်သိစိတ်ကိုလည်းကောင်း၊ ထိုသုံးခုတို့တွေ့ဆုံမှုကြောင့်ဖြစ်သော ထိမှုသဘောကိုလည်းကောင်း၊ ထိုထိမှုကြောင့်ဖြစ်သော သာယာသောခံစားမှု၊မသာယာသောခံစားမှု၊အလယ်အလတ်ခံစားမှုတို့ကိုလည်းကောင်း၊ မြင်အောင်ကြည့်လျက်သိအောင်ပြုပါက မျက်စိကိုလည်း မတပ်မက်။ အဆင်းကိုလည်း မတပ်မက်။ မြင်သိစိတ်ကိုလည်း မတပ်မက်။ တွေ့ထိမှုကိုလည်း မတပ်မက်။ ခံစားမှုကိုလည်း မတပ်မက်။ တပ်မက်မှုနှင့် မစပ်ယှဉ်သဖြင့် မတွေ့မဝေသိလျက် အပြစ်မြင်နေသောယောဂီအား စွဲလန်းမှုအစုဖြစ်သော ဥပါဒါန်ခန္ဓာငါးခုတို့သည် မတိုးပွား။ မတိုးပွားသဖြင့် ဘဝသစ်ကို ဖြစ်စေတတ်သောတဏှာသည် မဖြစ်။ တဏှာမဖြစ်သဖြင့် ကိုယ်စိတ်ပူလောင်မှုများ ငြိမ်းအေးပေ၏'ဟုဟောတော်မူ၏။

'မျက်စိ၊အဆင်း၊မြင်သိစိတ်'စသည်တို့၌ အရှိ၊အမှန်အတိုင်း သိနေမှုသည် 'သမ္မာဒိဋ္ဌိ'မဂ္ဂင်၏ကိစ္စ ဖြစ်၏။ ထိုအသိအတိုင်း အမှန်ကို ကြံစည်နေမှုသည် 'သမ္မာသင်္ကပ္ပ'မဂ္ဂင်ဖြစ်၏။ သိနေနိုင်အောင် အားထုတ်မှုသည် 'သမ္မာဝါယာမ'မဂ္ဂင်ဖြစ်၏။ ထိုအသိအတိုင်း အမှတ်ရနေမှုသည် 'သမ္မာသတိ'မဂ္ဂင် ဖြစ်၏။ ထိုအသိတည်မြဲနေအောင် ထိန်းပေးနေမှုသည် 'သမ္မာသမာဓိ'မဂ္ဂင် ဖြစ်၏။ ရှေးဦးကပင် ယောဂီ၏ကိုယ်နှုတ်အမူအရာတို့သည် စင်ကြယ်နေပြီဖြစ်သောကြောင့် သီလမဂ္ဂင်(၃)ပါး ပြည့်စုံ၏။ ဤသို့ 'ပညာသိက္ခာ'ဖြင့် သိနေမှု၊ 'သီလသိက္ခာ'ဖြင့် စောင့်နေမှု၊ 'သမာဓိသိက္ခာ'ဖြင့် တည်နေမှုအားဖြင့် သိက္ခာ(၃) ပါးကျင့်သုံးမှုသည် ပြီးပြည့်စုံလေတော့၏။

အသိ(၃)မျိုးဖြင့် သိမှုများ

အသိဟူသည် သညာဖြင့် အာရုံတစ်ခုခုကို အမှတ်အသားပြု၍ သိမှုမျိုးလည်း ရှိ၏။ ဝိညာဏ်ဖြင့် အာရုံ၏အရသာကိုသိမှုမျိုးလည်း ရှိ၏။ ပညာဖြင့် အနိစ္စစသော အပြားအားဖြင့် ထိုးထွင်းသိမှုလည်း ရှိ၏။

ထိုတွင် သညာသိသည် သင်သိ၊ကြားသိ၊နှာသိ၊မှတ်သားသိစသော သုတမယညာဏ်ဖြင့်သိမှု ဖြစ်၏။ ဝိညာဏ်သိသည် သညာသိအခြေခံလျက် မိမိတို့စိတ်ဖြင့် ကြံစည်စဉ်းစားသိသော စိန္တာမယညာဏ်ဖြင့်သိမှု ဖြစ်၏။

http://www.dhammadownload.com

ပညာသိတွင်လည်း ယထာဘူတဉာဏ်၊ဝိပဿနာဘာဝနာမယဉာဏ်တို့ ဖြင့်သိမှုသည် လောကီပညာသိသာ ဖြစ်၏။ မဂ်အခိုက်၊ဖိုလ်အခိုက်တိုင်အောင် ပဋိဝေဓဉာဏ်ဖြင့် ထိုးထွင်းသိမှုသည်သာ လောကုတ္တရာမဂ်ပညာ၊ ဖိုလ်ပညာအစစ် ဖြစ်၏။

သညာသိ၊ဝိညာဏ်သိတို့သည် ပညတ်တရားတို့ကို အာရုံပြု၏။ ပရမတ် သဘောဖြစ်သော ရုပ်နှင့်နာမ်တို့သည် ဝိပဿနာဉာဏ်ပညာ၏ အာရုံဖြစ်၏။ ပရမတ်ရုပ်နာမ်သဘောတို့ကို သိဖို့ဟူသည် အပြောလွယ်၍ အလုပ်ကားခက်၏။ နီးသလိုနှင့်ဝေး၏။ တိမ်သလိုနှင့် နက်နဲ၏။ လွယ်သည်နီးသည်၊တိမ်သည်ဆိုသည်မှာ သညာသိ၊ဝိညာဏ်သိတို့၏သဘောပင် ဖြစ်၏။ ခက်သည်၊ဝေးသည်၊နက်သည်ဆို သည်မှာ ပညာသိ၏သဘောကိုသာ ဆိုလိုမှု ဖြစ်၏။

သိစရာအာရုံနှင့် သိမှုအလုပ်

သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့၌ သိစရာအာရုံနှင့် သိမှုဉာဏ် သည် ပဓာနဖြစ်၏။ သိစရာအာရုံသည် 'အသင်္ခတပညတ်ဓမ္မာရုံ'ဖြစ်လျှင် သမထ ဘာဝနာဉာဏ်သာ ဖြစ်၏။ သိစရာအာရုံသည် 'သင်္ခတပရမတ်ဓမ္မာရုံ'ဖြစ်လျှင် ဝိပဿနာဘာဝနာဉာဏ် ဖြစ်၏။ ရှုမြင်အပ်သော အာရုံအားလျော်စွာ 'သမထနှင့် ဝိပဿနာ'ဟူ၍ ကွဲပြားမှုသည် ဖြစ်၏။

သို့သော် အာရုံတစ်ခုကို သိမှတ်နေမှုတွင် သမထဖြစ်သော်လည်းကောင်း၊ ဝိပဿနာဖြစ်သော်လည်းကောင်း သိနေမှုကြောင့်သာ မှတ်နေနိုင်မှု ဖြစ်၏။ မသိလျှင် မမှတ်နိုင်။ ထိုသိနေမှုကိုပင် ပညာဟု ခေါ်ဆိုရ၏။ မှတ်နေမှုမှာ သမာဓိ ဖြစ်၏။ သိမှုနှင့်မှတ်မှု တွဲနေနိုင်မှုတွင် သတိ၏အောက်မေ့မှုစွမ်းအားလည်း ပါ၏။ ဝီရိယ၏ ကြောင့်ကြစိုက်ပေးမှုစွမ်းအားလည်း ပါ၏။ ဝိတက်၏ ကြံစည်မှုစွမ်းအားလည်းပါ၏။

ဤသဘောဖြင့် အာရုံတစ်ခုနှင့် သတိ၊ဝီရိယ၊သမာဓိ၊ပညာ၊ဝိတက်ဟူသော ပုဗ္ဗဘာဂမဂ္ဂင်(၅)ပါးတို့တွဲ၍ အားထုတ်နေမှုကိုပင် သမထဘာဝနာဟုလည်းကောင်း၊ ဝိပဿနာဘာဝနာဟုလည်းကောင်း ခေါ်ရ၏။

သမထဘာဝနာ၏တန်ဖိုးသည် သမာဓိအထွတ် ရှိ၏။ ဝိပဿနာ ဘာဝနာ၏တန်ဖိုးသည် မဂ်ဉာဏ်လျှင် အထွတ်ရှိလေ၏။ သမာဓိစွမ်းအား ကြီးထွားဖို့ အလို့ငှါ အခြေခံသီလစွမ်းအားက ထောက်ပံ့မှု ပြု၏။ ပညာစွမ်းအား ကြီးထွားဖို့ အလို့ငှါ သမာဓိစွမ်းအား၏ထောက်ပံ့မှုသည် ပဓာနဖြစ်၏။ အကြောင်းမှာ ပညာဖြင့် ထုံမွှမ်းအပ်သောစိတ်သည်သာ ကိလေသာ၊အာသဝေါတရားတို့မှ လွတ်မြောက်

http://www.dhammadownload.com

နိုင်ခြင်းကြောင့်တည်း။

သီလပရိဘာဝိတော သမာဓိ၊ မဟပ္ဖလော ဟောတိ မဟာနိသံသော။ သမာဓိပရိဘာဝိတာ ပညာ မဟပ္ဖလော ဟောတိ မဟာနိသံသော။ ပညာပရိဘာဝိတं စိတ္တं သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။ (သုတ်မဟာဝါ၊မဟာပရိနိဗ္ဗာနသုတ်၊)

မြင်လျှင် 'မြင်သည်' ဟု သိမှတ်နေရမှု

တသ္မာတိဟ တေ ဗာဟိယ ဧवं သိက္ခိတဗ္ဗံ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ၊ သုတေ သုတမတ္တံ ဘဝိဿတိ၊ မုတေ မုတမတ္တံ ဘဝိဿတိ၊ ဝိညာတေ ဝိညာတ မတ္တံ ဘဝိဿတိ။ (ဥဒါနပါဠိ၊ ဗာဟိယသုတ်)

မြတ်စွာဘုရားသည် ဗာဟိယသုတ္တန်၌ အာရုံ(၆)ပါးတို့နှင့် ဒွါရ(၆)ခုတို့ ဆုံခိုက်၊ စိတ်ဝိညာဏ်(၆)မျိုးတို့ဖြင့် မြင်သိစိတ်စသည်ဖြစ်ခိုက်၌ 'မြင်သည်' ဟု မြင်ကာမျှကို သိမှတ်ရန်၊ ကြားသိစိတ်ဖြစ်ခိုက် 'ကြားသည်'၊ နံစိတ်ဖြစ်ခိုက် 'နံသည်'၊ စားစိတ်ဖြစ်ခိုက် 'စားသည်'၊ ထိစိတ်ဖြစ်ခိုက် 'ထိသည်'၊ သိစိတ်ဖြစ်ခိုက် 'သိသည်' ဟု သိမှတ်ရန် ညွှန်ပြတော်မူ၏။ အဘယ်အကျိုးငှါ ညွှန်ပြပါသနည်း။

တတော တွံ ဗာဟိယ နိ တေန၊ ယတော တွံ ဗာဟိယ နိ တေန။

ဗာဟိယ၊ချစ်သားဗာဟိယ။ တတော၊ထိုသို့ကျင့်ခြင်းကြောင့်။ တွံ၊သင်သည်။ တေန၊ ထိုသို့ မြင်ရုံ၊ကြားရုံ၊နံရုံ၊စားရုံ၊ထိရုံ၊သိရုံမျှကျင့်သဖြင့်။ (အတ္တာနံ-ကိုယ်(၎)ကို)။ နိ-(ပဿတိ)မမြင်ရခြင်းဖြစ်လတ္တံ့။ ဗာဟိယ၊ချစ်သားဗာဟိယ။ ယတော၊ အကြင်ကြောင့်။ တွံ၊သင်သည်။ တေန၊ ထိုသို့ မြင်ရုံ၊ကြားရုံ၊နံရုံ၊စားရုံ၊ထိရုံ၊သိရုံမျှကျင့်သဖြင့်။ (အတ္တာနံ-ကိုယ်(၎)ကို)၊ နိ(ပဿတိ)မမြင်ရခြင်းဖြစ်ပေလတ္တံ့။

တတော တွံ ဗာဟိယ နိ တတ္ထ၊ ယတော တွံ ဗာဟိယ နိ တတ္ထ။

ဗာဟိယ၊ချစ်သားဗာဟိယ။ တတော၊ထိုသို့ကျင့်မှုကြောင့်။ တွံ၊ သင်သည်။ တတ္ထ၊ ထိုမြင်ရာ၊ကြားရာ၊နံရာ၊စားရာ၊ထိရာ၊သိရာ၌။ (အတ္တာနံ-ကိုယ်(၎)ကို) နပဿတိ၊ မမြင်ရလတ္တံ့။ ဗာဟိယ၊ချစ်သားဗာဟိယ။ ယတော၊ အကြင်ကြောင့်။ တွံ၊သင်သည်။ တတ္ထ၊ ထိုမြင်ရာ၊ကြားရာ၊နံရာ၊စားရာ၊ထိရာ၊သိရာ၌။ (အတ္တာနံ-ကိုယ်(၎)ကို) နပဿတိ၊ မမြင်ရခြင်းသည်ဖြစ်ပေလတ္တံ့။

မြင်ကာမျှစသည်ကို သိမှတ်နေမှုကြောင့် 'မြင်မှု၊ကြားမှု၊နံမှု၊စားမှု၊ ထိမှု၊ သိမှု' တို့၌ အတ္တအနေဖြင့် '၎' ကို မမြင်ရပေ။ 'မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ်' ဒွါရတို့၌လည်း '၎' ကို မမြင်ရပေ။ 'အဆင်း၊အသံ၊အနံ့၊ အရသာ၊အတွေ့၊ အသိ' အာရုံတို့၌လည်း '၎' ကို မမြင်ရနိုင်တော့ပေ။

http://www.dhammadownload.com

တတော တွံ ဗာဟိယ နေဝိဓ၊ နေ ဟုရံ၊ နေ ဥဘယမန္တရေန ဒေသေဝန္တော ဒုက္ခဿ။ (ဥဒါနပါဠိ၊ ဗာဟိယသုတ်၊ ၈၆)

ဗာဟိယ၊ချစ်သားဗာဟိယ။ တတော၊ ထိုသို့မြင်မှုစသည်၌မတည်မှုကြောင့်။ တွံ၊သင်သည်။ ဣဓ၊ မျက်စိနှား၊နှာ၊လျှာ၊ကိုယ်၊စိတ်(၆)ဒွါရဟူသော ဤလောကဌ်။ (အတ္တာနံ-ကိုယ်ကို)။နေ(ပဿတိ)မမြင်ရလတ္တံ့။ ဟုရံ၊ အဆင်း၊အသံ၊ အနံ့၊အရသာ၊ အတွေ့၊အသိအာရုံ(၆)မျိုးဟူသော အခြားလောကဌ်။(အတ္တာနံ-ကိုယ်ကို) နေ(ပဿတိ) မမြင်ရလတ္တံ့။ ဥဘယမန္တရေန၊ ဒွါရအာရုံ နှစ်ပါးစုံတို့၏အကြား စိတ်၊စေတသိက် နာမ်တရားလောကဌ်။ (အတ္တာနံ-ကိုယ်ကို) နေ(ပဿတိ)၊ မမြင်ရတော့ပေလတ္တံ့။ ဒေသေဝ၊ ဤဒွါရ၊အာရုံ၊ဝိညာဏ်လောကတို့ဌ် သင်မရှိတော့ခြင်းသဘောသည်ပင်။ ဒုက္ခဿ၊ ဆင်းရဲ၏။ အန္တော၊ အဆုံးအပိုင်းအခြား နိဗ္ဗာန်တရားတည်း။

ဤသို့ ဒွါရ(၆)ခု၊ အာရုံ(၆)ခုလုံးတို့ဌ် ငါကို မမြင်ရသည်ရှိသော်၊ ဒွါရ၊ အာရုံတို့၏အကြား အလုံးစုံသော စိတ်၊စေတသိက်နာမ်တရားတို့ဌ် 'ငါ'ကို မမြင်ရ ခြင်းဖြစ်ပေ၏။ ထိုသို့ 'ငါ'ကို မမြင်ရခြင်းသည်ပင်လျှင် 'ဒေသေဝန္တော ဒုက္ခဿ' ဒုက္ခ၏အဆုံးဖြစ်သော နိဗ္ဗာန်ကို မြင်ရခြင်းဖြစ်ပေ၏'ဟု ညွှန်ပြတော်မူ၏။

ငါဟူသည် အတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိတို့ကို ဆိုခြင်း ဖြစ်၏။ ငါကို မမြင်ရ ခြင်းသည် အတ္တဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိ ကွာခြင်း မည်၏။ ငါမရှိ။ ဒိဋ္ဌိကွာ၍ ခန္ဓာမျှသာ မြင်သူသည် သောတာပန် ဖြစ်တော့၏။ ပုထုဇဉ်၏ခန္ဓာငါးပါးကို ဒိဋ္ဌိဖြင့် ထိန်းချုပ် ထား၏။ ဒိဋ္ဌိအားရှိသဖြင့် လောဘ၊မာနစသည်တို့ အားတိုးရလေ၏။ ဒိဋ္ဌိ၊တဏှာ၊ မာနတို့စွမ်းအားကြောင့် သတ္တဝါတို့ သံသရာလည်ရ၏။ ဒိဋ္ဌိ၊တဏှာ၊မာနတို့ မရှိသော် သံသရာပြတ်၏။ ဗာဟိယသည် ပါရမီစွမ်းအားပြည့်ဝသူဖြစ်သဖြင့် ထိုဒေသနာ အဆုံးဌ်ပင် ရဟန္တာဖြစ်၏။ သိမ်မွေ့နက်နဲ၏။ သဘောပေါက်ဖွယ်ကောင်းလေစွ။

ငါကိုမမြင်ရ၍ အနတ္တဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်နိုင်ပုံ

နိဗ္ဗာန်၏ ဤမှာဘက်ကမ်းသည် 'အတ္တ'ဟူသော ငါဖြင့် ပိုင်းခြားသုံး သပ်အပ်သော ကိလေသာ၊ အနုသယ၊ပရိယุဋ္ဌာန်တို့ဖြင့် ဘဝတစ်ဖန်ဖြစ်မှု၊ ခန္ဓာနာမ်၊ ရူပ်တို့တည်း။ ငါဟူသောအတ္တကို မမြင်မှုသည် 'ငါကို ကျောခိုင်းခြင်း' ဖြစ်၏။ ငါကို ကျောခိုင်းမှုသည် 'ငါကို စွန့်ခွာခြင်း' မည်၏။ ငါကို စွန့်ခွာခြင်းသည်ပင် ငါမပါ၊ ငါမရှိ၊ ငါမဖြစ်သည့် 'အနတ္တ'ကို ထင်မြင်လျက်၊ 'ငါကို ပယ်သတ်ကာ ငါကင်းပြတ်ချုပ်ငြိမ်းသော နိဗ္ဗာန်ကို မြင်နိုင်မှု'ပင် ဖြစ်ပေ၏။ နိဗ္ဗာန်ကို မြင်နိုင်ပုံမှာ-

http://www.dhammadownload.com

မြင်ဆဲအခိုက်စသည်၌ 'မြင်သည်၊မြင်သည်'ဟု သိမှတ်နေမှုသည် ဝိညာဏ်၏အာရုံဖြစ်သော ရုပ်နာမ်မျှသာထင်နေခြင်း ဖြစ်၏။ ကိလေသာ၏အာရုံ ဖြစ်သော ငါ၊သူတစ်ပါးစသည့် အတ္တအားဖြင့် မထင်မှုဖြစ်သည်။ ကိလေသာ၏ အာရုံမထင်မှုသည်ပင် သိမှတ်သမျှ တဒင်္ဂ၊တဒင်္ဂတိုင်း၌ ကိလေသာချုပ်နေခြင်း ဖြစ်၏။ ကိလေသာချုပ်နေမှုကြောင့် တဒင်္ဂ၊တဒင်္ဂအားဖြင့် ဘဝတစ်ဖန် ခန္ဓာနာမ်ရုပ် ချုပ်နေ၏။ ထိုမှတစ်ဖန်လည်း ဉာဏ်အဆင့်ဆင့်ဖြင့် ကိလေသာ၊ ဘဝတစ်ဖန် ခန္ဓာနာမ်ရုပ်တို့ ချုပ်သဖြင့် တဒင်္ဂတိုင်း၊တဒင်္ဂတိုင်း၌ ဉာဏ်ဖြင့်ထင်စွာ 'ငါ'ဟူသော အတ္တကို မမြင်ရပေ။ ငါဟူသောအတ္တကို မမြင်သမျှ တဒင်္ဂ၊တဒင်္ဂ 'အနတ္တ' ထင်ရ၏။ အနတ္တထင်သမျှ တဒင်္ဂ၊တဒင်္ဂအားဖြင့် နိဗ္ဗာန်ကို မြင်မှုသဘော ဖြစ်၏။

မနောဝိညာဏ်ဖြင့်သိသော်လည်း အာရုံမတူပုံ

သိစရာအာရုံဟူသည် ရုပ်တရား၊နာမ်တရားဟူသော ခန္ဓာငါးပါး ဖြစ်၏။ ထိုအာရုံတို့၏ ဖြစ်ပေါ်နေဆဲ ဥပါဒ်အခိုက်၌ မြင်လျင် မြင်သည်ဟုလည်းကောင်း၊ သွားလျင်သွားသည်ဟုလည်းကောင်း၊ မနောဒွါရာဝဇ္ဇနိ်းဟူသော မနောဝိညာဏ်ဖြင့် သိရ၏။ ဝိပါက်ဝိညာဏ်အခိုက်၌လည်း သိမှတ်ကြရ၏။ ဇောဝိညာဏ်အခိုက်၌ လည်း သိမှတ်ကြရ၏။ သိမှတ်နေသမျှတွင် ကိလေသာ၏ အာရုံမထင်။ ဝိညာဏ်၏ အာရုံမျှသာ ထင်၏။

ထိုသိမှတ်မှု၌ သတိ၊နှင့်အသိ ရှေ့သွားရှိသော ဝိပဿနာအလုပ်မှန်ပါက ဖြစ်ပေါ်ဆဲ ရုပ်နာမ်မှန်သမျှသည် ဝိညာဏ်၏အာရုံမျှသာ ထင်၏။ ဝိပဿနာအလုပ် မမှန်ပါက ကိလေသာ၏အာရုံ ထင်၏။ ဝိညာဏ်ဖြင့်သိသောခဏ၌ကား မည်သူမဆို ဝိညာဏ်၏အာရုံသည် တူ၏။ ဇောကာလမှတ်သော ခဏ၌ကား အာရုံမတူ။ ခွေး၊မြေခွေးစသော အန္ဓပုထုဇဉ်မျိုးတို့သည်လည်း မြင်ဆဲအခိုက်၌ ရုပ်ကိုပင် အာရုံပြုလျက် မနောဒွါရာဝဇ္ဇနိ်းဟူသော မနောဝိညာဏ်ဖြင့် သိကုန်၏။ သို့သော် ဇောကာလမှတ်မှုတွင်ကား ကိလေသာ၏အာရုံအဖြစ် 'ငါမြင်သည်၊ငါသွား သည်'ဟုသာ မှတ်ထင်ကုန်သဖြင့် ကိလေသာ၏အာရုံသာ ထင်ကြ၏။

ဝိပဿနာယောဂီသည်ကား မြင်ဆဲခဏ၌ မနောဒွါရာဝဇ္ဇနိ်းဟူသော မနောဝိညာဏ်ဖြင့် မြင်သည်ဟုပင် သိမှတ်၏။ ဇောကာလမှတ်သောခဏ၌လည်း ဝိညာဏ်၏အာရုံဖြစ်သော ရုပ်ကိုပင် အာရုံပြုလျက် မြင်သည်ဟု သိမှတ်နေ၏။ မှတ်တိုင်းလည်း ပြောဆို၏။ သို့သော် ကိလေသာ၏အာရုံကား မထင်။ ဝိညာဏ်၏ အာရုံအဖြစ်မျှသာ ထင်၏။ ဝိညာဏ်၏အာရုံအဖြစ် ရုပ်နှင့်နာမ်ထင်နေသမျှ၌

http://www.dhammadownload.com

-ကိုလေသာမထင်မှုသည် ဖြစ်ပေ၏။

သိ,စောင့်,တည်-မဂ္ဂင်(၈)ပါးပွားပုံ

အဆင်းရူပါရုံကို ကြည့်ခိုက်၌ စက္ခုဝိညာဏ်စိတ်က မြင်၏။ သိစရာအာရုံက ရုပ်ဖြစ်၏။ သိစိတ်က နာမ်ဖြစ်၏။ 'မြင်သည်'ဟုပင် သိမှတ်နေရ၏။ 'အဆင်းက-ရုပ်၊ ဝိညာဏ်က-စိတ်'ဟု အထူးစိတ်ကူးနေဖွယ် မလိုသေး။ သိကာမျှဖြင့်ပင် 'ဂေါစရသမ္ပဇဉ်' ပြည့်စုံလေ၏။ ထို့အတူ ကြားလျင် 'ကြားသည်'။ နံသည်။ စားသည်။ ထိတွေ့သည်။ တွေးကြံသည်စသည်အားဖြင့် သိ၊သိနေရပေ၏။

ဤကဲ့သို့ မြင်ကာမျှ၊ကြားကာမျှတို့၌ အမြင်ခံ၊အကြားခံက ရုပ်၊ မြင်သိမှု၊ ကြားသိမှုက နာမ်ဟု ရုပ်နာမ်နှစ်ပါးကို ထင်ရှားစွာ အမှတ်ပြုနေသည်ဟု နှလုံးသွင်းမှတ်ရပေ၏။ ထိုသို့သိနေမှုသည်ပင် ရုပ်ဆတ်ဆတ်၊နာမ်ဆတ်ဆတ်ဖြစ်သော ပရမတ်သဘောနှစ်ခုကို သိမှုဖြစ်သဖြင့် ဂေါစရသမ္ပဇဉ်ဖြင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဟူသော ပညာမဂ္ဂင်နှစ်ပါးကို ပွားမှု မည်ပေ၏။

ထိုသို့ သိမှတ်နေသဖြင့် မြင်ခိုက်၌ လိုချင်မှုလောဘသည် မဖြစ်။ မြင်မှု၌ စိတ်ဆိုးမှုဒေါသသည် မဖြစ်။ မြင်တာကို မသိမှုမောဟလည်း မဖြစ်။ လောဘ၊ ဒေါသ၊မောဟအကုသိုလ်များ မဖြစ်ပွားသဖြင့် သူ့အသက်သတ်မှုစသော ဒုစရိုက်မှုများ မကျူးလွန်မိအောင် သီလသိက္ခာက စောင့်ထိန်း၏။ သီလမဂ္ဂင်ပါဝင်ပြီး ဖြစ်၏။

ထို့အတူ မြင်ခိုက်ကို သိနေသဖြင့် ကြားခိုက်၊ စားခိုက်စသည်တို့သို့ စိတ်မရောက်။ စိတ်သည် မြင်မှုအခိုက်စသည်တို့၌ပင် တည်၏။ မြင်ခိုက်၌လည်း အမြင်ခံမှုက ရူပ-ရုပ်၊ မြင်သိမှုက စိတ်ဝိညာဏ်-နာမ်။ ဤသို့ ရုပ်နာမ်ဟူသော ဝိပဿနာအာရုံ၌ပင် စိတ်ကို တည်အောင်ပြု၏။ သမာဓိမဂ္ဂင် ပါဝင်လေတော့၏။ 'အဘိညေယ္ယ အဘိဇာနန္တော တိသော သိက္ခာယော သိက္ခတိ'(ပဋိသမ္ဘိဒါမဂ်၊ပါဠိ၊၄၇)

သိမှတ်မှု၌ အနုသယပြတ်၍ ပရိယုဋ္ဌာန်ငြိမ်းပုံ

'မြင်သည်၊ကြားသည်၊ထိသည်'စသည်ဖြင့် သိမှတ်နေမှု၌ ပဓာနအားဖြင့် ပညာမဂ္ဂင်နှစ်ပါး၊သမာဓိမဂ္ဂင်သုံးပါးအားဖြင့် ပုဗ္ဗဘာဂမဂ္ဂင်(၅)ပါး ပါဝင်၏။ သိနေမှုသည် ပညာမဂ္ဂင် ဖြစ်၏။ သိမှု၌ တည်နေမှုသည် သမာဓိမဂ္ဂင် ဖြစ်၏။ ပညာမဂ္ဂင်က အနုသယဓာတ်ကို ပယ်သတ်၏။ သမာဓိမဂ္ဂင်က ပရိယုဋ္ဌာန်ဓာတ်ကို ငြိမ်းသတ်၏။ သိမှုဟူသော ဝိဇ္ဇာဓာတ်သည် မသိမှုဟူသော အဝိဇ္ဇာအနုသယ ဓာတ်ကို ပယ်ခြင်းဖြစ်၏။ တည်မှုဟူသော သမာဓိဓာတ်သည် ပျံ့လွင့်မှုဟူသော

http://www.dhammadownload.com

ဥဒ္ဒစ္စပရိယုဋ္ဌာန်ဓာတ်ကို ငြိမ်းသတ်ခြင်း ဖြစ်ပေ၏။

ဥပမာအားဖြင့် သစ်ပင်ကြီးတစ်ပင်၌ အမြစ်ဓာတ်၊ ပင်စည်ဓာတ်၊ အပွင့်၊ အရွက်၊အညွှန့်ဓာတ်တို့သည် ပါရှိလေ၏။ ပင်စည်သည် သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာ ငါးပါးနှင့် တူ၏။ အမြစ်သည် အနုသယကိလေသာဓာတ်တို့နှင့် တူ၏။ အပွင့်၊ အရွက်၊အညွှန့်တို့သည် ပရိယုဋ္ဌာန်ကိလေသာဓာတ်တို့နှင့် တူ၏။ ထိုသစ်ပင်ကြီး၌ အမြစ်ကို အကြွင်းမဲ့ ဖြတ်သည်ရှိသော် အပွင့်၊အရွက်၊အညွှန့်တို့သည်လည်း ခြောက်သွေ့ကြွလွင့် ပျက်စီးရ၏။ ပင်စည်လည်း ပြိုလဲကျရလေ၏။

ထို့အတူ အမြစ်နှင့်တူသော အဝိဇ္ဇာအနုသယဓာတ်ကို သိမှတ်မှုဖြင့် ဖြတ်နေသောယောဂီအား အပွင့်၊အရွက်၊အညွှန့်တို့နှင့်တူသော ပျံ့လွင့်မှုဥဒ္ဒစ္စသဟဂုတ် ပရိယုဋ္ဌာန်ဓာတ်ကို သမာဓိဖြင့် ပယ်ငြိမ်းအပ်သဖြင့် အစဉ်မဖြစ်ဘဲ ပြတ်ဆဲ၏။

သိမှတ်နေဆဲအခိုက်၌ ကိလေသာ၏အာရုံဖြစ်သောပုဂ္ဂိုလ်၊သတ္တဝါ မထင်။ ရုပ်နာမ်တို့၏ ဖောက်ပြန်မှုသဘော၊ အာရုံကိုညွှတ်မှုသဘောတို့သာ ထင်သဖြင့် အဝိဇ္ဇာအနုသယဓာတ်ကို ပညာဖြင့် ပယ်သတ်အပ်သဖြင့် အနုသယပြတ်လျက် ပရိယုဋ္ဌာန်ငြိမ်းခြင်း အကျိုးရှိ၏ဟု ဆိုရပေ၏။

မသိမှတ်မှုကြောင့် အနုသယကိန်း၍၊ပရိယုဋ္ဌာန်ထပုံ

မြင်ဆဲ၊သွားဆဲ၊စသည်၌ သိမှတ်နေသောယောဂီအား 'သိမှု၊တည်မှု' (၂)ခု ဖြစ်သကဲ့သို့ မသိမှတ်သူတို့၏အာရုံ၌လည်း 'မသိမှု၊မတည်မှု'ဟု (၂)ခုပင် ဖြစ်၏။ ထိုတွင် မသိမှု၏တည်ရာမှာ အဝိဇ္ဇာနုသယကိလေသာ၏ကိန်းအောင်းရာ ခန္ဓာငါးပါး ဖြစ်၏။ မတည်မှု၏တည်ရာသည်လည်း ဥဒ္ဒစ္စပရိယုဋ္ဌာန်ကိလေသာ၏ကိန်းအောင်းရာ ခန္ဓာငါးပါး ဖြစ်၏။

မြင်ဆဲ၊သွားဆဲစသည်၌ သိမှတ်နေသောယောဂီအား သိမှတ်ခိုက်၌ မသိမှု အဝိဇ္ဇာနုသယကိလေသာသည် မိမိတည်ရာ ခန္ဓာငါးပါးမှ ထ၏။ မတည်မှုဥဒ္ဒစ္စ ပရိယုဋ္ဌာန်ကိလေသာသည်လည်း မိမိတည်ရာ ခန္ဓာမှ ထ၏။ သိမှတ်မှုတစ်ချက်တိုင်း၌ပင် အနုသယဓာတ်နှင့် ပရိယုဋ္ဌာန်ဓာတ်တို့သည် မိမိတို့၏တည်ရာ ခန္ဓာမှထ၍ ရှေ့မရောက်၊နောက်မကျဘဲ မှတ်စိတ်တစ်ကြိမ်တည်း၌ပင် အတူတူပျောက်ပျက်ကြ သဖြင့် အနုသယ၊ပရိယုဋ္ဌာန်ခန္ဓာအစုံငြိမ်းမှုသည် ဖြစ်ပေ၏။

မသိမှတ်သောပုဂ္ဂိုလ်အား အာရုံပေါ်ဆဲအခိုက်၌ပင် အနုသယ၊ ပရိယုဋ္ဌာန် ကိလေသာတို့သည် မိမိတို့တည်ရာခန္ဓာမှ ထကုန်လျက် ဝိတိက္ကမကိလေသာတို့က

http://www.dhammadownload.com

လွန်းကျူးသဖြင့် ဘဝသစ်တစ်ဖန် ခန္ဓာနာမ်ရုပ်တို့ ဖြစ်ရပေ၏။။ ထို့ကြောင့် မသိမှတ်မှုတိုင်း၌ အနုသယကိန်း၍ ပရိယုဋ္ဌာန်ထခြင်းအပြစ် ဖြစ်ပေသည်။

ပညာသိခေါ် ဉာဏ်ပေါ်ပုံ

သိမှတ်နေသောယောဂီသည် မြင်မှု၊ကြားမှု၊နံ့မှု၊စားမှု၊တွေ့ထိမှု၊ ပြုမှု၊ပြောမှု စသည်၌ ရုပ်နာမ်တရားတို့၏ ပေါ်တိုင်းပေါ်တိုင်း ပစ္စုပ္ပန်အခိုက်၌ သိနေမှုဖြင့် မဂ္ဂသစ္စာကို ပွားဖန်များသော် အကြည့်ခံအာရုံ ရုပ်နာမ်တို့နှင့် သိမှုနာမ်တရားတို့ကို ကွဲကွဲပြားပြား ထင်ရှားစွာ သိ၊သိလာမှုသဘောသည် ရှေးရှုထင်၏။။

ထင်လာသမျှသော အရှုခံအာရုံ ရုပ်နာမ်ကိုလည်း သိ၏။။ မှတ်နေသောရှေးစိတ်ကိုလည်း သိရပေ၏။။ ထိုထင်လာသော ရုပ်နာမ်တို့၏သဘောလက္ခဏာကို ကောင်းစွာမှတ်၍ သိနေမှုသည် 'ဉာတဗ္ဗေ ဉာဏ်'အရ- ယောဂီ၏ 'ဉာဏ်'မည်၏။။ ထင်လာသော ရုပ်နာမ်သဘောတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တစသော အပြားအားဖြင့် သိမှုသည် 'ပဇာနနဗ္ဗေ ပညာ'အရ ယောဂီ၏ 'ပညာ' မည်ပေ၏။။

ရုပ်တရား(၂၈)ပါး၊ နာမ်တရား(၅၃)ပါးတို့သည် သိမှတ်အပ်သော ပရမတ်အာရုံ(ဂေါစရ) မည်၏။။ ထိုသိမှတ်အပ်သော ပရမတ်အာရုံတို့ကို သိမှတ်နေမှုသည် 'ဂေါစရသမ္ပဇဉ်'သိဉာဏ် ဖြစ်၏။။ ထိုသိမှတ်စရာအာရုံနှင့် မှတ်စိတ်တို့ကို လက္ခဏာသုံးပါး၊ ပရိညာဏ်သုံးပါး၊ ပဟာန်သုံးပါးတို့ဖြင့် ပိုင်းခြားသိမြင်နေမှုသည်ပင်လျှင် 'အသမ္မောဟသမ္ပဇဉ်'ခေါ် ယောဂီ၏ဝိပဿနာဉာဏ်အစစ် ဖြစ်ပေ၏။။

'ယေယေ ဓမ္မာ အဘိညာတာ ဟောန္တိ၊ တေတေ ဓမ္မာ ဉာတာ ဟောန္တိ၊ တံ ဉာတဗ္ဗေ ဉာဏံ။ ပဇာနနဗ္ဗေ ပညာ။ တေန ဝုစ္စတိ အဘိညာပညာ ဉာတဗ္ဗေန ဉာဏံ။

(ပဋိသမ္ဘိဒါ၊ပါဠိ၊၈၄၊၅)

မသိမှတ်သူ ပုထုဇဉ်၊ သိမှတ်သူသေက္ခမည်ပုံ

ဝိပဿနာကို အားမထုတ်သော ပုထုဇဉ်သည် မြင်ခိုက်၊ကြားခိုက်၊နံ့ခိုက်၊ စားခိုက်၊တွေ့ထိခိုက်၊သိခိုက်တို့၌ မြင်မှု၊ကြားမှု၊နံ့မှု၊စားမှု၊တွေ့ထိမှု၊သိမှုတို့ကို သညာ၊ စိတ္တ၊ဒိဋ္ဌိဟူသော 'ဝိပလ္လာသ'အထင်အမှတ်မှားတို့ဖြင့်သာ သိမှတ်ကြမှု ဖြစ်၏။။

အထင်အမှတ်မှားတို့ဖြင့် သိမှတ်သဖြင့် သံယောဇဉ်မည်သော ကြိုးတို့ဖြင့် ချည်မိကြ၏။။ ချည်မိသဖြင့် မပြေမှု၊ဖွဲ့စပ်မှုတို့သည် ဖြစ်၏။။ ဖွဲ့စပ်သဖြင့် နာမ်ရုပ်ဟူသောဒုက္ခနှင့် တဏှာ၊အဝိဇ္ဇာဟူသော သမုဒယတို့သည် တွဲ၏။။ တွဲသဖြင့်မကွဲ။

တကွဲတပြားမဖြစ်။ တကွဲတပြားမဖြစ်မှုကြောင့် 'ဒုက္ခ'ကို သမုဒယနှင့် ပိုင်းခြား၍ မသိနိုင်ပေ။

ပိုင်းခြားမသိမှုကြောင့် တပ်မက်မှုကို မပယ်နိုင်။ တပ်မှုမပယ်နိုင်ခြင်းကြောင့် ငြိမ်းအေးမှု 'နိုရောဓ'ကိုမရ။ ငြိမ်းအေးမှုမရခြင်းသည် သိမှတ်မှု 'မဂ္ဂသစ္စာ'ကို မပွားခြင်းကြောင့်ပင် ဖြစ်၏။ ထို့ကြောင့် ဝိပဿနာကို အားမထုတ်သူသည် ကိလေသာ၊အာသဝေါတို့ ပွားတိုးမှုကိုသာ ဖြစ်စေသဖြင့် **'ပုထု ကိလေသေ ဇနေတီတိ'**အရ 'ပုထုဇဉ်ပုဂ္ဂိုလ်' မည်ပေ၏။

ဝိပဿနာကို အားထုတ်သောယောဂီသည် မဂ္ဂသစ္စာကို ပွားသဖြင့် သိမှတ်မှုကြောင့် 'မသိမှု' ချုပ်၏။ မသိမှုချုပ်ခြင်းကြောင့် မတပ်မက်။ မတပ်မက်မှုကြောင့် 'တပ်မှု' ချုပ်၏။ တပ်မှုချုပ်ခြင်းကြောင့် ငြိမ်းအေး၏။ ငြိမ်းအေးရမှုသည် မဂ္ဂင်(၈)ပါးဖြင့် သိက္ခာသုံးပါးကို ပွားများအားထုတ်မှုကြောင့် ဖြစ်၏။ ထို့ကြောင့် **'တိသော သိက္ခာယော သိက္ခတိတိ သေက္ခ'**အရ ဝိပဿနာအားထုတ်သူသည် အရိယာပင်မဖြစ်သေးသော်လည်း ကျင့်ဆဲ 'သေက္ခပုဂ္ဂိုလ်'ဟူ၍ ဆိုရလေ၏။

၁။ **မသိ-ဒုက္ခ**= သိသောအားဖြင့် ပိုင်းခြားအပ်သောတရားသည် တဏှာ၊ ဒိဋ္ဌိတို့ဖြင့် စွဲလန်းနိုင်ရာ ဥပါဒါနက္ခန္ဓာ(၅)ပါး ဖြစ်၏။(ပရိညာပဋိဝေဓကိစ္စ)

၂။ **သိ-မဂ္ဂ**= သိသောအားဖြင့် ပွားများအပ်သောတရားသည် မဂ္ဂင်(၈)ပါး၊ မဏ္ဍိမပဋိပဒါအကျင့်တရား ဖြစ်၏။ (ဘာဝနာပဋိဝေဓကိစ္စ)

၃။ **တပ်မှု-သမုဒယ**=သိသောအားဖြင့် ပယ်အပ်သောတရားသည် အဝိဇ္ဇာနှင့်တဏှာ၊မာန၊ဒိဋ္ဌိ ဖြစ်၏။ (ပဟာနပဋိဝေဓကိစ္စ)

၄။ **ချုပ်မှု-နိုရောဓ**= သိသောအားဖြင့် မျက်မှောက်ပြုအပ်သောတရားသည် ဝိဇ္ဇာ၊ဝိမုတ္တိခေါ်နိဗ္ဗာန် ဖြစ်၏။(သစ္ဆိကတပဋိဝေဓကိစ္စ) (ဥပရိပဏ္ဏာသ၊ပါဠိ၊၃၃၇)

ထွက်လေ၊ဝင်လေသိဖြင့် အာနာပါနဘာဝနာဖြစ်ပုံ

၁။ ထွက်လေ၊ဝင်လေထိခိုက်ဖြစ်သော နာသီးဖျား၊(သို့မဟုတ်) နှုတ်ခမ်းဖျားဟူသည့်နိမိတ်။ ၂။ ထွက်သွားသောလေ။ ၃။ ဝင်လာသောလေ။ ဤသုံးမျိုးသည် တစ်ကြိမ်တည်းသောစိတ်၏ တစ်ပြိုင်နက်သောအာရုံ မဖြစ်။ သို့သော် ထိုနိမိတ်၊ ထွက်သက်၊ ဝင်သက်သုံးမျိုးလုံးကို တစ်ကြိမ်တည်းဖြစ်သောစိတ်ဖြင့် သိအောင်ပြုမှုသည်ပင် အာနာပါနဘာဝနာ မည်၏။

ဥပမာ- လွှဆွဲသမားသည် သစ်တုံးကို လွှဖြင့် ဖြတ်ရာ၏။ လာသော၊ သွားသော လွှသွားတို့၏ သစ်တုံးသို့ ထိရောက်သည့်အခိုက်၌သာ လွှဆွဲသမား၏

စိတ်သည် ထင်ရာသက့ဲသို့တည်း။ ... ထို့အတူ ယောဂီ၏ သတိသည် လွှသွားနှင့် တူသော ထွက်လေ၊ဝင်လေတို့၏၊ သစ်တုံးနှင့်တူသော နှားသီးဖျား၊နှုတ်ခမ်းဖျားသို့ ထိသောအခါတိုင်း၌ သတိမပြတ် သိ၊သိနေရာ၏။

ထိုကဲ့သို့ **'နှာသီးဖျားဟူသော နိမိတ်၊ ထွက်လေ၊ဝင်လေ'** ဤသုံးပါးတို့ကို သတိထင်ပေါ်အောင် သိမှတ်နေမှုသည် အာနာပါနဘာဝနာ ပြည့်စုံပေ၏။ စိတ်လည်း မပျံ့လွင့်။ ကိုယ်နှင့်စိတ်လည်း ခံ့၏။ ဘာဝနာ၏အညစ်အကြေးလည်း ပျောက်၏။ ဝိတက်အကြံ့အစည်လည်း ငြိမ်း၏။ ပရိယုဋ္ဌာန်သံယောဇဉ်လည်း ကင်း၏။ အနုသယဓာတ်လည်း ပျက်၏။ အာနာပါနဘာဝနာအထူး 'သမာဓိ'ကိုလည်း ရ၏။

သမထဘာဝနာ၏စွမ်းအား

သမေတိတိ သမထော–အရ ငြိမ်းအေးစေမှုအလုပ်ကို **'သမထ'**ဟုခေါ်၏။ ပုထုဇဉ်တို့၏ပင်ကိုယ်စိတ်သည် ကာမဆန္ဒ၊ ဗျာပါဒစသော ကိလေသာ၊ နီဝရဏတို့ကြောင့် ပူပန်တုန်လှုပ်၏။ ငြိမ်သက်မှုမရှိ။ သမထဘာဝနာသည် ထိုကိလေသာအပူတို့ကို ငြိမ်းအေးစေနိုင်စွမ်းရှိသဖြင့် စိတ်ငြိမ်သက်လေတော့၏။

သမထ၏အရမှာ 'သမာဓိ' ဖြစ်၏။ သမထဘာဝနာနည်း၌ စိတ်တည်ကြည်ငြိမ်သက်မှု 'သမာဓိ'စွမ်းအင်ရရှိအောင် အားထုတ်နိုင်သော သမထကမ္မဋ္ဌာန်းများစွာပင် ရှိ၏။ ဘုရားရှိခိုးမှု၊ ပုတီးစိပ်မှု၊ တရားစာရွတ်ဖတ်ပူဇော်မှု၊ ဘုရားဂုဏ်စသည်ကိုအမှတ်ရနေမှု၊ အသုဘရှုမှု၊ကသိုဏ်းရှု၊မေတ္တာပွားစသည်တို့ ဖြစ်၏။

ထိုသမထသည် ပညတ်ဓမ္မာရုံကို အာရုံပြုသဖြင့် သမထအလုပ်မှန်သမျှ ပညတ်အလုပ်သာ ဖြစ်၏။ သို့သော် ထိုပညတ်ကိုအာရုံပြုသော သမထဘာဝနာအလုပ်ဖြင့် ရရှိလာသော သမာဓိစွမ်းအင်၌ကား ကြီးမားသောစိတ်တန်ခိုးစွမ်းအင်ပါရှိလေ၏။ ထိုကြောင့် ထိုသမာဓိနှင့်ယှဉ်သောစိတ်ကို ဈာန်စိတ်ဟု ဆိုရလေ၏။ ထိုဈာန်စိတ်နှင့်ယှဉ်သောသမာဓိကို အခြေခံယူလျက် ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်သို့ တက်လှမ်းသည်ရှိသော် လွယ်ကူစွာ ရောက်နိုင်တော့၏။

အကယ်၍ သမထကြောင့်ဖြစ်သော သမာဓိနှင့်ယှဉ်သော စိတ်တည်ငြိမ်မှုဖြစ်စေ၊ ဈာန်စိတ်တစ်မျိုးမျိုးဖြစ်စေ၊ မရရှိသဖြင့်၊ သမာဓိအားနည်းလွန်းနေလျှင် ဝိပဿနာဉာဏ်ဖြစ်ပေါ်လာနိုင်ရန် မလွယ်ပေ။ သမာဓိကြောင့်သာ 'ဝိပဿနာဉာဏ်' လျှင်မြန်စွာ ဖြစ်ပေါ်နိုင်၍၊ ဝိပဿနာဉာဏ်ဖြစ်လျှင်လည်း သမာဓိရှိတော့သည်သာတည်း။ ထို့ကြောင့် သမာဓိကိုလည်းမလွတ်ဘဲ ဝိပဿနာကိုလည်း ကျင့်သုံးအပ်ပေ၏။ 'တသိမေ ဒွေဓမ္မာ ယုဂနဒ္ဓာ ဝတ္တန္တိ၊ သမထောစ ဝိပဿနာစ'။ (ဥပရိ၊၃၃၈)

http://www.dhammadownload.com

ဈာန်စိတ်(၅)မျိုးဖြစ်ပေါ်ပုံ

အာရုံတစ်ခုကို စိုက်စိုက်စူးစူး ရှုမြင်မှုသဘောသည်လည်းကောင်း၊ ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေသောသဘောသည်လည်းကောင်း **'ဈာန်'** မည်၏။ ထိုဈာန်သည် (၂)မျိုး ရှိ၏။ ပညတ်အာရုံတစ်မျိုးမျိုးကို စိတ်တည်ငြိမ်ရုံမျှ ရှုမြင်နေသော သမထဈာန်သည် **'အာရမ္မဏူပနိဇ္ဈာန်'** မည်၏။ ပရမတ်အာရုံတစ်မျိုးမျိုးကို လက္ခဏာရေးသုံးပါးထင်မြင်အောင် ရှုမြင်နေသော ဝိပဿနာဈာန်သည် **'လက္ခဏူပနိဇ္ဈာန်'** မည်၏။ ဤ၂၌ သမထဈာန်ကို ဝေဖန်အပ်၏။

ထွက်လေ၊ဝင်လေစသော ပညတ်အာရုံကိုယူ၍ တွေးကြံနေမှုသည် 'ဝိတက်' မည်၏။ စဉ်းစားသုံးသပ်နေမှုသည် 'ဝိစာရ' မည်၏။ နှစ်သက်ကျေနပ်နေမှုသည် 'ပီတိ' မည်၏။ ကိုယ်စိတ်မပန်းဘဲ အေးချမ်းနေမှုသည် 'သုခ' မည်၏။ ထွက်လေ၊ဝင်လေဟူသောအာရုံနှင့် စိတ်၊သတိတို့၏ တစ်သားတည်း၊တစ်ခုတည်းအဖြစ်ဖြင့် တည်ငြိမ်သက်စွာ ဖြစ်ပေါ်နေမှုသဘောသည် 'သမာဓိ' ဖြစ်၏။

၁-ထိုဝိတက်အစ သမာဓိအဆုံးရှိသော ဈာန်အင်္ဂါ(၅)ပါးဖြင့် တည်ကြည်ငြိမ်သက်စွာဖြစ်ပေါ်နေသောစိတ်ကို **'ပထမဈာန်စိတ်'** ဟု ခေါ်၏။

၂-ဝိတက်ကိုဖယ်ခွာ၍ ဝိစာရအစ သမာဓိအဆုံးရှိသော အင်္ဂါ(၄)ပါးဖြင့် တည်ကြည်သောစိတ်ကို **'ဒုတိယဈာန်'** ဟု ခေါ်၏။

၃- ဝိတက်၊ဝိစာရတို့ကို ဖယ်ခွာ၍ ပီတိနှင့်တကွဖြစ်သော အင်္ဂါ(၃)ပါးဖြင့် တည်ကြည်သောစိတ်ကို **'တတိယဈာန်စိတ်'** ဟု ခေါ်၏။

၄- ထိုပီတိကိုဖယ်ခွာ၍ သုခနှင့်ယှဉ်လျက်၊ ကိုယ်စိတ်ချမ်းသာမှုနှင့် တကွဖြစ်သော အင်္ဂါ(၂)ပါးရှိသောသမာဓိစိတ်ကို **'စတုတ္ထဈာန်စိတ်'** ဟုခေါ်၏။

၅-အာရုံ၌ တစ်ခုတည်း၊တစ်သားတည်းဖြစ်မှု 'ဧကဂ္ဂတာ' သဘောနှင့် လျစ်လျူရှုမှုဥပေက္ခာနှင့် တကွဖြစ်သောစိတ်ကို **'ပဉ္စမဈာန်စိတ်'** ဟု ခေါ်၏။

ထိုဈာန်အင်္ဂါတို့တွင် ဝိတက်သည် **'ထိနနှင့်မိဒ'** ကို လောင်ကျွမ်းစေ၏။ ဝိစာရသည် **'ဝိစိကိစ္ဆာ'** ကို လောင်ကျွမ်းစေ၏။ ပီတိသည် **'ဗျာပါဒ'** ကို လောင်ကျွမ်းစေ၏။ သုခသည် **'ဥဒ္ဓစ္စနှင့်ကုက္ကုစ္စ'** ကို လောင်ကျွမ်းစေ၏။ သမာဓိသည် **'ကာမစ္ဆန္ဒ'** ကို လောင်ကျွမ်းစေ၏။ ဤသို့ စွမ်းအင်အသီးသီး ရှိကုန်၏။

ထိုဈာန်ငါးမျိုးတွင် 'ပထမဈာန်၊ဒုတိယဈာန်၊တတိယဈာန်၊ စတုတ္ထဈာန်' တို့သည် တန်ခိုး၊အဘိညာဏ်တို့ကို မဖြစ်စေနိုင်သဖြင့် မပျံနိုင်သောဈာန်တို့ ဖြစ်၏။ သမာဓိအနိသင်သာရှိသောဈာန်တို့ ဖြစ်၏။ ပဉ္စမဈာန်သမာဓိကို အခြေခံယူလျက်

ကိုးတက်အားထုတ်သဖြင့်သာလျှင် ဣဒ္ဓိဝိဓစသောတန်ခိုးအမျိုးမျိုးကို ဖြစ်စေနိုင်သော အဘိညာဏ်၊သမာပတ်တို့ကို ပွားများရောက်ရှိနိုင်၏။ ပျံနိုင်သောစျာန်ဟူသည် ထိုပဋ္ဌမစျာန်ကို ဆိုခြင်း ဖြစ်၏။ ပျံနိုင်သောစျာန်ဖြစ်စေ၊ မပျံနိုင်သောစျာန်စိတ် ဖြစ်စေ ကာမဂုဏ်အာရုံတို့မှ ကင်းခြင်း **'ကာမဝိဝေက'**နှင့် အကုသိုလ်တရားတို့မှ ကင်းဆိတ်ခြင်း **'အကုသလဝိဝေက'**တို့နှင့်ကား ပြည့်စုံသည်သာတည်း။

လင်္ကာ။ စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ စျာန်ဟုခေါ်သတဲ့။

စူးစိုက်ရှုမြင်၊ လောင်ကျွမ်းလျှင်၊ စျာန်ဝင်စားသည်တဲ့။

စျာန်ရ/မရ ကမ္မဋ္ဌာန်းများ

ကမ္မဋ္ဌာန်း(၄၀)တို့တွင် ကသိုဏ်း(၁၀)ပါး၊အသုဘ(၁၀)ပါး၊ ကာယဂတာသတိ၊ အာနာပါနသတိ၊ ဗြဟ္မဝိဟာရတရား(၄)ပါး၊ အာရုပ္ပ(၄)ပါးဟူသော (၃၀) သော ကမ္မဋ္ဌာန်းတို့သည်သာ စျာန်ကို ရစေနိုင်၏။ ဗုဒ္ဓါနုဿတိမှ မရဏာနုဿတိအထိကမ္မဋ္ဌာန်း(၈)ပါးနှင့် အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်း(၁၀)ပါးတို့သည် စျာန်ကို မရစေနိုင်။ စျာန်ရနိုင်သော ကမ္မဋ္ဌာန်းတို့သည်သာ ပဋိဘာဂနိမိတ်အထိ ထင်နိုင်၏။ စျာန်မရနိုင်သော ကမ္မဋ္ဌာန်းတို့သည်ကား ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့မျှသာ ထင်၏။(အဘိဓမ္မတ္ထသင်္ဂဟ)

အာရုံနှင့် စိတ်ဆက်သွယ်မှု

အာရုံတို့သည် အဆင်းအာရုံ၊အသံအာရုံ၊အနံ့အာရုံ၊အရသာအာရုံ၊ အတွေ့အာရုံ၊သဘောတရားအာရုံဟု(၆)ပါး ရှိ၏။ ထိုအာရုံ(၆)ပါးတို့ကို ကာမတဏှာစိတ်ဖြင့် အာရုံပြုသောအခါ နှစ်သက်လိုချင်စဖွယ် ကာမဂုဏ်အာရုံအသွင်ကို မြင်၏။ လောဘ၊ ဒေါသစသော ကိလေသာ(၁၀)ပါးတို့သာ တိုးပွားဖြစ်ပေါ်၏။

သမထဘာဝနာစိတ်ဖြင့် အာရုံပြုလေသော် ပညတ်ဓမ္မာရုံအသွင် မြင်၏။ လောဘ၊ဒေါသစသော ကိလေသာတရားတို့သည် အခိုက်အတန့် ရပ်တန့်ကုန်၏။

ဝိပဿနာဘာဝနာဉာဏ်ဖြင့် အာရုံပြုလေသော် ပရမတ်ဓမ္မာရုံအသွင် မြင်၏။ လောဘ၊မာန၊ဒိဋ္ဌိစသောကိလေသာတို့ကို ပယ်သတ်လျက် လောကီ၊ လောကုတ္တရာကုသိုလ်တရားတို့သည် တိုးပွားဖြစ်ပေါ်ကုန်၏။

ထိုဌ် အာရုံတို့သည်ကား (၆)ပါးသာ ဖြစ်၏။ ရုပ်နာမ်အားဖြင့်ကား (၂)ပါး ဖြစ်၏။ ခန္ဓာအားဖြင့်ကား (၅)ပါး ဖြစ်၏။ ထိုအာရုံတို့ကို ကိလေသာစိတ်တို့ဖြင့် အာရုံပြုလေသော် ကာမဂုဏ်အာရုံအသွင်ထင်၍ ပညတ်အာရုံအဖြစ် မြင်ရ၏။

ဝိပဿနာဉာဏ်စိတ်ဖြင့် အာရုံပြုလေသော် ဓမ္မာရုံအသွင်ထင်၍ ပရမတ်အာရုံ အဖြစ် မြင်ရ၏။ အရိယာပုဂ္ဂိုလ်တို့၏ မဂ်ဉာဏ်ဖြင့် အာရုံပြုလေသော် အသင်္ခတ ပရမတ်ဖြစ်သော နိဗ္ဗာန်အာရုံကို မြင်၏။

ထို့ကြောင့် နိဗ္ဗာန်အာရုံကို အလိုရှိကုန်သော သူတော်ကောင်းတို့သည် ကိလေသာတို့ကို ပယ်သတ်လျက်၊ ဝိပဿနာဉာဏ်အဆင့်ဆင့်တို့ ဖြစ်ပေါ်စေနိုင်ရန် အလို့ငှါ ပညတ်အာရုံတို့ကို ဖယ်ခွာ၍ သင်္ခတရုပ်နာမ်ဟူသော ပရမတ်အာရုံကို အာရုံပြုနိုင်ဖို့ လိုပေ၏။

လက်စ်။ အာရုံပညတ်၊ စွဲယူမှတ်၊ ဖြစ်တတ်ကိလေသာ။
ပရမတ်အာရုံ၊ သိမြင်တုံ့၊ ပြတ်ကုန်ကိလေသာ။

အာရုံအမျိုးအစား	စိတ်	အကျိုးစွမ်းအား
အသင်္ခတပညတ်(ကာမဂုဏ်အာရုံ)	ကိလေသာစိတ်(၁၀)ပါး	အပါယ်(၄)ဘုံသွား
အသင်္ခတပညတ်(ဓမ္မာရုံ)	သမထ၊(လောကီနယ်)	၃၁-ဘုံသံသရာဆက်
သင်္ခတပရမတ်ရုပ်နာမ်(ဓမ္မာရုံ)	ဝိပဿနာ(ကိလေသာပယ်)	၃၁-ဘုံသံသရာဖြတ်
အသင်္ခတပရမတ်နိဗ္ဗာန်(ဓမ္မာရုံ)	မဂ်(၄)ပါး(လောကုတ္တရာနယ်)	နိဗ္ဗာန်ဓာတ်

ပညတ်ဟူသမျှ သမုတိသစ္စာရ၏

ဝိပဿနာဉာဏ်ဟူသည် ပညတ်နှင့်မသက်ဆိုင်သော ပရမတ်အရာဖြစ်၏။ ပညတ်ကို အာရုံပြု၍ သိနေသေးသမျှမှာ ဝိပဿနာအစစ် မဖြစ်။ ပရမတ်ရုပ်နာမ် သဘောသို့ ထွင်းဖောက်သိမြင်နိုင်မှသာ ဝိပဿနာဉာဏ်အစစ် ဖြစ်၏။ ထို့ကြောင့် ဝိပဿနာယောဂီသည် ပညတ်နှင့်ပရမတ်ကို ခွဲခြားသိရန်မှာ အလွန်အရေးကြီးလှ၏။

ပညတ်ဟူသမျှသည် လူတို့ပြောဆိုသမုတ်ထားမှု အမှန်ဖြစ်သဖြင့် သမုတိ သစ္စာထိုက်၏။ ပယ်အပ်သည့် 'ပဟာတဗ္ဗ' တရားမျိုးမဟုတ်သဖြင့် မပယ်ထိုက်ပေ။ သို့သော် ပရမတ်အရှိတရားမျိုးမဟုတ်သဖြင့် ယာယီအနေ မှန်ခြင်းမျိုးသာ ဖြစ်၏။ ထိုမှန်ခြင်းတွင် 'ပစ္စေကသစ္စာ' ခေါ် တစ်ဦးတစ်ယောက်အတွက် မှန်မှုမျိုးလည်း ရှိ၏။ 'ယေဘုယျသစ္စာ' ခေါ် အများနှင့်သက်ဆိုင်သောမှန်မှုမျိုးလည်း ရှိ၏။

ထိုယာယီအမှန်ဖြစ်သော သမုတိသစ္စာ၊ပညတ်တရားတို့သည် မိန်းမ၊ ယောကျ်ားစသည်ပညတ်မှ-ပုဂ္ဂလပညတ်၊ အမည်နာမဟူသမျှ-နာမပညတ်၊ ပုံစံသဏ္ဌာန်မျိုးစုံ-သဏ္ဌာနပညတ်၊ အစုအပေါင်း-သမူဟပညတ်၊ အတုံးအခဲ-

http://www.dhammadownload.com

ဃနပညတ်၊ အစဉ်-သန္ဓတိပညတ်၊ အချိန်အခါ၊နေ့၊ရက်၊လ-ကာလပညတ်၊ အရပ်ဒေသနေရာ-ဒိသာပညတ်၊ လှမလှကောင်းမကောင်း-သုဘပညတ်စသည်အားဖြင့် အကန့်အသတ်မရှိ များပြားလှ၏။ လူတို့နှုတ်က လုပ်ကြံဖန်တီး၍ သမုတ်ပြောဆိုနေသမျှ 'ပညတ်'ဖြစ်ကြရသည်သာတည်း။

ထို့ကြောင့် 'သဘောစစ်လျှင်ပရမတ်၊ အပြောဖြစ်လျှင်ပညတ်'ဟု အလွယ်မှတ်အပ်၏။ အကျဉ်းအားဖြင့် 'အမည်,ပုံဟန်၊ သဏ္ဌာန်,နိမိတ်၊ အရိပ်အယောင်၊ အကောင်အထည်၊ အရှည်အတို၊ ထိုထိုရွယ်စား၊ ဒြပ်များနှင့်၊ မှတ်သားတစ်ထွေ၊ ကာလတွေ၊ ခေါ်လေပညတ်ချည်း'ဟု မှတ်ပါလေ။

ပညတ်အကျဉ်း(၂)မျိုး

အဘိဓမ္မာ၌'သဒ္ဒပညတ်'နှင့်'အတ္ထပညတ်'ဟူ၍ပညတ်အကျဉ်း(၂)မျိုး ပြ၏။

၁-သဒ္ဒပညတ်ဟူသည်မှာ 'ပညာပေတီတိ ပညတ္တိ'အပြားအားဖြင့် သိစေတတ်သောကြောင့် အသံမှန်သမျှကို 'သဒ္ဒပညတ်'ဟု ခေါ်၏။

၂-အတ္ထပညတ်ဟူသည်မှာ 'ပညာပီယတီတိ ပညတ္တိ' အပြားအားဖြင့် သိစေအပ်သောကြောင့် အနက်၊ဒြပ်၊အဓိပ္ပါယ်မှန်သမျှကို 'အတ္ထပညတ်'ဟု ခေါ်၏။

ဥပမာ- လူ၊နတ်၊ မိန်းမ၊ယောက်ျားစသည် ပြောဆိုရာ၌ ထိုစကားလုံးများ၊ အသံများဖြင့် လူမျိုး၊ဒေသအလိုက် သိရှိနားလည်စေတတ်၍ 'သဒ္ဒပညတ်'မည်၏။ ထိုစကားသံတို့ဖြင့် သိရှိနားလည်အပ်သော လူကောင်၊ နတ်ကောင်၊ မိန်းမ၊ယောက်ျားစသည်အနက်ဒြပ်တို့သည် အမျိုးအစားအားဖြင့် သိစေအပ်၍ 'အတ္ထပညတ်'မည်၏။

ပရမတ်ဝိထိစိတ်နှောင် ပညတ်အာရုံသိဖြစ်ပုံ

အသံ'သဒ္ဒါရုံ'တစ်ခုကို ကြားသိစိတ်'ဝိထိ'ဖြစ်ရာ၌ ကြားသူ၏သောတဒ္ဒါရဋ္ဌ- **ဝစီယောသာနုသာရေန၊သောတဝိညာဏဝိထိယာ**-အရ

(၁)ကြားသိစိတ်'သောတဝိညာဏဝိထိစဉ်'သည် ပထမ ဖြစ်၏။

ပဝတ္တာနုန္ဓရုပ္ပန္နေ မနောဒ္ဒါရသ ဂေါစရာ-အရ

(၂)ထိုဝိထိဖြစ်ပြီးလျှင် ထိုကြားပြီးအသံကို ဆက်လက်အာရုံပြုသော 'တဒနုဝတ္တက၊ မနောဒ္ဒါရဝိထိစိတ်'အစဉ်သည် ဒုတိယ ဖြစ်၏။

အတ္ထာယသာ နုသာရေန၊ ဝိညာယန္တိ တတောပရံ-အရ

(၃)အထက်ဝိထိ(၂)ခုဖြစ်ပြီးနောက်၌ နာမပညတ်ဟုခေါ်သော အသံသဒ္ဒပညတ်ကို အာရုံပြု၍ တတိယမြောက် 'သုဒ္ဓမနောဒ္ဒါရဝိထိစိတ်' ဖြစ်၏။

(၄) နာမပညတ်ကို အစဉ်လိုက်၍ သိပြီးနောက် ပုဂ္ဂိုလ်၊ယောဂျား၊မိန်းမ စသောအနက်ဒြပ် 'အတ္ထပညတ်'ကိုအာရုံပြု၍ စတုတ္ထမြောက် **'သုဒ္ဓမနောဒ္ဓါရ ဝီထိစိတ်'** ဖြစ်၏။

မှတ်ချက်။ ပထမသောတဝိညာဏဝီထိနှင့် တဒနုဝတ္တကမနောဒ္ဓါရဝီထိ(၂)ခုအခိုက်၌ အသံ (သဒ္ဒါရုံ-သဒ္ဒရုပ်)မျှကိုသာ သိသေး၏။ လူသံစသောပညတ်ကို မသိသေး။ (အသံ-သဒ္ဒပညတ်။ အနက်အဓိပ္ပါယ်၊အကောင်း+အဆိုး-အတ္ထပညတ်)

သဒ္ဒံ ပထမစိတ္တေန၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။(မဏိသာရမဇ္ဇုသာ)

ပထမစိတ္တေန၊ ရှေးဦးစွာသော သောတဝိညာဏဝီထိစိတ်ဖြင့်။ သဒ္ဒံ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို။ ဇနာတိ၊ သိ၏။ အတီတံ၊ လွန်လေပြီးသော အတိတ်သဒ္ဒါရုံကို။ ဒုတိယစေတသာ၊ နှစ်ကြိမ်မြောက် တဒနုဝတ္တက၊မနောဒ္ဓါရဝီထိဖြင့်။ ဇနာတိ၊ သိ၏။ တတိယစိတ္တေန၊ သုံးကြိမ်မြောက် သုဒ္ဓမနောဒ္ဓါရဝီထိစိတ်ဖြင့်။ နာမံ၊ နာမပညတ်(သဒ္ဒပညတ်)ကို။ ဇနာတိ၊ သိ၏။ စတုတ္ထစေတသာ၊ လေးကြိမ်မြောက် သုဒ္ဓမနောဒ္ဓါရဝီထိစိတ်ဖြင့်။ အတ္ထံ၊ အနက်ဒြပ် အတ္ထပညတ်ကို။ ဇနာတိ၊သိ၏။

၁- ပထမကြားသိစိတ်သည် **ပစ္စုပ္ပန်+သဒ္ဒါရုံ**-ပရမတ်ရုပ်စစ်စစ် အာရုံဖြစ်၏။
၂- ဒုတိယကြားသိစိတ်သည် **အတိတ်+သဒ္ဒါရုံ**-ပရမတ်ရုပ်အာရုံ ဖြစ်သေး၏။
၃- တတိယကြားသိစိတ်၌ **အတိတ်+နာမပညတ်ဓမ္မာရုံ** ပညတ်ဖြစ်တော့၏။
၄- စတုတ္ထကြားသိစိတ်ဖြစ်မှုဌ်ခဏ:: **အတိတ်+အတ္ထပညတ်ဓမ္မာရုံ** ပရမတ်မရှိ။

လကၢ်။ ထင်ဆဲအသံမာတ်၊ [1]ကြားလတ် ဦးစွာ၊ ကြားပြီးတရား၊ [2]စဉ်းစားပြန်ရာ။ [3]နာမည်ဒြပ်၊ ပညတ်ပေါ်လာ၊ [4]အနက်အတ္ထ၊ သိရနောက်ဆုံးမှာ။

သောတဒ္ဓါရ၊ အတိမဟန္တာရုံဝီထိ

ပထမ၊သောတဝိညာဏဝီထိ(ကြားသိစိတ်)ဖြစ်ပုံ

ပစ္စုပ္ပန်သဒ္ဒါရုံ-စကားပြောဆိုသံ
ဘွင်--တီ၊နု၊ဒ၊, ပ၊,သော၊,သံ၊,တီ၊,ဝု၊, ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊,ဒ၊ဒ၊--ဘွင်

ဘွင်။ မြစ်ရေအလျှည် စီးဆင်းနေသကဲ့သို့ ဝီထိစိတ်မဖြစ်သရွေ့ ဘဝ၏ အကြောင်းအင်္ဂါအဖြစ်ဖြင့် ဖြစ်နေမြဲ(ဘဝင်)စိတ်များ ဖြစ်၏။

ဘွင်(၃)မျိုး။ (တီ)အတီတဘဝင်၊ (နု)ဘဝင်ဝ်စလန်၊ (ဒ)ဘဝဂ္ဂိုပစ္ဆေဒ။

http://www.dhammadownload.com

အာရုံနှင့်ပသာဒတို့ မထိခိုက်မတိုက်ဆိုင် မထင်မြင်မီ ဦးစွာချုပ်ပျောက်သွား သောဘဝင်စိတ်သည် **'အတီတဘဝင်'** ဖြစ်၏။

အာရုံနှင့်ပသာဒတို့ ထိခိုက်တိုက်ဆိုင်၍ ဝီထိစိတ်ဖြစ်ခါနီးတွင် ဘဝင်စိတ်တို့သည် ပင်ကိုယ်က ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်တို့ကို အာရုံပြုရာ အာရုံသစ်ထင်လာမှုကြောင့် နဂိုအာရုံဟောင်းကိုလည်းမလွတ်၊ အာရုံသစ်ကိုလည်း မယူနိုင်သေးဘဲ ပင်ကိုယ်သဘောမှ ဖောက်ပြန်တုန်လှုပ်ခြင်းသဘောရှိသောဘဝင်စိတ်သည် **'ဘဝင်စလန'** ဖြစ်၏။

အာရုံသစ်ထင်လာမှုကြောင့် နဂိုအာရုံဟောင်းကို စွန့်လွှတ်ဖြတ်တောက်ပစ်၍ အာရုံသစ်ယူဖို့ ဘဝင်အစဉ်ပြတ်သောဘဝင်စိတ်သည် **'ဘဝင်ုပစ္ဆေဒ'** မည်၏။

ဝီထိစိတ်(၁၄)မျိုး။ (ပ)ပဉ္စဒ္ဒါရာဝဇ္ဇန်း-ငါးဒ္ဒါရဏ်ထင်လာသောအာရုံကို ဆင်ခြင်နှလုံးသွင်းစိတ်။ (သော) သောတဝိညာဏ်- ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားသိစိတ်။ (သံ)သမ္ပဋ္ဆိုင်း- ထိုအာရုံကို ခံယူစိတ်။ (တီ) သန္တီရဏ- ထိုအာရုံကို စုံစမ်းစိတ်။ (ဝု)ဝုဋ္ဌော- ထိုအာရုံကို ဆုံးဖြတ်စိတ်။ (ဇဇဇဇဇ)ဇော-(၇)ကြိမ်- ထိုအာရုံ၏ ကောင်းကောင်းဆိုးဆိုး အရသာမျိုးတို့ကို ခံစားစိတ်။ (ဒ၊ဒ) တဒါရုံ-(၂)ကြိမ်- ဇောသည် ခံစားအပ်ပြီးအာရုံကိုပင် ခံစားမှုအဆုံးသတ်စိတ်။

ထိုတွင် ပဉ္စဒ္ဒါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်(၁၄)ခုတို့သည် ရှေး အတီတဘဝင်နှင့် ဥပါဒ်ပြိုင်၍ ဖြစ်ပေါ်လာသော စကားပြောဆိုသံကို အာရုံပြု၍ သိကြ၏။ ရှေးနောက်ဘဝင်စိတ်တို့သည်ကား ပဋ္ဌိသန္ဓေနေစဉ်က အာရုံပြုခဲ့သော ကံ၊ကမ္မနိမိတ်၊ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးသော အာရုံဟောင်းကိုပင် အာရုံပြု၍ သိကြ၏။

လင်္ကာ။ ဘဝင်,ခြင်ဆင်၊ ကြားပြီးလျှင်၊ ထိုပြင်လက်ခံတုံ။(ဝီထိစိတ်-၃-မျိုး)
စုံစမ်း,ဆုံးဖြတ်၊ ဇောခုနစ်ချက်၊ နှစ်ရပ်တဒါရုံ။ (ဝီထိစိတ်-၁၁-မျိုး)
အသံကြားလျှင်၊ ဖြစ်ရုံပင်၊ စိတ်စဉ်မှတ်ပါကုန်။(ကြားတိုင်းစိတ်ဖြစ်စဉ်)

ဤဝီထိစဉ်၌ စကားပြောဆိုသံ ပစ္စုပ္ပန်သဒ္ဒါရုံ၊ ရုပ်ပရမတ်ဆတ်ဆတ်ကို အာရုံပြု၍ သောတပသာဒ(နားအကြည်)ရုပ်ပရမတ်ဆတ်ဆတ်ဖြင့် ကြားရ၍ ထိုအာရုံနှင့်(စိတ်၏မှီရာပသာဒရုပ်)ဝတ္ထုတို့ ပေါင်းဆုံထိခတ်မှုကြောင့် သောတပသာဒ၏မှီရာ မဟာဘုတ်ရုပ်တို့နှင့် ဟဒယဝတ္ထု၏မှီရာ မဟာဘုတ်ရုပ်တို့ အချင်းချင်း ဆက်စပ်သောကြောင့် မဟာဘုတ်အဆက်ဆက်လှုပ်ရှာမှ ဟဒယဝတ္ထုသည် လှုပ်ရ၏။ ဟဒယဝတ္ထုရုပ်အကြည် လှုပ်သဖြင့်လည်း ထိုဟဒယဝတ္ထုကိုမှီသော ဘဝင်စိတ်တို့

လည်း လှုပ်ရခြင်းဖြစ်၏။

ဥပမာအားဖြင့် စည်မျက်နှာပြင်တစ်ဖက်၌ ကပ်နေသော သကာခဲကို ယင်နားသောအခါ ကျန်မျက်နှာပြင်တစ်ဖက်ကို တုတ်ဖြင့် ပုတ်ခတ်ပါက အစဉ်အဆက်ဖွဲ့စည်းနေသော သားရေကြိုးစသည်လည်း လှုပ်ရ၍ ယင်ကောင် ထပျံသွားသကဲ့သို့ ဖြစ်၏။ (ဋ္ဌကာကျော်၊ဝိထိပိုင်း)

ထိုသို့ဘဝင်စိတ်တို့လှုပ်၍ ပျက်ပြီးသည်ရှိသော ဆင်ခြင်စိတ်၊ ကြားသိစိတ်၊ လက်ခံစိတ်၊ဆုံးဖြတ်စိတ်၊ အာရုံအရသာကိုခံစားစိတ်၊အဆုံးသတ်စိတ်တို့သည် အစဉ်အတိုင်း ဖြစ်၍ပျက်ကြကုန်၏။ ထိုအခိုက်အတွင်း၌ ဘဝင်စိတ်(၃)ချက်၊ ဝိထိစိတ်(၁၄)ချက်အားဖြင့် စိတ္တက္ခဏ(၁၇)ချက်သည် ပစ္စုပ္ပန်အာရုံထင်ဆဲရပ်၏ ဥပါဒ်၊ဌီ၊ ဘင်(ဖြစ်၊တည်၊ပျက်) ရုပ်၏အသက် မည်ပေ၏။

ဤသို့ ပထမဆုံးသောကြားသိစိတ် 'သောတဒ္ဓါရဝိထိစဉ်' ဖြစ်ပျက်ပြီး၌ ဒုတိယ၊တတိယ၊စတုတ္ထအကြိမ်အထိ မနောဒ္ဓါရဝိထိစဉ်တို့ ဆက်၍ဆက်၍ ဖြစ်၏။

မနောဒ္ဓါရ ဝိဘူတာ၏

ဒုတိယကြားသိစိတ်၊တဒနုဝတ္တက-မနောဒ္ဓါရဝိထိဖြစ်ပုံ

	┌အတိတ်သဒ္ဒါ၏-စကားပြောဆိုပြီးစ┐
(ရှေး)ဘင်-တီ၊နု၊ဒ၊	မ၊ ၉၊ ၉၊ ၉၊ ၉၊ ၉၊ ၉၊ ၉၊ ဒ၊ ဒ၊--ဘင်(နောက်)

မနောဒ္ဓါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝိထိစိတ်တို့သည် ယခင်သောတဒ္ဓါရဝိထိစိတ်အစဉ်ဖြင့် ကြားသိလိုက်သော ဒုတိယတဒါရုံ၏ဘင်နှင့် ပြိုင်၍ ချုပ်ပြီးသော အတိတ်သဒ္ဒါရုံကို အာရုံပြုကြ၏။ ရှေး,နောက် ဘဝင်စိတ်တို့သည်ကား ပဋ္ဌိသန္ဓေနေစဉ်က အာရုံပြုခဲ့သော ကံ၊ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါးတွင် တစ်ပါးပါးသောအာရုံဟောင်းကို အာရုံပြုကြ၏။

မနောဒ္ဓါရ ဝိဘူတာ၏

တတိယကြားသိစိတ်၊နာမဂ္ဂဟဏ၊ သုဒ္ဓမနောဒ္ဓါရဝိထိဖြစ်ပုံ

ပညတ်ဓမ္မာ၏-ယောက်ျားသံ၊မိန်းမသံ၊ကလေးသံ၊လူကြီးသံစသည်

'(ရှေး)ဘင်--တီ၊နု၊ဒ၊ မ၊ ၉၊၉၊၉၊၉၊၉၊၉၊ ဒ၊ဒ၊--ဘင်(နောက်)'

မနောဒ္ဓါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝိထိစိတ်တို့သည် ယခင်သောတ

http://www.dhammadownload.com

ဒွါရဝိထိ၊ တဒနုဝတ္တကမနောဒွါရဝိထိစိတ်တို့ဖြင့် ကြားသိလိုက်ပြီးသော အဟိတ်သဒ္ဒါရုံအပေါ်၌ ပုဂ္ဂိုလ်၊သတ္တဝါ၊ယောက်ျား၊မိန်းမမဟုတ်ပါဘဲ(ပုဂ္ဂိုလ်မရှိ) ပုဂ္ဂိုလ်သတ္တဝါ၊ နာမပညတ်၊သဒ္ဒပညတ်ကို မဟုတ်မမှန်၊ကြံ့ဖန်သိလျက် အာရုံပြု ကြ၏။ ရှေးနောက်ဘဝင်စိတ်တို့သည်ကား ရှေးနည်းအတိုင်းပင် အာရုံပြု၍ သိကြ၏။

မနောဒွါရဝိဘူတာရုံ

စတုတ္ထကြားသိစိတ်၊အတ္ထဂ္ဂဟဏ၊ သုဒ္ဓမနောဒွါရဝိထိဖြစ်ပုံ

ပညတ်ဧမ္မာရုံ–အသံကောင်း+ဆိုး၊ဆဲသံ၊ခချုဉ်သံ၊ဖျောင့်သံ

(ရှေး)ဘွင်--တီးနှ၊ဒ၊ မ၊ ဇ၊ဇ၊ဇ၊ဇ၊ဇ၊ ဒ၊ဒ၊--ဘွင်(နောက်)

မနောဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝိထိစိတ်တို့သည် ယခင် နာမဂ္ဂဟဏ၊မနောဒွါရဝိထိဖြင့် မဟုတ်မမှန် ကြံ့ဖန်သိထားသော သဒ္ဒါရုံအပေါ်၌ ပုဂ္ဂိုလ်၊သတ္တဝါ၊ယောက်ျား၊မိန်းမစသော နာမပညတ်ကို တစ်ဖန်ကြံ့ဖန်လျက်ပင် ကျား၊မ၊ သဏ္ဌာန်၊ ပုံစံ၊အသွင်စသော အနက်ဒြပ်အတ္ထပညတ်ကို မဟုတ်မမှန်၊ ကြံ့ဖန်သိလျက် အာရုံပြုကြ၏။ ယခင်ဘဝင်စိတ်တို့ကား အာရုံဟောင်းကိုပင် အာရုံပြု၍ သိကြ၏။ မှတ်ချက်။ ဤ(၄)ဝိထိဖြစ်ရာတွင် ပထမ၊ဒုတိယဝိထိသည်ပရမတ်သိ။ တတိယ၊စတုတ္ထဝိထိ

တို့တွင် ပညတ်သိဖြစ်၏ဟု မှတ်ပါ။

လကၢီ။ မြင်,ကြား,နံ,စား၊ ထိလေငြား၊ မှတ်သားစိတ်ဖြစ်ပုံ။(အားလုံးထိုနည်းအတိုင်းပင်)

ပရမတ်အစစ် ဓာတ်အနှစ်သိပုံ

ပရမတ်ဟူသည်ကား သဘာဝအရှိတရား၊ ဓာတ်အနှစ်အသားတို့ ဖြစ်၏။ သရုပ်အားဖြင့် 'စိတ်၊စေတသိက်၊ ရုပ်နိဗ္ဗာန်'ဟု လေးမျိုးသာ ရှိ၏။ အရေအတွက်အားဖြင့် စိတ်-၁ ပါး၊ စေတသိက်-၅၂ ပါး၊ ရုပ်-၂၈ ပါး၊ နိဗ္ဗာန် ၁-ပါးအားဖြင့် (၈၂)ပါး ဖြစ်၏။

ထိုပရမတ်တရားတို့သည် မိမိတို့၏သဘောလက္ခဏာအတိုင်း မဖောက်မပြန်မှန်ကန်တည့်မတ်ဂုဏ်သကတ်ကြောင့် 'ပရမတ္ထသစ္စာ၊သဘာဝသစ္စာ' ဖြစ်၏။ စိတ်သည် အာရုံကိုသိခြင်း သဘောမျှဖြစ်၏။ စေတသိက်သည် စိတ်၌ယှဉ်လျက် သိမှုသဘောမျှ ဖြစ်၏။ ရုပ်သည် အအေး၊အပူစသော ဆန့်ကျင်ဘက်အကြောင်းတရားတို့ကြောင့် ဖောက်ပြန်မှုသဘောမျှ ဖြစ်၏။ နိဗ္ဗာန်သည် ချုပ်ငြိမ်းအေးခြင်းသဘော ဖြစ်၏။

ထိုပရမတ်တရားတို့၏ (၈၂)ပါးသော သရုပ်အရေအတွက်တို့သည် ပရမတ်

http://www.dhammadownload.com

အားဖြင့်ယင်ရှားရှိသော **'ဝိဒ္ဓမာနသဒ္ဒပညတ်'** တို့သာ ဖြစ်၏။ ထိုပရမတ်တရား၏ မိမိဆိုင်ရာ သဘောလက္ခဏာအသီးသီးတို့သည်သာ **'ပရမတ်အစစ် ဓာတ်အနှစ်'** မည်၏။ ပရမတ်တရားတို့၏ သဘောလက္ခဏာကို ဝိပဿနာဉာဏ်ဖြင့် သိမြင်နိုင်မှုသည်သာလျှင် အရိယသစ္စာကို မျက်မှောက်ပြုနိုင်၏။ သဘောမမှီသ၍ လောကီ၊ ပညတ်သာ ဖြစ်၏။သဘောဟုတ်မှသာ လောကုတ္တရာမင်ဖိုလ်သို့ ဆိုက်ရောက်နိုင်၏။

ဝိပဿနာရှုရမည့်ပရမတ်သဘောတရားများ

ရုပ်ပရမတ်(၂၈)၌ နိုပ္ပန္နရုပ်(၁၈)ပါး	နာမ်တောယည္ဘာသ(နာမ်တရား-၅၃)ပါး
ရူပက္ခန္ဓာ-ဖောက်ပြန်မှုအရုရုပ်ခန္ဓာ(၁)မျိုး	အာရုံသိုဏ်ဏတ်မှု၊သိမှုအစုနာမ်ခန္ဓာ(၄)မျိုး
အာရုံကိုမသိတတ်၊ဖောက်ပြန်မှုသဘောထင်	ဝိညာဏက္ခန္ဓာ-သိမှုသဘောအစု(၁)ပါး
ပထဝီ၊တေဇော၊အာပေါ၊ဝါယော(၄)ပါး	ဝေဒနာက္ခန္ဓာ-ခံစားမှုသဘော(၁)ပါး
စက္ခု၊သောတ၊ဃာန၊ဇိဝှါ၊ကာယ၊ဟဒယ(၆)ပါး	သညာက္ခန္ဓာ- မှတ်သားမှုသဘော(၁)ပါး
ရူပ၊သဒ္ဒ၊ဂန္ဓ၊ရသ၊ဖောဋ္ဌဗ္ဗ(၄)ပါး	သင်္ခါရက္ခန္ဓာ- ပြုပြင်စီရင်မှုသဘော(၅၀)ပါး
ဣတ္ထိဘာဝ၊ပုရိသဘာဝ၊ဇီဝိတ၊အာဟာရ(၄)ပါး	

အနာပါနမှ ဝိပဿနာသို့ကူးပုံ

ထွက်လေ၊ဝင်လေဟူသော ပညတ်ခမ္ဘာရုံကို ရှုမှတ်နေသော သမထယာနိကယောဂီသည် ပဋိဘာဂနိမိတ်ထင်၍ ဥပစာရသမာဓိမျှရလျှင်သော်လည်းကောင်း၊ အပ္ပနာစျာန်တစ်မျိုးမျိုးကို ဖြစ်လျှင်သော်လည်းကောင်း ဝိပဿနာသို့ ကူးပြောင်းရှုမှတ်အပ်၏။ သမာဓိရရှိ၍ စိတ်တည်ကြည်ပြီးသောယောဂီသည်-

ထွက်လေ၊ဝင်လေဟူသော ပညတ်ခမ္ဘာရုံကို ခွာ၍ ရုပ်ပရမတ်သဘောဖြစ်စေ၊နာမ်ပရမတ်သဘောဖြစ်စေ၊ အလှည့်သင့်သလို ထင်ရှားပေါ်လွင်သော ရုပ်နာမ်ပရမတ်သဘောတစ်မျိုးမျိုးတို့ကို မြင်အောင်ကြည့်၍ သိမှတ်ရ၏။

ထွက်လေ၊ဝင်လေသည် အတိုက်ဓာတ် 'ဝါယောရုပ်'တွန်းကန်ရွှေ့လျားမှုသဘော' ဖြစ်၏။ ထိုဝါယောရုပ်သဘောနှင့်အတူ ပူနွေးသဘော၊အေးသဘော 'တေဇော'နှင့် ကြမ်းရှရှ'ပထဝီ'သဘောတို့သည် အတိုက်ဓာတ်'ဖောဋ္ဌဗ္ဗာရုံ' ဖြစ်၏။

ခန္ဓာကိုယ်၌ အထိခံဖြစ်သော ကြမ်းရှရှပထဝီ၊ ပူနွေးအေးတေဇော၊ တွန်း

http://www.dhammadownload.com

လှုပ်မှုဝါယော၊ ဖွဲ့စေးမှုအာပေါဟူသော မဟာဘုတ်ရုပ်တို့သည် အခံဓာတ် 'ကာယ ပသာဒ' ကိုယ်အကြည်ရုပ် ဖြစ်၏။ ဖောက်ပြန်မှုရုပ်သဘောအစုတို့ဟု သိမှတ်ရ၏။ ထိုအတိုက်ဓာတ်နှင့် အခံဓာတ်တို့၏ တိုက်ဆုံခြင်းကြောင့် ထိသိသဘောသည် 'ကာယဝိညာဏ်' ဖြစ်၏။ ထိတွေ့မှုသဘောသည် 'ဖဿ' စေတသိက် ဖြစ်၏။ သာသာ၊ နာနာစသော ခံစားမှုသဘောသည်ကား 'ဝေဒနာ' စေတသိက် ဖြစ်၏။ အာရုံကို သိမှုသည် နာမ်သဘောအစု ဖြစ်၏။ ဤသို့ လေဟူသော ပညတ်အာရုံမှ တွန်းကန်ရွှေ့လျားမှုဟူသော ပရမတ်အာရုံအဖြစ်သို့ ကူးပြောင်းရှုမှတ်ရမှု ဖြစ်၏။

ဝိပဿနာရှုမြင်မှုဟူသည်

ဝိပဿနာဟူသည် 'ဝိ-အထူးထူးအပြား။ ပဿ-ရှုမြင်မှု' ဖြစ်၏။

အဘယ်သို့ ရှုမြင်မှုကို အထူးထူးအပြားပြား ရှုမြင်မှုဟု ဆိုသနည်း?။

(၁)ပညတ်ကိုကျော်ဖြတ်၍ ပရမတ်ဖြစ်သော ရုပ်၊နာမ်တရားတို့ကို ပရမတ်သဘောလက္ခဏာဆိုက်အောင် ရှုမြင်မှု ဖြစ်၏။

(၂)ထိုပရမတ်သဘောတရားတို့ကို မမြဲမှုသဘော-အနိစ္စလက္ခဏာ၊ ဆင်းရဲမှုသဘော-ဒုက္ခလက္ခဏာ၊ အတ္တအနှစ်အသားမရှိမှုသဘော-အနတ္တလက္ခဏာ ဟူသော သာမညလက္ခဏာဆိုက်အောင် ရှုမြင်မှု ဖြစ်၏။

ရုပ်နာမ်ဟူသော ပရမတ်သဘောတရားတို့၌ 'လက္ခဏာ(၃)မျိုး' ပါရှိ၏။

ခက်မာမှု-ကက္ခဋလက္ခဏာ,၊ ထိတွေ့မှု-ဖုသနလက္ခဏာ,၊ ခံစားမှု-ဝေဒယိတလက္ခဏာစသည်တို့သည် ပရမတ်တရားတို့၏ အများနှင့်မဆိုင်သော အသီးအသီး ကိုယ်ပိုင်သဘောတို့ဖြစ်သောကြောင့် 'သဘာဝလက္ခဏာ' မည်၏။

ထိုရုပ်နာမ်ပရမတ်တရားတို့၏ ပြုပြင်စီရင်မှုအကြောင်းတို့ကြောင့် ဖြစ်မှု-ဥပ္ပါဒလက္ခဏာ၊ တည်မှု-ဋ္ဌိတိလက္ခဏာ၊ ပျက်မှု-ဘင်္ဂလက္ခဏာတို့သည် သင်္ခါရတရားတို့၏ အမှတ်လက္ခဏာဖြစ်သောကြောင့် 'သင်္ခတလက္ခဏာ' မည်၏။

ထိုအလုံးစုံသော ရုပ်နာမ်ပရမတ်တရားတို့၌ မမြဲမှု-အနိစ္စလက္ခဏာ၊ ဆင်းရဲမှု-ဒုက္ခလက္ခဏာ၊ အစိုးမရ၊အလိုမကျမှု-အနတ္တလက္ခဏာတို့သည် ရုပ်နာမ်ပရမတ်တရားအားလုံးနှင့် ဆက်ဆံသောကြောင့် 'သာမညလက္ခဏာ' မည်၏။

ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်လာနိုင်ဖို့မှာ ရုပ်နာမ်ပရမတ်တရားတို့ကို သာမညလက္ခဏာဆိုက်အောင် ရှုမြင်နိုင်မှု၏။ 'တီဏိမာနိ ဘိက္ခဝေ သင်္ခတသ သင်္ခတလက္ခဏာနိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဋ္ဌိတဿအညထတ္တံ ပညာယတိ' (ပဋ္ဌိသမ္ဘိဒါ၊၄၁၀)

http://www.dhammadownload.com

ဝိပဿနာစတင်အားထုတ်ခြင်း

ဝိပဿနာဘာဝနာစတင်အားထုတ်လိုသော ဝိပဿနာယာနိကယောဂီသည် အဦးဆုံး ဝိပဿနာရှုကွက်(အရှုခံ)အာရုံကို ရှာဖွေရ၏။ ဝိပဿနာ၏အာရုံဟူသည်မှာ ဥပါဒါန်တရားတို့၏ အာရုံဖြစ်သော သခ်ၢတပရမတ်ရုပ်နာမ် **'ခန္ဓာ'** ငါးပါး ဖြစ်၏။

တဏှာနှင့်ဒိဋ္ဌိတို့သည် မြဲမြံစွာစွဲလန်းတတ်သောကြောင့် **'ဥပါဒါန်'** မည်၏။ ထိုတဏှာ၊ဒိဋ္ဌိတို့ဖြင့် မြဲမြံစွာစွဲလန်းခံရသော ခန္ဓာငါးပါး ပရမတ်တရားတို့ကိုပင် **'ဥပါဒါနက္ခန္ဓာ'**ဟု ခေါ်ခြင်းသည် ဖြစ်၏။

ထိုဥပါဒါနက္ခန္ဓာငါးပါးတို့သည် အဘယ်အရပ်၌ ရှိသနည်း?။ မျက်လုံးဖြင့် မြင်ရာ အဆင်းအာရုံရှိရာအရပ်၊ နားဖြင့်ကြားရာ အသံအာရုံရှိရာအရပ်၊ နှာခေါင်းဖြင့် နမ်းရှုရာ အနံ့အာရုံရှိရာအရပ်၊ လျှာဖြင့်စားရာ အရသာရှိရာအရပ်၊ ကိုယ်ဖြင့်ထိတွေ့ရာ အတွေ့အာရုံရှိရာအရပ်၊ စိတ်ဖြင့် ကြံသိရာ သဘောအာရုံရှိရာအရပ်တို့၌ အဗ္ဗတ္တ သန္တာန်၊ဗဟိဒ္ဓသန္တာန်၊ အဗ္ဗတ္တ၊ဗဟိဒ္ဓသန္တာန်တို့၌ ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့ဟူသော ကာလသုံးပါးလုံးတို့၌ တည်ရှိကုန်၏။

ထိုတွင် အဗ္ဗတ္တ၊ဗဟိဒ္ဓသန္တာန်တို့၌ ပစ္စုပ္ပန်အခိုက်တွင် ထင်ရှားသော အာရုံတစ်မျိုးမျိုးကို သတိမပြတ်၊သိမှတ်ရပေ၏။ သိနေမှု၌ 'ပညာ၊ဝိတက်' ဟူသော ပညာမဂ္ဂင်(၂)ပါး ပါဝင်၏။ မှတ်နေမှု၌ 'သတိ၊သမာဓိ၊ဝီရိယ'ဟူသော သမာဓိ မဂ္ဂင်(၃)ပါး ပါဝင်၏။ ထိုမဂ္ဂင်(၅)ပါးသည် ဝိပဿနာယောဂီ၏ အရှုဉာဏ်၊ လောကုတ္တရာမဂ်၏ရှေးအဖို့၌ဖြစ်သဖြင့် လောကီဖြစ်သော **'ပုဗ္ဗဘာဂမဂ်'** မည်၏။

ဝိပဿနာဉာဏ်၏အာရုံဖြစ်သော ပစ္စုပ္ပန်အခိုက်တွင်ထင်ရှားသော ဥပါဒါန်တရားတို့၏အာရုံဖြစ်သော ရုပ်နာမ်ခန္ဓာငါးပါးတို့သည် **'အရှုခံ'**တရားမည်၏။

ထိုသို့ အရှုခံ-ဥပါဒါန်ခန္ဓာငါးပါးတို့ကို အရှုဉာဏ် **'ပုဗ္ဗဘာဂမဂ်'**ဖြင့် သိမှတ်နေမှုသည် ဝိပဿနာဘာဝနာ ပွားများအားထုတ်မှု မည်ပေ၏။

လကၢ်း။ ဝိပဿနာဉာဏ်ဆိုတာ၊ ဘယ်အရာ၊ ရှု၍ဖြစ်သနည်း?။

စွဲလန်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှု၍ ဖြစ်သတည်း။(ဥပါဒါနက္ခန္ဓာငါးပါး)

ဘယ်အကျိုးငှါ၊ ဘယ်အခါ၊ မှန်စွာရှုရပါသနည်း?။

မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုရပါသတည်း။ (ပစ္စုပ္ပန်ခန္ဓာငါးပါး)

ဖြစ်ဆဲမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကင်းပျောက်သည်။(ဥပါဒါန်ပျောက်)

ဖြစ်ဆဲမမှတ်ရှု၊ ရုပ်နာမ်စု၊ စွဲမှုကပ်ရောက်သည်။(ဥပါဒါန်ရောက်)

အသစ်ကိုလည်းမကြံရ၊ အဟောင်းကိုလည်း မပြန်ရ။ ပစ္စုပ္ပန်ကျကျရှု။

http://www.dhammadownload.com

ဖြစ်အောင်လည်းမပြုရ၊ ပျက်အောင်လည်းမပြုရ၊ ဖြစ်တိုင်းပျက်တိုင်း မြင်အောင်ရှု။ ဖြစ်အောင်ပြုက လောဘ၊ ပျက်အောင်ပြုက ဒေါသ၊ ဖြစ်ပျက်မသိက မောဟ။

အာရုံ(၆)ပါးကြောင့် စိတ်(၆)မျိုးဖြစ်ပေါ်လာပုံ

မိမိ၏ကိုယ်တွင်းအဖျတ္တသန္တာန်၌ 'စက္ခုပသာဒ' ရုပ်အကြည်ဓာတ်သဘောသည် ရှိ၏။ ပြင်ပဗဟိဒ္ဓသန္တာန်၌ 'ရူပါရုံ' အဆင်းရုပ်သဘောသည်လည်းရှိ၏။ ထိုမျက်စိရုပ်နှင့်အဆင်း 'ရုပ်(၂)သဘောမျိုး'ကို စွဲမှီခွင့်ရသဖြင့် 'စက္ခုဝိညာဏ်' မြင်သိစိတ်သဘောသည် ဖြစ်ပေါ်လာရ၏။ ထိုမြင်သိစိတ်တစ်ခုဖြစ်ပေါ်လာမှု၌-

ကဠဋ္ဌ ပဋ္ဌိစ္ဆ အဂ္ဂိ ဇလတိ၊ ကဠဂ္ဂိတ္တေ သခ်ိ ဂစ္ဆတိ သေယျထာပိ။

ထင်းကိုလည်းကောင်း၊ မီးကိုလည်းကောင်း စွဲ၍ဖြစ်သောမီးကို 'ထင်းမီး' (ကောက်ရိုးမီး၊ မြက်မီး၊ ဖွဲ့မီးစသည်)ဟု ခေါ်ဆိုရသကဲ့သို့တည်း။

စက္ခုဉ္စ ပဋ္ဌိစ္ဆ ရူပေစ ဥပ္ပဇ္ဇတိ၊ဝိညာဏံ။ စက္ခုဝိညာဏန္တေ သခ်ိ ဂစ္ဆတိ။

ထို့နည်းတူ 'မျက်စိအကြည်ရုပ်ကိုလည်းကောင်း၊ အဆင်းရုပ်ကိုလည်းကောင်း စွဲ၍ဖြစ်သော သိစိတ်ဝိညာဏ်ကို 'စက္ခုဝိညာဏ်-မြင်သိစိတ်'ဟူ၍သာ ခေါ်ဆိုရ၏။ (ကြားသိစိတ်၊နံ့သိစိတ်၊စားသိစိတ်၊ထိသိစိတ်၊ကြံ့သိစိတ်တူ၏)

၁-စက္ခု+ရူပါရုံအကြောင်းကြောင့် မြင်သိစိတ်ဝိညာဏ်အကျိုး ဖြစ်၏။
၂-သောတ+သဒ္ဒါရုံအကြောင်းကြောင့် ကြားသိစိတ်ဝိညာဏ် အကျိုးဖြစ်၏။
၃-ဃာန+ဂန္ဓာရုံအကြောင်းကြောင့် နံ့သိစိတ်ဃာနဝိညာဏ် အကျိုးဖြစ်၏။
၄-ဇိဝှါ+ရသာရုံအကြောင်းကြောင့် စားသိစိတ်ဇိဝှါဝိညာဏ် အကျိုးဖြစ်၏။
၅-ကာယ+ဖောဋ္ဌဗ္ဗာရုံအကြောင်းကြောင့် ထိသိစိတ်ကာယဝိညာဏ် ဖြစ်၏။
၆-မနောဘဝင်+ဓမ္မာရုံကြောင့် ကြံ့သိစိတ်မနောဝိညာဏ်အကျိုးဖြစ်၏။

ဤသို့အားဖြင့် အဖျတ္တသန္တာန်ရှိ ဒွါရ(၆)ခုနှင့် ဗဟိဒ္ဓသန္တာန်ရှိ အာရုံ(၆)ပါးဟူသောအကြောင်းကြောင့် 'သိစိတ်ဝိညာဏ်(၆)မျိုး'ဟူသော အကျိုးနာမ်တရားများ ဖြစ်ပေါ်လာမှုသည် **'ဟေတုံ ပဋ္ဌိစ္ဆ သမ္ဘူတာ'** အကြောင်းကြောင့် အကျိုးဖြစ်မှု 'ပဋ္ဌိစ္ဆသမုပ္ပါဒ်'သဘော မည်၏။ ထင်းနှင့်မီးကို စွဲ၍သာ ထင်းမီးဟူ၍ ဖြစ်ပေါ်လာသကဲ့သို့ ဖြစ်ရ၏။ ထင်းနှင့်မီးကို မစွဲလျှင် ထင်းမီးမဖြစ်။ ချုပ်ပျက်ငြိမ်းပေ၏။

လကၡာ။ ပန်းပင်တစ်ပင်၊မည်သူမြင်။ မြင်သူမခူး၊ မည်သူခူး။ ခူးသူမပန်၊မည်သူပန်။ ပန်သူမမွှေး၊မည်သူမွှေး၊ မွှေးသူမစွဲ၊မည်သူစွဲ- နာမ်နှင့်ရုပ်သာပဲ။

http://www.dhammadownload.com

အကြောင်းကြောင့် အကျိုးဖြစ်ပုံများ

အကြောင်းကို (ဟေတုံ)	စွဲ၍ (ပဋ္ဌိစ္စ)		အကျိုးဖြစ် (သမ္ဘူတာ)
မျက်စိ	အဆင်း	မြင်	မြင်သိစိတ်
နား	အသံ	ကြား	ကြားသိစိတ်
နှာခေါင်း	အနံ့	နမ်းရှု	နံ့သိစိတ်
လျှာ	အရသာ	စားသုံး	စားသိစိတ်
ကိုယ်	တွေ့စရာ	ထိတွေ့	ထိသိစိတ်
စိတ်	သဘော	တွေးကြံ	ကြံသိစိတ်

အကြောင်းကို (ဟေတု)	မစွဲလျှင် (ဘင်္ဂါ)		အကျိုးချုပ် (နိုရဏျတိ)
မျက်စိ	အဆင်း	မဆုံ	မြင်သိစိတ်ချုပ်
နား	အသံ	မဆုံ	ကြားသိစိတ်ချုပ်
နှာခေါင်း	အနံ့	မဆုံ	နံ့သိစိတ်ချုပ်
လျှာ	အရသာ	မဆုံ	စားသိစိတ်ချုပ်
ကိုယ်	တွေ့စရာ	မဆုံ	ထိသိစိတ်ချုပ်
စိတ်	သဘော	မဆုံ	ကြံသိစိတ်ချုပ်

"တိဏ္ဏံ သင်္ဂတိ ဖဿော"				
အာဝဇ်ဓာတ် ဒွါရ(၆)	အတိုက်ဓာတ် အာရုံ(၆)	အပွင့်ဓာတ် ဝိညာဏ်(၆)	အထိတ်ဓာတ် ဖဿ(၆)	ခံစားဓာတ် ဝေဒနာ(၆)
မျက်စိ	အဆင်း	မြင်သိစိတ်	ထိမှု	မြင်သိထိကြောင့်-ခံစား
နား	အသံ	ကြားသိစိတ်	ထိမှု-	ကြားသိထိကြောင့်-ခံစား
နှာ	အနံ့	နံ့သိစိတ်	ထိမှု	နံ့သိထိကြောင့်-ခံစား
လျှာ	အရသာ	စားသိစိတ်	ထိမှု	စားသိထိကြောင့်-ခံစား
ကိုယ်	အတွေ့	တွေ့သိစိတ်	ထိမှု	တွေ့သိထိကြောင့်-ခံစား
စိတ်	သဘော	ကြံသိစိတ်	ထိမှု	ကြံသိထိကြောင့်-ခံစား

http://www.dhammadownload.com

'အဝိဇ္ဇာပစ္စယာ တဏှာသမုဒယောဖြစ်ပုံ

'စက္ခုဟူ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ-စက္ခုဝိညာဏ်၊ တိဏ္ဍသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ၊ သောက၊ ပရိဝေဒ၊ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခ က္ခန္ဓဿ သမုဒယော ဟောတိ။ (နိဒါနဝဂ္ဂ၊သံယုတ်ပါဠိတော်)(သောတစသည်တူ၏)

မျက်စိ၊အဆင်း၊မြင်ခြင်း၊တွေ့ထိခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ ဆုံသောခဏ မြင်တိုင်း၊မြင်တိုင်းအခိုက်အတန့်တို့၌ သတိပဋ္ဌာန်မရှုမှတ်သူအား ထိုငါးမျိုးတို့၌ပင် အဝိဇ္ဇာခေါ် မသိမှု မောဟတရားသည် ငါ၊ငါ့ဟာဟူသောတပ်မက်မှု တဏှာနှင့် တွဲ၍၊တွဲ၍သာ ဖြစ်၏။

နား၊အသံ၊ကြားခြင်း၊တွေ့ထိခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ ဆုံသော ခဏ၊ကြားတိုင်းကြားတိုင်းအခိုက်အတန့်တို့၌ မသိသဖြင့်လည်း တပ်မက်၏။

နှာခေါင်း၊အနံ့၊နံခြင်း၊တွေ့ထိခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ ဆုံသော ခဏ၊ နံတိုင်းနံတိုင်းအခိုက်အတန့်တို့၌ မသိသဖြင့်လည်း တပ်မက်၏။

လျှာ၊အရသာ၊စာခြင်း၊တွေ့ထိခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ ဆုံသော ခဏ၊ စားတိုင်းစားတိုင်းအခိုက်အတန့်တို့၌ မသိသဖြင့်လည်း တပ်မက်၏။

ကိုယ်၊အတွေ့၊ တွေ့ခြင်း၊ထိခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ဆုံသော ခဏ၊ တွေ့တိုင်းတွေ့တိုင်းအခိုက်အတန့်တို့၌ မသိသဖြင့်လည်း တပ်မက်၏။

စိတ်၊သဘော၊သိခြင်း၊ တွေ့ခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ဆုံသော ခဏ၊ သိတိုင်းသိတိုင်းအခိုက်အတန့်တို့၌ မသိသဖြင့်လည်း တပ်မက်၏။ အဘယ်၌ မသိ၊တပ်မက်မှု ဖြစ်သနည်း။ ထိုမသိသော ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ (၅)မျိုးတို့၌ပင် တပ်မက်မှုတဏှာသည် ဖြစ်၏။ ထောင်လွှားမှုမာနသည်ဖြစ်၏။ ငါ၊သူတစ်ပါး၊စသည်အားဖြင့် အယူအသိမှားမှုဒိဋ္ဌိသည် ဖြစ်၏။

စက္ခုစခေါ ဘိက္ခဝေ အဇာနံ အပဿံ ယထာဘူတံ၊ ရူပေ အဇာနံ အပဿံ ယထာဘူတံ၊ စက္ခုဝိညာဏံ အဇာနံ အပဿံ ယထာဘူတံ၊ စက္ခုသမ္ဖဿံ အဇာနံ အပဿံ ယထာဘူတံ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အဇာနံ အပဿံ ယထာဘူတံ၊ စက္ခုသ္မိံ သာရဇ္ဇတိ၊ ရူပေသု သာရဇ္ဇတိ၊ စက္ခုဝိညာဏေ သာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ သာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံ ပိ သာရဇ္ဇတိ။ (ဥပရိပဏ္ဏာသပါဠိတော်၊၃၃၆)

http://www.dhammadownload.com

မသိမှုကြောင့် ပဋိစ္စသမုပ္ပါဒ်သံသရာလည်ပုံ

သတိပဋ္ဌာန်မရှုမှတ်သူအား မြင်မှု၊ကြားမှုနံ့မှု၊စားမှု၊တွေ့ထိမှု၊ကြံ့မှုတိုင်း၌ မသိမှုအဝိဇ္ဇာ၊ ဒုက္ခသစ္စာတရားနှင့် တပ်မက်မှုလောဘ၊ တဏှာသမုဒယသစ္စာသည် တွဲ၍၊တွဲ၍နေသဖြင့် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ခွဲ၍၊ခွဲ၍ ပိုင်းခြားမသိမှုသည် ဖြစ်၏။

ထိုသို့ ပိုင်းခြားမသိမှုအဝိဇ္ဇာကြောင့် 'ကံသင်္ခါရ(၂၉)ပါး'တို့ကို ပြုလုပ်အားထုတ်၏။ သင်္ခါရတို့ကြောင့် ပဋိသန္ဓေ၊ပဝတ္တိစိတ် 'ဝိညာဏ်(၈၁)ပါး' ဖြစ်၏။ ဝိညာဏ်တို့ကြောင့် 'နာမ်နှင့်ရူပ်' ပေါ်၏။ နာမ်ရူပ်ကြောင့် 'အတွင်းအပအာယတန' တို့ ဖြစ်၏။ အာယတနတို့ကြောင့် 'ဖဿ(၆)ပါး' ဖြစ်၏။ ဖဿကြောင့် 'ဝေဒနာ(၆)ပါး' ဖြစ်၏။ ဝေဒနာကြောင့် 'တဏှာ(၆)ပါး၊ (၃)ပါး၊ (၁၀၈)ပါး' ဖြစ်၏။ တဏှာကြောင့် 'ဥပါဒါန်(၄)ပါး' ဖြစ်၏။ ဥပါဒါန်ကြောင့် အကြောင်းကံနှင့် အကျိုးဝိပါက် 'ဘဝ(၂)မျိုး' ဖြစ်၏။ ဘဝကြောင့် ရူပ်အသစ်နာမ်အသစ် 'ဇာတိ' ဖြစ်၏။ ဇာတိကြောင့် 'ဇရာ၊မရဏ၊သောက၊ပရိဝေဒ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသ'တို့ ဖြစ်၏။ တပ်မက်မှုတဏှာဟူသော သမုဒယသစ္စာနှင့် မသိမှုအဝိဇ္ဇာ ဒုက္ခသစ္စာ(၂)ပါးတို့ကြောင့် ပဋိစ္စသမုပ္ပါဒ်၊အနုလုံ၊ သံသရာလည်မှုသည် ဖြစ်၏။

အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ၊ သောက၊ပရိဝေဒ၊ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (မဟာဝါပါဠိတော်၊နာ-၁၄)

'အဝိဇ္ဇာနိရောဓာ တဏှာနိရောဓောဖြစ်ပုံ

'စက္ခုဠာ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ-စက္ခုဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ **တဿေव တဏှာယ အသေသ ဝိရာဂနိရောဓာ** ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ၊သောက၊ ပရိဝေဒ၊ဒုက္ခ၊ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ (နိဒါနဝဂ္ဂ၊သံယုတ်ပါဠိတော်) (သောတ၊ယာနစသည်တူ၏)

http://www.dhammadownload.com

မျက်စိ၊အဆင်း၊မြင်ခြင်း၊တွေ့ထိခြင်း၊ခံစားခြင်းဟူသော ဤ(၅)မျိုးတို့ဆုံ သောခဏ မြင်တိုင်း၊မြင်တိုင်း အခိုက်အတန့်တို့၌ သတိပဋ္ဌာန်ရှုမှတ်သူတို့အား ထို(၅)မျိုးတို့၌ပင် ဟုတ်တိုင်းမှန်စွာ သိ၊သိနေသောကြောင့် မသိမှုအဝိဇ္ဇာအနုသယ ဓာတ်ကို သိမှုပညာအမောဟဓာတ်ဖြင့် ပယ်သတ်မှု ဖြစ်၏။ မသိမှုအဝိဇ္ဇာဓာတ် သေသဖြင့် တပ်မက်မှုတဏှာဓာတ်သည် မကပ်ရောက်ဘဲ ကင်းပျောက်ပေ၏။

ထိုပြင် မျက်စိ၊အဆင်း၊မြင်ခြင်း၊တွေ့ထိခြင်း၊ခံစားခြင်းဟူသော (၅)မျိုးတို့ ဆုံသောခဏတိုင်း၌ သိ၊သိနေသောကြောင့် မတပ်မက်သူအား တဏှာတရားတို့သည် အဆင့်ဆင့်မတိုးပွား။ နောင်တစ်ဖန် ဘဝသစ်ကို မဖြစ်ပေါ်စေ။ တပ်မက်ခြင်းကင်းသ ဖြင့် ထိုထိုအာရုံ၊ထိုထိုဘဝ၌ အလွန်တပ်မက်တတ်သော တဏှာသည် ထိုသတိပဋ္ဌာန် ရှုမှတ်သောယောဂီအား ပယ်ပျောက်မှု ဖြစ်၏။

သိ၊သိနေမှုကြောင့် မတပ်မက်သဖြင့် ကိုယ်၌ဖြစ်သောပူလောင်ခြင်း၊ စိတ်၌ ဖြစ်သော ပူလောင်ခြင်းတို့သည်လည်း ပယ်ပျောက်ကုန်၏။ ကိုယ်၌ဖြစ်သော ချမ်းသာခြင်း၊ စိတ်၌ဖြစ်သောချမ်းသာခြင်းတို့ကိုလည်း ခံစားရကုန်၏။

ထို့အတူ နားဖြင့်ကြားမှု၌လည်းကောင်း၊ နှာခေါင်းဖြင့်နံမှု၌လည်းကောင်း၊ လျှာဖြင့်စားခြင်း၌လည်းကောင်း၊ ကိုယ်ဖြင့်ထိခြင်း၌လည်းကောင်း၊ စိတ်ဖြင့်သိခြင်း၌ လည်းကောင်း သိမှတ်နေသူအား ဒွါရ(၆)ပါး၊ အာရုံ(၆)ပါး၊ ဝိညာဏ်(၆)ပါး၊ ဖဿ(၆)ပါး၊ဝေဒနာ(၆)ပါးတို့၌ မတပ်မက်ခြင်းကြောင့် တဏှာကင်းပျောက်၏။

စက္ခုစခေါ ဘိက္ခဝေ ဇာနံ ပဿံ ယထာဘူတံ၊ ရူပေ ဇာနံ ပဿံ ယထာဘူတံ၊ စက္ခုဝိညာဏံ ဇာနံ ပဿံ ယထာဘူတံ၊ စက္ခုသမ္ဖဿံ ဇာနံ ပဿံ ယထာဘူတံ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ ဇာနံ ပဿံ ယထာဘူတံ၊ စက္ခုသ္မိံ နသာရဇ္ဇတိ၊ ရူပေသု နသာရဇ္ဇတိ၊ စက္ခုဝိညာဏေ နသာရဇ္ဇတိ၊ စက္ခုသမ္ဖဿေ နသာရဇ္ဇတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ၊ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံ ပိ နသာရဇ္ဇတိ။ (ဥပရိပဏ္ဏာသပါဠိတော်၊၃၃၆)

သိမှုကြောင့် ပဋ္ဌိစ္စသမุป္ပါဒ်သံသရာပြတ်ပုံ

သတိပဋ္ဌာန်ရှုမှတ်သဖြင့် သိသိနေသောယောဂီအား မြင်မှု၊ကြားမှု၊နံမှု၊စားမှု၊ တွေ့ထိမှု၊သိမှုအခိုက်အတန့်တိုင်း၌ မသိမှုအဝိဇ္ဇာပျောက်၍ တပ်မက်မှုလောဘ၊ တဏှာသို့ မရောက်။ မရောက်သဖြင့် ဒုက္ခသစ္စာနှင့် သမุဒယသစ္စာသည် ကွဲ၍၊ကွဲ၍

http://www.dhammadownload.com

နေ၏။ 'ဒုက္ခသစ္စာနှင့် သမုဒယသစ္စာကို ခွဲ၍၊ခွဲ၍ ပိုင်းခြားသိမှုဟူသော 'ဒုက္ခသစ္စာ ပရိညာကိစ္စ'သည် ဖြစ်၏။ ပိုင်းခြားသိမှုဟူသော ပုဗ္ဗဘာဂမဂ်သည် 'မဂ္ဂသစ္စာ' ဖြစ်၏။ ပိုင်းခြားသိသဖြင့် တပ်မက်မှုသည်လည်း အလိုလိုချုပ်ပျောက်၏။ တပ်မက်မှု၏ ချုပ်ပျက်ငြိမ်းခြင်းသည် 'နိရောဓသစ္စာ' ဖြစ်၏။

ထိုသို့ ပိုင်းခြားသိမှုဖြင့် အဝိဇ္ဇာချုပ်ခြင်းကြောင့် ကံသခ်ါရ(၂၉)ပါးတို့ကို ပြုလုပ်အားထုတ်မှုချုပ်၏။ သခ်ါရချုပ်ခြင်းကြောင့် ပဋိသန္ဓေ၊ပဝတ္တိစိတ်ဝိညာဏ်တို့ချုပ်၏။ ဝိညာဏ်ချုပ်မှုကြောင့် နာမ်နှင့်ရုပ်တို့ ချုပ်၏။ နာမ်ရုပ်ချုပ်မှုကြောင့် အတွင်းအပအာယတနတို့ ချုပ်၏။ အာယတနချုပ်မှုကြောင့် ဖဿ(၆)ပါး ချုပ်၏။ ဖဿချုပ်မှုကြောင့် ဝေဒနာ(၆)ပါး ချုပ်၏။ ဝေဒနာချုပ်မှုကြောင့် တဏှာ(၆)ပါး၊ (၃)ပါး၊ (၁၀၈)ပါး ချုပ်၏။ တဏှာချုပ်မှုကြောင့် ဥပါဒါန်(၄)ပါး ချုပ်၏။ ဥပါဒါန်ချုပ်မှုကြောင့် အကြောင်းကံဘဝနှင့်အကျိုးဝိပါက်ဘဝ (၂)မျိုး ချုပ်၏။ ဘဝချုပ်မှုကြောင့် ရုပ်အသစ်၊နာမ်အသစ်ဖြစ်မှုဇာတိ ချုပ်၏။ ဇာတိချုပ်မှုကြောင့် ဇရာ၊မရဏ၊သောက၊ပရိဝေဒ၊ ဒုက္ခ၊ဒေါမနဿ၊ ဥပါယာသတို့ ချုပ်၏။ ပိုင်းခြားသိမှု မဂ္ဂသစ္စာနှင့် တဏှာချုပ်ငြိမ်းမှု နိရောဓသစ္စာ(၂)ပါးဖြင့် ပဋိစ္စသမုပ္ပါဒ်၊ပဋိလုံ၊ သံသရာပြတ်သုဉ်းခြင်းသည် ဖြစ်၏။

အဝိဇ္ဇာယတွေဝအသေသဝိရာဂနိရောဓာ သခ်ါရနိရောဓော၊ သခ်ါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ၊သောက၊ပရိဝေဒ၊ဒုက္ခ၊ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ (မဟာဝါပါဠိတော်၊ နာ-၁၄)

မြင်ခိုက်စသည်၌ ခန္ဓာငါးပါးဖြစ်ပုံ

မြင်ဆဲအခိုက်၌ မျက်စိနှင့် အဆင်းအာရုံတို့သည် ဖောက်ပြန်မှုသဘော 'ရုပ်'တရားဖြစ်သောကြောင့် 'ရူပက္ခန္ဓာ'မည်၏။ မြင်သိစိတ်သည် သိမှုသဘော ဖြစ်သောကြောင့် 'ဝိညာဏက္ခန္ဓာ'မည်၏။ တွေ့ထိမှုဖဿသဘောသည် ပြုပြင်စီရင်မှုအစုဖြစ်သောကြောင့် 'သခ်ါရက္ခန္ဓာ'မည်၏။ ခံစားမှုဝေဒနာသဘော သည် ခံစားမှုအစုဖြစ်သောကြောင့် 'ဝေဒနာက္ခန္ဓာ'မည်၏။ မှတ်သားမှုသညာ

http://www.dhammadownload.com

သဘောသည် မှတ်သားမှုအစုဖြစ်သောကြောင့် 'သညာကွန္ဓာ' မည်၏။ ရုပ်တရားတို့သည် မသိတတ်။ နာမ်တရားတို့သည် အာရုံကို သိတတ်၏။ ဤကဲ့သို့ ရုပ်နာမ်အားဖြင့်(၂)ပါး၊ ခန္ဓာအစုအားဖြင့် (၅)ပါးသော ဓာတ်သဘောအစုတို့သည်သာ မြင်သိမှုကိစ္စကို ပေါင်းစုလျက် ဆောင်ရွက်မှု ဖြစ်၏။

ထို့အတူ ကြားမှုနံ့မှု၊စားမှု၊ထိမှု၊ကြံ့သိမှုတို့၌လည်း ရုပ်နာမ်(၂)ပါး၊ ခန္ဓာ ငါးပါးဟူသော သဘောတရားတို့၏ ဆောက်ရွက်မှုတို့သာ ဖြစ်၏။

၁-မြင်ခိုက်တစ်ခု၌ မျက်စိ၊အဆင်း၊မြင်သိစိတ်၊ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ ဖြစ်၏။ ရုပ်နှင့်နာမ်(၂)ပါး၊ခန္ဓာ(၅)ပါးတို့ ဆောင်ရွက်မှုဖြစ်၏။

၂-ကြားမှုအခိုက်၌ နားနှင့်အသံ၊ကြားသိစိတ်၊ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ ဖြစ်၏။ရုပ်နှင့်နာမ်(၂)ပါး၊ခန္ဓာ(၅)ပါးတို့၏ ဆောင်ရွက်မှုဖြစ်၏။

၃-နံ့မှုအခိုက်၌ နှာခေါင်းနှင့်၊အနံ့နံ့သိစိတ်၊ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ ဖြစ်၏။ ရုပ်နှင့်နာမ်(၂)ပါး၊ခန္ဓာ(၅)ပါးတို့၏ ဆောင်ရွက်မှုဖြစ်၏။

၄-စားမှုအခိုက်၌ လျှာနှင့်အရသာ၊စားသိစိတ်၊ ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ ဖြစ်၏။ ရုပ်နှင့်နာမ်(၂)ပါး၊ခန္ဓာ(၅)ပါးတို့၏ ဆောင်ရွက်မှုဖြစ်၏။

၅-ထိတွေ့မှုအခိုက်၌ ကိုယ်နှင့်အတွေ့၊ထိသိစိတ်၊ ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ ဖြစ်၏။ ရုပ်နှင့်နာမ်(၂)ပါး၊ခန္ဓာ(၅)ပါးတို့၏ ဆောင်ရွက်မှုဖြစ်၏။

၆-စိတ်ဖြင့်သဘောကိုသိမှုအခိုက်၌ နှလုံးအကြည်နှင့် ဘဝင်၊ ကြံ့သိစိတ်၊ ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ ဖြစ်၏။ ရုပ်နှင့်နာမ်(၂)ပါး၊ ခန္ဓာ (၅)ပါးတို့၏ ဆောင်ရွက်မှုသာ ဖြစ်၏။

မြင်ဆဲအခိုက်စသည်၌ ချက်ခြင်းရှုမှတ်ခြင်း

အဆင်းမြင်မှုအခိုက်၌ မြင်သည်၊မြင်သည်ဟုလည်းကောင်း၊ အသံကြားဆဲ အခိုက်၌ ကြားသည်၊ကြားသည်ဟုလည်းကောင်း၊ နံ့ဆဲအခိုက်၊စားဆဲအခိုက်၊ တွေ့ထိဆဲအခိုက်၊ သိဆဲအခိုက်တို့၌လည်းကောင်း 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ' ဒေသနာတော်နှင့်အညီ ချက်ခြင်းသိမှတ်နေသောယောဂီအား ထိုမြင်မှု၊ကြားမှု၊နံ့မှု၊ စားမှု၊ထိမှု၊သိမှုတို့၌ ပညတ်အာရုံသိနှင့် မရောယှက်။ ပရမတ်ရုပ်နာမ်ဆတ်ဆတ်ကို သိမြင်မှုသာ ဖြစ်၏။ ရုပ်သဘော၊နာမ်သဘောတို့ကို ကွဲပြားစွာ သိမြင်မှုလည်း ဖြစ်၏။ ထိုရုပ်နာမ်သဘောတို့၏ ဖြစ်မှုပျက်မှု၊ မမြဲမှု၊ဆင်းရဲမှု၊ အတ္တအနှစ်အသား မပါမှုတို့ကို အဆင့်ဆင့်ထင်ရှားစွာ သိမြင်နိုင်မှုလည်း ဖြစ်ပေ၏။

http://www.dhammadownload.com

ရုပ်နာမ်ကွဲလျက်၊ ဖြစ်ပျက်သိမြင်။ အနိစ္စ,ဒုက္ခ,သဘောပင်။
မျက်စိ+မြင်ရ၊ ရုပ်ကနှစ်ဖြာ။ မြင်တွေ့ခံစား၊ နာမ်ကားသုံးဖြာ။
မြင်စဉ်တွေ့ရ၊ ဒုက္ခသစ္စာ။ မြင်တယ်ဟု၊ မှတ်ရှုသိလိုက်ပါ။
ကြားစဉ်တွေ့ရ၊ ဒုက္ခသစ္စာ၊ ကြားတယ်ဟု၊ မှတ်ရှုသိလိုက်ပါ။(မဟာစည်)

သိမှတ်သဖြင့် အတ္တဒိဋ္ဌပြတ်ပုံ

မြင်မှုတစ်ခုဌ 'မြင်သည်၊မြင်သည်'ဟု သိမှတ်သဖြင့် မျက်စိ၊အဆင်း၊ မြင်သိစိတ်၊ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးဌ ရုပ်သက်သက်နာမ်သက်သက်ကိုသာ သိ၏။ ကြားမှုနံ့မှု၊စားမှု၊ထိမှု၊ကြံ့သိမှု(၅)ပါးစီတို့ဌလည်း ရုပ်သက်သက်၊ နာမ်သက်သက်ကိုသာ သိ၏။ ထို(၅)ပါးစီဌ ရုပ်သက်သက်၊ နာမ်သက်သက်တို့ကိုသာ သိမှတ်နေသဖြင့် တပ်မက်မှုမဖြစ်။ မတပ်မက်သဖြင့် စွဲလန်းမှုမဖြစ်။ မစွဲလန်းသဖြင့် ကိုယ်စိတ်မပူလောင်။ ကိုယ်စိတ်မပူလောင်သဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာမှုကို ခံစားရ၏။ သိမှတ်မှုဖြင့် ဖြစ်ခွင့်ထိုက်သော ငါ၊သူတစ်ပါး၊ယောက်ျားမိန်းမစသည် အတ္တဒိဋ္ဌမှ ကင်းပြတ်နေမှုသဘောကြောင့်တည်း။

ထို(၅)ပါးစီဌ ဖြစ်ခွင့်ထိုက်သော ငါမပါ။ ငါမပါသဖြင့် ကိလေသာနှင့် မရောယှက်။ ကိလေသာနှင့် မစပ်သဖြင့် မြင်မှုဌ ဖြစ်မှု၊ပျက်မှု အနိစ္စသဘောထင်၏။ အနိစ္စဉာဏ်အမြင်ဖြင့် မြင်မှုဌ ဖြစ်ခြင်း၊ပျက်ခြင်းတို့တွင် ဒုက္ခသဘောထင်၏။ ဒုက္ခဉာဏ်အမြင်ဖြင့် ထိုအနိစ္စသဘော၊ဒုက္ခသဘောတို့ဌပင် ငါနှင့်မစပ်၊ ငါ့အလိုကျ မဖြစ်ရဟု အနတ္တဉာဏ်အမြင်ပေါ်လျက် 'အတ္တဒိဋ္ဌကို ပယ်သတ်မှု'သည် ဖြစ်၏။

မသိမှတ်သဖြင့် အတ္တဒိဋ္ဌဖြစ်တွယ်ပုံ

မြင်မှုတစ်ခုဌ မြင်သည်ဟု မသိမှတ်သဖြင့် မျက်စိ၊အဆင်း၊မြင်သိစိတ်၊ ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးဌ ရုပ်သက်သက်နာမ်သက်သက်ကို မသိ။ ကြားမှု၊ နံ့မှု၊ စားမှု၊ထိမှု၊ကြံ့သိမှု(၅)ပါးစီဌလည်း ရုပ်သက်သက်၊ နာမ်သက်သက်ကို မသိ။ ရုပ်သက်သက်၊ နာမ်သက်သက်ကို မသိမှတ်သဖြင့် ငါ၊သူတစ်ပါး၊ယောက်ျား၊မိန်းမ၊ ထင်၍ တပ်မက်၏။ တပ်မက်သဖြင့် ခန္ဓာအသစ်ပွား၏။ ခန္ဓာသစ်ပွားသဖြင့် စွဲလန်း၏။ စွဲလန်းသဖြင့် ကိုယ်စိတ်ပူလောင်၏။ ကိုယ်စိတ်ပူလောင်သဖြင့် ကိုယ်စိတ်ဆင်းရဲကို ခံစားရ၏။ မသိမှတ်မှုကြောင့် ဖြစ်ခွင့်ထိုက်သော ငါ၊သူတစ်ပါး၊ ယောက်ျားမိန်းမစသည်အားဖြင့် 'အတ္တဒိဋ္ဌ ဖြစ်တွယ်မှု'သဘောကြောင့်တည်း။

http://www.dhammadownload.com

မသိမှတ်မှုကြောင့် ဒုက္ခခန္ဓာတိုးပွားပုံ

မြင်မှုစသည်၌ မျက်စိ၊အဆင်း၊မြင်သိစိတ်၊ထိမှုသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ၌ ရုပ်သက်သက်၊နာမ်သက်သက်ကို မမှတ်သဖြင့် မသိ။ မသိမှုဖြစ်ခြင်းသည်ကား အခြားမဟုတ်။ **အဝိဇ္ဇာ**ဖြစ်၏။ အဝိဇ္ဇာဖြစ်မှုကြောင့် အားထုတ်မှုပေါ်၏။ အားထုတ်မှုဟူသည်ကား အခြားမဟုတ်။ စေတနာဟူသော **သင်္ခါရ**ဖြစ်၏။ သင်္ခါရဖြစ်မှုကြောင့် တပ်မက်၏။ တပ်မက်မှုကား အခြားမဟုတ်။ **တဏှာ**ဖြစ်၏။ တဏှာဖြစ်မှုကြောင့် စွဲလန်းမှုပေါ်၏။ စွဲလန်းမှုကားအခြားမဟုတ် **ဥပါဒါန်** ဖြစ်၏။ ဥပါဒါန်ဖြစ်မှုကြောင့် ပြုလုပ်မှုပေါ်၏။ ပြုမှုသည်ကား အခြားမဟုတ်။ **ကံ**ဖြစ်၏။

ဤကဲ့သို့ ရှေးကမ္ဘာဝ၌ **အဝိဇ္ဇာ၊သင်္ခါရ**၊တဏှာ၊ ဥပါဒါန်၊ ကံဟူသော အတိတ်ကြောင်း(၅)ပါးတို့ဖြစ်သဖြင့် ယခုဥပပတ္တိဘဝ၌ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုး(၅)မျိုးတို့ ဖြစ်ပေါ်ရ၏။ ပစ္စုပ္ပန်အကျိုး(၅)မျိုးတို့၌ မသိမှတ်မှုကြောင့် **တဏှာ**၊**ဥပါဒါန်**၊**ကံ**၊**အဝိဇ္ဇာ**၊**သင်္ခါ**ရဟူသော ပစ္စုပ္ပန်အကြောင်း(၅)မျိုးတို့ တိုးပွားရ၏။ ပစ္စုပ္ပန်အကြောင်း(၅)မျိုး တိုးပွားသဖြင့် နောင်ဥပပတ္တိဘဝ၌ ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာဟူသော အနာဂတ်အကျိုး(၅)မျိုးတို့ ဖြစ်ပေါ်ရပေဦးလတ္တံ့တည်း။

ပုရိမကမ္ဘာဝသို့ မောဟာ **အဝိဇ္ဇာ**၊အာယူဟနာ **သင်္ခါ**ရာ၊ နိကန္တိ **တဏှာ**၊ ဥပဂမနံ **ဥပါဒါန်**၊ စေတနာ **ဘဝေါ**၊ ဣမေပဌမေ ဘဝေ ပရိမကမ္ဘာဝသို့ ဣဒ ပဋိသန္ဓိယာ ပစ္စယာ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ၃၊ ၂၁၄)

ကာလ(၃)ပါး၌ မူလ(၂)မျိုးဖြင့် မပြတ်လည်ပုံ

မျက်စိဖြင့် အဆင်းကို မြင်မှုစသည်၌ မျက်စိ၊အဆင်း၊မြင်သိစိတ်၊ ထိမှုသဘော၊ခံစားမှုတို့ကို မသိမှတ်သဖြင့် ယခင်မြင်ပြီး အတိတ်ကာလ၌ **အဝိဇ္ဇာ**၊ **သင်္ခါ**ရ(၂)ပါးတို့ ဖြစ်၏။ ယခုမြင်ဆဲပစ္စုပ္ပန်ကာလ၌လည်း **ဝိညာဏ်**၊**နာမ်ရုပ်**၊ **သဠာယတန**၊**ဖဿ**၊**ဝေဒနာ**၊ **တဏှာ**၊**ဥပါဒါန်**၊**ဘဝ(၈)ပါး**တို့သည် ဖြစ်၏။ နောင်မြင်လတ္တံ့သောအနာဂတ်ကာလ၌လည်း **ဇာတိ**၊**ဇရာမရဏ**(၂)ပါးတို့သည် ဖြစ်၏။

မြင်ပြီးအတိတ်ကာလ၌ အဝိဇ္ဇာမူလအကြောင်းက ဦးစီး၍ မြင်ဆဲပစ္စုပ္ပန်ကာလတိုင်း၌ တဏှာမူလအကြောင်းက ဦးစီး၏။ အဝိဇ္ဇာနှင့်တဏှာမူလ အကြောင်းတရား(၂)ပါးတို့၏ဦးဆောင်မှုဖြင့် ကာလ(၃)ပါး၌ မပြတ်လည်ပတ်မှု ဖြစ်၏။

ထိုမူလ(၂)ပါး၊ကာလ(၃)ပါးတို့သည် အဘယ်၌ လည်ပတ်သနည်း?။

http://www.dhammadownload.com

မျက်စိဖြင့်အဆင်းကို မြင်သောခဏ၊ မြင်ပြီးခိုက်၌ အဝိဇ္ဇာ၊သင်္ခါရတို့ ဖြစ်ပြီး၏။ မြင်ဆဲအခိုက်၌ ဝိညာဏ်၊နာမ်ရုပ်၊သင်္ဌာယတန၊ဖဿ၊ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ ဘဝ(၈)ပါးတို့ ဖြစ်ဆဲဖြစ်၏။ နောင်မြင်လတ္တံ့တွင် ဇာတိ၊ဇရာ မရဏာတို့ဖြစ်ရပေလတ္တံ့။ ဤသို့ မြင်မှု၊ကြားမှု၊နံ့မှု၊ထိမှု၊သိမှုအခိုက်တိုင်း၌ မသိမှတ်သဖြင့် ကာလ (၃)ပါးလုံးတွင် အဝိဇ္ဇာ၊တဏှာမူလ(၂)ပါးဖြင့် မျက်စိ၊နား၊ နှာ၊လျှာ၊ကိုယ်၊စိတ် စသည်တို့၌ မပြတ်လည်ပတ်မှုသည် ဖြစ်၏။

ဝဋ်(၃)မျိုး၊အလွှာ(၄)ပါးစသည်လည်ပတ်ပုံ

အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်တို့သည် ကိလေသာဦးစီးသဖြင့် 'ကိလေသာဝဋ်' မည်၏။ သင်္ခါရနှင့်ကမ္မဘဝတို့သည် ကံဦးစီးသဖြင့် 'ကမ္မဝဋ်' မည်၏။ ဝိညာဏ်၊နာမ်ရုပ်၊သင်္ဌာယတန၊ဖဿ၊ဝေဒနာ၊ဥပပတ္တိဘဝတို့သည် ဝိပါက်ဦးစီးသဖြင့် 'ဝိပါကဝဋ်' မည်၏။ ထိုဝဋ်(၃)မျိုးတို့သည် အဘယ်တရားတို့၌ မပြတ်လည်၍ ဖြစ်သနည်း?။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ၌ မသိ၍မြင်လိုသော အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်တို့သည် 'ကိလေသာဝဋ်' ဖြစ်၏။ မြင်မှုပြုသော သင်္ခါရနှင့်ကမ္မဘဝတို့သည် 'ကမ္မဝဋ်' ဖြစ်၏။ မြင်ဆဲ၌ ဝိညာဏ်၊နာမ်ရုပ်၊သင်္ဌာယတန၊ဖဿ၊ဝေဒနာ၊ ဥပပတ္တိဘဝတို့ကို ရရှိခြင်းသည် 'ဝိပါကဝဋ်' ဖြစ်၏။

ဤသို့ မြင်မှု၊ကြားမှု၊နံ့မှု၊စားမှု၊ထိမှု၊သိမှုတိုင်း၌ မသိမှတ်သဖြင့် ဒွါရ(၆)ပါး၊အာရုံ(၆)ပါး၊ဝိညာဏ်(၆)ပါး၊ဖဿ(၆)ပါး၊ဝေဒနာ(၆)ပါးတို့တွင် ကာလ(၃)ပါးတို့၌ အဝိဇ္ဇာ၊တဏှာမူလနှစ်ပါး ဦးစီးသဖြင့် ဝဋ်(၃)မျိုးတို့သည် အခြင်းအရာ(၂၀)၊ အစပ်(၃)ပါး၊ အလွှာ(၄)ပါးအားဖြင့် မပြတ်လည်ပတ်၍ ဖြစ်၏။

မသိမှတ်သဖြင့် ဒုက္ခသစ္စာကို မဝိုင်းခြားပုံ

မျက်စိနှင့် အဆင်း၊ မြင်ခြင်း၊ နားနှင့်အသံ၊ကြားခြင်း၊ နှာခေါင်းနှင့်အနံ့၊ နံ့ခြင်း၊ လျှာနှင့်အရသာ၊စားခြင်း၊ ကိုယ်နှင့်အတွေ့၊ထိခြင်း၊စိတ်နှင့်သဘော၊ကြံခြင်း တို့၌ ရုပ်သက်သက်၊နာမ်သက်သက်ကို မမှတ်သဖြင့် မသိမှုအဝိဇ္ဇာသည် ဖြစ်၏။ အဝိဇ္ဇာဖြစ်မှုကြောင့် အားထုတ်မှုသင်္ခါရပေါ်၏။ သင်္ခါရဖြစ်မှုကြောင့် တပ်မက်နှစ်သက်မှုတဏှာ ဖြစ်၏။ တဏှာဖြစ်မှုကြောင့် စွဲလန်းမှုဥပါဒါန် ဖြစ်၏။ ဥပါဒါန်ဖြစ်မှုကြောင့် ပြုလုပ်မှုကံဖြစ်၏။

http://www.dhammadownload.com

ဤသို့ အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ဥပါဒါန်၊ကံဟူသော အတိတ်ကြောင်း(၅) ပါးတို့ဖြစ်သဖြင့် တဏှာ၊ဥပါဒါန်၊ကံ၊အဝိဇ္ဇာ၊သင်္ခါရဟူသော ပစ္စုပ္ပန်အကြောင်း(၅) ပါးဖြစ်သဖြင့် မသိမှုအဝိဇ္ဇာ၊အတိတ်အကြောင်းမူလနှင့် တပ်မှုတဏှာ၊ပစ္စုပ္ပန် အကြောင်းမူလတို့ မချုပ်ဘဲတွဲစပ်သည်ကို ဒုက္ခသစ္စာကို မပိုင်းခြားမှုဟုဆိုရ၏။

မသိမှတ်သဖြင့် သမုဒယသစ္စာကိုမယယ်ပုံ

မြင်မှုစသည်၌ မသိမှတ်သဖြင့် ဒုက္ခသစ္စာကို မပိုင်းခြားနိုင်သူအား 'သမုဒယသစ္စာ'ကို မယယ်မှုသည်လည်း ဖြစ်၏။ မမှတ်သဖြင့် မသိ။မသိမှုကြောင့် နာမ်၊ရုပ်မထင်မြင်။ နာမ်ရုပ်မထင်မှုကြောင့် ဖြစ်ခွင့်ထိုက်သော ငါ၊သူတစ်ပါး၊ ယောက်ျား၊မိန်းမဟူသည့် အတ္တဒိဋ္ဌိအနုသယကိန်း၏။ အနုသယကိန်းမှုကြောင့် ပရိယုဋ္ဌာန်မငြိမ်းနိုင်။ ပရိယုဋ္ဌာန် မငြိမ်းသဖြင့် ဝိတိဏ္ဏမကိလေသာတို့၏ လွန်းကျူး သောင်းကျန်းမှုသည် မြင်မှုစသည်၌ မသိမှတ်သဖြင့် သမုဒယသစ္စာကို မယယ်နိုင်မှု ဖြစ်၏။

မသိမှတ်မှုသဖြင့် နိရောဓသစ္စာကိုမျက်မှောက်မပြုပုံ

မြင်မှုစသည်၌ မသိမှတ်သဖြင့် သမုဒယသစ္စာကို မယယ်နိုင်သူအား 'နိရောဓသစ္စာ'ကို မျက်မှောက်မပြုမှုသည် ဖြစ်၏။ မမှတ်သဖြင့်မသိ။ မသိမှုကြောင့် တပ်မက်၏။ တပ်မက်မှုကြောင့် ဇောဝိညာဏ်စသည်တို့သည် စည်ပင်ဖြစ်ပွားတတ်၏။ ဇောဝိညာဏ်စည်ပင်သဖြင့် နာမ်ရုပ်သို့ သက်ရောက်၏။ နာမ်ရုပ်သက်ရောက်သဖြင့် စေတနာသင်္ခါရ တိုးပွားတတ်၏။ သင်္ခါရပွားသဖြင့် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ ဘဝသစ်ကို ဖြစ်စေသဖြင့် ပဋိသန္ဓေနေ၍ မွေး၊ရှင်၊အိုနာ၊သေကြရတတ်၏။ မွေး၊ရှင်၊ အိုနာ၊သေသဖြင့် စိုးရိမ်၊ပူဆွေးငိုးကြွေး၊လောင်မြိုက်ခံစားကြရမှုတို့သည် မြင်မှုစ သည်၌ မသိမှတ်သဖြင့် နိရောဓသစ္စာကို မျက်မှောက် မပြုနိုင်ခြင်းဖြစ်၏။

မသိမှတ်သဖြင့် မဂ္ဂသစ္စာကိုမပွားပုံ

မြင်မှုစသည်၌ မသိမှတ်သဖြင့် နိရောဓသစ္စာကို မျက်မှောက်မပြုသူအား 'မဂ္ဂသစ္စာ'ကို မပွားမှုသည် ဖြစ်၏။ မမှတ်သဖြင့် မသိ။ မသိမှုကြောင့် နာမ်ရုပ် မထင်မြင်။ နာမ်ရုပ်မထင်မှုကြောင့် ဖြစ်ခွင့်ထိုက်သော အတ္တဒိဋ္ဌိအနုသယ ကိန်း၏။ အနုသယကိန်းသဖြင့် ပရိယုဋ္ဌာန်မငြိမ်းမှု ဖြစ်၏။ အနုသယကိန်းမှုကြောင့်လည်း

http://www.dhammadownload.com

အဝိဇ္ဇာသည် ဖြစ်၏။ ပရိယုဋ္ဌာန်မငြိမ်းမှုကြောင့်လည်း ဥဒ္ဓစ္စသည် ပေါ်၏။ အဝိဇ္ဇာ ဖြစ်မှုကြောင့်လည်း ပညာမဖြစ်ပေါ်မှု ဖြစ်၏။ ဥဒ္ဓစ္စဖြစ်မှုကြောင့်လည်း သမာဓိ မဖြစ်ပေါ်။ ထိုသို့ သမာဓိမဖြစ်သဖြင့် သမထဘာဝနာမရ။ ပညာမဖြစ်သဖြင့် ဝိပဿနာဘာဝနာမရ။ ဤသို့ သမာဓိ၊ပညာနှစ်ပါး မစုံမှီသည်ပင် မြင်မှုစသည်၌ မသိမှတ်သူအား မဂ္ဂသစ္စာကို မပွားနိုင်မှုသည် ဖြစ်ပေ၏။

သိမှတ်မှုကြောင့် ဒုက္ခသစ္စာကို ပိုင်းခြားပုံ

မြင်မှုစသည်၌ မျက်စိ၊အဆင်း၊မြင်သိစိတ်၊ထိသဘော၊ခံစားမှုဟူ၍ (၅)ပါးစီ၌ ရုပ်သက်သက်၊နာမ်သက်သက်ကို မှတ်သဖြင့် သိ၏။ သိမှုဖြစ်ခြင်း သည်ကား အခြားမဟုတ်။ ဝိဇ္ဇာ ဖြစ်၏။ ဝိဇ္ဇာဖြစ်မှုကြောင့် သိမှု၏အခိုက်အတန့်၊ တဒင်္ဂ၊ဝိက္ခမ္ဘနတိုင်း၌ အညမညပဋိပက္ခသတ္တိဖြင့် အဝိဇ္ဇာကို ပယ်သတ်သဖြင့် အဝိဇ္ဇာ ချုပ်၏။ အဝိဇ္ဇာချုပ်မှုကြောင့် အားထုတ်မှုမပေါ်။ အားထုတ်မှုမပေါ်သဖြင့် သင်္ခါရချုပ်၏။ သင်္ခါရချုပ်မှုကြောင့် မတပ်မက်။ မတပ်မက်သဖြင့် တဏှာ ချုပ်၏။ တဏှာချုပ်မှုကြောင့် မစွဲလန်း။ မစွဲလန်းမှုကြောင့် ဥပါဒါန် ချုပ်၏။ ဥပါဒါန် ချုပ်မှုကြောင့် မပြုလုပ်။ မပြုမှုကြောင့် ကံချုပ်ပျက်၏။

ဤကဲ့သို့ ဥာဏ်စဉ်အတိုင်းတက်၍ သိမှတ်မှုဖြင့် အဝိဇ္ဇာ၊သင်္ခါရ၊တဏှာ၊ ဥပါဒါန်၊ကံဟူသော အတိတ်ကြောင်း(၅)ပါးတို့ ချုပ်၏။ အတိတ်အကြောင်းတို့ ချုပ်မှုကြောင့် တဏှာ၊ ဥပါဒါန်၊ ကံ၊ အဝိဇ္ဇာ၊ သင်္ခါရဟူသော ပစ္စုပ္ပန်အကြောင်း (၅)မျိုးတို့ မဖြစ်ပေါ်။ မသိမှုအဝိဇ္ဇာ၊အတိတ်အကြောင်းမူလနှင့် တပ်မှုတဏှာ၊ပစ္စုပ္ပန် အကြောင်းမူလတို့ မတွဲစပ်နိုင်အောင် ဒုက္ခသစ္စာကို ပိုင်းခြားသိမှုသည် ဖြစ်၏။

ထိုသို့မဖြစ်ခြင်း၌ ပျောက်ပျက်၍သွားသော ကံ၊ကိလေသာတို့နှင့် ရောနှော စပ်ယှဉ်ခွင့်မရအောင် လောကီရုပ်နာမ်၊ခန္ဓာတို့ကို သိမှုမဂ်သတ္တိက ပိုင်းခြား ထားမှုသည် မြင်မှုစသည်တို့၌ သိမှတ်မှုကြောင့် ဒုက္ခသစ္စာကို ပိုင်းခြားသည်မည်၏။

သိမှတ်မှုကြောင့် သမုဒယကိုပယ်ပုံ

မြင်မှုစသည်၌ သိမှတ်သဖြင့် ဒုက္ခသစ္စာကို ပိုင်းခြားသူအား 'သမုဒယ သစ္စာ'ကို ပယ်မှုသည်လည်း ဖြစ်၏။ မှတ်သဖြင့် သိ၏။ သိမှုကြောင့် နာမ်၊ရုပ်တို့ ထင်၏။ နာမ်ရုပ်ထင်မှုကြောင့် ဖြစ်ခွင့်ထိုက်သော အတ္တဒိဋ္ဌိအနုသယမကိန်း။ အနုသယမကိန်းမှုကြောင့် ပရိယုဋ္ဌာန်ငြိမ်း၏။ ပရိယုဋ္ဌာန်ငြိမ်းသဖြင့် ဝိတိက္ကမ

http://www.dhammadownload.com

ကိလေသာတို့ မလွန်ကျူးပေ။ ဤသို့ ပျောက်ပျက်သော ကံကိလေသာနှင့် ရောနှောစပ်ယှဉ်ခွင့်မရအောင် မဂ်သတ္တိက ခြားနားထားအပ်သော လောကီ၊ရုပ်နာမ်ခန္ဓာတို့၌ အသစ်၊အဟောင်းအကြောင်း မဖြစ်စေလျက် မဂ်သတ္တိက သမုဒယသစ္စာကို ပယ်သတ်မှုသည် ဖြစ်၏။

သိမှတ်မှုကြောင့် နိရောဓကိုမျက်မှောက်ပြုပုံ

မြင်မှုစသည်၌ သိမှတ်သဖြင့် သမုဒယသစ္စာကို ပယ်သတ်သူအား 'နိရောဓသစ္စာ'ကို မျက်မှောက်ပြုမှုသည် ဖြစ်၏။ မှတ်သဖြင့် သိ၏။ သိမှုကြောင့် မတပ်မက်။ မတပ်မက်မှုကြောင့် ဇောဝိညာဏ်စသည်တို့ မစည်ပင်။ ဇောဝိညာဏ် မစည်ပင်သဖြင့် နာမ်ရုပ်သို့မသက်ရောက်။ နာမ်ရုပ်မသက်သဖြင့် စေတနာသခါရ မပွား။ သခါရမပွားသဖြင့် နောင်တစ်ဖန်ဘဝသစ်ကို မဖြစ်စေ။ ဘဝသစ်ကို မဖြစ်စေသဖြင့် ပဋိသန္ဓေနေ၊မွေး၊ရှင်၊အိုနာ၊သေမှုတို့ မဖြစ်။ မမွေး၊မရှင်၊မအို၊မနာ၊ မသေရသဖြင့် စိုးရိမ်၊ပူဆွေး၊ငိုကြွေး၊လောင်မြိုက်မှုတို့ မဖြစ်ပေ။

ဤသို့ ပျောက်ပျက်သော ကံ၊ကိလေသာနှင့် ရောနှောစပ်ယှဉ်ခွင့်မရအောင်၊ အသစ်အဟောင်း အကြောင်းမဖြစ်စေလျက် မဂ်သတ္တိဖြင့် ခြားနားထားအပ်သော လောကီရုပ်နာမ်ခန္ဓာ၌ ဘဝတစ်ဖန်အသစ်ဖြစ်စေသော ကံ၊ကိလေသာ၏အကျိုး မဖြစ်မှုသည်ပင်လျှင် မဂ်သတ္တိက နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း မည်၏။

သိမှတ်မှုကြောင့် မဂ္ဂသစ္စာကိုပွားပုံ

မြင်မှုစသည်၌ သိမှတ်သဖြင့် နိရောဓသစ္စာကို မျက်မှောက်ပြုသူအား 'မဂ္ဂသစ္စာ'ကို ပွားမှုသည် ဖြစ်၏။ မှတ်သဖြင့် သိ၏။ သိမှုကြောင့် နာမ်ရုပ်ထင်မှု ဖြစ်၏။ နာမ်ရုပ်ထင်မှုကြောင့် ဖြစ်ခွင့်ထိုက်သော အတ္တဒိဋ္ဌိအနုသယမကိန်းမှု ဖြစ်၏။ အနုသယမကိန်းသဖြင့် ပရိယုဋ္ဌာန်ငြိမ်းမှု ဖြစ်၏။ အနုသယမကိန်းမှုကြောင့်လည်း ပညာဖြစ်၏။ ပရိယုဋ္ဌာန်ငြိမ်းမှုကြောင့်လည်း သမာဓိဖြစ်၏။ ပညာဖြစ်မှုကြောင့်လည်း အဝိဇ္ဇာ မဖြစ်ပေါ်။ သမာဓိဖြစ်မှုကြောင့်လည်း ဥဒ္ဓစ္စ မဖြစ်ပေါ်။ သမာဓိဖြစ်သဖြင့် သမထဘာဝနာ ပြည့်စုံ၏။ ပညာဖြစ်သဖြင့် ဝိပဿနာဘာဝနာ ပြည့်စုံ၏။

ဤသို့ သမာဓိ၊ပညာနှစ်ပါး ပြည့်စုံသဖြင့် ဘဝသစ်တစ်ဖန် ကံ၊ ကိလေသာ၏အကျိုးမဖြစ်ဟုရှုသော မဂ်ပညာသည် ဝိပဿနာဉာဏ် မည်၏။ မဂ်သမာဓိသည် သမထ မည်၏။ သမာဓိ၊ပညာနှစ်ပါးအစုံဖြင့် လောကီ၊ရုပ်နာမ်ခန္ဓာ၌ အနုသယ၊ ပရိယုဋ္ဌာန်ကိလေသာမှလွတ်သောကိစ္စတူညီမှုဖြင့် မြင်မှုစသည်၌

http://www.dhammadownload.com

မပြတ်သိမှတ်နေမှု သည် မဂ္ဂသစ္စာကို ပွားမှုဖြစ်ပေ၏။

သိမှတ်မှုကြောင့် သစ္စာ(၄)ချက်ပေါ်ပုံ

မြင်မှုစသည်၌ သိမှတ်သဖြင့် ဒွါရ(၆)ပါး၊အာရုံ(၆)ပါးတို့ပေါင်းဆုံမှုကြောင့် 'မြင်သိ၊ထိ၊ခံစား'၊(၆)ပါး၊ ကြားသိ၊ထိ၊ခံစား(၆)ပါး၊ နံသိ၊ထိ၊ခံစား(၆)ပါး၊ စားသိ၊ ထိ၊ခံစား(၆)ပါး၊ တွေ့သိ၊ထိ၊ခံစား(၆)ပါး၊ ကြံသိ၊ထိ၊ခံစား(၆)ပါးတို့၌ သိသဖြင့် မသိဟူသောဒုက္ခသစ္စာ လောကီရုပ်နာမ်ခန္ဓာကို ပိုင်းခြားသိသော 'ပရိညာဏ်ပဋ္ဌေဝေ ကိစ္စ' သည် ဖြစ်၏။ ပိုင်းခြားသိသော လောကီရုပ်နာမ်ခန္ဓာ၌ သိသဖြင့် တပ်မက်မှု ဟူသော သမုဒယသစ္စာတဏှာကို ပယ်သတ်မှု 'ပဟာနပဋ္ဌေဝေ ကိစ္စ' သည် ဖြစ်၏။

လောကီရုပ်နာမ်ခန္ဓာ၌ တပ်မက်မှုကိုပယ်သဖြင့် တပ်မှုချုပ်ခြင်းဟူသော နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုသော 'သစ္ဆိကတပဋ္ဌေဝေ ကိစ္စ' သည် ဖြစ်၏။ လောကီရုပ်နာမ်ခန္ဓာ၌ သိသဖြင့် မဂ္ဂသစ္စာကို ပွားနေမှုဟူသော 'ဘာဝနာပဋ္ဌေဝေ ကိစ္စ' သည်ဖြစ်၏။ ဤသို့ သစ္စာ(၄)ချက်သည် သိမှတ်နေသောစိတ်၏ ဥပါဒ်အခိုက် အတိုင်း၌ တဒင်္ဂအားဖြင့်တစ်ပြိုင်နက်တည်းပါဝင်၏။ တဒင်္ဂအားဖြင့် သိမှတ်မှု ပေါင်းများလာသောယောဂီအား ဝိက္ခမ္ဘနအားဖြင့် ဆိုက်ရောက်၏။ ဝိက္ခမ္ဘနပေါင်း များစွာဖြင့် သစ္စာလေးချက် တစ်ပြိုင်နက် သိမှတ်နေသောယောဂီအား အဘယ်မှာ သမုစ္ဆေဒသို့ မဆိုက်ဘဲရှိပါအံ့နည်း။

မြင်မှုစသည်၌ မပြတ်သိမှတ်နေရမှု

မျက်လုံးနှင့်အဆင်းတို့ဆုံခိုက်၌ မြင်သိစိတ်သည် ဥပါဒ်ခဏာ၌ ဖြစ်ပေါ်၏။ ထိုအမြင်အာရုံ၌ပင် တည်၍ ဘင်ခဏာ၌ ချုပ်ပျောက်၏။ ကြားသိစိတ်စသည် တို့သည်လည်း ဤနည်းပင် ဥပါဒ်၊ဌီ၊ဘင်အားဖြင့် ဖြစ်၊တည်၊ပျက် ကြရလေ၏။ စိတ်အဟောင်း ချုပ်ပြီးနောက်၌ အခြားစိတ်တစ်မျိုးသည် အနန္တရသတ္တိဖြင့် ဖြစ်၏။ ဝေဒနာအဟောင်းချုပ်ပြီးနောက်၌ အခြားဝေဒနာအသစ်တို့သည် ထပ်၍ ဖြစ်ပြန်၏။ သညာ၊သင်္ခါရတို့လည်း အသစ်ဖြစ်တိုင်း၌ အဟောင်းတို့သည် ပျောက်ပျက်ကုန်၏။

ဤသို့ ဖြစ်သမျှ၊ပေါ်သမျှသော ဖြစ်ဆဲရုပ်နာမ်အာရုံတို့ကိုလည်းကောင်း၊ ထိုရုပ်နာမ်အာရုံတို့ကို သိ၊သိနေသောရှေးစိတ်ကိုလည်းကောင်း၊ မှတ်မှုဖြင့် သိနေ သော နောက်စိတ်ကိုလည်းကောင်း မမြဲမှုအနိစ္စသဘောအားဖြင့်လည်းကောင်း၊ ဆင်းရဲမှုဒုက္ခသဘောအားဖြင့်လည်းကောင်း၊ ငါ့အလိုကျမဖြစ်မှု၊ အတ္တမဟုတ်သော အားဖြင့်လည်းကောင်း မပြတ်သိမှတ်နေရမှုသည် ဝိပဿနာဘာဝနာကိစ္စဖြစ်၏။

http://www.dhammadownload.com

ကာယာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ

သတိပဋ္ဌာန်(၄)ပါး၌ ကာယာနုပဿနာရှုမှတ်နည်း(၁၄)မျိုးတွင် ဝိပဿနာယာနိကယောဂီသည် ဣရိယာပုထ်ရှုနည်း၊ သမ္ပဇညရှုနည်း၊ ဓာတ်ကြီးလေးပါးရှုနည်း(၃)နည်းကိုသာ ပဓာနထား၍ ရှုမှတ်ရပေ၏။

ဣရိယာပုထ်(၄)ပါး၌ သွားသောအခိုက်၌ 'သွားသည်၊သွားသည်'ဟု သိမှတ်ရ၏။ ထိုသွားမှု၌ သွားချင်မှုသည် စိတ်နာမ်တရား။ တကယ်သွားမှုက ဓာတ်ကြီးလေးပါးရုပ်တရားဟု သိရ၏။ သွားဆဲအခိုက်၌ ခြေနှင့်ကြမ်းပြင်ထိတိုင်းတွင် မာ၊ပျော့သဘောသည် ပထဝီဓာတ်၊ ဖွဲ့စေးထားမှုသဘောသည် အာပေါဓာတ်၊ ပူမှု၊အေးမှုသဘောသည် တေဇောဓာတ်၊ ကိုယ်၊ခြေ၊လက်တို့ လှုပ်ရှားရွှေ့လျားမှုသဘောသည် ဝါယောဓာတ်ဟုလည်း ကွဲပြားစွာ သိရ၏။

ထိုနည်းအတိုင်း ရပ်သောအခိုက်၊ ထိုင်သောအခိုက်၊ အိပ်သောအခိုက်တို့၌လည်းကောင်း၊ ကွေးမှု၊ဆန့်မှု၊စောင်းမှု၊လှည့်မှု၊ကြည့်မှု၊မြင်မှုစသည်တို့၌လည်းကောင်း ရုပ်အမှုအရာမှန်သမျှကို ပဓာနထား၍ မပြတ်သိမှတ်နေသောယောဂီအား သမ္ပဇညရှုနည်းနှင့် ဓာတ်ကြီးလေးပါးရှုနည်းတို့လည်း ပါဝင်ပြီးဖြစ်၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ

ယောဂီ၏ ဝေဒနာမှန်သမျှတို့သည် မြင်မှုကြောင့်၊ကြားမှုကြောင့်၊ နံမှုကြောင့်၊ စားမှုကြောင့်၊ ထိတွေ့မှုကြောင့်၊ တွေးကြံမှုတို့ကြောင့်ဟူသော စက္ခု သမ္ဖဿစသည်(၆)ပါးကြောင့်သာ ဖြစ်ရ၏။

ထိုတွင် မြင်မှုအခိုက်စသည်၌ သုခဝေဒနာပေါ်ပါက ခံသာသောသုခဝေဒနာကို နာမ်တရားအဖြစ် သိမှတ်ရ၏။ ထိုနာမ်တရားသည် ရုပ်ကာယ၌ မှီ၍ဖြစ်ရသည်ကိုလည်း သိမှတ်ရ၏။ ထိုသုခဝေဒနာကိုပင် ဒုက္ခထင်မြင်အောင် မှတ်ရ၏။ ဒုက္ခဝေဒနာပေါ်လျှင် မခံသာသောဒုက္ခဝေဒနာအဖြစ် သိအောင်မှတ်ရ၏။ ထိုဒုက္ခဝေဒနာကိုပင် ဆူးခြွေင့်အသွင်မြင်အောင် မှတ်ရ၏။ ဥပေက္ခာဝေဒနာပေါ်လျှင် ထိုဥပေက္ခာဝေဒနာ၏ အေးငြိမ်းမှုသဘောကို သိအောင်မှတ်ရ၏။ ထိုငြိမ်သက်မှုသဘောကိုပင် မမြဲမှု၊ဆင်းရဲမှု၊အစိုးမရမှုအားဖြင့် သိမှတ်ရ၏။ ထို့ပြင် ပါဠိတော်၌ ဟောကြားတော်မူသော ဝေဒနာ(၉)မျိုး၊ ဝေဒနာ(၁၀၈)မျိုးတို့ကိုလည်း ဝေဒနာ၊ခံစားမှုသဘော၊ နာမ်တရားအဖြစ်မြင်အောင် သိမှတ်ရ၏။ ဤကဲ့သို့ အာရုံနှင့်စိတ်တို့ ထိတွေ့မှုကြောင့် ပေါ်လာတိုင်းသောဝေဒနာတို့ကို ဝေဒနာအဖြစ်

http://www.dhammadownload.com

မြင်အောင်ကြည့်လျက် သိမှတ်မှုသည် ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြစ်၏။

စိတ္တာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ

ယောဂီသန္တာန်၌ အတိုက်ဓာတ်ခေါ် အာရုံနှင့် အခံဓာတ်ခေါ် ဒွါရတို့ တိုက်ဆုံမှုတိုင်း၌ စိတ်တစ်မျိုးမျိုးသည် ဖြစ်ပေါ်၏။ ထိုစိတ်တို့တွင် မြင်ကာမှု၊ ကြားကာမှု၊ထိကာမှုသိရသော ဝိပါက်ဝိညာဏ်စိတ်များလည်း ပါ၏။ ထိုမြင်သိ၊ ကြားသိစသည်တို့ကြောင့်ဖြစ်သော ကုသိုလ်စိတ်၊အကုသိုလ်စိတ်၊ဝိပါက်၊ကြိယာ၊ အဗျာကတစိတ်၊ဈာန်စိတ်၊ သိမှတ်စိတ်တို့ကိုလည်းကောင်း၊ ပါဠိတော်၌ ဟောကြား တော်မူသော စိတ်(၁၆)မျိုးတို့ကိုလည်းကောင်း ဖြစ်ပေါ်လာတိုင်းသော စိတ်တို့ကို သိမှုနာမ်တရားအဖြစ် သိမှတ်နေမှုသည် စိတ္တာနုပဿနာသတိပဋ္ဌာန် ဖြစ်၏။

သိမှတ်တိုင်းသောစိတ်တို့၏ ပေါ်မှုနှင့်ပျောက်မှု၊ဖြစ်ပျက်မှု၊ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရ၊ငါမပါမှုတို့ကိုပါ မှတ်သိဉာဏ်၌ ထင်မြင်အောင် သိမှတ်မှုနေမှုသည် စိတ်ကိုစိတ်အတိုင်း လွတ်မထားမှု၍ စိတ်ကြောင့်ဖြစ်ပေါ်လာသော လောဘ၊ဒေါသ၊ မောဟကိလေသာတို့ကို ဝိပဿနာဉာဏ်ဖြင့် ပယ်သတ်နေမှုပင် ဖြစ်၏။

ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်ပုံ

အာရုံမှန်သမျှကို သဘောတရားအဖြစ်မြင်အောင် သိမှတ်ပွားမှုသည် 'ဓမ္မာနုပဿနာသတိပဋ္ဌာန်' ဖြစ်၏။ ပါဠိတော်၌ နိဝရဏပိုင်း၊ ခန္ဓာပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာပိုင်းဟူ၍ အဓိကကျသော ဓမ္မာနုပဿနာတရားတို့ကို (၅)မျိုးခွဲ၍ ဟောတော်မူ၏။

ဝိပဿနာအားထုတ်စယောဂီသည် ရှေးဦးပြုပြီးသော ကာယာနုပဿနာဖြင့် ရုပ်သက်သက်ကို ပထမဦးဆုံး ထင်မြင်အောင် သိမှတ်ရ၏။ ရုပ်၌ ထင်မြင်သော ဉာဏ်ရှိသဖြင့် ထိုရုပ်၌မှီသော နာမ်သက်သက်သဘော 'ဝေဒနာနှင့်၊စိတ်' တို့ကို ဒုတိယအဆင့် ထင်မြင်အောင် သိမှတ်ရ၏။ ထိုသို့ ရုပ်၌လည်းကောင်း၊ နာမ်၌ လည်းကောင်း ထင်သောဉာဏ်ရှိသောယောဂီသည် ရုပ်နာမ်နှစ်မျိုးစုံရောသော 'ဓမ္မာနုပဿနာ'ဖြင့် မြင်မှု၊ကြားမှု၊နံ့မှု၊စားမှု၊ထိမှု၊သိမှုဟူသော ပစ္စုပ္ပန်အခိုက်တိုင်း၌ အကုသိုလ်နိဝရဏသဘော၊ ခန္ဓာသဘော၊ အာယတနသဘော၊ ဗောဇ္ဈင်သဘော၊ သစ္စာသဘောတို့ဖြင့် အာရုံထင်သမျှ ဓမ္မာနုပဿနာသတိပဋ္ဌာန်ကျအောင် 'သဘောတရားတို့မျှသာတည်း'ဟု သတိမပြတ် သိမှတ်ရမှုသည် ဖြစ်၏။

http://www.dhammadownload.com

ထိုသို့ သတိပဋ္ဌာန်အာရုံ လေးပါးစုံသဖြင့် ခမ္မာနုပဿနာထင်ဆိုက်အောင် သိမှတ်သောယောဂီအား ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာငါးပါးလုံးတို့၌ အနိစ္စ၊ဒုက္ခ၊ အနတ္တဟူသော အနုပဿနာ(၃)မျိုးတို့ဖြင့် ဥတု၊တီရဏ၊ပဟာနဟူသော ပရိညာဏ်သုံးပါး၊ တဒင်္ဂ၊ဝိက္ခမ္ဘန၊သမုစ္ဆေဒဟူသော ပဟာန်သုံးပါးတို့သို့ ဆိုက်ရောက်လျက် ဒိဋ္ဌိ၊ဝိစိကိစ္ဆာစသောကိလေသာ **'သမုဒယသစ္စာ'**ကို ပယ်သတ်နိုင်မှုသည် ဖြစ်၏။

ခန္ဓာငါးပါး၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ

သန္တော ကာယော သက္ကာယော။ သက္ကာယေ ပဝတ္တာ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။

သန္တော-ပရမတ်အားဖြင့်ထင်ရှားရှိသော။ ကာယော-ခန္ဓာငါးပါးအပေါင်းသည်။ သက္ကာယော-သက္ကာယမည်၏။ သက္ကာယေ၊ ထင်ရှားရှိသောခန္ဓာငါးပါး၌ ပဝတ္တာ-ဖြစ်သော။ ဒိဋ္ဌိ-အယူမှားသည်။ သက္ကာယဒိဋ္ဌိ-**'သက္ကာယဒိဋ္ဌိ'**မည်၏။

ပရမတ်အားဖြင့် ထင်ရှားရှိ သောခန္ဓာ(၅)ပါးကို 'သက္ကာယ' ခေါ်၏။ ထိုသက္ကာယ၌ ငါစသည်ဖြင့် စွဲလန်းမှုအယူမှားကို 'သက္ကာယဒိဋ္ဌိ'ဟု ခေါ်၏။ ထိုသက္ကာယဒိဋ္ဌိသည် ခန္ဓာ(၅)ပါး၌ အမျိုးအစား(၂၀) ဖြစ်၏။

သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်ပုံ

၁- **ရူပ် အတ္တာတော-** ရုပ်သည် ငါဟုစွဲ၏။
၂- **ရူပဝန္တံဝါ အတ္တာနံ-** ငါသည် ရုပ်ဟုစွဲ၏။
၃- **အတ္တာနိဝါ ရူပ်-** ငါ၌ ရုပ်ရှိ၏ဟုစွဲ၏။
၄- **ရူပသ္မိ ဝါ အတ္တာနံ-** ရုပ်၌ ငါရှိ၏ဟုစွဲ၏။

ထိုနည်းအတူပင် ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့၌ (၄)ပါးစီ စွဲသဖြင့် သက္ကာယဒိဋ္ဌိ(၂၀) ဖြစ်၏။

လင်္ကာ။ ရုပ်လျှင်ငါပဲ၊ ငါရုပ်ပဲဟု၊ ငါစွဲရုပ်တည်၊ ငါတည်ရုပ်မှာ၊ ဤလေးဖြာ၊ သက္ကာရုပ်ဒိဋ္ဌိ။
ဝေလျှင်ငါပဲ၊ ငါဝေပဲဟု၊ ငါစွဲဝေတည်၊ ငါတည်ဝေမှာ၊ ဤလေးဖြာ၊ သက္ကာဝေဒိဋ္ဌိ။
သင်ညလျှင်ငါပဲ၊ငါသင်ညပဲဟု၊ငါစွဲသင်ညတည်၊ ငါတည်သင်ညမှာ၊ ဤလေးဖြာ၊ သက္ကာသင်ညဒိဋ္ဌိ။
ခါလျှင်ငါပဲ၊ ငါခါပဲဟု၊ ငါစွဲခါတည်၊ ငါတည်ခါမှာ၊ ဤလေးဖြာ၊ သက္ကာခါဒိဋ္ဌိ။
ဝိဉ်လျှင်ငါပဲ၊ ငါဝိဉ်ပဲဟု၊ ငါစွဲဝိဉ်တည်၊ ငါတည်ဝိဉ်မှာ၊ ဤလေးဖြာ၊ သက္ကာဝိဉ်ဒိဋ္ဌိ။

သက္ကာယဒိဋ္ဌိရှိလျှင် ဒိဋ္ဌိ(၆၂)မျိုးဖြစ်၏

သက္ကာယဒိဋ္ဌိယာ သတိ-သက္ကာယဒိဋ္ဌိအယူမှားရှိသူအား။ ဣမာဒိဋ္ဌိယော

http://www.dhammadownload.com

ဥပဓေန္တိ၊ ဣ(ဖ၂)ပါးသောအယူများတို့သည် 'တစ်နယ်ငင် တစ်စင်ပါ' ဖြစ်ပွားကုန်၏။ အသတိ နဟောန္တိ၊ ထိုသက္ကာယဒိဋ္ဌိအယူများမရှိသော် ထိုအယူများတို့ မဖြစ်ပေါ်ကုန်။

ထို့ကြောင့် အလုံးစုံသောမိစ္ဆာဒိဋ္ဌိတို့၏ ခေါင်းဆောင်ရှေးသွားဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ဖို့ဌ-

သတ္တိယာဝိယ ဩမဇ္ဇော၊ လုံတစ်ရာဖြင့် ထိုးခံရသူကဲ့သို့လည်းကောင်း၊ **ဒယှမာနောဝ** **မတ္ထကေ**ဦးခေါင်း၌ မီးလောင်မြိုက်ခံရသူကဲ့သို့လည်းကောင်း **သက္ကာယဒိဋ္ဌိ** **ပဟာနာယ**၊ သက္ကာယဒိဋ္ဌိကို ပတ်သတ်နိုင်ဖို့အလို့ငှါ။ **သတော** **ဘိက္ခု** **ပရိဗ္ဗဇေ**၊ သတိကြီးစွာ ထားရာ၏။ ဟု မြတ်စွာဘုရား ဟောတော်မူ၏။ (သဂါထာဝဂ္ဂသံယုတ်)

မိစ္ဆာဒိဋ္ဌိ(ဖ၂)ပါးသရုပ်

၁။ သဿတဒိဋ္ဌိ-	၄-ပါး	
၂။ ဧကစ္စသဿတဒိဋ္ဌိ-	၄-ပါး	
၃။ အန္တာနန္တိကဒိဋ္ဌိ-	၄-ပါး	ပုဗ္ဗန္တာနုဒိဋ္ဌိ-၁၈-ပါး
၄။ အမရာဝိက္ခေပဒိဋ္ဌိ-	၄-ပါး	
၅။ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ-	၂-ပါး	
၆။ သညီဝါဒဒိဋ္ဌိ-	၁၆-ပါး	
၇။ နေဝသညီဝါဒဒိဋ္ဌိ-	၈-ပါး	
၈။ နေဝသညီနာသညီဝါဒဒိဋ္ဌိ	၈-ပါး	အပရန္တာနုဒိဋ္ဌိ-၄၄-ပါး
၉။ ဥစ္ဆေဒဒိဋ္ဌိ	၇-ပါး	
၁၀။ဒိဋ္ဌိဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ-	၅-ပါး	

သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိ(၂)မျိုး

သက္ကာယဒိဋ္ဌိ(၂၀)တို့တွင် **'ရူပံ အတ္တာတော၊ ဝေဒနံ အတ္တာတော၊ သညံ အတ္တာတော၊ သင်္ခါရေ အတ္တာတော၊ ဝိညာဏံ အတ္တာတော'** ဟူသော အစ(၅)ဌာနတို့၌ ဘဝသည်ပြတ်၏ဟု ယူများသော **'ဝိဘဝဒိဋ္ဌိ'** ခေါ် ဥစ္ဆေဒဒိဋ္ဌိကို ဟောအပ်၏။ ကြွင်းသော(၁၅)ဌာနတို့၌ ဘဝသည်မြဲ၏ဟု ယူများသော **'ဘဝဒိဋ္ဌိ'** ခေါ် သဿတဒိဋ္ဌိကို ဟောအပ်၏။ ထို့ကြောင့် သက္ကာယဒိဋ္ဌိအယူများဟူသည် ခန္ဓာ(၅)ပါးကို၌ သဿတဒိဋ္ဌိ(၁၅)မျိုး၊ ဥစ္ဆေဒဒိဋ္ဌိ(၅)မျိုးအားဖြင့် ဒိဋ္ဌိ(၂)မျိုးမှ အကျယ်(၂၀)ပါး ဖြစ်၏။

http://www.dhammadownload.com

ဒိဋ္ဌိဖြစ်ကြောင်း(၈)ပါး

၁-ခန္ဓာပိ ဒိဋ္ဌိဌာနံ-ဥပါဒါနက္ခန္ဓာငါးပါး၊ ၂-အဝိဇ္ဇာပိ ဒိဋ္ဌိဌာနံ-မသိမှု-အဝိဇ္ဇာ၊ ၃-ဖဿောပိ ဒိဋ္ဌိဌာနံ-ထိမှုဖဿ၊ ၄-သညာပိ ဒိဋ္ဌိဌာနံ-မှတ်သားမှုသညာ၊ ဝိတက္ကောပိ ဒိဋ္ဌိဌာနံ-ကြံစည်မှုဝိတက်၊ အယောနိသောပိ ဒိဋ္ဌိဌာနံ-မသင့်လျော်စွာနှလုံးသွင်းမှု၊ ၇-ပါပမိတ္တောပိ ဒိဋ္ဌိဌာနံ- မိတ်ဆွေယုတ်၊ ၈-ပရတောဃောသောပိ ဒိဋ္ဌိဌာနံ- သူတစ်ပါးတို့ ပြောဟောစကား၊ ဤ(၈)ပါးတို့ကြောင့် 'ဒိဋ္ဌိ' ဖြစ်၏။ (ပဋိသမ္ဘိဒါမဂ်ပါဠိ၊ ၁၃၂)

မသိမှတ်သဖြင့် 'ဝိပွလ္လာသ(၁၂)ပါး'ဖြစ်ပွားပုံ

ဘဝတစ်ခုအစပြုသော ပဋိသန္ဓေမှ စုတိကျအောင် ရုပ်နာမ်ခန္ဓာငါးပါး သဘောတရားတို့သည် ဥပါဒ်၊ဌီ၊ဘင်အားဖြင့် ခဏမစဲ၊ တဖွဲဖွဲ၊ တသဲသဲ၊ မပြတ်မပြတ်၊ ထပ်ကာထပ်ကာ၊ စပ်ကာစပ်ကာ လျင်မြန်စွာ ဖြစ်လျက်၊ရင့်လျက်၊ပျက်၍ မျက်စိတမှိတ်၌ပင် ရုပ်ခန္ဓာတို့သည် ကုဋေငါးထောင်ကျော်၊ နာမ်ခန္ဓာတို့သည် ကုဋေတစ်သိန်း ဖြစ်ပျက်ကြ၏။

ထိုရုပ်နာမ်ခန္ဓာအစုတို့သည် မျက်တောင်တစ်ခတ်စာမျှပင် မခိုင်မြဲနိုင်သဖြင့် 'အနိစ္စသဘော'ဖြစ်၏။ ဖြစ်ပျက်မစဲ တသဲသဲနှိပ်စက်နေသဖြင့် 'ဒုက္ခသဘော' ဖြစ်၏။ မဖြစ်မပျက်ရအောင် အစိုးမရ။ အလိုသို့မလိုက်ပါသဖြင့် 'အနတ္တသဘော' ဖြစ်၏။ ဤကိုယ်ခန္ဓာအား နေ့စဉ်မပြုမပြင်၊မဆင်မသလျှင် လားလားမှမလှပ၊ မတင့်တယ်သဖြင့် 'အသုဘသဘော'ဖြစ်၏။ သို့သော် မြင်ခိုက်စသည်၌ မသိမှတ်သဖြင့် အနှပုထုဇဉ်တို့အား ဤရုပ်နာမ်ခန္ဓာအစုတို့၏ အနိစ္စအမှန်သဘော၌-

၁-နိစ္စဟု အမှတ်ဖောက်ပြန်မှု 'သညာဝိပွလ္လာသ'ဖြစ်၏။

၂-နိစ္စဟု အသိဖောက်ပြန်မှု 'စိတ္တဝိပွလ္လာသ'ဖြစ်၏။

၃-နိစ္စဟု အယူဖောက်ပြန်မှု 'ဒိဋ္ဌိဝိပွလ္လာသ'ဖြစ်၏။

ဤရုပ်နာမ်ခန္ဓာအစုတို့၏ ဒုက္ခအမှန်သဘော၌-

၁-သုခဟု အမှတ်ဖောက်ပြန်မှု 'သညာဝိပွလ္လာသ'ဖြစ်၏။

၂-သုခဟု အသိဖောက်ပြန်မှု 'စိတ္တဝိပွလ္လာသ'ဖြစ်၏။

၃-သုခဟု အယူဖောက်ပြန်မှု 'ဒိဋ္ဌိဝိပွလ္လာသ'ဖြစ်၏။

ဤရုပ်နာမ်ခန္ဓာအစုတို့၏ အနတ္တအမှန်သဘော၌-

http://www.dhammadownload.com

၁-အတ္တဟု အမှတ်ဖောက်ပြန်မှု 'သညာဝိပွလ္လာသ' ဖြစ်၏။
၂-အတ္တဟု အသိဖောက်ပြန်မှု 'စိတ္တဝိပွလ္လာသ' ဖြစ်၏။
၃-အတ္တဟု အယူဖောက်ပြန်မှု 'ဒိဋ္ဌိဝိပွလ္လာသ' ဖြစ်၏။
ဤရုပ်နာမ်ခန္ဓာအစုတို့၏ အသုဘအမှန်သဘော၌-
၁-သုဘဟု အမှတ်ဖောက်ပြန်မှု 'သညာဝိပွလ္လာသ' ဖြစ်၏။
၂-သုဘဟု အသိဖောက်ပြန်မှု 'စိတ္တဝိပွလ္လာသ' ဖြစ်၏။
၃-သုဘဟု အယူဖောက်ပြန်မှု 'ဒိဋ္ဌိဝိပွလ္လာသ' ဖြစ်၏။

မြင်မှုစသည်၌ ရုပ်နာမ်ခန္ဓာသဘောတို့ကို မသိမှတ်သဖြင့် အမှတ်မှား၊ အသိမှား၊အယူမှားမှုဟူသော ဝိပွလ္လာသတရား(၁၂)ပါးတို့သည် တစ်နေ့တခြား တိုးပွားဖြစ်ပေါ်လာကုန်၏။

လင်္ကာ။ အမှတ်မှားတာ၊ ပထမာ၊ သညာဝိပွလ္လာ။အသိမှားတာ၊ ဒုတိယာ၊ စိတ္တဝိပွလ္လာ။ အယူမှားတာ၊ တတိယာ၊ ဒိဋ္ဌိဝိပွလ္လာ။ နိစ္စ၊သုခ၊အတ္တ၊သုဘ၊ ဤလေးဝဋ်၊ တစ်ဝသုံး ပါး၊ ဖြစ်လေခြား၊ (၁၂)ပါးဝိပွလ္လာ။

ဝိပွလ္လာသ၊ထိုမမှကား၊ ငါးပါးခန္ဓာ၊ကြောင်းခြင်းရာကို၊ ကောင်းစွာမသိ၊မောဟဖိ၍၊ ယူမိယူရာ၊ သူငါကျားမ၊ စသည်များပြား၊ ထင်ရှားမှန်ရာ၊ မဟုတ်ပါဘဲ၊ မှတ်လွဲ, သိလွဲ၊ အယူလွဲ၊ ဖြစ်မြဲမမှတာ။

မသိမှတ်သဖြင့် ဒိဋ္ဌိ၊မာန၊တဏှာဖြစ်ပုံ

'ရူပံ ဘိက္ခဝေ နတုမှာကံ' - ချစ်သားတို့၊ ဖောက်ပြန်မှုအစုရုပ်တရားသည် သင်တို့၏ ဥစ္စာမဟုတ်။ **'နာပိ အညေသံ'** -သင်တို့ဥစ္စာ မဟုတ်ရာသာမက၊ အခြား လူများ သူတစ်ပါးတို့၏ဥစ္စာလည်းမဟုတ်။ **'ဝေဒနာ ဘိက္ခဝေ နတုမှာကံ၊ သညာ ဘိက္ခဝေ နတုမှာကံ၊ သင်္ခါရာ ဘိက္ခဝေ နတုမှာကံ၊ ဝိညာဏံ ဘိက္ခဝေ နတုမှာကံ'** ဟု ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်တို့ကိုလည်း ထိုနည်းတူ ဟောတော်မူ၏။

ထိုခန္ဓာငါး၀ ရုပ်နာမ်ဓမ္မတို့သည် တရံမစဲ၊တသဲသဲ ဖြစ်ပျက်သဖြင့် အနိစ္စ၊ အဖြစ်အပျက်ဖြင့် နှိပ်စက်တတ်သဖြင့် ဒုက္ခ၊ ကိုယ့်အလိုမကျ၊ စီမံတိုင်းမရသဖြင့် အနတ္တ၊ မည်သို့ပင်ပြင်ဆင်၊ စက်ဆုပ်ရွံ့ရှာဖွယ်ပင် ဖြစ်သဖြင့် အသုဘ။ ဤသို့ အားဖြင့် ရုပ်နာမ်ဓမ္မကိုမသိမှတ်သူသည် အနိစ္စ၊ဒုက္ခ၊အနတ္တ၊အသုဘသဘောတို့ကို အမှန်အတိုင်းမမြင်။ အမှန်အတိုင်း မသိမမြင်မှုကြောင့် နိစ္စ၊သုခ၊အတ္တ၊သုဘအားဖြင့် အမှတ်မှား၊မသိမှား၊အယူမှားဟူသော ဝိပွလ္လာသတရားတို့သာ ဖြစ်ပွားစ၏။

http://www.dhammadownload.com

ထိုအမှတ်မှား၊အသိမှား၊အယူမှားမှုကြောင့် 'ဧတံ ·မမ'-ဒါ ငါ့ဟာပဲဟု **တဏှာ**ဖြင့် စွဲလန်း၏။ **'ဧသောဟ မသ္မိ'** ဒါငါမို့လို့ပဲဟု **မာန**ဖြင့် စွဲလန်း၏။ **'ဧသော မေ အတ္တာ'** ဒါငါပဲ၊ သူပဲ၊မိန်းမပဲ၊ ယောကျ်ားပဲဟု **ဒိဋ္ဌि**ဖြင့် စွဲလန်း၏။ ဤသို့ ရုပ်နာမ်မမြင်မသိသဖြင့် သက္ကာယဒိဋ္ဌိစွဲငြိသော အနှစ်ပုထုဇဉ်တို့အား တဏှာ၊မာန၊ဒိဋ္ဌိတရားတို့သည် နေ့စဉ်အမြဲ တိုးပွားဖြစ်ပေါ်ကုန်၏။

အရိယာပုဂ္ဂိုလ်တို့ ဝိပွလ္လာသပယ်ပုံ

သောတာပန်အရိယာတို့သည် ခန္ဓာ(၅)ပါး၌ ဒိဋ္ဌိ၊ဝိစိကိစ္ဆာကို ပယ်ခွာပြီးသဖြင့် အနိစ္စ၌နိစ္စဟု- သညာဝိပွလ္လာသ၊ စိတ္တဝိပွလ္လာသ၊ ဒိဋ္ဌိဝိပွလ္လာသ(၃)ပါး၊ အနတ္တ၌အတ္တဟု- သညာဝိပွလ္လာသ၊ စိတ္တဝိပွလ္လာသ၊ဒိဋ္ဌိဝိပွလ္လာသ(၃)ပါး၊ ဒုက္ခ၌ သုခဟု- ဒိဋ္ဌိဝိပွလ္လာသ(၁)ပါး၊ အသုဘ၌ သုဘဟု- ဒိဋ္ဌိဝိပွလ္လာသ(၁)ပါး၊ ဤ**'ဝိပွလ္လာသ(၈)ပါး'**ကို ပယ်၏။

အနာဂါမ်အရိယာတို့သည် ကာမရာဂ၊ဗျာပါဒတို့ကို ပယ်ပြီးသဖြင့် အသုဘ၌ သုဘဟုမှတ်ယူသော သညာဝိပွလ္လာသနှင့် စိတ္တဝိပွလ္လာသ(၂)ပါးကို ပယ်၏။

ရဟန္တာပုဂ္ဂိုလ်တို့သည်ကား ဒုက္ခ၌သုခဟူယူသော သညာဝိပွလ္လာသနှင့် စိတ္တဝိပွလ္လာသ(၂)ပါး ကိုပါပယ်၏။

မြင်ခိုက်စသည်၌ မသိမှတ်သော အနှစ်ပုထုဇဉ်တို့သည် ဝိပွလ္လာသ(၁၂)ပါးလုံးကို မပယ်နိုင်မှု ဖြစ်၏။ မြင်ခိုက်စသည်၌သိမှတ်သော ကလျာဏပုထုဇဉ်တို့၌ သုတမယဉာဏ်အခြေခံလျက်၊ ယထာဘူတဉာဏ်အမြင်မှန်ကို လက်ကိုင်ရရှိသဖြင့် တဒင်္ဂတိုင်း၊တဒင်္ဂတိုင်းတို့၌ ပယ်အပ်သဖြင့် ဝိကွမ္ဘနသို့ ဆိုက်ရောက်၏။ ဝိကွမ္ဘနတိုင်း၌ ပယ်ပြန်သဖြင့် သမုစ္ဆေဒ၊မဂ်သို့ကျအောင် ပယ်သတ်နိုင်မှု ဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိထူထောင်ပုံ

လက္ခဏရသပစ္စုပ္ပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပပရိစ္ဆေဒো ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

ရှေးဦးစွာ သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ(၂)ပါး ပြည့်စုံပြီးသော သမထယာနိကယောဂီသည် ဝိပဿနာယာနိကနည်းဖြင့် ရှုမြင်သုံးသပ်လျက် ဒိဋ္ဌိဝိသုဒ္ဓိထူထောင်အပ်၏။ နာမ်တရားရုပ်တရားတို့၏ သဘောလက္ခဏာ၊ကိစ္စ၊ ထင်သောအခြင်းအရာ၊ နီးသောဖြစ်ကြောင်းတို့၏အစွမ်းဖြင့် **'နာမ်နှင့်ရုပ်'**ကို ပိုင်းခြားသိမ်းဆည်းလျက် သိမြင်ခြင်းသည် **'ဒိဋ္ဌိဝိသုဒ္ဓိ'** မည်၏။

http://www.dhammadownload.com

နာမ်ရုပ်တို့၏ သဘောလက္ခဏာစသည်ကို ပိုင်းခြားသိမ်းဆည်းသဖြင့် နာမ်ရုပ်မှတစ်ပါး ပုဂ္ဂိုလ်၊သတ္တဝါ၊အတ္တမည်သည်မရှိဟု မြင်တတ်သောကြောင့် လည်းကောင်း၊ ငါစွဲဒိဋ္ဌိ အညစ်အကြေးမှ စင်ကြယ်သောကြောင့်လည်းကောင်း **'ဒိဋ္ဌိဝိသုဒ္ဓိ'** ဖြစ်၏။

လကၡာ။ လက္ခဏာနှင့်၊ ရသနှစ်ခု၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်၊ သိမ်းရန်နာမ်နှင့်ရုပ်။လေးချက်ပိုင်ပိုင် ပိုင်းခြားနိုင်က၊ သတ္တဇီဝ၊ အတ္တအယူ၊ ကင်းစင်ဖြူ၊ မှတ်ယူဒိဋ္ဌိဝိသုဒ္ဓိ။

နာမ်နှင့်ရုပ်ကို သိမ်းဆည်းပုံ

နာမံ နမနလက္ခဏံ၊သမ္မယောဂရသံ၊အဝိနဗ္ဘောဂပစ္စုပဋ္ဌာန်၊ ဝိညာဏပဒဋ္ဌာန်။

နာမ်-နာမ်တရားသည်။ နမနလက္ခဏ-အာရုံကိုညွှတ်ခြင်းသဘောလက္ခဏာ ရှိ၏။ သမ္မယောဂရသံ- စိတ်နှင့် အညီအညွှတ်ယှဉ်ခြင်း ကိစ္စရှိ၏။ အဝိနိဗ္ဘောဂ ပစ္စုပဋ္ဌာန်၊ စိတ်နှင့်အသီးအခြားမဖြစ်ခြင်းဟု ထင်သောအခြင်းအရာ ရှိ၏။ ဝိညာဏ ပဒဋ္ဌာန်၊ စိတ်လျှင်နီးသော ဖြစ်ကြောင်းရှိ၏။

ရူပံ ရူပနလက္ခဏံ၊ ဝိကိရဏရသံ၊ အဗျာကတပစ္စုပဋ္ဌာန်၊ဝိညာဏပဒဋ္ဌာန်။

ရူပ်-ရုပ်တရားသည်။ ရူပနလက္ခဏ၊ ဖောက်ပြန်ခြင်းသဘောလက္ခဏာ ရှိ၏။ ဝိကိရဏရသ-ဖရိုဖရဲကြဲခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာန်၊ တစ်စုံတစ်ခု ကိုမျှမသိတတ်သောတရားဟု ထင်သောအခြင်းအရာရှိ၏။ ဝိညာဏပဒဋ္ဌာန်- စိတ် ဝိညာဏ်လျှင်နီးသောဖြစ်ကြောင်း ရှိ၏။

ဤသို့ နာမ်နှင့်ရုပ်တို့ကို သဘောလက္ခဏာ၊ ဆောင်ရွယ်မှုကိစ္စစသည်တို့ ဖြင့် သိမြင်မှုသည် နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်း မည်၏။

နာမ်ရုပ်ကို ပိုင်းခြားသိပုံ

ကုမသ္မိ သရီရေ ယံကိဉ္စိ ရူပနလက္ခဏံ ရူပံ။

ကုမသ္မိ သရီရေ- ငါ,သူ,ယောကျ်ား,မိန်းမဟု ခေါ်ဝေါ်သမုတ်အပ်သော ဤခန္ဓာကိုယ်ကြီး၌။ ရူပနလက္ခဏံ- အေးလျှင်တစ်မျိုး၊ ပူလျှင်တစ်ဖုံ၊ အမျိုးစုံ အောင် ဖောက်ပြန်တတ်သော သူ့သဘောလက္ခဏာသည်။ ရူပ်-သူလည်းမဟုတ်၊ ငါလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ၊ မိန်း၊မယောကျ်ားတွေမဟုတ်သော ရုပ်တရား ပရမတ်သဘောဖြစ်ပေ၏။

http://www.dhammadownload.com

ယဉ္စ ကိဉ္စိ နမနလက္ခဏံ နာမံ။

ယဉ္စကိဉ္စိ-အလုံးစုံသော။ နမနလက္ခဏံ- ထိုထိုအာရုံ၌ ညွှတ်တတ်,အာရုံ ပြုတတ်,သိတတ်သဘောလက္ခဏာသည်။ နာမံ-သူလည်းမဟုတ်၊ငါလည်းမဟုတ်၊ ပုဂ္ဂိုလ်သတ္တဝါ၊မိန်း၊မယောက်ျားမဟုတ်သော နာမ်တရားသဘောဖြစ်၏။

ဣဒဉ္စ နာမံ။ ဣဒဉ္စ ရူပံ။ ဣဒံ ဝုစ္စတိ နာမရူပံ။

ဣဒဉ္စ နာမံ- ဤအာရုံကိုညွှတ်မှု၊သိမှုသဘောလက္ခဏာရှိသော နာမ်တရား သည်လည်းကောင်း။ ဣဒဉ္စ ရူပံ- ဤဖောက်ပြန်မှုသဘောလက္ခဏာရှိသော ရုပ် တရားသည်လည်းကောင်း။ အတ္ထိ- ပရမတ်သဘောအားဖြင့် ထင်ရှားရှိပေ၏။

ဣဒံ-ဤအာရုံကိုညွှတ်မှု၊ ဖောက်ပြန်မှုသဘောတရားနှစ်ပါးကိုသာလျှင်။ နာမရူပံ- နာမ်နှင့်ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

မိမိတို့၏ ဆံပင်အစ ကျင်ငယ်အဆုံးရှိသော တစ်ကိုယ်လုံး၊ တစ်ကောင် လုံးကိုပင် လောကအမြင်အားဖြင့် သူ၊ငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ယောကျားစသည် အားဖြင့် ခေါ်ဝေါ်သမုတ်ကြ၏။ ထိုတစ်ကိုယ်လုံး၌ပင် သူ၊ငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ ယောကျားစသည်ကို ရှာဖွေကြည့်လေသော် ကြက်ဥအစ ရှာမရသကဲ့သို့ ဖြစ်၏။ အကြောင်းမှာ ထိုသူ၊ငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ ယောက်ျားစသည်တို့သည် ခေါ်ဝေါ် ရရုံ ပညတ်ထားမှုဖြစ်သဖြင့် 'ပညတ်တရား'တို့မျှသာ ဖြစ်၏။

ပရမတ္ထသစ္စာ အမှန်အားဖြင့်မူ ဤတစ်ကိုယ်လုံး၌ အေးလျှင်တစ်မျိုး၊ ပူ လျှင်တစ်ဖုံ အမျိုးစုံဖောက်ပြန်မှု ရုပ်တရားသာ ရှိ၏။ ထိုရုပ်တို့တွင် ဝတ္ထုရုပ်တို့ကို မှီ၍ဖြစ်ကြရသော စိတ်စေတသိက်တရားတို့သည်လည်း အာရုံကိုညွှတ်မှု၊ သိမှု ဟူသော နာမ်တရားသဘောတို့သာ ဖြစ်၏။

ထိုရုပ်နှင့်နာမ်တို့မှ တစ်ပါးတခြားသော သူငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ ယောက်ျားစသည်တို့သည် လုံးဝမရှိ။ နာမ်နှင့်ရုပ်သာ ရှိ၏ဟု သိမြင်မှုသည် ပရမတ် အရှိရုပ်နာမ်ကို မရှိပညတ်၊ပုဂ္ဂိုလ်သတ္တဝါစသည်တို့နှင့် ပိုင်းခြားသိမှု မည်၏။ **လက်ဝဲ**။ နာမ်ရုပ်နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်မှုချ၊ မသိကြ၍၊ ငါထ,ငါထိုင်၊ ငါကိုင်, ငါသွား၊ ငါမြင်,ကြား၊ ထင်မှားနေကြသည်။

နာမရူပပရိစ္ဆေဒဉာဏ်ပေါ်ပုံ

မြင်ဆဲ၊ကြားဆဲ၊နံ့ဆဲ၊စားဆဲ၊ထိုင်ဆဲ၊သွားဆဲစသော အခိုက်တိုင်း၌ သွားသည်၊ မြင်သည်၊စသည်ရှုမှတ်လျက် တကယ်သွားသည်က ဓာတ်ကြီးလေးပါး ရုပ်တရား။

http://www.dhammadownload.com

သွားချင်သည်၊ သိနေသည်က စိတ်နာမ်တရား။ သိမှတ်နေမှုက သတိ၊ ပညာ ဝိပဿနာဉာဏ်တရား ဖြစ်၏။

ဤကဲ့သို့ သွားမှုတစ်ခုတွင် သွားမှုသည် ငါမဟုတ်၊ သူမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါ၊မိန်းမ၊ယောကျ်ား မဟုတ်။ ဟုတ်သည်က ရုပ်နှင့်နာမ်တွဲ၍ အလုပ်လုပ်နေ သည်ဟု နာမ်နှင့်ရုပ်တို့ကို ပိုင်းခြားသိမှု ဖြစ်၏။ သွားချင်မှုဌာလည်း ငါနှင့်မစပ်။ သွားနေမှုဌာလည်း ငါနှင့်မစပ်။ သိမှုဌာလည်းငါနှင့် မစပ်သဖြင့် နာမ်နှင့်ရုပ်တို့ကို ငါနှင့်ပိုင်းဖြတ်၍ သိမှုသည် **'နာမရူပပရိစ္ဆေဒဉာဏ်'**ထင်မှု ဖြစ်ပေ၏။

လင်္ကာ။ နှစ်ပါးရုပ်နာမ်၊ ပိုင်းခြားပြန်၊ နာမရူပပရိစ္ဆေဒဉာဏ်။

ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

မြင်ဆဲ၊ကြားဆဲ၊နံ့ဆဲ၊စားဆဲ၊ထိုင်ဆဲ၊သွားဆဲ၊စသည် အခိုက်တိုင်းဌာ သိမှတ် သဖြင့် မြင်မှု၊ကြားမှု၊သွားမှု၊လာမှုစသည်ကို သူ၊ငါ၊ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ ယောကျ်ား စသည်တို့က ပြုလုပ်နေသည်မဟုတ်။ အေးလျှင်တစ်မျိုး၊ ပူလျှင်တစ်ဖုံ၊ အမျိုးစုံ ဖောက်ပြန်မှုအစုဟူသော 'ရူပပါဒါနကွန်ဒွာ'တရား။ ကောင်းကောင်း၊ ဆိုးဆိုး ခံစားမှုအစုဟူသော 'ဝေဒနပါဒါနကွန်ဒွာ'တရား၊ ကောင်းဆိုးနှစ်လီ မှတ်သားမှုအစုဟူ သော 'သညာပါဒါနကွန်ဒွာ'တရား၊ ကောင်းဆိုးစီရင် ပြုပြင်မှုအစုဟူသော 'သင်္ခါရ ပါဒါနကွန်ဒွာ'တရား၊ ကောင်းကောင်း၊ဆိုးဆိုး သိမှုမျိုးအစုဟူသော 'ဝိညာဏပါဒါန ကွန်ဒွာ'တရား။ရုပ်နှင့်နာမ်ဟူသော ဤဥပါဒါနကွန်ဒွာ(၅)ပါးတို့က ပြုလုပ်နေမှု ဖြစ်၏။

ဤဥပါဒါနကွန်ဒွာ(၅)ပါးတို့မှတစ်ပါး သီးခြားအတ္တသည်လုံးဝ မရှိ။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊မိန်းမတို့သည် လုံးဝမရှိတော့ပြီတကားဟု ဟုတ်တိုင်းမှန် စွာ အသိ၊အမြင်မှန်ကိုရ၍ ယုံမှားမရှိ ထိုးထွင်းသိမှုသမ္မာဒိဋ္ဌိဖြင့် အမှားမြင်သိမှု မိစ္ဆာဒိဋ္ဌိကို ပယ်သတ်လျှက် **'ဒိဋ္ဌိဝိသုဒ္ဓိ'** ဖြစ်၏။

လင်္ကာ။ ဖောက်ပြန်,ခံစား၊ မှတ်သား,ပြုပြင်၊ သိပေလျှင်၊ ငါ:အင်ခန္ဓာမှတ်။
သမ္မာဒိဋ္ဌိ၊ ဉာဏ်မြင်ဘိ၊ အတ္တဒိဋ္ဌိကင်းလေ၏။
ဉာဏ်မြင်ပေါ်ဘိ၊ အမှန်သိ၊ အမှားသိကိုပယ်သတ်၏။

ရုပ်နာမ်မြင်သိ ဒိဋ္ဌိကွာပုံ

မြင်ဆဲ၊ကြားဆဲ၊နံ့ဆဲ၊စားဆဲ၊ထိုင်ဆဲ၊သွားဆဲ၊စသည် အခိုက်တိုင်းဌာ သိမှတ် နေသောယောဂီအား ဥပါဒါနကွန်ဒွာ(၅)ပါးတို့ဌာ ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမ

http://www.dhammadownload.com

စသည်စွဲလန်းမှုမဖြစ်။ မြင်မှု၊ကြားမှုစသည်၌ ပုဂ္ဂိုလ်သတ္တဝါတို့၏ မြင်မှု မဟုတ်။ ရုပ်နှင့်နာမ်ခန္ဓာပရမတ်တို့က မြင်မှုစသည်တို့ ဖြစ်၏။ ထိုတွင်-

အမြင်ခံက အဆင်းရုပ်၊ မြင်လိုက်တာက စက္ခုရုပ်၊ မြင်သိမှုက စိတ် ဝိညာဏ်။ မြင်သိထိက ဖဿနာမ်၊ ခံစားပြန်တာက ဝေဒနာနာမ်။ ဤသို့ 'ရုပ်နှင့် နာမ်၊ နာမ်နှင့်ရုပ်၊ တွဲ၍အလုပ်လုပ်'ဟု နာမ်နှင့်ရုပ်ကို ပိုင်းခြားသိသဖြင့် **'နာမရူပ ပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ'**နှင့်အညီ တဒင်္ဂတိုင်း၊ တဒင်္ဂတိုင်း၌ သက္ကာယဒိဋ္ဌိ အယူမှား၊အသိမှားကို ပယ်သတ်၏။

ထို့ပြင် မြင်မှု၊ကြားမှု၊စားမှုစသည်တို့၌ ရုပ်နှင့်နာမ်တို့၏ ပေါ်မှု၊ ဖြစ်မှုသ ဘောတို့ကို မပြတ်သိမှတ်သဖြင့် **'ဥဒယဒဿနေန ဥစ္ဆေဒဒိဋ္ဌိယာ'**နှင့်အညီရုပ်နာမ် တို့၏အဖြစ်ကို မြင်သဖြင့် တဒင်္ဂတိုင်း၊တဒင်္ဂတိုင်း၌ **'ဥစ္ဆေဒဒိဋ္ဌိ'** စင်ကြယ်၏။

ထို့ပြင် မြင်မှု၊ကြား၊စားမှုစသည်တို့၌ ရုပ်နှင့်နာမ်တို့၏ ပျက်မှု၊ပျောက်မှု သဘောတို့ကို မပြတ်သိမှတ်သဖြင့် **'ဝယဒဿနေန သဿတဒိဋ္ဌိယာ'**နှင့်အညီ ရုပ်နာမ်တို့၏အပျက်ကို မြင်သဖြင့် တဒင်္ဂတိုင်း၌ **'သဿတဒိဋ္ဌိ'** စင်ကြယ်၏။

ဤသို့ မပြတ်သိမှတ်သဖြင့် တဒင်္ဂတိုင်း၊ တဒင်္ဂတိုင်းတို့၌ သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိတို့ကို ပယ်၏။ တဒင်္ဂပဟာန်သည် ရင့်သန်ကြီးထွားသဖြင့် ဝိက္ခမ္ဘနပဟာန်သို့ ရောက်၏။ ဝိက္ခမ္ဘနပဟာန်ရင့်သန်ကြီးထွားပြန်သဖြင့် သမုစ္ဆေဒ ပဟာန်သို့ ဆိုက်ရောက်လေ၏။ သမုစ္ဆေဒပဟာန် ရင့်သန်သဖြင့်လည်း ပဋိပဿဒ္ဓိ ပဟာန်သို့ရောက်၏။ ပဋိပဿဒ္ဓိပဟာန်ရင့်သန်သဖြင့်လည်း နိဿရဏပဟာန်သို့ ရောက်၏။ ဤသို့ အဆင့်ဆင့်တက်၍ အားထုတ်သဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုမှုနိုင်သည် ဖြစ်၏။

လင်္ကာ။ ရုပ်နာမ်ကိုပင်၊ ပိုင်းခြားမြင်၊ သက္ကာယဒိဋ္ဌိစင်။

ရုပ်နာမ်ကိုပင်၊အဖြစ်မြင်၊ဥစ္ဆေဒဒိဋ္ဌိစင်။ရုပ်နာမ်ကိုပင်၊အပျက်မြင်၊သဿတဒိဋ္ဌိစင်။

ရုပ်ဓာတ်မြင်၍ နာမ်ဓာတ်သိပုံ

မြင်မှု၊ကြားမှုစသည်၌ ပထဝီစသောရုပ်ဓာတ်သဘောတို့ကို သိမှတ်သဖြင့် ထင်သောဉာဏ်အမြင်ရှိသူအား နာမ်ဓာတ်သဘောတို့ကိုလည်း သိမှုဖြစ်၏။

မြင်မှုစသည်၌ 'မာယော-ပထဝီရုပ်၊ ဖွဲ့စည်းယိုစီး-အာပေါရုပ်၊ ပူအေး-တေဇောရုပ်၊ ထောက်ကန်လှုပ်ရှား-ဝါယောရုပ်၊ အဆင်း-ဝဏ္ဏရုပ်၊ အနံ့-ဂန္ဓရုပ်၊ အရသာ-ရသရုပ်၊အဆီအစေး-သြဇာရုပ်'အားဖြင့် အဋ္ဌကလာပ်ရုပ်(၈)မျိုးတို့ ဖြစ်၏။

ထိုရုပ်(၈)ခုတို့၌ မျက်စိအကြည်ရုပ်ဆတ်ဆတ်ဖြင့် အဆင်း-ရူပရုပ်ဆတ်

http://www.dhammadownload.com

ဝတ်ကိုသာ မြင်၏။ နားအကြည်ရုပ်ဆတ်ဆတ်ဖြင့် အသံ-သဒ္ဒရုပ်ဆတ်ဆတ်ကိုသာ ကြားစ၏။ လျှာအကြည်ရုပ်ဆတ်ဆတ်ဖြင့် အရသာ-ရသရုပ်ဆတ်ဆတ်ကိုသာ သိ၏။ ကိုယ်အကြည်ရုပ်ဆတ်ဆတ်ဖြင့် အတွေ့'ပထဝီ၊တေဇော၊ဝါယော'ရုပ်ဆတ်ဆတ်ကိုသာ ထိ၏။ မနောအကြည်ဓာတ်ဆတ်ဆတ်ဖြင့် သဘောရုပ်နာမ်ဆတ်ဆတ်ကို့ကိုသာ သိ၏။ ထိုသို့ မြင်မှု၊ကြားမှု၊နံ့မှု၊စားမှု၊ထိမှုဟူသော သဘောဆတ်ဆတ်ကို့ကို သိမှုသဘောသည် နာမ်ဓာတ်၊နာမ်သဘော ဖြစ်၏။ ရုပ်ဆတ်ဆတ်ဖြစ်သော ဓာတ်သဘောနာမ်ဆတ်ဆတ်ဖြစ်သောဓာတ်သဘောတို့ကို မျက်စိ၊နား၊ နှာ၊လျှာ၊ ကိုယ်တို့ဖြင့်သိမှုသည် မဖြစ်။ စိတ်၌ယှဉ်သော သိမှတ်မှုဉာဏ်ဖြင့်သာ သိ၏။

ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ဒိဋ္ဌိမဖြစ်ပုံ

ပရမတ္ထတော ပုဂ္ဂလော သတ္တောနာမ နတ္ထိ။ နာမရူပမတ္တမေဝ အတ္ထိတိ ဒဿနံ ယထာဘူတဒဿနံ နာမ။ (ဝိသုဒ္ဓိမဂ်-၄၊ ၂၂၉)

ပရမတ္ထတော-ပရမတ်ဆတ်ဆတ်ဓာတ်အနက်အားဖြင့်။ ပုဂ္ဂလော-မိန်းမ၊ယာကျားပုဂ္ဂိုလ်မည်သည်။ သတ္တောနာမ-သတ္တဝါကောင်မည်သည်။ နတ္ထိ-မရှိ။ နာမရူပမတ္တမေဝ-နာမ်ရုပ်သဘောမျှသာလျှင်။ အတ္ထိတိ-ရှိ၏ဟူ၍။ ဒဿနံ၊ သိမြင်သည်။ ယထာဘူတဒဿနံနာမ၊ အဟုတ်အမှန်အတိုင်းသိမြင်မှု မည်၏။

နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တောဝါ ဒေဝေါဝါ ဗြဟ္မာဝါ နတ္ထိတိ နိဋ္ဌံ ဂစ္ဆတိ၊ တဒါ ဒိဋ္ဌိဝိသုဒ္ဓိနာမ။ (သာရသင်္ဂဟ၊၄၊၁၁၀)

နာမရူပမတ္တတော-ပရမတ်ဆတ်ဆတ်ရုပ်ဓာတ်၊နာမ်ဓာတ်သဘောသက်သက်မှ။ ဥဒ္ဓံ-အထက်၌။ အညော၊ အခြားတစ်ပါးသော။ သတ္တောဝါ၊ ပုဂ္ဂိုလ်တ္တဝါကောင်၊သူကောင်၊ငါကောင်သည်။ ဒေဝေါဝါ၊ နတ်ဗြဟ္မာသည်။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်။ နတ္ထိ-ပရမတ်ဓာတ်သဘောအားဖြင့် မရှိသည်သာလျှင်တည်း။ ဣတိ-သို့။ နိဋ္ဌံဂစ္ဆတိ-ယထာဘူတဉာဏ်ဖြင့်ဆုံးဖြတ်ခြင်းသို့ ရောက်၏။ တဒါ-အခါ၌။ ဒိဋ္ဌိဝိသုဒ္ဓိနာမ-အယူအသိမှားမှစင်ကြယ်မှု ဒိဋ္ဌိဝိသုဒ္ဓိဖြစ်သည် မည်၏။

မြင်ခိုက်၊ကြားခိုက်စသည်၌ ရုပ်ပရမတ်၊နာမ်ပရမတ်ဟူသော ဓာတ်သဘောဂုသိမှတ်နေသူအား ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတစ်ပါး၊ယောကျ်ား၊မိန်းမစသည်ဟူ၍ လုံးမရှိ။ နာမ်နှင့်ရုပ်မျှသာရှိ၏ဟုသိသဖြင့် ယထာဘူတဉာဏ် အမြင်မှန်သည်၏။ ငါသူတစ်ပါး၊ယောကျ်ား၊မိန်းမစသည်ဖြင့် စွဲယူသိသော အတ္တဒိဋ္ဌိ ကွာ၏။ ယထာဘူတဉာဏ် အသိအမြင်မှန်ကိုပင် နသောပဿနာဉာဏ်ဟု ခေါ်၏။ ယထာဘူတဉာဏ်ကို လက်ကိုင်ရရှိရုံမျှပင် နိဗ္ဗာန်လမ်းစကိုတွေ့သိ၏။ လမ်းဆုံးသော်

http://www.dhammadownload.com

ရှာရောက်သကဲ့သို့ နိဗ္ဗာန်သို့ရောက်နိုင်တော့၏။ ထို့ကြောင့် **'ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတမ္ဘာ'** ယထာဘူတဉာဏ်ရနိုင်ဖို့ရန် ဆရာမှန်ရှာအပ်၏ဟု မြတ်စွာဘုရားသည် ၄၄-ကြိမ်တိုင်တိုင် သတိပေးတော်မူခဲ့၏။

လင်္ကာ။ ဆံပင်အစ၊ ကျင်ငယ်အဆုံး၊ ၃၂-ခု၊ ဤအစုကား၊ သူငါကျားမ၊မဟုတ်ကြ၊ ရုပ်ဓမ္မသက်သက်သာတည်း။ ဤကားဆံပင်၊ဤလျှင်ကျင်ငယ်၊ တကယ်သိကြား၊ ထိုတရားလည်း၊သူငါကျားမ၊မဟုတ်ကြ၊နာမ်ဓမ္မသက်သက်တည်း။

ဤသို့အမှန်၊ပွားဖန်များက၊ကိုယ်ကာယ၌၊ကျားမမထင်၊ရုပ်နာမ်မြင်၊ဒိဋ္ဌိစင်သတည်း။

ရုပ်နာမ်နှစ်ဝ၊ ထိုဓမ္မလည်း၊ သူငါကျားမ၊ မဟုတ်ကြ၊ အဝိဇ္ဇာပစ္စယာ-သခ်ါရ၊ ကြောင်းကျိုးဓမ္မသက်သက်သာတည်း။

ကြောင်းကျိုးနှစ်ဝ၊ထိုဓမ္မလည်း၊သူငါကျားမ၊မဟုတ်ကြ၊ အနိစ္စ၊ဒုက္ခ၊အနတ္တတည်း။

လက္ခဏာသုံးဝ၊ ဤဓမ္မလည်း၊ သူငါကျားမ၊ မဟုတ်ကြ၊ ဒုက္ခသစ္စာတည်း။

သစ္စာဒုက္ခ၊ ဤဓမ္မလည်း၊ သူငါကျားမ၊ မဟုတ်ကြ၊ အနတ္တမျှသာတည်း။

ဤသို့ဆင်ခြင်၊ ငါပင်ထင်မှတ်၊ အတ္တပြတ်၊ အနတ္တထင်သတည်း။

အနတ္တထင်၊ အတ္တစင်မြဲ၊ မဂ်ဝင်ပွဲ၊ မလွဲမှုချပေ။ ထင်အောင်မဲ၍ ခဲကြလေ။

ဒိဋ္ဌိမဖြစ်လျှင် ဒိဋ္ဌိပယ်ခွာသည်မည်ပုံ

ယမကံ နာမရူပဠ၊ ဥဘော အညောညနိဿိတာ။

ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။

ယမကံ၊ အစုံအစုံဖြစ်သော။ နာမရူပဠ၊ နာမ်နှင့်ရုပ်သဘောတို့သည်။ ဥဘော၊ နှစ်ပါးစုံဖြစ်လျက်။ အညောညနိဿိတာ၊ တစ်ပါးသည်တစ်ပါးကိုမှီ၍သာဖြစ်ကုန်၏။ ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ ၊ နာမ်တရား၊ရုပ်တရားတစ်ပါးပါး ပျက်သည်ရှိသော်။ ဥဘောပစ္စယာ၊ နှစ်ပါးသောအကြောင်းတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကြရကုန်၏။

သခ်ါရာဝ-ရုပ်နာမ်ဓမ္မသခ်ါရတို့သည်သာ။ သခ်ါရေ-ရုပ်နာမ်ဓမ္မသခ်ါရတို့ကို။ ဝိပဿန္တိ၊ ဝိပဿနာရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ဆင်ခြင်ကုန်၏။ ဝဝတ္ထပေန္တိ၊ ပိုင်းခြားသိမြင်ကုန်၏။ ပဋ္ဌိဂ္ဂဏှန္တိ-သိမ်းဆည်းကုန်၏။ ဣတိဂဏှတော-ဤသို့ယူဆသောယောဂီပုဂ္ဂိုလ်သည်။ ဒိဋ္ဌိဥဂါတန်နာမ်၊ တရားအလုပ်အားထုတ်နေတာ ငါကောင်၊သူကောင်၊ပုဂ္ဂိုလ်သတ္တဝါ၊ မိန်းမကောင်၊ယောကျ်ားကောင်ဟုယူမှားသောဒိဋ္ဌိကို ပယ်ခွာသတ်သည်မည်သည်။ ဟောတိ-ဖြစ်ပေ၏။

လင်္ကာ။ ရုပ်ကိုမှီ၍ နာမ်ဖြစ်၏။ နာမ်ကိုမှီ၍ ရုပ်ဖြစ်၏။

မှီသောရုပ်က၊ နာမ်မှဆိတ်။ မှီသောနာမ်က ရုပ်မှဆိတ်။

http://www.dhammadownload.com

ပုထုဇဉ်သည် မမြင်သည်ကိုမြင်ပုံ

ယံ ပဿတိ, နု တံ ဒိဋ္ဌိ၊ ယံ ဒိဋ္ဌံ, တံ နုပဿတိ။

အပဿံ ဗုဇ္ဈတေ မုဠ္ဟော၊ ဗဇ္ဈမာနော နမုစ္စတိ။(သတိပဋ္ဌာနသုတ်၊၆၊ ၃၄၇)

ယံ၊အကြင်ယောဂျားမိန်းမစသောပညတ်ကို။(ပုထုဇနော၊အန္ဓပုထုဇဉ်သည်) ပဿတိ၊ မဟုတ်မမှန် မိစ္ဆာဉာဏ်ဖြင့် မြင်၏။ တံ၊ ထိုမိစ္ဆာဉာဏ်ဖြင့် မြင်ခြင်းကို။ (ကလျာဏေန၊ကလျာဏပုထုဇဉ်သည်) နဒိဋ္ဌံ၊ မမြင်ပေ။

ယံ၊အကြင်ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို။ (ကလျာဏေန၊ကလျာဏပုထုဇဉ်သည်) ဒိဋ္ဌံ၊ပရမတ်အားဖြင့် ထင်ရှားရှိ၏ဟုမြင်၏။ တံ၊ ထိုပရမတ်အားဖြင့် ထင်ရှားရှိသောရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို။ (ပုထုဇနေန၊အန္ဓပုထုဇဉ်သည်။) နပဿတိ၊ မမြင်နိုင်ပေ။

အပဿံ၊ ယောဂျားမိန်းမစသော ပညတ်ကိုသာမြင်၍ ပရမတ်အားဖြင့် ထင်ရှားရှိသော ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာကိုမမြင်သော။ မုဠ္ဟော၊ တွေဝေမိုက်ဘီ ပညာမျက်စိမရှိသော အန္ဓပုထုဇဉ်ကို။ (မာရေန၊ တစ်ထောင့်ငါးရာ ကိလေသာမာရ်ယုတ် တဏှာဗိုလ်ချုပ်သည်။) ဗဇ္ဈတေ၊ သူပဲငါပဲ အထင်လွဲကြောင့် တဏှာကျောက်ကွင်းဖြင့် တင်းတင်းကြီး ဖွဲ့ချည်မိလေတော့၏။ ဗဇ္ဈမာနော၊ တွယ်တာနှစ်သက်ခြင်း တဏှာကျောက်ကွင်းဖြင့် တင်းတင်းကြီးဖွဲ့ချည်မိသော အန္ဓပုထုဇဉ် လူနတ်ဗြဟ္မာအပေါင်းသည်။ နမုစ္စတိ၊ အိုနာသေရေး၊ ဒုက္ခဘေးနှင့်၊ ရောထွေးနေရသံသရာဝဋ္ဋဒုက္ခအတွင်းမှ ဘယ်ဘဝ၊ဘယ်ကမ္ဘာ၊ဘယ်အခါမှ မကျွတ်မလွတ် မထွက်မြောက်နိုင်သည်သာတည်း။

ဝဇိရာထေရီဘိက္ခုနီမ၏အမြင်

ကိ ံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံနု တေ။
သုဒ္ဓသင်္ခါရ ပုဉ္ဇော-ယံ၊ နယိဓ သတ္တူပလဗ္ဘတိ။

ဟယ်မာရ်နတ်၊ သင်ကားမိစ္ဆာဒိဋ္ဌိအယူရှိသူ ဖြစ်ဘိ၏။ အဘယ်အရာကို ပုဂ္ဂိုလ်,သတ္တဝါဟု သင်ဆိုသနည်း?။ ဤလောကဌ် ပုဂ္ဂိုလ်,သတ္တဝါဟုပညတ်အားဖြင့် ပြောဆိုနေကြသည်ကား ခန္ဓာငါးပါး ရုပ်နာမ်တရား အစုအပေါင်းမျှတည်း။ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏အစုအပေါင်းဌ် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါကို မရအပ်။မရနိုင်ပေ။

ယထာဟိ အင်္ဂသမ္ဘာရော၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။

http://www.dhammadownload.com

ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

ဥပမာအားဖြင့် ဘီး,ဝင်ရိုး,ထမ်းပိုး,လှည်းသန်,လှည်းအိမ်ဟူသော လှည်း၏ အစိတ်အင်္ဂါပြည့်စုံခြင်းကြောင့် 'ရထား'ဟူ၍ ခေါ်ဝေါ်ပြောဆိုရသကဲ့သို့ ဖြစ်၏။

ဤအတူ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကံစသည်အကြောင်းအား လျော်စွာ ဖြစ်ပေါ်လာသည်ရှိသော် ပညတ်အနေဖြင့် 'ပုဂ္ဂိုလ်သတ္တဝါ'ဟု သမုတ်ခြင်းမျှ ဖြစ်၏။ မုချအားဖြင့် ပုဂ္ဂိုလ်သတ္တဝါသည် မရှိသည်သာတည်း။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိစ။
နညတြ ဒုက္ခ သမ္ဘောတိ၊ နညံ ဒုက္ခံ နိရုဇ္ဈတိ။

လောကဌ် ပရမတ်အားဖြင့် ပုဂ္ဂိုလ်သတ္တဝါ မရှိ။ ရုပ်နာမ် ခန္ဓာငါးပါးမျှသာ ရှိ၏ဟုဆိုသောစကားသည် မုချကေန်မှန်ပေ၏။ ထိုရုပ်နာမ်ခန္ဓာငါးပါးအပေါင်းသည် လောကဌ်ဖြစ်ပေါ်လာသည်ရှိသော် ဒုက္ခသစ္စာအနေဖြင့်သာ ဖြစ်ပေါ်၏။ တည်သည်ရှိသော် ဒုက္ခသစ္စာအနေဖြင့်သာ တည်နေ၏။ ပျက်သည်ရှိသော် ဒုက္ခသစ္စာအနေဖြင့်သာ ပျက်စဲရလေ၏။

ထိုဒုက္ခသစ္စာဖြစ်သော ရုပ်နှင့်နာမ်ခန္ဓာငါးပါးမှတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါသည် လုံးဝမဖြစ်ပေါ်နိုင်။ ဒုက္ခသစ္စာဖြစ်သော ရုပ်နှင့်နာမ်ခန္ဓာငါးပါးမှတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါသည် လုံးဝမချုပ်ပျက်နိုင်။

လကၡဏ။ ဤကိုယ်ကာယ၊ တစ်လံမျှဌ်၊ နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။ ရုပ်နာမ်နှစ်ပါး၊ အလွတ်ထား၍၊ ဤကားလိပ်ပြာ၊ ဤကားငါတည်း၊ ဤမှာဇီဝ၊ ဤအတ္တဟု၊ ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊ နှစ်ဖြာနာမ်ရုပ်မျှသာတည်း။

ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်ပုံ

တေသမေဝစ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကခ်ါဝိတရဏဝိသုဒ္ဓိနာမ။

နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း ပဋ္ဌိသန္ဓေအခါဌ်-အဝိဇ္ဇာ,တဏှာ, ဥပါဒါန်, ကံတို့ကြောင့် ဖြစ်၏။ ပဝတ္တိအခါဌ်-ရုပ်သည် ကံ၊ စိတ်၊ဥတု၊အာဟာရတို့ကြောင့် ဖြစ်၏။ နာမ်သည် စက္ခုစသော မှီရာဝတ္ထု, ရူပါရုံစသော အာရုံတို့ကြောင့် ဖြစ်၏။

နာမရူပဿ ပစ္စယပရိဂ္ဂဟဏေန တီသုအဒ္ဓါသု ကခ်ံ ဝိတရိတ္တာ ဌိတ်၊ ဉာဏ် ကခ်ါဝိတရဏဝိသုဒ္ဓိနာမ။

ထိုနာမ်နှင့်ရုပ်တို့၏ ဖြစ်ကြောင်းပျက်ကြောင်းတို့ကို သိမ်းဆည်းသဖြင့်

http://www.dhammadownload.com

ိတိတ်၊အနာဂတ်၊ပစ္စုပ္ပန်ကာလသုံးတန်လုံး၌ ယုံမှားခြင်းကို လွန်မြောက်လျက်
ည်သောဉာဏ်သည် ကခ်ါဝိတရဏဝိသုဒ္ဓိ မည်၏။

ဤကခ်ါဝိတရဏဝိသုဒ္ဓိသည် ဒိဋ္ဌိဝိသုဒ္ဓိဖြင့် သိမြင်ပြီးသော နာမ်ရုပ်တို့၏
ကြောင်းကိုပါသိမ်းဆည်းမှု ဖြစ်၏။ အကြောင်းမဲ့ဖြစ်ပေါ်၏ဟု ယူမှားသော
အဟေတုကဒိဋ္ဌိ'၊ အကြောင်းမှားဖြင့်သုံးသပ်သော '**ဝိသမဟေတုကဒိဋ္ဌိ**'တို့ကိုပါ
ယ်သတ်၏။ ရုပ်နာမ်သခ်ါရတို့သည် အဝိဇ္ဇာစသော ညီညွတ်သော အကြောင်း
ဆက်ဆက်ကြောင့်ဖြစ်၏ဟုသိမြင်သော '**သမဟေတုကဒိဋ္ဌိ**'ဉာဏ်အမြင် ဖြစ်၏။

ပစ္စုပ္ပန်ဘဝ၌ ရုပ်နာမ်တို့၏ဖြစ်ကြောင်းမှန်ကို ကောင်းစွာသိမြင်သဖြင့်
ိတိတ်၊အနာဂတ်၊ပစ္စုပ္ပန်အားဖြင့် ယုံမှားခြင်း(၁၆)ပါးကိုလည်းကောင်း၊ ဝိစိကိစ္ဆာ
)ပါးကိုလည်းကောင်း ကင်းစင်လွန်မြောက်၏။

အကြောင်းကို သိမ်းဆည်းပုံ

သွားဆဲအခိုက်၌ အဘယ့်ကြောင့် သွားမှုဖြစ်သနည်း။ သွားချင်စိတ်ကြောင့်
ားမှုဖြစ်၏။ သွားချင်စိတ်သည် အကြောင်းနာမ်။ သွားနေမှုသည် အကျိုးနာမ်နှင့်ရုပ်။
ပ်မှု၊ထိုင်မှု၊အိပ်မှုစသည်၌လည်း ထိုနည်းအတူ ရုပ်ချင်စိတ်သည် အကြောင်းနာမ်။
ပ်နေမှုသည် အကျိုးနာမ်နှင့်ရုပ်။ သွားချင်စိတ်အကြောင်းတရားသည် အဝိဇ္ဇာ၊
ဏှာ၊ဥပါဒါန်ကံ။ သွားချင်မှုအကျိုးတရားသည် ရုပ်နှင့်နာမ်ခန္ဓာ(၅)ပါး ဖြစ်၏။

ဤသို့. သွားဆဲအခိုက်စသည်တို့၌ ရုပ်နာမ်ခန္ဓာငါးပါးတို့၏ အကြောင်းနှင့်
ကွသိမ်းဆည်း၍ သိမှတ်နေသဖြင့် သွားချင်စိတ်ဟူသောအကြောင်း၌လည်း ငါနှင့်
စပ်။ သွားမှုဟူသောအကျိုး၌လည်း ငါနှင့် မစပ်။ အကြောင်းနှင့်အကျိုးနှစ်မျိုး
ို့၏ ပေါင်းစည်းမှုသဘောသက်သက်ကြောင့် ဖြစ်၏ဟု သိမှုသည် အကြောင်းကို
ိမ်းဆည်း၍သိမှု '**ပစ္စယပရိဂ္ဂဟဉာဏ်**' မည်၏။

ရုပ်နာမ်ခန္ဓာ(၅)ပါး၏ဖြစ်ကြောင်းများ

အဝိဇ္ဇာ,တဏှာ,ပါဒါန်၊ ကမ္မံ ဟေတု စတုဗ္ဘိဓော။

ဧတသ ရူပကာယသ၊ အာဟာရော ပစ္စယော ဘဝေ။

ပစ္စုပ္ပန်အခိုက်၌ မြင်ဆဲ၊သွားဆဲစသည်ပြုလုပ်သော ဤရူပကာယကြီးကို
အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်၊ကံ(၄)ပါးတို့က ဖြစ်စေတတ်မှု-ဇနကအကြောင်း ပြု၏။
အာဟာရသည်ကား ထောက်ပံ့ပေးမှု-ဥပတ္ထမ္ဘကအကြောင်း ပြု၏။

http://www.dhammadownload.com

အတိတ်ဖြစ်သောခန္ဓာတို့၌ ရုပ်နာမ်ခန္ဓာ၊ဒုက္ခသစ္စာတို့ကို မသိအောင် ဖုံးလွှမ်းထားမှုအဝိဇ္ဇာ၊ တစ်ဖန်ဘဝအသစ်တို့ကို ဖြစ်လိုမှုတဏှာ၊ ထိုထိုအာရုံကို စွဲလန်းမှု ဥပါဒါန်၊ အားထုတ်ပြုလုပ်မှုကံဟူသော ဇနကအကြောင်း(၄)ပါးကြောင့် ပဋိသန္ဓေ၊ ဝိညာဏ်၊နာမ်ရုပ်စသောအကျိုးတို့ကို ရရှိ၏။ ပဝတ္တိအခါ၌ နေ့စဉ်စားသုံးသမျှ အာဟာရဟူသော ဥပတ္ထမ္ဘကအကြောင်းက သေသည်တိုင်အောက်ထောက်ပံ့၏။

ဥပမာအားဖြင့် မြင်ဆဲ၊သွားဆဲစသည်ပြုလုပ်မှုဟူသော ခန္ဓာငါးပါး၌ ကံသည် သားသမီးကို ဖြစ်စေတတ်သော အဖနှင့် တူ၏။ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်တို့သည် အားကြီးသောမှီရာအဖြစ်ကျေးဇူးပြုတတ်သော အမိနှင့် တူ၏။ အာဟာရသည်ကား ထိန်းသိမ်းစောင့်ရှောက်သဖြင့် ကျေးဇူးပြုတတ်သော နို့ထိန်းနှင့် တူပေ၏။

နဟေတ္ထ ဒေဝေါ၀ ဗြဟ္မာ၀ါ၊ သံသာရသ,တ္ထိ ကာရကော။
သုဒ္ဓမ္မာ ပ၀တ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။

ဇေတ္ထ-ဤရုပ်နာမ်အပေါင်းတို့ အကြောင်းသင့်စွာ ဖြစ်ပေါ်လာရာ၌။ သံသာရသ-ရုပ်နာမ်ခန္ဓာသံသရာကြီးကို။ ကာရကော-ပြုလုပ်စီရင်တတ်ပေသော။ ဒေ၀ေါ၀ါ၊ဗိဿနိုးစသောနတ်မျိုးသည်လည်းကောင်း။ ဗြဟ္မာ၀ါ၊ ထာ၀ရဘုရားခေါ် ဗြဟ္မာသည်လည်းကောင်း။ နဟိအတ္ထိ-စင်စစ်ဧကန် မရှိရိုးအမှန်သာလျှင်တည်း။

သုဒ္ဓမ္မာ-ပုဂ္ဂိုလ်,သတ္တ၀ါ၊သူငါမဖက် သက်သက်သောရုပ်နာမ်တရားတို့သည်။ ဟေတုသမ္ဘာရပစ္စယာ-အဝိဇ္ဇာစသောအဆောက်အဦက အကြောင်းပြုမှုကြောင့်သာ။ ပ၀တ္တန္တိ-ကံအားလျော်စွာ သင့်လျော်ရာဘုံဘ၀မှာ ရုပ်နာမ်ခန္ဓာအကျိုးတရားတို့ ဖြစ်ပွားပေါ်ပေါက်ကြရလေကုန်၏။

ရုပ်နာမ်ခန္ဓာမပြတ်ဖြစ်တာ သံသရာ

မြင်မှု၊ကြားမှုစသည်၌ မပြတ်သိမှတ်သဖြင့် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ၊အာဟာရအကြောင်းတို့ကြောင့် မြင်ခြင်း၊ကြားခြင်းစသော နာမ်ရုပ်တို့အကျိုးတို့ ဖြစ်ပေါ်၏ဟု သိ၏။

မျက်စိ-အဆင်း-အလင်းရောင်-နှလုံးသွင်းတို့ ပေါင်းဆုံမိခြင်းကြောင့် မြင်သိစိတ်ဖြစ်၏။ နား-အသံ-ဟင်းလင်း-နှလုံးသွင်းတို့ ပေါင်းဆုံမိခြင်းကြောင့် ကြားသိစိတ်ဖြစ်၏။ နှာခေါင်း-အနံ့-လေ-နှလုံးသွင်းတို့ပေါင်းဆုံမိခြင်းကြောင့် နံသိစိတ်ဖြစ်၏။ လျှာ-အရသာ-ရေ-နှလုံးသွင်းတို့ ပေါင်းဆုံမိခြင်းကြောင့် စားသိစိတ်ဖြစ်၏။ ကိုယ်-အတွေ့-မြေ-နှလုံးသွင်းတို့ ပေါင်းမိခြင်းကြောင့် ထိသိစိတ်ဖြစ်၏။ နှလုံး-မန-ဓမ္မ-နှလုံးသွင်းတို့ ပေါင်းဆုံမိခြင်းကြောင့် ကြံသိစိတ်ဖြစ်၏။ ဤသို့

http://www.dhammadownload.com

သိမှုဝိညာဏ်တို့ ဖြစ်မှုကြောင့် နာမ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း အချင်း ချင်းအမှီပြုလျက် ဖြစ်ကြရ၏။

ထိုသို့ဖြစ်ရာ၌ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံစသောအကြောင်းတရားနှင့် ဝိညာဏ်နာမ်ရုပ်စသောအကျိုးတရားအားဖြင့် (၂)ပါးတို့သည် ခန္ဓာအားဖြင့်(၅)ပါး၊ အာယတနအားဖြင့်(၁၂)ပါး၊ ဓာတ်အားဖြင့်(၁၈)ပါး၊ သစ္စာအားဖြင့် ဒုက္ခ၊သမุဒယ (၂)ပါးတို့သည် 'ဥပါဒ်၊ဌီ၊ဘင်' ဖြစ်တည်ပျက်အစဉ်အားဖြင့် မပြတ်ဖြစ်ပျက်နေမှု သည် သံသရာလည်သည် မည်၏။

ခန္ဓာနဋ္ဌ ပဋိပါဋိ၊ ဓာတုအာယတနာဒိစ။
အဗ္ဘောစ္ဆိန္နာ ဝတ္တမာနာ၊ သံသရာရောတိ ပဝုစ္စတိ။

ခန္ဓာနဋ္ဌ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့သည်လည်းကောင်း၊ ဓာတု၊အာယ တနာဒိစ၊ ဓာတ်(၁၈)ပါး၊အာယတန(၁၂)ပါး ရုပ်နာမ်တရားတို့သည်လည်းကောင်း၊ အဗ္ဘောစ္ဆိန္နာ-မပြတ်မစဲ တသဲသဲ။ ဝတ္တမာနာ-ဖြစ်ပျက်နေသော။ ပဋိပါဋိ-ဥပါဒ်၊ ဌီ၊ဘင်အစဉ်ကို။ သံသာရောတိ-သံသရာဟူ၍။ ပဝုစ္စတိ-ဆိုအပ်၏။

အကြောင်းရှိ၍ အကျိုးဖြစ်နေမှုကိုသိပုံ

မျက်စိဖြင့်အဆင်းကို မြင်မှုတစ်ခု၌ အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်, ကံဟူသောအတိတ်အကြောင်းတို့ရှိမှုကြောင့် မြင်မှုဖြစ်၏။ ထိုမြင်မှုကြောင့် မြင်သိစိတ် 'ဝိညာဏ်၊နာမ်ရုပ်၊သင်္ဌာယတန၊ဖဿ၊ဝေဒနာ'ပစ္စုပ္ပန်အကျိုးတရားတို့ ဖြစ်ပေါ်၏။ ထိုမြင်သိစိတ်စသည်၌ တပ်မက်မှုစသော 'တဏှာ,ဥပါဒါန်, ကံ, အဝိဇ္ဇာ,သင်္ခါရ'ပစ္စုပ္ပန်အကြောင်းတို့ပေါင်းမှုကြောင့် 'ဝိညာဏ်၊ နာမ်ရုပ်၊ သင်္ဌာယ တန၊ဖဿ၊ဝေဒနာ'ဟူသောအနာဂတ်အကျိုးရုပ်နာမ်တို့၏ ဖြစ်မှု၊ရင့်မှု၊ပျက်မှုတို့ ဖြစ်ရပေ၏ဟု ပဋိစ္စသမุပ္ပါဒ်နည်းဖြင့် အကြောင်းကြောင့် အကျိုးဖြစ်မှုကို သိ၏။

ထိုသို့သိရာ၌ အဝိဇ္ဇာ၊သင်္ခါရ၊ဝိညာဏ်၊နာမ်ရုပ်၊သင်္ဌာယတန၊ဖဿ၊ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ဘဝ၊ဇာတိ(၁၁)မျိုးတို့သည် အကြောင်းတရား မည်၏။ သင်္ခါရ၊ ဝိညာဏ်၊နာမ်ရုပ်၊သင်္ဌာယတန၊ဖဿ၊ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ဘဝ၊ဇာတိ၊ ဇရာ မရဏ(၁၁)မျိုးတို့သည် အကျိုးတရားတို့မည်၏ဟု အကြောင်းအကျိုးနှစ်မျိုး အားဖြင့် လည်း သိမှုဖြစ်၏။

အဝိဇ္ဇာသည် အကြောင်းသမุဒယသစ္စာဖြစ်၍၊ သင်္ခါရသည် အကျိုးဒုက္ခ သစ္စာဖြစ်၏ဟု အကြောင်း(၁၁)မျိုးနှင့်အကျိုး(၁၁)မျိုးတို့၌ ဒုက္ခသစ္စာကိုသိမှုဉာဏ်နှင့်

http://www.dhammadownload.com

သမုဒယသစ္စာကို သိမှုဉာဏ်(၂၂)မျိုးဖြစ်၏။

အဝိဇ္ဇာအကြောင်းချုပ်သဖြင့် သင်္ခါရအကျိုးသည် ချုပ်၏ဟု အကြောင်းချုပ်မှ-နိရောဓသစ္စာနှင့် ချုပ်ကြောင်းကိုသိမှ-မဂ္ဂသစ္စာတို့ကို အကြောင်း(၁၁)မျိုးနှင့်၊ အကျိုး(၁၁)မျိုးတို့၌ သိမှုဉာဏ်(၂၂)မျိုးစီ ဖြစ်သဖြင့် သိမှုဉာဏ်ပေါင်း (၄၄)မျိုး 'စတ္တာလီသဉာဏ်' သည် ဖြစ်၏။

သင်္ခါရာ ဒုက္ခသစ္စံ၊ အဝိဇ္ဇာ သမုဒယသစ္စံ။

ဥဘိန္နမ္ပိ နိဿရဏံ နိရောဓသစ္စံ၊ နိရောဓပဇာနနာ မဂ္ဂသစ္စံ။(ပဋ္ဌိသံ၊ပါဠိ)

မြင်မှုစသည်ကို သိမှတ်ရာ၌ အဝိဇ္ဇာအကြောင်းရှိမှုကြောင့် သင်္ခါရအကျိုးရှိ၏ဟုသိခြင်း(၁)ပါး၊ အဝိဇ္ဇာအကြောင်းရှိခဲ့မှုကြောင့် သင်္ခါရအကျိုးရှိခဲ့ရာ၏ဟုသိခြင်း(၁)ပါး၊ အဝိဇ္ဇာအကြောင်းရှိနေလျှင် သင်္ခါရအကျိုးရှိလိမ့်ဦးမည်၏ဟုသိခြင်း(၁)ပါး၊ ထို့အတူ အဝိဇ္ဇာအကြောင်းမရှိမှုကြောင့် သင်္ခါရအကျိုးမရှိဟုသိခြင်း(၁)ပါး၊ အဝိဇ္ဇာအကြောင်းမရှိခဲ့မှုကြောင့် သင်္ခါရအကျိုးမရှိခဲ့ဟုသိခြင်း(၁)ပါး၊ အဝိဇ္ဇာအကြောင်းမရှိတော့လျှင် သင်္ခါရအကျိုးရှိလိမ့်ဦးမည်မဟုတ်ဟုသိခြင်း(၁)ပါး၊ အဝိဇ္ဇာနှင့်သင်္ခါရတရား နှစ်ပါးလုံး၌ပင် ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတစ်ပါး၊ယောက်ျား၊မိန်းမမရှိ၊ အနိစ္စ၊ဒုက္ခ၊အနတ္တသာရှိ၏ဟုသိခြင်း(၁)ပါးအားဖြင့် သိမှုဉာဏ်(၇)မျိုး ဖြစ်၏။ သင်္ခါရအကြောင်းနှင့် ဝိညာဏ်အကျိုးစသည်၌လည်း(၇)မျိုးစီသိသဖြင့် အကြောင်းအကျိုး(၁၁)ဌာန၌ (၁၁×၇) သိမှုဉာဏ်(၇၇)မျိုး 'သတ္တသတ္တတိဉာဏ်' သည် ဖြစ်၏။ (နိဒါနဝဂ်သံ၊ ဉာဏဝိဘင်း)

အကြောင်းနှင့်အကျိုး၌ ပြုသူ၊ခံစားသူမရှိ

ကမ္မဿ ကာရကော နတ္ထိ- အကြောင်းကံကို ပြုလုပ်တတ်သူသည်မရှိပါ။

ဝိပါကဿစ ဝေဒကော-အကျိုးကို ခံစားတတ်သူလည်းမရှိပါ။

သုဒ္ဓမ္မာ ပဝတ္တန္တိ- ပြုသူ၊ခံစားသူမဖက် နာမ်နှင့်ရုပ်သက်သက်သာ ဖြစ်ကုန်၏။

ဧဝေတံ သမ္မဒဿနံ- ဤသို့ သိမှုသည် အမှန်ကိုမြင်ခြင်း 'ယထာဘူတ ဉာဏ်' ဖြစ်ပေသည်။

ကမ္မံ နတ္ထိ ဝိပါကမှိ- အကြောင်းကံသည်လည်း အကျိုးထဲ၌ မရှိပါ။

ပါကော ကမ္မေ နဝိဇ္ဇတိ- အကျိုးသည်လည်း အကြောင်းထဲ၌ မရှိပါ။

http://www.dhammadownload.com

အညမည် ဥဘော သုညာ- အကြောင်းနှင့်အကျိုး ထိုနှစ်မျိုးတို့သည် ကစ်ပါးသည်တစ်ပါးမှ ဆိတ်သုဉ်းကြကုန်၏။

နစ ကမ္မံ ဝိနာ ဖလံ- အကြောင်းတရားမရှိဘဲ အကျိုးတရားမဖြစ်။ အကျိုးတရားသည်လည်း အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်။ (ဝိသုဒ္ဓိမဂ်၊၄၊ ၂၃၇)

ယုံမှားခြင်း(၁၆)ပါးတို့ ကင်းပျောက်ပုံ

မျက်စိ၊အဆင်း၊မြင်မှုစသည်၌ ရုပ်နာမ်အားဖြင့်လည်းကောင်း၊ အကြောင်း အကျိုးအားဖြင့်လည်း သိမှတ်သောယောဂီအား ယုံမှားခြင်း(၁၆)မျိုးတို့သည် ကင်းပျောက်သဖြင့် **'ကခ်ါဝိတရဏဝိသုဒ္ဓိ'** သို့ ဆိုက်ရောက်၏။

၁- ငါသည် အတိတ်အခွန်.က ဖြစ်ခဲ့ဖူး လေသလော။(သဿတ)

၂- ငါသည် အတိတ်အခွန်.က မဖြစ်ခဲ့ဖူးလေသလော။(ဥစ္ဆေဒ)

၃- ငါသည် ဘယ်လိုအမျိုးဇာတ်ဖြစ်ဖူးလေသနည်း။ (ဇာတိ)

၄- ငါသည် ဘယ်လိုပုံအဆင်းသဏ္ဌာန်ဖြစ်ခဲ့ဖူးသနည်း။(လိင်္ဂ၊သဏ္ဌာန)

၅- ငါသည် ဘယ်လိုအခြင်းအရာဖြင့် ဖြစ်ခဲ့ဖူးသနည်း။(အာကာရ)

ထိုအတိတ်နည်းတူ အနာဂတ်အခွန်.၌လည်း (၅)မျိုး ယုံမှားမှုသည် ဖြစ်၏။

၁-ငါသည် ယခု ဖြစ်သလော။(သဿတ)

၂-ငါသည် ယခုမဖြစ်သလော။(ဥစ္ဆေဒ)

၃-ငါသည် ဘယ်လိုအမျိုးဇာတ်ဖြစ်သနည်း။(ဇာတိ)

၄-ငါသည်ဘယ်လိုပုံအဆင်းသဏ္ဌာန်ဖြစ်သနည်း။(လိင်္ဂ၊သဏ္ဌာန)

၅-ငါသည် ဘယ်ကလာသနည်း။ (ပရံပရ)

၆-ငါသည် ဘယ်ကို သွားလတ္တံ့နည်း။ (ပရံပရ)

မြင်မှုစသည်၌ ရုပ်နာမ်၊အကြောင်းအကျိုးကိုမသိသော အနှပုထုဇဉ်တို့အား အတိတ်ကိုစွဲ၍ယုံမှားခြင်း(၅)၊ အနာဂတ်ကိုစွဲ၍ယုံမှားခြင်း(၅)၊ ပစ္စုပ္ပန်ကိုစွဲ၍ ယုံမှား ခြင်း(၆)ပါးဟူသော ထိုယုံမှားခြင်း(၁၆)ပါးဖြင့် တွေးတောကြံဆမိန်းမောကြရ၏။ အကြောင်းမှာ **'ပုထုဇ္ဇနော ဥမ္မဇ္ဇတ္တကော'** ပုထုဇဉ်ဘဝသည် သူရူးနှင့်တူမှုကြောင့်ဖြစ်၏။

မြင်မှုစသည်၌ ရုပ်နာမ်၊ကြောင်း၊ကျိုးကို သိမ်းဆည်းနိုင်သော ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်ကာလသုံးတန်လုံး၌ ပုဂ္ဂိုလ်၊ ဝတ္ထုဝါတို့၏ ဖြစ်ခြင်း၊ပျက်ခြင်းသည် အလျှင်း မရှိ။ အဝိဇ္ဇာ၊ တဏှာ၊ကံစသော အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်နာမ်ခန္ဓာစသော အကျိုးတရားတို့၏ အကြောင်း အကျိုး စပ်၍ စပ်၍၊ ဖြစ်ခြင်း၊ပျက်ခြင်း၊ လည်ပတ်နေခြင်းတို့ကို ဉာဏ်ဖြင့်ထင်ထင်

http://www.dhammadownload.com

တွေ့မြင်ရသည်ရှိသော် ယုံမှားခြင်း(၁၆)ပါးတို့ ကင်းပျောက်မှုသည် ဖြစ်၏။

ယုံမှားခြင်း(၈)ပါးလည်းမရှိပုံ

၁-**သတ္တရိ ကခ်ံတိ**-မြတ်စွာဘုရား၏ ဗောဓိဉာဏ်စသည်၌ယုံမှားခြင်း၊

၂-**ဓမ္မေ ကခ်ံတိ**- မဂ်၊ဖိုလ်၊လောကုတ္တရာတရား၌ ယုံမှားခြင်း၊

၃-**သံဃေ ကခ်ံတိ**- အရိယာသံဃာ(၈)မျိုး၌ ယုံမှားခြင်း၊

၄-**သိက္ခာယ ကခ်ံတိ**- သီလသိက္ခာ၌ ယုံမှားခြင်း

၅-**ပုဗ္ဗန္တေ ကခ်ံတိ**- အတိတ်ဘဝအစွန်း၌ ယုံမှားခြင်း

၆-**အပရန္တေ ကခ်ံတိ**- အနာဂတ်ဘဝအစွန်း၌ ယုံမှားခြင်း

၇-**ပုဗ္ဗန္တာပရန္တေ ကခ်ံတိ**- ပစ္စုပ္ပန်ခန္ဓာ၌ ယုံမှားခြင်း

၈-**ပဋိစ္စသမုပ္ပန္နေသု ကခ်ံတိ**- ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယုံမှားခြင်း။

ကာလသုံးပါးတို့၌ အကြောင်းတရားကြောင့် အကျိုးရုပ်နာမ်ခန္ဓာတို့ ဖြစ်ပေါ်မှု၊ ပျက်သုဉ်းမှုတို့ကို ဟုတ်မှန်သည့်အတိုင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သိရှိရသောကြောင့် ဤလောကဌ် အကြောင်းအကျိုးမှတစ်ပါး ပုဂ္ဂိုလ်၊သတ္တဝါသည်တို့သည်အပို ဖြစ်၏။ မရှိ။ အကြောင်းအကျိုးမျှသာ ရှိ၏ဟု ယုံမှားမရှိ၊ ထိုးထွင်းသိသည်နှင့် တစ်ပြိုင်နက်ပင် ရှေးအခါက ယုံမှားနေခဲ့သော ယုံမှားခြင်း(၁۶)ပါးနှင့် ယုံမှားခြင်း(၈)မျိုးတို့ကို လွန်မြောက်ကာ **'ကခ်ီဝိတရဏဝိသုဒ္ဓိဉာဏ်'** အလင်းသို့ ရောက်ရှိပေ၏။

စူဠသောတာပန်အမည်ခံနိုင်ပုံ

ဣမိနာပနဉာဏေန သမန္နာဂတော ဝိပဿကော၊

ဗုဒ္ဓဿာသနေ လဒ္ဓဿာသော၊ လဒ္ဓပတိဋ္ဌော၊ နိယတဂတိကော

စူဠသောတာပန္နော နာမ ဟောတိ။

ဣမိနာပနဉာဏေန- ဤနာမရူပပရိစ္ဆေဒဉာဏ်၊ပစ္စယပရိဂ္ဂဟဉာဏ်(၂)ပါးနှင့်။ သမန္နာဂတော-ပြည့်စုံသော။ ဝိပဿကော-ဝိပဿနာယောဂီသည်။ ဗုဒ္ဓဿာသနေ-ဘုရားမြတ်စွာသာသနာတော်၌။ လဒ္ဓဿာသော-ရအပ်သောသက်သာရာရှိ၏။ လဒ္ဓပတိဋ္ဌော-ရပ်အပ်သောထောက်ရာတည်ရာရှိ၏။ နိယတဂတိကော-မြဲသောလူနတ်ဂတိလားရာရှိ၏။ စူဠသောတာပန္နောနာမ-စူဠသောတာပန်အမည်ခံနိုင်သောပုဂ္ဂိုလ်အဖြစ်သို့ရောက်သည် ဟောတိ-ဖြစ်၏။

စူဠသောတာပန်ဟူသည် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်(၂)ပါးနှင့် ပြည့်စုံသူ ဖြစ်၏။ နာမ်နှင့်ရုပ်ကို သိမ်းဆည်းပိုင်းခြားနိုင်ခြင်းကြောင့် အယူအသိမှန်ကန်မှု **'ဒိဋ္ဌိဝိသုဒ္ဓိ'** ဖြစ်၏။ အကြောင်းနှင့်အကျိုးကို သိမ်းဆည်းပိုင်း

http://www.dhammadownload.com

ခြားနိုင်သဖြင့် ယုံမှားမှုမှန်သမျှတို့ ကင်းစင်ပျောက်၍ 'ကခ်ါဝိတရဏဝိသုဒ္ဓိ' ဖြစ်၏။

ရှေးဦးအစဦး ငါးပါးသီလပြည့်စုံသဖြင့် 'သီလဝိသုဒ္ဓိ' နှင့် ရပ်နာမ်အာရုံတို့၌ စိတ်ရူးစိုက်နိုင်သဖြင့် 'စိတ္တဝိသုဒ္ဓိ' တို့ ပြည့်စုံပြီးသဖြင့် 'ဒိဋ္ဌိဝိသုဒ္ဓိ၊ ကခ်ါဝိတရဏ ဝိသုဒ္ဓိ' တို့ပါ ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ဘုရားမြတ်စွာ သာသနာတော်၌ သက်သာရာ၊အားကိုးရာကို ရရှိသူဖြစ်၏။ ထောက်တည်ရာကိုလည်း ရရှိ၏။ သေသောအခါ အပါယ်မကျရောက်ရသဖြင့် မြဲသောလူနတ်သုဂတိလည်း ရှိ၏။

ဘုရားမြတ်စွာ သာသနာတော်၌ မုချအားဖြင့် သက်သာရာသည် 'အရိယဖိုလ်' ဖြစ်၏။ ထောက်ရာတည်ရာသည်ကား 'အရိယမဂ်' ဖြစ်၏။ ထိုသို့ အရိယမဂ်၊ဖိုလ်တို့သို့ မရသေးစေကာမူ ဒိဋ္ဌိဝိသုဒ္ဓိ၊ကခ်ါဝိတရဏဝိသုဒ္ဓိတို့နှင့် ပြည့်စုံပြီးသူသည် ထိုမဂ်ဖိုလ်တို့ကိုရခြင်း၏အကြောင်းရင်းအကျင့်၌ အမြစ်တည်သဖြင့် ပရိယာယ်အားဖြင့် ထောက်ရာတည်ရာ၊ သက်သာရာကိုရ၏ဟု ဆိုခြင်း ဖြစ်ပေ၏။ မှတ်ချက်။သီလဝိသုဒ္ဓိမှစ၍ ဤကခ်ါဝိတရဏဝိသုဒ္ဓိအထိသည် ဝိပဿနာဉာဏ်စဉ်များ

မပါရှိသေးပေ။ ရှေးဦးပြအံ့သော သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်တို့ပြည့်စုံမှသာ ဝိပဿနာဉာဏ်စဉ်များ ဖြစ်၏ဟု မှတ်ပါလေ။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

အယံ မဂ္ဂေါ အယံ နမဂ္ဂေါတိ ဧဝံ မဂ္ဂဿ အမဂ္ဂဿ ဥတ္တာ ဌိတံ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနာမ။

ဤကား မဂ်ဟုတ်၏၊ မဂ်မဟုတ်ဟုသိ၍ တည်သောဉာဏ်သည် 'မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ' မည်၏။ ထိုမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနှင့် ပြည့်စုံလိုသော ယောဂီပုဂ္ဂိုလ်သည် သမ္မသနဉာဏ်၊ဥဒယဗ္ဗယဉာဏ်နှစ်ပါးကို ပွားများသုံးသပ်အားထုတ်အပ်၏။

သမ္မသနဉာဏ်ဖြင့် ရှုမှတ်ခြင်း

ဘုံသုံးပါး၌ဖြစ်သော ခန္ဓာ(၅)ပါး၊ ဒွါရ(၆)ပါး၊ အာရုံ(၆)ပါးစသည်တို့ကို အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်ဟူသော ဖြစ်ပြီး,ဖြစ်ဆဲ,ဖြစ်လတ္တံ့ကာလအားဖြင့်လည်းကောင်း၊ အဗ္ဗတ္တ၊ဗဟိဒ္ဓဟူသော မိမိ၊သူတစ်ပါးသန္တာန်အားဖြင့်လည်းကောင်း၊ သြဠာရိက၊သုခုမဟူသော အကြမ်း၊အနုပမာဏအားဖြင့်လည်းကောင်း၊ ဟီန၊ပဏီတ ဟူသော အမြတ်၊အယုတ်ဂုဏ်အားဖြင့်လည်းကောင်း၊ ဒူရ၊အာသန္နဟူသော

http://www.dhammadownload.com

အဝေးအနီးပယောဂအားဖြင့်လည်းကောင်း၊ ဤ(၁၁)ပါးသော အခြင်းအရာတို့ဖြင့်-

'**ခယဌေန**'-ကုန်ပျက်တတ်သောသဘောကြောင့်လည်းကောင်း၊ '**ဟုတ္တာ အဘာဝတော**'ဖြစ်ပြီး၍ မရှိသောသဘောကြောင့်လည်းကောင်း၊အနိစ္စ-အနိစ္စဖြစ်၏။

'**ဘယဌေန**'-ကြောက်ဖွယ်သဘောကြောင့်လည်းကောင်း၊ '**အနိစ္စံ အဘိဏှ သမ္ပီဠနတော**'မပြတ်နှိပ်စက်သောသဘောကြောင့်လည်းကောင်း၊ဒုက္ခ- ဒုက္ခဖြစ်၏။

'**အသာရကဌေန**'-အနှစ်မရှိသောသဘောကြောင့်လည်းကောင်း၊ '**အဝသ ဝတ္တနတော**'-အလိုသို့မလိုက်သောသဘောကြောင့်လည်းကောင်း၊ အနတ္တ-အနတ္တ ဖြစ်၏။ ဤသို့ လက္ခဏာရေးသုံးပါးတင်လျက် အကြိမ်ကြိမ်အဖန်ဖန် မှတ်အပ်၏။ လင်္ကာ။ ယခု,ရှေး,နောင်လျှင်၊ တွင်း,ပြင်,ကြမ်း,နှ၊ နှစ်ခုယုတ်,မြတ်နီးကပ်,ဆေးကွာ၊ ၁၁-ဖြာ။

သမ္မသနဉာဏ်အာရုံထင်ပုံ

သွားခြင်း၊ရပ်ခြင်း၊ထိုင်ခြင်း၊အိပ်ခြင်းစသော ဣရိယာပုတ်တို့၌ သွားချင်၊ ရပ်ချင်၊ထိုင်ချင်၊အိပ်ချင်စသောအကြောင်းသဘော၊ သွားမှု၊ရပ်မှု၊ထိုင်မှု၊အိပ်မှုဟူသော အကျိုးသဘောတို့ကို မှတ်ပါများသောယောဂီသူသည်-

ယခုသွားမှုသည်ကား သွားပြီးမှလည်း ပါမလာ။ မသွားရသေးသည်သို့လည်း ပါမသွား။ သွားနေတုန်းတွင် ကုန်သည်၊ပျက်သည်ဟု သုံးသပ်၏။ အတွင်း သွားမှုကလည်း အပသွားမှုသို့မပါ။ အကြမ်းသွားမှုကလည်း အနုသွားမှုသို့မပါ။ အယုတ်သွားမှုကလည်း အမြတ်သွားမှုသို့မပါ။ အနီးသွားမှုကလည်း အဝေးသွားမှုသို့ မပါ။ သွားနေတုန်းတွင်ပဲ ကုန်သည်၊ပျက်သည်ဟု အခြင်းအရာ(၁၁)မျိုးတို့ဖြင့် စိတ်ကူးပြောင်းတိုင်းတွင် တစ်ခုမှတစ်ခုသို့ မပါဘဲ မှတ်စိတ်၌သာ ထင်မြင်နေမှုသည် ရုပ်နာမ်ကို သုံးသပ်ခြင်း '**သမ္မသနဉာဏ်**'အာရုံထင်မှု ဖြစ်၏။

မြင်ဆဲ၊ကြားဆဲ၊လှုပ်ရှားဆဲစသည်တို့၌လည်း အတိတ်ရုပ်နာမ်တို့သည် ပစ္စုပ္ပန်ရုပ်နာမ်သို့ မပါ။ ပစ္စုပ္ပန်ရုပ်နာမ်တို့သည် အနာဂတ်ရုပ်နာမ်သို့ မပါ။ အတွင်းရုပ်နာမ်တို့သည် အပသို့ မပါ။ အကြမ်းရုပ်နာမ်တို့သည် အနုသို့ မပါ။ အယုတ်ရုပ်နာမ်တို့သည် အမြတ်သို့ မပါ။ အနီးရုပ်နာမ်တို့သည် အဝေးသို့ မပါ။

ထင်ဆဲခဏစသည်၌ပင် **ခယဌေန**-ကုန်ပျက်မှုသဘောကြောင့် '**အနိစ္စ**'။ ဟုတ္တာ **အဘာဝဌေန**-ဖြစ်ပြီးမရှိတော့မှုသဘောကြောင့် '**အနိစ္စ**'။

ဘယဌေန- ကြောက်ဖွယ်သဘောကြောင့် '**ဒုက္ခ**'။ **အဘိဏှသမ္ပီဠနဌေန**- မပြတ်နှိပ်စက်တတ်မှုသဘောကြောင့် '**ဒုက္ခ**'။

http://www.dhammadownload.com

အသာရကဌေန- အနှစ်မပါသောသဘောကြောင့် 'အနတ္တ'။ အဝသ
ဗ္ဗနဌေန-အလိုသို့မလိုက်ပါသောသဘောကြောင့် 'အနတ္တ'။

ဤသို့ ကာလသုံးပါးလုံး၌ မရပ်မစဲ၊ တသဲသဲ၊ တဖွားဖွားဖြစ်ပျက်နေသော
ပ်နာမ်တို့ကို ဉာဏ်၌ ထင်လင်းအောင် အဖန်ဖန်သုံးသပ်အပ်၏။

ပစ္စုပ္ပန်ခဏ၌ ကာလသုံးပါးဖြင့် ရှုမှတ်အပ်ပုံ

ကာလသုံးပါးလုံး၌ ရုပ်နာမ်တို့၏ ဖြစ်ပြီး၊ဖြစ်ဆဲ၊ဖြစ်လတ္တံ့ရုပ်နာမ်တို့ကို
မြဲမှု-အနိစ္စလက္ခဏာ၊ နှိပ်စက်မှု-ဒုက္ခလက္ခဏာ၊ အစိုးမရမှု-အနတ္တလက္ခဏာ
ကို ဉာဏ်၌ထင်မြင်အောင် ရှုမှတ်အပ်၏။ မီးကို အလိုရှိသူသည် မီးပွတ်မှုအလုပ်ကို
မစွဲမချင်း မရပ်မနား ပြုလုပ်အပ်သကဲ့သို့ ဖြစ်၏။

ပစ္စုပ္ပန်အခိုက်၌ ပေါ်ဆဲ၊ပျောက်ဆဲရုပ် ရုပ်နာမ်တို့ကို မပြတ်ရှုမှတ်သဖြင့်
အတိတ်ကာလ၊အနာဂတ်ကာလတို့၌ ပေါ်ပျောက်ပြီး၊ပေါ်ပျောက်လတ္တံ့သောရုပ်နာမ်
တို့ကိုလည်း နှိုင်းဆသမျှဆင်ခြင်ပြု၍ အနိစ္စ၊ဒုက္ခ၊အနတ္တအားဖြင့် သိမှတ်အပ်၏။

၁-**အဒ္ဓါပစ္စုပ္ပန်**ဟူသည် ပဋိသန္ဓေမှစုတေချိန်အထိ တစ်ဘဝကာလ ဖြစ်၏။

၂-**သမယပစ္စုပ္ပန်**ဟူသည် နံနက်၊နေ့၊ည၊စသည်အချိန်တို့ ဖြစ်၏။

၃-**သန္တတိပစ္စုပ္ပန်**ဟူသည် စိတ်စေတသိက်တို့၏(ဝီထိ)ဖြစ်စဉ်၊ ရုပ်နာမ်
တို့၏အစဉ် ဖြစ်၏။

၄-**ခဏပစ္စုပ္ပန်**ဟူသည် 'ဥပါဒ်၊ဌိ၊ဘင်' ခဏသုံးပါးအပေါင်း ဖြစ်၏။

'ဧကစ္စရက္ခဏေ ကောဋိသတသဟဿသင်္ခါ ဥပ္ပဇ္ဇန္တိ'ဟူသော အဋ္ဌကထာ
ကားနှင့်အညီ မျက်စိတမှိတ်၊ လျှပ်တပြက်ခဏ၌ နာမ်တရားတို့သည် ကုဋေ
ကစ်သိန်းဖြစ်ပျက်၍၊ ရုပ်တရားတို့သည် ကုဋေငါးထောင်ကျော် ဖြစ်ပျက်ကုန်၏။

ဤသို့ ရုပ်နာမ်တို့၏ လျင်မြန်သော ဖြစ်ပျက်မှုတို့ကို မြတ်စွာဘုရားရှင်တို့၏
ပဗုဇ္ဇည(တ)ဉာဏ်တော်ဖြင့်သာ သိမြင်တော်မူနိုင်သဖြင့် ဝိပဿနာယောဂီ၏ဉာဏ်၌
ခဏပစ္စုပ္ပန်'အခိုက်ဖြင့် မြင်အောင်မရှုမှတ်နိုင်။ ဉာဏ်ဖြင့် နှိုင်းချိန်သိမှုသာ ဖြစ်၏။
ထို့ကြောင့် ဝိပဿနာယောဂီသည် 'သန္တတိပစ္စုပ္ပန်'အခိုက်၌သာ ရုပ်နာမ်တို့၏ဖြစ်မှု၊
ပျက်မှုသဘောတို့ကို သိမြင်အောင် ရှုမှတ်အပ်၏။ ပစ္စုပ္ပန်အခိုက်ထင်သော ရုပ်နာမ်
တို့ကို ရှုမှတ်သဖြင့် အတိတ်၊အနာဂတ်ရုပ်နာမ်တို့၏ မမြဲမှု၊ဆင်းရဲမှု၊ အစိုးမရမှုတို့ကို
လည်း တူသောသဘောအားဖြင့် သိအပ်ပေ၏။

အနန္တရာစ ယေ ဘဂ္ဂါ၊ ယေစ ဘဂ္ဂါ အနာဂတာ။

တဒနန္တရာ နိရုဒ္ဓါနံ၊ ဝေ သမ်ံ နတ္ထိ လက္ခဏေ။

အနန္တရာ- အခြားမဲ့ဖြစ်ပြီးသောအတိတ်ကာလ၌။ ယေစ-အကြင်ရုပ်နာမ် ခန္ဓာတို့သည်လည်း။ ဘဂ္ဂါ- မရပ်မတည်ကုန်ပျက်ကုန်လေပြီ။ အနာဂတာ- ရောက်မလာသေးကုန်သောအနာဂတ်ကာလ၌။ ယေစ-အကြင်ရုပ်နာမ် ခန္ဓာတို့သည်လည်း။ ဘဂ္ဂါ- မရပ်မတည် ကုန်ပျက်လေကုန်အံ့။ တဒနန္တရာ- ထိုအတိတ်အနာဂတ်ကာလ နှစ်ပါးအကြား၌။ နိရုဒ္ဓါနံ- ဖြစ်ဆဲသောရုပ်နာမ်တို့၏။ လက္ခဏေ- ပျက်၊ကုန်၊ ပျောက်ခြင်း သဘော၌လည်း။ နတ္ထိဝေသမံ-မတူကွဲပြား ထူးခြားသောအဖြစ်မည် သည်လုံးဝမရှိပြီ။

လက်ာ။ ကုဋ္ဌေတစ်သိန်း- တွက်ကိန်းကများလှပေ။
ပျက်စီမှာတစ်ခါမှိတ်- စိတ်-ဖြစ်ပျက်တွေ။
ယောဂီနှင့်မဆိုင်ပေ- မပိုင်ချေသည်အရှုပ်-
လျင်မြန်ပုံ ဉာဏ်မှာချင့်ကြတော့ ကျင့်ဖို့မဟုတ်။(ရှေးဆရာများ)

အနိစ္စာနုပဿနာဉာဏ်ဖြင့်အဖန်ဖန်ရှုပုံ

မြင်ဆဲ၊ကြားဆဲ၊မြင်ပြီး၊ကြားပြီး၊မြင်လတ္တံ့၊ကြားလတ္တံ့စသည်၌ **အနိစ္စတော သမ္မသတိ**-မမြဲဟု သုံးသပ်၏။ **ကထံ**-အဘယ့်ကြောင့် မမြဲဟုသုံးသပ်ရသနည်း။

မမြဲဟုသုံးသပ်သော သမ္မသနဉာဏ်၏အာရုံဖြစ်သော ဖြစ်ပြီး၍ မရှိတော့မှ အနိစ္စသဘောအရ- ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် ခန္ဓာငါးပါး ရ၏။ ထိုခန္ဓာပဉ္စကာ၌ တစ်ပါးပါးသောခန္ဓာသည် မဖြစ်ခင်၊မထင်မြင်ခင်မှ ပေါ်လာ၏။ ဖြစ်သောခဏ၊ သစ်သောကာလသည် မြဲမှုမရှိ။ ဖြစ်သောခဏ၊သစ်သောကာလမှ ပြောင်း၍ တည်သောခဏ၊ဟောင်းသောကာလသည်လည်း မမြဲ။ တည်သောခဏ၊ ဟောင်းသောကာလမှပြောင်း၍ ပျက်သောခဏ၊ကုန်သောကာလသည်လည်း မမြဲ။

ဤရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် ခန္ဓာငါးပါး တစ်ပါးပါးတို့သည် မဖြစ်မထင်ခင်ကပေါ်လာ၍၊ ဖြစ်သောခဏ၊သစ်သောကာလ အစသည်လည်းမမြဲ။ ဖြစ်သောခဏ၊သစ်သောကာလ အစမှပြောင်းရွှေ့၍ တည်သောခဏ၊ ဟောင်းသော ကာလ အလယ်သည်လည်း မမြဲ။ တည်သောခဏ၊ဟောင်းသောကာလအလယ်မှ ပြောင်းရွှေ့၍ ပျက်သောခဏ၊ကုန်သောကာလအဆုံးသည်လည်း မမြဲပေ။

ထိုကဲ့သို့ ခန္ဓာငါးပါးတို့၏ မဖြစ်ခင်၊ မထင်ခင်က ပေါ်လာ၍၊ ဖြစ်သော ခဏ၊ သစ်သောကာလအစဖြစ်သော **ဥပ္ပါဒသင်္ခါတလက္ခဏာ**သည် မမြဲခြင်း- အနိစ္စလက္ခဏာတစ်ချက်။ ဖြစ်သောခဏ၊သစ်သောကာလအစမှ ပြောင်းရွှေ့၍

http://www.dhammadownload.com

တည်သောခဏ၊ ဟောင်းသောကာလ အလယ်ဖြစ်သော **ဌိတိသခ်ီတလက္ခဏာ** သည်လည်း မမြဲခြင်း-အနိစ္စလက္ခဏာတစ်ချက်။တည်သောခဏ၊ ဟောင်းသော ကာလအလယ်မှ ပြောင်းရွှေ့၍ ပျက်သောခဏ၊ ကုန်သောကာလအဆုံးဖြစ်သော **'ဝယသခ်ီတလက္ခဏာ'** သည်လည်း မမြဲခြင်း-အနိစ္စလက္ခဏာတစ်ချက်။

ဤသို့အားဖြင့် ခန္ဓာငါးပါး၊တစ်ပါးပါးတို့၌ အနိစ္စလက္ခဏာသုံးပါး ဖြစ်သော 'ဥပါဒ်၊ဌီ၊ဘင်-အစ၊အလယ်၊အဆုံး' သုံးပါးလုံးတို့အတူ အမျှရှိမှုကြောင့် တစ်ပါးပါးသောခန္ဓာသည် မြဲခြင်းသဘော မရှိ။ အစ၊အလယ်၊ အဆုံး၏ရှိခြင်း သဘောကြောင့် 'အနိစ္စ-မမြဲ'ဟုသုံးသပ်သောယောဂီအား သမ္မသနဉာဏ်သည် ဖြစ်၏။ သမ္မသနဉာဏမှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် 'အနိစ္စ'ပဲ၊'မမြဲပေစ္ခ'ဟုအဖန်ဖန်ရှုသောယောဂီသည် အနုလောမဉာဏ်ကို ရ၏။

ဒုက္ခာနုပဿနာဉာဏ်ဖြင့်အဖန်ဖန်ရှုပုံ

မြင်ဆဲ၊ကြားဆဲ၊မြင်ပြီး၊ကြားပြီး၊မြင်လတ္တံ့၊ကြားလတ္တံ့စသည်၌ ဒုက္ခတော သမ္မသတိ-ဆင်းရဲဟု သုံးသပ်၏။ ကထံ-အဘယ့်ကြောင့် ဆင်းရဲဟုသုံးသပ်ရ သနည်း။ ဆင်းရဲဟုသုံးသပ်သော သမ္မသနဉာဏ်၏အာရုံဖြစ်သော ဒုက္ခသဘော အရ- ဖြစ်ပြီး၍ မရှိတော့မှုအနိစ္စသဘောဖြင့် ဖြစ်မှု၊ပျက်မှုတို့သည် မပြတ်နှိပ်စက် အပ်သော ရုပ်၊ ဝေဒနာ၊သညာ၊သခ်ါရ၊ဝိညာဏ် ခန္ဓာငါးပါး ရ၏။

ထိုခန္ဓာပဉ္စကဌ် တစ်ပါးတစ်ပါးသောခန္ဓာ၏ ဖြစ်ခြင်းသဘောသည် 'ဇာတိဒုက္ခ'မည်၏။ တည်ခြင်းသဘောသည် 'ဇရာဒုက္ခ'မည်၏။ ပျက်ခြင်း သဘောသည် 'မရဏဒုက္ခ' မည်၏။ ကိုယ်ဆင်းရဲသောကာယိကဒုက္ခ၊ စိတ်ဆင်း ရဲသော စေတသိကဒုက္ခသဘောတို့သည် 'ဒုက္ခဒုက္ခ'မည်၏။ တစ်ပါးတစ်ပါးသော ခန္ဓာ၏ ဥပါဒ်၊ဌီ၊ဘင်သဘောသည် 'သခ်ါရဒုက္ခ'မည်၏။ သတ္တဝါတို့၏ တစ်ဘဝ၊ တစ်ဘဝအဆုံးကာလ၌ သေရခြင်းသည် 'ဝိပရိဏာမဒုက္ခ'မည်၏။ အနုလောမ ပဋိစ္စသမုပ္ပါဒ်သံသရာစက်သည် 'သံသာရဒုက္ခ' မည်၏။

ထိုဒုက္ခတို့၏တည်ရာဖြစ်သော ရုပ်၊ဝေဒနာ၊သညာ၊သခ်ါရ၊ဝိညာဏ် တစ်ပါးတစ်ပါးသော ခန္ဓာတို့၏ဖြစ်မှုသည်လည်း ပျက်မှုဖြင့်နှိပ်စက်အပ်သောကြောင့် ဆင်းရဲဖြစ်၏။ တည်မှုသည်လည်း ပျက်မှုဖြင့်နှိပ်စက်အပ်သောကြောင့် ဒုက္ခဖြစ်၏။ ပျက်မှုသည်လည်း ဖြစ်မှုဖြင့်နှိပ်စက်အပ်သောကြောင့် ဒုက္ခဖြစ်၏။ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတို့သည် ပင်ပန်းခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် ဒုက္ခဖြစ်၏။

http://www.dhammadownload.com

ဤသို့အားဖြင့် ခန္ဓာတစ်ပါးပါးတို့၏ ခဏသုံးပါးအပေါင်းဖြစ်သော ဖြစ်သောခဏ၊ တည်သောခဏ၊ ပျက်သောခဏပစ္စုပ္ပန်ကာလ၌ ပင်ပန်းခြင်း၊ နှိပ်စက်ခြင်းကြောင့် ဒုက္ခဟု သုံးသပ်၏။

ပစ္စုပ္ပန်ကာလ၌ ဒုက္ခဟုသုံးသပ်သဖြင့် အစဉ်တစိုက် လိုက်ပါသော အဟောင်းတစ်ထပ်၊ အသစ်တစ်ထပ် ထိုနှစ်ရပ်၌ ဖြစ်မှုသဘောဥပါဒ်၌လည်း ကိလေသာမထင်။ တည်မှုသဘောဌီ၌လည်း ကိလေသာမထင်။ ပျက်မှုသဘော ဘင်၌လည်း ကိလေသာမထင်။ ကိလေသာမထင်သဖြင့် သဘောသာ ပါဝင်၏။

မသိသဘောအဝိဇ္ဇာကျခိုက်၌လည်း ဆင်းရဲဟုသုံးသပ်၏။ အားထုတ်မှု သဘောသင်္ခါရကျခိုက်၌လည်း ဆင်းရဲဟုသုံးသပ်၏။ ရှေ့နောက်ဘဝနှစ်ရပ်စပ် သောသဘောဝိညာဏ်ကျမှု၌လည်း ဆင်းရဲ၏သုံးသပ်၏။ နာမ်ရုပ်ကျမှု၌လည်း ဆင်းရဲဟုသုံးသပ်၏။ သဠာယတနကျမှု၌လည်း ဆင်းရဲဟု သုံးသပ်၏။ ထိမှု သဘောဖဿ၊ ခံစားမှုသဘောဝေဒနာ၊ တပ်မှုသဘောတဏှာ၊ စွဲလန်းမှုသဘော ဥပါဒါန်၊ ပြုသောသဘောဘဝ၊ ဖြစ်မှုသဘောဇာတိ၊ ရင့်မှုသဘော ဇရာ၊ ပျက်မှု သဘောမရဏ၊ စိုးရိမ်ပူဆွေးငိုကြွေးမှု၊ ကိုယ်စိတ်ဆင်းရဲပင်ပန်းမှု၊ သောက၊ ပရိဝေဒ၊ဒုက္ခဒေါမနဿ၊ဥပါယာသတို့ကျမှု၌လည်း ဆင်းရဲဟုသုံးသပ်၏။သုံးသပ် သဖြင့် ကိလေသာမထင်။ ကိလေသာမထင်သဖြင့် သဘောသာ ပါဝင်၏။ သဘောသာပါဝင်သဖြင့်လည်း အစဉ်သဖြင့် အကျိုးပေးခွင့်ကို မရ။

ဤသို့ အကြောင်းအကျိုး အာနိသင်အဆက်ဆက် ချမ်းသာနှင့်မရောမစပ် သက်သက်သောဆင်းရဲအစုသည် ဖြစ်၏။ ယခုစည်းဝေး ပေါင်းစုံဆဲအခိုက်၌ အနုလောမသံသရာစက်ရဟတ် သံသရာဝဋ်ဒုက္ခလည်ပတ်မှု၏တည်ရာဖြစ်သော ကြောင့် ဆင်းရဲဟုအဖန်ဖန်သုံးသပ်သောယောဂီအား သမ္မသနဉာဏ်ကို ရ၏။ သမ္မသနဉာဏ်မှအထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် 'ဒုက္ခ'ပဲ၊ 'ဆင်းရဲပေစွ' ဟုအဖန်ဖန်ရှုသောယောဂီသည် အနုလောမဉာဏ်ကို ရ၏။

အနုတ္တာနုပဿနာဉာဏ်ဖြင့်အဖန်ဖန်ရှုပုံ

မြင်ဆဲ၊ကြားဆဲ၊စသည်၌ အနတ္တတော သမ္မသတိ-အစိုးမရဟု သုံးသပ်၏။ ကထံ-အဘယ့်ကြောင့် အစိုးမရဟုသုံးသပ်ရသနည်း။ အစိုးမရဟုသုံးသပ်သော သမ္မသနဉာဏ်၏အာရုံဖြစ်သော အနတ္တသဘောအရ- ရုပ်၊ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဏ်ခန္ဓာငါးပါး ရ၏။ ထိုခန္ဓာပဉ္စကာ၌ တစ်ပါးပါးသော ဖောက်ပြန်မှုရှိပ်

http://www.dhammadownload.com

 သဘောသည် မိမိက အုပ်စိုးသူအရှင်သခင်မဟုတ်။ နေတတ်သူအရှင်သခင်
မဟုတ်။ ပြုတတ်သူအရှင်သခင် မဟုတ်။ ခံစားတတ်သူအရှင်သခင် မဟုတ်။
ကည်တတ်သူအရှင်သခင် မဟုတ်။ ထို့ကြောင့် အစိုးမရဟု သုံးသပ်၏။ ခံစားမှု
ဝေဒနာသဘော၊ မှတ်သားမှုသညာသဘော၊ ပြုပြင်စီရင်မှုသင်္ခါရသဘော၊ အာရုံသိ
ဝိညာဏ်သဘောတို့သည် မိမိက အုပ်စိုးသူအရှင်သခင် မဟုတ်။ နေတတ်သူ
အရှင်သခင်မဟုတ်။ ပြုတတ်သူအရှင်သခင် မဟုတ်။ ခံစားတတ်သူအရှင်မဟုတ်။
ကည်တတ်သူ အရှင်မဟုတ်သဖြင့်အစိုးမရဟု သုံးသပ်၏။

ဤရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ် ခန္ဓာငါးပါး တစ်ပါးပါးတို့သည်
ဖြစ်မထင်ခင်ကပေါ်လာ၍၊ ဖြစ်သောခဏ၊ သစ်သောကာလ အစသည်လည်း
အစိုးမရ။ ဖြစ်သောခဏ၊သစ်သောကာလ အစမှပြောင်းရွှေ့၍ တည်သောခဏ၊
ဟောင်းသောကာလ အလယ်သည်လည်း အစိုးမရ။ တည်သောခဏ၊ ဟောင်းသော
ကာလအလယ်မှ ပြောင်းရွှေ့၍ ပျက်သောခဏ၊ကုန်သောကာလအဆုံးသည်လည်း
အစိုးမရ။ ထိုကဲ့သို့ ခန္ဓာငါးပါးတို့၏ မဖြစ်ခင်၊မထင်ခင်က ပေါ်လာ၍၊ ဖြစ်သော
ခဏ၊ သစ်သောကာလ အစဖြစ်သော **ဥပ္ပါဒသင်္ခါတလက္ခဏာ**သည် အစိုးမရခြင်း-
အနတ္တလက္ခဏာတစ်ချက်။

ဖြစ်သောခဏ၊သစ်သောကာလအစမှ ပြောင်းရွှေ့၍ တည်သောခဏ၊
ဟောင်းသောကာလ အလယ်ဖြစ်သော **ဌိတိသင်္ခါတလက္ခဏာ**သည်လည်း အစိုးမရ
ခြင်း-အနတ္တလက္ခဏာတစ်ချက်။ တည်သောခဏ၊ ဟောင်းသောကာလအလယ်မှ
ပြောင်းရွှေ့၍ ပျက်သောခဏ၊ ကုန်သောကာလအဆုံးဖြစ်သော **ဝယသင်္ခါတ**
လက္ခဏာသည်လည်း အစိုးမရခြင်း-အနတ္တလက္ခဏာတစ်ချက်။

ဤသို့အားဖြင့် ခန္ဓာငါးပါး တစ်ပါးပါးတို့၏ခဏတ္တယသမ်ဂီ၌ အနတ္တ
လက္ခဏာသုံးပါးဖြစ်သော 'ဥပါဒ်၊ဌီ၊ဘင်-အစ၊အလယ်၊အဆုံး' သုံးပါးလုံးတို့အတူ
မျှရှိမှုကြောင့် တစ်ပါးတစ်ပါးသောခန္ဓာသည် အစိုးရခြင်းသဘော မရှိ။ အစ၊
လယ်၊အဆုံး၏ရှိခြင်းသဘောကြောင့် 'အနတ္တ'အစိုးမရဟု သုံးသပ်သဖြင့်
လေသာမထင်။ ကိလေသာမထင်သဖြင့် သဘောသာ ပါဝင်၏။ သဘောသာ
ဝင်သဖြင့်လည်း အစဉ်သဖြင့် အကျိုးပေးခွင့်ကိုမရ။ အကျိုးပေးခွင့်မရသဖြင့်
နတ္တဟုသုံးသပ်သောယောဂီအား သမ္မသနဉာဏ်သည် ဖြစ်၏။ သမ္မသနဉာဏ်
ခထက် အဆင့်ဆင့်တက်၍ အနုလောမဉာဏ်တိုင်အောင် 'အနတ္တ'ပဲ၊ အစိုးမရ
စွဟု အဖန်ဖန်ရှုသော ယောဂီသည် အနုလောမဉာဏ်ကို ရ၏။

အနိစ္စလက္ခဏာ(၁၀)မျိုး

ပဋ္ဌာန်းနေ့ အနိစ္စတော ပလောကတော စလတော ပဘင်္ဂတော အဝုဝတော ဝိပရိဏာမဝမ္မတော အသာရတော ဝိဘဝတော သင်္ခတတော မရဏဝမ္မ-တော သမ္မသတိ။

ပဋ္ဌာန်းနေ့-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ အနိစ္စတော-မမြဲသောအားဖြင့်။ ပလောကတော-ပျက်စီးတတ်သောအားဖြင့်။စလတော-တုန်လှုပ်တတ်သောအားဖြင့်။ ပဘင်္ဂတော-ပျက်စီးခြင်းသို့ရောက်တတ်သောအားဖြင့်။ အဝုဝတော-မမြဲမတည်သောအားဖြင့်။ ဝိပရိဏာမဝမ္မတော-ဖောက်ပြန်တတ်သောသဘောအားဖြင့်။ အသာရတော-အနှစ်သာရကင်းသောအားဖြင့်။ ဝိဘဝတော-အစီးအပွားမရှိသောအားဖြင့်။ သင်္ခတတော-ပြုပြင်စီရင်မှုအားဖြင့်။ မရဏဝမ္မတော-သေတတ်သောသဘောအားဖြင့်။ သမ္မသတိ-အဖန်ဖန်အထပ်ထပ် သုံးသပ်အပ်၏။

ဒုက္ခလက္ခဏာ(၂၅)မျိုး

ပဋ္ဌာန်းနေ့ ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ဣတိတော ဥပဒ္ဒဝတော ဘယတော ဥပသဂ္ဂတော အတာဏတော အလေဏတော အသရဏတော အာဒီနဝတော အဃမူလတော ဝဓကတော သာသဝတော မာရာမိသတော ဇာတိဝမ္မတော ဇရာဝမ္မတော ဗျာဓိဝမ္မတော သောကဝမ္မတော ပရိဒေဝဝမ္မတော ဥပါယာသဝမ္မတော သံကိလေသဝမ္မတော သမ္မသတိ။

ပဋ္ဌာန်းနေ့-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ဒုက္ခတော၊ဆင်းရဲသောအားဖြင့်။ ရောဂတော၊ အနာရောဂါအားဖြင့်။ ဂဏ္ဍတော၊အိုင်းအမာနာအားဖြင့်။ သလ္လတော၊စူးခြောင့်အားဖြင့်။ အဃတော၊အစီးအပွားမဲ့အားဖြင့်။ အာဗာဓတော၊နှိပ်စက်သောအားဖြင့်။ ဣတိတော၊ဘေးရန်အားဖြင့်။ ဥပဒ္ဒဝတော၊ ဖြစ်ပေါ်ခြင်းအားဖြင့်။ ဘယတော၊ဘေးအားဖြင့်။ ဥပသဂ္ဂတော၊ငြိတွယ်ခြင်းအားဖြင့်။ အတာဏတော၊ မစောင့်ရှောက်နိုင်မှုအားဖြင့်။ အလေဏတော၊ ပုန်းအောင်းရာမဟုတ်သောအားဖြင့်။ အသရဏတော၊ကိုးကွယ်ရာမဟုတ်သောအားဖြင့်။ အာဒီနဝတော၊ အပြစ်ကြီးသောအားဖြင့်။ အဃမူလတော၊မကောင်းမှုအကြောင်းအားဖြင့်။ ဝဓကတော၊လူသတ်သမားနှင့်တူသောအားဖြင့်။ သာသဝတော၊အာသဝေါတရား၏အကြောင်းအားဖြင့်။ မာရာမိသတော၊မာရ်မင်း၏အစာအားဖြင့်။ ဇာတိဝမ္မတော၊ ဖြစ်တတ်သောသဘောအားဖြင့်။ ဇရာဝမ္မတော၊အိုတတ်သောသဘောအားဖြင့်။ ဗျာဓိ

http://www.dhammadownload.com

ဝမ္မတော၊နာတတ်သောသဘောအားဖြင့်။ သောကဝမ္မတော၊စိုးရိမ်ခြင်းသဘော အားဖြင့်။ ပရိဒေဝဝမ္မတော၊ငိုးကြွေးခြင်းသဘောအားဖြင့်။ ဥပါယာသဝမ္မတော၊ ပြင်းစွာပူပန်ခြင်းသဘောအားဖြင့်။ သံကိလေသဝမ္မတော၊ စိတ်ကိုညစ်နွမ်းစေတတ်၊ ပူပန်စေတတ်သောသဘောအားဖြင့်။ သမ္မသတိ၊အဖန်ဖန်အထပ်ထပ် သုံးသပ်အပ်၏။

အနတ္တလက္ခဏာ(၅)မျိုး

ပဉ္စက္ခန္ဓေ အနတ္တတော ပရတော ရိတ္တတော တုစ္ဆတော သုညတော သမ္မသတိ။

ပဉ္စက္ခန္ဓေ-ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ အနတ္တတော-ပုဂ္ဂိုလ်၊သတ္တဝါ၊ သူငါ၊ကျားမ,မရှိသောအားဖြင့်။ ပရတော-သူစိမ်းပြင်ပနှင့်တူသောအားဖြင့်။ ရိတ္တတော- သူငါကျားမ၊ အတ္တစသည်မှကင်းဆိတ်သောအားဖြင့်။ တုစ္ဆတော- သူငါကျားမ၊ အတ္တစသည်မှ အချည်းနှီးဖြစ်သောအားဖြင့်။ သုညတော-သူငါကျားမ၊ အတ္တစသည်မှဆိတ်သုဉ်းသောအားဖြင့်။ သမ္မသတိ-အဖန်ဖန်အထပ်ထပ် သုံးသပ်၏။

အနိစ္စလက္ခဏာ(၁၀)ပါးကို ခန္ဓာ(၅)ပါးဖြင့် မြှောက်ပွားရ၍ အနိစ္စာနုပဿနာ ဉာဏ်(၅၀)ပါး ဖြစ်၏။ ဒုက္ခလက္ခဏာ(၂၀)ပါးကို ခန္ဓာ(၅)ပါးဖြင့်ပွားသော် ဒုက္ခာနုပဿနာဉာဏ်(၁၂၅)ပါး ဖြစ်၏။ အနတ္တလက္ခဏာ(၅)ပါးကို ခန္ဓာ(၅)ပါးဖြင့် မြှောက်ပွားသော် အနတ္တာနုပဿနာဉာဏ်(၂၅)ဖြစ်၏။ ဤသို့အားဖြင့် အနိစ္စာနုပဿ နာဉာဏ်(၅၀)ဒုက္ခာနုပဿနာဉာဏ်(၁၂၅)အနတ္တာနုပဿနာဉာဏ်(၂၅)ပါးပေါင်း သော ဝိပဿနာဉာဏ်(၂၀၀)ဖြင့် သမ္မသနဉာဏ်မှ အနုလောမဉာဏ်တိုင်အောင် အဖန်ဖန်အထပ်ထပ် သုံးသပ်ရှုပွားအပ်၏။

မမြင်ရာမှရောက်၍ မမြင်ရာသို့ပျောက်ပုံ

မြင်ဆဲမြင်ပြီးမြင်လတ္တံ့၊သွားဆဲသွားပြီးသွားလတ္တံ့စသည်၌ ဤသို့ မပြတ် သုံးသပ်သောယောဂီ၏ဉာဏ်၌ အသက်၊အတ္တဘော၊ချမ်းသာ,ဆင်းရဲတို့သည် တစ်ခု သောစိတ်၌ယှဉ်လျက် လျှင်မြန်စွာလည်း ဖြစ်ကြကုန်၏။ ကမ္ဘာရှစ်သောင်းလေး ထောင်အသက်ရှည်သောဗြဟ္မာကြီးတို့သည်လည်း စိတ်နှစ်ချက်ဖြစ်သည်ဟူ၍ မရှိ။ တစ်ချက်သာ တူညီစွာ ဖြစ်ကြကုန်၏ဟုလည်းကောင်း။

သေသောသူ၏ခန္ဓာချုပ်မှု၊ တည်ရှိသောသူ၏ခန္ဓာချုပ်မှုတို့သည် တစ်ဖန် မဖြစ်ကြကုန်လျှက် မမြင်ရာသို့ အသွားချင်းတူညီကုန်၏ဟုလည်းကောင်း။

ပျက်ပြီးသောအတိတ်ခန္ဓာ၏ ပျက်မှုနှင့်၊ ပျက်လတ္တံ့သောအနာဂတ်ခန္ဓာတို့၏

http://www.dhammadownload.com

ပျက်မှု၊ ဤနှစ်ခု၏အကြား ပျက်ဆဲသော ပစ္စုပ္ပန်ခန္ဓာတို့၏ပျက်မှုတို့သည်လည်း ချုပ်ပျက်သောအချိန်ကာလလက္ခဏာအားဖြင့် တူညီကြကုန်၏ဟုလည်းကောင်း။

ပညတ်အလို၊ ပရမတ်အလိုအားဖြင့် လူအပေါင်းသည် မဖြစ်မီက ဖြစ်သည်ဟုမဆိုနိုင်။ မဖြစ်သေးသည်က ဖြစ်လာသည်ဟုလည်းမဆိုနိုင်။ ဖြစ်ဆဲခဏ ပစ္စုပ္ပန်ကာလဖြင့်သာ အသက်ရှင်လျက် စိတ်ချုပ်မှုကြောင့် သေသည်မည်၏ဟုလည်းကောင်း။

ဖြစ်ပြီး၍ ပျက်ပြီးကုန်သောခန္ဓာတို့သည် တစ်နေရာ၌ မြှုပ်နှံသိမ်းဆည်းမှုသို့ မရောက်။ နောင်အနာဂတ်၌ ဖြစ်စရာအစုအပုံလည်း မရှိနေကုန်။ ဖြစ်ဆဲသောခန္ဓာတို့၏တည်မှုကာလသည်လည်း အပ်စူးဖျား၌ မုန့်ညင်းစေ့တင်သော အခိုက်မျှသာ အချိန်ကြာ၍ မမြင်ရာမှရောက်လာကုန်လျှက်၊ မမြင်ရာသို့သာ ပြောင်းရွှေ့ကြသောကြောင့် ကောင်းကင်၍လျှပ်စီးပြက်သကဲ့သို့ ဖြစ်လည်းဖြစ်ကုန်၏။ ပျက်လည်းပျက်ကုန်၏ဟု သုံးသပ်သောသဘောသည် ထင်မြင်၏။

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တိ ဒဿနံ။
ဝိဇ္ဇုပါဒေါ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိစ။

ဥပ္ပန္နာ-ဖြစ်ဆဲ၊ထင်ဆဲသောရုပ်နာမ်တို့သည်။ အဒဿနတော မမြင်ရာမှ။ အာယန္တိ၊ ဖြစ်ပေါ်ရောက်ရှိလာကုန်၏။ ဘဂ္ဂါ-ပျက်ဆဲပျောက်ဆဲရုပ်နာမ်တို့သည်။ အဒဿနံ-မမြင်ရာသို့။ ဂစ္ဆန္တိ-ရောက်သွားကြလေကုန်၏။ အာကာသေ-ကောင်းကင်၌။ ဝိဇ္ဇုပါဒေါ-လျှပ်စီးလက်သကဲ့သို့။ဥပ္ပဇ္ဇန္တိစ- ဖြစ်လည်းဖြစ်ပေါ်ကြကုန်၏။ ဝယန္တိစ-ပျက်လည်း ပျောက်ပျက်ကြလေကုန်သတည်း။(မဟာနိဒ္ဒေသ၊ပါဠိ-၃၂)

ဒိဋ္ဌ,မာန,တဏှာ ကွာပုံ

ဤသို့ မြင်မှု၊သွားမှု၊ရပ်မှု၊ထိုင်မှုစသည်တို့၌ ရုပ်နာမ်တို့ကို အခြင်းအရာ(၁၁)မျိုးဖြင့် သုံးသပ်သောယောဂီအား တစ်ခုမှတစ်ခုသို့ မပါသောသဘော၏ ဖောက်ပြန်မှုရုပ်အစု၊ ညွှတ်သောနာမ်အစုတို့ကို အာရုံအခိုက်တိုင်း၌ ပိုင်းခြားသိမှတ်သဖြင့် ရုပ်နာမ်အစုတို့မှတစ်ပါး တခြားသတ္တဝါ၊ပုဂ္ဂိုလ်ဟု ရှုမှတ်သောစိတ် မရှိသောကြောင့် ပုဂ္ဂိုလ်၊သတ္တဝါကို မမြင်။ ထိုသို့ ဝိပဿနာဉာဏ်အသိဖြင့် ပုဂ္ဂိုလ်၊သတ္တဝါမမြင်ခြင်းကိုပင် **'သတ္တဝါအမှတ်သညာ ကွာသည်'**ဟု ဆိုရလေ၏။

ထိုသတ္တဝါကွာသော အမှတ်သညာဖြင့် ရုပ်၊နာမ်သင်္ခါရအစုတို့ကို သိမ်းဆည်းသောယောဂီအား သတ္တဝါရှိ၏ဟု အယူအသိမှားစိတ်မရှိသောကြောင့် ဒိဋ္ဌ မဖြစ်။ ဒိဋ္ဌမဖြစ်ခြင်းကြောင့် **'ဒိဋ္ဌိကွာသည်'**ဟု ဆိုရ၏။ ထိုဒိဋ္ဌိကွာသောစိတ်ဖြင့်

http://www.dhammadownload.com

ပ်နာမ်သခ်ါရအစုကို သိမ်းဆည်းသောယောဂီအား ထောင်လွှားစရာ မာနမရှိ သောကြောင့် မာနမဖြစ်။ မာနမဖြစ်မှုကိုပင် **'မာနကွာသည်'** ဟု ဆိုရ၏။ မာနကွာ သောစိတ်ဖြင့် ရုပ်နာမ်သခ်ါရအစုကို သိမ်းဆည်းသောယောဂီအား တပ်မက်စရာ ရှိရှိသောကြောင့် တဏှာမဖြစ်။ တဏှာမဖြစ်မှုကိုပင် **'တဏှာကွာသည်'** ဟု ဆိုရ၏။

တံ ပဿန္တော ရူပါရူပတော ဥဒ္ဓံ အည် သတ္တံနာမ နပဿတိ၊ သတ္တသ အဒဿနတော ပဌာယ သတ္တသညာ ဥဏ္ဍိဒ္ဓိတာ ဟောတိ။ သတ္တသည် ဥဏ္ဍိဒ္ဓိတစ်တွေ့နေ သခ်ါရေ ပရိဂ္ဂဏှတော ဒိဋ္ဌနုပ္ပန္နတိ။ ဒိဋ္ဌိယာ အနုပ္ပန္နနေတော ဒိဋ္ဌိဥဏ္ဍိဒ္ဓိတာ နာမဟောတိ။

(ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊)

ဥဒယဗ္ဗယဉာဏ်အမြင်ဖြစ်ပေါ်ပုံ

ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တသ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။
ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

မြင်ဆဲ၊ကြားဆဲ၊သွားဆဲခဏစသည်၌ ထင်ဆဲရုပ်နာမ်တို့သည် ပစ္စုပ္ပန်ရုပ် နာမ်မည်၏။ ထိုပစ္စုပ္ပန်ရုပ်နာမ်တို့၏ ဖြစ်စ၊ပေါ်စ-ဥပါဒ်ခဏသည် 'ဥဒယ' မည်၏။ ဖောက်ပြန်ပျက်စီးခြင်း၊ ကုန်ခြင်း၊ မရှိခြင်း-ဘင်္ဂခဏသည် 'ဝယ' မည်၏။ ထိုရုပ်နာမ်တို့၏ဖြစ်ဆဲထင်ဆဲ၊ကုန်ပျက်ဆဲကို ရှုမြင်မှုသည် **'ဥဒယဗ္ဗယဉာဏ်'** အမြင် ဖြစ်၏။ (ပဋ္ဌိသမ္ဘိဒါမဂ်၊ပါဠိ)

မြင်မှု၊ကြားမှု၊သွားမှု၊ရပ်မှု၊ထိုင်မှုစသည် ပစ္စုပ္ပန်ထင်ဆဲအခိုက်၌ ရှုမှတ်နေ သောယောဂီအား အဟောင်းအဟောင်းသောရုပ်နာမ်စုတို့၏ ပျောက်ပျက်သွားတိုင်း၌ အသစ်အသစ်ရုပ်နာမ်အစုတို့ ဖြစ်ပေါ်လာသည်ကို သိရ၏။ အာရုံ၌ အသစ်အသစ် ထင်မှုသည် **'နိဗ္ဗတ္တိလက္ခဏာ'** အဖြစ်ထင်ခြင်း မည်၏။ အဟောင်းအဟောင်း ပျောက်မှုသည် **'ဝိပရိဏာမလက္ခဏာ'** အပျက်ထင်ခြင်း မည်၏။ အဖြစ်ထင်မှုသည် **'ဥဒယသဘော'** ဖြစ်၏။ အပျက်ထင်မှုသည် **'ဝယသဘော'** ဖြစ်၏။ အဖြစ်၊ အပျက်ထင်မှုသည် **'ဥဒယဗ္ဗယသဘော'** ဖြစ်၏။

ထိုတွင် ပျက်မှုသည် အနိစ္စသဘော ဖြစ်၏။ ပျက်သောအခြင်းအရာသည် အနိစ္စလက္ခဏာ ဖြစ်၏။ ဘေးဟုထင်မှုသည် ဒုက္ခသဘော ဖြစ်၏။ ဘေးဟုထင်မှု အခြင်းအရာသည် ဒုက္ခလက္ခဏာ ဖြစ်၏။ အစိုးမရမှုသည် အနတ္တသဘော ဖြစ်၏။ အစိုးမရသောအခြင်းအရာသည် အနတ္တလက္ခဏာ ဖြစ်၏။

ထင်ဆဲပစ္စုပ္ပန်အာရုံ၌ အသစ်အသစ်ပေါ်၍ အဟောင်းအဟောင်း ပျောက်၏။ အသစ်အသစ်ဖြစ်၍ အဟောင်းအဟောင်း ပျက်၏။ အစအစဖြစ်ပေါ်၍ အဆုံးအဆုံး

http://www.dhammadownload.com

ပျောက်ပျက်သွားဟု ထင်မြင်လာမှုသည် 'ဥဒယဗ္ဗယဉာဏ်' ပေါ်မှု ဖြစ်၏။

ပစ္စုပ္ပန်အာရုံ၌ ဖြစ်ပျက်ဉာဏ်ထင်မြင်ပုံ

ဇာတသ နာမရူပသ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒ အဘိနိဝါကာရံ ဥဒယောတိ၊ ဝိပရိဏာမလက္ခဏံ ခယံ ဘင်္ဂံ ဝယောတိ သမနုပဿတိ။

ထင်ဆဲပစ္စုပ္ပန်အာရုံတိုင်း၌ ပေါ်ဆဲရုပ်နာမ်တို့၏ ဖြစ်မှုသဘောကို ဇာတိဟုလည်းကောင်း၊ ဥပါဒ်ဟုလည်းကောင်း၊ အသစ်ဟုလည်းကောင်း၊ ဥဒယဟုလည်းကောင်း ရှုအပ်၏။ ပေါ်ဆဲနာမ်ရုပ်တို့၏ ပျက်သောသဘောကို ခယဟုလည်းကောင်း၊ ဘင်္ဂံဟုလည်းကောင်း၊ ဝယဟုလည်းကောင်း ရှုအပ်၏။

ထိုသို့ရှုသဖြင့် အသစ်အသစ်ဖြစ်၍၊ အဟောင်းအဟောင်းပျောက်သည်ဟု ရှုမှတ်တိုင်း၌ အာရုံ၌ထင်သော ပစ္စုပ္ပန်ရုပ်နာမ်သင်္ခါတရားတို့၏ ဖြစ်ဆဲ၊ပျက်ဆဲကို သိသိနေမှုသည် ဖြစ်၏။ ဥပမာအားဖြင့် စောင်းတီးသံကဲ့သို့ မှတ်အပ်၏။

စောင်းသမားလုလင်သည် စောင်းတီးသဖြင့် ပေါ်လာသောစောင်းသံ၏ မဖြစ်ခင်ရှေးက စောင်းသံအစုအပုံလည်း မရှိ။ ယခုဖြစ်ဆဲ စောင်းသံသည်လည်း အစုအပုံထဲမှလာသည် မဟုတ်။ ချုပ်ဆဲသောစောင်းသံသည်လည်း ထိုထိုဤဤသို့ မသွား။ ချုပ်ပြီးသောစောင်းသံသည်လည်း တစ်ခုသောနေရာ၌ စုပုံနေမှု မရှိ။

ထို့အတူ ဖြစ်ဆဲရုပ်နာမ်တို့၏ မဖြစ်ခင်ရှေးက နာမ်အစုအပုံ၊ရုပ်အစုအပုံ မရှိ။ ယခုဖြစ်ဆဲရုပ်နာမ်သည်လည်း အစုအပုံမှလာသည် မဟုတ်။ ယခုချုပ်ဆဲသော ရုပ်နာမ်သည်လည်း ထိုထိုဤဤသို့ မသွား။ ချုပ်ပြီးသောရုပ်နာမ်သည်လည်း တစ်ခုသောနေရာ၌ စုပုံနေမှုမရှိ။

စင်စစ်မှာမူ 'စောင်း၊ စောင်းကြိုး၊ တီးခတ်သူ၏လုံ့လ' ယင်းသုံးမျိုးကို စွဲ၍သာ စောင်းသံသည် ရှေးယခင်ကမဖြစ်ဘဲ ယခုဖြစ်၏။ ယခုဖြစ်၍ ယခုပင်ကုန်ပျောက်ကုန်၏။ ထို့အတူ အားလုံးသော သင်္ခါတရုပ်နာမ်တရားတို့သည် ရှေးကမဖြစ်ကုန်ဘဲ ယခုဖြစ်ကုန်၏။ ယခုဖြစ်၍ ယခုပင်ပျက်ကုန်၏ဟု ဉာဏ်၌ ထင်ထင်လင်းလင်း သိမြင်အောင် မှတ်အပ်၏။

ဖြစ်ပျက်မှုသဘောတို့၏ အချိန်ကာလ

မြင်မှု၊ကြားမှုစသည် ပစ္စုပ္ပန်အခိုက်တို့၌ ရှုမှတ်သဖြင့် ထင်ဆဲရုပ်နာမ်သင်္ခါတရားတို့သည် ယခုဖြစ်ကုန်၍လည်း၊ ယခုပျက်ကုန်၏။ ထိုဖြစ်မှုပျက်မှုတို့သည် နေခြည်ထိရောက်သောနှင်းပေါက်၏ ဖြစ်ပျောက်မှုကာလမျှလည်းကောင်း၊

http://www.dhammadownload.com

ရေပွက်တို့၏ ဖြစ်ပေါ်ထလျက် ပျောက်ရမှုကာလမျှလည်းကောင်း၊ ရေ၌ တုတ်နှင့် ခြစ်သောအခါ အရေးအကြောင်းတို့၏ ဖြစ်ပျောက်မှုကာလမျှလည်းကောင်း၊ စူးဖျားခ်ိ မုန့်ညင်းစေ့တင်ကျသောကာလမျှလည်းကောင်း၊ လျှပ်စီးပြက်သောအခါ လျှပ်ပန်းနွယ်တို့ ပေါ်ပျောက်သောကာလမျှလည်းကောင်း၊ သခ်ံတရပ်နာမ်တို့၏ ဖြစ်ပျက်ထင်မှု၌ တိုလျသောဖြစ်တည်မှုကာလရှိ၏ဟု သိရ၏။

ဤသို့ တိုလျသောဖြစ်တည်မှုကာလ၌ ထင်မြင်သောရုပ်နာမ်အစုတို့သည် မျက်လှည့်ထဲ၌ အနှစ်ရှာမရသကဲ့သို့၊ အိပ်မက်ထဲ၌ အနှစ်ရှာမရသကဲ့သို့၊ မီးစစက်ဝန်းထဲ၌ အနှစ်ရှာမရသကဲ့သို့၊ ရေမြှုပ်စိုင်ခဲ၊ ငှက်ပျောတုံးတို့၌ အနှစ်မပါရှိသကဲ့သို့ ဖြစ်၍ပျက်၍ ထင်ကုန်သောရုပ်နာမ်သခ်ံတတရားတို့၌လည်း အနှစ်အသားမရှိကုန်။ အနှစ်သာရ ကင်းမဲ့ကုန်၏ဟု သိအပ်လေ၏။

ဥဒယဗ္ဗယဉာဏ်ရင့်သန်ရန် ရှုပုံများ

ဤဥဒယဗ္ဗယဉာဏ်သည် ရှေးဦးအခြေခံဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်တို့ တိုးတက်ရင့်သန်ကြောင်းဖြစ်၍၊ သမ္မသနဉာဏ်စသော လောကီဉာဏ်(၁၀)တန်တို့တွင် လိုရင်းလည်း ဖြစ်၏။

'နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော' ဤလောက၌ ပညတ်မဖက် ပရမတ်သဘောအစစ်ဖြစ်သော နာမ်နှင့်ရုပ်သက်သက်သာ ရှိ၏။ နာမ်နှင့်ရုပ်မှတစ်ပါး ပုဂ္ဂိုလ်၊သတ္တဝါ၊သူ၊ငါ၊ယောက်ျား၊မိန်းမစသည်တို့သည် စင်စစ်ဧကန်မရှိ၊ အပိုဖြစ်၏ဟုသိပြီးဖြစ်၏။ ထိုနာမ်နှင့်ရုပ်တို့ကို အစုခန္ဓာ (၅)ခု ပြု၍ 'စောင်း၊ စောင်းကြိုး၊ တီးခတ်သူ' သုံးမျိုးကို စွဲ၍သာ စောင်းသံသည် ရှေးယခင်က အသင့်ဖြစ်မနေဘဲ ယခုတီးလိုက်မှသာ ဖြစ်သကဲ့သို့၊ ထို့အတူ အဝိဇ္ဇာ၊တဏှာ၊ကံစသောအကြောင်းကြောင့်သာ ဓာတ်သဘောအားဖြင့် ဖြစ်ပေါ်လာ၏ဟု ထင်မြင်အောင် ရှုပွားအပ်၏။

ရူပကွန္ဓာ၌ ဖြစ်ကြောင်း(၅)မျိုးဖြင့် သိမှတ်ပုံ

၁-**အဝိဇ္ဇာသမုဒယာ ရူပသမုဒယော**-အဝိဇ္ဇာကြောင့် ရုပ်ဖြစ်၏။
၂-**တဏှာသမုဒယာ ရူပသမုဒယော**-တဏှာကြောင့် ရုပ်ဖြစ်၏။
၃-**ကမ္မသမုဒယာ ရူပသမုဒယော**-ကံကြောင့် ရုပ်ဖြစ်၏။
၄-**အာဟာရသမုဒယာ ရူပသမုဒယော**-အာဟာရကြောင့် ရုပ်ဖြစ်၏။
၅-**ရူပသ နိဗ္ဗတ္တိလက္ခဏံ**-ပစ္စုပ္ပန်ရုပ်၏ဥပါဒ်အခိုက်၌ ရုပ်ဖြစ်၏။

http://www.dhammadownload.com

ရှေးဘဝက အဝိဇ္ဇာခေါ်မသိမှုကို မဂ်ဖြင့်မပယ်ရသေးသောကြောင့် ယခုပစ္စုပ္ပန်ဘဝ၌ ရှိပ်ဖြစ်၏။ ရှေးဘဝက တဏှာခေါ်တပ်မက်မှုကို မဂ်ဖြင့်မပယ်ရသေးသောကြောင့် ယခုဘဝ၌ ရှိပ်ဖြစ်၏။ ရှေးဘဝက ကုသိုလ်၊အကုသိုလ်ကံကို မဂ်ဖြင့်မပယ်ရသေးသောကြောင့် ယခုဘဝ၌ ရှိပ်ဖြစ်၏။ ယခုဘဝ စားမျိုအပ်သော အစာအာဟာရ၏ ထင်ရှားရှိနေခြင်းကြောင့် ယခုပစ္စုပ္ပန်၌ ရှိပ်ဖြစ်၏။ ပစ္စုပ္ပန်ရှိပ်၏ ဥပါဒ်ခဏာ၌လည်း ရှိပ်ဖြစ်၏။ ဤသို့ ရှိပ်ဖြစ်ကြောင်း(၅)မျိုးနှင့်အတူ အဖန်ဖန် ရှုမှတ်အပ်၏။

ရူပကွန္ဓာ၌-ချုပ်ကြောင်း(၅)မျိုးဖြင့် သိမှတ်ပုံ

၁-အဝိဇ္ဇာနိရောဓာ ရူပနိရောဓော-အဝိဇ္ဇာကြောင့် ရှိပ်ချုပ်၏။

၂-တဏှာနိရောဓာ ရူပနိရောဓော-တဏှာကြောင့် ရှိပ်ချုပ်၏။

၃-ကမ္မနိရောဓာ ရူပနိရောဓော-ကံကြောင့် ရှိပ်ချုပ်၏။

၄-အာဟာရနိရောဓာ ရူပနိရောဓော-အာဟာရကြောင့် ရှိပ်ချုပ်၏။

၅-ရူပသ ဝိပရိဏာမလက္ခဏံ-ပစ္စုပ္ပန်ရှိပ်၏ဘင်အခိုက်၌ ရှိပ်ချုပ်၏။

အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ၏ တစ်ဖန်မဖြစ်သောအားဖြင့် ချုပ်ခြင်းကြောင့် အနာဂတ်၌ဖြစ်သောရှိပ်၏ တစ်ဖန်မဖြစ်ခြင်းဟူသောချုပ်ခြင်းသည် ဖြစ်၏။ အရဟတ္တမဂ်ဖြင့် တဏှာ၏တစ်ဖန်မဖြစ်သောအားဖြင့်ချုပ်ခြင်းကြောင့် အနာဂတ်၌ဖြစ်သောရှိပ်၏ တစ်ဖန်မဖြစ်ခြင်းဟူသောချုပ်ခြင်းသည် ဖြစ်၏။ အရဟတ္တမဂ်ဖြင့် ကံ၏ တစ်ဖန်မဖြစ်သောအားဖြင့်ချုပ်ခြင်းကြောင့် အနာဂတ်၌ဖြစ်သောရှိပ်၏ တစ်ဖန်မဖြစ်ခြင်းဟူသောချုပ်ခြင်းသည် ဖြစ်၏။ ပစ္စုပ္ပန်၌ဖြစ်သောအာဟာရ၏ ထင်ရှားမရှိခြင်းကြောင့် ထိုအာဟာရကြောင့်ဖြစ်သောရှိပ်၏ တစ်ဖန်မဖြစ်ခြင်းဟူသောချုပ်ခြင်းသည် ဖြစ်၏။ ပစ္စုပ္ပန်၌ဖြစ်သောရှိပ်၏ ဖောက်ပြန်ပျက်စီးခြင်းဘင်ခဏာ၌ ရှိပ်သည် ချုပ်၏။ ဤသို့ ရှိပ်ချုပ်ကြောင်း(၅)မျိုးနှင့်အတူ ပစ္စုပ္ပန်ရှိပ်တရားတို့၏ချုပ်ပျက်မှုသဘောကို အဖန်ဖန်သိမှတ်အပ်၏။

ရှိပ်ဖြစ်ကြောင်း(၅)ပါးတွင် ရှေ့(၄)ပါးက ဖြစ်ကြောင်းတရား၊ နောက်(၁)ပါးက ဖြစ်ခြင်းတရား။ ရှိပ်ချုပ်ကြောင်း(၅)ပါး၌လည်း ရှေ့(၄)ပါးက ချုပ်ကြောင်းတရား၊ နောက်(၁)ပါးက ချုပ်ခြင်းတရား။ ဤသို့ ရူပကွန္ဓာ၌ ဥဒယဗ္ဗယဉာဏ် (၁၀)မျိုး သိမှတ်အပ်၏။

ထိုအတူ ဝေဒနာ၊သညာ၊သင်္ခါရတို့၌ အာဟာရနေရာတွင် ဖဿထည့်၍ ဝိညာဏ်၌ အာဟာရနေရာတွင် နာမ်ရှိပ်ထည့်၍ ရူပကွန္ဓာအတိုင်း ဥဒယဗ္ဗယဉာဏ် (၁၀)မျိုးစီဖြစ်သဖြင့် ခန္ဓာ(၅)ပါး၌ ဥဒယဗ္ဗယဉာဏ်(၅၀)ကို သိမှတ်အပ်၏။

http://www.dhammadownload.com

ဉာဏ်အမြင်စင်ကြယ်နိုင်ခြင်းအကြောင်းရင်း

ရဟန်းတစ်ပါးသည် ဉာဏဒဿနဝိသုဒ္ဓိခေါ် မဂ်ဉာဏ်အမြင် စင်ကြယ်လာနိုင်ခြင်းအကြောင်းရင်းကို ရဟန္တာမထေရ်မြတ်ကြီး(၄)ပါးအား တစ်ပါးချင်းစီ မေးမြန်းလျှောက်ထားလေ၏။ ထို(၄)ပါးတွင် ပထမရဟန္တာမထေရ်ကြီးက-

ဆန္ဒံ ဖဿာယတနာနံ သမုဒယဉ္စ၊အတ္ထင်္ဂမဉ္စ ယထာဘူတံ ပဇာနာတိ။

အာဝုသော-ငါ့ရှင်ရဟန်း။ ယတောခေါ၊ အကြင်အခါ၌။ ဆန္ဒံ-ခြောက်ပါးသော။ ဖဿာယတနာနံ- ဖဿာယတနတရားတို့အား။ သမုဒယဉ္စ-ဖြစ်ခြင်းကိုလည်းကောင်း၊ အတ္ထင်္ဂမဉ္စ-ပျက်ခြင်းကိုလည်းကောင်း။ ယထာဘူတံ-ဟုတ်တိုင်းမှန်ကန်စွာ။ ပဇာနာတိ-သိ၏။ ဧတ္တာဝတာ-ဤမျှလောက်ဖြင့် ဒဿနံ-ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ-စင်ကြည်သည်။ ဟောတိ-ဖြစ်၏။ ဤသို့ ဖြေကြားတော်မူ၏။

ဒုတိယရဟန္တာကြီးက ဥပါဒါနက္ခန္ဓာ(၅)ပါး၏ အဖြစ်အပျက်ကို ညွှန်ပြ၏။ တတိယရဟန္တာကြီးက မဟာဘုတ်(၄)ပါး၏ အဖြစ်အချုပ်ကို ညွှန်ပြတော်မူ၏။ စတုတ္ထရဟန္တာကြီးက **'ယံကိဉ္စि သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓဓမ္မံ'** အလုံးစုံသောတရားအပေါင်းသည် ဖြစ်ခြင်းသဘောရှိ၏။ ထိုဖြစ်ခြင်းသဘောရှိသောတရားအပေါင်းသည် ချုပ်ခြင်းသဘောရှိ၏ဟု ညွှန်ပြတော်မူ၏။

ထိုရဟန္တာမထေရ်ကြီး(၄)ပါး၏ အဖြေတွင် အရှုခံအာရုံ-ရုပ်နာမ်သည်တစ်ပါးနှင့်တစ်ပါး အခြေအနေ၊စရိုက်စသည်လျော်စွာ အနည်းငယ်ကွဲပြားမှု ရှိ၏။ သို့သော် 'ဖြစ်ခြင်းနှင့် ပျက်ခြင်းကိုရှုမြင်မှု အရှုဉာဏ်သည်ကား တစ်ခုတည်း၊ တစ်သားတည်း ဖြစ်နေသည်ကို တွေ့ရမည် ဖြစ်၏။

ထို့ကြောင့် မည်သည့်နည်းပင်ဖြစ်စေ၊ အရှုခံအာရုံသည် ရုပ်နှင့်နာမ်၊ သန်တပရမတ်သဘောအစစ်သာ ဖြစ်ဖို့သာ လို၏။ ဖြစ်မှုနှင့်ပျက်မှု သဘောနှစ်ခုကို ဉာဏ်ဖြင့် သိမြင်နိုင်အောင် သိမှတ်ဖို့သာ လို၏။ မဖြစ်၊မပျက်ရာနိဗ္ဗာန်ကို မြင်နိုင်မှု ဉာဏဒဿနဝိသုဒ္ဓိ'ဉာဏ်အမြင်သည် ဧကန်စင်ကြယ်နိုင်၏ဟု မှတ်ပါလေ။

ခန္ဓာသာပျက်၊ပုဂ္ဂိုလ်,သတ္တဝါ,မသေပျက်ဟု သိပုံ

ခန္ဓာ နိရုဒ္ဓေ နစ္ဆတ္ထိ အညာ၊ ခန္ဓာနံ ဘေဒေါ မရဏန္တိ ဝုစ္စတိ။
တေသံ ခယံ ပဿတိ အပ္ပမတ္တော၊ မဏိံ ဝိဇ္ဈ ဝဓိရေန ယောနိသော။

ခန္ဓာ၊ ရုပ်နှင့်နာမ်ဟူသော ငါးတန်သောခန္ဓာသဘောတို့သည်သာ။ နိရုဒ္ဓေ-ရပ်ပွက်,မီးလျှံ၊တံလျှပ်တို့ပမာ ကုန်ပျက်ချုပ်ပျောက်တတ်ကုန်၏။ အညော၊ ခန္ဓာတရားတို့မှတစ်ပါးသော ပုဂ္ဂိုလ်,သတ္တဝါ၊သူ၊ငါအပေါင်းသည်။ နစ္ဆတ္ထိ၊ ရှိလည်း

http://www.dhammadownload.com

မရှိနိုင်လေပြီတကား။ ခန္ဓာနံ၊ ရုပ်နှင့်နာမ်ခန္ဓာတရားတို့၏။ ဘေဒေါ၊ ကုန်ပျက်ခြင်းကိုသာလျှင်။ မရဏန္တိ၊ သေဆုံး၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါပေ၏။

မဏိ၊ရွဲလုံးကို။ ဝိဏ္ဏံ-ဝိဏ္ဏန္တော၊ ဖောက်ထွင်းယောက်ျားသည်။ ဝဇိရေန၊ စိန်သွားဖြင့်။ ဝိဏ္ဏန္တောဂ္ဂဝ၊ ထွင်းဖောက်ဘိသကဲ့သို့သာလျှင်။ အပ္ပမတ္တောဟု၊ မမေ့မလျော့ရှုမှတ်လေ့ရှိသောယောဂီသည်။ တေသံ၊ ထိုရုပ်နာမ်ဓမ္မ,သခ်ါရတရားတို့၏။ ခယံ၊ကုန်ခြင်း၊ပျက်ခြင်း၊ပျောက်ဆုံးချုပ်သုဉ်းခြင်းသဘောကို။ ယောနိသော၊ ဝိပဿနာဉာဏ်ပညာဟူသော သင့်သောအကြောင်းတရားလက်နက်ဖြင့်။ ပဿတိ၊ မုချကျိန်းသေ ထွင်းဖောက်၍ ရှုမြင်နိုင်ပါပေသတည်း။

ဝိပဿနာဘေးရန်(၁၀)မျိုးဖြစ်တတ်ပုံ

ဣမေဓမ္မာ-ဤရုပ်နာမ်သခ်ါရတရားတို့သည်။ ဟုတ္တာ-ရှေးကရှိမနေကြဘဲ။ သမ္ဘဝန္တိကိရ-ယခုမှအကြောင်းအားလျှော်စွာ ဖြစ်ပေါ်လာကြကုန်သတဲ့။ ပဋိဝေန္တိကိရ-အရှည်မတည် တစ်ခဏချင်းပင် ချုပ်ပျောက်ပျက်စီးကြရကုန်သတဲ့။ ဧဝံ-ဤသို့။ သခ်ါရာ-ရုပ်နာမ်သခ်ါရတရားတို့သည်။ နိစ္စံ-အမြဲ။ နဝနဝါဝ-အဟောင်းကုန်ပျက် အသစ်အသစ်တို့ ဆက်လျက်သည်သာလျှင်။ ဟုတ္တာ-ဖြစ်၍။ ဥပဋ္ဌာတိ-ထင်မြင်လာတော့၏။ ဣတိဘာဝန္တော-ဤသို့ အမြင်၊အကြား၊အသွားစသည်၌ မနေမနား ပွားများဖန်များသည်ရှိသော်။ ဉာဏ်-ဥဒယဗ္ဗယဉာဏ်အမြင်သည်။ ဝိသဒတရံ-အထူးသန့်ရှင်းစင်ကြယ်သည်။ ဟောတိ-ဖြစ်ပေ၏။

သခ်ါရရုပ်နာမ်ဓမ္မတို့၏ အသစ်အသစ်တို့ပေါ်ပျောက်မှုသဘောကို အဖန်ဖန်ရှုလေ့ရှိသော အာရဒ္ဓဝိပဿကပုဂ္ဂိုလ်တို့အား ဥဒယဗ္ဗယဉာဏ်အထူးစင်ကြယ်သည်ရှိသော် အရောင်အလင်း၊ နှစ်သက်ချမ်းမြေ့ခြင်းစသော ဝိပဿနာညစ်ညူးကြောင်းဘေးအန္တရာယ်(၁၀)မျိုးတို့သည် ဖြစ်ပေါ်တတ်လေ၏။

၁-**ဩဘာသ**-ဝိပဿနာစိတ်ကြောင့် ကိုယ်မှ အရောင်အလင်းထွက်ခြင်း၊
၂-**ပီတိ**-ဝိပဿနာစိတ်နှင့်ယှဉ်သော ခုဒ္ဒကာပီတိစသည်တို့ ဖြစ်ခြင်း၊
၃-**ပဿဒ္ဓိ**-ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်း၊
၄-**အဓိမောက္ခ**-အားကြီးသောယုံကြည်မှု သဒ္ဓါနွေးဖြစ်ခြင်း၊
၅-**ပဂ္ဂဟ**- မလျော့သောစိတ်ဖြင့် အားထုတ်အပ်သောဝီရိယရှိခြင်း၊
၆-**သုခ**-ဝိပဿနာစိတ်နှင့်ယှဉ်သော စေတသိကသုခဖြစ်ခြင်း၊
၇-**ဉာဏ**-လက္ခဏာရေးသုံးပါးကို ထင်ရှားစွာမြင်သောဉာဏ်ဖြစ်ခြင်း၊
၈-**ဥပဋ္ဌာန**- ဝိပဿနာအာရုံ၌ စွဲမြဲစွာ သတိပဋ္ဌာန်ဖြစ်တည်ခြင်း၊
၉-**ဥပေက္ခာ**-ရုပ်နာမ်သခ်ါရတရားတို့အပေါ် အညီအမျှရှုမြင်စိတ်ဖြစ်ခြင်း၊

http://www.dhammadownload.com

၁၀-နိကန္တိ-သြဘာသ၊ပီတိစသည်တို့၌ သိမ့်မွေ့သောနှစ်သက်မှုဖြစ်ခြင်း၊

ထို(၁၀)ပါးတို့တွင် သြဘာသစသောရှေ့(၉)ပါးသည် အကုသိုလ်မဟုတ်။ နိကန္တိ(၁)ပါးသာ တဏှာ၊မာန၊ဒိဋ္ဌိတို့ ဖြစ်ရာဌာနဖြစ်သဖြင့် ဥပက္ကိလေသတရား အစစ်ဖြစ်၏။ သို့သော် ထို(၁၀)ပါးလုံးသည် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်အစစ်မဟုတ်လျက်၊ မဂ်တု၊ဖိုလ်တုအဖြစ် ဝိပဿနာယောဂီအား လှည့်စားတတ်သဖြင့် ဝိပဿနာညစ်ညူးကြောင်း 'ဝိပဿနုပက္ကိလေသတရား' ဟု ဆိုသည်။ ထို(၁၀)ပါးကိုပင် တဏှာ၊မာန၊ဒိဋ္ဌိဟူသော ဂါဟ(၃)ပါးဖြင့် ပွားရ၍ ညစ်ညူးကြောင်း(၃၀)ဖြစ်၏။

ထိုဝိပဿနာညစ်ညူးကြောင်းတရားတို့ ဖြစ်ပေါ်ခိုက်၌ **'နေတံ မမ-ငါ့ဟာမဟုတ်၊ နေသောဟာမသို့-ငါမိုဖြစ်သည် မဟုတ်၊ နမေသောအတ္တာ-ငါ့ကိုယ်မဟုတ်'** ဟု ဥဒယဗ္ဗယဉာဏ်ဖြင့်ပင် ပယ်ခွာစွန့်လွှတ်သည်ရှိသော် ထိုသြဘာသစသောတရားတို့သည် မဂ်မဟုတ်သေး။ ဤဥဒယဗ္ဗယဉာဏ်သည်သာ လောကုတ္တရာမဂ်သို့ပို့ဆောင်ပေးနိုင်သော အကြောင်းရင်းဖြစ်ပေ၏ဟု မဂ်ဟုတ်သည်၊ မဟုတ်သည်ကို ဆုံးဖြတ်ပိုင်းခြားသော ဉာဏ်အမြင်စင်ကြယ်မှုသည် **'မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ'** ဖြစ်ပေ၏။

မှတ်ချက်။ဝိပဿနာဉာဏ်သည် ရုပ်နာမ်ဖြစ်ပျက်ကိုသာ အာရုံပြုနိုင်၏။ မဂ်ဉာဏ်သည် ရုပ်နာမ်ဖြစ်ပျက်ကို အာရုံမပြု။ ဖြစ်ပျက်ချုပ်ငြိမ်း၍ မဖြစ်မပျက်မှုသဘော နိဗ္ဗာန်ကိုသာ အာရုံပြု၏။ ဖြစ်ပျက်ရုပ်နာမ်ကို အာရုံမပြုလျှင် ဝိပဿနာဉာဏ်မဟုတ်။ မဖြစ်မပျက်ကို အာရုံမပြုနိုင်လျှင်လည်း မဂ်ဉာဏ်မဟုတ်ဟုသိပါလေ။

သစ္စာ(၄)ပါးကိုသိမြင်လာပုံ

ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသို့ ဆိုက်ရောက်ပြီးယောဂီသည် လောကီဉာဏ်ဖြင့်ပင် သစ္စာလေးပါးကို ကောင်းစွာ ထိုးထွင်း၍ သိမြင်လာ၏။

ခိုင်မာသောဒိဋ္ဌိဝိသုဒ္ဓိဉာဏ်အမြင်ဖြင့် ရုပ်နာမ်ဒုက္ခသစ္စာကို ပိုင်းခြားသိ၏။

ကခ်ါဝိတရဏဝိသုဒ္ဓိဉာဏ်အမြင်ဖြင့် ရုပ်နာမ်ဖြစ်ကြောင်း သမุဒယသစ္စာကို ပယ်သတ်လျက် သိ၏။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်အမြင်ဖြင့် မဂ်သို့ရောက်ကြောင်း မဂ္ဂသစ္စာကို ပွားလျက် သိ၏။ ထိုရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုမြင်သဖြင့် ဆန့်ကျင်ဘက် မဖြစ်မပျက်သော၊ အသစ်မဖြစ်ပဲ ချုပ်မှုသဘော နိရောဓသစ္စာကို ဆိုက်ရောက်လျက်သိ၏။ ဤသို့ လောကီပုဗ္ဗဘာဂမဂ်ဉာဏ်ဖြင့်ပင် တစ်သံသရာလုံး၌ မသိစဖူးသော သစ္စာလေးပါးအသိထူးတို့ကို အထူးသိခွင့်ရရှိနိုင်ပေတော့၏။

http://www.dhammadownload.com

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

ဥဒယဗ္ဗဉာဏတော ပဌာယ ယာဝါနုလောမာ၊ တိလက္ခဏံ ဝိပဿနာ ပရံပရာယ ပဋိပဒ္ဒန္တိသေ၊ နဝ-ဝိပဿနဉာဏာနိ ပဋိပါဒဉာဏဒဿန ဝိသုဒ္ဓိနာမ။ (ဌီကာကျော်၊ကမ္မဋ္ဌာန်းပိုင်း)

ဝိပဿနာညစ်ညူးကြောင်းဘေးရန်(၁၀)မျိုးတို့မှ လွတ်ပြီး၍ ဥဒယဗ္ဗယ ဉာဏ်နှင့်ပြည့်စုံပြီးသောယောဂီသည် ဥဒယဗ္ဗယဉာဏ်အစမှ အနုလောမဉာဏ်အထိ ဝိပဿနာဉာဏ်(၉)ပါးတို့ အဆင့်ဆင့်ရင့်သန်အောင် အနိစ္စ၊ဒုက္ခ၊အနတ္တဟူသော လက္ခဏာ(၃)ပါးတင်၍ အဖန်ဖန်ရှုမြင်အပ်သဖြင့် ဉာဏ်အမြင်စင်ကြယ်ခြင်း အကျင့်ဖြစ်သောကြောင့်လည်းကောင်း၊ လက္ခဏာရေး(၃)ပါးကို မျက်မှောက်ထင်ထင်သိမြင်သဖြင့် ဆန့်ကျင်ဖက်ကိလေသာတို့မှ စင်ကြယ်သောကြောင့်လည်းကောင်း **'ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ'** ဖြစ်ပေ၏။

၁-ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို ရှုမြင်သော ဥဒယဗ္ဗယဉာဏ်။
၂-ရုပ်နာမ်တို့၏ အဖြစ်ကိုလွတ်၍ အပျက်ကိုရှုမြင်သော ဘင်္ဂဉာဏ်။
၃- ရုပ်နာမ်တို့ကိုအပျက်မြင်သဖြင့် ကြောက်ဖွယ်သိမြင်သောဘယဉာဏ်။
၄-ရုပ်နာမ်သင်္ခါရတရားတို့ကို အပြစ်ကိုသာ သိမြင်သော အာဒီနဝဉာဏ်။
၅-အပြစ်မြင်ဖန်များ၍ မုန်းတီးငြီးငွေ့လာသော နိဗ္ဗိဒါဉာဏ်။
၆-ဖြစ်ပျက်ရုပ်နာမ်တို့မှ လွတ်ချင်၊ရန်းထွက်ချင်သော မုစ္စိတုကမျတာဉာဏ်။
၇-လွတ်အောင် သင်္ခါရတရားတို့ကို စူးစိုက်ရှုမြင်သော ပဋိသင်္ခါဉာဏ်။
၈-သင်္ခါရတရားတို့၌ မုန်း+ချစ်မပြုအညီအမျှရှုသော သင်္ခါရုပေက္ခာဉာဏ်။
၉-ရှေး(၈)ပါး+နောက်မဂ်ဉာဏ်နှင့် အလျော်ဖြစ်သော အနုလောမဉာဏ်။

လက္ခဏာရေး(၃)ပါး မထင်နိုင်မှုဖြစ်တတ်ပုံ

အနိစ္စလက္ခဏံ ဥဒယဗ္ဗယာနံ အမနသိကာရာ၊ သန္တတိယာ ပဋိစ္ဆန္နတ္တာ။

ဝိပဿနာညစ်ညူးကြောင်းတို့မှ လွတ်ပြီးသောယောဂီသည် ထိုအနောက်အယှက်အန္တရာယ်ကြောင့် ယခင်ကထင်မြင်ပြီး လက္ခဏာရေးသုံးပါးတို့ကိုပင် ထိုးထွင်း၍ မသိမမြင်နိုင်မှု ဖြစ်တတ်လေ၏။

အနိစ္စလက္ခဏာကို မထင်မြင်နိုင်မှုသည် ဖြစ်ခြင်းပျက်ခြင်းကို ဦးစွာနှလုံးမသွင်းမိခြင်း၊ ရှေးနောက်အစဉ်မပြတ် တစပ်တည်းကဲ့သို့ဖြစ်သော 'သန္တတိ ပညတ်'ဖုံးလွှမ်းအပ်ခြင်းဟူသော အကြောင်း(၂)ပါးကြောင့် ဖြစ်၏။

http://www.dhammadownload.com

အတိဏ္ဍသမ္ဘိဒ္ဓနဲ့ အမနသိကာရ၊ ဣရိယာပထေန ဥဋ္ဌါဒိတော ဒုက္ခလက္ခဏံ။

ဖြစ်ခြင်း၊ပျက်ခြင်းတို့ မပြတ်နိုပ်စက်မှုကို နှလုံးမသွင်းမိခြင်း၊ တစ်ပါး
ညောင်းတိုင်း တစ်ပါးပြောင်းပေးနေသဖြင့် 'ဣရိယာပုတ်'တို့၏ ဖုံးလွှမ်းအပ်ခြင်း
ဟူသော အကြောင်း(၂)ပါးကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်မှုသည် ဖြစ်၏။

နာနာဓာတုယော ဝိနိဗ္ဘုဇ္ဈိတွာ ဃနဝိနိဗ္ဘောဂေါ အနတ္တလက္ခဏံ။

ဓာတ်သဘောအမျိုးမျိုးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ နှလုံးမသွင်းမိခြင်း၊ တစ်လုံး
တစ်ခဲတည်းကဲ့သို့ဖြစ်သော 'ဃနပညတ်' ဖုံးလွှမ်းအပ်ခြင်းဟူသော အကြောင်း
(၂)ပါးကြောင့် အနတ္တလက္ခဏာ မထင်မြင်မှုသည် ဖြစ်၏။

ထို့ကြောင့် လက္ခဏာရေး(၃)ပါးတို့ နဂိုအတိုင်း ထင်မြင်လိုသောယောဂီ
သည် ဖြစ်မှုပျက်မှုကို နှလုံးသွင်း၍ သန္တတိပညတ်ခွာခြင်း၊ ဖြစ်မှုပျက်မှုတို့၏
မပြတ်နိုပ်စက်ပုံကို နှလုံးသွင်း၍၊ ဣရိယာပုတ်ကို မကြာခဏမပြောင်းခြင်း၊
ဓာတ်သဘောတို့ကို ခွဲခြမ်းဆင်ခြင်း၍၊ ဃနပညတ်ခွာခြင်းတို့ဖြင့် အဖန်ဖန်သိမှတ်
အပ်၏။ လက္ခဏာရေး(၃)ပါးကို အဖန်ဖန်ပွားများဖန်များသည်ရှိသော် အနိစ္စ
လက္ခဏာ၏သဘောကို သိမြင်ပြန်သဖြင့်လည်း ဒုက္ခလက္ခဏာ၊အနတ္တလက္ခဏာ
သဘောတို့ကို လျင်စွာသိမြင်နိုင်မှုသည် ဖြစ်၏။

ပဏ္ဏာ။ အနိစ္စကိုမြင်၊ဒုက္ခထင်၊ ဒုက္ခကိုမြင်၊အနတ္တထင်။ အနတ္တကိုမြင် အတ္တစင်။

ဥဒယဗ္ဗယဉာဏ်အမြင်ပြည့်စုံလာပုံ

ဥဒယဗ္ဗယဉာဏ်အမြင်ရင့်သန်လာသောယောဂီအား ခန္ဓာငါးပါးတို့ဟူသည်
အဘယ်နည်း? ဟုစုံစမ်းသဖြင့်- ပဋိသန္ဓေတည်ဆဲအခိုက်၌ ကာယ၊ဘာဝ၊ဝတ္ထု
ဟူသောကမ္မဇရုပ်(၃၀)ခေါ်ကလလရေကြည်အစုသည် ရူပက္ခန္ဓာဟုလည်းကောင်း၊
ပဋိသန္ဓေဝိညာဏ်နှင့်တကွသော ဝေဒနာအစုသည် ဝေဒနာက္ခန္ဓာဟု လည်းကောင်း၊
သညာအစုသည် သညာက္ခန္ဓာဟုလည်းကောင်း၊ ဝေဒနာ၊သညာမှ ကြွင်းသော
စေတသိက်(၅၀)အစုသည် သင်္ခါရက္ခန္ဓာဟုလည်းကောင်း၊ သိမှုစိတ်အစုသည်
ဝိညာဏက္ခန္ဓာဟုလည်းကောင်း သိအပ်၏။ ဤသို့သော အစုငါးစုတို့ကို အတိတ်၊
အနာဂတ်၊ပစ္စုပ္ပန်သုံးတန်သောကာလတို့၌ ပေါင်းစု၍သိအပ်သောကြောင့် 'ခန္ဓာ
ငါးခု မည်၏ဟု သိအပ်လေ၏။

ထိုခန္ဓာအစုငါးခုတို့သည် အဘယ်ကြောင့် အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာ
ဖြစ်ရသနည်း? ဟုစုံစမ်းသဖြင့်-အဆိုပါခန္ဓာအစုငါးခုတို့သည် တစ်ခုတစ်ခုသော
ဘဝပဋိသန္ဓေမှ စုတိကျအောင် အသက်ထက်ဆုံး ဥပါဒ်၊ဌိ၊ဘင် 'ဖြစ်ခြင်း၊ရင့်ခြင်း၊

http://www.dhammadownload.com

ပျက်ခြင်း'အနေအားဖြင့် မရပ်မနား ဖြစ်လျက်၊ပျက်လျက်၊ပေါ်လျက်၊ပျောက်လျက်၊ ထပ်တလဲလဲ လျင်စွာလျင်စွာ ချုပ်ပျက်နေသောကြောင့် စင်စစ်အားဖြင့် မျက်တောင် တစ်ခတ်စာမျှပင် မခိုင်မာသော အနိစ္စသဘောသာ ဖြစ်ရရှာ၏။

အဆိုပါခန္ဓာအစုငါးခုတို့သည် ဤသို့အားဖြင့် ဖြစ်ခြင်းဥပါဒ်ဖြင့်လည်း နှိပ်စက်၏။ ရင့်ခြင်းဌီဖြင့်လည်း နှိပ်စက်၏။ ပျက်ခြင်းဘင်ဖြင့်လည်း နှိပ်စက်၏။ ထိုသို့ ဖြစ်ခြင်း၊ရင့်ခြင်း၊တည်ခြင်းဟူသော ဥပါဒ်၊ဌီ၊ဘင်အနေအားဖြင့် မပြတ် နှိပ်စက်အပ်သောကြောင့် စင်စစ်ဆင်းရဲသော ဒုက္ခသဘောသာ ဖြစ်ရရှာ၏။

ထိုခန္ဓာအစုငါးခုတို့ကို ဖြစ်ခြင်းဥပါဒ်သို့ မရောက်အောင်၊ ရင့်ခြင်းဌီသို့ မရောက်အောင်၊ ပျက်ခြင်းဘင်သို့မရောက်အောင် မည်သည့်လူနတ်၊ဗြဟ္မာ၊သတ္တဝါ တစ်စုတစ်ယောက်မှ မတက်နိုင်။မတားဆီးနိုင်။စိုးမပိုင်။ ပိုင်သူ၊နိုင်သူ၊ စိုးအုပ်သူ၊ ချုပ်ချယ်နိုင်သူမည်သည် လုံးဝမရှိသောကြောင့်လည်းကောင်း၊ ထိုရုပ်နာမ် ခန္ဓာအစု ငါးခုတို့၌ ပုဂ္ဂိုလ်၊သတ္တဝါ၊မိန်းမ၊ယောကျ်ားဟူ၍ မရှိလုံးလုံး ဆိတ်သုဉ်း၍နေသော ကြောင့်လည်းကောင်း၊ နိစ္စသာရ၊သုခသာရ၊အတ္တသာရတို့မရှိ။ ပြုလုပ်တတ် သူ-ကာရကအတ္တ၊ ခံစားတတ်သူ-ဝေဒကအတ္တ၊ စိုးပိုင်တည်မြဲသူ-နိဝါသီအတ္တ၊ ကိုယ်အလိုကျပြုလုပ်သူ-သယံဝသီအတ္တတို့ မရှိ။ သူကောင်၊ငါကောင်၊ပုဂ္ဂိုလ်ကောင် သတ္တဝါကောင်၊အတ္တမဟုတ်။ အနှစ်သာရမရှိသော အနတ္တသဘောသာ ဖြစ်ရရှာ၏ ဟု သိလာတော့၏။

ဤကဲ့သို့ ရုပ်နှင့်နာမ်ခန္ဓာ အစုငါးပါးအား အနိစ္စ-အနိစ္စလက္ခဏာ၊ ဒုက္ခ-ဒုက္ခလက္ခဏာ၊ အနတ္တ-အနတ္တလက္ခဏာဟူ၍ မြင်ခိုက်၊ကြားခိုက်၊နံ့ခိုက်၊စားခိုက်၊ ထိခိုက်၊သိခိုက်တို့၌ မီးပွတ်သောယောကျ်ားပမာ မနေမနား ပွားများအားထုတ်သဖြင့် ဥဒယဗ္ဗယဉာဏ်သည် ရင့်သန်ထက်မာခြင်းသို့ ရောက်၏။ ရှုမှတ်မှုအခိုက်တိုင်း၌ အဖြစ်နှင့်အပျက်ဟူသော သဘောနှစ်ခုကိုသာ ထင်ရမြင်ရပေတော့၏။ အရိယာ ပုထ်တိုင်း၌၊ ရှုမှတ်မှုစိတ်ခဏတိုင်း၌ ဘယ်အရာမဆို ဖြစ်ပျက်နှစ်ခုကိုသာ ပိုင်ပိုင် နိုင်နိုင် ဉာဏ်ဖြင့်ဖမ်းကိုင်မိသဖြင့် ဤဥဒယဗ္ဗယဉာဏ်သည် ပြည့်စုံခြင်း၊ ပြီးဆုံး ခြင်းသို့ ရောက်၏။

ဘင်ဉာဏ်ဖြစ်ပေါ်ပုံ

တသေဝံ ဥပ္ပဇ္ဇိတ္တာ ဧဝံနာမ သခ်ါရဂတိ နိရုဇ္ဈတိတိ ပဿတော ဧကသ္မိ ဌာနေ ဘင်္ဂါနုပဿနံနာမ ဝိပဿနာဉာဏံ ဟောတိ။

ရုပ်နာမ်သင်္ခတတရားတို့၌ အဖြစ်၊အပျက်တို့ကို ရှုမြင်သဖြင့်လည်းကောင်း၊ အဖြစ်သည် အပျက်ကိုနှိပ်စက်ခြင်း၊ အပျက်သည်လည်း အဖြစ်ကိုနှိပ်စက်ခြင်းတို့

http://www.dhammadownload.com

ကို ရှုမြင်သဖြင့်လည်းကောင်း၊ ရုပ်နှင့်နာမ် ခန္ဓာ၊အာယတန၊ဓာတ်သဘောတရား တို့ကို အကြိမ်ကြိမ်အဖန်ဖန် ရှုမြင်သဖြင့်လည်းကောင်း အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာတို့ ကောင်းစွာထင်ထင် ဉာဏ်၌သိမြင်သောယောဂီသည် 'သခ်ါရတရားတို့၌ ဖြစ်မှု၊တည်မှု၊အစဉ်မပြတ်စပ်မှု၊အမှတ်နိမိတ်မြင်မှုတို့' မထင်တော့ပေ။

ခယ,ဝယ,ဘေဒ,နိရောဓေယော သတိ သန္တိဋ္ဌတိ။

ကုန်ခြင်း၊ပျက်ခြင်း၊ပျောက်ခြင်း၊ချုပ်ဆုံးခြင်းသဘောတို့သည်သာလျှင် ဉာဏ်၌ ကောင်းစွာထင်မြင်လာ၏။ ယောဂီ၏ဉာဏ်၌ ရေပွက်ကဲ့သို့လည်းကောင်း၊ မီးအလျှံကဲ့သို့လည်းကောင်း၊ တံလျှပ်ကဲ့သို့လည်းကောင်း၊ ရေအလျှဉ်ကဲ့သို့လည်း ကုန်မှု၊ပျက်မှု၊ ပျောက်မှု၊ချုပ်ဆုံးမှုတို့သည်သာလျှင် တသွင်သွင်ထင်မြင်လာမှုသည် **'ဘင်ဉာဏ်'** ပေါ်မှုဖြစ်၏။

ဥဒယဗ္ဗယဉာဏ်အမြင်၏ လျင်စွာလျင်စွာ ထင်မြင်လာမှုကြောင့် ရုပ်နာမ်တို့၏ဖြစ်စဉ်၊ပေါ်စဉ်ပါဒ်ကိုလည်းကောင်း၊ အလယ်၌ပျက်အံ့ဟုဘင်သို့ ရှေးရှုသောဌိ ကိုလည်းကောင်း၊ ရုပ်နာမ်တို့၏ဖြစ်ခြင်း 'ပဝတ္တ' ကိုလည်းကောင်း၊ ဖြစ်ကြောင်း 'နိမိတ္တ' ကိုလည်းကောင်း မမှီမရောက်နိုင်တော့ဘဲ ကောင်းကင်၌ လျှပ်စီးကိုကြည့်သူအား လျှပ်စီး၏လျှင်မြန်မှုကြောင့် ဖြစ်ပေါ်စကို မမြင်နိုင်လိုက်သကဲ့သို့ မြင်မှု၊ ကြားမှု၊ စားမှု၊ သွားမှု၊လာမှုစသည်အားလုံး၌ အပျက်ကိုသာ မြင်မြင်နေမှု ဖြစ်၏။

ကွဲဆဲဖြစ်သောအိုးခွက်၊ ကြော်ချက်ဆဲဖြစ်သောနှမ်းတို့ကဲ့သို့ မဟာဘုတ်တို့၏ လည်းကောင်း၊ ဥပါဒါရုပ်တို့၏လည်းကောင်း၊ လေးပါးသောဣရိယာပုတ်တို့၏ လည်းကောင်း၊ ခြောက်ဒွါရ၊ ခြောက်အာရုံ၊ခြောက်ဝိညာဏ်တို့ ဖြစ်တိုင်းပေါ်တိုင်း၌ မှတ်သိစိတ်ဉာဏ်သည် အပျက်၌သာ တည်တော့၏။ ထိုထိုရုပ်နာမ်အာရုံတို့၏ ဘင်ကိုလည်းကောင်း၊ မြင်သောစိတ်၏ဘင်ကိုလည်းကောင်း မြင်သဖြင့် ဘင်ဉာဏ်သည် ထိပ်တန်းသို့ ရောက်၏။

ထိုသို့ ရုပ်နာမ်တို့၌ ပျက်မှုကို မပြတ်ထင်မြင်သောယောဂီအား ၁-ဘဝ၌ မြဲ၏ဟုသောအယူမှားကိုပယ်ခြင်း၊ ၂-အသက်၌ တွယ်တာမှုတဏှာကို ပယ်ခြင်း၊ ၃-ဝိပဿနာကို အခါခပ်သိမ်းအားထုတ်တတ်ခြင်း၊ ၄-အသက်မွေးမှု စင်ကြယ်ခြင်း၊ ၅-စိုးရိမ်ကြောင့်ကြပျောက်ခြင်း၊ ၆-အကြောက်ကင်းခြင်း၊ ၇-သည်းခံနိုင်သော စိတ်နှလုံးကောင်းရရှိခြင်း၊ ၈-ကာမပျော်ဓမ္မ၌ပျော်ခြင်းဟူသော အကျိုးအာနိသင် (၈)မျိုးနှင့်ပြည့်စုံသော 'ဘင်ါနုပဿနာဉာဏ်' ကို ရရှိလေ၏။

လင်္ကာ။ ဘင်ဉာဏ်တွင်၊ ကျိုးရှစ်အင်ကား၊ သဿတဖျက်၊ အသက်ကိုခင်၊ ဘာဝနာယှဉ်၊

http://www.dhammadownload.com

သက်မွေးမှားစင်၊ ဗျာပါဒကြောင့်၊ အတ္တစင်၍၊ လုံးစုံဘေးကင်း၊ သည်းခံခြင်းနှင့်၊ ကာမမပျော်၊ကောင်းမှုပျော်ဟု၊ သူတော်သဘာဝ၊ ရှစ်ဌာနသည်၊ဘဂ်ဉာဏ်မြင်၊ အာနိသင်တည်း။

ရုပ်နှင့်နာမ်သခ်ံတတရားတို့၌ အပျက်ကိုချည်းမြင်နေမှုကြောင့် ဘေးဟုထင်မြင်လာမှုသည် **'ဘယဉာဏ်'** မည်၏။ ကုန်သည်၊ပျက်သည်ကို မြင်မှုကြောင့် အပြစ်ထင်မြင်လာမှုသည် **'အာဒီနဝဉာဏ်'** မည်၏။ ကုန်သည်၊ပျက်သည်ကို မြင်သဖြင့် ငြီးငွေ့မှုထင်မြင်ခြင်းသည် **'နိဗ္ဗိန္ဒဉာဏ်'**ဖြစ်၏။

ယာစဘယတုပဋ္ဌာနေ-အကြင်ဘယဟုထင်သော ဉာဏ်လည်းတစ်ပါး၊ ယာစအာဒီနဝေ-အကြင်အာဒီနဝဉာဏ်လည်းတစ်ပါး။ ယာစနိဗ္ဗိဒါ-အကြင်နိဗ္ဗိဒါဉာဏ်လည်းတစ်ပါး။ ဣမေဓမ္မာ-ဤတရား(၃)ပါးတို့သည်။ ဧကတ္ထာ-တူသော အနက်သဘောရှိကုန်၏။ ဗျဉ္ဇနမေဝနာနာ-သဒ္ဒါသာလျှင်ထူး၏။(ပဋ္ဌိသံ၊၂၅၉)

ဘဂ်နုပဿနာဉာဏ်၏အစွမ်းဖြင့် ရူဖန်များသဖြင့် ပထဝီ၊တေဇော၊အာပေါ၊ ဝါယောဟူသော **ဓာတ်ကြီးလေးဖြာ**ကို အဆိပ်ထန်သောမြွေ၊ **ငါးထွေသောခန္ဓာ**ကို ချီမမိုးရွယ်သော သန်လျက်လက်၌ရှိသည့်ယောက်ျား၊ **အဒ္ဓေတ္တိကာယတနခြောက်ပါး**ကို ရွာဆိုးရွာပျက်ကြီး၊ **ဗာဟိရာယတနခြောက်ပါး**ကို ခိုးသားဓားပြ၊ **ဝိညာဏဌိတိ ခုနစ်ပါး၊ သတ္တဝါသကိုးပါး**တို့ကို ဆယ့်တစ်ပါးသောမီးတို့ဖြင့် တည်ဦးညီးတပြောင်ပြောင် တောက်လောင်နေသည့်ပမာ ဘေးကြီး၊ဘေးကြီးဟုလည်း ထင်လာကုန်၏။

ထိုရုပ်နာမ်သခ်ါရတရားတို့သည် အိုင်းအမာ၊အနာရောဂါ၊မြှား၊ငြောင့်တို့ပမာ သက်သာရာမရှိ၊ သမ္ဘတ္တိကင်းစင်လျက် ကြီးစွာသောအပြစ်အစုသာဟုလည်း ဉာဏ်၌ ထင်မြင်လာကုန်၏။

အာဒီနဝဉာဏ်နှင့်သန္တိပဒဉာဏ် (၁၀)ပါး

၁-**ဥပ္ပါဒံ ဘယံ**- ရုပ်နာမ်တို့ ဖြစ်ပေါ်လာခြင်းသည် ကြောက်ဖွယ်ဘေး ဖြစ်၏။ **အနုပ္ပါဒံ ခေမံ**- ရုပ်နာမ်တို့မဖြစ်မပျက်ရာနိဗ္ဗာန်သည် ငြိမ်းချမ်းလှ၏။

၂-**ပဝတ္တံ ဘယံ**-ရုပ်နာမ်တို့ ထပ်ကာစပ်ကာ ဖြစ်ပျက်နေရခြင်းသည် ကြောက်ဖွယ်ဘေး ဖြစ်၏။ **အပဝတ္တံ ခေမံ**-ရုပ်နာမ်တို့ အသစ်မဖြစ်ရာနိဗ္ဗာန်သည် ဘေးမရှိ၊ ငြိမ်းချမ်းလှ၏။

၃-**နိမိတ္တံ ဘယံ**-ရုပ်နာမ်နိမိတ်တို့ ဖြစ်ပေါ်လာခြင်းသည် ကြောက်ဖွယ်ဘေး ဖြစ်၏။ **အနိမိတ္တံ ခေမံ**-ရုပ်နာမ်နိမိတ်တို့ မဖြစ်ရာနိဗ္ဗာန်သည် ငြိမ်းချမ်းလှ၏။

http://www.dhammadownload.com

၄-**အာယူဟနံ ဘယံ**-နောင်ပဋိသန္ဓေအကြောင်း အားထုတ်မှုကံသည် ကြောက်ဖွယ်ဘေးဖြစ်၏။ **အနာယူဟနံ ခေမံ**-နောင်ပဋိသန္ဓေအကြောင်းကို အားမထုတ်ခြင်းသည် ဘေးမရှိ၊ငြိမ်းချမ်းလှ၏။

၅-**ပဋိသန္ဓိ ဘယံ**-နောင်အသစ်ပဋိသန္ဓေသည် ကြောက်ဖွယ်ဘေးဖြစ်၏။ **အပဋိသန္ဓိ ခေမံ**-နောင်ပဋိသန္ဓေမရှိခြင်းသည် ဘေးမရှိ၊ငြိမ်းချမ်းလှပေ၏။

ဤအာဒီနဝဉာဏ်နှင့် သန္တိပဒဉာဏ်နှစ်မျိုးခဲ့ သိမြင်သောယောဂီသည် ရုပ်နာမ်ကားအရှုပ်။ နိဗ္ဗာန်ကားအရှင်း။ ရုပ်နာမ်သည်အပူ။ နိဗ္ဗာန်သည်အအေးဟု ဟုတ်တိုင်းမှန်စွာသိမြင်သဖြင့် မျက်မှောက်သောကိုယ်၏အဖြစ်ခဲ့ပင် ဒိဋ္ဌဓမ္မနိဗ္ဗာန် ရှိ၏ဟု ယူမှားသောဒိဋ္ဌိတို့ကြောင့် တုန်လှုပ်ခြင်းမရှိတော့ပြီ။

မှတ်ချက်။ ။ဖြစ်ပျက်ရုပ်နာမ်ဘေးတို့ကို တပ်တပ်ထင်ထင် မြင်သိနိုင်မှသာလျှင် ဆန့်ကျင် ဘက်၊ မဖြစ်မပျက်နိဗ္ဗာန်ကို ပြင်းပြင်းပျပျ နှစ်သက်လိုလားသော အာရမ္မဏိက မဂ်စိတ်၊ဖိုလ်စိတ်သဘောတို့ ဖြစ်ပေါ်လာနိုင်သည်ဟု မှတ်ပါလေ။

မုဠိတုကမျှတာ,ပဋိသခ်ါ,သခ်ါရပေက္ခာဉာဏ်ပေါ်ပုံ

သခ်ါရတို့၌ အပြစ်ထင်၍ ငြီးငွေ့မှုမြင်သောယောဂီအား ရုပ်နာမ်တို့မှ လွတ်လိုမှုသဘောထင်နေခြင်းသည် 'မုဠိတုကမျှတာဉာဏ်' မည်၏။ လွတ်လိုသဖြင့် မလွတ်လွတ်အောင် ဆင်ခြင်မှုထင်ခြင်းသည် 'ပဋိသခ်ါဉာဏ်' မည်၏။ မလွတ်သဖြင့်လည်း သခ်ါရတရားတို့ကို အညီအမျှရှုမှုသဘောထင်ခြင်းသဘောသည် 'သခ်ါရပေက္ခာဉာဏ်' မည်၏။ ထိုဉာဏ်(၃)မျိုးသည် တူသောသဘောရှိ၏။

ယာစမုဠိတုကမျှတာ-အကြင်မုဠိတုကမျှတာဉာဏ်လည်းတစ်ပါး၊ ယာစပဋိသခ်ါ-အကြင်ပဋိသခ်ါဉာဏ်လည်းတစ်ပါး။ ယာစသခ်ါရပေက္ခာ-အကြင်သခ်ါရ ပေက္ခာဉာဏ်လည်းတစ်ပါး။ ဣမေဓမ္မာ-ဤတရား(၃)ပါးတို့သည်။ ဣကတ္ထာ-တူသောအနက်သဘောရှိကုန်၏။ ဗျဉ္ဇနမေဝနာနာ-သဒ္ဒါသာလျှင်ထူး၏။

(ပဋိသံ၊၂၅၉)

အနိစ္စတော အနုပဿန္တော နိစ္စသည် ပဇဟတိ၊ဒုက္ခတော အနုပဿန္တော သုခသည် ပဇဟတိ၊ အနတ္တတော အနုပဿန္တော အတ္တသည်ပဇဟတိ။

ရုပ်နာမ်သခ်ါရတရားတို့ကို မပြတ်ရှုမှတ်သဖြင့် ကုန်မှု၊ပျက်မှု၊ ပျောက်မှု၊ ပ်မှုတို့ထင်ခြင်းသည် အနိစ္စထင်မှု မည်၏။ အနိစ္စမြင်မှုကြောင့် နိစ္စပျောက်၏။ ၏။ အနိစ္စမြင်သဖြင့် မပြတ်နှိပ်စက်မှုတို့ကြောင့် ဒုက္ခထင်၏။ ဒုက္ခမြင်မှုကြောင့် ခပျောက်၏။ စင်၏။ အနိစ္စ၊ဒုက္ခတို့ကို မြင်သဖြင့်လည်း အနတ္တထင်၏။ အနတ္တ

http://www.dhammadownload.com

မြင်မှုကြောင့် အတ္တပျောက်၏။စင်၏။

နိဗ္ဗိန္ဒန္တော နန္ဒီ ပဇဟတိ၊ ဝိရဇ္ဇန္တော ရာဂံ ပဇဟတိ၊ နိရောဓေန္တော-သမုဒယံ ပဇဟတိ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။(ပဋိသံ၊ပါဠိ၊၅၅)

သခ်ၢိရတရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တအားဖြင့် မြင်မှုကြောင့်လည်း ငြီးငွေ့မှုထင်၏။ ငြီးငွေ့မှုထင်ခြင်းကြောင့် နှစ်သက်မှုနန္ဒီရာဂ ပယ်ပျောက်၏။ စင်၏။ မတပ်မက်မှုထင်မှုကြောင့် ရာဂပယ်ပျောက်၏။စင်၏။ တပ်မက်မှုကို ချုပ်စေသည်ရှိသော် အသစ်အသစ်ကျသော အနုသယ၊သမုဒယသစ္စာပယ်ပျောက်၏။ ထိုသမုဒယကို တစ်ဖန်စွန့်သည်ရှိသော် အသစ်တစ်ဖန်ပရိယုဋ္ဌာန်ကို ပယ်စွန့်လေ၏။

အနုလောမိကဉာဏ်ဖြင့် မဂ်ဝင်ပုံ

ပဠေ ကွန္ဒေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဠန္ဓံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြကြမတိ။

ရုပ်နာမ်သခ်ၢတတရားတို့၌ သွားသည်က ရုပ်ဖြစ်၏။ သွားချင်မှုက နာမ်ဖြစ်၏။ ထိုရုပ်နှင့်နာမ်ကို သိမှတ်ထင်နေမှုသည် ဝိပဿနာဉာဏ်ဖြစ်၏။ သွားမှု၌ ကုန်မှုပျက်မှုသဘောသည် အနိစ္စသဘောဖြစ်၏။ ကုန်သည်၊ပျက်သည်ထင်မှုသည် အနိစ္စာနုပဿနာဉာဏ် ဖြစ်၏။ ထိုဉာဏ်ဖြင့် 'ခန္ဓာငါးပါးတို့၏ ချုပ်ဆုံးခြင်းသည် မြဲသောနိဗ္ဗာန်တည်း'ဟု မဖြစ်မပျက်နိစ္စကို မြင်မှုသည် မဂ်သို့ဝင်ခြင်း ဖြစ်၏။

ပဠေ ကွန္ဒေ ဒုက္ခတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဠန္ဓံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြကြမတိ။

ရုပ်နာမ်သခ်ၢတတရားတို့၌ သွားသည်က ရုပ်ဖြစ်၏။ သွားချင်မှုက နာမ်ဖြစ်၏။ ထိုရုပ်နှင့်နာမ်ကို သိမှတ်ထင်နေမှုသည် ဝိပဿနာဉာဏ်ဖြစ်၏။ သွားမှု၌ ဘေးသည် ဒုက္ခသဘောဖြစ်၏။ ကုန်သည်၊ပျက်သည်ထင်မှုသည် ဒုက္ခာနုပဿနာဉာဏ်ဖြစ်၏။ ထိုဉာဏ်ဖြင့် 'ခန္ဓာငါးပါးတို့၏ ချုပ်ဆုံးခြင်းသည် ချမ်းသာသောနိဗ္ဗာန်တည်း'ဟု မဖြစ်မပျက်သုခကို မြင်မှုသည် မဂ်သို့ဝင်ခြင်း ဖြစ်၏။

ပဠေ ကွန္ဒေ အနတ္တတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဠန္ဓံ ခန္ဓာနံ နိရောဓော ပရမတ္ထံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြကြမတိ။

ရုပ်နာမ်သခ်ၢတတရားတို့၌ သွားမှုစသည်ကို မှတ်သဖြင့် သွားသည်၌ သွားသည်က ရုပ်ဖြစ်၏။ သွားချင်မှုက နာမ်ဖြစ်၏။ ထိုရုပ်နှင့်နာမ် ထင်မြင်နေမှုသည် ဝိပဿနာဉာဏ် ဖြစ်၏။ ပုဂ္ဂိုလ်၊သတ္တဝါဆိတ်မှုသည် အနတ္တဖြစ်၏။ ဆိတ်မှုထင်ခြင်းသည် အနတ္တာနုပဿနာဉာဏ်ဖြစ်၏။ 'ခန္ဓာငါးပါးတို့၏ ချုပ်ဆုံးခြင်းသည်

http://www.dhammadownload.com

ပရမတ်နိဗ္ဗာန်တည်း'ဟု မဖြစ်မပျက်၊ပရမတ်အနတ္တကို မြင်မှုသည် မဂ်သို့ ဝင်ခြင်း ဖြစ်၏။ (ပဋ္ဌိသမ္ဘိဒါမဂ်၊ပါဠိတော်၊ ၂၅၉)

မဖြစ်မပျက်သော ချုပ်ငြိမ်းမှုကိုအာရုံပြုပုံ

သမ္မသနဉာဏ်မှအစ အနုလောမဉာဏ်အဆုံး (၁၀)ပါးသော ဝိပဿနာ ဉာဏ်တို့ဖြင့် သုံးသပ်ရှုမြင်သောယောဂီအား တစ်ပါး၊တစ်ပါးသောခန္ဓာ၏ ဖြစ်သော ခဏ၊တည်သောခဏ၊ပျက်သောခဏပစ္စုပ္ပန်ကာလ၌ အစဉ်တစိုက်ပါဝင်၍ မလိုက်သဖြင့် အဟောင်းတစ်ထပ်၊ အသစ်တစ်ထပ်နှစ်ရပ်သောစက်ရဟတ်က ဖြစ်မှု ဥပါဒ်သဘောလည်းမထင်၊ တည်မှုသဘောဌီလည်းမထင်၊ ပျက်မှုသဘော ဘင်လည်း မထင်။ သဘောမျှမပါဝင်ဘဲ အစဉ်သဖြင့်အကျိုးပေးခွင့်မရ။

သိခိုက်ခဏ၊သိခိုက်ခဏတိုင်း၌ မသိသဘောအဝိဇ္ဇာမကျရောက်သော ကြောင့် အနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ။ အားထုတ်မှုသဘောသခ်ါရမကျရောက်သော ကြောင့်လည်း အနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ။ ရှေ့နောက်ဘဝနှစ်ရပ်စပ်မှုသဘော ဝိညာဏ်မကျရောက်သောကြောင့်လည်း အနုပ္ပါဒသုခ၊မဖြစ်မှုချမ်းသာ။ နာမ်ရုပ် မကျသောကြောင့်လည်း အနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ။ သဠာယတနမကျသော ကြောင့်လည်းအနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ။ ဖဿမကျသောကြောင့်လည်း အနုပ္ပါဒသုခ၊မဖြစ်မှုချမ်းသာ။ဝေဒနာမကျသောကြောင့်လည်း အနုပ္ပါဒသုခ၊ မဖြစ်မှု ချမ်းသာ။ တဏှာမကျသောကြောင့်လည်း အနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ။ ဥပါဒါန်မကျသောကြောင့်လည်း အနုပ္ပါဒသုခ၊မဖြစ်မှုချမ်းသာ။ ဘဝမကျသော ကြောင့်လည်း အနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ။ ဇာတိ၊ဇရာ၊မရဏ၊သောက၊ ပရိဝေဒ၊ ဒုက္ခ၊ဒေါမနဿ၊ဥပါယာသမကျသောကြောင့်လည်း အနုပ္ပါဒသုခ၊ မဖြစ်မှုချမ်းသာ သည် 'သန္တိသုခ'သဘော မည်၏။

ဤသို့ အကြောင်းအကျိုးအနိသင်အဆက်ဆက် ချမ်းသာနှင့် မရောယှက် သက်သက်သောဆင်းရဲအစုသည် ယခုမစည်းဝေး၊ မတွေ့ကြုံ၊မပေါင်းစုံမိသောကြောင့် သမ္မသနဉာဏ်အစ၊အနုလောမဉာဏ်အဆုံးရှိသော ဝိပဿနာဉာဏ်(၁၀)ပါးတို့၏ သိခိုက်ခဏ၊ သိခိုက်ခဏတိုင်း၌ တဒင်္ဂချုပ်ငြိမ်း၍ ရုပ်သိမ်းသော ပဋ္ဌိလောမ၊ပဋ္ဌိစ္စ သမုပ္ပါဒ်၊ သံသရာစက်ရဟတ်သည် စင်းလုံးပျက်သဖြင့် 'ဝိဝဋ္ဋသုခ'သည် ဖြစ်၏။

ယခုတဒင်္ဂ၏နောင်၌ အသစ်တစ်ဖန် ဖြစ်ပြန်ခြင်းငါမထိုက်။ မဂ်ဉာဏ်ဖြင့် သိခိုက်ခဏ၌ သမုစ္ဆေဒအားဖြင့် အကြွင်းအကျန်မရှိသောအားဖြင့် အဝိဇ္ဇာ၊သခ်ါရ၊

http://www.dhammadownload.com

ဝိညာဏ်၊နာမ်ရုပ်၊သင်္ဘာယတန၊ဖဿ၊ဝေဒနာ၊တဏှာ၊ဥပါဒါန်၊ဘဝ၊ဇာတိ၊ဇရာ မရဏာ၊ သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသဟူသော ဟေတုဖလနိဿန္ဒ၊ အကြောင်းအကျိုးအာနိသင်အဆက်ဆက် သက်သက်သော ဆင်းရဲအစုဟုဆိုအပ်သော ခန္ဓာငါးပါးတို့၏ ချုပ်ငြိမ်းရုပ်သိမ်းခြင်းသဘောသည် ချမ်းသာသဘောအစစ်တည်း ဟုရှုမြင်သဖြင့် မဖြစ်မပျက်သော၊ ချုပ်ငြိမ်းမှုသဘော နိရောဓသစ္စာကို မဂ်ဉာဏ်သည် အာရုံပြုလျက်သိမြင်မှု ဖြစ်ပေ၏။

မဏ္ဍိမပဋိပါဒကျင့်စဉ်ပြီး၏။

သတိပဋ္ဌာန်နည်းကျ၊ဝိပဿနာရှုပွားနည်းပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com

သတိပဋ္ဌာန်ဝိပဿနာယောဂီတိုင်း
အလွတ်ကျက်မှတ်လျက်၊ နေ့စဉ်နှလုံးသွင်း ပွားများနေသင့်သော

လယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာကဗျာ(၃၀)

ရူပပရိစ္ဆေဒအပိုင်း

၁။ ဝေနေယျအား၊ မြင်လုံးထွားအောင်၊ ဝိပဿနာတရား၊ ဟောညွှန်ကြား
ားသာ၊ စောထွင့်ရတနာ၊ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါညွှတ်ကျိုး၊ လက်စုံမိုး၍၊ ရှိလျှင်ခိုး
ပည်၊ ဤတွင်အစပဏာမတည်း။

၂။ ပထဝီ,အာပေါ၊ တေဇော,ဝါယော၊ ဓာတ်သဘောမှာ၊ ခက်မာ,ဖွဲ့စေး၊
ားအေး,ထောက်ကန်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊ လေးဝဓာတ်ရင်း
ားသဘောတည်း။

၃။ ဓာတ်ကြီးလေးပါး၊ ဖြစ်လာငြားက၊ ဝဏ္ဏ,ဂန္ဓ၊ ရသ,သြဇာ၊ ဤလေးဖြာ၊
ားစွာပါသတည်း။

၄။ ထိုဓာတ်ရှစ်ပါး၊ မပြားမကွဲ၊ တစ်သားထဲမှတ်၊ အဋ္ဌကလာပ်၊ ဓာတ်ခဲ
ားစ်ခု၊ခေါ်ရိုးပြုကြ၊နှိုင်းတုစရာ၊ပမာမရ၊ သေးငယ်လှသော၊ သဘောမျှသာတည်း။

၅။ အဋ္ဌကလာပ်၊ ဓာတ်ခဲအပေါင်း၊ ထောင်သောင်းမက၊ အနန္တများစွာ၊
ါင်းစုလာသော်၊ အမာ,အပျော့၊ အပေါ့,အလေး၊ အသေး,အကြီး၊ အနည်းနည်း
ထွေထွေ၊ အပွေပွေအလီလီ၊ အရည်အဖတ်၊ ဒြပ်သဏ္ဌာန်၊ ပေါ်လာပြန်သည်၊
ားရန်အကြောင်းနိမိတ်တည်း။

၆။ သဏ္ဌာန်ဒြပ်၊ ဖြစ်ပေါ်လတ်က၊ ဓာတ်လေးပါးအနက်၊ ပထဝီထက်လျှင်၊
မြဲပင်၊ နုံ့လျှင်ပျော့လေ၏။ အာပေါထက်လျှင်၊ အရည်ပင်၊ နုံ့လျှင်ခဲလေ၏။
ားဇောထက်လျှင်၊ ပူအေးပင်၊ နုံ့လျှင်မျှတ၏။ ဝါယောနုံ့က၊ ငြိပ်ဝပ်စွ၊ လွန်က
ပ်ရှား၊ ပြေးလွင့်သွားသည်၊ လေးပါးဓာတ်ရင်းသဘောတည်း။

၇။ ကံ,စိတ်,ဥ,ဟာ၊ လေးဖြာကြောင်းစု၊ ကျေးဇူးပြု၍၊ လူ၏ကိုယ်မှာ၊
ားစွာခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ ရေအယဉ်ပမာ၊ ရုပ်ခန္ဓာသည်၊
ယ်ခါမစ၊ ဖြစ်ပျက်မြဲတည်း။

http://www.dhammadownload.com

၈။ မြေ,ရေ,သစ်ပင်၊ မြင်မြင်သမျှ၊ ဗဟိဒ္ဓမှာ၊ လုံးဝအုပ်စုံ၊ အကုန်ပေါင်းစု၊ ရုပ်ဖြစ်မှုသည်၊ ဥတုတေဇောအကြောင်းတည်း။

၉။ သမ္ဘဟဥပါဒါန်၊ သဏ္ဌာန်,သန္ဓတိ၊ စသည့်အပြား၊ လူအများသည်၊ ခေါ်ဝေါ်မှတ်သား၊ ပညတ်ထားသတည်း။

၁၀။ ပညတ်,ပရမတ်၊ အတပ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ၊ အနိစ္စကို၊ ဒိဋ္ဌမှန်စွာ၊ မြင်နိုင်ရာသည်၊ ပညာအချက်စခန်းတည်း။

ရုပ်သိပုံအခန်းပြီး၏။

နာမပရိစ္ဆေဒအပိုင်း

၁၁။ စက္ခု,သောတ၊ ঘာန,ဇိဝှါ၊ ကာယဝါးလီ၊ ရုပ်အကြည်တည့်၊ တစ်လီမှတ်လော၊ မနောအကြည်၊ ဘဝင်စိတ်ပေတည်း။

၁၂။ အဆင်းရှုပ၊ သဒ္ဒအသံ၊ အနံ့ဂန္ဓ၊ ရသအရသာ၊ အတွေ့ဖောဋ္ဌဗ္ဗာ၊ ဝါးဖြာအစုံ၊ ရုပ်အာရုံပင်၊ မနောဝိညာဉ်၊ ခြင်ဆင်တုံက၊ သိသမျှအကုန်၊ ဓမ္မာရုံပေတည်း။

၁၃။ အကြည်ခြောက်စုံ၊ အာရုံခြောက်ပါး၊ ထိခိုက်ငြားက၊ ခြောက်ပါးဝိညာဉ်၊ အစဉ်မပြတ်၊လျှပ်ရောင်ပမာ၊နာမ်ခန္ဓာသည်၊ ဆိုင်ရာသီးသီး၊ ဖြစ်ပျက်ကြသတည်း။

၁၄။ စက္ခုရူပါရုံ၊ နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၅။ သောတသဒ္ဒါရုံ၊ နှစ်ပါးဆုံလျှင်၊ သောတဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၆။ ঘာနဂန္ဓာရုံ၊ နှစ်ပါးဆုံလျှင်၊ ঘာနဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၇။ ဇိဝှါရသာရုံ၊ နှစ်ပါးဆုံလျှင်၊ ဇိဝှါဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၈။ ကာယဖောဋ္ဌဗ္ဗာရုံ၊ နှစ်ပါးဆုံလျှင်၊ ကာယဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

၁၉။ မနောဓမ္မာရုံ၊ နှစ်ပါးဆုံလျှင်၊ မနောဝိညာဉ်၊ ပေါ်မြဲပင်၊ ပေါ်လျှင်မလွဲ၊ ချုပ်ပျက်မြဲတည်း။

နာမ်သိပုံအပိုင်းပြီး၏။

http://www.dhammadownload.com

ဝိပဿနာဉာဏ်အပိုင်း

၂၁။ နာမ်ရုပ်မှတစ်ပါး၊ ယောက်ျားမိန်းမ၊ အတ္တဇီဝါ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ဓာတ်အတိသာ၊ ရှိချေ၏တကား။

၂၂။ နာမ်ရုပ်နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထ,ငါထိုင်၊ ငါကိုင်,ငါသွား၊ ငါကြား,ငါကြည့်၊ ငါသိ,ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိ၊ စွဲလန်းမှုကြီးပါတကား။

၂၃။ ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ၊ လေးဝအပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထား။ သို့အလားကြောင့်၊ မြတ်ဘုရားက၊ ရင်ဝမှာလုံ့ဂူး၊ ဦးထိပ်မီးလောင်၊ မရှောင်အဟုတ်၊ နောက်မဆုတ်ဘဲ၊ အားထုတ်ရန်သဘောကို၊ **'သတ္တိယာဝိယ ဩမဇ္ဇော'**ဟု၊ ဟောကြားတော်မူခဲ့ပြီတကား။

၂၄။ နာမ်ရုပ်နှစ်ခု၊ နှစ်ဖို့ပြု၍၊ ရုပ်စုနာမ်စု၊ တစ်ခုခု၌၊ ကြံဖန်စေ့ဝှ၊ စိုက်၍ရှုမှ၊ ဓာတ်ရင်းမူလ၊ သဘာဝကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေသည်တကား။

၂၅။ သဏ္ဌာန်အဆင်း၊ ခုခံလျှင်းက၊ ဉာဏ်နှင့်ရှင်း၍၊ အတင်းရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၆။ အကြည်ခြောက်စုံ၊ အာရုံစိုက်ထ၊ ခြောက်ဝဝိညာဉ်၊ အစဉ်ဖြစ်မှ၊ ဖမ်းယူရှုမှ၊ အနိစ္စကို၊ ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်တကား။

၂၇။ ရုပ်နာမ်ဓမ္မ၊ အနိစ္စကို၊ ဒိဋ္ဌမြင်က၊ အနတ္တကို၊ မုချမြင်၍၊ ငါပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ဓာတ်အမှုသာ၊ ဖြစ်ပါတကား၊ မြင်လုံးထွားသဖြင့်၊ သက္ကာယတရား၊ လွင့်စဉ်ရှားလေ၏တကား။

၂၈။ ဒိဋ္ဌိသက္ကာယ၊ တဒင်္ဂပဟာန်၊ ကွာပြန်မှုက၊ စူဠသောတာပန်၊ သမုစ္ဆေဒပဟာန်၊ ကွာပြန်ဋ္ဌာက၊ အပါယ်လေးပါး၊ တံခါးပိတ်၍၊ နိဗ္ဗာန်အဝင်၊ ဘုံစဉ်စံ ပုဂ္ဂိုလ်၊ ဝိသာခါ,အနာထပိဏ်တို့လို၊ ငါတို့ဖြစ်ရချေ၏တကား။

၂၉။ မကွေ့မထောင့်၊ လမ်းဖြောင့်တရား၊ တွေ့ပါသားနှင့်၊ အများရှုးတိုင်း၊ နင်မရှုးနှင့်၊ ထူးသည့်အခါ၊ ဝိပဿနာကို၊ ခါခါပွားပါမှ၊ သွားမည့်သံသရာ၊ အစဉ်ပါမည်၊ နင်သာသတိထား။

၃၀။ မုံရွာလယ်တီ၊ တောရမှီသည့်၊ မထေရ်ငါသည်၊ စီရင်အပ်သော၊ဝိပဿနာ၊ ကဗျာသုံးဆယ်၊ ဝါလယ်တော်သလင်း၊ လအတွင်းဝယ်၊ ခုနစ်ဆယ်ပြည့်၊ ဤတွင် ၍လျှင်၊ ပြီးအောင်မြင်၏တကား။

ဝိပဿနာကဗျာ(၃၀)ပြီး၏။

http://www.dhammadownload.com

မိုင်ငြမ်းကိုးကားပြုသောကျမ်းများ

♦ ♦ ♦ ♦ ♦

၁။ မဟာဝဂ္ဂပါဠိတော်(သုတ္တန္တပိဋက)	ဆဋ္ဌမူ၊သာသနာရေးဦးစီးဌာန
၂။ မဟာဝဂ္ဂအဋ္ဌကထာ	ဆဋ္ဌမူ၊သာသနာရေးဦးစီးဌာန
၃။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်/အဋ္ဌကထာ	ဆဋ္ဌမူ၊သာသနာရေးဦးစီးဌာန
၄။ မူလပဏ္ဏာသပါဠိတော်/အဋ္ဌကထာ	ဆဋ္ဌမူ၊သာသနာရေးဦးစီးဌာန
၅။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပ၊ဒု)	ဆဋ္ဌမူ၊သာသနာရေးဦးစီးဌာန
၆။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမြန်မာပြန်ကျမ်းများ	မဟာစည်ဆရာတော်
၇။ မဟာသတိပဋ္ဌာနသုတ်နိဿယ	ဆရာတော်ဦးဗုဒ္ဓ
၈။ မဟာသတိပဋ္ဌာနသုတ်နိဿယ	မဟာစည်ဆရာတော်
၉။ မဟာသတိပဋ္ဌာန်အဓိပ္ပါယ်ကောက်	မုံတောဆရာတော်
၁၀။မဟာသတိပဋ္ဌာနသုတ်တရားတော်	ရွှေကျင်ဆရာတော်
၁၁။မင်းကွန်းဝိပဿနာသူဒနီကျမ်း	မင်းကွန်းဇေတဝန်ဆရာတော်
၁၂။စက်ဖြတ်ဝိပဿနာကျမ်း	ခန္ဓီးဆရာတော်
၁၃။ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်	ပခုက္ကူဆရာတော်ကြီး
၁၄။မိုးကုတ်ဝိပဿနာအခြေခံတရား	ဦးကံညွှန့်
၁၅။မဟာစည်ဝိပဿနာရှုနည်းကျမ်း	မဟာစည်ဆရာတော်
၁၆။ဝိသုဒ္ဓိမဂ်အရသာ	ညောင်လေးပင်ဆရာတော်
၁၇။လယ်တီဒီပနီပေါင်းချုပ်	လယ်တီဆရာတော်ဘုရား
၁၈။ဝိပဿနာနယဝိတ္ထာရဒီပနီ	ဉာဏာစာဂီထေရ်ဆရာတော်
၁၉။ပိဋကတ်တော်ပါဠိ/အဋ္ဌကထာများ	သာသနာရေးဦးစီးဌာန
၂၀။မဟာစည်ဝိပဿနာတရားတော်များ	မဟာစည်ဆရာတော်
၂၁။မာလုကျပုတ္တသုတ္တန်ဟောစဉ်	ထူးကြီးဆရာတော်
၂၂။ဖေဏာပိဏ္ဍာပမသုတ္တန်တရားတော်	သီတဂုဆရာတော်
၂၃။ဆရာတော်ဘုရားများ၏တရားတော်ခွေများ	

ဆုတောင်းပတ္ထနာ

ဣမိနာ ပုညကမ္မေန၊ ဒုတိယေ အတ္တသမ္ဘဝေ။
တာဝတိံသေ နိဗ္ဗတ္တိတ္တာ၊ စတုမဂ္ဂလဒ္ဓံ ဉာဏံ။

http://www.dhammadownload.com

မဟာသတိပဋ္ဌာန်နှင့်မဂ္ဂိုမပဋိပဒါကျင့်စဉ်စာအုပ်
ဓမ္မစက္ကုမတည်အလှူရှင်များ

၁။ Dr.စိုးလွင်+ဒေါ်လှလှချော၊သမီးမအေးအေးသစ်၊မချောကေခိုင်၊ ၁၀၀၀၀၀ဝ
၂။ Dr.ဒေါက်တာခင်မောင်အေး+Dr.သန်းလဲ့ဝင်း၊
သမီးမယဉ်မေသက်၊ မလဲ့ယဉ်ထက် (ခေတ္တ၊အမေရိက) ၁၀၀၀၀၀ဝ
၃။ ဦးအောင်မြင့်+ဒေါ်ခင်စန်းရီမနော်ဟာရီရိပ်သာ၊ဗဟိုလမ်း၊အလုံ ၁၀၆၀၀၀ဝ
၄။ ကိုထွေးမောင်+မနိုနိုမိသားစု၊ မင်္ဂလာဈေး ၅၀၀၀၀ဝ
၅။ ဦးတင်မောင်ဝင်း+ဒေါ်ခင်လေးမိသားစု၊(၁၁)ရပ်ကွက်၊တ/ဥက္ကလာ ၅၀၀၀၀ဝ
၆။ ဒေါ်ခင်မူဝင်း ၅၀၀၀၀ဝ
၇။ ဦးမြအေး+ဒေါ်သန်းမွေးမိသားစု ၂၀၀၀ဝ
၈။ ဝိသုဒ္ဓိမဂ်သင်တန်းဆရာမဒေါ်ခင်မာလာလွင်၊ဒေါ်နွယ်နွယ်လှိုင် ၂၀၀၀ဝ
၉။ ဦးလှရွှေ+ဒေါ်ယဉ်ယဉ်သန်း၊သုဝဏ္ဏသီဂီပုံနှိပ်တိုက်၊စမ်းချောင်း ၂၀၀၀ဝ
၁၀။ ဒေါ်သန်းရွှေ+ဦးမြအေး မိသားစု ၂၀၀၀ဝ
၁၁။ ဦးတက်ထွန်း(၁၀)နှစ်ပြည့်အထိန်းအမှတ်၊ဒေါ်တင့်တင့်သိန်းမိသားစု ၁၀၀၀ဝ
၂။ ဦးထွန်းအေး+ Dr. သီဂီဦး မိသားစု ၁၀၀၀ဝ
၃။ မိဘများအမှူးထား၍ ဦးရဲထွန်း+ဒေါ်ဝင်ဝင်းနွယ်မိသားစု ၁၀၀၀ဝ
၄။ မိဘများအမှူးထား၍ ဦးကျော်ဦး+ဒေါ်ကြူလှိုင်မိသားစု ၁၀၀၀ဝ
၅။ ဦးဖေအောင်မြင့်+ဒေါ်အေးအေးနု ၂၅/၂၇၊ လမ်း(၃၀) ၁၀၀၀ဝ
၆။ ဦးနိုင်မင်း+ဒေါ်ဟိုကြည်မိသားစု (၇၃) အုန်းပင်လမ်း ၁၀၀၀ဝ
၇။ မယုယုလင်း၊ မဇင်မာ လမ်း(၅၀) ၁၀၀၀ဝ
၈။ ဒေါ်ခင်စောဝင်း မိသားစု၊ ရွှေဂုံတိုင် ၅၀၀ဝ

> မဟာသတိပဋ္ဌာန်နှင့်မဂ္ဂိုမပဋိပဒါကျင့်စဉ်စာအုပ်
> ဓမ္မစက္ကုမတည်အလှူရှင်များနှင့်အတူ စာအုပ်ရိုက်နှိပ်ထုတ်ဝေပြီးအထိ
> ကူညီဆောင်ရွက်ပေးသော ဒေါ်လှလှချောမိသားစု၊
> ပရ(ဖ)ဖတ်ပေးကြသော မင်္ဂလာဗျူဟာ၊ဗိုကာကျော်ဆရာမများနှင့်
> ဦးတင်စောတို့အား အထူးကျေးဇူးတင်ပါသည်။